www.burmeseclassic.com

# လရောင်ကျွေးရှင်

## ငြိမ်းချမ်းချင်တယ် ဒီည



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

# ငြိမ်းချမ်းချင်တယ် ဒီည

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၄၃၅၁၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၄၀၁၁၂၁၁ |
| အကြိမ် | – | ပထမအကြိမ်၊<br>၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေသိုင်ဦး (မြ–၀၃၇၆၉)<br>ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/<br>အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်<br>အမှတ်(၈၈)၊ ၅၁ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာစုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ငြိမ်းချမ်းချင်တယ် ဒီည/ လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၃၄၀– စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) ငြိမ်းချမ်းချင်တယ် ဒီည




## အခန်း [ ၁ ]

သေနတ်သံတွေ ရုတ်ခြည်း တိတ်ကျသွား၏။ ပစ်ခတ်ပျက်စီးသွားခဲ့သော ခြေရာတွေက ခန်းလုံးပြည့် ပြာမှိုင်းနေသည့်ယမ်းငွေ့တွေဖြစ်သည်။

သေနတ်ကို လက်နှစ်ဖက် ထပ်ဆုပ်ကိုင်ထားရင်း ရှေ့ကို တရွေ့ရွေ့ တိုးဝင်သွားလျှင် ပြတင်းပေါက်တစ်ခု၏ အလင်းရောင်ပုံစံကို မြင်လာရ၏။

ပြီးတော့ ယောက်ျားတစ်ယောက်၏ အရိပ်သဏ္ဌာန်က ပြတင်းပေါက်ကို ကျောပေးရပ်နေတာမို့ သူနဲ့ မျက်နှာချင်းဆိုင်မိပြီး သေနတ်ချိန်ထားကြတာချင်းက အတူတူ ...၊

ယမ်းငွေ့တွေ တစစ ပြယ်သွားချိန်မှာ သူ့ရှေ့မှာ ဒဏ်ရာများနဲ့ မချိတရိရပ်နေသည့် ရာဇဝင်လူဆိုး၊ နိုင်ငံကျော် ဖောက်ထွင်းဝိဇ္ဇာ ကြေးစားလူသတ်သမား ငမန်း ...။

"မင်းနဲ့ငါ ဘယ်သူ ဘယ်လောက်မြန်မြန် သေနတ်တစ်ချက်ဆွဲညှစ်ဖို့တော့ မသေခင် တတ်နိုင်ဦးမှာပဲ နေဦးစီး .."

www.burmeseclassic.com



"မင်းမိန်းမမှာ ဂုဏ်ယဝန်အရင့်အမာနဲ့ .. ငါ့မှာ အနှောင်အဖွဲ့ မရှိဘူး"

"ငါ ရှာဖွေခဲ့တာ ကောင်းသည်ဖြစ်စေ .. ဆိုးသည်ဖြစ်စေ မျက်စိမမြင်၊ နားမကြားတဲ့ ငါ့အဖေနဲ့ လူအိုရုံတွေမှာ လှူဒါန်းခဲ့တာ"

"မင်း ငါ့ကို တစ်ခါတော့ အခွင့်အရေး ပေးပါ"

"နောက်ထပ် မင်းနဲ့ ဘယ်တော့မှ ရင်မဆိုင်မိအောင် ရှောင်ဖို့ ငါ ကတိပေးတယ်"

ဆုံးဖြတ်ချက်က ဘယ်မှာမှန်း မသိ ..၊

ရိပ်ခနဲ လှုပ်ရှားမှုတွေနှင့်အတူ ကျောနောက်က ထိခတ် ပြိုလဲခြင်းတွေ သူ့ထံ လွင့်ပျံလာခဲ့ပြီး ...

"ဒိုင်း .."

"အင့်!..."

လည်မျိုတည့်တည့်မှာ နီစွေးသောသွေးကွက်သည် တစစ ယိုစိမ့်လာပြီး ပန်းထွက်လာသည့်သွေးတွေ ..၊ သူ စက္ကန့်များစွာ ငေးကြောင်သွားခဲ့စဉ် ရင်ဘတ်ကို တန်းမတ်စွာ ချိန်ထားရင်း တုန်ခါလာသည့် ငမန်း ၏သေနတ်မှ ...

"ဒိုင်း .."

"ဟာ!..."

လူက ဆတ်ခနဲ တုန်သွားကာ မျက်လုံးတွေကို ဖွင့်လိုက်တော့ တဂျုံးဂျုံး ပြေးဆွဲနေသော ရထားကြီး၏ ခုတ်မောင်းသံက ပစ္စုပ္ပန်ကို ပြန်ဆွဲခေါ်၏။ ပြီးတော့ နံနက်အရုဏ်တက်၏အလင်းရောင် .မပျို့တပျို့နှင့် မှိုးသောက်လေ ..။

မြင်ကွင်းတွေက တရိပ်ရိပ် ဖြတ်ပြေးနေ၏။ ဒါပေမယ့် သူ့မေးဖျားနဲ့ လည်ပင်းကြားတွေမှာ ချွေးစို့နေဆဲ ..။





ရင်ဘတ်နှစ်ခုကို တန်းမတ်စွာ ချိန်ရွယ်ထားကြပြီး တောင်းဆိုသည့် ငမန်း ၏ အခက်အခဲ အကြောင်းအရာတွေကို သူ ကြားနေရသည်။

တစ်ပါးသူ မထင်မှတ်သည့် အလစ်ငိုက်မှာပဲ သူ့သေနတ်က ကြည့်ဆံသည် ငမန်း ၏လည်မျိုကို ထွင်းဖောက်သွားခဲ့၏။ ငမန်း ကတော့ အိပ်မက်ထဲကလို သူ့ကို ပြန်မပစ်ခဲ့ပါ။

ဒါပေမယ့် သူ ပစ်ဖို့ ရည်ရွယ်ခဲ့တာ မဟုတ် ..။

ငမန်း နဲ့အဖွဲ့ကို နယ်စပ်တစ်နေရာက တိုက်ပျက်ကြီးတစ်ခုထဲ၌ လက်ပူးလက်ကြပ် ဝင်စီးခဲ့ကြသည်။ တုံ့ပြန်ပစ်ခတ်မှုများကြောင့် ပတ်ရမ်းနိုင်တဲ့သူ သိပ်မရှိဘဲ ဒဏ်ရာတွေနဲ့ အတုံးအရုန်း ဖြစ်ကုန်ကြ၏။

သူနဲ့ ငမန်း အသက်လု ရင်ဆိုင်မိနေကာမှ နောက်မှာ ရုတ်ရုတ်ခဲ့သော ထဖြစ်ကာ လူကို တစ်စုံတစ်ရာနဲ့ တွန်းပစ်လိုက်သလို ဖြစ်သွားသည်။

ခလုတ်ပေါ်မှာ ဆွဲညှစ်ဖို့ အဆင်သင့်ဖြစ်နေခဲ့သည့်လက်က ဤသို့ ..၊

"နိုးနေပြီလား ဦးစီး"

သူ့အားကို အထက်အရာရှိ ဦးဇော်အောင် ရောက်လာကာ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

"ခုန လာကြည့်သေးတယ်၊ အိပ်နေတာမြင်လို့ ပြန်ထွက်သွားတာ"

"ကျွန်တော် မျက်နှာသစ် သွားတိုက်ပြီးမှ ပြန်မှိန်းနေတာပါ"

"ဟုတ်လား .. ဘယ်လိုလဲ၊ ဒီနေ့ .."

ဦးစီး မျက်နှာကို အကဲခတ်မိသွားသည့်ပုံနှင့် မေးခွန်းကို ရှေ့

www.burmeseclassic.com



မှဆက်ဘဲ သက်ပြင်းချသည်။

"မင်း ဒါကြောင့် စိတ်ပင်ပန်းနေမှန်း သိတယ်၊ ငါတို့တာဝန်ကိုက သေနတ်ကိုင်ရတယ်၊ ခြိမ်းခြောက်ရတယ်၊ မရရင် ရသလို လျှင်သလို လုပ်ရှားကြရတာပဲ၊ မင်း ခံစားနေရတာကို 'ဒီလောက်လေးများ' လို့ ငါ မပြောရက်ပါဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ထိနိုက်တဲ့အထိတော့ မဖြစ်ဘူး ထင်တယ်"

ဦးစီး က မျက်နှာကို ပွတ်ပစ်လိုက်ရင်း ဆိုဖာမှာ ခပ်တောင့်တောင့် ကျောကပ်ထားလိုက်၏။ ပြီးမှ ...

"ကျွန်တော် ပစ်လိုက်ဖို့မဟုတ်ဘဲ ပစ်မိသွားတယ်၊ ကိုယ့်ကိုယ်ကိုယ် သတိလက်လွတ် အံ့သြသွားတဲ့အထိ ဖြစ်နေတုန်း နှစ်စက္ကန့် သုံးစက္ကန့်လောက်မှာ ပစ်ခွင့်သာပါရက်နဲ့ သူ ကျွန်တော့်ကို မပစ်ခဲ့ဘူး၊ မတ်တတ်ကနေ လဲပြိုသွားတဲ့အထိ စူးစိုက်ကြည့်သွားတဲ့ သူ့မျက်လုံးတွေကို ကျွန်တော် ဖျောက်ဖို့ ခက်နေတယ် ဆရာဇော်"

တာဝန်ချိန်နဲ့ ရုံးထဲမှာ ရှိနေချိန်များမှလွဲလျှင် တစ်ယောက်နဲ့တစ်ယောက် ရာထူးအနိမ့်အမြင့်တွေ ဖယ်၍ ညီအစ်ကိုတွေလိုပဲ ခေါ်ပြောကြသည်။

ဦးဇော်အောင် က ဒူးနှစ်ဖက်ပေါ် တံတောင်နှစ်ဖက်ထောက်ထားပြီး မေးဖျားကို ပွတ်၍ ပြုံးနေ၏။ လှောင်ရယ် ပေါ့ပါးသည့်အပြုံး မဟုတ်ပါ။

စာနာ နားလည်ခြင်းများနဲ့ ဖြစ်သည်။

"တတ်နိုင်သမျှ မေ့လိုက်ပါ၊ သူ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေနဲ့ သူ့ သေဒဏ်ကျခံပြီး ပေးဆပ်သွားတယ်လို့ သဘောထားလိုက်၊ မင်း နောက်ထပ် ငိုစရာ ရယ်စရာတွေ အများကြီး ရှိလာဦးမှာ ဦးစီး၊ အေးဂျင့်တစ်ယောက်မှာ စာနာခြင်းတရားတွေ၊ မေတ္တာပါရမီတွေ ရင့်





သန်နေလို့တော့ မရဘူး၊ မင်းကို အသည်းနုလွန်းတယ်လို့ ငါ ကဲ့ရဲ့နေတာ မဟုတ်ဘူးနော်၊ နောင်တရတယ်ဆိုတာ အမြင်မှန်ရတာမို့လို့ ကောင်းပါတယ်၊ ငါ့အမြင် ပြောရရင်တော့ နောင်တဆိုတာ ပူဆွေးသောကပဲ၊ နောင်တကြီးစွာ ရနေပြီဆိုရင် အဲဒီနှလုံးမှာ ဟယ်လိုလုပ်ဖြေရာရှိတော့မှာလဲ၊ ပြီးခဲ့တာကို ပြန်လည် တူးဆွပြီး နောင်တတွေနဲ့ နင့်သီးနေမယ့်အစား မှားခဲ့တယ်ဆိုတဲ့ မှတ်သားစရာတစ်ခုအနေနဲ့ပဲ ပေါ့ပေါ့ပါးပါး သိမ်းထားလိုက်ပါကွာ၊ မင်းကြောင့် သေခဲ့တာ မဟုတ်ပါဘူး၊ သူ့တရားက သူ့ကို စီရင်သွားတာ"

ဒါပေမယ့် သူကတော့ ကိုယ့်ကို စီရင်ခွင့်ရှိရက်နဲ့ စီရင်မသွားခဲ့ပါ။ ကိုယ့်ဇနီးမှာ ကိုယ်ဝန်အရင့်အမာနဲ့လို့ သူ ထောက်ပြသွားသည်။ ဒါကို ငဲ့ညှာသွားတာလား ...၊

မသေဆုံးမီအထိ စူးစိုက်ကြည့်သွားခဲ့သည့် မျက်ဝန်းတွေမှာ သူ ကယောင်ချောက်ချား အဖြေရှာကြည့်ခဲ့သည်။

စူးရဲလက်တောက်နေသည့် မျက်ဝန်းတွေက လူသေတစ်ယောက်နဲ့ မတူ။ ဒါပေမယ့် အေးစက် မှန်းတီးသွားတာလား၊ ခွင့်လွှတ်ဖို့ မချိတရိ ကြိုးစားသွားတဲ့ မျက်လုံးတွေလား ..။

ရက်စက်ပြတ်သားခြင်းမှာ သရုပ်ဆောင်းခဲ့သည့် ငမန်း ဆိုသော လူဆိုးတစ်ယောက်မှာ ကိုယ့်ကိုသေစေသူအတွက် ခွင့်လွှတ် စွန့်လွှတ်သွားခဲ့တယ်ဆိုတာ ယုတ္တိမတန်ပါ..။

ဒါပေမယ့် ကိုယ့်ရင်ဘတ်ကို ချိန်ရွယ်ရင်း မပစ်ခဲ့ဘဲ လဲကျသွားခဲ့တာ ကိုယ့်ရှေ့မှာ ..၊ ဒီအဖြစ်ကို သူ မျက်လုံးထဲမှာရော ခေါင်းထဲမှာပါ ရှုပ်ထွေးနေဆဲ ...။

"ဦးစီး"

"ဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သတင်းတစ်ခု ပြောဖို့ ရှိတယ်"

ဦးဇော်အောင် မျက်နှာက စောစောကထက် ပိုမိုလေးနက်သွားကာ မျက်ဝန်းတွေကို ခပ်လွှဲလွှဲ လုပ်သွားပြီးမှ ဆက်မပြောတော့ တစ်ခုခုဆိုတာ သူ သိလိုက်၏။

"ပြောပါ ဆရာဇော် .. ဘာသတင်းများလဲ"

"ငါတို့ရဲ့ ငမန်းစစ်ဆင်ရေးမှာ ပြီးတာနဲ့ ခွင့်တိုင်ပြီး ဦးဆုံးပြန်နှင့်တဲ့ ကိုစိုး လေ .."

"ဟုတ်ကဲ့"

ငမန်း ရဲ့အလောင်းနားကို ဦးဆုံး ပြေးလွှားရောက်လာသည့် ဦးစိုးခန့် ကို သတိရလိုက်သည်။

တရားခံကို လက်နက်သိမ်းခြင်း၊ လက်ထိပ်ခတ်ခြင်းအလုပ်များမှာ အလွန် သန်မာလျင်မြန်သည့်စွမ်းရည် ရှိ၏။

"သူက သွေးဆုံးခါနီးမှ သူ့ဇနီးက ကလေးရှိတော့ ငါတို့ကို ဘာမှမပြောခဲ့ဘူး၊ ပြန်ခါနီးမှ ဘာလိုလို တွေးစရာလေးတွေပြောပြီး ရယ်စရာလုပ်သွားတာ မင်း မှတ်မိလား"

"မင်းတို့ ငါ့ကို လူမဖြစ်ဘူးလို့ပြောရင် နောက်တစ်ခါဆို ငါ မခံဘူးနော်၊ ကြိုပြောခဲ့မယ်"တဲ့၊ အားလုံးက အတင်းလိုက်မေးတာကို မဖြေဘဲ ခပ်ပြုံးပြုံးနှင့် အိတ်လွယ်ပြီး ထွက်သွားခဲ့တာ ..။

"မှတ်မိပါတယ်၊ ဘာဖြစ်လို့လဲ .."

"သူ့ဇနီးက အခု မိန်းကလေး မွေးတယ်တဲ့"

"ဟုတ်လား .. ကျွန်တော့်ဇနီးလည်း ခုလောက်ဆို မွေးနေပြီထင်တယ်၊ သိပ်မကြာလောက်ဘူးနော်"

ဦးစိုး မျက်နှာ ဝင်းထိန်သွားတာကို စိုက်ကြည့်ပြီး ဦးဇော်အောင် မသိမသာ မျက်လွှာချ၏။





"ဒီသတင်းကျတော့ သူ ဂရုတစိုက် ပြန်ပို့သွားပဲ၊ ကျွန်တော်တို့ကို အံ့သြကုန်အောင် ကြွားချင်တာ ဖြစ်မယ်"

"ဒါလည်း ပါမှာပေါ့၊ ဒါပေမယ့် ကြွားချင်လို့တော့ မဟုတ်ပါဘူး၊ မင်းအတွက် သတင်းပို့ရင်းနဲ့ အတူကြားရတာမျိုးပါ"

"ဗျာ!..."

ဦးဇော်အောင် က ဦးစိုး လက်မောင်းကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်တာ ...

"ခြောက်ရက်နေ့ မွန်းတည့် ဆယ့်နှစ်နာရီတိတိမှာ မင်းရဲ့ဇနီးသည်း သားလေး မွေးတယ်"

"ဟာ!... သားလေး ဟုတ်လား၊ ကျွန်တော်က သာတာပေါ့၊ ဦးစိုး ကို နိုင်ကွက်ကျန်သေးတာပဲ"

ပူပင်သောကတွေကို ခဏတဖြုတ်မေ့ကာ ဦးစိုး ရင်ထဲမှာ အပျော်တွေ တသိမ့်သိမ့် စီးဝင်သွားသည်။ သို့သော် ...

"မင်းရဲ့ဇနီးကတော့ ဆုံးသွားတယ် ဦးစိုး"

"ဗျာ!..."

ကမ္ဘာပြိုသလို ချောက်ချားသွားတာတော့ မဟုတ်ပါ။ မယုံကြည်နိုင်ခြင်းကြောင့် တော်တော်နှင့် စကားထပ်မပြောနိုင် ..။

မိုးသားလွင် ..၊

မိဘ သဘောတူလို့ လက်ထပ်ခဲ့ကြပေမယ့် သူ့မှာ တာဝန်တစ်ဖက်နှင့် သူမအတွက် ဥပေက္ခာတွေသာ ပေးခဲ့နိုင်သော်လည်း ...

'မောင့်ကို လွင် နားလည်ပါတယ်၊ လွင့် အတွက် မပူပါနဲ့'လို့ အမြဲတမ်းပြော၍ နားလည်ခွင့်လွှတ်ခဲ့သည့် ဇနီးကောင်း ..၊

အရေးကြီးသည့် စစ်ဆင်ရေးမို့ မီးဖွားရက် ကပ်နေတာကို ထားခဲ့ရတော့လည်း သူမကပဲ ပြန်ပြီး အားပေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာဝန်ကို ဖြောင့်ဖြောင့်တန်းတန်း ထမ်းဆောင်ပါ မောင်ရယ်၊ မောင့်အလုပ်က အန္တရာယ်များတယ်၊ စိတ်တွေ ရှုပ်နေလို့ မဖြစ်ဘူး၊ မောင်ရှိနေလည်း လွင့် ကို ဝိုင်းကူမွေးပေးလို့မှ မရတာ"

တာဝန်မကျေနိုင်သည့် လင်သားကို အနေမခက်စေတဲ့ မိန်းမ..၊

"ကျွတ်!.."

ဦးစီး ခေါင်းငိုက်စိုက်ကျသွားသည်။ ရင်ထဲက တစ်စုံတစ်ရာကို အရှင်လတ်လတ် ဆုပ်ဆွဲယူသွားသလို ပူလောင် လှိုက်ဟာလျက် ကတုန်ကယင်ဖြစ်လာတာကို မခံစားနိုင် ..။

ခုနကပဲ ကိုယ့်ကို မပျော့ညံ့ဖို့ အားပေးခဲ့တဲ့လူက ရှေ့မှာ ရှိနေဆဲ..၊ သူ့ နောက်ထပ်တစ်ခါ ဘုံးဘုံးကျသွားဖို့ မသင့် ..။

ကိုယ့်ကိုယ်ကိုယ် သတိချပ်၍ စိုက်ကျသွားသည့် ခေါင်းကို ပြန်မတ်သည်။

တရားခံကြောင့် ထိခိုက်ခံစားလိုက်၊ မိန်းမသေလို့ ငိုလိုက် လုပ်နေလျှင် အထူးအေးဂျင့်တစ်ယောက်၏ ကြံ့ခိုင်မာကျောခြင်းတွေ သူ့မှာ ပျောက်ဆုံးသွားပြီလို့ သတ်မှတ်ကြလိမ့်မည်။

"ငါတို့ ဒီသတင်းကို ရုတ်တရက် မပြောတာက မင်း စိတ်ညစ်စရာတွေ ဆက်တိုက် ခံစားနေရမှာကို စာနာလို့ပါ၊ ဒါပေမယ့် ဟို ရောက်ရင်လည်း မင်း သိရမှာပဲ"

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်ကို နားလည်ပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်၊ အပျော့အမာ လွန်ဆွဲပြီး ရုတ်တရက် မှားယွင်း ပြတ်တောက်သွားခဲ့တဲ့အတွက် ငမန်း ရဲ့ကိစ္စကို ကျွန်တော် ရှုပ်ထွေးခဲ့တာ၊ ရှင်းဖို့ ကြိုးစားရင်း မရတာကို မရမက တွေးနေတာမျိုးပေါ့၊ သေခြင်းရှင်ခြင်းသဘောတရားကတော့ အေးဂျင့်တစ်ယောက်အတွက် မဖြေသာတဲ့ ဖိစီးမှုမျိုး ဖြစ်ဖို့ မရှိပါဘူး" ဒေ





"ဝမ်းသာတယ်ကွာ .. သေတယ်ရှင်တယ်ဆိုတာ ဆုတောင်းတိုင်းလည်း ရကြတာမှ မဟုတ်တာ၊ တတ်နိုင်သမျှ ဖြေ(ပါ၊ မင်းရဲ့ အနာဂတ်အတွက် အဓိပ္ပာယ်ရှိဖို့ သားလေးတစ်ယောက် ကျန်ခဲ့တယ်၊ မင်း ကြံ့ခိုင်မှ ဖြစ်မှာပေါ့"

ဦးစီး က ပြုံးသည်။ ငမန်းစစ်ဆင်ရေးပြီးသည့် နောက်မနက်မှာ လွင် မီးဖွားခဲ့သည်။ လောကကို စွန့်ခွာသွားသူတွေနှင့် ချဉ်းနင်းဝင်ရောက်လာတဲ့ သူ့ ..။

သူကတော့ သတ်ခြင်းဖြတ်ခြင်းတွေမှာ လှစ်လှစ်ပါအောင် ကျင်လည်နေတဲ့သူဖြစ်ကာ ရှင်သန်လာတဲ့သူတစ်ယောက်အတွက် သေနတ်ကိုင်သော သည်းခွန်အားတွေနဲ့ပဲ ပေးဆပ် ထောက်ပံ့ရဦးမည်။

သူများတွေကို သတ်ဖြတ်ပြီး ကိုယ့်သားကိုတော့ မီးမလောင်နေမခအောင် ပြုစုစောင့်ရှောက်ဖို့ တာဝန်ကျန်ရစ်၏။

လူတွေ သဘာဝမကျတာလား..၊ လောကကြီးက မတရားတာလား ..။

မွန်းကျပ်နေသည့် ရင်ထဲမှာ ရှုံ့နှံ့ပြီးတော့ သဲနှံ့ကြီးထဲသို့ ပြောင်းလဲ ကူးခတ်နေတဲ့အတိုင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂ ]

တိုက်ခိုက်ရင်း ရလာသည့်ဒဏ်ရာက သွေးထွက်သံယိုမဟုတ်ဘဲ လက်ဖဝါးတစ်ခုလုံး တင်းတင်းဆုပ်မရခြင်း ဖြစ်နေသည်။

တစ်ခုခုကို အားစိုက်လိုက်တိုင်း ရင်ဝမှာ ဦးချွန်တစ်ခုနဲ့ ထိုးခံရ သလို စူးအောင့်သွားတတ်၏။ ဆေးရုံမှာ ဆေးကုခံရင်း ဒဏ်ရာတွေ သက်သာတဲ့အထိ အနားယူခွင့်ပါ ရခဲ့သည်။

ကိုယ့်လက်ကို ပတ်တီးဖြေ၍ သေချာကြည့်နေရင်း ပုခက်ထဲက လှုပ်လှုပ်ရွရွ အရိပ်လေး မျက်လုံးထောင့်မှာ ပေါ်လာတော့ လှည့်ကြည့် လိုက်သည်။

ကလေးက ထုပ်ပတ်ထားသည့် အနှီးထဲကနေ မျက်နှာလေး ဟို လှည့်ဒီလှည့်နှင့် မငြိမ်မသက်ဖြစ်နေ၏။

အဲ့ဒါ နို့တောင်းတာလို့ ကလေးရဲ့အဘွားပြောလို့ သိထားသဖြင့် အဆင်သင့် ဖျော်ထားပြီးသည့် နို့ဘူးကို သွားယူလိုက်၏။

"ဩော် .. ကလေး နိုးနေပြီလား၊ ပေး .. သား ..၊ အမေပဲ တိုက်လိုက်မယ်၊ လက်မှာ ဒဏ်ရာနဲ့ သက်သက်သာသာနေပါ"





"ရပါတယ်၊ ကိုင်တာတွယ်တာလောက်တော့ ဖြစ်ပါတယ်"

"ရပေမယ့် နေပါကွယ်"

ဒေါ်ဖြူဖြူ က ကလေးကို ပုခက်ထဲက အဲသာလေး ပွေ့ထုတ် လိုက်ကာ အနှီးကို စမ်း၍ ...

"ရှူရှူးတွေ ပန်းထားတာကိုး မြေးက.."

ပြောပြီး အနှီး လဲပေး၏။ သူ သေချာကြည့်ရင်း စိတ်ထဲက လှုပ်ကြည့်နေမိသည်။

အိမ်ထောင်ပြုပြီး ဇနီးနဲ့ သိပ်နေရတယ်လည်း မရှိ၊ ကလေးဆို လို့ သူများကလေးတောင် ချီမကြည့်ခဲ့ဘူးတော့ အနှီးဖြူဖြူထဲက နီတျာရဲ့လေးကို သူ ဒီလို ချီပိုးတတ်ပါ့မလားလို့ တွေးနေမိ၏။

ဒီအရွယ်လေးကနေ ဘယ်အရွယ်ကျမှ ထူထူထောင်ထောင် ဖြစ်လာမှာလဲ၊ ဘယ်အရွယ်ကျမှ လက်ဆွဲခေါ်လို့ ရမှာလဲ၊ သားနဲ့သူ အဲဒီလို နွေးနွေးထွေးထွေး နေရဖို့အချိန်ရော ရှိလာနိုင်ပါ့မလား ..။

"တကယ်တော့ကွာ အထက်လူကြီးတွေပြောတော့ မစာမနာ ပြောတယ်လို့ ငါတို့က ထင်တာ၊ တို့လို အေးဂျင့်တွေမှာ အတွယ် အတာတွေ မရှိသင့်ဘူးဆိုတာ မှန်တယ်နော် "တဲ့။

ထသွား ပြန်ကြည့်ဆိုတဲ့ ဆောင်ပုဒ်က အေးဂျင့်တွေအတွက် မဖြစ်သင့်တာမှန်ပေမယ့် လောကီလူသားဖြစ်နေသည်မို့ ချစ်ကြ ညားကြတာတွေနဲ့ မကင်းနိုင် ..။

မကင်းနိုင်တော့လည်း ကြုံတွေ့လာသမျှကို ခါးစည်းခံရမည် သာ ..။

"သား ဦးစီး .."

"ဗျာ .. ပြောလေ အမေ၊ ဘာပြောစရာရှိလို့လဲ"

ဒေါ်ဖြူဖြူ က ကလေးကို ပုခက်ထဲပြန်ထည့်ကာ နို့ဘူးလေး

www.burmeseclassic.com



တပ်ပေးထားရင်း သူ့ကို ကြည့်၍ ...

"နေ့လယ်က မင်းညီမ ပြောသွားတဲ့စကားအတွက် အမေ တောင်းပန်ချင်လို့ပါ"

ဦးစီး စဉ်းစားလိုက်သလို မျက်မှောင်တစ်ချက် ကုတ်သွားသည်။

"ဪ .. ရပါတယ်၊ သူ့စိတ်ထဲရှိတဲ့အတိုင်း ပြောတာပဲဟာ၊ ကျွန်တော့်မှာလည်း အပြစ်ရှိသလို ခံစားနေမိတုန်းပဲ"

"မဟုတ်တာ သားရယ် .. သားက အထူးအေးဂျင့်တစ်ယောက် ဆိုတာ အမေတို့ မသိကြတာမှ မဟုတ်ဘဲ၊ သမီးလွင် ကိုယ်တိုင် သားကိုသဘောကျလို့ လူကြီးတွေစီစဉ်တာကို ကြည်ကြည်ဖြူဖြူ လက်ခံခဲ့တာ၊ သစ်ပင်ပေါ်က လိမ့်ကျမှ မြင်းကန်ခံရဖူးတဲ့ဒဏ်ရာ ပေါ်လာတာ သဘာဝမှ မကျဘဲ၊ လူတစ်ယောက်ရဲ့ သေခြင်းရှင်ခြင်း ကို ထုစ့်ယောက်ရဲ့ပယောဂလို့ ပြောလို့ ရမလား"

ပုခက်လေးရဲ့ဘေးက တစ်ဖက်စီမှာ လက်တင်ထားကြရင်း ဒေါ်ဖြူဖြူ နဲ့ ဦးစီး မျက်နှာချင်းဆိုင်ထိုင်သလို ဖြစ်နေကြကာ စကား ပြောနေကြပေမယ့် မျက်လုံးတွေက ကလေးမျက်နှာလေးပေါ်မှာပဲ စူးစိုက်မှု များနေကြ၏။

ဦးစီး ကတော့ ကလေးရဲ့ နှာတံကော့ကော့လေးကို ကြည့်ရင်း သူ့အမေနဲ့တူတာကို တွေးနေမိသည်။ မျက်ခုံးထူမည်းအရာလေးတွေ စိမ်းမြနေတာကတော့ သူနဲ့ တူနိုင်၏။

ပြီးတော့ မေးရိုးကားလိမ့်မည်။ ဒီအရွယ်မှာ အသားရောင် မမှန် သေးဘူးဆိုပေမယ့် နီရဲနေသည့်နုတ်ခမ်းသားလေးတွေကြောင့် အသား ဖြူမှာပဲ ဖြစ်သည်။

ဒီနေ့ဆို သားလေး ဆယ့်ရှစ်ရက် ရသွားပြီ ...။

"သား .."





"ဟုတ်ကဲ့ .. ပြောလေ"

"မင်းမှာ ဦးလေးအရင်းတစ်ယောက်ပဲ ရှိတာလည်း ဘုန်းကြီး ကျောင်းမှာ သူ့ဟာသူ အေးအေးချမ်းချမ်း နေနေပြီဆိုတော့ အမေတို့ ကို မိဘလို သဘောထားပါ"

"သဘောထားပါတယ် အမေ၊ အခုဆို သားလေးအတွက် သူ့ အဘိုးအဘွားတွေ ရှိနေသေးတယ်ဆိုတော့ ပိုပြီး စိတ်ချမ်းသာပါ တယ်"

ဒေါ်ဖြူဖြူ က ဦးစီး မျက်နှာကိုကြည့်၍ ခပ်ယဲ့ယဲ့ပြုံးကာ ...

"သူ့ဒေါ်လေးကလည်း သူ့တူကို ချစ်ပါတယ်"

လို့ ဖြည့်စွက်ပြော၏။

မိုးသားလွင် ရဲ့ညီမ 'ဒီည'ရဲ့မျက်နှာကို တွေးမြင်လိုက်၏။ သူ့တူ ကို ချစ်မှန်းတော့ သိသာသည်။ ဒါပေမယ့် ဖနီးမယားကို ဥပေက္ခာ ထားနိုင်သည့်ယောကျ်ား ဆိုသည့်စွဲချက်နှင့် အစကတည်းက သူ့အစ်မကို မကျေမနပ် ပြောနေတာတွေ ရှိခဲ့တာ၊ သူ့အစ်မ ဆုံးသွား သည့်အချိန်မှာ ကိုယ် အနားမှာမရှိခဲ့တော့ အပြစ်က ပိုကြီးသွားသလား သိ..။

လွင် ဆုံးသွားတဲ့ညက ဒီည ငိုနေရင်း ဝုန်းဒိုင်းကြဲသွားသည်ဟု ဆိုသည်။ ပြီးတော့ ကလေးကို 'ဒီလိုဖအေမျိုးနဲ့ လုံးဝ ပေးမတွေ့နဲ့'လို့ အော်ကြီးဟစ်ကျယ် ပြောခဲ့သည်တဲ့..။

သူ ရောက်လာကတည်းက ဒီည ကို ဖျတ်ခနဲ ရိပ်ခနဲ ခဏ တဖြုတ်သာ မြင်သည်။ ကိုယ်ကလည်း ဂရုမစိုက်မိသလို သူမက လည်း စကားမပြော..။

ဒီလိုတွေ ဖြစ်ပျက်ခဲ့တာတောင် မနေ့ကမှ သိရတာ ဖြစ်သည်။ နေ့လယ်တုန်းက ကလေးအတွက် ရင်လျှူဆေးလေး ဝယ်ခဲ့ပါလို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူ က လှမ်းမှာလျှင် ...

"ကလေးနဲ့ပတ်သက်တာ ကလေးအဖေကို ခိုင်းပေါ့၊ မေမေ

လည်း ကလေးကို ချေးကလူ သေးကလူ လုပ်မနေနဲ့၊ ကလေးဆိုတာ

ဒီအရွယ်လေးမှာ မိဘကို မှတ်တတ်တယ်တဲ့၊ တော်ကြာ အသွားကို

မှတ်မိနေပြီး သူ့မှာ အဖေရော အမေရော မရှိတော့ဘူးလို့ ထင်နေ

ဦးမယ်"

သူက ဧည့်ခန်းထဲမှာ ထိုင်နေတာဖြစ်ကာ တံခါးအဝင်နဲ့ ဧည့်

ခန်းကို ရှိုးကေ့စ်အထပ်စင်မြင့်ကြီးနဲ့ ကာဆီးထားသည်။

ထိုင်နေသည့်လူနှင့် တံခါးက ဝင်လာတဲ့သူ တိုက်ရိုက်မတွေ့နိုင်

သော်လည်း ပုံမှန်စကားပြောတာလောက်တောင် ကြားနေရတာ

ဖြစ်သည်။

ဒီည ပြောသမျှကို သူ အားလုံး ကြားသည်။ ဒါပေမယ့် အပြစ်

မထင်ခဲ့ပါ...။

"သမီးက သူ့အစ်မကို သိပ်ချစ်တာ၊ သူ့တူလေးကိုလည်း ချစ်

တယ်၊ လောလောဆယ် စကားအပြောအဆိုတွေကို .."

ဒေါ်ဖြူဖြူ က ပြန်ဆက်ပြောတော့ သူ ပေါ့ပါးသည့်အပြုံးနှင့်

"ဒီကိစ္စလေးတွေကို ကျွန်တော် ခေါင်းထဲ မထည့်ပါဘူး၊ နောက်

ပြီး သူ ပြောတာလည်း မှန်ပါတယ်၊ ကလေးက နောက်ဆိုရင် အမေ

တောင် မှတ်မိပါ့မလား မသိဘူး၊ ကျွန်တော့်ရဲ့ အိမ်ပြန်ချိန်လေးတွေ

ကလေးနဲ့ နွေးထွေးနိုင်ဖို့ တော်တော် ကြိုးစားရမှာ"

"သားရယ် .. စွန့်ပစ်ခံကြရတဲ့ ကလေးတွေတောင် အချိန်တ

ရင် မိဘကို တမ်းတရှာဖွေလာကြတာပဲ၊ သားက သူ့ရဲ့ တစ်ဦးတည်း

သော မိဘပါ"

ဦးစီး က ပုခက်ပေါ်မှာ တင်ထားသည့်လက်ကို ပြန်ရုတ်





ရှေ့ဆံပင်တွေကနေ ဂုတ်ပိုးထိ လက်နဲ့ထိုးသိပ်၍ ပြန်ဖိချသည်။

သူ စိတ်ရှုပ်ပြီဆို မျက်နှာကို ဖိပွတ်ပစ်ခတ်သလို ဆံပင်တွေထဲ

လည်း လက်က ရောက်၏။

"မေမေတို့လည်း သမီးကို ဆုံးမပါ့မယ်၊ တကယ်ဆို ကိုယ့်အစ်မ

ရဲ့ရင်သွေးလေးဟာ မိခင်မဲ့နေတဲ့အချိန်မှာ ကိုယ်က မိခင်ပဲပေါ့"

ဦးစီး မျက်လုံးတွေ ဖျတ်ခနဲ ရောက်လာသည်။ ဒေါ်ဖြူဖြူ က

ရိုးသားအေးဆေးစွာဖြင့် ...

"တူလေး ဆိုပေမယ့် ကိုယ့်သားလေးလို .."

"အဲဒါ မဟုတ်ဘူး အမေ .. အမေ သူ့ကို အဲဒီစကားတွေ သွား

ပြောလိုက်တာလား"

ဒေါ်ဖြူဖြူ က ဝန်မခံပေမယ့် ဘာမှမငြင်းဘဲ ပြန်ကြည့်နေသဖြင့်

ဦးစီး မျက်ခုံးတွေ ကုတ်ကွေးသွားကာ သက်ပြင်းရှိုက်၏။

ပြောရမှာက ကိုယ့်အမေ မဟုတ်ဘဲ သူ့အမေ ဖြစ်နေသည်။

သို့သော် ...

"ကျွန်တော် တစ်ခုတော့ တောင်းပန်ချင်တယ် အမေ၊ ဒီည နဲ့

ကျွန်တော့်ကို ခုထက်ပိုပြီး အနေခက်စေမယ့်စကားမျိုးတွေ မပြောပါနဲ့၊

အမေ့ကို အပြောအဆိုမတတ်တဲ့သဘော ပြောတာ မဟုတ်ဘူး၊ လူငယ်

ဆိုတာက ..."

"မေမေ နားလည်တာပေါ့ သားရယ် .. ဒါပေမယ့် လူငယ်မို့

ထင်သလို သွားလာလုပ်ပိုင်ခွင့်တွေ ပေးထားလို့တော့ မဖြစ်ဘူးလေ၊

အခု သူ့ခမျာ အမေ မရှိတော့ဘူး၊ အဖေလုပ်သူက အလုပ်လုပ်နေရ

မယ်၊ မေမေတို့က လူကြီးတွေလေ၊ သူ မသိလို့ ဖြစ်မလား၊ ချစ်တော့

ချစ်တယ်၊ ဟိုလူ့ကြောင့် ဒီလူ့ကြောင့်နဲ့ ဘက်တိုက်ပြီး ကလေးအပေါ်

မကြင်နာရင် ကြားထဲက ကလေး မေတ္တာငတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုး ကိုယ့်အဖြစ်ကို မွန်းကျပ်နေရင်း ဒူးနှစ်ဖက်ပေါ်မှာ တင်ထားသည့် တံတောင်နှစ်ဖက်ကနေ လက်ဖဝါးချင်း ဖိဆုပ် ဖျစ်ညှစ်နေမိသည်။

"ကျွန်တော့်သားအတွက် တစ်ခုကို ရွေးဖို့ ကျွန်တော် စဉ်းစားထားပါတယ်၊ ဖနီးကို ထားခဲ့ရတုန်းက သူ့မိဘတွေလက်ထဲမှာပဲဆိုတဲ့ ယုံကြည်စိတ်ချတဲ့စိတ်နဲ့၊ သူကလည်း နားလည်မှု ရှိခဲ့တယ်၊ အခု ကလေးက လောကကြီးထဲကို စမ်းတဝါးဝါး ဝင်ရောက်လာတဲ့အရွယ်လေး၊ လောကနဲ့ လူတွေရဲ့ ကျိုးကြောင်းဆိုးကောင်း ဘာမှ နားမလည်သေးဘူး၊ ဒီအချိန်မှာ ကျွန်တော် မရွေးထွေးနိုင်ခဲ့ရင် မိဘရဲ့ဥပေက္ခာတွေကိုပဲ ဖမ်းဆုပ်ကြီးပြင်းလာမယ့် သူ့ရဲ့အနာဂတ်မှာ မိဘနဲ့ သားသမီး ဆက်ဆံရေးက မတွေးရဲဘူး"

ဒီလိုစကားတွေ ပြောလာတာကို ဝမ်းသာကြည်နူးသည့် မျက်ဝန်းများနှင့် ဒေါ်ဖြူဖြူ ခေါင်းညိတ်နေ၏။

"ကျွန်တော် အားလုံး အဆင်ပြေအောင် ကြိုးစားမှာပါ၊ အခိုက်အတန့်လေးပဲ ကလေးကို သည်းခံပေးဖို့ .."

"အို .. အဘိုးအဘွား အခေါ်တွေကို ဒီစကားတွေ ပြောစရာလား ကွယ်"

"ပြောချင်တဲ့ အဓိကက ဒီလိုပါ အမေ .. အနှောင့်အသွားမလွတ်တဲ့ စကားတွေနဲ့ ကလေးအပေါ်မှာပါ ဒီည စိမ်းသွားပါ့မယ်၊ အဲဒီလိုသဘော သက်ရောက်တာတွေ သူ ဆက်တွေးခဲ့ရင် ..."

"စိတ်ချပါ"

ဒီစကားကိုတော့ ဒေါ်ဖြူဖြူ မသက်သာသည့်မျက်နှာနှင့် ခေါင်းညိတ်ခဲ့တာ ဖြစ်၏။ ပြီးတော့ ...

"ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးက ချစ်သူ ရှိနေတယ်"





ဦးစိုး က ကလေးကို ပြန်ငုံ့ကြည့်ကာ ခြေဖျားလေးပေါ်လာတာကို အနှီးစလေးနဲ့ ပြန်ဆွဲဖုံးပေး၍ ...

"သူလည်း အရွယ်ရောက်နေပြီပဲ အမေ"

"တို့ မြန်မာလူမျိုးတွေမှာ သားသမီး အရွယ်ရောက်ခြင်း မရောက်ခြင်းက အသက်နဲ့ မဆိုင်ဘူး၊ မိဘရဲ့မျက်လုံးထဲမှာပဲ ရှိတာ"

ဒေါ်ဖြူဖြူ က ကလေး အိပ်သွားပြီမို့ နို့ဘူးလေးကို စားပွဲပေါ် လှမ်းတင်လိုက်ကာ ...

"သူတို့နိုင်ငံ သူတို့အယူအဆနဲ့တော့ ကလေး လဲကျသွားရင်တောင် 'ပြေးမထူနဲ့ သူ့အားသူကိုးတတ်အောင်' တဲ့၊ 'ကျော်နိုင်လွှားနိုင်လာတဲ့အရွယ် သစ်ပင်တက်ဆော့ချင်တယ်ဆိုရင် မတားပါနဲ့' တဲ့၊ ဘယ်လိုလုပ်မလဲ..၊ တို့တွေ အဲဒီသဘော မထားနိုင်ကြဘူးလေ၊ ဒါ ခေတ်မီဖွံ့ဖြိုးတယ်ပြောပြော မဖွံ့ဖြိုးဘူးဆိုဆို ချောက်ကြီးကို ကျင်းလေးတစ်ကျင်းလို့ထင်ပြီး ခုန်ချချင်တယ်ပြောလည်း တားလို့မရတော့ရင် ကိုယ်တိုင် ခုန်ချပြလိုက်မှာပဲ"

မိဘရဲ့ရင်ခွင်တစ်ခုလုံးကို ဖွင့်ပြချင်သည့်ဆန္ဒတွေနှင့် ဒေါ်ဖြူဖြူ စကားသံတွေ ပြတ်သားလာ၏။

"ဒါဟာ ခေတ်နောက်ကျတဲ့ အတွေးတွေဆိုရင် ခေတ်အစရဲ့ ဟိုးနောက်မှာပဲ တန်းစီနေတော့မယ်၊ မိဘဖြစ်လာပြီဆိုရင် သားသမီးဟာ ကိုယ့်ဘဝပဲ၊ မေမေ ဒီည ကို စိတ်မချဘူး၊ အရွတ်ဆန်တဲ့စိတ်ရှိတယ်၊ မာကျောတယ်၊ သူ့အဖေကလည်း စစ်မှုထမ်းဟောင်းပီပီ အငြိမ်းစားယူပြီးကတည်းက ဘုရားသွားကျောင်းတက်နဲ့ ပင်ပန်းခဲ့သမျှ တရားရိပ်မှာပဲ နေချင်တော့တာမျိုး.."

ဦးလေးနဲ့ ဦးကျော်မျိုး နှစ်ယောက်ပေါင်းမိကတည်းက တရားစခန်းမှာပဲ တက်ညီလက်ညီ ပျော်မွေ့ခဲ့ကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကတော့ ရှိသမျှ စည်းစိမ်တွေကို သူ့ဇာတ်ဝန်ရှိတဲ့အတိုင်း ဦးစီး နာမည်နဲ့လွှဲပြောင်းပေးခဲ့ပြီး လုံးဝ ပြန်မလာတော့တာ ဖြစ်သည်။

ကိုယ်က တွေ့ချင်မှ လိုအပ်မယ်ထင်တာတွေ ဝယ်ခြမ်းသွားပြီး ကန်တော့ရင်း တွေ့လို့ရသည်။

ဦးကျော်မျိုး က အိမ်ပြန်သည်။ ဒါပေမယ့် အိမ်ရောက်တာနဲ့ ဘုရားခန်းထဲဝင် တရားထိုင်၊ ပုတီးစိပ်..။ ကျန်တဲ့အချိန်ကလည်း စာကြည့်ခန်းထဲမှာမို့ ...

"သူ အေးအေးဆေးဆေးနေတာကိုလည်း အနှောင့်အယှက်မပေးချင်တော့ မေမေ့မှာ တိုးတိုးဖော်လည်း မရှိ၊ ဆွေးပေးမီးယူ မြေးသားဆိုတာလည်း မရှိ၊ သမီးတစ်ယောက်လုံး ရှိနေရက်နဲ့ .."

"ဒီညု က အမေ့ကို ဂရုမစိုက်ဘူးလား"

"ဒီလိုလည်း မဟုတ်ဘူးလေ၊ ဒါပေမယ့် ချစ်သူ ရှိနေတယ်၊ အဲဒီချစ်သူနဲ့ မေမေက သဘောမတူဘူး၊ သဘောမတူတဲ့လူကို ချစ်နေရတော့ သူ လုံးပမ်းနေရတဲ့ အဲဒီချစ်သူအတွက်အချိန်တွေက လူက အိမ်ထဲမှာရောက်နေတာတောင် စိတ်က တခြား"

'သူ့ချစ်သူက ဘာချို့ယွင်းချက်တွေ ရှိနေလို့ သဘောမတူတာလဲ'ဆိုသည့်မေးခွန်း စိတ်ထဲမှာ ဖြစ်လာပေမယ့် မမေးဖြစ်ပါ။

အဲဒီလောက်.မေးမြန်းဝေဖန်ဖို့အထိ ဒီညု ရဲ့ကိုယ်ရေးကိုယ်တာကိစ္စမှာ ဝင်မပါချင် ..။

"သမီးကို မေမေက စိတ်ချချင်တာ .."

သူ ထရပ်လိုက်စဉ် ဒေါ်ဖြူဖြူ ပြောသည့်စကားကြောင့် နေရာမှာပဲ ငြိမ်သက်သွားခဲ့၏။

"သားကို မေမေက သမက်လို ဆက်ဆံခဲ့တာ မဟုတ်ဘူး၊ သားလို သဘောထားခဲ့တာ"





ဒေါ်ဖြူဖြူ ထိုင်ရာကနေ ထလာပြီး သူနဲ့ မလှမ်းမကမ်းမှာ ရပ်...ကာ ...

"ဒီ့ထက် ပွင့်လင်းအောင် ပြောရရင်တော့ ဒီညု ကို .."

"နေပါဦး အမေ .. ပွင့်လင်းတယ်ဆိုတာက ဖြစ်နိုင်ချေရှိတာကို ...င်းမချန် ပြောကြတာပဲ ကောင်းပါတယ်၊ ပွင့်လင်းခဲ့ရပြီးမှ မဖြစ်နိုင် ...ဆိုရင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက်ကြရတာပဲ ရှိမယ်"

"မေမေ ဘာပြောမလဲဆိုတာ သားက သိနေတာပဲ၊ မဖြစ်နိုင် ... .. ဖြစ်နိုင်မယ်ဆိုတာ သားက အမိကလို့ မေမေ ထင်တယ်"

"ဘယ်ဟုတ်မလဲ အမေ၊ လွှင် ဆုံးသွားတာလည်း .."

"မေမေ အခု စိစဉ်ဖို့ ပြောနေတာ မဟုတ်ဘူး သား .. သမီးကို ...ည်း ဒါတွေ ပြောထားမှာ မဟုတ်ဘူး၊ ခုချိန်မှာ ကလေးက အထုပ် ...းအတိုင်း ချထားတဲ့နေရာမှာပဲ ရှိနေဦးမှာ၊ ကလေး လော ...ာက်လားလား ပြေးလွှားလာတဲ့အရွယ်၊ မင်း ပြောသလို မင်း ...ုပ်ကလည်း အနားယူလို့ရပြီဆိုရင် ကလေးအတွက် ပြည့်စုံစေချင် ...ယ်၊ သမီးအတွက် စိတ်အချရဆုံးလူကလည်း မင်းပဲလို့ မေမေ ...ာ်မှတ်ထားတယ်"

ဦးစီး ခေါင်းခါနေပေမယ့် ဒေါ်ဖြူဖြူ က ပြောလက်စကို မရပ် ...။

"ထိခိုက်မခံဘူး၊ ပျက်စီးလွယ်တယ်ဆိုတဲ့ ပစ္စည်းတစ်ခုဟာ ထုပ် ...ိမ်းဆည်းသူရဲ့ ဂရုစိုက်မှုအပေါ်မှာ မူတည်တာပါ၊ ပြောနေတာက ...ည်းတစ်ခုအကြောင်း မဟုတ်ပေမယ့် ဒီညု ဟာ မင်းရဲ့ ဇနီးလောင်း ...တဲ့စိတ်လေးခွေးပြီး ကိုယ် ရှိနေတဲ့အခိုက်မှာ သူ့ရဲ့ သွားလာနေထိုင် ...းကို တစေ့တစောင်းတော့ ကြည့်ပေးပါ၊ သူ တုံ့ပြန်တာတွေ ...သီး ရှိင်းစိုင်းနေရင်လည်း ကိုယ့်ညီမလေးလို သဘောထား၊ ...မ



www.burmeseclassic.com

www.burmeseclassic.com



တို့မျက်နှာတွေကို ထောက်ထားပြီး သည်းခံဖို့ ..."

ဦးစီး အားနာဖို့ မေ့ခဲ့တဲ့အထိ ခေါင်းတွင်တွင်ခါလိုက်မိသည်

"အဲဒါ ပြောသလောက် မလွယ်ဘူး အမေ၊ ပစ္စည်းတစ်ခု

ထုပ်ပိုးသိမ်းဆည်းရတဲ့ ဥပမာနဲ့ ယှဉ်ပြောရင်တောင် အဲဒီမှာ တပ်

မြတ်နိုးမှု ပါတယ်၊ ခဲအိုနဲ့ ခယ်မ ဆိုတဲ့ အဆင့်မှာတောင် ၁

ကျွန်တော် မရင်းနှီးခဲ့တာ၊ ခုလို တစ်ယောက်နဲ့တစ်ယောက် မကြ

လင်ကြတဲ့အချိန်မှာ ..."

"သားဘက်ကလည်း သူ့အတိုင်းပဲလို့ ပြောတာလား၊ သည်း

မဖြစ်နိုင်ဘူးလို့ ပြောလိုက်တာလား သား .. ဟင်"

ချုံးချုံးကျမတတ် ပူပင်သွားသည့်မျက်နှာကို အားနာပါသည်

ဒါပေမယ့် ...

"မေတ္တာအရင်းခံ မရှိခဲ့ကြတာကို ပြောချင်တာပါ၊ အဲဒါ

သည်းခံနိုင်တာနဲ့ မဆိုင်ဘူး"

သူ ခဏရပ်နေပြီးမှ ဒေါ်ဖြူဖြူ ရှေ့ကနေ ထွက်လာခဲ့မိသည်

ဒီညဆိုတဲ့ မိန်းကလေးဟာ လွင် နဲ့ သူ လက်မထပ်ခင်ကတည်း

မမေ့နိုင်သောဖြစ်ရပ်တွေနဲ့ ဆုံစည်းခဲ့ကြတာ ဖြစ်သည်။

တရားခံနောက်လိုက်ရင်း ပြေးလွှားလာခဲ့သည့် သူ့ခြေလှမ်း

က ထွက်ခွာအံ့ဆဲဆဲ ရထားပေါက် အဆင်းအတက်မှာ တုံ့သွားသည်

'ဒီည'ဆိုတာ မသိခဲ့သေးသည့် သူမက အဆမတန် သား

အိတ်ကြီးကို လွယ်ထားကာ လက်နှစ်ဖက်စလုံးလည်း မအားဘဲ ဆ

မလို့ ပြင်နေတာ မလှုပ်တလှုပ် ..။

"ဟော့ .. ဆင်းမှာ မဟုတ်ဘူးလား၊ ဖယ်ပေး .."

"အား!..."

အရေးကြီးသည့်တရားခံကို လက်လွှတ်မခံနိုင်သည့် အရင်





က မိန်းကလေးတစ်ယောက်နဲ့ မနိုင်ဝန်ကို အမှတ်တမဲ့ ဖြစ်သွား၏။

အိတ်ကြီးကို လက်ခုံနဲ့ကပ်တွန်း၍ သူ့တစ်ကိုယ်စာ ဝင်သာ

အောင် နေရာယူလိုက်သည်။ သူ ရထားပေါ်ရောက်သွားခဲ့ပြီး သူမ

သည် အိတ်ကြီးနဲ့အတူ လုံးထွေးကျသွားတာ ပုံလျက်သား ..။

"တောက် .."

ရှေ့ကိုလှမ်းပြီးမှ ပြန်လှည့်ကြည့်လိုက်တော့ တက်ခေါက်သံ

ပြင်းပြင်းနှင့် သူမမျက်လုံးတွေက လူက ခွေလဲနေပေမယ့် မီးဝင်းဝင်း

တောက်နေ၏။

သူ ဆောရီးတစ်ခွန်းတောင် ပြောချိန်မရဘဲ လျစ်လျူရှုခဲ့ရ

နောက်အဖြစ်တစ်ခုက လွင် နဲ့ စေ့စပ်ကြောင်းလမ်းကြတော့

ချင်းတွေ့ပြီး ဆွေးနွေးကြပါစေတဲ့။

ဒါလည်း လိုအပ်တာမို့ လွင့် ကိုတွေ့ဖို့ သူ ရောက်သွာ

တံခါးဝမှာ ဆီးကြိုနေတာက လွင် မဟုတ်ဘဲ ဒီည တာတော့

သူမကို ကိုယ်က မသိခဲ့ပေမယ့် ကိုယ့်ကိုတော့

သိထားပြီး ဖြစ်ပုံရှိကာ ...

"ရှင်နဲ့ မမကို ကျွန်မ သဘောမတူဘူး၊ ပြန်ပျောက်နေ

အမှတ်တမဲ့ ပြန်လှည့်ကြည့်မိရုံပေမယ့် သူမကို မြ

သူ မှတ်မိသည်။

ထို့ကြောင့် တောင်းပန်ဖို့ပြင်လိုက်သည့် နှုတ်ဖျားမှာ ဆက်

ကြောင့် အားလုံး ပြန်လည် လျှောဆင်းကုန်၏။

"မင်း သဘောတူဖို့မှ မလိုတာ၊ မင်းမိဘဆီမှာ စေ့စပ်ထား

အခု သူ့သဘောထားကို မေးမလို့ .."

"ကျွန်မရဲ့သဘောနဲ့ တစ်ထပ်တည်းပဲ၊ ရှင် ပြန်တော့လို့ ပြောနေ

တာ အရှက်မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း..."

သူ ခါးပျော့ပျော့ထောက်၍ ပြုံးလိုက်မိသည်။ ပြီးမှ သူမကို စိုက်ကြည့်၍ ...

"အဲဒါ မင်းကိုယ်မင်း ပြန်မေးပြီး မှန်ပြေးကြည့်လိုက်ပါ၊ မင်းတို့ သဘောချင်းဖြစ်ဖြစ် လူချင်းဖြစ်ဖြစ် ဘာတွေထပ်နေနေ ငါက လွင့် တစ်ယောက်တည်းကို လက်ထပ်မှာ .."

"ဘာ!.. ပြောတယ်"

မပြေလည်ခြင်းတွေက တွေ့ကြတိုင်း မီးပွင့်မီးပွားတွေ စင်ထွက် ခဲ့သလိုပင်။

ါပေမယ့် ဤသို့ရှိခဲ့တာတွေကို ဘယ်သူမှ မသိ..။

ဘိတ်ကို အတိတ်မှာပဲ ထားခဲ့လိုက်ရင် မကောင်းဘူးလား..။





အခန်း [၃]

"ဆရာ .."

ကလေးကို ပွေ့ပိုက်ထားရင်း အောင်လင်း ရောက်လာတော့ လှည့်ကြည့်လိုက်ကာ ...

"ဘယ်လိုလဲ .. အဆင်ပြေလား"

"မပြေဘူးတော့ မဟုတ်ဘူး၊ ဒါပေမယ့် ပစ္စည်းတွေ ပျောက်နေ တယ် ဆရာ၊ ဆရာ နေကောင်းသွားပြီလား"

"အေး"

သူလည်း လက်က သက်သာနေပြီမို့ မပြီးပြတ်တာတွေကို ဆက် လိုက်ရမှာ သူ့တာဝန် ဖြစ်လာပြီမှန်း သိလိုက်သည်။

"ဆရာဇော် ရော .."

"ဆရာဇော် လည်း ဟိုမှာ ကျန်ခဲ့တယ်၊ ပစ္စည်းတွေကို ဟိုဘက် ရောက်ခံလို့ မဖြစ်ဘူးတဲ့"

သူတို့စကားပြောနေတုန်း ဒေါ်ဖြူဖြူ အိမ်ထဲက ထွက်လာကာ...



www.burmeseclassic.com

www.burmeseclassic.com



"ချော့သည် ရောက်နေတာလား .. မေမေ ကော်ဖီဖျော်လိုက်မယ်နော်"

"မလုပ်ပါနဲ့ အန်တီ .. ကျွန်တော် ခုပဲ ပြန်မှာပါ"

ပြောစရာရှိတာ အနည်းအကျဉ်းပြောပြီး အောင်လင်း ပြန်သွား၏။

"သားအဖ ဘာတွေ အလုပ်ရှုပ်နေတာလဲ"

"သားက ခေါင်းထူနိုင်နေပြီဆိုတော့ ခရီးမထွက်ခင် အမှတ်တရ ဗီဒီယိုရိုက်ချင်လို့"

"ဟုတ်လား .. ဒါဆို မြေးကို အကျီလှလှလေး လဲပေးမှာပေါ့၊ မေမေ့ကို ခဏပေး"

ဒေါ်ဖြူဖြူကျော် ကလေးအကျီ သွားယူကာ သူ့ရှေ့မှာပဲ ဝတ်ပေးတာကို မတ်တပ်ကနေ သေချာကြည့်နေမိသည်။

ထိန်းမယ့်လူတွေ ရှိနေသည်ဖြစ်စေ မရှိသည်ဖြစ်စေ 'သူ့အဖေ ရှိတာပဲ' လို့ နောက်ထပ် အပြောမခံချင်။ ပြီးတော့ ...

သားရဲ့ ဝေယျာဝစ္စ ကိစ္စကလေးတွေကို သူ တကယ်လည်း လုပ်ကိုင် ပြုစုပေးချင်လို့ပါ ..။

"လည်ပင်းမှာ အနီစက်က ဘာဖြစ်တာလဲ အမေ၊ ပုရွက်ဆိတ်များ ကိုက်သွားတာလား"

ဘေးမှာ ခုံဆွဲထိုင်လိုက်ရင်း ကလေးလည်ပင်းက အနီစက်ကို သူ သေချာ ငုံ့ကြည့်မိသည်။

ဒေါ်ဖြူဖြူ က ရယ်ကာ ...

"အမှတ်လေးပါ သားရဲ့ .. အဲဒါလေးက မွေးကာစတုန်းက ဒဏ်ရာလေးလိုပဲ စိုရဲနေလို့ သွေးစက်လေးမှတ်ပြီး သေချာ ပွတ်ကြည့်မိသေးတယ်၊ နောက်ပြီးတော့ သေးသေးလေးရယ်၊ ခုမှ နည်းနည်း မြင်လာရတာ"





'ဒဏ်ရာလေးလိုပဲ' ဆိုသည့် စကားက နားထဲမှာ ကိုးလိုးကန့်လန့် ဖြစ်သွားသည်။ ထို့ကြောင့် ဒဏ်ရာကို ကိုင်ကြည့်မလို့ မျက်နှာ ငုံ့၍ လက်ပြင်လိုက်မိ၏။

အမှတ်တမဲ့ စိတ်မှတ်ဉာဏ်၏ သတိပေးချက်က ကလေးမျက်နှာ လေးကို ဖျတ်ခနဲ အကြည့်ရောက်သွားခဲ့လျှင် ...

သူ့စိတ်ထဲမှာ ထင့်သွား၏။

သား မျက်လုံးတွေက သူ့ကို စူးစိုက်ကြည့်နေကာ နည်းနည်း လေးမှ မလွှဲ၊ သူငယ်အိမ်လေးတောင် မလှုပ်..။

သူ့မျက်နှာကို တဖြည်းဖြည်း ပြန်ဆုတ်လိုက်တော့လည်း ထို နောက်ကို မခွဲမခွာ ပါလာသည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေပြီလဲ မသိသေးခင် တစ်ခုခု မှား ယွင်းနေပြီဆိုသည့် ခံစားချက်တွေ ဖြစ်လာ၏။

"ကဲ .. ရပြီ သားရေ .. ရော့ .. ဘယ်မှာလဲ ခြံထဲ ဆင်းရိုက်မှာလား"

လှမ်းပေးသည့် သားကို ချီပွေ့ယူလိုက်ကာ နူးညံ့နီရဲနေသည့် ပါးပြင်လေးကို တယုတယ ပွတ်သပ်မိရင်း ...

"အိပ်ခန်းထဲမှာပဲ အမေ .. ကလေးကြီးတဲ့အခါ သူ ဒီအရွယ် တုန်းက လှုပ်ရှားမှုလေးကို မြင်ရအောင်လို့၊ ပြီးတော့ ကျွန်တော်က လည်း အိမ်သိပ်ကပ်ရဦးမှာ မဟုတ်ဘူး၊ သား ဒီအရွယ်လေးမှာ မိသားစု နွေးထွေးခဲ့တာလေးပေါ့"

မိသားစုဆိုတော့ ဒေါ်ဖြူဖြူ ပြုံးနေသည့်မျက်နှာ ကွက်ခနဲ ပျက် သွား၏။ သမီးမှ မရှိတော့တာ၊ မိသားစု ဘယ်လိုလုပ် နွေးထွေးပြမှာ လဲ ..။

ဘေးမှာ ကလေးအမေရဲ့ဓာတ်ပုံကို ထောင်ပြီးတော့လား..၊



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက်ကိုကြည့်ပြီး ဒေါ်ဖြူဖြူ ရင်နင့်သွားသည်။ သမက်ဆိုပေမယ့် သားနဲ့မခြား သံယောဇဉ်ထားခဲ့တာပါ။

စဉ်းစားမိတာကို ဖြတ်တောက်ကာ မျက်ယွင်းသွားမိသည့် ကိုယ့်မျက်နှာကို ပြန်လည် ပြင်ဆင်၍ ...

"အေး .. ကောင်းတယ် သား၊ မြေးလေး ၄တ်တုတ်ထိုင်တဲ့ အရွယ်ဆို ပိုကောင်းမှာနော်"

ထိုစကားကို ခေါင်းပဲညိတ်ပြမိကာ ဦးစီး ရဲ့ခေါင်းထဲမှာ ကလေးရဲ့ ထူးခြားတဲ့အကြည့်တစ်ချက်သာ စွဲထင်နေခဲ့၏။

ပြီးတော့ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေမိသည်။

ပဟေဠိဆိုရင်တော့ အဖြေ ရှိရမည်။



## အခန်း [ ၄ ]

"ကျွန်တော်လား .. ကားပေါ်မှာ ဆရာဗျော်"

"... ... ... ..."

"ရပါပြီ၊ လက်တစ်ဖက်ကတော့ လျှော့ထားရတာပေါ့"

"... ... ... ..."

"စိတ်ချပါ၊ အထက်က ညွှန်ကြားချက်ရောက်လာရင် ကျွန်တော် အဆင်ပြေမှာပေါ့"

ဖုန်းပြောရင်း ခြံထဲ ကွေ့ဝင်လာတော့ ပေါ်တီကိုအောက်မှာ ရပ်တောက်နေသည့် ရှုရှုကီးကားလေးကို သူ မြင်သည်။

ကားထဲမှာ ဘယ်သူမှန်း မသိသော်လည်း ဘေးမှာ စကားရပ်ပြောနေတာက ဒီညု ..၊

သူ့ကားကို ထိုကားနောက်မှာပဲ အသာလေး ထိုးထားလိုက်ဖို့ ညင်သာစွာ လှိမ့်ဝင်ခဲ့သည့်ဘီးတွေ လုံးဝ ရပ်တန့်ခြင်းသို့ ရောက်သည်နှင့် ...

"ဟာ!..."



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း .."

ရှေ့ကားစက်နှိုးသံ ကြားလိုက်ပြီး သိမ့်ခနဲ လှုပ်ခုန်သွားတာကို မြင်လိုက်သည်။ အကွာအဝေးက နီးကပ်လွန်းသည်မို့ သူ ဘာမှ ပြင်ဆင်ချိန် မရလိုက် ..။

ရှေ့ကား၏နောက်ပိုင်းက သူ့ကားရှေ့ပိုင်းကို ပစ်ဆောင့်ကာ မီးလုံးကွဲသံတွေပါ ဆူညံသွား၏။

"ကိုဦးစီး .. ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

သူ့ကားနားကို ဆိုးဆိုးဆတ်ဆတ် ရောက်လာပြီး ကွဲရှနေတာတွေကိုလည်း ကြည့်သည်။

"ရှင် တမင်လုပ်လိုက်တာမို့လား"

"တမင်လုပ်ရအောင် ငါက ဝင်တိုက်တာလား၊ မင့်ကားက နောက်ပစ်ဆောင့်တာလား၊ မင်း မမြင်လိုက်ဘူးလား"

"ဒီည .."

ရှူရှူကီးပေါ်ကနေ အပြာရောင် ကိုယ်ကျပ်ဝတ်စုံလေးနဲ့ မိန်းကလေးတစ်ယောက် ကမန်းကတန်း ဆင်းချလာကာ ဒီည လက်ကို ဆွဲလှုပ်၍ ...

"မဟုတ်ပါဘူး .. ငါ့ကြောင့်ပါ၊ ဘက်ခ်ဂီယာမချိန်းဘဲ လီဗာနင်းလိုက်မိတာ"

"ဘာဖြစ်ဖြစ် သူကရော ကားချင်း ဒီလောက်ကပ်ကပ်လေး လာရပ်စရာလား ..၊ သူလုပ်တာ မဟုတ်ပေမယ့် သူ့ကြောင့်ဖြစ်တာ"

ဒီည က ဦးစီး မျက်နှာကို စေ့စေ့ကြည့်၍ အပြစ်ဖို့ရေးကိုပဲ ကြိုးစားနေ၏။ အိမ်မှာ လင်မယားချင်းဖြစ်ဖြစ် အပြင်ပြဿနာ တစ်စုံတစ်ရာ ဒါမှမဟုတ် သူမနဲ့ ခုလို ဖြစ်ရပေါင်းတွေလည်း များပြီ..။

ဘယ်အချိန်ဖြစ်ဖြစ် ပြဿနာရှင်းဖို့အတွက် ပျာပျာသလဲ ပြင်





ဆင်ကြိုးစားတာ ဘယ်သောအခါမှ မရှိခဲ့ ..။

နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားပြီး လူကို မျက်မှောင်ကုတ်ကြည့်နေမည်။ ဘယ်လို နာကျင်စရာစကားလုံးတွေနဲ့ ပစ်ပေါက်နေနေ ရမစိုက်သလိုလို လူကိုပဲ အရှုံးလိုလို ..။

အဲဒီပုံစံကို သူမကလည်း အမုန်းဆုံး ..။

ချစ်နေတဲ့သူကတော့ ဒါတွေကို ချစ်စရာလို့တောင် မြင်နေသေးသည်။

"သူ့မျက်လုံးတွေက သူများထက် စူးရဲပြီး အကြည့်က စူးစိုက်ဘတ်တော့ ညီမလေး ကြည့်မရဖြစ်နေတာပါ၊ မောင်က မနူးညံ့တတ်ဆမယ့် သဘောထား ပြည့်ဝတယ်၊ သူ မမအနားမှာ အမြဲတမ်း မရှိနိုင်ဆမယ့် ရှိနေတဲ့အချိန်လေးမှာ မမကို စိတ်ချမ်းသာအောင် လိုက်လျောဘယ်၊ ဂရုစိုက်တယ်၊ ဘယ်လောက်ထိလဲဆိုရင် မမကို ကိုယ်ဝန်ဆောင် မဆောင်နိုင်းဘူး၊ လင်မယား အမြဲအတူနေရတာ မဟုတ်တော့ ပြီး အားငယ်မှာစိုးလို့တဲ့"

အဲဒါကို ကြားတုန်းကလည်း မကျေနပ်နိုင်၊ သူမ မြင်နေသမျှဘတော့ မမကပဲ ချစ်၊ မမကချည်း သည်းခံ စောင့်စားနေရတဲ့သူ..။

ကိုယ်ဝန် မယူခိုင်းတာဟာ မချစ်လို့ပဲဆိုတာ အသိသာကြီး။ ပြီးတော့ မမကိုယ်ဝန် သုံးလကျော်ကတည်းက ထွက်လိုက်ရတဲ့ ခရီးဆွေ ..၊ ကိုယ်ဝန်ရင့်လာတော့ အိမ်ကို လုံးဝ ပြန်မရောက်တော့ပေ..။

ဘယ်နေရာမှာ ချစ်ခင်မြတ်နိုးမှုယ် ရှိလဲ ..။

စူးရဲသည့်အကြည့်တွေ ပြိုင်နေကြတာကို ကားမောင်းမိသည့် မိန်းကလေးက စိတ်မသက်သာစွာ ကြည့်နေခဲ့လျက် ...

"ငါ တကယ် ပြောတာပါ ဒီည ရယ် .. ငါ့ကြောင့်ပါဟာ၊ အစ်ကို့ကိုလည်း တောင်းပန်ပါတယ်၊ ကားပျက်စီးသွားတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လေ ..''

"ရတယ်"

ထိုင်ရာမထ ကိုယ်တော်က တစ်ဖက်က တောင်းပန်ကာမှ
ပေါ်က ဆင်းတော်မူ၏။

"ဘာတွေ ဖြစ်ကုန်တာလဲ၊ တိုက်မိသွားတာလား ဟင်"

အိမ်ထဲကနေ ဒေါ်ဖြူဖြူ အရင်ထွက်လာကာ ဦးကျော်မျိုး
နောက်မှ ပါလာ၏။

"ဘယ်လို တိုက်မိကြတာလဲ"

"သမီးကြောင့်ပါ အန်တီ"

"သမီးမော် ကို အန်တီက ပြန်သွားပြီ မှတ်နေတာ"

မော် က မျက်စောင်းတစ်ချက်ရွယ်ပြီး အိမ်ထဲ လှည့်ဝင်
သည့် ဒီည ကြောင့် လည်ပင်းလေးကုတ်၍ မျက်နှာလေးလည်
သွား၏။

ဒီလူနဲ့ ဒီည မတည့်တာကို သိသည်။ ဒါပေမယ့် အမှန်တ
ကိုယ့်ကြောင့်ဟာကို ဘယ်လို ပြောရမလဲ ..။

အလုံးစုံ မကြားရသေးပေမယ့် ဒေါ်ဖြူဖြူ နားလည်သည်
ကြောင့် ခင်ပွန်းသည်မျက်နှာကိုတောင် ပြန်မော့မကြည့်ရဲတော
သက်ပြင်းချလိုက်မိသည်။

"မင့်သမီးပုံစံနဲ့ ဦးစီး ဖြစ်မှာမဟုတ်ဘူး ဖြူ၊ ယောကျာ်းဆို
အပြင်မှာ စိတ်အခန့်မသင့် ပင်ပန်းလာရင် သားမယားရဲ့ ပြုစုယု
တွေနဲ့ ချွေးသိပ်ကြတာ၊ သမီးကြီးက နူးညံ့တယ်၊ သည်းခံ လိုက်
နိုင်တယ်၊ အဲဒါကြောင့် သူတို့ချင်း ဘာမှ အတိမ်းအစောင်း မရှိ
ဘူး၊ သမီးငယ် အဲဒီလို ဓနီးမျိုး ဖြစ်နိုင်မလား၊ မင်း စဉ်းစားကြည့်"

ဒါဆို သူတို့ချစ်လှချည်ရဲ့ဆိုတဲ့ စိတ်တူကိုယ်တူချင်း ယူကြ





ဆိုပြီး ပေးစားလိုက်ရင်တော့ အဆင်ပြေသွားမှာတဲ့လား..။

ဒေါ်ဖြူဖြူ ဘာတွေမြင်လို့မှ လက်မလျှော့ချင်ပါ။ မော် လည်း
ပြန်သွားပြီ၊ ဦးစီး နဲ့ ဒီည တို့လည်း မပြောမဆို အသီးသီး ဝင်သွား
ကြပြီးမှ ၄င်းလူကြီးတွေက သက်ပြင်းချလို့ မပြီးနိုင် ..။

ထို့ပြင် ဦးစီး ရဲ့ကားနှင့် အပျက်အစီး ကွဲစတွေကို စိတ်မသက်
သာစွာ ကြည့်ရင်း ခြံထဲကို ဆင်းလျှောက်ခဲ့ကြသည်။

ဦးကျော်မျိုး ကတော့ ဒရိုင်ဘာ ပြေးလွှား ရှင်းလင်းနေတာကို
ခဏရပ်ကြည့်ပြီးမှ ဖြည်းဖြည်းလျှောက်လာကာ ...

"စိတ်ပျက်သွားပြီလား ဖြူ .. မင်းကို ငါ ပြောသားပဲ"

ဒေါ်ဖြူဖြူ က လှည့်ကြည့်ပြီး ခေါင်းခါသည်။ ဦးကျော်မျိုး
ထိုင်တဲ့အထိ စောင့်၍ ပြီးတော့မှ ခုံတန်းလေးရဲ့တစ်ခြမ်းမှာ ဝင်ထိုင်
လိုက်ပြီး ...

"မပျက်ဘူး ကိုကျော် .. ဖြူ တို့ တစွန်းတစ ကြားလိုက်သားပဲ၊
မော် က သူ့ကြောင့်ပါလို့ ပြောနေတာတောင် ရှင့်သမီး အတင်း စွပ်စွဲ
ပြောနေတာ"

"ဟုတ်တယ်လေ ...ဒီည က သူ့အစ်မကို ဂရုမစိုက်ဘဲ ထားခဲ့
တဲ့အတွက် မပြေတဲ့အငြိုးမျိုး ထားနေတာ၊ မျက်နှာချင်းဆိုင်လို့တောင်
မရတဲ့နှစ်ယောက်ကို မင်း .."

"ဖြူ ပြောချင်တာက မတည့်တာကို မဟုတ်ဘူး၊ ရှင့်သမီး ပြော
ဆိုသွားသမျှ ဦးစီး ဘာမှ တုံ့ပြန်မပြောခဲ့တာကို သိစေချင်တာ၊ လူအိုနဲ့
အပျို၊ ပြီးတော့ ဒါ သူ့ခယ်မပေမယ့် ညီမဆိုလည်း ဟုတ်တယ်၊ သူ
ပြန်မပြောချင်တာဖြစ်ဖြစ် မျိုသိပ်လိုက်တယ်ပဲ ထား..၊ သမီးအပေါ်မှာ
သူ အနိုင်ယူမှာ မဟုတ်ဘူး၊ အဲဒါ လုံးဝ သေချာတယ်"

ဦးကျော်မျိုး က မထောက်ခံပေမယ့် ဘာမှ ထပ်မပြောပါ..။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက မိထွေးလက်ထဲ ရောက်မယ့်အစား သူ့အဒေါ်ကိုပဲ အမေ ခေါ်တာ မကောင်းဘူးလား၊ နောက်ပြီး ဦးစိုး ရဲ့ တစ်ဦးတည်း ပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေက နည်းတာ မဟုတ်ဘူး၊ ဒါတွေကို လည်း သူများလက်ထဲ အရောက်မခံနိုင်ဘူး ကိုကျော် .."

"အေးလေ .. ကိုယ် ဖြစ်ချင်တိုင်း ဖြစ်လာကြတာမှ မဟုတ်တာ၊ ကိုယ့်ရင်ကို ငြိမ်းချမ်းအောင် နေစမ်းပါ မိန်းမရယ် .. ငါတို့လည်း ဆင်းရဲတာ မဟုတ်ဘူး၊ မင့်သမီးကလည်း ရန်သူလို သဘောထား နေတာ"

"ဒါပေမယ့် သူ့တူလေးကို သူချစ်တယ် ကိုကျော်၊ ညညဆို သွားချောင်းကြည့်တယ်၊ သူ့အဖေ မရှိတာနဲ့ ပြေးချီ ပြေးနမ်းလုပ်တာ၊ ဒီသံယောဇဉ်တွေနဲ့ ချည်တုပ်ရမှာပဲ၊ ဖြူ ကတော့ ဖြစ်အောင် စီစဉ် ဖို့ ဆုံးဖြတ်ထားတယ်၊ ရှင်ပဲ ငြိမ်းချမ်းအောင် နေပါ၊ မိခင်ကတော့ သားသမီးမွေးရပြီဆိုကတည်းက ချွေးပြိုက်ပြိုက်ကျအောင် ပေါင်းရ တယ်၊ မီးမကင်ဆော်ဆိုတဲ့ ခါးစပ်နေတဲ့ ဆေးပွဲတွေလည်း မျိုချခဲ့ရ တယ်၊ အပူလောင်ထိရလွန်းလို့ သားသမီးအတွက် ပူရတာတွေ အထုံ အကျင် စွဲနေပါပြီ"

ပြောနေရင်း ကိုယ့်ဘက်လှည့်လာတော့ ဦးကျော်မျိုး မျက်နှာလွှဲ သွားပြီး ငြိမ်နေ၏။

စေတနာနဲ့ပြောနေတာပါလားလို့ မမြင်တာ ခက်သည်။



## အခန်း [ ၅ ]

သူ တစ်နေ့လယ်၊ တစ်ညနေလုံး ကွန်ပျူတာတစ်လုံးနှင့် အခန်း အောင်းနေခဲ့သည်။ ဆရာဇော် ရောက်လာသည်ဆိုမှ အပြင်ထွက် ဖြစ်၏။

ဧည့်ခန်းထဲမှာ ဦးဇော်အောင် က ထိုင်နေတာမဟုတ်ဘဲ ခေတ်ပုံ နဲ့ ပန်းချီကားတွေကို ကြည့်ရင်း မတ်တတ်ရပ်နေသည်။

"ဆရာဇော် .."

သူ ခေါ်လိုက်မှ လှည့်ကြည့်ပြီး ပြုံးပြသည်။ ပြီးတော့ လူကို သေချာကြည့်ပြီးမှ ...

"နေကောင်းသွားပြီလား"

"ကောင်းနေပြီ ဆရာ၊ ကျွန်တော်တို့ ခြံထဲမှာစကားပြောမလား"

ကိုယ့်ဆရာရဲ့အကြောင်းကို ကိုယ် သိသည်။ လူကိုမြင်တာနဲ့ ထိုင်ပါ၊ ကော်ဖီသောက်ပါလို့ ဧည့်ဝတ်ပြုတာကို မကြိုက်..။

"တို့လိုလူတွေမှာ တစ်ယောက်ရှိရာ တစ်ယောက်သွားပြီး အာ လာပသလ္လာပပြောနေဖို့ ရှိမလား၊ လောကဝတ်ပြုနေစရာလည်း မလို ဘူးလေ၊ အချိန်တိုင်းက အလုပ်နဲ့ တာဝန်ပဲ"


www.burmeseclassic.com

www.burmeseclassic.com



လို့ ကြိုပြောထားတဲ့သူ ...။

ခြံထဲ ရောက်လာတော့လည်း မထိုင်ဖြစ်ကြပါ။ ဦးဇော်အောင် က သူ့ရှေ့မှာ လက်ပိုက်ရပ်လိုက်ပြီး ဟိုဒီ မျက်လုံးဝေ့ကာ ...

"မင်း ငမန်း ရဲ့ဖိုင်ကို လာဖွင့်သွားတယ်ဆို၊ မနေ့ကမှ ငါ သိတာ"

"ဟုတ်တယ် .. မန်းဒေးတုန်းကပါ၊ ဘာဖြစ်လို့လဲ ဆရာ"

"မင်းကို တားချင်လို့ပေါ့၊ ဒါကို ရှာဖွေပြီး မင်းဘာလုပ်မှာဆိုတာ ငါ သိတယ်"

ဦးဇော်အောင် က စကားဖြတ်ပြီး သူ့အပြောကို စောင့်သည်။ ဦးစိုး က မျက်ခုံး အနည်းငယ် တွန့်သွားကာ မျက်ဝန်းတွေ ဘေးလွဲ မလို ဖြစ်သွားပြီးမှ သူ့ဘက် ပြန်ရောက်၍ ...

"ဒါက ငမန်း ဆိုတဲ့ လူဆိုးတစ်ယောက်ရဲ့ ဘိုင်အိုဂရပ်ဖီနဲ့မဆိုင်ပါဘူး၊ သူ့အဖေ ရှိနေသေးတာကို ကျွန်တော် သိချင်လို့"

"ဘာသွားလုပ်မှာလဲ..၊ အဲဒါ ငါ မသိရဘူးလား"

"သူ့အဖေက ဆွံ့အနားမကြားဖြစ်နေတာလို့ သူ ပြောသွားတယ်၊ လူအိုရုံတွေမှာ သူ လှူဒါန်းနေတာပါလို့လည်း ပြောတယ်၊ အဲဒါတွေကို သိချင်လို့"

ဦးဇော်အောင် သက်ပြင်းရှိုက်ပြီးမှ ဟင်းခနဲ မချဖြစ်ဘဲ တဖြည်းဖြည်း ကျပ်ခဲစွာ ဖြည်ချရင်း ...

"သေခါနီးလူတစ်ယောက်က အမှန်တရားကိုပဲ ပြောတယ်ဆိုတာ မင်း ယုံကြည်သလား ဦးစိုး"

"သူက သေခါနီး မဟုတ်ဘူး ဆရာ"

"ဒါဆိုရင်လည်း သူ့ရဲ့လွတ်လမ်းအတွက် ငါတို့လို အလင်းရောင်ထဲကလူတွေ ခွင့်လွှတ်ချင်လာအောင် သူ ပြောမှာပဲမို့လား"

"ငမန်း က ချောင်ပိတ်မိပြီး ကြောက်ဒူးတုန်လို့ ပြောမိပြောရာ





သွားတာ မဟုတ်ဘူး ဆရာ၊ သူ ကျွန်တော့်ကို ပစ်ခွင့်သာရက်နဲ့ သွားခဲ့တဲ့ သေနတ်တစ်ချက်ကြောင့် သူ့စကားတွေ ကျွန်တော့် ... ကျန်ခဲ့တာ"

"မင်းလည်း ပစ်ချင်လို့ ပစ်ခဲ့တာမှ မဟုတ်ဘဲ၊ ပွင့်ပွင့်လင်းလင်း ... ရင် ငါ မင်းကို အံ့သြနေပြီ၊ မင်း ဒီလောက်ထိ တွေဝေတတ်တဲ့ ... ဟုတ်ဘူး၊ မိန်းမ ဆုံးသွားတာတောင် မင်းရဲ့ခေါင်းထဲမှာ ငမန်း ... ပျောက်မသွားဘူးဆိုတော့ .."

ဦးစိုး က မပြုံးချင်ဘဲ ပြုံးလိုက်ရသည့်မျက်နှာနှင့် သူ့လက်ဖဝါး ... ကြည့်နေရင်း ...

"လွင် ဆုံးသွားတဲ့ကိစ္စက ကျွန်တော် ပြန်လိုချင်လို့လည်း ထူး ... မှ မဟုတ်တာ၊ ဆွံ့အနားမကြားဘဲ သားတစ်ယောက် ရှာဖွေ ... ကို စောင့်စားနေရတဲ့ သက်ကြီးရွယ်အိုကတော့ သူ့သား ... ကျွန်တော့် ကူညီ ထောက်ပံ့ပေးလို့ ရသေးတယ်လေ"

"မကောင်းမှုလုပ်ရင် ထောင်ထဲရောက်မယ်၊ သက်တမ်းတိုမယ်၊ ... သိရက်နဲ့ မကောင်းမှု ကျူးလွန်ပြီး ရှာဖွေကျွေးနေတာ သူ့သမိုင်း ... တာပဲ ဦးစိုး၊ ကဲ .. အဲဒါတွေ ထားလိုက်ပါကွာ၊ မင်း အခု ... ရှာနေတယ်ဆိုတော့ ဘယ်လိုလဲ .."

"ဟုတ်တယ် .. သူ့အဖေ တကယ် ရှိနေတယ်၊ သူ ပြောတဲ့ ... း ပဲ"

"ဘယ် လူအိုရုံလဲ"

"ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ သူကိုယ်တိုင် ထူထောင် ... တဲ့ အဆောက်အအုံသေးသေးပဲ၊ အသက် ခုနစ်ဆယ်အထက်တွေ ... နှစ်ဆယ့်သုံးယောက် ရှိတယ်၊ သူ့အဖေက အသက် ခြောက် ... နှစ်၊ နာမည်က ဦးဘတိုး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်အောင် ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။ သူ့မျက်ဝန်း မှာ မချင့်မရဲစိတ်တွေ၊ အပြစ်တင်လိုတာတွေနှင့် အထင်မကြီးဘဲလည်း မနေနိုင် ဖြစ်ရကာ ...

"ငါ သိတယ် .. ဖိုင်ထုတ်ကြည့်သွားတဲ့အချိန်နဲ့ ခုလောက်ဆိုရင် မင်း စုံစမ်းပြီးလောက်ပြီဆိုတာ၊ တကယ်တော့ ငါတို့က ဆရာ ဆိုမေ မယ့် ရိုင်းရိုင်းပြောရရင် ကျားအိုကြီးတွေပါ၊ မင်းတို့လို စိတ်သွားတိုင်း ကိုယ် မပါနိုင်တော့ဘူး၊ ကြံ့ခိုင်ဖျတ်လတ်မှုတွေလည်း လျော့ရိလျော့ ဖြစ်ကုန်ပြီ၊ မင်းလို တော်တဲ့ အထူးအေးဂျင့်တစ်ယောက်ကို တခြား အာရုံ မပြားစေချင်ဘူး ဦးစီး၊ မကြာခင် ငါတို့ နယ်စပ်ကို ပြန်ထွက်ရ မယ်"

"ကျွန်တော် အဆင်သင့် ဖြစ်နေပါပြီ"

"အဆင်သင့် မဖြစ်သေးရင်လည်း တာဝန်ပေးလာရင် မင်း ခေါင်းခါမှာ မဟုတ်ဘူးဆိုတာ သိပါတယ်၊ အခု ငါပြောချင်တာက မင်းရဲ့စိတ်ဓာတ်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းတွေကို ထိနိုက်မှာ စိုးတာ"

စကားကို ဒီမှာပဲ အဆုံးသတ်လိုက်ရပေမယ့် ဦးဇော်အောင် ရင် ထဲမှာ ပြောစရာတွေ အများကြီး ရှိနေသေးသည်။

ဒါပေမယ့် မပြောတော့ပါ..။





## အခန်း [ ၆ ]

"ဟလို .."

ဖုန်းမြည်နေလို့ ကောက်ကိုင်လိုက်ပေမယ့် ကလေးတစ်ဖက်နဲ့မို့ နံပါတ်လည်း မကြည့်မိ ..။

"ဟလို .. ပြောပါ"

"ညလေး ရာ .. ဖွဲ့ ကိုတောင် မသိဘူးလား၊ မှတ်စရာနံပါတ်တွေ ဘယ်လောက်တောင် များနေလို့လဲ"

"ဖွဲ့ .."

ဒီည က ကလေးရဲ့ ချိုင်းကြား၊ ပေါင်ကြားလေးတွေကို ဆေး ပေါင်ဒါလိမ်းပေးနေရင်း ရယ်ကာ ...

"နံပါတ်တွေ မမှတ်မိနိုင်အောင် ဖြစ်နေတာ မဟုတ်ဘူး ဖွဲ့ ရေ.. ဒီမှာ ကလေး သနပ်ခါးလိမ်းပေးနေတာ၊ ဖုန်းတောင်မှ ပခုံးနဲ့ကပ်ပြီး နားထောင်နေရတယ်၊ ပြောလေ .. မနေ့က ဘယ်လျှောက်လိမ့်နေလဲ"

ပြန်ဖြေသံအစား 'ကျွတ်'ခနဲ စိတ်ပျက်သံပဲ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူ ဘယ်လိုလူလဲဆိုတာ သိနေတော့ ဒီည က ရယ်နေ ျင်းနဲ့ပဲ ဖုန်းကို လက်နဲ့ပြောင်းကိုင်လိုက်၍ ...

"ကဲ .. မေးတာကို ဖြေပါ၊ ဘာဖြစ်နေတာလဲ အဲဒါ"

"ဘာဖြစ်ရမှာလဲ ညလေး ရာ .. မနေ့က ချိန်းထားပြီး ကိုယ် ရောက်မလာနိုင်ဘူး၊ ပြီးတော့ ကိုယ့်အစ်မဝမ်းကွဲတစ်ယောက်နဲ့ ဘ်တားထိပ်မှာ အတူတွေ့သွားသေးတယ်၊ ကိုယ်ကတော့ ကိုယ့်ချစ်သူ သဝန်တိုမလား၊ စွပ်စွဲ အထင်လွဲနေရင် ဘယ်လို ရှင်းပြရမလဲနဲ့ စိတ် တွေ ပူနေလိုက်ရတာ"

"အထင်မလွဲဘူးဆိုတော့ စိတ်ချမ်းသာမသွားဘူးလား ဖွဲ့ ရဲ့.."

"ချမ်းသာစရာလား ညလေး ရယ် .. ချစ်ရင် သဝန်တိုကြတာပဲ၊ အခုကျတော့ သဝန်မတိုနိုင်လောက်အောင် စိတ်က ကိုယ့်ဆီမှာ ဘာ ဖြစ်လို့ မရှိလဲဆိုတာ နားလည်သွားတာ၊ တကယ် မောတယ်ကွာ.."

ဒီည က ကလေး တွန့်လိမ်မဲ့လာတာကို ပခုံးပေါ်မှာ တစ်ဖက်နဲ့ အသာလေး ထိန်းကပ်ထားလိုက်ပြီး နေရာမှ ထသည်။

"ကလေးက သူ့အမေ မရှိတော့ဘူးလေ၊ အခု ဖအေကလည်း ခရီးထွက်နေတာ၊ မေမေတို့က လူကြီးတွေဆိုတော့ ဒီည တစ်ယောက် ) ကလေးရဲ့တာဝန်ကို ယူထားရတာ၊ စိတ်ရောလူရော မအားတာက အမှန်ပဲ၊ ဖွဲ့ က ကလေးကို ဘာဖြစ်လို့ လိုက်ပြီး နှိုင်းယှဉ်နေရတာလဲ"

"မသိဘူးကွာ .. ကိုယ်ကတော့ ချစ်ပြီဆိုရင် ကိုယ့်ချစ်သူ နမ်းတဲ့ ၁န်းကိုတောင် နာလိုတာ မဟုတ်ဘူး၊ နောက်ပြီး ကလေးအဖေက ဘကယ့်ဖိုက်တာ၊ တောင့်တောင့်ဖြောင့်ဖြောင့် ချောတုန်းခန့်တုန်း၊ ညလေး ကို ကလေးနဲ့ဖတ်သက်ပြီး သူ့ စိတ်ကူးယဉ်မလာဘူးလို့ ပြော ိုင်မလား၊ ပတ်ဝန်းကျင် ပါးစပ်တွေကလည်း ရှိသေးတယ်"

ဒီလိုပြောတော့ ရယ်ပစ်လိုက်ချင်ပေမယ့် နေဦးစီး ဆိုသည့် မျက်နှာ





ခြင်ယောင်လာသည်နှင့် ရယ်ချင်စိတ်ပါ ပျောက်၏။

"ညလေး .."

"ဟင်!..."

"ဘာဖြစ်သွားတာလဲ .. ကိုယ်ပြောတာတွေကို တင်းသွားတာ း"

"မတင်းပါဘူး၊ အဲဒါတွေလည်း တစ်ခါမှ တွေးမပူဖူးဘူး၊ ဖွဲ့ ည်း မပူနဲ့ .."

ကလေးကို ပုခက်လေးထဲ အသာထည့်လွှပ်ပေးရင်း တစ်ဖက်က ပြောနေမိသည်။

"ဘယ်သူနဲ့ ပြောနေတာလဲ သမီး"

ဘယ်သူနဲ့ပြောနေတာမှန်း မေမေ သိရက်နဲ့ လာမေးတာမှန်း တော့ ချက်ချင်း နှုတ်ဆက်ပြီး ပိတ်ထားလိုက်ကာ ...

"သူငယ်ချင်းနဲ့ပါ"

မဟုတ်မှန်း သိပေမယ့် ဒေါ်ဖြူဖြူ က ဆက်မမေးတော့ဘဲ ပုခက် ားမှာပဲ ထိုင်လိုက်ပြီး ...

"ညည်းအဖေက တရားစခန်းဝင်ဦးမယ်တဲ့"

"ဝင်ပစေပေါ့ မေမေ၊ အစတည်းက ဖေဖေက ရိပ်သာမှာပဲ ပျော် ့ရှာ၊ မေမေက ဘာဖြစ်လို့လဲ.."

ဘာဖြစ်လို့လဲ မေးတော့လည်း ရုတ်တရက်မဖြေနိုင်။ လင်မယား ပဲ ခွေးနွေးထားခဲ့သည့် သမီးနဲ့ ဦးစီး တို့ နီးစပ်ရေးက အလွယ် ဖြစ်မြောက်ဖို့မလွယ်မှန်း သိထားပေမယ့် လင်နဲ့မယား တိုင်ပင် ရှိတော့ တော်သေးတာပေါ့ ..။

စဉ်းစားမိပြီး ခဏတဖြုတ် စိတ်ညစ်သွားပေမယ့် ...

"အသက်တွေ ကြီးပေမယ့်လည်း ကြီးတဲ့သံယောဇဉ်နဲ့ မိဘားစု



www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲ ရှိနေစေချင်တာပေါ့ သမီးရယ် .. ရှိတာမှ မိသားစု လေးယောက်တည်း၊ တစ်ယောက်က ပဲ့သွားပြီ၊ သုံးယောက်ပဲ ကျန်တာကို သူက ရှင်ကွဲကွဲသလို ခွဲထွက်နေတယ်၊ ဘုရားအလုပ် တရားအလုပ်မို့ မတားကောင်းပေမယ့် မျှမျှတတလေး ရှိစေချင်တာပါ"

"ခုလည်း သမီးတို့မှာ ဖိုးသားလေး ရှိနေပြီလေ၊ နောက်ဆိုရင် သားလေးရဲ့ တီတီတာတာသံလေးတွေနဲ့ စိုပြေလာမှာပါ မေမေရယ်၊ ဖေဖေ နေတာကို ငြိုငြင်မနေပါနဲ့"

ဒီညပြောလိုက်သည့်စကားက ဒေါ်ဖြူဖြူ ပြောချင်နေတာတွေအတွက် လမ်းခင်းပေးလိုက်သလို ဖြစ်သွားလျက် ...

"မြေးလေးကိုရော မေမေတို့ ဘယ်လောက်ထိ ထိန်းကျောင်းခွင့် ရမှာလဲ သမီးရယ် .. ဦးစိုး က အရည်အချင်းရှိတဲ့လူငယ်တစ်ယောက်၊ သူ့မှာ ပညာ ဥစ္စာ ရုပ်ရည်ရူပကာ ဘာမှ ပြောစရာမရှိဘူး၊ သူ နောက်ထပ် အိမ်ထောင်ပြုလိုက်တာနဲ့ ဒီကလေးက .."

"အို .. ဘယ်ရမလဲ၊ သူနဲ့ညားလို့ သူ့သား ဖြစ်နေတာ၊ သူ ဘာတာဝန်ကျေခဲ့လို့လဲ၊ မမလည်း စိတ်ဆင်းရဲပြီး သက်တမ်းတိုခဲ့တာ၊ ကလေးကိုလည်း အခု ထားပစ်ခဲ့တာ နှစ်လ ရှိနေပြီ"

"ဒါက သူ့အလုပ်ထဲမှာ ဒုက္ခရာရထားလို့၊ ဟိုမှာ ..."

"ဘာဖြစ်ဖြစ် ဒီအလုပ်ကို လုပ်နေတာ သူတို့အတွက် အနာတရ ဖြစ်တာ မဆန်းပါဘူး၊ မိဘမေတ္တာဆိုတာ သားသမီးအတွက် အလျှံပယ် ပုံချပေးထားရုံနဲ့ မြင်းမိုရ်တောင်မကတဲ့ ကျေးဇူးတွေ နေ့ချင်းညချင်း ထဖြစ်လာတာ မဟုတ်ဘူး၊ 'မ' ချစ်လို့ 'ဥ' ချစ်တယ်ဆိုတာ အဲဒီလိုယောက်ျားမျိုးကို ပြောတာ နေမှာ၊ မမ ရှိတုန်းကမှ .."

စကားက တုံ့ခနဲ ထစ်ငေါ့သွား၏။ မမရှိနေတုန်းကရော တွေ့ချင်လွန်းလို့ ပြန်လာတယ်ဆိုတာ ရှိလို့လား ...၊





သူ အဝေးမှာပဲ နေရတာမို့လို့ 'ကလေး မယူပါနဲ့ဦး' လို့တောင် တားခဲ့တဲ့ ယောက်ျား ...။

"အလကား နှလုံးသားမရှိတဲ့လူ .. သူ့လိုလူကို ဘယ်မိန်းမကမှ အကြောင်းသိရင် ယူမှာ မဟုတ်ဘူး"

"မိဘ သဘောတူလို့ ပေးစားခဲ့တဲ့အပိုင်းလည်း ရှိတယ်လေ၊ သူကိုယ်တိုင်လည်း တော်ရုံနဲ့တော့ အိမ်ထောင်သစ်ထူမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်နေ့နေ့ဆိုတာကို တွေးမိတိုင်း မေမေ ရင်တွေပူနေတယ်၊ ဒါက ကိုယ်ဆွဲထားလို့ရမယ့်ကိစ္စမှ မဟုတ်တာ"

"ရတယ် .. မရရအောင် ဆွဲထားမယ်၊ သူ့သားဖြစ်သလို ဒါ မမ ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ သား .."

ပြောနေရင်း ဒေါ်ကန်လာကာ ပါးကွက်ဝိုင်းလေးနှစ်ဖက်နှင့် ခြေကားယား လက်ကားယားလေး ဆော့နေသည့်ကလေးကို ပုခက်ထဲက ပြန်ကောက်ချီလိုက်၏။ နညက်မွှေးပျံ့နေသည့် ပါးဖောင်းဖောင်းလေးတွေကိုလည်း တပ်မက်မြတ်နိုးစွာ ဖိနှစ်နမ်းလိုက်မိပြီး ...

"ဖိုးသားလေး .. သားရဲ့အဖေ အလကားလူကြီးကို မေ့လိုက်၊ မချစ်ရဘူးနော်"

"အို!... ဟဲ့ .."

"မရဘူး .. သူနဲ့ လုံးဝ မနေရဘူး ကြားလား၊ နင့်အဖေနဲ့နေရင် နင်ပါ လူကြမ်းလေး ဖြစ်သွားမှာ"

"ဘာတွေ ပြောနေတာလဲ သမီး၊ ကလေးက နားမလည်သေးပေမယ့် ခုလည်း သမီးက ဒေါသနဲ့ လွှတ်ခနဲပြောတာ၊ အဲဒီ လွှတ်ခနဲတွေ ခဏခဏ ဖြစ်လာရင် ကလေးကလည်း သိတတ်လာရင် .."

"ကောင်းတာပေါ့ မေမေ၊ ဖိုးသားလေးက သမီးတို့လက်ထဲမှာ ကိုယ် လိုသလို ပုံသွင်းမှာပဲ၊ သူ့ကို မချစ်လေ ကောင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူ မျက်နှာမဲ့သွားပြီးမှ ပြန်ပြင်ရသည်။ ကိုယ် လိုချင်
ဒီစကားတွေ မဟုတ်၊ ဒီဘက်လာစေချင်လို့ မြောင်းဖောက်ဖို့ ကြိုး
ကာမှ မြောင်းလွှဲကြီး ဖြစ်နေခဲ့၏။

ဒါပေမယ့် ပြောဖို့စကားက ရင်ထဲမှာ အစီအရီ ဖြစ်ထွန်းလာ
သဖြင့် ဒေါ်ဖြူဖြူ နေရာမှ ထရပ်လိုက်ကာ ...

"ဒီကလေးက ဖအေကို မချစ်ဘဲနဲ့ ညည်းကို တွယ်ကပ်နေ
ရော ကောင်းသလား၊ တစ်နေ့နေ့ ညည်း ကြိုက်တာတွေ့ရင် လ
ထပ်သွားမှာပဲ"

"လက်ထပ်တော့ ဘာဖြစ်လဲ၊ သမီး သွားလေရာ ဖိုးသားကို
သွားမယ်"

"ဟွန်း .."

ဒေါ်ဖြူဖြူ ခေါင်းညိတ်လိုက်ပေမယ့် နှုတ်ခမ်းကတော့ မဲ့တဲ့
ရယ် ...၊ ဘာပဲဖြစ်ဖြစ် ကလေးကို မခွဲနိုင်မခွာရက်အောင် ချစ်နေ
အတွက် ကျေနပ်ထားလိုက်သည်။

နောက်ထပ် ဆက်ဖို့က နောက်မှ ...။





## အခန်း ( ၇ )

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ဦးစိုး၊ ဒါ ..."

"ကျွန်တော် အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်တာပါ"

"မဟုတ်ပါဘူး .. မင်းကို ဦးစိုးမှူးပြောတာ ဒီလောက်ထိ လုပ်ဖို့
မလိုပါဘူး"

ခုရက်ပိုင်းမှ ဆရာဇော့် မျက်လုံးတွေထဲက ကရုဏာတွေကို သူ
သတိထားမိနေသည်။ ကိုယ် မသိသေးတာတွေ သူ သိထားပြီဆိုတာ
လည်း ရိပ်မိခဲ့၏။

ဒါပေမယ့် ကိုယ်ရေးကိုယ်တာတွေကို စိတ်မဝင်စားတတ်တာ
သူ့အကျင့် ...။

"ငါ ပြောဦးမယ် ဦးစိုး ...၊ မင်းကို ဦးစိုးမှူးက အရင်လို ပြန်ပြီး
ကြွနိုင်စေချင်တာ၊ ဌာနချုပ်မှာလည်း မင်းလိုလူက အထူး အလိုအပ်
ဆုံးပါ၊ ဒီလို မလုပ်ပါနဲ့ကွာ .."

ဦးဇော်အောင် သူ ထွက်လာတဲ့အတိုင်း ပါလာတာ စားနား
ရောက်တဲ့အထိ ...၊ ဦးစိုး က တံခါးမဖွင့်သေးဘဲ လက်နှင့်လက် စုချ၍
ဒီတိုင်းရပ်နေ၏။ ပြီးမှ ဦးဇော်အောင် ဘက်ကို ပြန်လှည့်ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ကျွန်တော့်ကံကြမ္မာ ညှိုးမှိန်နေတဲ့အချိန်လို့ပဲ ထားလိုက်ပါ"

"ဟုတ်တယ် .. ပြောလို့ ရပါတယ်၊ ဒါပေမယ့် မင်း ကြာခဲ့ပြီဖြစ်တဲ့ ငမန်း ကိစ္စက စပြီး ..."

"ကျွန်တော် ဝန်ခံပါတယ်၊ သူသေကိုယ်သေ တိုက်ပွဲဝင်ကြတာ မဟုတ်ဘဲ တစ်ဖက်လူ ဘယ်လိုမှ မထင်မှတ်တဲ့အချိန်မှာ လက်ဦးမှု ရယူပြီး သတ်ဖြတ်မိတာမျိုး နောက်ထပ်ဖြစ်မှာစိုးတဲ့စိတ်တွေ ကျွန်တော့်မှာ ကျန်ခဲ့တယ်"

"ရန်သူကို နှိမ်နင်းတဲ့နေရာမှာ ငါတို့တွေက သတ်ဖို့ မဟုတ်ဘူး၊ ဖမ်းဆီးပြီး ဥပဒေကပေးတဲ့အပြစ်ကို ခံယူစေဖို့၊ ဒါပေမယ့် ရပ်ကွက်ထဲမှာ ဖဲဝိုင်းဖမ်းတာတောင် မတော်တဆ သေကျေပျက်စီးရတာတွေ ရှိတယ်၊ တို့ ရင်ဆိုင်ကြရတာ ဘယ်လိုလူတွေလဲဆိုတာ ပြန်တွက်ကြည့်ပါဦး၊ ရန်သူက လက်မရွံ့ တုံ့ပြန်လာရင် ငါတို့လည်း ရှုံ့တွန့်နေလို့ မဖြစ်ဘူးလေ၊ ရန်သူရှေ့မှာ အဲဒီလိုဖြစ်သွားတော့ မင်း ဒဏ်ရာရခဲ့တာ နှစ်ခါ၊ ဦးစီးမှူးက အဲဒါကို ထောက်ပြတာပါ၊ ထင်သလို ပုံဖော်လှုပ်ရှားနိုင်နေတဲ့ မင်းရဲ့စွမ်းရည်တွေမှာ ကွန်ပျူတာဗိုင်းရပ်စ်ဝင်သလို ဖြစ်သွားမှာ ငါတို့လည်း စိုးရိမ်တာပဲ၊ အဲဒါက ဆွဲထုတ်ပစ်လို့ မရ၊ ကိုင်ပေါက်လို့လည်း မဖြစ်နိုင် .."

ဦးဇော်အောင် ဘယ်လိုပြောပြော ဦးစီး က ခေါင်းခါ၍ ကားထဲ ဝင်၏။ နောက်ထပ် ဘယ်လိုပြဿနာတွေပဲ ရှင်းရပါစေ ဒီအလုပ်ကို သူ စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီးမို့ ထပ်ပြီး မတွေ့စေချင် ..။

စိတ်ပျက်လို့ မဟုတ်ပါ၊ နာကျင်ဖွယ်အကြောင်းအရာတွေ တိုက်ဆိုင်လာခဲ့ခြင်းမှာ သူ့စိတ်တွေ မကြည်လင်တော့တာ ဖြစ်သည်။

ပထမဆုံး နောက်ကျိစေခဲ့တာက လွင် သေဆုံးခဲ့ခြင်း ..၊ နောက်





သံက "ငါ့သားရော .. ငါ့သား မလာဘူးလား၊ ငါ့ဆီကို ငါ့သား တစ်ယောက်ပဲ လာတာ"လို့ ကတုန်ကယင်မေးလိုက်သည့် မိဘရင်ထဲက တမ်းတသံ တစ်ချက် ..။

ထိုအသံသည် ငမန်း ရဲ့အဖေ ဦးဘတိုး ဆီ သူရောက်သွားစဉ် ခြင်မစမ်း ပူပန်မှုများနှင့် မေးမြန်းသံ ဖြစ်၏။

ထိုစကားသံတွေကို သူ ဖျောက်လို့မလွယ်ဘဲ ဖြစ်နေသည်။

"ငါ့သားက မိဘကို ရှာဖွေကျွေးနေတာ၊ သားလိမ္မာပါ၊ သူ ဘာမှ ဖြစ်နိုင်ဘူး၊ ငါ သိတယ်၊ လူစိမ်းမလာဘူးလို့ ငါ စိတ်ပူသွားတာ"လို့ သံပြောတော့ ရင်နင့်ခဲ့ရသည်။

နောက်ထပ်တစ်ချက်ကတော့ သူ့ဘဝအတွက် အဓိကအကျဆုံး သူတစ်မျက်နှာသာ တစ်ဘဝဖြစ်ခဲ့ပြီဖြစ်သည့် သားလေး ..၊ သားလေး ခ်လကျော် သုံးလထဲ ရောက်နေပြီ။ သူ တစ်ခေါက်မှ မပြန်ဖြစ်ခဲ့ပါ။ ဒီတိုင်း ရှေ့ဆက်နေခဲ့လျှင် တာဝန်ဝတ္တရားတွေနဲ့ သူ့ရင်ခွင်ထဲမှာ သားကို ဘယ်တော့မှ ပွေ့ပိုက်ထိန်းကျောင်းခွင့်ရမှာ မဟုတ်..။

သူ့အမေ ရှိနေတာဆို ဒီအတွေးတွေ ဖြစ်ချင်မှဖြစ်မိမှာပေမယ့် ဆို သားလေးက ကိုယ့်ကိုမှန်းနေသည့် မိန်းမတစ်ယောက်လက်ထဲ မှာ..၊ သူ့စိတ်တွေ လေးလံနေကာ ကားကို ကိုင်းတော်တွေရဲ့အစပ်မှာ ရပ်ပစ်လိုက်မိသည်။ ပြီးတော့ ...

ကူရှင်မှာ မျက်နှာမှော့ထားရင်း ပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်ခြင်း မှာ အာရုံတွေကို နှစ်ထားမိ၏။

သူ ငယ်ငယ်ကတည်းက တိုက်ခိုက်စွန့်စားတာတွေကို ဝါသနာ ပါခဲ့သည်။ အဖေ့ဘက်က ဦးလေးကလည်း အားပေးအားမြှောက် ခဲ့တော့ မိဘတွေက သဘောမကျတာသိရက်နှင့် ဒီအလုပ်ကိုပဲ လုပ် ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဗွန့်စားမှုတိုင်းမှာ အမြဲတမ်း အောင်မြင်နေခဲ့သမျှ အခက်အ... ဆိုတာ သူ့အတွက်က ပျော်စရာတွေသာ ..။

လွင် နဲ့ လက်ထပ်ဖို့ လူကြီးတွေ စီစဉ်ကြတာတောင် ဦးစီးမှု... ဆရာတချို့က တားမြစ်ကြသေးသည်။ သူ့ဘက်မှာကျတော့ ဒီအလု... ကိုလုပ်ခဲ့တာတောင် မိဘက သဘောကျခဲ့တာ မဟုတ်တော့ အလု... ကြောင့် အိမ်ထောင်မပြုချင်သေးပါဘူးလို့ ငြင်းဖို့က တော်တော်ခ... သည်။

ထို့ကြောင့် ဝတ္တရားဆန်ဆန် ပြုခဲ့သည့် အိမ်ထောင်ရေးနှင့် နှလုံး... သားအလိုဆန္ဒတွေ နွေးထွေးခွင့်မရနိုင်သည့် အလုပ်တာဝန်တွေ... ကြားမှာ လင်နဲ့မယားရဲ့အဖြစ်က သဏ္ဍာန်သာရှိပြီး သရုပ်မပေါ်ခဲ့ပေ...

သူ့ဘက်က ချို့ယွင်းချက်တွေ အများကြီး ဖြစ်ခဲ့သည်။ ဒါပေ... ဟာ လွင် သေဆုံးသွားခဲ့လို့ ရလာသည့်အတွေးတွေ မဟုတ်ဘူးဆိုတာ... သူ့ကိုယ်သူ သိနေသည်။

တိုက်ဆိုင် ကြုံကြိုက်လာသည့် စိတ်ရှုပ်ထွေးစရာ အခြေအနေ... အကြောင်းကြောင်းတွေကြောင့် ဘယ်သူတားတား နောက်မဆုတ်... သည့် သူ့စိတ်ကိုယ်တိုင်က တွေဝေ ညှို့ဆက်ခဲ့တာဖြစ်သည်။

ခုလည်း သူ အလုပ်က နုတ်ထွက်လိုက်သည့်အတွက် နောက်မှာ... ရှင်းရမှာတွေ တသီတတန်းကြီးပင်။ ဘာတွေရှိရှိ စိတ်က ဒါဆိုရင်... ဟိုဟာကို မကူးချင်တော့ပေ..။

သူ့ဘဝ၊ သူ့အသိတွေထဲမှာ ယမ်းငွေ့တွေကို ဖယ်ရှား ဖျောက်... ဖျက်ပစ်ဖို့ ဆုံးဖြတ်ပြီးသည့်နောက် ..၊





## အခန်း [ ၈ ]

ကလေးငိုသံ ရူးရူးဝါးဝါး ထွက်လာတော့ အခန်းဝမှာ ခြေစုံရပ် လိုက်မိရင်း ဒီညှ ဟွန့်ခနဲ မဲ့သည်။ အထဲမှာ ကလေးအတွက် နို့ဘူး ဖျော်နေရင်း ဓမ္မမေနဲ့ ဦးစီး အလုပ်ရှုပ် ဆူညံနေကြတာကို လှမ်းမကြည့်ရဘဲ မြင်နေမိ၏။

ကလေးအတွက် 'နွေးထွေးချင်တယ်'တဲ့။

ပြန်လာပြီး ကလေးကိုထိန်းတာ ဘယ်တုန်းကများ အဆင်ပြေလို့လဲ ..၊ ကလေးက သူ့လက်ပေါ်ရောက်တာနဲ့ ငိုသည်။ တစ်ယောက်ယောက်က လက်ပြောင်းချီလိုက်တာနှင့် အငိုတိတ်၏။

ကလေးက မေမေနဲ့ ဒီညှ တို့လက်ပေါ်မှာ ပျော်တတ်နေကာမှ 'ငါ ဖအေပဲ'ဆိုပြီး လက်မထောင်ဝင်လာတာ ..၊

ဒီညှ မကျေနပ်ပါ။ ဦးစီး ရောက်လာကာမှ အချိန်ပြည့် သူ့... လက်ပေါ်မှာ ရှိနေခဲ့သည့် ကလေးက အခု သူ့လက်ထဲမှာပဲ ငြိမ်နေသည်။

www.burmeseclassic.com



သူ ချီပွေ့မထားရင်လည်း သူ့ရှေ့မှာ သွားမခေါ်ချင်တာနှင့် ကလေးနဲ့ သူမ ဝေးကွာနေခဲ့၏။

"ဟော .. သမီးက ဒီမှာလား .."

အခန်းရှေ့မှာ ဒေါ်သတွေ မချီမဆဲ့ အံကြိတ်နေရတုန်း မေမေက ကလေးချီပြီး ထွက်လာသည်။

"ဒီမှာ ကြည့်ပါဦး .. မြေးလေး ငိုလိုက်တာ နှပ်တွေဘာတွေ တောင် ထွက်ကုန်ပြီ၊ တစ်လှည့် ချော့ကြည့်ပါဦး သမီးရယ် .. ဖအေ လည်း စိတ်ညစ်နေရှာပြီ"

"ဟွန်း .."

ကလေးကို တယုတယ ပွေ့ချီလိုက်ပေမယ့် အထဲကနေ လှမ်း ကြည့်နေသည့် မျက်နှာကိုတော့ တည့်တည့်ကြည့်ပြီး မဲ့ပစ်လိုက်သေး သည်။ ပြီးတော့ ...

"ကလေးက သိနေလို့ နေမှာပေါ့၊ ဝတ္တရားတွေ ဖြန့်ခင်းပြီး ဟန်ဆောင်ပန်ဆောင်လုပ်နေတာတွေကို .."

"သမီးရယ် .."

"တိရစ္ဆာန်တွေတောင် ရန်သူနဲ့ မိတ်ဆွေရဲ့အနံ့ကို သိကြသေး တာ၊ ကလေးက သူ့အပေါ် မေတ္တာမပါမှန်း ခံစားမိနေမှာ"

"ကဲ .. လာစမ်းပါအေ၊ ကြားသွားမှဖြင့်"

ဒီညဲ ကို ဒေါ်ဖြူဖြူ တွန်းထိုးခေါ်လာခဲ့ရင်း စိတ်တွေလည်း ညစ်မိကာ ...

"ဒီအလုပ် မလုပ်ဖို့ကို မိဘပြောတာတောင် နားထောင်ခဲ့တာ မဟုတ်ဘူး သိလား၊ အခု သူ့သားအတွက် သူ ဆုံးဖြတ်ခဲ့တာ၊ ညည်း ဘာဖြစ်လို့ တစ်ခုတလေမှ အကောင်းမမြင်ရတာလဲ သမီးရယ် .. ငါတော့ စိတ်ညစ်ပါတယ်အေ .."





"သူ ရောက်လာကာမှ သားလေးကို သမီး မချီရတော့ဘူး မေမေ ရဲ့ .. အဲဒါ ဘာဖြစ်လို့ ပြန်လာတာလဲ၊ ဒီမှာပဲ ကလေးကို စိတ်မချ သလိုလို ဘာလိုလို .."

"ဒီလို မဟုတ်ပါဘူးအေ၊ သူလည်း ဖအေပဲ ကလေးက ဖအေ မှန်းမသိ၊ ဘာမှန်းမသိ ဖြစ်သွားမှာ စိုးရိမ်မှာပေါ့၊ ပြီးတော့ သူ ပြော တယ်၊ သူ့အလုပ်ကို စွန့်လွှတ်ဖို့လည်း ဆုံးဖြတ်ထားတာပါတဲ့"

"ဟွန်း .. အဲဒီဆုံးဖြတ်ချက်က မမ ရှိနေတုန်းက ဖြစ်ပါလား"

"ဘယ်အချိန်ပဲဖြစ်ဖြစ် ဒါ ကောင်းတာပဲ သမီး၊ သမီးကြီးလွင် ခုလို ဖြစ်သွားမယ်ဆိုတာ ဘယ်သူမှ ထင်မှတ်မထားခဲ့ဘူး၊ ဒါပေမယ့် ဖြစ်သွားခဲ့တယ်၊ သူ စိတ်ပြောင်းလဲသွားတာလည်း ဇနီးအပေါ်မှာ မဖြစ်ခဲ့ပေမယ့် သူ့ရင်သွေးအတွက် .."

"အဲဒါကိုက သဘာဝမကျတာ"

အစ်မဖြစ်သူအတွက် အခဲမကျေနိုင်သည့်စိတ်က ကောင်းတာ တွေ ဘာဖြစ်ဖြစ် ကောင်းတယ်လို့ မြင်မပေးချင် ..။

"သားလေး .. ဖိုးသားလေးရယ် .. နှပ်တွေဘာတွေကျလို့ ကလေးလေး ကြည့်ပါဦး၊ တီည လက်ထဲမှာဆို ဒီလို မငိုခဲ့ရဘူးနော်"

ကလေးကို နှပ်တွေသုတ်ပေး၊ ကျောလေးသပ် ခေါင်းလေးပွတ် နှင့် ချော့နေတာတောင် ဒီညဲ တို့ သူများအတင်းလေး ဝါချင်ချင်..။

ဒေါ်ဖြူဖြူ နို့ဘူးကိုင်ထားရင်း သက်ပြင်းချလိုက်မိ၏။

"ရော့ .. ဒီမှာ နို့ဘူး ပေးတိုက်လိုက်ဦး၊ မေမေ သူ့ပုခက်ပေါ်မှာ ရှုပ်ရှုပ်ပန်းထားတဲ့ ဘောင်းဘီလေးတွေ သွားသိမ်းလိုက်ဦးမယ်"

သားအမိနှစ်ယောက် နို့ဘူး ပေးယူနေစဉ် ရှိုးကေ့စ်ပေါ်မှ ဒီညဲ ရဲ့ဖုန်းလေးက ဖျတ်ခနဲ လင်း၍ သီချင်းသံ့လေးတွေ ပေါ်လာသည်။

"ကဲ .. ကဲ .. ဖုန်းကိုင်မှာမို့လား၊ ကလေး ပေး .."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မေမေကလည်း .."

ဒီညှ ဖုန်းနားထောင်တော့ ကလေးက ဖုန်းကို လိုက်ဆွဲနေသဖြင့် စကားပြောရသည့်အဖြစ်ကို တော်တော်နဲ့ မရောက်..။

"ဖိုးသားလေး မဆွဲရဘူးလေ .. တီညှ ဆံပင်တွေ ပါကုန်ပြီ၊ ဟား!... သားလေး လွှတ်ဦး .."

တူဝရီးနှစ်ယောက် ဖြစ်နေတာတွေကို ကြည့်ကာ ဒေါ်ဖြူဖြူ အနားမှာရပ်နေရင်း ရယ်နေမိ၏။

"ဟလို .. အင်း .. ဟား .. ဟဲ!... ဘာမှမဟုတ်ဘူး၊ ဒီမှာ ကလေး ဆော့နေလို့ .. အင်း လာခဲ့မယ်လေ .. သားကကွာ၊ အဟွန်း.. ဟွန်း .. အင်းပါ .. လာပါမယ်ဆို ဒါပဲနော်"

ကလေးကို ချစ်စနိုးပြောနေရတာတွေရော ပြန်ဖြေတာတွေပါ ဖုန်းထဲမှာ လုံးထွေးရှုပ်ပွနေမှာ သေချာသည်။

ခုလောက်ဆို ဖွဲ့ ဒေါကန်နေပြီကိုလည်း သိလိုက်၏။ မတတ်နိုင်ပါ။ အနားမှာ မေမေလည်း ရှိနေသည်။ ကလေးကြောင့် ဖြောင့်ဖြောင့် ပြောလို့လည်း ရမှာ မဟုတ်..။

ဘာမှမပြောဖြစ်လိုက်ဘဲ ဖုန်းချလိုက်ရသည့်အကြောင်း နောက်မှပဲ ..။





## အခန်း [၉]

အသားဖြူဖြူ အရပ်ရှည်ရှည်နှင့် အနည်းငယ် ပိန်သလိုရှိပေမယ့် ...က ခုခေတ် လူငယ်စတိုင်၊ ခပ်ဖြောင့်ဖြောင့်ပဲ ဖြစ်သည်။

မော်ဒယ်စိမ်းရောင် စပို့ရှပ်လက်ရှည်ကျပ်ကျပ်ကို ဝတ်ထားကာ ...င်းဘီရှည်က အနက်ရောင် ..၊ ဆံပင်က လှိုင်းတွန့် သိသာစွာ ...င်လျက် မတိုမရှည် ဖြစ်သည်။ ဦးစီး ကားပေါ်ကနေ မြင်နေရသည့် ...ယ်ရဲ့ပုံစံကို အသေးစိတ် ကြည့်ထားလိုက်သည်။

ဦးဘတိုး ဆီကို သူလာတာ သုံးခေါက်ရှိပြီဖြစ်ကာ ဒုတိယ ...ါက်တုန်းက ဒီလူရွယ်ကို သူ ကားပေါ်ပြန်ရောက်ပြီးကာမှ အထဲ ...သွားတာကို မြင်သည်။

အခု သုံးခေါက်မြောက်မှာ သူ မဝင်ရသေးပါ..၊ လူအိုရုံဟု သတ် ...်ထားသော လုံးချင်းတိုက်ပြားလေးရဲ့ရှေ့မှာ အစောင့်နှင့် စကားရပ် ...နေတာတွေ့လို့ ခဏ စောင့်နေလိုက်မိသည်။

တံခါးစောင့်က သူ့ကိုတော့ စစ်လားဆေးလားနှင့် မကြည့်လင်ခဲ့ ...ဒီလူကိုတော့ ပျာပျာသလဲ ကြိုဆိုပြောဆိုနေတာ ဒီတိုင်း မြင်ရ ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြောက်လက်မလောက် ပတ်လည်ရှိသည့် ကတ္တူဘူး တစ်ဘူးနဲ့ ရှုံ့အိတ်တစ်လုံးကို အစောင့်က ပေးသည်။

ပြန်ခါနီးတော့ အထဲခဏဝင်သွားကာ ပြန်ထွက်လာတော့ ဦးဘတိုး ကိုတွဲ၍ တံခါးဝမှာ ခဏရပ်ပြီး စကားပြောနေသည်။

ဦးဘတိုး ကလည်း တော်တော်ကြီး နားစိုက်ထောင်နေရပုံနှင့် ခေါင်းကြီးပါ ငိုက်စိုက်ကျနေ၏။ ထိုပြင် မမြင်မစမ်း လက်ကမ်းတော့ ထိုလူရွယ်က ဆုပ်ကိုင်ပြီး အားပေးနှုတ်သိမ့်နေတာမျိုး...။

ဦးစီး သက်ပြင်းချလိုက်မိသည်။

နောက်ပြန်ဆုတ်ဖို့ ခြေလှမ်းပြင်ကာမှ နောက်ဆုတ်မိသည့် ခြေ တစ်ဖက်က ဆူးချုံနင်းမိလိုက်တာမျိုး ...၊

အာရုံခံစားနိုင်စွမ်းသည့် အသိစိတ်ထဲမှာ ဒါဟာ လျှို့ဝှက်သော လှုပ်ရှားမှုတစ်ခုမှန်း သိလိုက်ခြင်းနှင့်အတူ ထိုအခြင်းအရာနှင့် ဆက် စပ်၍ ...

သူ့ကားထဲမှာ မစွန့်လွှတ်ဖြစ်သေးသည့် ရေဒီယိုဖုန်းကို လှမ်းဖွင့် လိုက်ပြီး ...

"တောင်ပံတစ်မှာ အစပျောက်သွားတဲ့ NMP2 ကို ခြေရာတွေ့ တယ်၊ စခန်းသုံးကို ချိတ်၊ ချက်ချင်းအကြောင်းပြန် .. ဒါပဲ"

ဖုန်းချ၍ ကားကို ထွက်သွားသည့်ကားနောက်ကနေ ခြေရာ မထင် လိုက်နည်းအတိုင်း ကပ်လိုက်ခဲ့သည်။

သူ ဒီနေ့ ဦးဘတိုး ဆီသွားဖို့ အစီအစဉ် ပျက်လေသည်။





## အခန်း [ ၁၀ ]

"ဖွဲ့ ကလည်းကွာ .. ဖွတ်ပဲ"

အတင်းအကျပ် သိမ်းပွေ့ချင်နေသည့်လက်တွေကို ဖယ်ပစ်လိုက် ရင်း ထိကပ်လုလု ဖြစ်လာသည့် မျက်နှာကိုလည်း ရှောင်တိမ်းနေရ သည်။

"ပတ်ဝန်းကျင်မှာ လူတွေ သွားလာနေတာကို"

"ဘာဖြစ်လဲ ညလေး ရာ .. ဒီနားမှာ အတွဲတွေချည်းပဲ၊ သွားလာ နေတဲ့လူတွေလည်း ဒါမျိုးတွေကို ဝါသနာပါတဲ့လူတွေပါ"

ဖွဲ့ က လက်မလျှော့ဘဲ ဒီည ပခုံးလေးကို သူ့ရင်ဘတ်ထဲ တိမ်းပါ လာအောင် ဆွဲကပ်လိုက်၏။

"ချစ်သူနဲ့တွေ့နေကာမှ ကိုယ့်မှာ နမ်းခွင့်လေးတောင် မရှိဘူး လား"

ညလေး က သူ့မျက်နှာနဲ့ ကိုယ့်ရဲ့ပါးပြင်ကြားမှာ လက်ခံထားနဲ့ ကာထားရင်း ရှက်နေသည့် မျက်နှာလေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"နမ်းပြီးပြီးဥစ္စာ ဖွဲ့ ကလည်း .. ဟိုဟာဒီဟာတွေ မပါပါနဲ့၊ ဒီညု ရှက်တယ်"

"ဘာ ဟိုဟာဒီဟာလဲ .. မင်းမျက်နှာလေးကို ကိုယ် ခဏလေးတောင် ယစ်မူးလို့ မရဘူးလား"

ဒီညု ခေါင်းခါပစ်လိုက်သည်။ ပြီးတော့ ဘေးကို မသိမသာ တိုးထိုင်လိုက်ကာ ...

"တို့ထင်တာတော့ ချစ်သူအဆင့်မှာ နဖူးလေး ပါးလေးတွေမှာပဲ မြတ်နိုးကြတာ ကောင်းပါတယ်၊ ဒီ့ထက် တစ်ဆင့် နမ်းတယ်ဆိုတာ ရမ္မက်ဆန်သွားသလိုပဲ၊ အဲဒါကို ချစ်တာလို့လည်း မထင်ဘူး"

"ဟာ!..."

ဖွဲ့ က သူ့ကူရှင်မှာပဲ ပက်ခနဲ ပြန်မှီချလိုက်ကာ ဆံပင်တွေကို စိတ်ပျက်လက်ပျက် ဆွဲလှဲဖွပစ်၏။

"ချစ်တာကိုလည်း ချစ်တာလို့ မမြင်ဘူးကွာ .. ညလေး တကယ်ပဲ၊ ကိုယ်တို့ တစ်ခါတစ်ခါတွေ့ဖို့ အကြာကြီးနေမှ အခွင့်အရေးရတာ၊ မင်းကို လွမ်းနေတာတွေ ကိုယ့်ကို ဖြေဖျောက်ခွင့်မပေးတော့ဘူးလား"

"ဒါပဲ လှည့်ပတ်ပြောနေတာပဲ ဖွဲ့ ရာ .. နှုတ်ခမ်းတွေနမ်းတာ ဒီညု ရှက်တယ် .. အဲဒါပဲ၊ ဘာခွင့်ညာခွင့်တွေ မသိဘူး"

ချစ်သူနှစ်ယောက်ကြားမှာ ခဏတော့ တိတ်ကျသွား၏။ ဖွဲ့ သည် လူငယ်ဖြစ်ပေမယ့် ကိုယ်တိုင် စီးပွားရှာနိုင်သူ၊ ရုပ်ရှိရေလျှံစသော အရည်အချင်းများနှင့် ချစ်လိုခင်လိုသူတွေ ဝိုင်းဝိုင်းလည်နေတာ ဖြစ်သည်။

ချစ်လို့တွဲခဲ့တာတွေရှိသလို ပျော်ခဲ့ပျက်ခဲ့တာတွေလည်း ဒုနဲ့ဒေး။ ဒီညု ကိုမှ စွဲစွဲလမ်းလမ်း တွဲနေခဲ့မိတာ ဝဋ်ကြွေးလား ...။

ဒါပေမယ့် သူ့မှာလည်း မာန ရှိသည်။ မိုးလောက်မြင့်ထားလို့





ထည့် မာနတွေကို သူမအတွက် နှိမ့်ချထားခဲ့တယ်ဆိုတာ မသိတတ်ခင်တောင်မှ ...

"ကဲ .. ဒီဘက်ကိုတော့ လှည့်နေပါ၊ မင်းကို နမ်းဖို့ မကြိုးစားတော့ဘူး"

ဒီညု က အပြစ်ရှိသူလို မျက်နှာလေးနှင့် လှည့်လာပြီး သူ ကြည့်နေတာကိုမြင်မှ မချိုမချဉ်ပြုံးကာ ...

"ဖွဲ့ ကို ဒီညု ချစ်ပါတယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့် မနေပါနဲ့ .. မကြားချင်တော့ဘူး၊ အခု ကိုယ်တို့ သွားနေးရမှာက လက်ထပ်ဖို့ .."

"လက်ထပ်မယ် .."

"ဟုတ်တယ်လေ .. ချစ်ခဲ့ကြတာ လက်ထပ်ဖို့ထိ ရည်ရွယ်ခဲ့ကြတာပဲ"

ဖွဲ့ က သိပြီးသားပါ၊ ဒီညု ခေါင်းညိတ်မှာ မဟုတ်တာရော .. အကြောင်းဆိုတာရော ...၊

ထို့ကြောင့် မှုန်ကုတ်ကုတ် ရှုးစိုက်ကြည့်ရင်း အဖြေကို စောင့်နေ၏။

"မမ ဆုံးသွားတာ နှစ်တောင် မကူးသေးဘူး ဖွဲ့ ရယ် .. မေမေ့မှာ သမီးတစ်ယောက် လျော့သွားတယ်ဆိုပြီး စိတ်ဓာတ်ကျနေတာ၊ ပြီးတော့ ကလေးက ငယ်သေးတယ်၊ မေမေနဲ့ ..."

"သိတယ် .. မင်း အဲဒါတွေ ပြောတော့မှာကို၊ အခု သူ့အဖေ ပြန်ရောက်နေပြီဆို .. အလုပ်က ထွက်ပြီးပြီဆို .."

-"ဒါပေမယ့် ကလေးက သူ့ကို မခင်ဘူး၊ သူ့လက်ပေါ်မှာ လုံးဝ မနေဘူး"

"ဟွန့် .."



www.burmeseclassic.com

www.burmeseclassic.com



ဘေးက ကားတံခါးကို ခြေနဲ့ရော လက်နဲ့ရော ကန်ဖွင့်ပစ်လိုက်ပြီး ဖွဲ့ က နှုတ်ခမ်းတွေကို ရှုပ်ဆိုးအောင် မဲ့သည်။

"ဒီလူ အလုပ်ထွက်ပစ်လိုက်တာကိုက အဲဒီလို ကြောင်သူတော်လုပ်ဖို့ပဲ၊ မင်းတို့ မသိကြတာ အံ့သြစရာပဲ ညလေး"

ဒီညှ မျက်မှောင်ကုတ်သွားသည်။ သူမ ဦးစီး ကို ကြည့်မရပေမယ့် ဒီလိုလူ ဖြစ်မယ်လို့တော့ တစ်ခါမှ မတွေးခဲ့ဘူးပေ..၊

အဲဒါ ဘာကြောင့်မှန်းတော့ မသိ ..။

ဖွဲ့ ဒီလို ရိုင်းရိုင်းပြောတတ်တာကို နားလည်နေပေမယ့်လည်း ဒီစကားကြောင့် စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားတာလည်း အမှန်ပင်..။

ဖွဲ့ က ဒီညှ ကို မျက်နှာစောင်းငဲ့ကြည့်၍ မဲ့လက်စမျက်နှာနှင့်...

"ကိုယ်က အဲဒီလို သိနေတော့ မင်း ငြင်းတာကို နားလည်ပေးလို့မရဘူး ညလေး၊ မင်း တကယ် ဒီလူ ခြေလှမ်းစလာတာကို မသိခဲ့လို့ အခု တွေးမိသွားပြီဆိုရင် လက်ထပ်ဖို့ မြန်မြန် ဆုံးဖြတ်ပါ၊ သူ့လို မိဘမဲ့ ကလေးအဖေ တစ်ခုလပ်၊ လခစားအဆင့်လောက်ကို ပတ်ဝန်းကျင်က မင်းနဲ့ သို့လော်သို့လောတွေ ထင်လာရင်း မင်းပဲ နစ်နာမှာ"

ဦးစီး ကို ဝေဖန်ပစ်လိုက်တာ ရစရာမရှိတော့ပေ..။ ဒီညှ ကိုယ့်ချစ်သူကို မထင်မှတ်ခဲ့သည့်အကြည့်တွေနှင့် ငေးကြည့်နေမိသည်။

"ဒါမှမဟုတ် မင်းအမေနဲ့ အဖေ သူ့ကို ကြံဖန် အမှတ်ပေးပြီး ကိုယ့်သမီး အပျိုလေးနဲ့ ကွက်လပ်ဖြည့်ဖို့ စဉ်းစားနေကြပြီဆိုရင်လည်း ကြိုက်တဲ့အဆင့်ထိ ပြော၊ မင်းကို လက်ထပ်ဖို့အတွက် စိန်ရွှေရတနာပစ္စည်း ဘာဖြစ်ဖြစ် ကိုယ် ပုံအောပေးနိုင်တယ်"

"တော်ပြီလား ဖွဲ့ .. ချမ်းသာတာတွေရှိသေးရင် ပြောပါဦး"

ဒီညှ တင်းသွားပြီမှန်း သိပေမယ့် ဖွဲ့ ကလည်း မဲ့ထားသည့်မျက်နှာကို တစ်စက်လေးမှ မလျှော့ ..။





"ရှိခဲ့ဖူးတဲ့ ဥပမာတွေကို မင်း မေ့နေမှာစိုးလို့ပါ၊ နောက်ပြီး မင်းရဲ့စိတ်က ကိုယ့်ဘက်မှာ လုံးလုံးလျားလျားရှိနေခဲ့တာ မဟုတ်ဘူး"

"ဖွဲ့ နောက်တစ်မျိုး ပြောပြန်ပြီနော်၊ နားထောင်ကောင်းလို့ ဆောင်နေတာ မဟုတ်ဘူး"

"ကိုယ်နဲ့ ဖုန်းပြောတိုင်း မင်း ဘာတွေ အာရုံများနေတယ်ဆိုတာ မင်းဟာမင်း သိပါတယ် ညလေး ရယ် .. ကိုယ်တို့က သုံးနှစ်သုံးမိုး၊ ဆယ်နှစ်ဆယ်မိုး အကြောင်းသိ မာတ်သိတွေ လက်တွဲခဲ့ကြတာ မဟုတ်ဘူး၊ အဲဒီလိုလူတိုင်းလည်း ပေါင်းကြရတာ မဟုတ်ဘူးလေ၊ ကိုယ့်ဘက်က ဘယ်လောက်ထိ နားလည်ပေးရဦးမှာလဲ၊ ရှင်းရှင်းပြောရင် ကိုယ့်ဘက်မှာ ချစ်သူတစ်ယောက်ကို မရမနေ ကြိုးစား ဆုပ်ဆွဲထားရဖို့ထိတော့ မဖြစ်သေးဘူး ညလေး၊ ဒါပေမယ့် မင်းကို ကိုယ်တကယ်ချစ်မိခဲ့တာ၊ မင်းနဲ့ပတ်သက်ကာမှ ကိုယ့်ကိုယ်ကိုယ် နားလည်နိုင်လောက်အောင် သည်းခံနေခဲ့မိတာလည်း ကိုယ့်အချစ်တွေပဲ"

ဒီညှ က မရယ်ချင်ဘဲ ရယ်လိုက်သည့်မျက်နှာလေးနှင့် လှည့်ကြည့်သည်။ ပြုံးနေရင်း နှုတ်ခမ်းလေးမှာ နာကျင်ရိပ်တွေ ဖြစ်လာခဲ့ပြီး ...

"ဟုတ်ပါတယ် .. မိန်းကလေးတွေအပေါ်မှာ အရည်အချင်းကောင်းများစွာနဲ့ ဖွဲ့ ဘယ်လောက်ထိ လွှမ်းမိုးနိုင်သလဲဆိုတာ ဒီညှ သိပါတယ်၊ ဒီထဲမှာ ဒီညှ က တော်သင့်ကောင်းမွန်သူအဖြစ် ရွေးချယ်ခံရတာပေါ့၊ ဒါလည်း ဒီညှ ကို ပိုချစ်တယ်ဆိုတာ မှန်တာပဲ"

"မမှန်ဘူးလို့ ပြောချင်တာက ဘာလဲ .."

"အချစ်မှာ သည်းခံလိုက်လျှောမှုတွေ၊ ညှိနှိုင်းမှုတွေ၊ ညီညွတ်မျှတခြင်းတွေ ရှိတယ်၊ အစက ဖွဲ့ ဘယ်လိုလူလဲဆိုတာ ဒီညှ မသိပေမယ့် ဒီညှ ကျေနပ် သည်းခံနေခဲ့တယ်ဆိုတာကတော့ မမှန်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်သည့် မျက်ဝန်းတွေ၏ဆုံမှတ်က အချစ်နဲ့ ပဋိပက္ခတွေ
ရောထွေးနေကာ အနီ၊ အဝါ မျဉ်းကျားတွေ ဖြစ်ပေါ်နေခဲ့၏။

"ဒီညဘက်က ဖွဲ့ အပေါ် ဂရုမစိုက်မိတာတွေ ရှိခဲ့တယ်ဆိုရင်
တောင် ဖွဲ့ ပြုံးပြုံးလေး ငြိမ်သက်ကျန်ခဲ့တယ်ဆိုတာ မရှိဘူး၊ ဒီည
ရဲ့မိဘ၊ ဒီည ချစ်နေတဲ့ ကလေး၊ နောက်ပြီး ဒီကလေးရဲ့အဖေနဲ့ ဒီည
ကို မယုံနိုင်တဲ့အကြောင်းတွေ .."

"မယုံတာ မဟုတ်ဘူး ညလေး .. အခြေအနေ အချိန်အခါဆ
တာ .."

"တို့ နားလည်ပြီ .. အဲဒီအခြေအနေတွေအကြောင်း ပြောရင်ရော
ငါ့ချစ်သူရဲ့မိဘတွေပါလားဆိုပြီး ဖွဲ့ အားနာပါးနာ လေးစားသမှုလေ
နဲ့ ပြောခဲ့ဘူးလား"

"ဒါကတော့ စိတ်ဆိုတာ .."

"ထိန်းရခက်ပါတယ်၊ အဲဒါကြောင့် ငါချည်းပဲ သည်းခံခဲ့ရတယ
ဆိုတဲ့စကား မပြောပါနဲ့"

ဒီည က တံခါးလှည့်ဖွင့်ပြီး ဆင်းလိုက်တော့ လှမ်းဆွဲမလိုပြင်ပြ
မှ မဆွဲဘဲ ဖွဲ့ က ဟိုဘက်က ဆင်းသည်။ ပြီးတော့မှ ကားရှေ့ကပတ်ပြ
ဒီည ဆီကို လျှောက်လာကာ ...

"ညလေး က ကိုယ့်ကို မကျေနပ်တာတွေ စုထားတာကိုး"

"မကျေနပ်ခဲ့တာ မရှိပါဘူး၊ တို့က ဖွဲ့ ကို နားလည်ထားပြီးသာ
ဒါပေမယ့် တစ်ဖက်ကောင်း စကားပြောပြီး ကိုယ်ရည်သွေးတာတော
မပြောနဲ့လေ၊ ဒီည ပုံစံ အထာမကျတာ ရှိနိုင်သလို ဖွဲ့ လည်း ပေါက်ကျ
ခဲ့တာချည်းပဲ၊ အားလုံးက မညီမျှတာ မရှိသေးပါဘူး"

ခဏ စိုက်ကြည့်နေပြီးမှ ဖွဲ့ က ပြုံးလိုက်ပြီး မျက်နှာ ငုံ့ပစ်၏
ဘောင်းဘီခါးစပ်နှစ်ဖက်မှာ လက်မနှစ်ဖက် ချိတ်ထားပြီး ခြေဦးထိ





တစ်ဖက်က အုတ်ခဲကျိုးသေးသေးတစ်ခုကို မြေကြီးထဲ နစ်သထက်နစ်
သွားအောင် ဖိသိပ်နင်းနေရင်း ...

"ဆောရီးပါ"

ပြောပြီးမှ မျက်နှာ ပြန်မော့လိုက်ကာ ...

"ကိုယ်ကတော့ ကိုယ်ချစ်လွန်းလို့ ပြောဆိုမိတာလို့ပဲ ထင်တာ
လေ၊ ညလေး အဲဒီလို ခံစားသွားနိုင်တာကို မတွေးမိဘူး"

ဒီည က လက်လေးပိုက်လိုက်ပြီး ကားမှာ ပခုံးစောင်းလေးနဲ့
မှီ၍ ဖွဲ့ မျက်နှာကို စေ့စေ့ကြည့်သည်။

တောင်းပန်နေတယ် ထင်ရပေမယ့် 'ငါ မမှားဘူး' ဆိုသည့်အငွေ့
တွေနဲ့ ဟစ်ကြွေးနေတာ ဖွဲ့ မျက်နှာမှာ ပေါ်နေသည်။

ဒါပေမယ့် ချစ်ရတဲ့သူဆိုတော့လည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၁ ]

ငုတ်တုတ်ထိုင်တတ်သည့်အရွယ်လေး ရောက်သည်နှင့် ထမင်းခွံ့တိုင်း၊ ရေချိုး သနပ်ခါးလိမ်းပေးသည့်အခါတိုင်း အရမ်းဆော့လွန်းလို့ ဆွဲလို့မနိုင် ...။

"သြော် .. လေးဖက်ပြေးဖို့ပဲ ချိန်နေတာပဲ၊ စားပွဲက ကျဉ်းကျဉ်းလေးရယ် .. ပြုတ်ကျသွားတော့မှာပဲ၊ ငြိမ်ငြိမ်နေလေ မြေးရဲ့ .."

"မေမေက သူ မှောက်နေတုန်း ကျောလေးဖိထားပေးလေ"

"မရပါဘူး သမီးရယ် .. ထိုင်လျက်လေးပဲ ရိုက်လိုက်ပါ"

"ရိုက်ပြီးသားကြီးကို မေမေက လုပ်ပြီ၊ သူ့မြေးကို မနိုင်တိုင်း .."

အပြင်က ပြန်လာတာနှင့် စကားသံတွေ ဆူညံနေတော့ တံခါးဝရောက်မှ သူ ခြေလှမ်းရပ်သွား၏။ သုံးပေခွဲအရှည်နှင့် အနံ နှစ်ပေရှိသည့် ကျွန်းစားပွဲပေါ်မှာ ဘောင်းဘီအနီရဲရဲ ဖင်ကျပ်လေးနှင့် အပေါ်အင်္ကျီမပါသည့် သားလေးက ချစ်စရာ ...၊

ဖွေးနုနီမြန်းနေသည့် ကိုယ်လုံးလေးက လက်ဆစ်ခြေဆစ်လေးတွေ မြုပ်နေအောင် ဝ,သည်။ ပါးဖောင်းဖောင်းလေးတွေထဲမှာ နီတွေးသည့်နှုတ်ခမ်းလေးတွေက ပုံချထားသည့်အတိုင်း ...၊





ပြီးတော့ မျက်လုံးဝိုင်းလေးတွေက ခိုးခိုးခစ်ခစ် ရယ်ပြီး ဆော့နေ ...တော့ မျက်တောင်ကော့နေတာလေးတွေပါ ပေါ်နေသေးသည်။

သားအမိနှစ်ယောက်က တစ်ယောက်က ဘေးမှာထိုင်၍ ကလေး ...ကိုင်ထားကာ တစ်ယောက်က ကင်မရာ တဖျတ်ဖျတ်နှင့် ...၊

မြင်ကွင်းက စိတ်ချမ်းမြေ့စရာလေးပါ။

ထို့ကြောင့် သူ အထဲကိုမဝင်ဖြစ်ဘဲ ရပ်ကြည့်နေမိ၏။ သို့သော်... သူ့ကို လှမ်းမြင်လိုက်တာနှင့် သား၏ ခိုးခိုးခစ်ခစ် ရယ်နေသံ ...း တိတ်ကျသွားသည်။ မျက်လုံးဝိုင်းလေးတွေ ပို၍ ပြူးကျယ် ငြိမ် ...က်သွားခဲ့ပြီး ဘေးမှာ ထိုင်နေသည့် ဘွားအေဖြစ်သူဘက်ကို လက် ...မ်းသည်။

ဒီညု နဲ့ ဒေါ်ဖြူဖြူ တို့ သတိထားမိသွားပြီး လှည့်ကြည့်လိုက်ကြ ... ...

"သြော် မြေးလေးရဲ့ဖေဖေလေ၊ ဟိုမှာကြည့်စမ်း .. မြေးဖေကြီး ... ကစားစရာတွေ ဝယ်လာတာ၊ ကြည့် .. ဟိုမှာကြည့် .."

ဒေါ်ဖြူဖြူ က သားအဖ မကြင်နာနိုင်ကြခြင်းအပေါ်မှာ ပြောင်း ...ယူနိုင်ဖို့ အမျိုးမျိုးသော နည်းများနှင့် ကြိုးစားနေသူ ဖြစ်သည်။

ကလေးက ဦးစီး ကိုင်လာသည့် ရထားတွဲကြီးနဲ့ လေယာဉ်ပျံရုပ် ...တွေကို မြင်သွားတော့ ဘွားအေကို ကမ်းထားသည့်လက်လေးတွေ ...ကျသွားသည်။

ကစားစရာတွေဆီမှာ အာရုံပြောင်းသွားပြီမှန်းသိကာ ဦးစီး က ...လေးနားကို ခပ်သွက်သွက် လျှောက်လာသည်။ ပြီးတော့ ကစား ...တွေကို ငုတ်တုတ်လေးထိုင်နေသည့် သားရှေ့မှာ တစ်ခုစီ ချလိုက် ...ဒီဘက်စားပွဲဘေးမှာ ခြေဖျားထောက်ထိုင်၍...

"သားသား .."



www.burmeseclassic.com

www.burmeseclassic.com



သားလေးရဲ့ ပါးဖောင်းဖောင်းလေးတစ်ဖက်ကို လက်ခုံနဲ့ ဖိကပ် ၍ အသည်းယားယားနှင့် အံကြိတ်ရင်း ...

"သားက ဖေကြီးကို ဘာဖြစ်လို့ စိမ်းနေတာလဲ၊ ဒီမှာ အရုပ်တွေ ဝယ်လာတယ်၊ ဖေကြီးကို မစိမ်းနဲ့တော့နော်"

စားပွဲပေါ်မှာ တံတောင်တစ်ဖက်ထောက်၍ လက်ဖျားက သားရဲ့ ခါးလေးကို ဖက်ထားလိုက်ကာ ...

"သနပ်ခါးရေကျဲလေးက မွှေးနေတာပဲကွာ၊ ဖေကြီး နမ်းကြည့် အောင်"

ဒေါ်ဖြူဖြူ ကလည်း ဟိုဘက်မှာ ထိုင်နေရင်း သားအဖကို ကြည့် ၍ ပြုံးနေ၏။ ဒါပေမယ့် ဦးစိုး ငုံ့နမ်းလိုက်သည်နှင့် သားရဲ့ လက်လေး တစ်ဖက်က သူ့လည်ပင်းကို ဖတ်ခနဲ ကုတ်ဆွဲလိုက်သလိုမျိုး...။

"ဟာ!..."

"ဟင်!... မြေး .. မြေး မလုပ်ရဘူး .. လွှတ်လိုက် .."

မချစ်ဘဲနဲ့ ချွဲနေတာလို့ တွေးပြီး အပြင်ကို ထွက်ခဲ့ပြီးမှ မေမေ့ အသံကြောင့် ဒီည ခြေလှမ်းတွေ ချက်ချင်း အခန်းထဲ ပြန်ရောက်၏။

ဟင်!...

ဒီည ကိုယ်တိုင် မျက်လုံးပြူးသွားကာ ရုတ်တရက် အံ့အားသင့် နေခဲ့မိသည်။

"သမီး လာ .. လာ .. ကလေး လက်ကို ဖြုတ်ပေးစမ်း၊ လာပါ မြန်မြန်လုပ်ပါ"

ဒေါ်ဖြူဖြူ ကယောင်ကတမ်းနှင့် ဟိုဘက်စွန်းကနေ မထိတထိ လှမ်းဆွဲ၍ အကူအညီတောင်းတော့သည်။ ပြီးမှ ဒီဘက်ကို ကူးလာ သတိရကာ နေရာမှ ကျူးထသည်။

"အား!..."





ဦးစိုး ထံမှ ညည်းသံသဲ့သဲ့သာ ထွက်လာပြီး ကလေးလက်ပေါ် ကနေ ထပ်အုပ်ကိုင်ထားသဖြင့်...

"ရှင့်လက်က ကလေးလက်ကို မဖြည်ဘဲနဲ့ ဘာလုပ်ထားတာလဲ၊ ဘယ်လေ .."

အမြင်မတော်တော့လည်း ကြည့်မရတာတွေ မကျေနပ်တာတွေ အားလုံးကို ခဏ မေ့သွားသည်။

ဦးစိုး လက်ကို သူမလက်နဲ့ တိုက်ချပစ်လိုက်ကာ လည်ပင်းကို အသေဆုပ်ထားသည့် ကလေးလက်လေးကို တစ်ချောင်းချင်း ဖြည်ချ ရ၏။

"ကြည့်စမ်း .. ဖိုးသား .."

ဒီလိုမြင်လိုက်ရတော့လည်း စိတ်ထဲမှာ မကောင်းပေ။

လက်သည်းရှည်မခံဘဲ အမြဲတမ်း သန့်ရှင်းသပ်ရပ်စွာထားသည့် လက်လေးက လည်ပင်းကို ကုတ်ဆွဲသလို ဆုပ်ကိုင်ထားခဲ့တာ သွေး တွေပါ ထွက်နေ၏။

"အမလေး သွေးတွေတောင် ထွက်နေပြီ၊ ဟဲ့ .. လုပ်ပါဦး .."

ဒေါ်ဖြူဖြူ ဟိုပြေးတော့မလို ဒီပြေးတော့မလိုနှင့် ပါးစပ်ကသာ အော်နေပြီး ဘာမှလည်း မလုပ်ဖြစ်...။

"ဘယ်လိုလုပ်လိုက်တာလဲ ဖိုးသားလေး .. ဟင်"

ကုတ်ဆွဲထားသည့် လက်လေးကို မယုံနိုင်စွာ လက်ချောင်းတွေ ပါ ဖြန့်ကြည့်မိသည်။

ကလေးက ဒီည လက်ထဲကနေ ဖအေကို ငုံ့ကြည့်နေဆဲဖြစ်ကာ မျက်ဝန်းလေးတွေက လက်တောက်နေ၏။

"ပေး .. ပေး .. မြေးကို၊ သားကို ဆေးထည့်ပေးလိုက်ပါဦး၊ ဘုရားပါပဲ ဘုရား .. ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူ ကလေးချီ၍ ကတုန်ကယင် ထွက်သွားသည်။

ဦးစီး က လည်ပင်းကို အုပ်ကိုင်ထားပြီး အပြင်ထွက်သွားလျှင်…

"ရှင်က ဘယ်ကိုလဲ .. ဆေးထည့်မှာ မဟုတ်ဘူးလား"

"ရတယ်"

ဒီညဆေးပုလင်းတွေရှိတဲ့ဆီ ခြေလှမ်းပြင်နေကာမှ ဦးစီး က အပြင်ထွက်သွား၏။ ကလေးနဲ့ ဦးစီး ဘာတွေ ဖြစ်နေတာလဲ ..။

ဒီည နေရာမှာပဲ ရပ်နေရင်း သွေးစီးကြောင်းဖြစ်တဲ့အထိ ကုတ်ဆွဲထားသည့်ဒဏ်ရာကိုပဲ မြင်ယောင်နေသည်။

မွေးလာကတည်းက အားလုံးနဲ့နေရင် အကောင်း၊ ဦးစီး ကိုမြင်တာနဲ့ ငိုသည်။ ဆွဲချီလိုက်တိုင်း ရုန်းကန် ကုတ်ဖဲ့၏။ ဆံပင်ကိုဆွဲထားမိရင်လည်း ဖြည်မချမချင်း မလွှတ်တတ်တာကို သတိရမိလာသည်။

"ဦးစီး ဘယ်ရောက်သွားလဲ"

ဒီည စဉ်းစားနေတုန်း ဒေါ်ဖြူဖြူ ပြန်ဝင်လာသည်။

"ကလေးကို စိုးစိုး နဲ့ ထားခဲ့တာလား မေမေ"

"ဟုတ်တယ် .. အပြင်ရောက်တာနဲ့ ကြည်ကြည်လင်လင် ပြန်ဖြစ်သွားတာပဲ၊ ဦးစီး လည်း သနားစရာ ကောင်းနေပါပြီကွယ်၊ သူ့ခမျာ သားကို ချစ်ရှာသား၊ ဘယ်ဘဝက ပဋိသန္ဓာန်ဆက်တွေလဲ မသိပါဘူး"

"သမီးစိတ်ထဲမှာ ထင်တဲ့အတိုင်းဆို ကလေးက ဦးစီး ကို မုန်းနေသလိုပဲ"

"ပေါက်ပေါက်ရှာရှာကွယ် .. ဒါ ဟုတ်တယ်ဆိုရင်လည်း ဒီလိုရှိလာခဲ့တဲ့ ပဋိသန္ဓာန်ဆက်ကြောင့်ပါ၊ တချို့ကလေးတွေဆိုရင် မွေးတဲ့မိဘကို မခင်တွယ်ဘဲ ထိန်းကျောင်းပေးတဲ့ ဆောအိမ်က လူတွေကိုပဲ သွားခင်နေတာတွေ ရှိတယ်"





"မေမေကလည်း ပဋိသန္ဓာန်ဆက်ဆိုရင်တောင် တော်တော်ကြောက်ဖို့ကောင်းနေပြီ၊ လက်သည်းလည်း မရှိဘဲနဲ့ လက်သည်းနဲ့ ကုတ်ထားသလို ပေါက်ပြဲသွားအောင် ဆုပ်ထားတာ"

"ကလေးလက်ဆိုတာ ငါးရှဉ့်ဆုပ်မိရင်တောင် မလွှတ်ဘူးတဲ့၊ ဆွဲမိဆွဲရာကို မြဲတတ်တယ်"

ကလေးမှာ အပြစ်မရှိစေချင်၍ တွင်တွင် ရှင်းပြနေရပေမယ့် လည်ဇလုတ်ပေါ် မကျူတကျူကို အသေ ဆုပ်ဆွဲထားသည့်မြင်ကွင်းက ဒေါ်ဖြူဖြူ ကိုယ်တိုင် ခုထိ လန့်နေတုန်း ..။

ဦးစီး ကတော့ ဒီလက်လေးကို ဖယ်မချဘဲ အံကြိတ် ညည်းနေခဲ့၏။ တကယ့် ဖိုက်တာကြီးတွေနဲ့တောင် တိုက်ခိုက် အနိုင်ယူနိုင်ခဲ့သူက ဒီလက်လေးတစ်ဖက် ဆုပ်ထားခံရတာကို ရုန်းမထွက်နိုင်ဘူးဆိုတာ မဖြစ်နိုင် ..။

ကလေးနဲ့ ဦးစီး အဖြစ်ကို တွေးနေရင်း သမီးကို သတိရလို့ ပြန်ကြည့်မိသည်။ ဒီည မျက်နှာပေါ်မှာ မှုန်ကုတ်ကုတ် မကြည်လင်တာတွေ ရှိမနေဘဲ ဒီအဖြစ်အပျက်ပေါ်မှာ စိတ်ဝင်တစား ဖြစ်နေတာတွေပဲ ရှိသည်။

ပြီးတော့ ကလေးကို ပြေးဆွဲနေစဉ် ပူပန်စိတ်လေးနှင့် ထိတ်လန့်ရှာများသွားခဲ့တာ စေတနာအရင်းခံလေးနဲ့ ဖြစ်နိုင်၏။

ဒီလိုပဲ ဖြစ်သင့်တာပါ။ ရန်သူတွေမှ မဟုတ်ကြဘဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

သူ့အလုပ်က ထွက်လိုက်တဲ့အထိ ကြိုးပမ်းပေမယ့် ကလေးက အကပ်မခံတော့ ညဘက်တိုင်းမှာ သားနဲ့အတူ ရှိနေခွင့် မရခဲ့ပါ။

ထို့ပြင် ကလေးထိန်းတတ်သည့်ပညာလည်း သူ့မှာ မတတ်သေး တော့ 'ဒီတိုင်းပဲ ရှိပါစေဦး'လို့ သဘောထားခဲ့တာ ဒီနေ့ထိ..။

'တစ်နေ့တော့ ဖြစ်လာမှာပါ'ဆိုတာ ဘယ်လို မျှော်လင့်ချက်တွေ အတွက် နှစ်သိမ့်နိုင်စွမ်းတဲ့စကားမှန်း သူ မသိ..။

သူ မျှော်လင့်ခဲ့သည့် 'တစ်နေ့'ဆိုတာကတော့ လိုက်လေပြေး လေ ရှေ့တိုးလာလေ ဝေးကွာသွားလေ ..။

ဖြစ်ပြီးခဲ့တာရော ဖြစ်နေတာတွေရော အတိတ်လား .. ပစ္စုပ္ပန် လား ဒါမှမဟုတ် အနာဂတ်လား၊ အတိတ်ကို မေ့ဖို့ ခက်နေသလို ပစ္စုပ္ပန်က စိမ်းသက်နေခဲ့သည်။

အနာဂတ်ကို မျှော်ကြည့်လိုက်တော့ ပန်းတိုင်က အဆုံးအစမဲ့ တစ်နေ့ရာရာ ..။





ညမီးလုံးလေးအောက်မှာ မီးပွင့်လေးတွေလို လင်းလက်နေကြ သည့် သားရဲ့မျက်လုံးလေးတွေကို ငုံ့မိုးကြည့်နေမိ၏။

ပြီးတော့ ပုခက်ရဲ့ ဘေးဘောင်နှစ်ဖက်ကို ကိုင်၍ အားပြုကာ ...တ်ဘဲ ကိုယ်ကို ငုံ့ကိုင်းလိုက်ကာ ...

"သားက စိမ်းနေပေမယ့် ဖေကြီးက သားကို ချစ်ပါတယ် သား ...ယ် .. ဖေကြီးလက်ပေါ်မှာ ခဏလေး နေပေးနော်၊ ဖေကြီးကို ပွေ့ပိုက် ...းခွင့်ပေးပါ"

မျက်လုံးချင်းဆုံ၍ စကားတွေပြောနေရင်း သားကို ပွေ့ယူလိုက်မိ ...ည်။ ထို့ပြင် အမြဲဟမ်း မွေးပျံ့နေတတ်သည့် သားကိုယ်လေးကို ...ဘတ်ချင်း ထိကပ် ပွေ့ဖက်ထားရင်း ...

"သားရယ် .."

ရင်သွေးဆိုသည့် ကြည်နူးစိတ်ဖြင့် သားရဲ့ လည်ပင်းကြားလေး ...ွ .. မွေးဖျားလုံးလုံးလေးတွေကို သူ့မျက်နှာနဲ့ ထိကပ် နမ်းရှိုက် ...မိသည်။ ပြီးတော့ ပါးဖောင်းဖောင်းလေးတွေကို မြတ်နိုးစွာ နမ်းမိ ...င် ခဏလေး ငြိမ်သက်သွားခဲ့သော ကလေးက လူးလွန့် ကော့လန် ...းကာ ...

"အ!.."

လည်ပင်းဒဏ်ရာမှာ ဖျင်းခနဲ နာကျင်သွား၏။

"ဟယ်!..."

ဦးစီး မျက်နှာမဲ့သွားရင်း အသံကြားရာကို လှမ်းကြည့်လိုက်တော့ ...ါးဝမှာ ဒီည က ရပ်ကြည့်နေတာ ဖြစ်ကာ ...

"သားလေး .."

ကမန်းကတန်း ပြေးဝင်လာကာ ကလေး ဆုပ်ကိုင်ထားသည့် ...းစတို့နှင့် ဂွမ်းကပ်ပလာစတာကို လှယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေး .. ပေး .. ကလေး .."

လက်တစ်ဖက်က အမှိုက်ခြင်းဆီ လှမ်းပစ်ကာ ကလေးကို ဆွဲခေါ်လိုက်၏။

ဒဏ်ရာပေါ်က ဂွမ်းစကို ဆွဲခွာပစ်လိုက်သဖြင့် သွေးတွေ ထွက်လာပြန်သည်။

"ကလေးလက်ကို ဆေးပေးလိုက်ပါဦး"

ဦးစိုး ဒါပဲပြောကာ ဒဏ်ရာကို လက်နဲ့အုပ်ထားလိုက်ပြီး ဒီည ကို တောင်းပန်သလို ကြည့်၏။ ပြီးမှ ...

"ငါ တောင်းပန်ပါတယ်၊ ကလေးဆီကို စိတ်ရောက်နေလို့ ဒီန လာရပ်မိတုန်း အမေလည်း မရှိဘူး၊ ကလေးလည်း နိုးနေတာမြင်တ နဲ့ အခန်းထဲထိ ဝင်လိုက်မိတာ"

ဒီည က ကလေးဆော့နေသည့် လက်ကလေးတွေကို ဖမ်းဆု ချော့မြှူနေရင်း သူပြောတာကို နားထောင်နေ၏။

ဖေဖေ တရားစခန်းဝင်ပြီဆို မေမေက ဒီည အခန်းနဲ့ ကပ်လျှ အခန်းမှာပဲ လာအိပ်တတ်တာ ဖြစ်သည်။

မြေးရပြီဆိုတော့ ဖေဖေ ရှိနေရင်တောင် တစ်ခန်းတည်း သ မအိပ်ဖြစ်တော့တဲ့အထိ ..။

"သမီးရယ် .. လင်မယားဆိုပေမယ့် အသက်တွေကြီးလာကြ မောင်နှမသံယောဇဉ်တွေလို ဖြစ်ကုန်ကြတော့တာ၊ ခုခေတ် သရုပ်ပျ စကားတွေနဲ့သာ မွှေနှောက်မပစ်ခဲ့ရင် 'ဆေးပေးမီးယူ'' ဆိုတဲ့စကား က သိပ်အဓိပ္ပာယ်ရှိတာပေါ့၊ သမီးဖေဖေနဲ့ မေမေက အဲဒီလို''တဲ့

နောက်ပြီး ကလေးကို သူနဲ့ပဲ ခေါ်သိပ်တော့တာ ဖြစ်သည်။

"သမီးနဲ့ဆို ညမှုညတာ မကောင်းဘူး၊ သူ့အဖေက ရှိနေတ လေ"





လို့လည်း ရှင်းပြသည်။ ဦးစိုး တောင်းပန်လိုက်တာကို မေမေ ပြောပြတာနဲ့ ဆက်စပ်ပြီး တွေးမိလိုက်တာ ဖြစ်သည်။

သူကတော့ ဒီည ဘာမှမပြောဘဲ ကြည့်နေတာကို ဘယ်လို အတွေးဖြစ်သွားသည်မသိ ..။

"ငါ တကယ် သားကို စကားပြောချင်တာသက်သက်နဲ့ပါ" လို့ ထပ်ရှင်း၏။

ဒီည က မျက်မှောင်လေးကုတ်ထားလျက်...

"အဲဒါတွေ ပြောမနေပါနဲ့၊ ရှင့်ဒဏ်ရာကို ဆေးသွားထည့်ဦး"

"ဟင်!... ဘာ .. ဘာဖြစ်ပြန်ပြီလဲ"

ရေအိမ် ထသွားပုံပေါ်သည့် ဒေါ်ဖြူဖြူ မှာ အချိန်မတော်ကြီး မျက်နှာစုံညီ မြင်လိုက်ရသဖြင့် တစ်ခုခုဆိုတာ သိလိုက်၏။

အထဲကို အပြေးတစ်ပိုင်းဝင်လာပြီး သေချာကြည့်လိုက်တော့ ဦးစိုး က ဒဏ်ရာကိုအုပ်ထားလျက် ...

"ကျွန်တော် အမေ မရှိတုန်း ကလေးနိုးနေတာ မြင်တာနဲ့ ဝင် လာမိတာ"

"အေးပါ .. ဟုတ်ပါပြီ၊ အဲ့ဒီလည်ပင်းက လက်ကို ဖယ်လိုက် စမ်းပါ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ ဒုက္ခပါပဲကွယ်"

ဦးစိုး က လက်ကို မဖယ်ပါ။ မပွင့်တပွင့်အပြုံးနှင့် ခေါင်းခါပြီး သူတို့ရှေ့ကနေ သွားဖို့ ခြေလှမ်းပြင်ရင်း ...

"ဘာမှမဖြစ်ပါဘူး၊ ကလေးလက်နဲ့ အမှတ်တမဲ့ချိတ်ပြီး ပလာ စတာ ကွာသွားလို့"

သူပဲပြောပြီး ခွင့်မတောင်းဘဲ ပြန်ထွက်သွားသည်။

ဦးစိုး ထွက်သွားတဲ့ဆီ ခေါင်းလေး ချာလပတ်လည်သွားအောင် လိုက်ကြည့်သည့်မြေးကို ဒေါ်ဖြူဖြူ ခေါင်းလေး အသာပွတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ မြေးရယ် .. မိဘကို သွေးထွက်သံယို မပြောနဲ့ 'မိဘမျက်ရည်တစ်စက် သားသမီး ဆင်းရဲတစ်သက်' လို့ တောင် အဆိုရှိခဲ့တာ၊ မြေး ဘာဖြစ်လို့ လုပ်ရတာလဲ .."

"ကလေး နားမလည်တာတွေ ပြောမနေပါနဲ့တော့ မေမေရယ်.. သမီးဖြင့် ကလေးကို အပြစ်တင်ရလည်း ခက်၊ သူ့ကိုလည်း မသနား ချင်ဘဲ သနားလာပြီ၊ ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ဘူး"

သားအမိနှစ်ယောက် ဒေါ်ဖြူဖြူ ရဲ့ အိပ်ရာအစွန်းမှာပဲ ထိုင်လိုက် မကြာ ကလေးကတော့ အချိန်မတော်မှ တစ်ရေးနိုးပြီး ပြန်သိပ်မရ သေးဘဲ ဆော့နေတဲ့အကိုင်း ပုခက်ထဲမှာ ပြန်ထည့်ထားရ၏။

"ဘာမှဖြစ်တာ မဟုတ်ပါဘူး၊ တိုက်ဆိုင်တာတွေမှာ မြေးလေး အပြစ်ဖြစ်မှာစိုးတာ"

လူငယ်တွေ ကိုယ်သိကိုယ်တတ် ကျယ်ပြန့် တွေးယူနေမှာစိုးလို့ ဒါပဲပြော၍ စကားဖြတ်လိုက်ပေမယ့် မြတ်စွာဘုရား နောက်ကြောင်း ပြန် ဟောကြားခဲ့ဖူးသော အငြိုးအတေးနှင့် ဘဝအဆက်ဆက် ကလဲ့ စားတွေကိုတော့ တွေးမိနေပြီ ဖြစ်သည်။

ဒီအဖေနဲ့ ဒီသား ဘဝတစ်ကွေ့ကွေ့မှာများ ..။





အခန်း [ ၁၃ ]

"ရှင် စဉ်းစားကြည့်လေ .. သူ့အဖေကလည်း ကလေးကို ယုယ ချင်တယ်၊ ကလေးက အဒေါ်ကိုပဲ ကပ်နေတယ်၊ ဒီကလေးကို တစ်နေ့ နေ့ သူ စိတ်ပျက်သွားရင် ဘယ်လိုလုပ်မလဲ"

ညနေခင်းမှာ မိဘနှစ်ပါး ခြံထဲ ဆင်းထိုင်နေကြသဖြင့် သံပရာ ရည်လေးဖျော်၍ ဗန်းလေးနဲ့ ဆင်းလာခဲ့သည့် ခြေလှမ်းတွေ နှေးကျ သွား၏။ မေမေ ပြောလာမည့်အဓိပ္ပာယ်ကို ချက်ချင်း ခံစားမိလိုက်တာ ဘာကြောင့်မှန်း မသိ ..။

"သူ့အဖေနဲ့ သူ့သားပဲကွာ .. ပြီးတော့ ကလေးက သူ့လက်ထဲမှာ ရှိနေတာပဲ"

"ရှိရှိလေ .. အဲဒါ သူ နောက်အိမ်ထောင်မပြုခင်ဘဲ ရှိနေမှာ မဟုတ်ဘူးလား၊ ဖအေကို ဒီလောက်ထိ စိမ်းနေတဲ့ကလေးက တစ်ခါ တစ်ခါ ထိနိုက်ဒဏ်ရာဖြစ်သွားအောင် တွန်းထိုး ကုတ်ဖဲ့ပစ်တာတွေ လည်း ရှိသေးတယ်၊ ဒီဖအေ ဘယ်လောက်ထိ မေတ္တာမပျက် ရှိနေနိုင် မှာလဲ၊ မိခင်ဆိုတာက ကိုယ့်ရဲ့နို့ချိုကို တိုက်ကျွေး ရျော့မြူနေရတဲ့ ရင်ခွင်ပိုက်အရွယ်လေးတည်းက ကိုယ့်ရင်ခွင်ထဲကနေ ရင်ဘတ်ကို

www.burmeseclassic.com



စုံကန် လည်ပင်းကို ကုတ်၊ ဆံပင်ဆွဲ၊ အမျိုးမျိုးသော နာကျင်မှုတွေ ပေးနေတာကိုတောင် ချစ်ပြီးရင်းချစ်လို့ မကုန်နိုင်ခဲ့တာ၊ မိခင်နဲ့ ဖခင် မေတ္တာအဟုန်ချင်းတော့ မတူနိုင်ဘူး ကိုကျော်"

"မင်း ဒီလိုတော့ ခွဲခြားမပြောပါနဲ့ကွာ .. ကိုယ့်ကလေးကို ခေါင်းအုံးနဲ့ဖိသတ်တဲ့ မိန်းမတွေရော မရှိခဲ့ဘူးလား"

"ခက်တော့တာပဲ ကိုကျော် .. ရှင် ဘုရားတရားအလုပ်လုပ်နေပြီး ဘာဖြစ်လို့ သူ ကောင်းတယ်၊ ငါကောင်းတယ်နဲ့ မောဟမျဉ်းပြိုင်တွေ ဆွဲပြနေတာလဲ၊ ကျွန်မ ပြောတာက ပင်လယ်ကြီးက မြစ်ထက် ကျယ်တယ် ဒါပဲ၊ အဲဒီရေ ချိုတာငန်တာ ကြည်တာနောက်တာတွေ မပါဘူး"

ဒီည ပန်းပင်တွေနောက်ကနေ နားထောင်နေရင်း သူမ ဆက်သွားသင့်သလား၊ နားထောင်နေရမလား ချီတုံချတုံ ဖြစ်နေမိသည်။

မေမေကတော့ ပြောနေရင်း ဒေါ်တွေပါလျက် ...

"ပြောချင်တာက မိခင် ဖခင် ဘယ်သူ့မေတ္တာ ပိုသလဲဆိုတာကို မဟုတ်ဘူး၊ ဦးစီး နဲ့ သမီးကို လက်ထပ်ပေးသင့်နေတဲ့အကြောင်းတွေ စကားကို လိုရာကို မရောက်တော့ဘူး"

"ကဲ ဆက်ပြောကွာ .. ပြော .."

"ရှင်က သဘောမတူဘူးလား"

"ငါ ဘာပြောခဲ့ဖူးလို့လဲ .. ဦးစီး က လူတော်လူကောင်း ဆိုးချင်တဲ့ မင့်သမီးနဲ့ အဆင်မပြေနိုင်တာကိုပဲ ထောက်ပြခဲ့တာ"

"ပြီးတာပါပဲ၊ ရှင့်ဟာရှင် ဘာသိဘာသာနေပေမယ့် ဘာဖြစ်ဖြစ် တိုင်ပင်ချင်တာပဲ၊ ရှင်လည်း သဘောတူ ကျေနပ်စေချင်တာ"

"အေး .. ငါ သဘောတူရုံနဲ့ လက်ထပ်လို့မရဘူးဆိုတာတော့ ထည့်စဉ်းစား၊ ပေါင်းရမှာက မင့်သမီး၊ ပြီးတော့ သူ့မှာ ချစ်သူ ရှိနေတယ်ဆို .."





"အဲဒါကြောင့် ခုလောက် အချိန်တွေ ကြာတဲ့အထိ မပြောဖြစ်ခဲ့ဘာ ကိုကျော်၊ မဟုတ်ရင် သမီးကြီး ဆုံးသွားကတည်းက ဒီစိတ်ကူးကို အကောင်အထည်ဖော်ချင်နေတာ၊ ဦးစီး လို လူကောင်းသူကောင်းကရှားတယ်၊ လူပျိုမဟုတ်ပေမယ့် ကိုယ့်အစ်မယောက်ျား ကလေးအဖေ ဆိုတာကလည်း သူ့ကလေးက ကိုယ့်တူအရင်းခေါက်ခေါက်၊ ဘာမှတော့တန်တာ မရှိဘူး၊ အမှန်အတိုင်း ဝန်ခံရရင် ကလေးကိုရော ဦးစီးနဲ့ စည်းစိမ်ရတနာတွေကိုပါ ဘာကိုမှ တခြား တစိမ်းတစ်ယောက် လက်ထဲ အပါမခံနိုင်ဘူး"

ဒီလို စွန့်လွှတ်နိုင်ဖွယ်မရှိတဲ့ ယောက်ျားကောင်းတစ်ယောက် ဖြစ်နေတဲ့အတွက် သမီးနှစ်ယောက်စလုံးကို ကြည်ဖြူစွာ ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့။

ကွယ်ရပ်မှာနေပေမယ့် အလုံးစုံကို ကြားနေရသည့် ဒီည ရင်ထဲမှာ ထူးဆန်းခြင်း မထူးဆန်းခြင်းတွေကို အချိုးတူ ခံစားနေခဲ့ရ၏။

ဒီလိုပုံစံဖြစ်လာနိုင်တာကို ဖွဲ့ က ပြောခဲ့ပြီးသား ..၊ ဒါပေမယ့် မေမေ တကယ်တမ်းပြောလာမယ်လို့ မတွက်ခဲ့မိသည်မို့ ကြားလိုက်ရတာကို အံ့သြနေခဲ့၏။

လက်ထဲမှာကိုင်ထားဆဲ အအေးတွေက ချွေးသီးလေးတွေထကာ အေးစိမ့်ခြင်းကို စွန့်လွှတ်ဖို့ အဆင်သင့်ရှိနေကြပြီ ဖြစ်သည်။

သူမခြေလှမ်းတွေ ရှေ့ဆက်ဖို့ နောက်ဆုတ်ဖို့က မသေချာသေး..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူးသည့် နိုးရာလိုက်ခြင်းအလုပ်ကို ခုလည်း စိတ်ကူးကြည့်လိုက်တိုင်း မအောင်မြင်ပါ။

ဒါပေမယ့် ဦးစီး ကို လက်ထပ်ဖို့ကလည်း မဖြစ်နိုင်၊ ဖုန်းကိုင်ထားပြီး ဒွဲ့ နဲ့ စကားပြောနေတာကိုတောင် မေ့သွားမိတဲ့အထိ ဒီညစိတ်ညစ်သွားခဲ့၏။

"ဒီည .."

"ဟင်!..."

"ဘာဖြစ်သွားတာလဲ .. မင်းနဲ့ ကိုယ့်ကြားမှာ ဒီလိုလုပ်ကြဖို့ အပြင် တခြားနည်းနဲ့ ပေါင်းရဖို့နည်းလမ်း လုံးဝ မရှိဘူးနော်၊ အဲဒါ သိရဲ့လား .."

ဒီည တစ်ယောက်တည်းနေပြီး စိတ်တင်းလိုက်သလို ပင့်သက်လေးရှိုက်၍ မျက်နှာမော့ကာ ...





"မသိဘူး ဒွဲ့ .. ဒီည သိထားတာက ဒွဲ့ မှာလည်း ကိုယ်ပိုင်အရည်အချင်းနဲ့ အဆင့်အတန်းနဲ့ပဲ၊ မိသားဖသားပီပီ မေမေတို့ဆီမှာ တောင်းရမ်း စေ့စပ်မယ်ဆိုရင် ..."

"မိသားဖသားမီသဖို့ ကိုယ့်မှာ မိဘ မရှိဘူး၊ ဦးစီး ဆိုတဲ့လူနဲ့ ဆေးစားချင်နေတဲ့ မင်းမိဘအတွက် အဲဒီပြစ်ချက်က ကိုယ်နဲ့ ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်တဲ့ ပြယုတ်တစ်ခုပဲ"

"မဟုတ်ဘူးလေ .. မိဘမရှိပေမယ့် အုပ်ထိန်းသူအဖြစ်နဲ့ ဒွဲ့ဘက်က လူကြီးပါလာရင် ဖြစ်တာပဲ၊ ဒီည ကလည်း မခွဲနိုင်ပါဘူးဆိုရင် မေမေတို့က လိုက်လျောမှာပါ"

"ဦးစီး ကို မင်းက လျှော့တွက်နေသလား ဒီည၊ အခု မင်းမိဘပါးစပ်က ဒီအစီအစဉ်တွေ ထွက်လာတာ သူ့ရဲ့စနက်တွေ ပါတယ်၊ အလုပ်ကထွက်ပြီး အိမ်မှာ ပြန်ကပ်နေတဲ့အထိ မင်းကို သူမျှော်လင့်နေတာ"

မဖြစ်နိုင်ဘူးဆိုတာ အသေအချာ သိနေပေမယ့် အတိုက်အခံတွေ ပြောနေရမယ့်အချိန် မဟုတ်သည်မို့ ဒီတိုင်းပဲ နားထောင်နေလိုက်သည်။

ဒွဲ့ က ပြောနေရင်း ဟိုလူဒီလူ မကောင်းကာတွေပဲ များပြားလာတာ ...

"မင်းမိဘတွေကိုလည်း ကိုယ် တကယ် အံ့သြတယ်၊ ဒီလူက ဘာလဲ .. ဖိုက်တာကြီးမို့လို့ အထင်ကြီးနေတာလား၊ မိဘမဲ့ဘဲ့အပြင် ဦးလေးဆိုတဲ့လူက ရိုပ်သာမှာ၊ သမီးတစ်ယောက်လုံးကို ထိုးပေးပစ်ရလောက်အောင် .. ကျွတ်!.."

"တို့နဲ့ ဒွဲ့ ရဲ့ အဆင်မပြေမှုတွေကိုပဲ ပြောရအောင်၊ မိဘတွေ ပေါ်နဲ့တော့ ဒွဲ၊ ကိုယ် သဘောမကျတာကို စီစဉ်နေလို့ စိတ်ညစ်ရ

www.burmeseclassic.com



တာက သပ်သပ်၊ မိဘကို ဒီညု စိတ်ထဲမှာ ဘယ်တုန်းကမှ မငြိုငြင်ခဲ့ဘူး၊ ဖွဲ့ ငြိုငြင်တာတွေ ရှုတ်ပြနေတာလည်း စိတ်မချမ်းသာဘူး၊ အခု ခွဲ ကို ဒီက အခြေအနေတွေအားလုံး ပြောပြပြီးပြီ၊ ဖွဲ့ ဘာလုပ်မှာလဲ"

"မင်းကို ခိုးပြေးရုံအပြင် ကိုယ် မတတ်နိုင်ဘူး၊ ကိုယ့်ကို မရွေးချယ်ဘူးဆိုတာ သိနေရက်နဲ့ လူကြီးတွေ အကူအညီခေါ်ပြီး မင်းမိဘရှေ့ရောက်အောင် သွားလိုက်ရင် ကိုယ်က ဘာမှမဟုတ်တဲ့ကောင် ဖြစ်သွားမှာပေါ့၊ အဲဒီလိုဖြစ်အောင် ပြောကြမှာလည်း သေချာပြီးသား၊ မင်းမိဘနဲ့ ကိုယ့်ကြားက အမြဲတမ်း တင်းနေတဲ့ကြိုးကို တစ်ဖက်ဖက်မှာ ပါလာအောင် ရုတ်သိမ်းဖို့ မကြိုးစားနဲ့ ဒီညု၊ ပြတ်သွားမှာပဲ .. အဲဒါ လုံးဝ သေချာတယ်"

"အဲဒီလို တစ်ဖက်ဖက်မှာ ပါလာအောင် ဆွဲယူဖို့ ကြိုးစားနေတာ ဖွဲ့ ဖြစ်နေရင်ရော ဒီကြိုးပြတ်သွားမှာ မကြောက်တော့ဘူးလား၊ ဒီညု နဲ့ ငါ ဝေးကြရမှာလို့ ဖွဲ့ ဘက်က တွေးဖို့ မလိုဘူးလား"

"တွေးတာပေါ့ .. ဒါပေမယ့် ကိုယ့်စိတ်နဲ့နှိုင်းတော့ မရိုင်းဘူးလေ၊ ကိုယ်ကတော့ ကြိုးစားကြည့်လို့ မလွတ်မြောက်နိုင်ရင် ရုန်းထွက်မှာပဲ၊ မိဘ မရှိတော့လို့ ပြောထွက်တယ်ပဲဆိုဆို ချစ်သူနှစ်ယောက် ပေါင်းရဖို့မှာ အဲဒီချစ်သူတွေနဲ့ပဲ ဆိုင်တယ်၊ မိဘအသိုင်းအဝိုင်း ဘာမှ မလိုဘူး၊ နောက်တစ်ခု ကိုယ့်ဘက်က အာမခံနိုင်တာက မင်းကို မင်းမိဘလက်ထဲမှာထက် အဆတစ်ရာသာအောင် ကိုယ် ထားနိုင်တယ်၊ ကိုယ် ပေးနိုင်တာ အဲဒါ .."

ဖုန်းပြောခြင်းအလုပ်ဟာ ပြီးဆုံးသွားတဲ့အထိ အောင်မြင် ပြည့်စုံစွာနဲ့ မဟုတ်ခဲ့ပေ။ ပြီးတော့ မွန်းကျပ်ပူလောင်သည့် ခံစားချက်က အမည်မသိ တစ်နေရာမှာ တင်ကျန်ရစ်ခဲ့၏။

အာရုံထဲမှာ ဖျတ်ခနဲ တွေးမိလာတာ ဦးစီး ရဲ့မျက်နှာ ..၊ ဦးစီး





အလုပ်က ထွက်ခဲ့သည့်အကြောင်းအရာကို အစက အမှတ်တမဲ့ပေမယ့် အစီအစဉ်တွေ ဖြစ်လာတော့ ဒါကို စိတ်ဝင်စားမိလာ၏။

ထိုစဉ် ဦးစီး က သူမရှေ့ကို တိုက်ဆိုင်စွာ ရောက်လာ၏။ လက်ထဲမှာ စားစရာအိတ်တစ်ဖက်၊ ကတ္တူလက်ဆွဲအိတ် တစ်လုံးနှင့် ...

"ဩော် .. သား ဒီမှာရှိတယ် မှတ်လို့"

နေ့လယ်ဘက် သား အိပ်နေကျ ဧည့်ခန်းနဲ့ဆက်လျက် တံခါးမရှိသည့်အခန်းကျယ်လေးရှေ့မှာ ခဏရပ်ကာ ချက်ချင်း နောက်ပြန်လှည့်မှုင် ...

"ကိုဦးစီး ခဏ .."

ဖုန်းကို ချထားခဲ့ပြီး ဒီညု သူ ရပ်စောင့်နေတဲ့ရှေ့ကို လျှောက်သွားတာ ...

"ဒီညု ရှင်နဲ့ ပြောစရာ ရှိတယ်"

သူမမျက်နှာကိုကြည့်ပြီး ဦးစီး မျက်ခုံးနှစ်ဖက် မသိမသာ ကုတ်သွားသည်။

"ပြောလေ .."

"ရှင် အဲဒါတွေ သွားထားလိုက်ပါလား"

"မလိုပါဘူး၊ မင်း အရေးကြီးနေရင် ပြောပါ"

ပစ္စည်းတွေက လေးလေးပင်ပင် မဟုတ်တာကို တစ်ချက် ငုံ့ကြည့်ကာ ဒီညု က ခေါင်းညိတ်၍ ...

"ဒီညု တည့်တည့်ပဲ မေးမယ်၊ ရှင် အလုပ်က ထွက်လာခဲ့တာ ရည်ရွယ်ချက်နဲ့လဲ .. အဲဒါ သိချင်တယ်"

မျက်မှောင်ကုတ်ပြီး ကြည့်နေသည့် ဦးစီး မျက်ခုံးနှစ်ဖက် သိသာ ပြေကျသွား၏။ မြင်ဖူးခဲ့သော ဂရုမစိုက်တတ်သည့် အေးစက်စက် ကြည့်တွေ မျက်လုံးထဲမှာ ချက်ချင်း ဖြစ်သွားခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့မေးခွန်းက ကြိုးဆွဲချသေတဲ့လူ လည်ပင်းအစ်နေတဲ့ ဘာဖြစ်လို့ ဒီလို သေချင်တာလဲလို့ သွားမေးသလိုပဲ၊ အဲဒီမေးခွန်း ငါ့ရဲ့အနာဂတ် .. ငါ ဘာဖြစ်ခဲ့တာလဲ၊ ဘာလုပ်မှာလဲဆိုတာ ဘယ်သူ သိဖို့မလိုသလို မင်းလည်း သိစရာ မလိုဘူး"

"လိုတယ် .."

ဒီညှ က စိတ်ထက်သန်နေသည့်မျက်နှာလေးနှင့် နေရာရွှေ့ လိုက်သေးသည်။ ပြီးမှ မျက်နှာလေးမော့ကာ အသံနိမ့်၍ ...

"ရှင့်ရဲ့အနာဂတ်ကို ကျွန်မ သိဖို့ မလိုပေမယ့် အဲဒါ ကျွန်မ အနာဂတ်နဲ့ သက်ဆိုင်နေတယ်ဆိုရင် ရှင် သဘောပေါက်မလား"

မျက်ဝန်းတွေ အသံတိတ် ဆုံစည်းသွားကြ၏။ လူကြီး ကြိတ်ပြီး စီစဉ်နေတာကို သူ သိချင်မှ သိမည်၊ ဘူ့ကြောင့်ဆိုတာလည်း ဖြစ်နိုင်၏။

ဒါပေမယ့် နှစ်ယောက်စလုံးကို ဖွင့်ပြောခဲ့သေးတာ မဟုတ်တော ဒါကို ချန်လှပ်၍ ...

"ရှင်နဲ့ ဒီညှ ကို ပတ်ဝန်းကျင်က ဟိုလိုဒီလို ပြောနေကြတာ ရှိပေမယ့် အမှန်တရားကို ယုံကြည်လို့ ဒါကို ထားလိုက်နိုင်တယ်"

ဒေါသသည် ထောင်းခနဲ ဖြစ်လာလိုက်၊ ညှဲသက်သွားလိုက်ရှိက ပြောတဲ့စကားတွေကလည်း ဒေါသအတိုင်း ကျွန်မနဲ့ ဒီညှ အမျိုး ပြောင်းလဲနေခဲ့၏။

"ထားလိုက်လို့ မရတာက ဒီညှ ရဲ့ချစ်သူ .."

ဦးစီး မျက်ဝန်းတွေ ဘေးကို အနည်းငယ် တိမ်းဖယ်သွားသည် နှင့် ဒီညှ ရဲ့သံသယတွေ ကြီးထွားနှန်း မြန်ဆန်သွားခဲ့ပြီး ...

"ရှင်နဲ့ ဒီညှ ကို သူ ခဏခဏ ပုတ်ခတ်နေတယ်"

"အဲဒါကျတော့ မင်းမှာ အမှန်တရား မရှိတော့ဘူးလား"





"ရှိတယ်လေ .. ကျွန်မဘက်က မှန်ပေမယ့် ရှင့်ဘက်က မှန်တာ မှန်တာကို သူ မယုံဘူး၊ ရှင် အလုပ်ထွက်လာတဲ့အကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း ..."

"တော်ပြီ ဒီညှ .. အဲသလောက်ဆို ရပြီ"

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားပေမယ့် မျက်နှာမှာ တင်းမာသွားတာမျိုးတော့ မဟုတ် ..၊ နီသလိုလို ဖျတ်ခနဲ ပြောင်းလဲသွားကာ ထို မျက်နှာကို တစ်နေရာရာ တစ်ချောင်ချောင်မှာ သွားထားလိုက်ချင်တာမျိုး ..။

"အဲဒီပြဿနာဆိုရင် ငါ စဉ်းစားပေးမယ်"

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။

ထိုခဏလေးမှာ နည်းပါးစွာ ပြောသွားခဲ့သည့် သူ့စကားနဲ့ သူ့ အမူအရာတွေကြောင့် ဒီညှ ဒေါသနဲ့မဟုတ်ဘဲ ဒီတိုင်း ရပ်ကျန်ခဲ့တာ ရင်ထဲမှာ ဘာဖြစ်ကျန်ခဲ့မှန်းလည်း မသိ..။

သူ တကယ် မဟုတ်ခဲ့ဘူးလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

သတင်းစာ ဖတ်လက်စကို ချထားလိုက်ပြီး ဇနီးသည် ယူလာသည့် နို့ပူပူကို သောက်မလို့ ဖန်ခွက်ကို လှမ်းယူလိုက်တုန်း ...

"ကျွန်တော် စကားနည်းနည်း ပြောချင်လို့ပါ"

"ဟင်!..."

ထူးခြားဖြစ်စဉ်တစ်ခုလို လင်မယားနှစ်ယောက်စလုံး ဦးစိုး ကို ပြိုင်တူ မော့ကြည့်လိုက်မိကြသည်။ ဦးစိုး က နှစ်ယောက်ရဲ့ရှေ့မှာ ဝင်ထိုင်လိုက်တော့ ...

"ဘာလဲကွယ် .. ပြောလေ"

ဦးစိုး မျက်နှာမကောင်းပေမယ့် ဒီအကြောင်း ပြောလာလိမ့်မယ်တော့ မထင်မိခဲ့ ...။

"သားလေးနဲ့ ကျွန်တော် မိုးကုတ်မှာပဲ ပြန်နေတော့မလို့ .. အဲဒါ..."

"ဘာ!... ဘယ်လို .. သား .."





ဒေါ်ဖြူဖြူ အထိတ်တလန့်ကြီး ဖြစ်သွားကာ ဆိုဖာမှာ ကျကျနန ထိုင်နေရာကနေ ရှေ့ကို တိုးလာခဲ့တဲ့အထိ တုန်လှုပ်လျက် ...

"မိုးကုတ်မှာ ပြန်နေမယ် ဟုတ်လား .. ဘာဖြစ်လို့လဲဟင်၊ ဒီမှာ ဘာအဆင်မပြေတာ ရှိလို့လဲ၊ မဟုတ်တာပဲ သားရယ် .. မိုးကုတ်မှာ သားရဲ့လုပ်ငန်းတွေ အားလုံးလည်း စိတ်ချလက်ချ ထားလို့ရတာပဲ၊ ဒီမှာလည်း ရွှေတောင်ကြားမှာ ပိုင်ရှင်မဲ့ ပစ်ထားရတဲ့ ခြံနဲ့တိုက်ကြီးဆို နန်းတော်ကြီးလိုပဲ၊ ဒီမှာပဲ ဟိုအိမ်ဒီအိမ်ကူးနေချင်တယ်ဆိုရင် တော်သေးတယ်ကွယ်၊ မိုးကုတ်မှာ သွားနေမယ်ဆိုတာ .."

"စိတ်ပြေလက်ပျောက် သွားချင်တာပါ၊ ပြီးတော့ သားနဲ့ကျွန်တော် နှစ်ယောက်တည်း နေကြည့်ချင်တယ်၊ အဲဒါလည်း အမေတို့နဲ့ မထားချင်လို့ မဟုတ်ဘူး၊ အခု ဖြစ်နေတဲ့ ကျွန်တော်တို့သားအဖရဲ့ အခြေအနေ ဘယ်လိုပြောင်းလဲလာမလဲဆိုတာကို သိချင်တာ"

ဒေါ်ဖြူဖြူ ပါးစပ်အဟောင်းသားနှင့် လှည့်ကြည့်တော့ ဦးကျော်မျိုး ကိုင်ထားဆဲ နို့ဖန်ခွက်ကို မသောက်နိုင်တော့ဘဲ ပြန်ချထားလိုက်ရသည့်အဖြစ်ကို ရောက်ကာ ...

"လုပ်ချင်တာကို လုပ်လို့တော့ ရတယ်ကွ .. ဒါပေမယ့် ကိုယ်တစ်ယောက်တည်း မဟုတ်တော့ဘူးဆိုတာကို ထည့်မတွက်လို့ မရဘူး၊ မင်း ဟိုမှာ ကိုယ်ချမ်းသာသလောက် ဘာဖြစ်ဖြစ် ဖန်တီးယူလို့ရတယ်၊ ဥပမာ အဆောင်အယောင် ခြွေရံသင်းပင်းပေါ့၊ ဒါပေမယ့် ကလေးက အရမ်းငယ်သေးတယ်၊ သူနဲ့ အဆင်ပြေအောင် မင်း ဖန်တီးနိုင်ဖို့ မလွယ်ဘူး၊ ကလေးနဲ့ မင်း အဆင်မပြေခင် သူ့အတွက် အဆင်မပြေတာတွေကြောင့် မင်း စိတ်ညစ်ရမှာပဲ"

"ကျွန်တော် အဆိုးဆုံးထိ ကြိုတွေးထားပါတယ်"

"နေပါဦး သားရယ် .. ချက်ချင်းကြီး ဒီလို ဆုံးဖြတ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကြောင့်လား၊ ဒါဆိုရင်တော့ သိပါရစေ၊ မေမေတို့က မြေးလေးကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မခွဲနိုင်ဘူး၊ ဥမကွဲ သိုက်မပျက် နေနိုင်ကြဖို့လည်း ကြိုးစားနေကြတာပါ၊ ကလေးကို သူ့အဘိုးအဘွား အဒေါ်တွေရဲ့ ရင်ခွင်ထဲကနေ ဆွဲထုတ်မသွားပါနဲ့ကွယ် ..''

ပြောနေရင်း ဒေါ်ဖြူဖြူ ငိုသံပါလာတော့ ဦးစီး မျက်နှာလွှဲပစ်လိုက်ရင်း ဆံပင်တွေ သပ်၏။

လူကြီးတွေ ဘယ်လို စကားဦးသမ်းနေကြတာကို သူ အစကတည်းက သိခဲ့သည်။

ဒါပေမယ့် ခေါင်းထဲမှာ ဒီ့ထက်မကတဲ့ ရှုပ်ထွေးမှုတွေကြောင့် ဒါကို အမှတ်တမဲ့ ဖြစ်ခဲ့ရသလို သူကိုယ်တိုင် အလုပ်ကထွက်ခဲ့မိတဲ့အထိ အလုပ်ထဲမှာ အမှားအယွင်း တိမ်းစောင်းမှုတွေ ဖြစ်သွားခဲ့တာ ဘယ်သူမှမသိ..။

တကယ်တော့ ကိုယ်တိုင် နုတ်ထွက်လိုက်ခြင်း မပြုရင်လည်း ထုတ်ပယ်ခြင်းခံရဖို့ထိ သူ ရှုပ်ထွေးနေခဲ့တာ ဖြစ်သည်။ ဒီထဲမှာ သားကိစ္စ မယားကိစ္စတွေ ဘာမှမပါခဲ့ပေ..။

''စဉ်းစားပါဦး သားရယ် .. မြေးလေးကို မေမေတို့က ဆိုင်သာဆိုင်တာ မပိုင်ပါဘူး၊ မင်း ခေါ်သွားမယ်ဆိုရင် ဒီတိုင်း ရင်ကွဲကျန်ခဲ့ရမှာပါ၊ ကလေးအတွက်လည်း သူ့တစ်မိတွေလက်ထဲမှာ ကောင်းနိုင်ပါ့မလား၊ တကယ်လို့ သွားကိုသွားမှာပဲဆိုရင်တောင် ကလေး ပြောနိုင်ဆိုနိုင် ပြေးနိုင်လွှားနိုင်မှ သွားပါ နော် .. မေမေက မေတ္တာရပ်ခံတာပါ''

ဦးစီး ဘယ်လိုမှ ရှေ့မဆက်နိုင်တော့ပေ ...၊

ဒေါ်ဖြူဖြူ မျက်ရည်ကျနေမြဲဖြစ်ကာ ဦးကျော်မျိုး လည်း မျက်နှာမကောင်းစွာ တစ်ဖက် လှည့်နေခဲ့၏။





ကလေးကလား လုပ်မှာပဲ .. သွားမှာပဲလို့ ဇွတ်တိုးပြောဖို့ရာ သူ့အသက် သုံးဆယ်ဘက်ကို နီးနေပြီဖြစ်သည်။

သူ ဘာလုပ်သင့်သလဲ ...၊

မျက်လုံးတွေကို မှိတ်ထားလိုက်ပြီး မျက်နှာကို ဖိပွတ်ပစ်မိသည်။ ဖြစ်နေတာက စောင်းမြောင်းဆဲဆိုတဲ့လူကို 'ငါ့ကို ဆဲတာလား'လို့ သွားမေးမိတာမျိုး ..။

'မဟုတ်ပါဘူး'လို့ ငြင်းလိုက်တော့ သိနေရက်နဲ့ ဘာမှ မပေါက်ကွဲနိုင်ဘဲ ခံလိုက်ရတာပဲ အဖက်တင်သည်။

ဒီမိသားစုထဲမှာ ရှုပ်ထွေးနေကြတာကို သိနေပြီး ဗြောင် ဖွင့်ပြောသို့လည်း မကောင်း၊ ကိုယ်နဲ့ပဲ ပတ်သက်နေတာကိုလည်း သိနေရဘာ ...

''ပြောပြလို့ ရရင်လည်း ပြောပါ၊ ဖြစ်နိုင်မယ်ဆိုရင်တော့ စဉ်းစားပါဦး သားရယ် ..''

လို့ ဒေါ်ဖြူဖြူ အထပ်ထပ် တောင်းဆိုနေသည့် စကားသံတွေအောက်မှာ သူ တိတ်ဆိတ်နေခဲ့၏။

ကြာလာလေ မွန်းကျပ်လေ ဖြစ်နေခဲ့သည့် ခံစားချက်တွေကို ရင်ထဲမှာ စိတ်ပျက်နေမိရင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

အိပ်ခန်းထဲက ဒရင်းမ်ဘက်ဒ်မှာပဲ လျော့ရိလျော့ရဲ လှဲကာ စ
ကရက်သောက်နေမိစဉ် လူးလွန့်ထိုးတက်နေသည့် မီးခိုးဖြူဖြူလေး
တွေရဲ့ ဟိုဘက်မှာ လူရိပ် ပေါ်လာ၏။

ဒီည ကို မြင်လိုက်တော့ စီးကရက်ပြာခွက်ထဲ လှမ်းထည့်
ငုတ်တုတ်ထထိုင်လိုက်ရင်း ...

"ဘာကိစ္စရှိလို့လဲ ဒီည"

"ရှင့်ကို ပြောစရာရှိလို့"

သူ ခေါင်းညိတ်ပြီး နေရာမှ ထလာခဲ့သည်။ တစ်နေရာကို ထွက်
မသွားဘဲ ဒီည က သူ့အခန်းရှေ့မှာ ရပ်နေသဖြင့် သူလည်း တံခါး
ဘောင်တစ်ဖက်ကို ကိုင်ထားလိုက်ရင်း ရပ်ကာ ...

"ဘာလဲ .."

"မေမေ နေမကောင်းဖြစ်နေတာ ရှင် သိလား"

ခေါင်းညိတ် ခေါင်းခါ မလုပ်ဖြစ်ဘဲ ဒီည မျက်လုံးတွေကို စိုက်
ကြည့်လိုက်တာနှင့် ဒီစကား ဘာဖြစ်လို့ စလိုက်တာမှန်း စိတ်ထဲမှာ
ဘာမှန်းမသိဘဲ တင်းသွားခဲ့ပြီးမှ ...





"ဆက်ပြောပါဦး"

"အဲဒါ ရှင့်ကြောင့်လေ"

ဒီည ကလည်း တည့်တည့်ပဲ ရန်စကားနဲ့ လမ်းခင်းသည်။ ပခုံး
အောက်သာသာ ပျော့နဲ့ဖွာ ဆင်းကျနေသည့် စတက်ဆံပင်တွေကို
နဖူးက သိမ်းပစ်လိုက်၊ နားတစ်ဖက်မှာ ညှပ်လိုက်နှင့် ဒေါသနဲ့ စကား
လုံး ရောထွေးမသွားအောင် ထိန်းချုပ်နေရရင်း ...

"ဖိုးသားလေးကို ကျွန်မတို့ မခွဲနိုင်မှန်းသိလို့ ရှင်က အညာကိုင်
လိုက်တာမို့လား .."

ဦးစီး မျက်မှောင်ကုတ်သွားသည်။

"အညာကိုင်တယ်ဆိုတဲ့စကားက အကျပ်ကိုင်တာနဲ့ အဓိပ္ပာယ်
အတူတူပဲ၊ ငါက အကျပ်ကိုင်တယ်ဆိုရင် ဘာအတွက်လို့ မင်း ပြော
ချင်တာလဲ"

မျက်လုံးချင်း ဆုံသွား၏။ ဒါပေမယ့် ဒီည ရုတ်တရက် မဖြေ
လိုက်နိုင်။ ဦးစီး က လက်ထောက်ထားရာကနေ သူမ ရှေ့မှာပဲ လက်
ပိုက်ပြောင်းရပ်ရင်း ...

"မင်းနဲ့ငါ အဲဒီလိုစကားတွေ မပြောချင်ဘူး၊ ပြောရတာတွေထဲ
မှာ ဖြေရှင်းရခြင်းနဲ့ ပြောရတာ စိတ်ပျက်ဖို့ အကောင်းဆုံးပဲ၊ ငါ့ရင်ထဲ
မှာ ငါ့အလုပ် ငါ့အနာဂတ်အတွက်ကလွဲပြီး ဘာမှမရှိဘူး၊ အဲဒါ
ကြောင့် မလိုအပ်ဘဲ ဖြေရှင်းမနေချင်လို့"

"ရှင့်ဘက်က ရှင့်ခံစားချက်ချည်းပဲ ကြည့်လို့မရဘူးလေ၊ ဖိုးသား
လေးကို ကျွန်မတို့က ချက်ကြိုးဖြတ်ကတည်းက ပြုစု စောင့်ရှောက်
ခဲ့ရတာ၊ အဖေက အဖေမို့လို့ ပိုင်သလို ကျွန်မတို့ကလည်း ကိုယ့်အစ်မ
အေးထားတာလေးမို့လို့ ကိုယ့်ရင်သွေးလိုချစ်နေကြတဲ့သူတွေပဲ၊ အခွင့်
အရေးကြောင်းကို ပိုင်ဆိုင်ခွင့်တွေနဲ့ အလဲထူပြီး ရှင် အနိုင်မယူပါနဲ့"

ဦးစိုး က စကားပြောရမှာ အလွန် စိတ်ပျက်သည့်မျက်နှာနှင့် စိုက်ကြည့်နေသည်။ ပြီးတော့မှ တင်းခနဲ အံကြိတ်ကာ ...

"ငါ့ဘက်က ဘာပဲလုပ်လုပ် ပြောစရာတွေပဲ ဖြစ်နေတာလား"

"မဟုတ်ဘူးလေ .. ရှင့်ကိုယ်ရှင် မှန်တယ်ထင်ရင် ဒီလိုလုပ်စရာ မှ မလိုတာ၊ ရှင့်ကို ဒီည ပြောချင်တယ်၊ ဘယ်ကိုမှ ထွက်မသွားပါနဲ့ ပြီးတော့ ..."

ပြောမည်ပြင်ပြီးမှ ဒီည က အားနာသည့်အကြည့်တစ်ချက်နှင့် ဖျတ်ခနဲ ကြည့်ပြီး မျက်ဝန်းတွေ ပြန်လွှဲကာ ...

"တကယ်တမ်း အဲဒီလိုအခြေအနေတွေ ဖြစ်လာခဲ့ရင် ပတ်ဝန်းကျင်ပြောသလို ဖြစ်မသွားရအောင် ရှင်ရော ကျွန်မရော ကာကွယ်ရမယ်၊ ရှင့်စိတ် တကယ်ရိုးသားတယ်ဆိုရင် ဒါမျိုး ရှင့်ဘက်ကစပြီး ဘယ်တော့မှ ဖြစ်စေမှာ မဟုတ်ဘူးလို့ ကတိပေး"

စကားတွေက ဟိုဝေ့ဒီဝေ့နှင့် အဓိက ကတ္တားပုဒ် ကံပုဒ်တွေ ပျောက်နေခဲ့၏။

"ဘာကို ကတိပေးခိုင်းနေတာလဲ၊ အခု မင်းနဲ့ငါ နှစ်ယောက်ပဲ ရှိတော့ ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်၊ မင်း ဘာကို ဖြစ်စေချင်နေ တာလဲ ပြောပါ ..."

ပြောတော့မှာမှန်း သိပေမယ့် ဒီည ဘာမှမပြောသေးဘဲ ကြည့်နေ သဖြင့် ...

"ဒါဆို ငါထင်တာကို ပြောမယ် .. မင်းကို အမေတို့က ငါနဲ့ လက်ထပ်ဖို့ ဒါမှမဟုတ် လက်ထပ်ပေးဖို့ဆန္ဒရှိတဲ့အကြောင်း တိုက် ရိုက် ပြောခဲ့သလား၊ မင်းဖာသာ အကဲခတ်မိတာလား"

"ရှင့်ကို မေမေတို့က ပြောလိုက်ပြီပေါ့"

"မပြောဘူး .. ဒါပေမယ့် အဲဒီအဓိပ္ပာယ်မျိုး သက်ရောက်စေတဲ့





တားမျိုးတွေ ပြောခဲ့ဖူးတယ်၊ ဒါက အမှတ်တမဲ့ ထားလိုက်လို့ရပေ ယ့် မင်း မေးလာတဲ့ မေးခွန်းကို ဖြေစရာ ငါ့မှာ မရှိဘူး၊ ငါ အလုပ် ရှက်ရခြင်းအကြောင်းက ငါ့ဘက်မှာ ခိုင်လုံနေပြီးသား၊ သူများသိဖို့ လိုဘူး"

ပြောပုံက မခံချင်စရာကောင်းပေမယ့် ဦးစိုး အကြောင်းကို သိနေ ပြီးသားမို့ ဒါကို အဓိကမထားဘဲ ဘေးဖယ်ထားလိုက်ရသည်။ ဒီည က မျက်ခုံးလေးတွေ ရှုံ့တွတွနှင့် ...

"ရှင့်ဘက်က ဒီည ကို အလိုရှိနေတာ မဟုတ်တဲ့အကြောင်း နည်းနဲ့ ဖော်ပြဖို့ မလိုပါဘူး၊ မိုးကုတ်ကို ပြောင်းဖို့ကိစ္စက ဒီည နဲ့ သက်ဆိုင်နေတယ်ဆိုရင်တော့ မပြောင်းဖို့ ပြောချင်တယ်၊ ပိုရှင်းသွား အောင် ပြောရရင် ရှင် ဒီမှာပဲနေတဲ့အတွက် အားလုံး အရင်လိုပဲ ဥမကွဲ သိုက်မပျက် နေသွားနိုင်မယ်၊ ဒီည လိုအပ်တဲ့အခါ ရှင့်ဆီက အကူ အညီ ယူရတာမျိုးလည်း ရှိချင်ရှိမှာ"

ဒီည က နားရှုပ်သွားသည့်ပုံစံနှင့် စိုက်ကြည့်နေသည့် ဦးစိုး ကို ပြန်ကြည့်ပြီးမှ မျက်နှာလွှဲကာ ...

"သူခိုးကို ဘဏ္ဍာတိုက်စောင့် ခန့်ထားသလိုပေါ့၊ ရှင့်ကို သူခိုးနဲ့ တာ မဟုတ်ဘူး၊ ပြောချင်တာက မေမေတို့ ယုံကြည်ထားတဲ့သူမို့ ဒီည ဘာလုပ်လုပ် လွတ်လပ်နေမှာပဲ"

"ငါက မင်းကို ရိုးသားကြောင်းပြဖို့ ဒီနည်းကို မသုံးဘူးဆိုရင် ဘာတွေ ပြောဖို့ ရှိမလဲ"

"ဟင်!..."

"ငါ့ကို သူများက ယုံကြည်နေတယ်ဆိုရင် အဲဒီယုံကြည်မှုကို အလွဲသုံးစား မလုပ်ဘူး ဒီည၊ မင်း ဘာလုပ်နေနေ မမြင်လို ပေးလို့ရတယ်၊ မကူညီနိုင်ဘူး၊ မိဘက တားမြစ်နေရင် အဲဒီလမ်းက

www.burmeseclassic.com



မတော်တဲ့လမ်းပဲ၊ မင်းဘာသာ အမှန်ကို မမြင်ရင်တောင် ငါက ဘာ
လုပ်ပါလို့ ဘယ်တော့မှ မတိုက်တွန်းဘူး''

''ဟုတ်ပါပြီ .. ရှင် မှန်တယ်ပဲထားပါ၊ ဒီည ရဲ့ချစ်သူက
သိမ်းသော အရည်အချင်းတွေ အားလုံး ပြည့်စုံနေပေမယ့် မေမေတို့
ရှင်နဲ့ပဲ လက်ထပ်စေချင်လို့ တားမြစ်နေတာဆိုရင်ရော ရှင် လက်ပိုက်
နေလိုက်ရင် သေချာပေါက် တွက်ပြီး စောင့်နေတဲ့သူ ဖြစ်မသွားနိုင်
ဘူးလား ..''

ဦးစီး ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။

မျက်ဝန်းအိမ်လေး ရှည်သလိုလိုနှင့် လူတစ်ယောက်ကို မျ
မှောင်ကုတ်ကြည့်လိုက်တိုင်း ဒါမှမဟုတ် ခပ်စောင်းစောင်း မထိတ
ကြည့်တတ်တိုင်း ကော့ညွှတ်နေသည့် မျက်တောင်ရှည်တွေကြော
ပိုလှသွားသည့် သူမကို စူးစိုက်ကြည့်နေမိ၏။

နှာတံပေါ်လှသည်တော့ မဟုတ်ပေမယ့် သူမ မျက်နှာလေး
တော့ ကြည့်ကောင်းနေတာပင်။ နှုတ်ခမ်းပါး၊ လျှာပါးပုံမျိုး မဟုတ်
စကားတတ်လွန်းတာကိုလည်း အံ့သြမိသည်။

သူမှာ ဘယ်လိုအကူအညီတွေ လိုအပ်နေသည်လဲ ..၊ သူ
တောင်းတဲ့ကတိကို သူ ပေးသင့်သလား၊ မပေးသင့်ဘူးလား ..။

မပေးခဲ့ရင် သူ့အတွက် မကောင်းသလို ပေးခဲ့ပြန်ရင်လည်း
ကောင်းဖို့ မရှိပေ။ ဒီည က မျက်လုံးချင်းဆုံရင်း တိတ်ကျသွားသ
ဦးစီး ကို နှုတ်ခမ်းတွန့်ရုံလေး ပြုံးပြကာ ...

''ရှင် လွယ်ကူတဲ့ဖြစ်လောက်မယ့် အကူအညီမျိုး ဒီည မတော
ဘူးလို့ ကတိပေးပါတယ်၊ ဥပမာ ရှင့်အကူအညီနဲ့ ယောက်ျားနော
လိုက်ပြေးမယ့် အကူအညီမျိုးပေါ့၊ ဒီည အဲဒီလောက် သိက္ခာမဲ့
ပြီးတော့ မေမေတို့ကို မျက်နှာငယ် အရှက်ရအောင်လည်း ဘယ်တော





ချစ်မှာ မဟုတ်ဘူး၊ ကိုယ့်ချစ်သူနဲ့သာ ပေါင်းဖက်ချင်တဲ့ အတွက်တစ်ခု
အလွဲရင်ပေါ့ ..''

သူမ ရှင်းပြပေမယ့် ရှင်းတော့ ရှင်းမသွားပါ။ မရှင်းသေးပေမယ့်
ပါစေတော့။ ဦးစီး ဘာမှမပြောဘဲ သက်ပြင်းရှည်ကြီး ချမိသည်။

''မိုးကုတ်မှာ သွားနေဖို့ အစီအစဉ်က ဒီည ရဲ့မေးခွန်းကြောင့်
လာခဲ့တာဆိုရင်တော့ ခုချိန်မှာ ရှင်အတွက် ဒီခရီးကိုသွားဖို့ အကျပ်
အတည်းတွေ ဖြစ်နေမှာပါ၊ ပထမ ကလေးနဲ့ ဒီည တို့ကို ခွဲထုတ်သွား
တာနဲ့ ကလေးရဲ့အဆင်မပြေမှုတွေကို ရှင် ခါးဆီးခံရတော့မှာ၊ ဒုတိယ
မေမေ အိပ်ရာထဲလဲတဲ့အထိ ဖြစ်ကျန်ခဲ့တာကို ရှင် လှည့်မကြည့်
ထွက်သွားဖို့ လွယ်မလား၊ အဲဒါတွေကြောင့် ရှင့်အကျပ်အတည်း
တွေလည်း ပြေအောင် ဒီည က ပြောတာ''

ပြောပြီးတော့လည်း သူပြေတာကို မစောင့်ဘဲ ဒီည က လှည့်
ထွက်သွား၏။ ဦးစီး ပြန်လှည့်ဝင်လာပြီး ခေါင်းရင်းပြတင်းပေါက်နား
မှာ လက်ထောက်ရပ်လိုက်မိ၏။

အထူးအေးဂျင့်ဆိုသည့် ဖျတ်လတ်ပြတ်သားခြင်းတွေ သူ့မှာ
ကုန်ဆုံးခဲ့ပြီလား ..၊

ဟုတ်တယ်ဆိုရင်တောင် ဒါ ဘယ်ကစခဲ့တာလဲ ဆိုတာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၇ ]

ဖုန်းချလိုက်ပြီး သက်ပြင်းချလိုက်ရပေမယ့် ရင်ထဲမှာ ပေါ့ မသွားခဲ့ပေ။ ချစ်သူဆိုပေမယ့် သူ ချိန်းတဲ့နေရာတိုင်းလည်း ကို မသွားနိုင်၊ ကိုယ်က တွေ့ကြဖို့ ခေါ်တော့လည်း သူက မလာ ...

ကိုယ် မသွားနိုင်တာကို ရှင်းပြလိုက်ရ၊ သူ မလာနိုင်တဲ့အကြော ဖုန်းဆက် ရှင်းပြတာကို နားထောင်လိုက်ရ ...။

တစ်ယောက်နဲ့တစ်ယောက် ပြတ်တောက်သွားကြတာ မဟု ဘဲ စကားပြောဖြစ်တိုင်း တစ်ခါမှ ကြင်နာနွေးထွေးစွာ ပြီးဆုံးရတ မရှိပေ ...။ ဖွဲ့ က စိတ်ဆတ်လွန်းသည်။ ပြီးတော့ မာနကြီးတဲ့သူ

ကိုယ့်အပေါ်မှာ စိတ်ပျက်သွားပါပြီလို့ တွေးပြီး နေမထိ ထိ သာ ဖြစ်ရတဲ့အထိ ဒီည ပူလောင်ခဲ့ဖူးသည်။

ဒါပေမယ့် ဒီနေ့ထိ ဖွဲ့ က လမ်းခွဲစကား မပြောခဲ့ပါ။ ထို့ကြေ ဘာတွေပြောပြော ဘယ်လိုပဲ ပုတ်ခတ်နေပါစေ ဖွဲ့ ကို အပြစ်မြင် မရအောင် စိတ်ထဲမှာ ကြည်ဖြူနေခဲ့သည်။ ဒီနေ့တော့ ဖွဲ့ ပြောသွ လိုက်တာ ဘယ်လိုအမိပ္ပာယ်တွေ သက်ရောက်စေသည် မသိ ...





"ရပါတယ် .. ကိုယ် ဖုန်းဆက်တာက မင်း လာနိုင်မလားလို့ပါ၊ အပူဟပ်လွန်းလို့ ကိုယ့်ရင်ဘတ်တစ်ပြင်လုံး ကျက်နေပြီထင်တယ်၊ နောက်ထပ် ပူလည်း ပူမှန်းမသိတော့ဘူး"တဲ့။

လမ်းခွဲကြေးလို့ ပြောသွားခဲ့ရင်လည်း တစ်မျိုး၊ ခုတော့ ဖွဲ့ နဲ့ ဖုန်းပြောပြီးတိုင်း မွန်းကျပ်ငိုင်တွေ ကျန်ခဲ့ရတာတွေက တော်တော်နဲ့ ပြေတာ တစ်ခါတလေ ညအိပ်ရာဝင်တဲ့အထိ ...။

"သမီးရေ .. ထမင်းစားကြမယ်လေ"

"ဟုတ်ကဲ့ မေမေ"

မေမေကိုယ်တိုင် ရောက်လာပြီး ခေါ်မှ တစ်မနက်လုံး တွေးငေး နေတာတွေကို ဖျောက်ပစ်ရသည်။ တကယ်တော့ မေမေ ဒီနေ့ အထူး ပြုရှင်ပြီး ထမင်းဝိုင်းမှာ လူစုံဖို့ ကြိုးစားနေတာဟာ ...

"သားတို့ သမီးတို့ကို ဒီနေ့ မေမေ အထူးပြောစရာ ရှိတယ်"

စကားစလိုက်တာနှင့် ထမင်းပန်းကန်ထဲမှာ လှုပ်ရှားနေကြသည့် လက်တွေ ရပ်တန့်ကုန်ကာ ဦးစီး နဲ့ ဒီည မျက်လုံးချင်း ဆုံသွားကြ၏။ ဦးကျော်မျိုး ကတော့ တစ်ချက်ပဲမျက်နှာမော့လာပြီး ထမင်းစားမပျက်။

"ဒီလိုကွယ် .. မြေးလေးလည်း ရှစ်လ ရှိနေပြီလေ၊ သူ့လက် ကလေးနဲ့ ဆော့နိုင်၊ ပြေးနိုင်လာလေ ထိန်းရခက်လေပဲ၊ တို့မိသားစု တွေထဲမှာ အားလုံး ပေါင်းစည်းလိုက်မယ်ဆိုရင် ကလေးကို ဒီ့ထက် ပြီး ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်လို့ ရမယ်၊ မြေးနဲ့ သူ့ အဖေ နွေးထွေးမှု မရှိခဲ့တာတွေကိုလည်း ပိုပြီး ကြိုးစားယူလို့ ရတာပေါ့"

သိပ်တော့ မနီးစပ်သေးပေမယ့် စကားအသွားအလာကို နား ထည်နေကြပြီမို့ မျက်နှာတွေ အသီးသီးပြန်ငုံ့သွားကြသည်။ ဒေါ်ဖြူဖြူ စကား ခဏရပ်ပြီး အကဲခတ်၍ ...

"ခုဆိုရင် သမီးလက်ပေါ်မှာပဲ ကလေးက နေတာ၊ အဖေက



www.burmeseclassic.com

www.burmeseclassic.com



မြူချင်ရှော့ချင်တော့ တခြားကို ဆွဲခေါ်သွားရတာမျိုး၊ ညမှုညတာ ကိုယ့်သားလေးနဲ့ အတူတူအိပ်ချင်တဲ့ဆန္ဒ သားမှာ ရှိနေရင်လည်း ကလေးက သမီးနဲ့ ခွဲလို့မရတော့ တခြားစီ နေရပြန်ရော၊ ဒီတိုင်း နေသွားကြရင် ဖအေဖြစ်ပြီး သားမှာလည်း ချစ်လို့မရ၊ မအေမဟုတ်ဘဲ နဲ့ မအေနဲ့တူနေတော့လည်း သမီးမှာ အပြောအဆို မလွှတ်တာတွေ ရှိလာမယ်၊ မေမေ ခုလို စကားတွေ သိုင်းဝိုင်းပြောနေတာ လိုအပ်လို့ ပါ၊ ဖြစ်ကိုဖြစ်သင့်နေတာ သားတို့နှစ်ယောက် သိစေချင်တယ်"

"ကဲ .. သိစေချင်ရင်လည်း ပြောလိုက်တော့ကွာ၊ ပြီးမယ့်ဟာ ပြီးဖို့ပဲ အရေးကြီးတာ၊ အားလုံး အစားအသောက် ပျက်ကုန်ပါ့မယ်"

ဦးကျော်မျိုး က ခပ်အေးအေးနေချင်သူပီပီ သူများကိုလည်း စိတ် ဆင်းရဲမှုမပေးလိုသူ ဖြစ်သည်။ ထို့ကြောင့် သူကိုယ်တိုင်လည်း ထမင်း စားခြင်းကိုပဲ အာရုံစိုက်နေခဲ့လျက် ...

"စားသောက်ပြီးမှ ပြောလည်းရတဲ့ဟာကို .."

အပြစ်တင်သလို ပြောလိုက်သေးသည်။

"ထမင်းဝိုင်းမှာပဲ လူစုံတာလေ၊ ပြီးတော့ အထူး အရေးကြီးတဲ့ စကားဆိုတာ မိသားစုတွေအတွက် ထမင်းဝိုင်းမှာ ပြောမှ အဓိပ္ပာယ် ရှိတာ" လို့ ဒေါ်ဖြူဖြူ က ကိုယ့်အမှန်တရားနဲ့ကိုယ် ခေါင်းမော့၏။

"သားတို့ သဘောပေါက်နေပြီ ထင်စာယ်နော်၊ သားနဲ့သမီးကိုလေ မြေးလေးရဲ့နောင်ရေးအတွက်ရော မေမေတို့မိသားစု ဒီတိုင်းမကွဲမကွာ နေသွားကြဖို့အတွက်ပါ တွေးပြီး လက်ထပ်ပေးမယ်လို့ မေမေတို့ တိုင်ပင်ထားကြတယ် သိလား၊ ဒီစကားကို ပြောချင်တာ ကြာခဲ့ပါပြီ ဟိုတုန်းတည်းက သားက အိမ်ကပ်တဲ့သူ မဟုတ်တဲ့အပြင် သမီးနဲ့ ပြောဆိုတိုင်း အဆင်မပြေဖြစ်နေကြတာကြောင့် မျိုသိပ်နေခဲ့ရတာ ခုတော့ အဆင်ပြေသွားပြီလို့ ပြောချင်တာလား၊ အရင်လိုမျိုး





ျက်နှာချင်းဆိုင်လိုက်တိုင်း တကျက်ကျက် မဖြစ်တော့တာက ကိုယ့် းလည်မှုနဲ့ကိုယ် ကျေနပ်ခဲ့ကြတာ..။

ဒီည မျက်ဝန်းလေးတွေ ဦးစီး ဆီ ဖျတ်ခနဲ ရောက်သွားသည်။ ျက်နှာချင်းဆိုင်မှာ ရှိနေသည့် ဦးစီး က တိုစိပ်စိပ်မျက်တောင်တွေ င်းချထားကာ ထမင်းစားနေတာ ဣန္ဒြေမပျက်..။

"ငါက ယောက်ျားဖြစ်နေတဲ့အတွက် မင်းအမေ ဖွင့်ပြောလာရင် ငြင်းရခက်မှာကို ခုတည်းက မင်း နားလည်ထားဖို့ လိုတယ်"

ဆိုတာ သူ ကြိုပြောခဲ့ပြီးသား ..။

"ခုတော့လေ သားနဲ့သမီးတို့လည်း ရင်းနှီးမှု အတော်အတန်ရှိ နေပြီလို့ ထင်တယ်၊ မြေးလေးရယ် သူ့အဖေရယ် အမေရယ် မိသားစု ဘဝလေးကိုလည်း မြင်ချင်တယ်ကွယ်၊ သမီးပြောပါဦး၊ သားကရော.."

အသီးသီး မျက်နှာတွေ မော့လာကြ၏။ ထိုစဉ် ကလေးငိုသံ ဒုးဝါးဝါး ပေါ်လာသဖြင့် အားလုံး လည်ပင်းရှည်သွားကြ၏။

"မမလေး .. လုပ်ပါဦး .. ဒီမှာ .."

"ဟင်!..."

စိုးစိုး သည် ကလေးကို ချီထားရင်း ထမင်းစားခန်းထဲကို ခေါင်း ငိုက်စိုက်နဲ့ ဝင်လာ၏။ အဘယ်ကြောင့်ဆိုသော် ဖိုးသားလေးရဲ့ က်နှစ်ဖက်ထဲမှာ သူမရဲ့ခေါင်းက ဆံပင်တွေ လုံးထွေး ဆုပ်ဆွဲထား ခြင်း ခံနေရပြီး ....

"မမလေး .. ဖိုးသားလေးကို ချော့လို့ မရဘူး၊ လုပ်ပါဦး"

"သားသား လွှတ်လိုက်လေ .. ဒီလို မလုပ်ရဘူး၊ လာ .. တီည ဆီ လာ .."

လက်လေးတွေကို တစ်ချောင်းစီ ဖြည်ယူကာ စိုးစိုး လွှတ်မြောက် အောင် တော်တော် ကြိုးစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .. မေမေ ထမင်းသွားစားပါ"

"မင်းလည်း ထမင်းစားလိုက်ပါ၊ သားကို ပေး .."

အနားမှာ ဝိုင်းလာသည့်လူတွေကို မပေးဘဲ ဒီညု က သူ့ ရင်ခွင်ထဲမှာ ပိုက်ပြီး စားပွဲမှာ ပြန်ထိုင်ကာ ...

"ရပြီ .. ရပြီ၊ အားလုံး ထမင်းပြန်စားတော့"

သူမ မစားဘဲ ထွက်သွားလျှင် 'မင်း စားပါ၊ ငါ စားပါ' ဘယ်သူမှ ပြန်စားလို့ဖြောင့်ကြမှာ မဟုတ်တာ သိနေသဖြင့် ပြန် လိုက်ရပေမယ့် စားချင်စိတ်လည်း မရှိတော့ပါ။

သို့သော် မျက်ရည်ကြောင်းလေးတွေနှင့် ဖိုးသားက လုံးဝ ကျ ငြိမ်သက်သွားသောကြောင့် ပြန်မထတော့ဘဲ ...

"ကလေး ဘာဖြစ်တာလဲ စိုးစိုး"

ဆံပင်ဇုတ်ဖွားနှင့် မျက်လုံးပြူးရင်း ရပ်နေဆဲရှိသည့် စိုးစိုး များများသလဲ ...

"ဟို .. ဟိုလေ ..."

လက်ညှိုးထိုးမလို့ ဆန့်ထွက်လာသည့်လက်က ဦးစီး လှမ်းကြ လိုက်တာနှင့် ဟိုမကျ ဒီမကျ တိမ်းလွဲသွားကာ ...

"ဟို .. ကျွန်မက ခေါက် .. ခေါက်ပုံ ပြတာ"

"ဘယ်သူ့ခေါက်ပုံလဲ"

စိုးစိုး က ထိတ်လန့်သည့်မျက်နှာလေးနှင့် ခေါင်းငုံ့သွားလျ

"အစ်ကိုလေး ခေါက်ပုံပါ၊ အဲဒါ ဖိုးသားရဲ့ဖေကြီး မချစ်ဘူးလ လို့ မေးလို့ .."

"ဘာ!..."

ဒီညု က မကျေမနပ် မျက်မှောင်ကုတ်၏။ ဒေါ်ဖြူဖြူ က မရှည်သည့်လေသံနှင့် ...





"ဟဲ့ .. ဒါနဲ့ပဲ ငိုရောလား"

"ဟုတ်တယ် ကြီးကြီး၊ ကျွန်မ အဲ့ဒါပဲ ပြော .."

"ဒိုင်း .."

"ဟာ!..."

"ချလွမ်း"

ဘယ်စကားမှ မဆုံးလိုက်မီ ဒီညု ရဲ့ရင်ခွင်ထဲကနေ ဆွဲလွဲ ဇွ ယမ်းပစ်လိုက်သည့် ကလေးရဲ့ပုတ်ခတ်မှုကြောင့် ဟင်းပန်းကန်တွေ ဘိုးတိုက် ရွှဲစောင်းကုန်၏။ မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် ဦးစီး ရင်ခွင်ထဲကို သူ့ထမင်းပန်းကန် စောင်းကျသွားကာ တခြားဟင်းပန်းကန် တွေထဲက အစက်အပေါက်တွေပါ ရင်ဘတ်ကို ပြေးစင်ကုန်ကြ၏။

"ဖိုးသား .. ကြည့်စမ်း .."

ကလေးရဲ့လက်တွေမှာပါ ဟင်းတွေ ပေကုန်သဖြင့် နေရာမှ ချက်ခနဲ ထရပ်လိုက်ကာ ဒီညု ဘာလုပ်ရမှန်းလည်း မသိ..။

"မမလေး.. ကျွန်မကို ကလေးပေး၊ မမလေးကိုယ်မှာပါ ပေကုန်ပြီ"

ကလေး လာပေးမိသည့် သူ့အပြစ်ကြောင့် စိုးစိုး မျက်နှာလေး ငယ်ငယ်နှင့် ပြေးခေါ်သည်။ အားလုံး ရုတ်ရုတ်သဲသဲတွေသာ ဖြစ်ကုန် သည်။ ဖိုးသားလေးက ခိုးခိုးခစ်ခစ်ရယ်နေကာ သွားပေါက်ခါနီး သွားဖုံး ဖြူဖြူလေးတွေ ပေါ်နေတဲ့အထိ..။

ဦးစီး က သားမျက်နှာကို တစ်ချက် စိုက်ကြည့်ကာ ထမင်းဝိုင်း ကနေ ထထွက်သွား၏။ ဒီလိုအဖြစ်တွေ ရှိလာတိုင်း နားမလည်ရဖန် များတော့ ဒေါ်ဖြူဖြူ သံသယတွေ ဝင်လာမိတော့သည်။

ဒါတွေ တိုက်ဆိုင်တာမှ ဟုတ်ရဲ့လား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

တစ်နေ့ တစ်နေ့နဲ့ စဉ်းစားနေပြီး လက်က မရောက်ခဲ့တာ ဖိုးသားလေး ဆယ်လကျော်မှ ဗေဒင်ဆရာမတစ်ယောက်နဲ့ ဆက်သွယ်ပေးမယ့်လူ ပေါ်သည်။

"အကြားအမြင် အရမ်းကောင်းတာပဲတဲ့ သမီးရေ .. မေမေတ် သွားရအောင်၊ ဆရာမက လက်ဖဝါးချင်း နည်းနည်းကပ်ကြည့်လိုက် တာနဲ့ အာရုံခံကြည့်လို့ရတယ်တဲ့၊ ပဲခူးနောက်ကရွာမှာဆိုတော့ ဟိုဘက် ဆက်သွားရဦးမှာနဲ့ မေမေတို့ ဟိုမှာ တစ်ညတော့ အိပ်မှဖြစ်မယ်"

"သွားမယ်လေ မေမေ .. ကလေးအတွက် မဟုတ်တဲ့ယတြာတွေ မပေးဘူးဆိုရင် ပြီးတာပဲ"

"သူက အဆောင်လက်ဖွဲ့တော့ ပေးတယ်၊ ဒါပေမယ့် ရောင်းစား တာ မဟုတ်ဘူး၊ လိုအပ်မှ ပေးတာလို့ ပြောတာပဲ၊ တောကျောင်းလေး မှာ သီလရှင်တွေအတွက် ကျောင်းဆောက်လှူပြီး သူလည်း အဲဒီမှာ နေတာတဲ့၊ ဗေဒင်မေးဖို့ ဒီတိုင်းသွားရင် တွေ့လို့မရဘူးတဲ့ သမီးရဲ့ တကယ် ဒုက္ခရောက်တဲ့သူကိုမှ ကူညီတာတဲ့၊ အထူးသဖြင့် မေမေ လို ပြဿနာတွေကို သူ ဖြေရှင်းပေးနိုင်တယ်တဲ့"





အပြင်ကနေ ပြန်လာပြီး မနားနိုင်သေးဘဲ လက်ပွေ့အိတ်ကြီး ဘယမ်းယမ်းနှင့် ဒေါ်ဖြူဖြူ က သတင်းအစုံအလင် ပြောပြသည်။

"မေမေလည်း သူ အဲဒီဆရာမအကြောင်း ချီးမွမ်းနေတာတွေ ကြားတော့ ကြားနေတာပဲ၊ ဒါပေမယ့် ကိုယ့်အပူနဲ့ တိုက်ဆိုင်တာ မဟုတ်တော့ အမှတ်တမဲ့ နေခဲ့မိတာ၊ ရင်ထဲမှာ သားရေးသမီးရေးတွေ ဲ အစီအရီရှိနေတုန်း မြေးရဲ့ကိစ္စက မထင်မှတ်ဘဲ အကြီးအကျယ်ဖြစ် လာတာကိုး"

မေမေ ပြောလိုက်တာကို မကြားသလိုနေကာ ရေချိုးခန်းဝင်ဖို့ ခကျီလဲနေလိုက်သည်။ ဒေါ်ဖြူဖြူ က ထိုနေရာထိ ဝင်လိုက်လာပြီး လက်ကိုင်အိတ်ကို ပေါင်ပေါ်တင်၍ ဒီည အိပ်ရာဘေးမှာ ထိုင်သည်။

"ဒါနဲ့ သမီးတို့ကိစ္စ မေမေ ပြောပြထားပြီးပြီနော်၊ အဲဒါကို သမီး ခေါင်းထဲမှာ သေချာထည့်ထားဦး၊ မြေးလေးပြဿနာ ပြီးသွားရင်..."

"မေမေကလည်း ဒီလိုကိစ္စကြီးကို သမီးက ချက်ချင်း ခေါင်းထဲ ထည့်လို့ ရမလား"

"ထည့်ရမှာပဲ သမီး၊ သမီးနဲ့ ဦးစိုး ရယ် .. မြေးရယ် ဒီတိုင်း ဘာလိုလို ခရီးဆက်နေကြလို့ ဖြစ်ကိုမဖြစ်ဘူး၊ နောက်ပြီး ဦးစိုး က ခွက်သွားဖို့ စီစဉ်နေတယ်၊ သမီးက ချစ်သူနဲ့မို့လို့ လက်မခံနိုင်ဘူး၊ ဦးစိုး ထွက်သွားဖို့ဖြစ်လာတာတောင် မေမေက သမီး ပယောဂဖြစ်နိုင် တယ်လို့ တွက်ခဲ့မိတာ၊ ဒါပေမယ့် သမီး အဲဒီလောက် ဂလေးမဆန် ဘူးဆိုတာ ယုံကြည်လို့ အဲဒါကို မဖြစ်နိုင်ဘူးလို့ပဲ ထားလိုက်တယ်၊ သမီးရဲ့ချစ်သူဆိုတဲ့တစ်ယောက် ဘယ်လို အရည်အချင်း၊ ဘယ်လို ဂုဏ်ဒြပ်တွေ ရှိနေနေ နောက်ဆုံး သမီးရဲ့ကိုယ်ပေါ်ကို တစ်နေ့ အခါ ခုနစ်ဆယ်လောက် ရွှေမိုးငွေမိုး ရွာချပေးနိုင်အောင် ချမ်းသာတယ်ဆိုရင် လည်း မေမေကတော့ ပယ်ဖယ်ားဘဲကို ဝေဉ့်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူ က ဆုံးဖြတ်ထားသည့် မျက်ဝန်းတွေ ရူးရဲနေလျက် ကလေးအကြောင်းကနေ အိမ်ထောင်ရေးအတွက် ပြောင်းသွားပြီး အပြတ်အသတ် ကြေညာ၏။

ဒီညူ စိတ်ညစ်သွားသည့်မျက်နှာလေးနှင့် ရေချိုးခန်းထဲဝင်တော့ လည်း တံခါးဝထိ ပါလာကာ ...

"ဦးစိုး က မြေးလေးရဲ့အဖေ၊ နောက်ပြီး ညည်းအစ်မ ချစ်ခဲ့တဲ့ ယောက်ျား၊ သူ့ကို မြင်နေရတာ ငါ့သမီးကြီးကိုယ်စား ဖြေသိမ့်စရာ တစ်ခု ရထားသလိုပဲ၊ နောက်ထပ်ပြီး ဒီသားအဖကို ခွဲထုတ်ပေးလိုက်ရ ဦးမယ်ဆိုရင် မေမေ သေသွားနိုင်တယ်"တဲ့ ..။

မေမေက တစ်ဖက်၊ ဖွဲ့ က တစ်မျိုး။ ဒီညူ ရေချိုးပြီး မနက် စောစော ပဲခူးသွားဖို့အတွက်ပါ တစ်ခါတည်း ပြင်ထားလိုက်သည်။

ဒီကိစ္စ ဖွဲ့ နဲ့ သေချာပြောပြဖို့တော့ လိုပြီဖြစ်သည်။ မေမေက တော့ ဘယ်လိုမှ သဘောမတူနိုင်ပါဘူးလို့ ကြေညာပြီးဖြစ်သလို ဖွဲ့ ကလည်း မေမေနဲ့ပတ်သက်ဖို့ အဆုံးစွန်ထိ ကြိုးစားမယ့်သူ မဟုတ်..။

ထို့ကြောင့် သူမ ဆုံးဖြတ်ဖို့သာ ရှိတော့သည်။

"ကိုဦးစိုး .."

ဒီညူ အခန်းထဲကအထွက် ဦးစိုး က ဘောင်းဘီရှည်အနက် ကုတ်အကျီအနက်နှင့် ရှောကားဆီ ဖြတ်လျှောက်သွားသဖြင့် ခေါ် လိုက်မိသည်။

စီးကရက်ကြိုက်သူပီပီ ဦးစိုး လက်ထဲမှာ ဖုန်းပုံသဏ္ဍာန် ရွှေအို ရောင်မီးခြစ်ပြလုလေးနှင့် မီးခိုးလွန့်နေသည့် စီးကရက်လက်ကြား ညှပ်လျက် ..။

အပြင်က ပြန်လာရတာ အိမ်ထဲက ထွက်တာဖြစ်ဖြစ် လက်ကိုင် အိတ်၊ ဂေါက်ဆွဲအိတ် ဘာညာ သူ့လက်ထဲမှာ ဘယ်တုန်းကမှ မမြင်ခဲ့





...း မကြာခဏ သွားလာနေတာမျိုးလည်း မဟုတ်ဘဲ ထွက်သွား ...း ဒီတိုင်း၊ ပြန်လာလည်း ဒီပုံစံပဲ ဖြစ်သည်။

ပါလာပြီဆိုရင်လည်း ကလေးအတွက် စားစရာ ဒါမှမဟုတ် ...းစရာ တစ်ခုခုသာ ..။

"ဘာပြောမလို့လဲ .. ငါ သွားစရာရှိသေးတယ်"

"ခဏပဲ"

လို့ ပြော၍ ဒီညူ ပဲ သူ့နား သွားလိုက်ကာ ...

"ဒီညနေ ရှင် ပြန်ရောက်ရင် တစ်ခုလောက် ကူညီပါလား"

"ဘာလဲ .."

"ဒီညူ သူနဲ့ ဆွေးနွေးစရာ ရှိတယ်၊ ခဏတော့ သွားမှဖြစ်မယ်"

ဦးစိုး က မီးခြစ်ကိုင်ထားသည့် လက်နဲ့ပဲ စီးကရက်တစ်ရှိုက် ...က်ပြီး ...ကိုဘက်လှည့်၍ ခပ်ဖြည်းဖြည်း မှုတ်ထုတ်သည်။ ...ပြီးမှ ပြန်လှည့်ကြည့်၍ ...

"ရတယ်လေ .. ပြောစရာရှိလို့ဆိုရင် လိုက်ပို့ပေးမယ်၊ မင်း ...ခု ဆုံးဖြတ်ထားလို့ ထွက်တာဆိုရင်တော့ ငါ့ပယောဂနဲ့ မဖြစ် ...ဘူး"

"ရှင့်ကို ဒီညူ ကတိပေးနိုင်တယ်၊ အဲဒီလို မဖြစ်စေရဘူး .."

ဒီညူ က ပြောလို့မပြီးသေးဘဲ ရပ်ပစ်လိုက်ကာ မျက်နှာလေး ...၍ ဆံပင်တွေ သပ်သည်။ လည်တိုင်ရှင်းတဲ့သူမို့ သူမ မျက်နှာ ...း မော့လိုက်တိုင်း ပင့်တက်သွားသည့် မေးဖျားသွယ်သွယ်လေးနဲ့ ...တိုင်ကျော့က ထူပြည့်သည့် နှုတ်ခမ်းသားလေးတွေဆီ အနားသ ...ပေးထားသလို ရှိလေသည်။

...ပြီးတော့ ပျော့နွဲ့သည့် ဆံနွယ်လေးတွေ မျက်နှာလေးရဲ့ ...ား ...ဘ်မှာ ရှုတ်ဖယ် အိတွဲသွားပုံလေးက ကြည့်လို့ ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီည ဆိုသည့် မိန်းကလေးကို သူ စမြင်ဖူးကတည်းက သ ထားမိခဲ့သည်။ မထင်မှတ်ဘဲ ကိုယ့်အပေါ်မှာ ငြိုးမယ်ဖွဲ့သွားခဲ့တ လည်း ကိုယ့်ဘက်က ရည်ရွယ်တာ ဘာမှမရှိခဲ့ပေ..။

လွင် နဲ့ တွေ့လိုက်တော့ လွင့် ရဲ့မျက်နှာလှလှလေးနဲ့ နူးညံ့လို ပျော့တတ်သည့် စိတ်ထားလေးကြောင့် သူ့ရင်ထဲမှာ ငြိမ်းချမ်းသွ ခဲ့သည်။

ဒီည နဲ့ပတ်သက်သည့် မတင်မကျ ရှုပ်ထွေးနေခဲ့သမျှ အား က ဘာမှမဟုတ်တော့ဘဲ ဖြစ်သွား၏။

တကယ်တော့လည်း သူ့ဘဝမှာ အချစ်က အရေးပါသည့် မျက်နှာတစ်ချပ်အဖြစ် ရှိနေခဲ့တာ မဟုတ်ပါ။ စက္ကန့်မလပ် မျက်စိ နားစွင့်ထားရသည့် အာရုံများစွာထဲမှာ အချစ်ကို ထုတ်နုတ် မွေးမြူ ဖို့ အချိန်မရှိခဲ့..။

လွင် ကိုယ်တိုင်က သူမထံမှ အချစ်တွေကို တဖွဖွပြောပြီး စိုက် လိုက်လျောခဲ့တာတွေပဲရှိကာ ချစ်သလားလို့ သူ့ကို မမေးခဲ့ဖူး

ထို့ကြောင့် အချစ်နဲ့ စိမ်းသက်နေခဲ့သည့် သူ့အမြင်မှာ ချ တိုင်းရဲ့ မခွဲနိုင်မခွာရက်ခြင်းတွေက အထူးတဆန်း ဖြစ်နေခဲ့သည

ချစ်သူနဲ့သာ ပေါင်းဖက်လိုခြင်း၊ ချစ်သူနဲ့ဝေးရတဲ့အခါ သော ပွေခြင်း အားလုံးသော အချစ်ကြောင့် ခံစားချက်တွေကိုလည်း ကို ချင်းမစာတတ် ..။

သူ့စကားကြောင့် တင်းမာသယောင် ဖြစ်သွားသည့် ဒီည မျ နှာလေးကို စိုက်ကြည့်နေမိရင်း သူ့စိတ်တွေ လွင့်ပျံ့သွားတာကို စုစည်းကာ ...

"မင်းကို ငါ ပြောပြီးသားပဲ၊ ဒီကိစ္စဖြစ်လာရင် ငါ့ဘက် မကောင်းတတ်တာတွေ အများကြီး ရှိတယ်၊ မင်းရဲ့ ဆုံးဖြတ်ချက်





ခင်းနဲ့ပဲ သက်ဆိုင်ပေမယ့် ငါက လိုက်ပို့တယ်ဆိုရင်တော့ .."

"ဆက်ပြော .."

"ရှင့်ပယောဂ မပါဘဲ ဖြစ်သွားစေရမယ်၊ ဒါပေမယ့် ရှင့်အကူ အညီ လိုမှာတော့ အမှန်ပဲ"

ဦးစီး ဘာမှမမေးပေမယ့် မျက်ခုံးတွေ စုကျုံ့နေသဖြင့် ...

"ရှင့်ကို ယုံကြည်ပါတယ်၊ အဲဒါကြောင့် ဒီည သေချာ မဆုံးဖြတ် ရသေးတဲ့စိတ်ကူးကို ပြောပြမယ်၊ မေမေက ဒီည တို့ကိစ္စကို တကယ် ဖြစ်အောင် လုပ်တော့မှာ သေချာနေပြီ၊ ဖွဲ့ ကလွဲပြီး တခြားယောကျ်ား ကို ဒီည လက်မထပ်နိုင်ဘူး၊ အဲဒါကြောင့် မလွှဲသာ ဆုံးဖြတ်ရပြီဆိုရင် တော့ မေမေတို့ရဲ့ ဒေါသ မောဟတွေပြေဖို့ ရှင် တတ်မှာပါ၊ အဲဒါလေး ပဲ ကူညီ"

ဦးစီး မျက်နှစလွှဲသွားပြီး စီးကရက် ရှိုက်သည်။ ထိုဘက်မှာပဲ မီးခိုးငွေ့တွေကို ထုတ်ပစ်ခဲ့ပြီး စီးကရက်မီးကို လက်ညှိုးလက်မနဲ့ ဖိချေ သတ်လိုက်၏။

အငွေ့တစ်စက်မှမကျန်တော့မှ အမှိုက်ပုံးထဲကို ပစ်ထည့်သည်။ ဒါပေမယ့် ဒီည စီးကရက် လွင့်ကျတဲ့အတိုင်း လည်ပင်းလိမ်အောင် လိုက်ကြည့်ကာ ...

"အဲဒါ ဘယ်လောက် အန္တရာယ်ကြီးသလဲ .. ရှင် သိရဲ့လား"

ဦးစီး နှုတ်ခမ်းမှာ ထိမထင်သည့်အပြုံး ဖျတ်ခနဲ ထင်သွား၏။

"မီးဆိုတာ လူက သုံးတာ"

ဒီည မျက်နှာကို သူက စိုက်ကြည့်၍ ...

"မကြောက်ရင် ဘာမှမဖြစ်ဘူး၊ ကြောင့်ကြမှုတွေ များနေရင် တော့ မင်း ဘာမှမလုပ်နဲ့"

ပြောပြီး ခဏကြည့်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ လှေကားအတိုင်း ဆင်းသွား၏။ ကြောင့်ကြမှုဆိုတာ မရှိဘဲနေမလား ..။ မျက်လုံးတွေက အမှိုက်ပုံးဆီ ပြန်ရောက်သွားပြီး စိတ်ထဲမှာ မကျေနပ်နိုင် ..၊ အမှိုက်တွေထဲ မီးပွားကျန်ပြီး ကူးလောင်မှာစိုးလို့ ပြောတာကို လူကို ရိသလိုလို လှောင်သလိုလို လုပ်သွားသည်။

ချစ်သူကို ရွှေလက်မတွဲရဘဲ တွေဝေနေတာကို သူ ကဲ့ရဲ့ချင်တာလား ..၊ ဒါ ကဲ့ရဲ့စရာမှ မဟုတ်ဘဲ၊ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ရေးဆိုတဲ့ နယ်ပယ်တစ်ခုကို ချဉ်းနင်းဝင်ရောက်ခြင်းဟာ ဘဝရဲ့အစ ..။

တိုးတက်သာယာသွားနိုင်မလား ..၊ ပျက်စီးကုန်ဆုံးစေမှာလား..၊ အဲဒီလို တွေးပူနေမိတာတွေ သူမ ရင်ထဲမှာ တကယ်ရှိနေတာမို့ ဦးစီး ပြောသွားတာကို မကျေနပ်ပေ..။

ခွဲ နဲ့ပတ်သက်သည့် မိဘမျိုးရိုးအခြေအနေ၊ ဘာတွေ လုပ်ကိုင်နေလို့ ဒီလောက် ချမ်းသာလာတာလဲ ..၊

စသည့် အတွေးတွေက ခြောက်လှန့်နေခဲ့၏။ ထို့ပြင် မာနကြီးသည့် ခွဲ က မေးတိုင်းလည်း ဖြေတဲ့သူ မဟုတ် ..။

ရင်ထဲမှာ ချစ်တဲ့စိတ်နှင့် မဝံ့ရဲခြင်းတွေပဲ အချိန်ပြည့်ရှိနေကာ ဒီတစ်ခါ တွေ့ကြရင်တော့ ပွင့်လင်းမှုဖြစ်မည်ကို တစ်ထစ်ချ တွေးထားမိ၏။

ကိုယ် အားကိုးရမယ့်ယောက်ျား ဘယ်လိုလူလဲဆိုတာ ဒီအချိန်မှာ သိသင့်ဆုံး ..။





အခန်း [ ၁၉ ]

ချိန်းလိုက်တာက ရိုးရှမ်းတစ်ခုမှာ ဖြစ်သည်။ ကားက ဒီဘက်...ဲ ရပ်ထားလို့ရတော့ ကားပေါ်က မဆင်းခင် ဒီညှ လှမ်းကြည့်နေ...။

"သွားလေ .. တိုက်ခန်းနံပါတ်နဲ့ ရှာလိုက်ပေါ့"

စတီယာရင်မှာ လက်တင်ထားပြီး ပြောတော့ ဒီညှ က သူ့ကို ...ည့်မကြည့်ဘဲ ငေးနေရင်း ...

"ဒါ သူနဲ့ပတ်သက်နေတဲ့ ရိုးရှမ်းထင်လို့ ကြည့်နေတာ၊ သူ့...ခွဏီက ဒီလိုပစ္စည်းတွေ ထုတ်တာပဲ"

"ဘာဖြစ်လဲ .. ပြောစရာရှိ...ာ ပြောပြီး ပြန်ရုံပဲ မဟုတ်ဘူး...။"

ဒီညှ ဘာမှပြန်မပြောဖြစ်ပေမယ့် ခွဲ ရှိနေတဲ့ သူ့ပိုင်နက်မြေ...ဝန်းထဲကို လိုက်သွားရတဲ့အထိတော့ မဖြစ်ချင် ..။

ပြီးတော့ ခွဲ ရဲ့ အရွတ်ဆန်ချင်သည့်အကျင့်က အပြင်မှာ...ာင်...ယ်သူဘယ်ဝါ ဘာတွေရှိရှိ ထင်ရာလုပ်ချင်ပြီဆို ဇွတ်...ရွှတ် ..။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ တစ်ယောက်နဲ့တစ်ယောက်က အဆင်ပြေပြေရှိကြတာ လည်း မဟုတ်တော့ ...

"ဟလို ဖွဲ့ လား .."

"... ... ... ..."

"အင်း .. အခု အဲဒီရှေ့ကို ရောက်နေပြီ၊ ဖွဲ့ ထွက်လာပါလား"

"... ... ... ..."

"အဲလိုကြီး ဝင်မလာချင်လို့ပေါ့၊ တစ်နေရာမှာ စကားပြော အောင်လေ"

"... ... ... ..."

"ဒါဆိုလည်း ဖြစ်ပါတယ်၊ ဖွဲ့ တော့ ထွက်လာဦးလေ၊ ရှိုးရွမ်းမှာ လူတွေအများကြီးနဲ့၊ ဒီည ဝင်မလာချင်ဘူး"

ရှေ့ရောက်နေမှ ဖုန်းဆက်နေတာကို တစ်ချက်ကြည့်ပြီး ဦးစိုး က စီးကရက်ထုတ်သည်။ မီးညှိနေကာမှ ဒီည က လှည့်ကြည့်၍ --

"ရှင် စောင့်နေနော် .. ကားနေရာ ရွှေ့ထားရရင်လည်း ဒီက ထွက်လာတာမြင်ရင် ဖုန်းဆက်ဦး"

"သွားလေ .."

သူ့နှုတ်ဖျားက လက်ကျန်လွင့်ထွက်လာသည့် စီးကရက်မီးခိုးတို့ က ဒီည မျက်နှာလေးဆီ မပို့တပိ ကျီစယ်သွားကြသည်။

ဒီည နှာခေါင်းလေး ရှုံ့သွားပြီး ရှိုးရွမ်းဆီ လှမ်းကြည့်ကာ --

"သွားတော့မယ်"

ဒီည လှမ်းကြည့်လိုက်တော့ သူလည်း ကြည့်မိလျက်သား ဖြစ် သွား၏။ ရှိုးရွမ်းရှေ့မှာ ဘောင်းဘီရှည်အနက်ကို ရင်ဘတ်နားမှာ ပန်း သွေးရင့်ပါသည့် စပို့ရှပ်လက်တိုအနက်နှင့် တွဲဝတ်ထားသည့် လူရွယ် တစ်ယောက် ..။





အရပ်မြင့်ပြီး အသားဖြူသည်။ ဆံပင်တွေ ပခုံးအောက်ကျအောင် ရှည်ကျနေပေမယ့် လှိုင်းတွန့်တွေ သိသာစွာထင်နေတာက ပုံစံမပြောင်း ဆဲ..။

"နေဦး .."

တစ်ခါမှ ကိုယ်ထိလက်ရောက် ရှိခဲ့တာမဟုတ်ဘဲ တံခါးဖွင့်ဆင်း လေို့ လုပ်ကာမှ လက်ကို ဖမ်းဆွဲပစ်လိုက်တော့ ဒီည မျက်နှာ တင်း သွားလျက် ဆတ်ခနဲ လှည့်ကြည့်၏။

ဦးစိုး က လက်ကို လွှတ်လိုက်ပြီး မျက်လုံးတွေက တခြားမှာဖြစ် တာ ...

"မင်းရဲ့ ဖွဲ့ က ဟိုတစ်ယောက်လား .."

သူ မေးဆတ်ပြကာမှ သိနေရက်နဲ့ ပြန်ကြည့်မိသည်။ ဖွဲ့ က သည်း ဘောင်းဘီအိတ်တွေထဲ လက်ထည့်ထားပြီး ဒီကို ကြည့်နေ၏။

ဒီည စိုးရိမ်သွားကာ လေသံပါ ဝေါက်ဆက်ဆက်ဖြစ်သွားခဲ့၏။

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ"

ဦးစိုး မျက်နှာသည် သားကောင်တွေ့လိုက်သော ကျားရဲကဲ့သို့ ကျဉ်းမြောင်းသွားသည့်မျက်ဝန်းတွေ ရူးရူးရဲရဲ ဖြစ်နေလျက် ...

"ဟုတ်တယ်ဆိုရင် မင်း အခု သူနဲ့တွေ့မယ့်ကိစ္စဟာ လမ်းခွဲ စကားပြောဖို့ပဲ ဖြစ်သင့်တယ်"

"ဘယ်လို!... ရှင် ဘာပြောတယ်"

ဦးစိုး က ကိုယ်ကို နေရာတကျ ပြန်ထိုင်လိုက်ပြီး စီးကရက် အသက်ကြီးကို တစ်ရှိုက်ပဲဖွာကာ သူ့ထုံးစံအတိုင်း မီးသေအောင် ဖိချေ သတ်ပစ်၏။

ပြီးမှ မှန်ချ၍ အပြင်ကို လွှင့်ပစ်လိုက်ကာ ...

"မင်း သွားလိုက်ပါ၊ မိုက်မဲတဲ့မိန်းကလေး မဖြစ်ချင်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီမှာ မင်းရဲ့ နှုတ်ရော လူရော ဘာမှ မကျွံမိစေနဲ့"

ဒေါသဖြစ်သွားပေမယ့် သူ့စကားတွေကို ဘာဖြစ်လို့ ခေါင်း
မှာ လေးလေးနက်နက် ထည့်လိုက်မိမှန်း မသိ ...။

ဇွဲ ကို လှမ်းကြည့်မိပြန်ကာ ခြေတစ်ဖက်ချမလိုဖြစ်ပြီးမှ ပြန်ရ
မိ၏။

"ရှင် ဘာလဲ ...၊ စကားကို ရှင်းရှင်းပြောစမ်းပါ၊ သူက
မျက်လုံးထဲမှာ ရာဇဝတ်ကောင်နဲ့ တူနေလို့လား"

"ဟုတ်တယ်"

ရွှံ့မေးလိုက်တာကို 'ဟုတ်တယ်'ဖြေလိုက်သဖြင့် ဒီည မျက်
လေး ပျက်သွား၏။

"ဘာပြောလိုက်တာလဲ"

"မင်း သွားဖို့က အရေးမကြီးဘူးလား ဒီည၊ စကားဆိုတာ နေ
တကာမှာ ပြောလို့မရတာ ရှိတယ်၊ ရတာ ရှိတယ်"

"ပြောလို့မရရင် ရှင် မစနဲ့ပေါ့၊ ဒီမှာ ရှင် ယောကျ်ားချင်း မနာ
လို့ တမင် သိက္ခာချတာ မဟုတ်ဘူးဆိုရင် ပြော ...၊ သူက ဘာဖြစ်
လို့လဲ၊ ကျွန်မ ခု သိချင်တယ်"

"မပြောနိုင်ဘူး .. ဒါက မင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေလည်း
မဟုတ်ဘူး၊ မင်း ငါ့ကို ဘယ်လိုထင်ထင် ငါ့စကားကို မယုံလို့ စွန့်
ကြည့်ချင်ရင် မင်းဆိုက်နဲ့ မင်းကံ"

"ရှင့်ကိုလည်း ကျွန်မရဲ့ကံတရားကြီးတစ်ခုလုံးကို ထမ်းပိုး
ပေးဖို့ ပြောနေတာ မဟုတ်ဘူး၊ ဒါ ကျွန်မနဲ့ပတ်သက်လို့ ရှင်ပဲ စ
ပြီးပြီ၊ ဟန်ကြီးပန်ကြီးတွေ လုပ်မနေနဲ့၊ သူ ဘာဖြစ်လို့လဲ ပြော -

"သူ လူကောင်းမဟုတ်ဘူး၊ ငါ ပြောနိုင်တာ အဲဒါပဲ၊ ထပ်မ
နဲ့"





ဒီည ကားပေါ်က ဆင်းလိုက်တဲ့အထိ ဦးစီး ရဲ့စကားတွေက
နိုးမိုးနေခဲ့သည်။

ဒါကို ယုံရမှာလား၊ မယုံဘူးဆိုပြီး ဥပေက္ခာထားလိုက်ရမလား၊
ဇွဲ ကို နားမလည်နိုင်ခဲ့သည့်စိတ်က ဦးစီး ပြောတာကို လက်မလွှတ်ရဲ
ဘဲ ဖြစ်သွားခဲ့၏။

လူကောင်းမဟုတ်ဘူးဆိုတာက ဆေးသမား၊ အရက်သမားကို
ပြောတာလား ...၊ ဦးစီး ကြည့်လိုက်သည့်မျက်လုံးနှင့် ပြောပုံအရ သူ
တော်တော်ကြီး သိထားပုံရကာ ဇွဲ က ဘယ်အဆင့်ထိ မကောင်းဖြစ်နေ
တဲ့လူလဲ ...၊

ရှေ့ကို နီးလာလေ ဇွဲ ရဲ့မျက်နှာ တင်းနေတာကို မြင်လာရလေ။
ကားတွေကြားထဲကဖြတ်ရင်း ရပ်လိုက် ဆက်သွားလိုက်နှင့် နှစ်
ယောက် မျက်နှာချင်းဆိုင်မိတာနှင့် ဇွဲ က မဲ့ပြုံးနှင့် နှုတ်ဆက်၏။

"အဲဒီလို လိုက်ပို့တာလား"

"ဟင်!..."

"တစ်ခါမှ သူ့ကို သေချာမမြင်ဖူးဘူး၊ အစက အမှတ်တမဲ့ဆို
တော့ ဂရုမစိုက်မိတာလည်း ပါတာပေါ့၊ တစ်နေ့နေ့ ခုလို ပြိုင်ဘက်
ဖြစ်လာမယ်လို့ မထင်ခဲ့ဘူးလေ"

"ဇွဲ ဘာတွေ ပြောနေတာလဲ ...၊ တို့လာတာ အဲဒါတွေ ပြောဖို့
မဟုတ်ဘူး"

"ဟုတ်လား .. တွေ့ရင် ဘာတွေပြောရမယ်ဆိုတာ သင်ပေး
နေတယ်မှတ်လို့ ကိုယ် စိတ်ရှည်လက်ရှည် စောင့်နေတာ"

"ကျွတ်!... ဇွဲ ကလွှာ .."

ဒီည မျက်နှာလေး ရှုံ့မဲ့သွားတော့ သူက ဒီည ရဲ့ လက်မောင်း
တတ်လေးကို ဆုပ်ကိုင်ပစ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ် .. အထဲရောက်မှ ပြောတာပေါ့"

အိမ်သုံး လျှပ်စစ်ပစ္စည်းတွေ အစုံအလင် ဖြန့်ခင်းထားသည့် ခန်းမတစ်ခုလုံးကို ဖြတ်ကျော်ကာ မန်နေဂျာရုံးခန်းလို့ စာရေးထားသည့်တံခါးကို တွန်းဖွင့်ဝင်လိုက်၏။

အထဲမှာ အကျယ်ကြီးပဲဖြစ်ကာ စားပွဲနှင့် ကုလားထိုင် တစ်စုံ အပြင် လေးငါးယောက် ထိုင်လို့ရသည့် ဆိုဖာရှည်ကြီးတွေလည်း ရှိသည်။

ပြီးတော့ စားပွဲနောက်မှာ ကွန်ပျူတာတွေ သုံးလုံး တန်းထား လျက် ထိုင်သူက မရှိ၊ အထဲရောက်သည်နှင့် လော့ခ်ချလိုက်တော့ ဒီညာ မျက်မှောင်ကုတ်သွားသည်။

ဒါကို ဖွဲ့ က ရိပ်မိပြီး အေးစက်စက်အကြည့်နှင့် ...

"ဘာဖြစ်သွားနိုင်လို့လဲ ဒီညာ၊ အပြင်လူ ရုတ်တရက် ဝင်လာလို့ မရအောင် ပိတ်တာလေ"

"သူများ တစ်မျိုးထင်မှာ စိုးလို့ပါ"

"အဲဒီလို စိုးရိမ်ရမှာတွေ များလွန်းလို့ လုံခြုံတဲ့နေရာ ခေါ်လာ တာပဲ၊ မကောင်းဘူးလား၊ ဘယ်သူမြင်မှာမှ မပူရတော့ဘူး"

"ဘာ!..."

"ဒီညာ .."

"အို .. မလုပ်ပါနဲ့ .. အဲဒီလို .."

မျက်လုံးချင်း စိုက်ကြည့်ကာ ဖွဲ့ က ဒီညာ ပခုံးလေးနှစ်ဖက်ဖ ဆတ်ခနဲ ဆွဲယူ၍ ...

"ဖွဲ့ .. ဟင့်အင်း .. ဒီထက် အရေးကြီးတာတွေ ပြောဖို့ ရှိသေး တယ်၊ လွှတ်ပါ"

မရမက ပွေ့ဖက်ကာ နမ်းဖို့ကြိုးစားသည့် ဖွဲ့ မျက်နှာက မအေး





ခြင်လေ နီရဲလာလေ..။

ထို့နောက် တက်ခေါက်သံတစ်ချက်နှင့်အတူ လက်နှစ်ဖက်စလုံး ကို ဆောင့်လွှတ်ပစ်လိုက်၏။

ဒီညာ ယိုင်ထွက်သွားတာကို ဂရုမစိုက်ဘဲ စားပွဲဆီ ဖျတ်ခနဲ လှည့် သွားကာ လက်သီးဆုပ်နှင့် ထုချေပစ်လိုက်ပြီး ...

"ကိုယ် အစကတည်းက သိတယ် ..၊ မင်း ကိုယ့်ကို မချစ်ဘူးဆို တာ .."

"အချစ်ကို အဲဒီလို ထိတွေ့ခြင်းတွေနဲ့ တိုင်းတာပြီး မပြောနဲ့ ..."

"ပြောရမှာပဲ .. မင်းတို့ သိက္ခာ ဗျာပါဒတွေ ဘယ်လိုကြီးကြီး ဘာစည်းညာစည်းတွေ ဘယ်လိုတားတား ချစ်သူရှိပြီဆိုရင် မိတ်ဆွေ ထက် ပိုရမှာပဲ၊ မင်းဆီက ကိုယ် ဘာရခဲ့သလဲ.."

"ဘာတွေ လိုချင်သေးလို့လဲ ဖွဲ့ .. ဒီညာ သိထားတာ ချစ်ကြပြီ ဆိုရင် အတူနေဖို့ ကြိုးစားကြမယ်၊ အခက်အခဲတွေ ရှိလာရင် ကျော် သွားမယ်၊ အိမ်ထောင်တစ်ခု ထူထောင်ပြီးပြီဆိုမှ .."

"ဒါကျတော့ အဲဒါ အမိက ဖြစ်မနေဘူးတဲ့လား၊ ဘယ်က ပတ် သွားသွား လမ်းကြောင်းက အဲဒီကိုရောက်ဖို့ပဲ၊ ကိုယ်ကတော့ မင်း ပြောတဲ့ အိမ်ထောင်ရေးဆိုတဲ့ နယ်ပယ်ထဲ ဝင်ပြီးမှ အချစ်ကို မြည်း ကြည့်ချင်တာ မဟုတ်ဘူး၊ ချစ်သူဆိုတဲ့ဘဝမှာ ရင်ခုန်ချင်တာ .."

ရောက်လာတာက ဘဝအရေးအတွက် လက်တွဲရင်ဆိုင်ကြဖို့ ဘယ်လိုညှိမျှခြင်း ချကြည့်မယ်ဆိုတာအတွက် ...၊

ပြောနေရတော့ ရင်ခုန်သံတွေ ကြမ်းရှနေချင်တဲ့ ယောကျ်ားတစ် ယောက်နဲ့ ပဋိပက္ခစကားတွေ ...၊

ဒီညာ ဖွဲ့ မျက်နှာ နီမှုန်နေတာကို မယုံနိုင်စွာကြည့်ရင်း နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လှမ်း ဆုတ်မိ၏။ သူမရဲ့ခြေလှမ်းတိုင်းကိုလည်း ဖွဲ့ က သိ...
ကာ ...

"လော့ခ် ချထားတာက ကိုယ်တို့ချစ်သူနှစ်ယောက် တင်...
တလေပဲ လွတ်လွတ်လပ်လပ် တွေ့ရတာဆိုပြီး နှစ်ဦးဆန္ဒနဲ့နော်၊ မ...
မကြည်ဖြူရင် ကိုယ် ဘာမှမလုပ်ဘူး၊ အေးဆေး ဖွင့်ထွက်သွား...
ရတယ်"

"ဒီည လာတာ ဖွဲ့ နဲ့ အရေးကြီးတာတွေ ပြောကြဖို့ပါ"

"ပြောဖို့လိုမယ်လို့ မင်း ထင်သေးလား ဒီည၊ မင်းက ကိုယ့်...
ကို မလိုက်လျှောနိုင်တဲ့သူ၊ မိဘသဘောမတူရင် ခိုးပြေးဖို့ပဲ တတ်...
တဲ့ကောင်နဲ့ ဘာတွေ ပြောဦးမှာလဲ"

ဒီည မျက်နှာလေး တင်းသွားတော့ သူက မဲ့ပစ်သည်။

"ပြောသင့်လို့ ပြောတာပါ၊ ကိုယ့်ချစ်သူက ဗီလိန်တစ်ယော...
ကို ကြည့်တာမျိုး ရွံသလိုရှာသလို မျက်လုံးနဲ့ အကြည့်ခံရတဲ့ကော...
ဆိုတော့ ယဉ်ကျေးဖို့စကား မရှိတော့ဘူး"

"ဖွဲ့ .."

"ပြောပါ ဘာလဲ .."

"ဘာဖြစ်လို့ ထင်ရာတွေပဲ ပြောနေတာလဲ၊ ဒီည က ဖွဲ့ ကို...
သလိုရှာသလိုကြည့်နေတာ မဟုတ်ဘူး၊ အချိန်မတန်ဘဲ မမှား...
တာ"

"မှားရအောင် မင်းကို ကိုယ်က ဒီနေရာမှာပဲ ဆဝပျက်အော...
နင်းချေပစ်လိုက်မယ့်ပုံ ပေါက်နေသလား"

"မှားတယ်ဆိုတာ အဲဒါပဲ ဖွဲ့ ရဲ့ .. မတော်တဲ့လမ်းကို ဘယ်...
သိရက်နဲ့ ဖွတ်မသွားဘူး၊ မှားပြီးမှသာ မှားမှန်းသိကြတာ၊ မိန်းက...
တစ်ယောက်အတွက် ဒီအမှားမျိုးက တစ်ကြိမ်တစ်ခါမှ မမှားသင့်...





...အမှား၊ ဒါတွေအတွက် အမြဲတမ်းပဲ ပြောနေရတယ်ကွာ၊ ထားလိုက်ပါ
...တော့ .. အခု ဒီည တို့ ဘာလုပ်သင့်တယ်ဆိုတာ ဆွေးနွေးရအောင်.."

ဖွဲ့ က နှုတ်ခမ်းမဲ့လိုက်သည်။

"ပြောကြည့်ပါဦး"

ဖွဲ့ ပုံစံကို ကြည့်ပြီး ဒီည နားလည်သွားပြီဖြစ်သည်။ ဒါပေမယ့်
...ပြီး နားလည်ချင်တာက သူမ ချစ်ခဲ့မိသည့်ယောက်ျားဟာ ဘယ်လို
...သူစားမျိုးလဲဆိုတာပင် ..။

"ဖွဲ့ ကို ဒီည အားကိုးချင်တယ်၊ ဖွဲ့ ဘက်က ဒီထက် ပွင့်လင်းမယ်
...ဆိုရင် တို့နှစ်ယောက်အတွက် အနာဂတ်က တစ်မျိုး ဖြစ်သွားနိုင်ပါ
...တယ်"

"ဘာလဲ .. မင်း ဘာကို ပြောနေတာလဲ ဒီည .."

"ဒီည ဖွဲ့ ရဲ့အကြောင်းကို သိချင်တာလေ ..၊ ဖွဲ့ ချမ်းသာတာ
...ကို သိတယ်၊ ဘယ်လို သုံးနိုင်ဖြုန်းနိုင်သလဲဆိုတာထိ သိပါတယ်၊
...ဒါပေမယ့် ဒီည တစ်ဘဝလုံးအတွက် အားကိုးရမယ့်ယောက်ျားက
...ဘယ်လိုလူလဲဆိုတာ ဒီထက် ပိုသိချင်တာ၊ ဖွဲ့ ရဲ့ အမိကစီးပွားရေးက
...ဘာလဲ .."

"ဘာမှမရှိဘူးလို့ပဲ မှတ်လိုက်တော့"

ဖွဲ့ မျက်နှာ နီရဲတင်းမာသွားတာ ဘယ်လိုမှ ဖုံးနိုင်ဖွယ် မရှိပေ။
...တော့ ညံ့သက်သွားခဲ့သော သူ့စကားသံတွေပါ တင်းပြတ် ကျွတ်
...ထောင်လာကာ ...

"မင်းက ဘာအချိုးချိုးလိုက်တာလဲ ဒီည .."

"ဒါမေးတာ ဘာဖြစ်သွားနိုင်လို့လဲ..၊ ဖွဲ့ ဒီလောက် ဒေါကန်နေဖို့
...မလိုပါဘူး"

"တောက် .."



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ သည် စောစောကထက် ပိုမိုသော ဒေါသများနှင့် ပေါက်ကွ
တော့မည့် မီးတောက်တစ်ခုလို ရေ့ကို ဖျတ်ခနဲ ပြန်ရောက်လာကာ

"မင်းက ကိုယ့်ဆီကိုလာတော့ 'ရဲ' ဆိုတဲ့ ဘော်ဒီဂတ်နဲ့၊ ပြော
စကားက ချစ်သူတစ်ယောက်လုံးကို တရားခံစစ်နေသလို .."

"မဟုတ်ဘူး .."

"မဟုတ်ရင် မင်း သွားတော့ ဒီည၊ ငါက သူများနဲ့ အပြိုင်အဆိုင်
တိုက်ပွဲပြီးရတာကို မက်မောတယ်၊ ပြိုင်ဘက်ကို နိုင်ရမှ စိတ်ချမ်းသာ
တဲ့ကောင်၊ ပါးစပ်ရေ့ကို ဘုတ်ခနဲကျလာတဲ့ အသေကောင်ကို ဘယ်
တော့မှ မစားဘူး၊ အခု မင်း ရောက်လာတဲ့အတွက် ဝမ်းသာအား
လက်ခံထားရအောင် ငါက လင်းတတစ်ကောင်မှ မဟုတ်တာ"

"နင် ငါ့ကို မစော်ကားနဲ့ ဖွဲ့ ...၊ နင်က လင်းတ မဟုတ်သ
ငါကလည်း နင့်ရေ့ကို အသေကောင်လို ပစ်ကျလာတာ မဟုတ်ဘူး
လူကြီးတွေ အကျပ်အတည်း စီစဉ်လာလို့ ကိုယ့်ချစ်သူနဲ့ တိုင်ပင်
အောင် လာတာ"

"ဟား!... ချစ်သူလို့ မင်း ပြောသေးတယ်"

"ဟုတ်တယ် .. ဒါ နောက်ဆုံးပဲ"

ဒီည မျက်ဝန်းလေးတွေ မီးတောက်မတတ် ဖြစ်နေခဲ့၏။ ကို
ချစ်ခဲ့ရသူဟာ ဒီလောက်ထိ ရက်စက်ရင့်သီးတတ်သူမှန်း နောက်
သိခဲ့ရသည်။

မာန်မာနတွေ အပြည့်အသိပ်နှင့် တစ်လောကလုံးကို ခါးတော
တင်ချင်နေတာ ချစ်သူကိုတောင် ချန်မထားချင် ..။

သူ ဘာတွေလုပ်နေသလဲဆိုတာ သိဖို့ မလိုတော့အောင် သ
အတွက် ပြည့်စုံသွားပါပြီ။ သူလည်း ကေသရာဇာခြင်္သေ့ မဟုတ်သ
ဒီည ဆိုတာကလည်း သမင်ပျိုမ်တော့ မဟုတ်ပေ။





စူးရဲသည့်မျက်ဝန်းတွေ ဆုံစည်းနေကြပြီး စစ်လက်နက်တွေကဲ့သို့
ပြိုးပြက်လက်နေခဲ့၏။

"မင်းက တြေညာစရာ မလိုဘူး ဒီည၊ မင်း ဟိုကောင်နဲ့ အတူ
ရောက်လာကတည်းက သူများချကျွေးတာကို မကြိုက်တတ်တဲ့ ငါ့
ဘင်ဘတ်က ဘာလုပ်ရမယ်ဆိုတာ အဖြေရှိပြီးသား"

"ဘာ .. ပြောလိုက်တယ် .."

ရှက်သည့်စိတ်ကြောင့် မျက်လုံးထဲမှာ မီးပွင့်သွားသလား ထင်ရ
သည်။

ဒါဆို ရောက်ရောက်ချင်းပဲ ပွေ့မယ်၊ ဖက်မယ်နဲ့ ကဲဖို့ ကြိုးစားခဲ
တာ မိုက်ရိုင်းချင်တာ သက်သက်ပေါ့..။

"ဟွန်း .. သူ့လို ကလေးအဖေ မုဆိုးဖိုနဲ့ယှဉ်ပြီး ကိုယ်က သူများ
နင်ကြဲစာ စားစရာလား"

"နင် .."

တက်ခေါက်ချင်တာကိုတောင် ထိန်းထားလိုက်မိသည်။ ပါးရိုက်
ချင်သော်လည်း လက်သီးဆုပ်လေးသာ ဖြစ်သွားခဲ့လျက် ...

"ကျေးဇူးတင်တယ် ဖွဲ့ ... တကယ် လိုက်လိုက်လှဲလှဲပါ .."

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့လျှင် စကားသံတို့က
တြားရက်ဖွယ် တုန်ခါ အက်ရှနေခဲ့၏။

ဖွဲ့ က မျက်နှာ တစ်ဖက်လွှဲပစ်လိုက်ပြီး ...

"မင်း လက်သီးတွေ ဆုပ်နေရတယ်မို့လား၊ သွားပါ .. ကျေးဇူး
တင်ခံချင်ရင် မင်းကို ဒီအနားထဲမှာ ဘဝပျက်သွားအောင် ငါ မိုက်ရိုင်း
ခဲ့လို့ ရသေးတယ်ဆိုတာ ဒါ စောစောက ထည့်ပြောလိုက်မှာပေါ့
နော် .. အဲဒီအစီအစဉ် ဖြစ်တော့ဖြစ်လာသေးတာ မင်းက ငါချစ်ခဲ့တဲ့
မိန်းမ ဖြစ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



တရားကျသွားသည့် မဲ့ပြုံးလေးနှင့် ဒီည က မေးဖျားလေးပင့်ပြီး ခေါင်းညိတ်သည်။ ပြီးတော့ ...

"နောက်ထပ်ပြီး ကျေးဇူးတင်ပါယ်"

မျက်ရည်တစ်စက်က လက်ပြ နှုတ်ဆက်သလို လက်ခနဲ ကြွေဆင်းသွားပြန်သည်။ လက်တစ်ဖက်နှင့် မျက်နှာတစ်ပြင်လုံးကို ဖွတ်တိုက်ပစ်ကာ တစ်ဖက်က တံခါးဆွဲဖွင့်လိုက်၏။

ရှိုးရှမ်းထဲမှာ သွားလာလှုပ်ရှားနေကြသော ပုံရိပ်တွေ၊ ရယ်မောပြောဆိုသံတွေ အားလုံးသော ပကတိအခြေအနေတွေက လွန်ခဲ့သည့်မိနစ်၊ စက္ကန့်များက အတိုင်း ...။

တံခါးရှေ့မှာ ခဏလေး ခြေစုံရပ်လိုက်ပြီး ပင့်သက် တစ်ဝကြီးရှိုက်သွင်းမိသည်။

"ငါ ဒီအတိုင်း ရှိနေပေးတာပဲ"





အခန်း [ ၂၀ ]

အသည်းကွဲတာ မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် နားလည်နေသည်။ ဒါပေမယ့် ရင်ထဲမှာ အောင့်သက်နာကျင်နေ၏။ မဟားတရား ...းဖို့ကြိုးစားခဲ့ပြီး ဟားတိုက် လှောင်ရယ်ခဲ့သည့် သူ့ပုံရိပ်တွေကို ...ာက်လို့မရတိုင်း ရှက်သည်။

ချစ်ခဲ့ကြတဲ့တောက်လျှောက်မှာ သူနဲ့ကိုယ် အချေအတင်တွေ ...ာမိကြတိုင်း ပြောရသည့်ပြဿနာက ချစ်သူအခွင့်အရေး ပေးဖို့ ...ကြောင်း ...၊

ကိုယ့်မှာတော့ တကယ်ပဲ ကိုယ်က စိမ်းကားနေမိသလားလို့ ...ွေးမိတာတွေ ရှိခဲ့လျက် သူ့ တွင်းနေလည်း ကိုယ် မတင်းနိုင်...။

ယောကျ်ားသဘာဝတွေ မိန်းကလေးအထာတွေလည်း မသိ...၊ ... စိတ်ဆိုးတိုင်း ကိုယ်ကချည်း ချော့မော့ ပြေဖျောက်စေခဲ့ရတာလည်း ...နဲ့ ကိုယ့်ရဲ့ အစဉ်အလာတစ်ခုလိုပင်...။

ခုတော့ ဒါတွေအားလုံးဟာ ကိုယ့်ကို ချစ်လို့မဟုတ်ဘဲ သားယာ...င်တာသက်သက်ဖြင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. သြော် .. ငိုင်နေလိုက်တာ သမီးရယ် .."

"ဟင်!... မေမေ ဘာပြောတာလဲ"

ပစ္စုပ္ပန်ကို ခဏတာဖြုတ် မေ့သွားခဲ့တာ သတိလစ်သွားသလိုပင်၊ မေမေကတော့ စိတ်မရှည်ပုံပေါက်သွားတာပဲ ရှိကာ ...

"ရောက်နေပြီ"

လို့ ပြောပြီး ကလေးကို ဆွဲခေါ်ဖို့ ပြင်၏။

"မေမေကလည်း သက်သက်သာသာ နေပါ၊ သမီး ချီထားတဲ့ဟာကို"

ကလေးက ဝဝကစ်ကစ်လေးမို့ ကိုးလ ဆယ်လဆိုတာလည်း လူကြီးတစ်ယောက်အတွက် နိုင်နိုင်နင်းနင်း ခါးစောင်းတင်သွားဖို့တော့ မလွယ်။

"ကဲ ဒါဖြင့်လည်း ဆင်းလေ..၊ ဒီလောက် လမ်းကြမ်းကြမ်းမှာ နွားလှည်းကိုစီးပြီးတော့များ ညည်းမို့ အတိတ်မေ့အောင် တွေးနိုင်တယ် သမီးရယ်"

နွားလှည်းပေါ်က ဆင်းကြတော့ တောလမ်းတစ်လျှောက်မှာ တင်လာသည့် ဖုန်မှုန့်ထုက နည်းတာ မဟုတ် ..။

ထို့ပြင် သရက်ပင်တန်းရှည်ကြီးကို ဖြတ်သွားပြီးမှ သီလရှင်ကျောင်းဆိုသည့် ခြေတံရှည် ပျဉ်ထောင်ပျဉ်ခင်းနှင့် အဆောက်အဦးတစ်ခုဆီ ရောက်သည်။

သီလရှင်ဝတ်စုံတွေ တန်းနဲ့လှန်းထားတာ မြင်လိုက်သဖြင့် ရောက်ပြီဆိုတာ သိလိုက်၏။ အကြားအမြင်ဆရာမကတော့ အသက်လေးဆယ်လောက်ပဲရှိကာ မျက်နှာက အဆိုတော် ဒေါ်မာမာအေးတို့လို ပြည့်ပြည့်ဝိုင်းဝိုင်း ..။

ကလေးရဲ့ မွေးနေ့သက္ကရာဇ်ကို မေးကာ ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံနှင့် ရာသီခွင်တစ်ခုပုံစံ ရေးခြစ်သွားတာ မြန်သည်။

ရာသီခွင်မှာ စာတွေရေးမှတ်ပြီးသည်နှင့် ဘုရားစင်ရှေ့မှာ ရေစင်တစ်ခွက် ကပ်လှူကာ ဘုရားရှိခိုး တရားထိုင်တာ သုံးမိနစ်လောက်ကြာသွား၏။ ပြီးတော့မှ ...

"ကလေးရဲ့လက်ကလေး တစ်ဖက် ပြပါဦး"

ဆရာမက လက်ကမ်းလိုက်တာနှင့် ဖိုးသားလေးက ဒီညသည်ပင်းကို လှည့်ဖက်ထားကာ နောက်ကို လုံးဝ မကြည့်တော့ပေ။

"ဖိုးသားလေး ဟိုမှာ ကြည့်စမ်း..၊ ဘာကြီးလဲ မသိဘူး .. စက်ရုပ်ကြီး .. စက်ရုပ်ကြီး .. လမ်းလျှောက်နေတာ"

ကလေးရဲ့ လက်တစ်ဖက်ကို ဆရာမ လက်ထဲရောက်ဖို့ တော်တော် ကြိုးစားလိုက်ရသည်။ ဆရာမက ရေစင်ခွက်ကို ပြန်စွန့်ကာ ဆီရေနှင့် လက်ဖျားလေးကို ဆွတ်လိုက်ပြီး ကလေးလက်ကို ဖွဖွလေး ဆုပ်ကိုင်၏။

လူကြီးတွေ ဘာလုပ်နေတာလဲဆိုသည့် မျက်လုံးလေးတွေ ဝိုင်းနေလျက် စိတ်ဝင်တစား ဟိုကြည့်ဒီကြည့် ဖြစ်သွားစဉ် ကလေးက အောတော့ ငြိမ်ကျသွား၏။

ထိုစဉ်မှာ ဆရာမက မျက်လုံးတွေ ပြန်ဖွင့်လာပြီး ...

"အနီးဆုံးဘဝတစ်ခုက ဖိစီးထားလို့ ကလေးက အတိတ်ကိုသိနေတာ"

"ဟင်!..."

"ဘယ် .. ဘယ်လိုလဲ ဆရာမ၊ လူဝင်စားတာမျိုးလား"

ဆရာမက ခေါင်းခါပြသည်။

ပြီးတော့ တည်ငြိမ်အေးဆေးသည့် မျက်ဝန်းများနှင့် ကလေးရဲ့ မျက်လုံးတွေကို စိုက်ကြည့်ကာ ...







www.burmeseclassic.com

www.burmeseclassic.com



"အလွယ်တကူ ပြောရရင် ဟုတ်တယ် .. ဒါပေမယ့် အဲဒီသဘော သက်ရောက်တဲ့ တခြားဖြစ်ရပ်တစ်ခုပါ၊ ကလေးမှာ မကောင်းတဲ့ဖိစီးမှု တစ်ခု ရှိနေတယ်"

ဒေါ်ဖြူဖြူ မျက်လုံးပြူးသွားပြီး ဒီညကို လှည့်ကြည့်၏။ ဒီည က ကလေးကို ပြန်ငုံ့ကြည့်ကာ တင်းခနဲ ဖက်ထားလျက် ...

"မသိလို့ မေးပါရစေနော် ..၊ ဟို .. သရဲပူးတာမျိုးလားဟင်"

"အဲဒီလိုလည်း မဟုတ်ဘူး၊ ဒါက ပိုပြီး လေးနက်တယ်၊ ပြောရ ခက်တဲ့အကြောင်းအရာမျိုးမို့ ကျွန်မတို့အနေနဲ့ ပြောဆိုရတာ တော် တော် သတိထားရပါတယ်၊ ဖြစ်နိုင်ရင် ဒီဝဋ်ဝါကို ကယ်ချင်တာလေ ကယ်တင်နိုင်လောက်တဲ့ ပုဂ္ဂိုလ်တွေအဆင့်မျိုး မဟုတ်ရင်တောင် ကိုယ့်ရှေ့ရောက်လာတဲ့သူရဲ့ သောကကို ငြိမ်းစေချင်တာ၊ ကိုယ် ပြော လိုက်မှ ထိတ်လန့် ဗျာများသွားရင် ကျွန်မတို့မှာ အပြစ်ရှိတယ်"

"မဟုတ်ပါဘူး ဆရာမရယ် .. ဆရာမတို့လို ပုဂ္ဂိုလ်တွေက ပြောဖော်ညွှန်ကြားမှ ကျွန်မတို့ သိခွင့်ရမှာပါ၊ ဒါကို သိရဖို့ အန္တရာယ် ဆိုရင်လည်း ရှောင်ရှားသွားလို့ ရမှာလေ၊ ကျွန်မတို့ နားလည်အောင် သေချာ ရှင်းပြပါနော်"

"ရှင်းပြဖို့လည်း ခက်နေတယ်၊ ကလေးက မွေးလက်စာတာ ကြိုဟ် စီးကြိုဟ်နင်း အရမ်း ကောင်းပါတယ်၊ ဒါပေမယ့် မွေးလာကတည်းက သူ ဖိစီးခံနေရတယ်၊ ကျွန်မ ရာတွေ့တဲ့အဖြစ်ကတော့ အဲဒါပဲ၊ ရှေ့ဖြစ် နောက်ဖြစ် တိတိကျကျ ဟောပြနိုင်တဲ့အထိ ကျွန်မက အကြားအမြင် ရထားတာလည်း မဟုတ်ဘူး၊ အဓိက လုပ်ရမှာက ကလေးကို ဂရုစိုက် စောင့်ရှောက်ဖို့ပဲ"

"ဘယ်လိုစောင့်ရှောက်ရမှာလဲဟင်၊ ဘယ်လောက်ထိ အန္တရာယ် ကြီးမားနေလို့လဲ"





ဆရာမက ဘာကို စောင့်ထိန်းနေမှန်းမသိဘဲ မျက်လွှာချသွား ချက် သက်ပြင်းရှိုက်သည်။

"မကြီးမားပါဘူး၊ သူ့အပေါ် ဖိစီးနေပေမယ့် သူ ဘာမှမဖြစ်ဘူး၊ ချစ်တဲ့လူတွေတော့ စိတ်ညစ်ရမှာပေါ့၊ ကျွန်မ တစ်ခုလောက် မေးချင် တယ်"

"ဟုတ်ကဲ့ ဆရာမ၊ မေးပါ"

"ကလေးမှာ မွေးရာပါအမှတ်တစ်ခု ပါလိမ့်မယ်၊ အမှတ်ဆိုတာ ညိုနိုင်၊ အစိမ်း၊ အမည်း ဆိုတဲ့ အရောင်တွေ ထင်နေတာမျိုးကို ပြောတာ မဟုတ်ဘူးနော်..၊ အရေပြားပေါ်မှာ လောလောဆယ် ထိရှ ထားသလို ဒဏ်ရာနဲ့ဆင်တူတဲ့ ထူးထူးဆန်းဆန်း အမှတ်အသားမျိုး.."

ဒေါ်ဖြူဖြူ နှုတ်ခမ်းတွေ ပွင့်ဟသွားကာ ဆရာမကို ငေးခနဲ ဖြစ်သွား၏။ ပြီးတော့မှ ကမန်းကတန်း ခေါင်းညိတ်လိုက်ကာ ...

"မှန်လိုက်တာ ဆရာမရယ် .. ပါတယ် သိလား၊ ဒီမှာ မွေးတုန်း ကဆို သွေးထွက်နေတယ်မှတ်လို့ လန့်ဖျန့်ပြီး ကိုင်ကြည့်မိသေးတယ်"

ပြောနေရင်း ကလေးဘက်လှည့်၍ ဝတုတ်တုတ် လည်ပင်းအရစ် လေးတွေကြားမှာ မြုပ်ကွယ်နေသည့် မန်ကျည်းစေ့လောက် အနီစက် လုံးလုံးလေးကို မြင်အောင် ပြ၏။ ပြီးမှ ...

"ဒီအမှတ်က ဘာဖြစ်နိုင်လို့လဲဟင်"

"မဖြစ်နိုင်ပါဘူး..၊ ဒါပေမယ့် ကလေးအပေါ်မှာ ဖိစီးမှုတွေ ရှိနေ တာကို ပျောက်ချင်ရင် ဒီအမှတ်အသားကို အရင်ဖျောက်ရမယ်"

"ရှင်!..."

"ကလေးက သူ့အဖေကို မခင်ဘဲ တစ်ခါတလေ ဒုက္ခရောက် သွားအောင် ပုတ်ခတ်ပစ်တာမျိုး ရှိတယ်လို့ ညီမ ပြောခဲ့တယ်နော်.."

ဒီည က ခေါင်းညိတ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .. ဒီည တို့နဲ့ဆိုရင် ကလေးက ဘာမှမဖြစ်ဘူး၊ သူ့အဖေနဲ့ပဲ မတည့်တာ၊ ငယ်ငယ်လေးတည်းက ဖအေချီရင် မရဘူး"

"အင်း ဒါဆိုရင် ဒီဖိစီးမှု ဘယ်ကလာတယ်ဆိုတာ သူ့အဖေ တွေးမိလာမှာပါ"

"တွေးမိမယ် မထင်ဘူး ဆရာမ၊ သူ့အဖေကိုယ်တိုင် နားမလည်နိုင်လို့ ခေါင်းငိုက်စိုက်ဖြစ်နေရှာတာ"

"ကလေးလည်ပင်းက အမှတ်က ဒဏ်ရာတစ်ခုခု ရှိခဲ့ဖူးတဲ့ အမှတ်အသားမျိုး ပါလာတာ၊ ဒါပေမယ့် အဲဒါ ကလေးနဲ့ မဆိုင်ဘူး၊ သူနဲ့သာဆိုင်လို့ သူ့ကိုပဲ ဒုက္ခရောက်စေခဲ့တာ"

ဒီည တို့ကတော့ နားမလည်နိုင်ကြပါ၊ ချစ်ရသူနဲ့ မုန်းဖို့အကြောင်းတွေ ဖြစ်လာခဲ့တာကိုတောင် သတိမရတော့အောင် ကလေးနဲ့ ဦးစီး ရဲ့အဖြစ်တွေက စိတ်ဝင်စားစရာ ဖြစ်နေ၏။ ဆရာမက သူ့စကားကိုပဲ ရှေ့ဆက်၍ ...

"အခု ကျွန်မ ပြောပြတဲ့အတိုင်း ကလေးအဖေကို ပြန်ပြောလိုက်ပါ၊ အမှတ်တမဲ့ ဖြတ်သန်းခဲ့တာမျိုးရှိရင် သူ အမှတ်ရသွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ .. ဒါပေမယ့်လေ သူ အမှတ်ရသွားလည်း ဖြေရှင်းနိုင်ဖို့ နည်းလမ်းကိုတော့ သိမှာ မဟုတ်ပါဘူး ဆရာမရယ်၊ ဒီအမှတ်အသားပျောက်မှ ဖြစ်မယ်ဆိုတာကို ကျွန်မတို့ ဘယ်လိုလုပ်ရမလဲ..၊ ညွှန်ပြပါဦး"

"ဟို .. ခွဲစိတ်ထုတ်ပစ်ရမှာမျိုးလား ဆရာမ"

ဆရာမက ဒီည ကိုကြည့်ပြီး ခေါင်းခါပြသည်။

"မဟုတ်ဘူး .. ကလေးကို ဘာသာရေးနဲ့ဆက်ပြီး ကုထုံးတစ်ခု စီရင်ရမယ်"

"ကလေးကို ဟုတ်လား .. ဘယ်လို .."





"ကလေးက ဘယ်လုပ်နိုင်မလဲ..၊ လူကြီးက လုပ်ပေးရမှာ၊ ဒါကို တကယ်ပျောက်ချင်ရင် တစ်လမှာ ကိုးရက်တိတိ တစ်ကြိမ် သတ်သက်လွတ် ဥပုသ်အဓိဋ္ဌာန် ဝင်ရမယ်၊ အဓိဋ္ဌာန်ဝင်တဲ့သူက ကလေးနဲ့ အတူ သီးသန့်နေရမှာပါ၊ ကိုယ်ပြုတဲ့ ကောင်းမှုဟာ ကလေးအတွက် .. ဒီကလေးကိုယ်တိုင် ပြုတာမျိုး နှလုံးသွင်းနေရမယ်"

"ဟုတ်ကဲ့ ဆရာမ၊ ဟုတ်ကဲ့ပါ"

"အဓိဋ္ဌာန်ဝင်တဲ့ကာလအတွင်း ဘုရားမှာ သောက်တော်ရေ ကပ်မယ်၊ မျက်နှာသစ်တော်ရေ ကပ်မယ်၊ အဲဒီရေစင်တွေ စွန့်တဲ့ရေနဲ့ပဲ ကလေးကို မျက်နှာသစ်ပေးရမယ်၊ ရေတိုက်ရမယ်၊ ကိုးရက်အဓိဋ္ဌာန် ဝင်ပြီးတိုင်း သူ့အတွက် လှူထားတဲ့ ပရိတ်ကြိုးကို သူ့ကိုယ်တိုင်းနဲ့ ဖြတ်ယူပြီး လည်ပင်းမှာ ဆွဲပေးရမယ်၊ အဲဒီလို တစ်လတစ်ခါ ကိုးရက် အဓိဋ္ဌာန် ကိုးလတိတိ ဝင်ရမှာ.."

"ဟုတ်ကဲ့"

"တစ်လပြီးတိုင်း ပရိတ်ကြိုးနဲ့ လည်ပင်းမှာ ထိန်းကွပ်ပေးရမယ်၊ ကိုးလမှာ ကိုးခွေဖြစ်နေမယ်၊ ကိုးလပြီးတာနဲ့ ပရိတ်ကြိုးတွေကို အားလုံး ဆက်မယ်၊ အိမ်မှာ ဘုရားကိုးဆူ ပူဇော်ပွဲ လုပ်ရမှာ၊ အဲဒီပွဲမှာ ကြိုးတွေကို မီးစာလိုကျစ်ပြီး ဆီမီးပူဇော်ပစ်ရမယ်၊ မီးစာကုန် ဆီခန်းတဲ့အထိ လုံးဝ ငြိမ်းသွားအောင် အထူး ဂရုစိုက်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ .."

ခေါင်းညိတ်နေရင်း မှတ်စုထားချိန်လည်း မရတော့ ကိုယ့်ဟာကိုယ် မှီသလောက် လိုက်နေရသည်။

သမီးဖြစ်သူကို မှတ်ထားဖို့ တံတောင်နဲ့တွတ်၍လည်း သတိပေးရ၏။

"အားလုံး ငြိမ်းချမ်းသွားမှာပါ၊ တစ်ခုရှိတာက အဓိဋ္ဌာန် ဥပုသ်



www.burmeseclassic.com

www.burmeseclassic.com



ပြုတဲ့သူဟာ ဈေးဆိုကဲမှ ပြင်းထန်နေမှ ရမယ်၊ စောင့်ထိန်းတဲ့ သီ
သမာဓိကို အစက်အပေါက် အပြောက်အကျား မရှိစေရဘူး၊ ဒါ အ
ကြီးဆုံးပဲ"

"ဟုတ်ကဲ့ပါ ဆရာမရယ် ..'တစ်ခုလောက် မေးပါရစေ၊ က
နဲ့ အမိဋ္ဌာန်ဝင်ရမှာက သူ့အဖေပဲ ဖြစ်ရမှာလား၊ ဒါဆိုရင် ကလေ
သူ ထိန်းနိုင်မှာ မဟုတ်ဘူး"

"မဟုတ်ပါဘူး .. ကောင်းမှုပြုတာက ဘယ်သူဖြစ်ဖြစ်
တယ်၊ တစ်ခုတော့ ရှိတာပေါ့၊ ဒါက ပြောသလောက် လွယ်တဲ့
မဟုတ်ဘူး .. အရမ်းကို ခက်ခဲတယ်၊ ကလေးကို တကယ် စေတ
ထားပြီး ချစ်မြတ်နိုးတဲ့သူမှသာ တကယ် စိုက်ထုတ် ကျင့်ကြံနိုင်မှာ
ကလေးနဲ့အတူ စိမ်းစိမ်းကျက်ကျက် ရတယ်ဆိုပေမယ့် အရင်းနှီး
ဖြစ်ဖို့တော့ လိုတာပေါ့"

ဒီညာ က စိတ်ထဲမှာ ဖြစ်လာတာကို မမေးဘဲ မနေနိုင်ဖြစ်လျက်

"ဆရာမ .. အဲဒီလို အဓိဋ္ဌာန်တွေနဲ့ အလှူဒါနတွေ အောင်မြ
သွားရင် ဒီအမှတ်အသား သူ့အလိုလို ပျောက်သွားမှာပေါ့နော်"

ဆရာမက တည်ငြိမ်သည့်အကြည့်တစ်ချက်နှင့် ပြုံးကာ ...

"ယုံယုံကြည်ကြည် လုပ်ကြည့်ပါ၊ စိတ်ချမ်းသာမှုတွေ ရလာ
လိမ့်မယ်၊ ဒါပေမယ့် အလုပ်လုပ်နေကြတဲ့ကာလမှာ ကလေးရဲ့ ထူ
ခြားမှုတွေ ရှိလာဦးမှာနော်၊ သက်ရှိသက်မဲ့ ဘယ်အရာဖြစ်ဖြစ် ဖိနှိပ်ရ
ရှန်းကြွတတ်တဲ့သတ္တိ ရှိတယ်"

ဒေါ်ဖြူဖြူ ထိတ်လန့်သွားပြန်သည်။

"ဘာတွေများ ဖြစ်လာမှာလဲဟင်"

"သူ ဆိုးနဲ့ဖူးတာမျိုးပေါ့၊ အလုပ်လုပ်ပြီဆိုရင် ခါတိုင်းထက်
ပိုဆိုးလာမယ်၊ အဓိဋ္ဌာန်ပြီးခါနီးလေ ဆိုးလေ"





ကြားရတာ မသက်သာပါလား..၊ သရဲပူးနေတယ်ဆိုလည်း ပူး
နေတယ်ပေါ့။ ဒီလိုမဟုတ်ဘူးဆိုပြီး ပြောနေတာတွေက ရင်တုန်ဖွယ်
အတိ..။

ပြောနေသမျှကို ယုံကြည်နေတော့ ဒေါ်ဖြူဖြူ စိတ်တွေ လှုပ်ရှား
နေမိသည်။

"ဒါ ကြောက်စရာ မဟုတ်ပါဘူး၊ ကိုယ် ကျင့်ကြံနေတဲ့တရားကို
ယုံကြည်တယ်ဆိုရင် ကိုယ့်အလုပ်ကို တည်တည်ငြိမ်ငြိမ် ဆက်လုပ်ပါ၊
ကလေးကို မငြိုမငြင် ဂရုစိုက်ပြီး ဘယ်သူ့ကိုမှ မထိနိုက်အောင် သတိ
ထားရုံပဲ"

သီလရှင်ကျောင်းအတွက် အလှူငွေတွေ ပုံအောလှူပစ်ခဲ့ပြီး
သားအမိနှစ်ယောက် ပြန်လာခဲ့ကြသည်။

ထိုညမှာ ဖွဲ့ က ဖုန်းဆက်ပြီး တောင်းပန်တော့ မပြေနိုင်သည့်
ဒဏ်တွေနှင့် ဒေါသက အသစ်ပြန်ဖြစ်လာသည်။

ကလေးကိစ္စကိုပဲ ခေါင်းထဲမှာ ပူထူအောင် စဉ်းစားနေကာမှ...

စိတ်ရှုပ်မခံချင်တော့သည့် ပယ်စာရင်းထဲမှာ ဖွဲ့ က နံပါတ်တစ်
အဖြစ်..။

www.burmeseclassic.com



## အခန်း ( ၂၁ )

အမိဋ္ဌာန်ဝင်ခြင်းအလုပ်ကို ဒေါ်ဖြူဖြူ က ဦးကျော်မျိုး ကို ပြေ ပြပြီး ကူညီပေးဖို့ပါ တိုက်တွန်းခဲ့သည်။ ဦးကျော်မျိုး က လက်မခံပေ

"ငါ ဘုရားတရားအလုပ် လုပ်နေတာမို့လို့ ဒါကို လုပ်ပေး အတွက်က အပန်းမကြီးပါဘူး၊ ဒါပေမယ့် မင်းတို့ ဗေဒင်မေး၊ ယံတြ ချေဖို့အတွက်တော့ ငါ မလုပ်ချင်ဘူးကွာ၊ အဲဒီပယောဂတွေ ငါ လည်း မယုံဘူး"

"ရှင့်ကို မယုံနိုင်းပါဘူး .. ဒါပေမယ့် သူ လုပ်နိုင်းတာလည် မကောင်းတာ ဘာမှမပါဘူး၊ ကလေးအတွက် အကျိုးရှိသလို ကိုယ် လည်း ကောင်းမှုကုသိုလ်လုပ်ပြီးသား ဖြစ်မယ်၊ ပယောဂနဲ့ ဘာဆို လို့လဲ"

"မဆိုင်ပေမယ့် သူလုပ်နိုင်းတာ အဲဒီနည်းတွေပဲကွ၊ ဦးစိုး ဂ မင်း ပြောကြည့်ပါလား .. သူလည်း လက်ခံမှာ မဟုတ်ဘူး၊ ကလေးအ အမှတ်တမဲ့ ဟိုဆွဲဒီဆွဲ ပုတ်ခတ်ပစ်တာကို မင်းတို့ပဲ အကြိမ်ရေတွ မှတ်ထားပြီး ပုံကြီးချဲ့ကြတာ"





"ရှင် အဲဒီလိုတော့ မပြောနဲ့၊ ဆရာမက သီလ သမာဓိ ပြည့်ဝတဲ့ ဒူးခိရှုပ်လေးနဲ့ ပြောသမျှ အဖိုးတန်တဲ့စကားတွေချည်းပဲ၊ ရှင် ပြော သလို ဗေဒင်ဟောစားနေတဲ့လူ မဟုတ်ဘူး၊ ပယောဂဆရာမလည်း ဟုတ်ဘူး၊ မကူညီရင်နေ .."

ဤသို့ရှိခဲ့ပြီး အမိဋ္ဌာန်ဝင်ဖို့အတွက် ဒေါ်ဖြူဖြူ ကိုယ်တိုင် ဘဝန်ကျမဲ့၏။ ထိုအခါ လူကြီးတွေ အိမ်မှာ မရှိနိုက်အတွင်း နှစ် သောက်တည်းနေလို့ တင့်တယ်အောင် ဆိုသည့် ခေါင်းစဉ်နှင့် ဦးစိုး ၏ ဒီညှ ကို လက်ထပ်ပေးဖို့ စီစဉ်ကြလေသည်။

"အမိဋ္ဌာန် ကိုးရက်ကာလတွေမှာ မေမေက ရွှေဆိုင်မှာပဲ သွား နေမှာ၊ ဟစ်လမှာ ရက်နှစ်ဆယ်လောက်ပဲ အိမ်မှာရှိမှာလေ၊ အဲဒီလို ကိုးရက်တွေမှာ သမီးတို့ ဒီတိုင်းနေလို့ တင့်တယ်ပါ့မလား၊ အစ ကတည်းက မေမေ ဒီလို စီစဉ်ဖို့ရှိခဲ့တာလည်း ပြောခဲ့ပြီးသားကို .."

"ဟုတ်တယ် သမီး .. ကိုယ့်တူလေးမျက်နှာကို ငဲ့ညှာ စဉ်းစားပါ ကွယ်၊ သမီးအမေပြောတာ အကောင်းဆုံး အစီအစဉ်ပါ၊ နောက်ပြီး အမေတို့က ဖွင့်မပြော၊ မတားဆီးပေမယ့် သမီး ရည်းစားရှိနေတာကို သိတယ်၊ အဲဒီကောင်လေးကိုလည်း စုံစမ်းကြည့်ထားတယ်၊ ကုမ္ပဏီ ပိုင်ရှင် ပိုလို နိုင်ငံခြားက လုပ်ငန်းတစ်ခုခုရဲ့ ကိုယ်စားလှယ်လိုလို ဘြားရတာကတော့ သေးသေးနုပ်နုပ် မရှိဘူးပေါ့၊ ဒါပေမယ့် အဲဒါတွေ က မသေချာဘူးလို့ ထပ်သိရတယ်၊ သေချာတာက ဒီကောင်လေးက မိန်းမသနာ ရှုပ်တယ်"

ဖေဖေကိုယ်တိုင် မပြောဖူးတဲ့စကားတွေ ပြောလာခဲ့သည်။

စိတ်ထဲမှာလည်း ဖွဲ့ ဘယ်လိုလူဆိုတာကို လက်ခံမိပြီးဖြစ်ရာ မိမိထောင်ရေးအပေါ်မှာ ခါးခါးသီးသီး ပယ်ချမိတဲ့အထိတော့ မပြော ဝံခဲ့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီအခြေအနေကြောင့်ပဲ မေမေ အမိဋ္ဌာန်ဝင်ဖို့ နှော
နှေးသွားခဲ့၏။ ဒီညလက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည့်အချိန်မှာ သ
လေး တစ်နှစ်သားကျော်သွားပြီ ဖြစ်သည်။

ကလေးနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ အလေးအနက် စီ
နေကြတာကိုတော့ ဦးစီး ကို သေချာ ပြောပြမထားခဲ့ပါ..။

ဆရာမ မေးခိုင်းသည့်အကြောင်းတွေကိုလည်း မမေးခဲ့..။

သူ့သားမှာ ဒီလို ဖိစီးမှုတွေရှိနေသည်ဆိုတာလည်း အရိပ်အမြွ
လောက်ပဲ ပြောပြခဲ့သည်။ ဒါတွေဟာ သူနဲ့သာ သက်ဆိုင်နေသ
အခြေအနေတွေဆိုတာ တမင်မပြောဘဲ ချန်လှပ်ခဲ့တာက ဒေါ်ဖြ
ရဲ့အစီအစဉ် ဖြစ်၏။

ဒီည လည်း နားလည်သည်။ ဟိုတုန်းက မမ ပြောပြခဲ့တာ
က နားထဲမှာ စွဲမြဲနေဆဲ ..။

"သူ့ကို မကျေမနပ်ဖြစ်ခဲ့ဖူးတာ တစ်ခုပဲ၊ အဲဒါကတော့
လည်း ဘယ်တော့မှ ပြင်မှာမဟုတ်သလို အကြောင်းတိုက်ဆိုင်
အဆူခံလိုက်ရတိုင်း ဝမ်းနည်းရတယ်၊ နောက်တော့လည်း ကိုယ်
မခံစားနိုင်တဲ့သူလေ၊ ဒီလိုမပြောဖို့မိအောင် ကိုယ်ပဲ ရှောင်ရတာ

ဘာတွေဖြစ်လို့ အဆူခံရတာလဲလို့ မေးတော့ ...

"သူက သူ့အလုပ်ကိစ္စကို မေးတာ စပ်စုတာ နည်းနည်
မကြိုက်ဘူး၊ နောက်ဆုံးဟာ လင်နဲ့မယားပဲ သူ့ဖုန်းကျန်ခဲ့လို့ ဖုန်း
နေတော့ ကောက်ကိုင်လိုက်မိတာ၊ အဲဒါကို ပြစ်မှုကြီးတစ်ခု ကျူး
မိသလို ရှူးရှူးရှားရှား ထဖြစ်တာ၊ ပြီးတော့ ...

"ငါ့အလုပ်က ပြေးလမ်းပေါ်မှာ တရားခံရဲ့ခြေရာအတိုင်း
ထပ်တည်း ပြေးနေရတာ၊ ဥပဒေဘက်တော်သားပေမယ့် အမှောင်
ကလူကို ဖမ်းဖို့ အမှောင်ထဲမှာ ကျင်လည်နေရတာမျိုး၊ လျှို့ဝှက်





လုပ်ဆိုတာ မင်း နားလည်ပါ"

"ရှေးလူကြီးတွေ ဆိုစကားရှိခဲ့သလို 'အသေလောက် အရေး
ကြီးတဲ့စကားဆို ဇနီးမယားကိုတောင် မပြောရဘူး' တဲ့၊ အဲဒါ ခုချိန်ထိ
လက်ကိုင်ထားတဲ့ အမှန်တရားပဲ၊ မိန်းမအတွက် အသက်ပေးချင်
သောက်အောင် အချစ်ကြောင့် စုံလုံးကန်းသွားပြီရင်တော့ ကိုယ်တိုင်
သည်စင်းပေးချင် ပေးမိမယ်၊ ကိုယ်ညံ့လို့ မိန်းမကြောင့် သေရတာ
ဘယ်တော့မှ မဖြစ်ရဘူး" ဟူ၍..။

မမက သူပြောတဲ့အတိုင်း အားလုံး ပြန်ပြောပြဖူးသည်။ ကလေး
ပတ်သက်နိုင်တာတွေ သူ့ဆီမှာ မေးမြန်းမိတာနှင့် သူ့အကြောင်းကို
စုသလို ဖြစ်သွားမှာမျိုး မေမေက မလိုလားတာ ဖြစ်သည်။

"လိုအပ်မှ ပြောတာပေါ့ သမီးရယ် .. ဆရာမ ပြောသလောက်နဲ့
မေမေတို့ နားလည်လို့ ရနေပါပြီ၊ ကိုယ့်ဟာကိုယ်ပဲ ဖြေရှင်းကြည့်
ကြမယ်"

သားအမိနှစ်ယောက် တိုင်ပင်ပြီးကာမှ မင်္ဂလာကိစ္စကိုတော့
မေက ဖွတ်မတိုက်တွန်းခဲ့ဘဲ ဒီအချိန်ထိ ကြာသွားခဲ့ရသည်။

ဒီည ဖြတ်သန်းခဲ့သည့် နေ့ရက် နာရီတွေကို ပြန်ငဲ့ကြည့်မိတိုင်း
တ်ပြင်းချမိ၏။ သူမ တစ်ခုခုကို ဆုံးဖြတ်မှဖြစ်တော့မှာပါ..။

မဟုတ်လျှင် ဦးစီး နဲ့ ကလေးက အေးစက်ပြတ်သားမှုများနှင့်
ကိုင်း ဆက်လက် ချီတက်ကြတော့မှာ ဖြစ်သည်။

ညအခါ လသာနေပေမယ့် ပြတင်းဝကနေပဲ ရပ်ငေးနေမိကာ
တ်ဆိတ်သည့်ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ပြန်ထိုင်မိသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေကြပြီဖြစ်ကာ ကလေးကို ဦးစီး က
အခန်းထဲမှာ ခေါ်သိပ်တာမို့ ဒီည လွတ်လပ်စွာ ထိုင်လို့ရနေ၏။

ထိုစဉ် ကလေးငိုသံသဲ့သဲ့ကြောင့် ဆိုဖာမှာ မှီနေသည့်ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



မတ်ခနဲ ဖြစ်သွား၏။ သေချာသွားတော့ နေရာမှ ထရပ်လိုက်မိသည်

အထဲမဝင်သင့်မှန်း သိပေမယ့် တံခါးရှေ့ထိ ရောက်သွား ခြေလှမ်းတွေက မြန်၏။

"အထဲဝင်လေ"

"ဟင်!..."

ရှေ့ကို အာရုံရောက်နေတုန်း နောက်က ကပ်ပြောလိုက် ကြောင့် ဒီညာ လန့်သွား၏။

ဦးစီး က ဘောင်းဘီရှည်ပွပွ ဝတ်ထားပေမယ့် အင်္ကျီက ည အင်္ကျီ မဟုတ်ပေ။ လည်ပိုင်းလက်ပွနှင့် စပို့ရှပ်အဖြူပဲ ဖြစ်၏။

သူက စေ့ထားပုံပေါ်သည့် တံခါးကို တွန်းဖွင့်လိုက်က –

"ငါ ချော့ကြည့်လိုက်ဦးမယ်၊ မရရင် ပြန်ခေါ်သွားလေ"

'ရပါတယ်၊ ဒီကပဲ ကြည့်နေမယ်'လို့ ပြောလို့လည်း မ သူ ဝင်သွားတဲ့နောက်ကို လိုက်ဝင်ရမှာလည်း နှစ်ယောက်အိပ် ပြန့်ပြန့်ကြီးက မြူးပြီ ခြောက်လှန့်နေ၏။

ကလေးကို မွေ့ယာပေါ်မှာ တင်သိပ်ထားတာဖြစ်လျက် က က နီးတာနှင့် ငုတ်တုတ်ထထိုင်ကာ မျက်နှာကို လက်နှစ်ဖ ဖိကာ ရှုံ့မဲ့ရင်း ငိုဖို့ တာစူနေ၏။

"ဘား .."

သူ အသံပေး၍ အနားကပ်သွားပေမယ့် ...

"အဟင့် .. အဟင့် .. ဟီး .."

ကလေးက မော့ကြည့်ပြီး ချက်ချင်း ငိုချလိုက်၏။

"ဖိုးဘားလေး .."

ဒီညာ အသံပေးပြီး ပြေးသွားတော့မှ ကလေးက ခြေမနိုင် ၎င့် ထရပ်ဖို့ ကြိုးစားသည်။ ဖုတ်ခနဲ ပြန်လဲတော့ ဒီညာ က





မှာ တင်ပါးလွှဲထိုင်လိုက်ပြီး ကလေးကို ပွေ့ခေါ်လိုက်သည်။

ဦးစီး က နာကျင်ကြေကွဲနေတာမျိုးလည်း မဟုတ်၊ ကျေနပ်သည် ည်း မဖြည်ဘဲ နှုတ်ခမ်းခပ်စေ့စေ့နှင့် သူ့သားကို လက်ပိုက်ကြည့် နေ၏။

အိပ်နေတုန်း ပွေ့ခေါ်သွားတာမို့ နိုးလာတာနှင့် ဒီတိုင်း ဖြစ်မှာ ဆိုတာ ကြိုသိနေတာမျိုး ..။

"မြေးလေးက အရမ်း အကျင့်ကောင်းတာ၊ နဆိုရင် အိပ်တာနဲ့ င်း တစ်ရေးပဲ"လို့ မေမေ ပြောတာကြောင့် 'ဒီညာ ကျွန်တော် ခေါ် ပ်မယ်'ဆိုပြီး ပွေ့ခေါ်သွားခဲ့သည်။

သူ့ခမျာ ကလေးကို မခေါ်သာ တော်ရာက ငေးနေရတာပဲ များ ာမို့ ဒီညာအတွက်တော့ အဆင်ပြေသွားလို့ မေမေ မအိပ်ခင်ကတောင် ပြောသွားသေးသည်။

ခုတော့ ...

"ဒီညာ ပြန်ခေါ်သွားရမလား .."

သူ့မျက်နှာကို အားနာသလိုကြည့်ရင်း မေးတော့ ဦးစီး က ပြုံး ာ ...

"ခေါ်သွားလေ .. ငါ ချော့သိပ်လို့လည်း ရမှာမှ မဟုတ်တာ"

ကလေးက ဒီညာ ပခုံးတစ်ဖက်မှာ ခေါင်းလေးဖေးကပ်ပြီး ပြန် ပ်တော့မလို့ မှိန်းနေပြီဖြစ်၏။ ဒီညာ ခေါင်းညိတ်၍ ကလေးကို ဖက် ာ လှည့်ထွက်လိုက်စဉ် မျက်လုံးက စားပွဲပေါ်မှာ ဖြန့်လျက်သား နေသည့် ဂျာနယ်စာမျက်နှာပေါ် ရောက်သွား၏။

ဗွီ .. ဒါ ... ဗွီ လား ..။

ဘယ်လိုမှ မယုံနိုင်၊ ဗွီ ဒီလို စာလုံးမည်းကြီးတွေနဲ့ တခမ်းတနား ဖော်ကြားလာမည့်သတင်းဟာ ဒီလိုသတင်းမျိုး ဖြစ်လာသလား ..။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး .."

တာမျက်နှာ ဖျတ်ခနဲ ပျောက်သွားမှ ဂျာနယ်ကို ပိတ်ပစ်လိုက်သည့် ဦးစိုး မျက်နှာကို မော့ကြည့်မိ၏။

"ဒီသတင်းက ..."

"လွန်ခဲ့တဲ့ နှစ်လက .."

နှစ်လ .. နှစ်လ ဆိုတော့ ...

ဒီညု မျက်လုံးတွေ သူ့ဆီ စူးစမ်းရှာဖွေလာပြီး ...

"ရှင် ကျွန်မကို ဘာဖြစ်လို့ မပြောတာလဲ"

ဦးစိုး က ချထားသည့် စီးကရက်နဲ့ မီးခြစ်ကို ကောက်ယူလိုက်ပြီး ပြန်လှည့်ထွက်သွားကာ ...

"ဘာလုပ်ဖို့လဲ .. မင်းနဲ့ သူ တွေ့ဖို့မှ မရှိတော့တာ၊ သူ ကျူးလွန်ခဲ့တဲ့အမှုတွေ ဖြန့်ခင်းလိုက်ရင် သူ့တစ်ကိုယ်လုံး စောင်လို ခြုံလို့ရတယ်၊ မင်း သူ့ကိုတွေ့ဖို့ ကြိုးစားရင် သိမှာပဲ"

အိမ်မှာ ဂျာနယ် သတင်းစာတွေ တော်တော်များများ ယူပေမယ့် ဂျာနယ်တိုင်းတော့ မယူခဲ့ပေ။ ဒီညု ကိုယ်တိုင်က ဂျာနယ်ဆို သိပ်မလှန်ဖြစ်တာ များခဲ့၏။

"ဒါ ဖေ့ဖေတို့လည်း မသိဘူးပေါ့"

"ထင်တာပဲ .. ဒါ ကိုယ် အပြင်က ဝယ်ခဲ့တာ"

ဦးစိုး ရဲ့စကားထဲမှာ 'ကိုယ်'လို့ သူ့ကိုယ်သူ ခဏတာဖြုတ် ကြည်ပ် ပါလာတတ်၏။ ပါလာတိုင်း ဒီညု သတိထားမိသည်။

"ကိုဦးစိုး .."

ဒီညု ခေါ်လိုက်တော့ ဦးစိုး က စီးကရက်မီးညှိနေရင်း မျက်ခုံးပင့်ကြည့်၏။

မီးခိုးငွေ့တို့ လွှန့်တက်နေသည့် တစ်ဖက်ကနေ မျက်ခုံး ခပ်တွန်





ချိန့်နှင့် စူးရဲနေသော မျက်ဝန်းတွေက မီးရောင်အောက်မှာ တစ်မျိုးကြည့်ကောင်းနေ၏။

ဦးစိုး က မြင်တာနဲ့ မိန်းကလေးတွေ သဘောကျသွားလောက်သော ခန့်ညားတင့်တယ်မှုရှိသူ ဖြစ်သည်။

အပြုံးအရယ်နည်းသည့် မျက်နှာမို့ သူ့ပုံစံနဲ့ လိုက်ဖက်သည်လို့ ပြောရမလား ..၊ ဒီညု ကတော့ ထိုမျက်နှာကို တရေးခံတစ်ယောက်လို စိုက်ကြည့်၍ ...

"ဒွဲ အဖမ်းခံရတဲ့ကိစ္စကို ရှင်က ဂျာနယ်ဝါသနာရှင်တစ်ယောက် သတင်းအဖြစ် သိထားတာမျိုး ကျွန်မကို ပြောတာလား"

"မပြောပါဘူး ..၊ အခု မင်းကို ဘယ်သူပြောလို့လဲ"

ဒီညု မျက်နှာလေး တင်းသွားသည်။ ပြောစရာစကားအစ ရလာမို့ ကလေးကို ရင်ခွင်ထဲမှာ ပက်လက်ကလေး ပြောင်းပွေ့လိုက်ပြီး ပွဲရှေ့က ခုံမှာ ဝင်ထိုင်လိုက်မိသည်။

ပြီးတော့ ဂျာနယ်ကို ငုံ့ကြည့်လိုက်ပြီးမှ သူ့ဘက် ပြန်လှည့်၍...

"ဒွဲ ကို ဖမ်းမိသွားတဲ့ ကောက်ကြောင်းတွေမှာ ရှင် ပါတယ်မို့လား"

ဦးစိုး မျက်ဝန်းမှာ အထင်ကြီးသွားသည့် အကြည့်တစ်ချက်နှင့် ချစ်ခနဲ ပြုံး၏။

"ပြောစမ်းပါ .. ရှင် ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်း လုပ်ချင်နေတာက ကျွန်မဘဝ ဘယ်လောက် နစ်နာသွားမလဲဆိုတာ သည့်ထက်နိုင်လောက်အောင် အရေးကြီးနေသလား"

ကလေးနိုးမှာစိုးလို့ ပြောနေသည့်အသံက တိုးပေမယ့် အံကြိတ်ထားသဖြင့် တုန်ခါသံနဲ့ တူနေ၏။

"ရှင် ဘာဖြစ်လို့ မပြောတာလဲ ကျွန်မ သိတယ်၊ အဲဒါ ရှင့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် အပြစ်လွှတ်ချင်တာ”

“ဟုတ်တယ် .. မင်းနဲ့ ငါ့ကို လက်ထပ်ပေးဖို့ လူကြီးတွေက အချိန်ပြည့် စိုင်းပြင်းနေတာ၊ ငါ့ဘက်က ငြင်းရခက်တဲ့ အခြေအနေကို လည်း မင်းကို ပြောပြပြီးသား၊ မင်းကိုယ်တိုင်လည်း ငြင်းချင်နေရက်နဲ့ မငြင်းနိုင်တာ၊ အဲဒီအချိန်မှာ မင်းရဲ့ချစ်သူ ထောင်ကျသွားတဲ့အကြောင်း ငါက လက်တို့ပြီး အသိပေးရမှာလား ..”

“သူ့ကို ထောင်ချလိုက်တာလည်း ရှင်ပဲလို့ ထည့်ပြောစမ်းပါ”

စီးကရက်မီးခိုးတွေ လွင့်နေဆဲ နှုတ်ခမ်းသားတို့ တင်းခနဲ ဖေ့ သွား၏။

“အဲဒါကိုရော မင်းက ဘယ်လိုထင်လို့လဲ”

“ရှင် မပြောရင်တော့ ထင်ချင်သလို ထင်မှာပဲ”

ဒီညဲ က ပြတ်ပြတ်ပြောပြီး စူးစိုက်မော့ကြည့်နေ၏။

ဦးစီး က သူမနဲ့ မျက်နှာချင်းဆိုင် မွေ့ရာအစွန်းမှာထိုင်ပြီး လက် နှစ်ဖက် ပြန်ထောက်ထားလျက် ... ,

“ဟုတ်တယ် .. ပြောသင့်ပြီဆိုတော့ ပြောပြမယ်၊ ဖွဲ့ ရဲ့နာမည် အပြည့်အစုံက ‘ဖွဲ့ပညာ’ .. သူ့ကို ဦးလေးလို့ ထင်ရပေမယ့် တကယ် တမ်းကျတော့ ..ဘမှသွေးသားမတော်တဲ့ သားအဖနှစ်ယောက်က ကျွေးမွေးစောင့်ရှောက်ခဲ့လို့ ကြီးပြင်းလာတဲ့ မိဘမဲ့ ..”

ဒီည မျက်ခုံးလေးတွေ တွန့်ကုတ်နေတဲ့အထိ စူးစိုက် နားထောင် နေခဲ့သည်။ ဦးစီး က စီးကရက်တစ်ရှိုက် ငုံထားပြီးမှ ခပ်ဖြည်းဖြည်း လွှတ်ထွက်၍ ...

“နောက်ကျတော့ ညီအစ်ကိုလိုနေတဲ့ အကြီးတစ်ယောက်က ဒုစရိုက်လောကသားဖြစ်သွားပြီး သူကတော့ အဖြူရောင်နယ်မြေက နေ လှုပ်ရှားပေးရတဲ့ အရိပ်တု ဖြစ်လာတယ်၊ ဒီလောကလူတွေ





သူတို့ ရှာသမျှငွေတွေ အဖြူရောင်ဖြစ်ဖို့အတွက် ဖွဲ့ လိုလူက ဖန်ဆင်း ရှင်ပဲ၊ အဲဒီအချိန်မှာတော့ ပိုကြီးတဲ့အန္တရာယ်ကို ရှင်းနေရလို့ အရိပ်ရှိ နေတာ သိပေမယ့် အဲဒီအရိပ်က ဖွဲ့ပညာ လို့ မဖော်ထုတ်နိုင်သေးဘူး၊ တစ်ဆက်တည်း သတင်းအနံ့ခံလိုက်ဖို့က ဖွဲ့ က ငွေကြောင့် ပျက်စီးပြီး သူ့အစ်ကိုအပေါ်မှာ သစ္စာမထားတော့ဘူး၊ ငွေပုံပေးရင် ဘယ်သူ့ အတွက်ဖြစ်ဖြစ် လှုပ်ရှားပေးတယ်၊ အဲဒါကြောင့် တစ်ယောက်ကို ရှင်း နိုင်ပြီး တစ်ယောက်က ပျောက်သွားတယ်”

“ကျွန်မနဲ့အတူ ရှင် သူ့ကိုတွေ့တုန်းက ပြန်ပြီး အစရသွားတာ လား”

“မဟုတ်ဘူး .. ဖွဲ့ပညာ ဟာ မင်းရဲ့ ဖွဲ့ မှန်း အဲဒီကျမှ သိတာ၊ ငါ အလုပ်ကထွက်လိုက်ပေမယ့် ငါ့ဆရာနဲ့ အလုပ်အတွက် တတ်နိုင် သလောက် လုပ်ပေးချင်တယ်၊ အစပျောက်သွားတဲ့ ‘အရိပ်တု’ဆိုတဲ့ တစ်ယောက်ကို ငါပဲ သည်းကြီးမည်းကြီး ရှာခဲ့တာ၊ ဒါပေမယ့် အဲဒီ အချိန်တွေက ဟိုအစကတည်းက ဖြစ်နေခဲ့တာ၊ သူ့ကို ဖမ်းလိုက်တာ ငါ မဟုတ်သလို ဖမ်းမိသွားတာလည်း ငါ့အတွက် ဘာဂုဏ်ထူးမှ တက်လာဖို့ မရှိပါဘူး၊ အနေမတတ်ရင် မင်း စွပ်စွဲလာမှာတွေကို ရင်ဆိုင်ရဦးမယ်၊ အခုတောင်မှ ..”

“ရှင့်ကို ကျွန်မ စွပ်စွဲနေတာ မဟုတ်ဘူး၊ အဲဒီလောက်ထိ တစ် ကိုယ်တောင်းဆန်ရလားလို့ တည့်တည့်မေးပြီး ရင်ဘတ်ထု ငိုချင်တာ”

ဒီည က လက်တွေ မအားတော့ မျက်နှာလေးမော့၍ ဆံပင်တွေ ကို ခါထုတ်ပစ်လိုက်ကာ ...

“သူနဲ့ကျွန်မ ချစ်သူဖြစ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံး သူ့ရဲ့ နှုတ်တရွတ်ဆန်မှု၊ သည်းမခံတတ်မှုတွေကြောင့် နွေးထွေးမှုဆိုတာ လိုသလောက် မဖြစ်ခဲ့ဘူး၊ သူ့ကို နားလည်ဖို့ကြိုးစားရင်း ကျွန်မနဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘ၀ကို ကျွန်မက စည်းတွေ အထပ်ထပ်ခြားပြီး ကန့်သတ်ခဲ့တယ်၊ အဲဒါကြောင့် ပဋိပက္ခတွေဖြစ်လာခဲ့တိုင်း 'ငါ တကယ် လွန်လွန်းနေပြီလား'ဆိုတဲ့ ဇဝေဇဝါအတွေးတွေ အမြဲ ဖြစ်ရတယ်၊ ရှင် လိုက်ပို့တဲ့ နောက်ဆုံးအချိန်ထိ အဆင်မပြေ ဖြစ်ခဲ့ကြပေမယ့် ကျွန်မ သူ့ကို လွမ်းနေတုန်း၊ သူသာ မရမက ဆက်ပြီး ကြိုးစားဆက်သွယ်လာရင် ..''

စကားက ရှေ့မဆက်ဘဲ ရင်နာသည့်မျက်ဝန်းတွေသာ သူ့ဆီ ရောက်လာ၏။

''ရှင် မျိုသိပ်ထားလိုက်တဲ့ကာလအတွင်းမှာ ကျွန်မ ဘာဖြစ်သွားနိုင်လဲ .. သိရဲ့လား ..''

''မင်းမှာ နားတွေ မျက်စိတွေ မပါတာမှ မဟုတ်ဘဲ''

''ရှင် လွယ်လွယ်မပြောနဲ့ .. ရှင့်ရင်ထဲမှာ အဲဒီလို တကယ် မဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်၊ လူကြီးတွေ စီစဉ်တဲ့ကိစ္စကို ရှင် စိတ်မဝင်စားတဲ့အကြောင်း ပြခွင့်သာတဲ့ဘက်က ပြလိုက်တာ ..''

သူက စိုက်ကြည့်နေပြီးမှ စီးကရက်ကို လက်နဲ့ဖျစ်၍ သတ်ပစ်သည်။

ဒီညကပူလောင်ပွထနေသလောက် သူက သွေးအေးလွန်းကာ ကြည့်နေရင်း ပြေးတွန်း ထုနှက်ပစ်ချင်လာ၏။

ဒါပေမယ့် သူ့မျက်နှာ ပြန်မော့လာတဲ့အထိပဲ တိတ်ဆိတ်စွာ စောင့်နေမိခဲ့၏။

''မင်္ဂလာကိစ္စဆိုတဲ့ ပြဿနာအတွက် သက်သေပြဖို့၊ ပြဋ္ဌာန်းဖို့တွေအထိ ငါ စိတ်မဝင်စားဘူး ဒီည၊ ငါ့ဘဝမှာ အိမ်ထောင်ပြုခြင်းက တာဝန်ဝတ္တရားတစ်ခုလိုပဲ၊ တစ်ခုရှိတာက တည်ဆောက်ဖြစ်ခဲ့ရင် ငါ့ဘက်က ဝတ္တရားကျေရမယ်ဆိုတာ ငါ သိတယ်၊ တကယ် ကျေခြင်း





မကျေခြင်းက အခြေအနေတွေအရပဲ ..''

''ရှင် စကားပြောပုံက ..''

''ပြောပြတာ''

သူက ဆံပင်တွေထဲ လက်တစ်ဖက် ထည့်ဖွပစ်၍ ...

''မင်းဆီက နားလည်မှုကို ငါ မမျှော်လင့်သလို ငါ့ကိုလည်း မင်း နားလည်ဖို့ မလိုဘူး၊ ငါတွက်ထားတာ အဲဒီအတိုင်းပဲ''

''ဒါဆို ရှင်က လူကြီးတွေ ဘယ်လိုကြိုးဆွဲဆွဲ ကနိုင်းတိုင်း ကမယ့် ရုပ်သေးရုပ်ကြီးပေါ့''

သူက ပြန်စိုက်ကြည့်ပြီး လွန့်ခနဲ ပြုံးသည်။

''ခံစားချက်တွေကို စိတ်မဝင်စားတာတော့ အမှန်ပဲ''

''မမကိုလည်း ရှင် ဒီစကားတွေပြောပြီး နှိပ်စက်ခဲ့တာပေါ့ ဟုတ်လား ..''

''လွင် ဒီတိုင်း ပြောခဲ့သလား''

ဒီည အသံတိတ်သွား၏။ ဦးစီး က အိပ်ပျော်နေသည့် ဖိုးသားလေးကို ငေးနေ၍ ...

''သူ သိပါတယ်၊ သူ ပြောခဲ့တဲ့အတိုင်းပဲ မင်း သိထားတာဆိုရင် အဲဒါ အမှန်တွေပဲလို့ မှတ်လိုက်တော့''

ပြောနေသမျှ စကားတွေကို နားထောင်ရင်း ရင်ထဲမှာ မေးချင်လာသည့် ပဟေဠိတစ်ခုကို ဘယ်လိုမှ မမျိုသိပ်နိုင်ဘဲ ဖြစ်လာ၍ ...

''ရှင်နဲ့ ကျွန်မ လက်ထပ်ကြဖို့ ဖြစ်လာရင် ဒီစကားတွေကြောင့် ကျွန်မဘက်က ဘယ်လို ခေါင်းညိတ်ရမလဲ၊ ရှင် အဲဒါကို ဂရုမစိုက်စွာ ကြွေးကြော်နေတာလား''

''အဲဒီလို ထင်စရာဖြစ်သွားရင်တော့ ဆောရီးလို့ ပြောရမှာပဲ၊ မင်း ငါ့အပေါ်မှာ တောက်လျှောက် မကြည်လင်ခဲ့တဲ့ လွင် နဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သမျှအကြောင်းတွေကို အခု ပြောဖြစ်တုန်း ထည့်ရှင်းပြတဲ့သဘောပါ၊ ခံစားချက်ဆိုတာ ခံစားကြည့်ချင်တိုင်း ရင်ဘတ်ထဲကို ရိုက်ထည့်လို့ ရတာမျိုး မဟုတ်ဘူး၊ အဲဒါ ငါကိုယ်တိုင် ဖန်တီးဖို့ ကြိုးစားခဲ့လို့ သိလာခဲ့တဲ့ အမှန်တရား၊ လွင် နဲ့ ငါ ဒီ့ထက် နွေးထွေးသင့်တယ်လို့ ကိုယ့်ကိုယ်ကိုယ် သိနေပေမယ့် ငါ့ဘက်က ပေးနိုင်ခဲ့တာ အဲဒါ အကုန်ပဲ"

မညီမျှခဲ့တာတွေကို သူကိုယ်တိုင် သိနေသည်။ အခုလည်း ဝန်ခံနေသည်။ လူကြီးတွေပြောကြသလို မသိလို့ မှားနေတာထက် အသိခေါက်ခက် အဝင်နက်တာမျိုးက ပြင်ရခက်သည်ဆိုလျှင် သူ့လိုလူကို ဘယ်လိုပြောမလဲ ..။

"သမီး .."

တံခါးက ဒီတိုင်း တစ်ဝက်လောက် ပွင့်နေသဖြင့် ဒေါ်ဖြူဖြူ အပြင်မှာ လာရပ်လိုက်တာနှင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြသည်။

"ကလေး ဘာဖြစ်လို့လဲ သမီး"

"မေမေ .. ဟို ..."

"ကလေး ကောင်းကောင်းအိပ်ရဲ့လားလို့ မေမေ လာကြည့်တာ"

ဒီညကလေးကို ပွေ့လျက်သားနှင့် ထရပ်လိုက်ကာ မျက်နှာလေး နီနေ၏။ ဦးစီး က ဒေါ်ဖြူဖြူ ရှိရာကို ထလျှောက်သွား၍...

"ကလေးက နိုးလာတာနဲ့ ငိုတော့တာပဲ အမေ၊ ဒီည ရောက်လာမှ ပြန်အိပ်သွားတာ"

"သြော် ..."

ဒေါ်ဖြူဖြူက 'သြော်...'သံရှည်ကြီးနှင့် နှစ်ယောက်စလုံး မျက်နှာကို တစ်ချက်ဝေ့ကြည့်ပြီး မျက်နှာလွှဲသည်။ သားအမိ အပြင်ကို





ထွက်လာကြကာမှ ...

"သမီးကလည်း ကလေးကို သွားကြည့်တာလား .."

ဘာအဓိပ္ပာယ်နှင့်မေးမှန်း မသိသော်လည်း ဒီည ကလေးကို အိပ်ခန်းထဲထိ ခေါ်ခဲ့ပြီး သေချာ ချသိပ်ပြီးမှ ...

"ငိုသံကြားလို့ သွားကြည့်တာပါ၊ သမီး ရောက်သွားတော့မှ ကိုဦးစီး က ရေအိမ်က ပြန်လာတာထင်တယ်၊ ဟို .. ကလေးကလည်း ငိုနေတော့ သမီး ဝင်ခေါ်ရင်းနဲ့ စကားပြောဖြစ်သွားတာ"

ဒေါ်ဖြူဖြူ က ရှက်နေသည့် ဒီည မျက်နှာလေးကိုကြည့်၍ မျက်နှာပေါ် ဝဲကျနေသည့်ဆံစလေးတွေကို တယုတယ သိမ်းဖယ်ရင်း ...

"အဲဒီလို အခြေအနေတွေ ရှိလာမှာ ကြိုသိထားလို့ မေမေ တိုက်တွန်းနေတာပေါ့ သမီးရယ် .. ကလေးရဲ့အဖေနဲ့ .. ကလေးကို မခွဲနိုင်အောင် ချစ်နေတဲ့သမီး ဘယ်လိုမှ ကင်းကင်းနေလို့ မရနိုင်ဘူး၊ ခဲအိုနဲ့ ခယ်မ ဆိုတာ အစဉ်အလာမှာကိုက ပြောဆို ပုတ်ခတ်မှုတွေ ရှိလာခဲ့တာ သမီးလည်း ကြားဖူးနားဝ ရှိမှာပါ၊ ခုလိုမျိုးဆို ကြည့်စမ်း .. ဒီကလေးက သမီးရင်ခွင်ထဲမှာ ရှိနေမယ်၊ သမီးက သူ့ရဲ့ဇနီးဆိုရင် မိသားစုဘဝလေး ဘယ်လောက်နွေးထွေးမလဲ"

"မေမေကလည်း .."

သူ ပြောလိုက်တဲ့ ဖန်တီးမပေးနိုင်ခြင်းတရားတွေကို မေမေ ကြားလို့လား ..၊ ဒီည မျက်နှာလေး ရှုပွပွနှင့် ကလေးကို စောင်ခြုံပေးရင်း ဝင်လှဲလိုက်သည်။ ဒေါ်ဖြူဖြူ က သူ့မသေးမှာပဲ ဝင်ထိုင်၍ ...

"လက်ထပ်ဖို့ပဲ ခေါင်းညိတ်လိုက်ပါ သမီးရယ် .. မေမေတို့မှာ အစီအစဉ်တွေ အများကြီး ရှိသေးတယ်၊ သမီးအဖေကလည်း ခုဆို အိမ်မှာ နေ့တိုင်းတောင် ပြန်မအိပ်တော့ဘူး၊ တရားစခန်းဝင်တာက တစ်မျိုး၊ အိမ်မှာ မေမေတို့သားအမိချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မပြောဘဲ ဇွတ်မှိတ်ချထားသည့် မျက်တောင်ဖျားလေးတွေ လှုပ်ခတ်နေတာကို ဒေါ်ဖြူဖြူ က ငုံ့မိုးကြည့်နေ၏။ ပန်းနုရောင် ပြေပြေလေးနှင့် ပွတ်နေသည့် ပါးပြင်လေးကို အမြတ်တနိုး ပွတ်သပ်နေ၍ ...

"သမီးချစ်သူနဲ့ သမီး အဆက်အသွယ် မရှိတော့ဘူးဆိုတာလည်း မေမေ သိတာပဲ၊ သမီးတို့ချင်း လမ်းခွဲလိုက်ကြပြီမို့လား"

ထာဝရ ကွဲကွာခြင်းဆိုတာ မေမေတို့ မသိတာ သေချာသွားသည်။ ဒါပေမယ့် သူမ မပြောဖြစ်လိုက် ..။

"ဦးစိုး က သမီး လက်မခံနိုင်လောက်စရာ ရုပ်ရည်၊ အသက်အရွယ်မျိုးလည်း မဟုတ်သေးပါဘူးကွယ်၊ မနေ့ကတောင် သမီးအဖေက မေမေ့ကို မေးနေသေးတယ်၊ သမီးရဲ့အိမ်ထောင်ရေးကို မင်း လက်လွှတ်ထားလိုက်ပြီလား တဲ့.."

ဒီညဘာမှမပြောဘဲ နေလိုက်သည်။ နောက်ဆုံးမှာ ဒေါ်ဖြူဖြူဘောင်ခတ် ဆုံးဖြတ်ပေးလိုက်သည်က အိမ်ထောင်ရေးဆိုသည့် စည်းဝိုင်းတစ်ခု ..၊

ဦးစိုး ထံမှ သူမ ဘာမှမတောင်းဆို၊ မဆွေးနွေးလိုက်ရဘဲ ကာလတွေ အကြာကြီး စဉ်းစားနေခဲ့ခြင်းက အလကား ဖြစ်သွားခဲ့သည်။

လက်ထပ်ခြင်းက ရိုးရှင်းသော ညစာစားပွဲလေးတစ်ခုအဖြစ် ပြီးဆုံးသွားခဲ့ပြီ ..။





အခန်း [၂၂]

"သားနဲ့ သမီးတို့ကို စိတ်ချရပြီဆိုတော့ ဆိုင်မှာလည်း လိုအပ်ချက်တွေ ပြန်ကြည့်ရင်းနဲ့ မေမေ ဆိုင်မှာပဲ ဆယ်ရက်လောက် သွားနေဦးမယ်"

ညဘက် အိပ်ရာတွေ မဝင်ခင်ကတည်းက မေမေက အစီအစဉ်ကို စဖို့ ခြေလှမ်းပြင်သည်။ ကလေးနဲ့ မေမေ နှစ်ယောက်တည်း ဘိုးရက်လုံးလုံး ဖြစ်ပါ့မလား ..။

"မေမေ .."

ဒီည တွေးပူတာကို ဒေါ်ဖြူဖြူ က နားလည်နေကာ ...

"မြေးက သမီးနဲ့ မေမေ့ကို ချစ်တာ အတူတူပါပဲ၊ မြေးကို မေမေ ထိန်းနိုင်တယ်"

"မင်း စဉ်းစားဦးနော် .. ကိုယ့်အသက်အရွယ်နဲ့ ကလေး ဝေယျာ ခွင့်က ရှိသေးတယ်"

ဦးကျော်မျိုး ကလည်း စိတ်မဖြောင့်စွာ ဆို၏။ အစီအစဉ် ဘာလဲ ရှိသည်ဆိုတာ ဦးစိုး မှလွဲလျှင် အားလုံးက သေချာသိထားပြီးသား..။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ‥ ကျွန်တော်နဲ့သားအတွက် အဆင်ပြေအောင် ကြိုးစား ချင်တာဆိုရင် အဲဒီလောက် မလုပ်ပါနဲ့လို့ ပြောချင်ပါတယ်"

ဦးစီး က ဒေါ်ဖြူဖြူ တို့ကို ကြည့်၍ စကားစ,လိုက်ကာ …

"ကလေးက ငယ်လည်း ငယ်သေးတယ်၊ ကျွန်တော်ကိုယ်တိုင် က ကလေးနဲ့ ရင်းနှီးအောင် မထိန်းကျောင်းတတ်တာလည်း ပါတယ် အဲဒီတော့ ကျွန်တော့်မေတ္တာမှန်ရင် တစ်နေ့နေ့မှာ အသွားအပြန် ရှိလာ မှာပါ"

"မှန်ပါတယ်ကွယ် ‥ မခင်တွယ်တာ တစ်ခုတည်းဆိုရင် သာ ပြောသလို စောင့်ကြည့်ရုံပါပဲ၊ ဒါပေမယ့် တို့ဘုရားအလောင်းတော် တောင်မှ မိခင်ရဲ့ ရင်ခွင်ပိုက်သားအရွယ်လေးမှာ ကွပ်မျက်ခံရဖို့ ကြ လာတော့ မိခင်အပေါ်မှာ ဆံပင်ကိုဆွဲ၍ ကျိစယ်မိခြင်း၊ ကုတ်ဖွဲ့ က ကျောက်၍ ကျိစယ်ခြင်း စတဲ့ ကလေးရဲ့ မသိစိတ်နဲ့ နာကျင်အော ကျူးလွန်စော်ကားမိခဲ့သမျှ ဒီအပြစ်တွေ ဘာမှမကျေဘဲ ငါ သေဆုံး တော့မှာပါလားလို့ တွေးပြီး မိခင်ကို မနောထဲကနေ ဝန်ချတောင်းပ ခဲ့ရှာတယ်၊ အခုက မိခင် မဟုတ်ပေမယ့် ဖအေတစ်ယောက်လုံး သွေးထွက်သံယိုဖြစ်တဲ့အထိ အခန့်မသင့်ခတွ အများကြီးရှိခဲ့တာ၊ ဒီ နေရာမျိုးမှာ ဖခင်ဆိုတာ မိခင်လောက်တော့ သည်းခံ စိတ်ရှည်နိုင်မှ မဟုတ်ဘူးလေ၊ ကြာရင် အသွားအပြန်တွေဖြစ်မလာဘဲ ပြတ်တော ကုန်ကြမှာ စိုးတယ်၊ မြေးလေးကိုလည်း ဒီအပြစ်တွေအတွက် ဆေ ကြော သန့်စင်ပေးချင်တယ်၊ အားလုံးကောင်းဖို့ပါကွယ်"

ဒါတွေကို ပြောပြထားလို့ သူ သိပြီးသားပါ၊ ဒါပေမယ့် ကို ကြောင့် အလုပ်ရှုပ် ဗျာများနေရတာမျိုး မဖြစ်စေချင်‥။

ကလေးက ကိုယ့်ကို မခင်တွယ်သေးရင်တောင် ခင်တွယ် ဒီည က အနားမှာ ရှိနေပြီမို့ ဒီပြဿနာကို ထားလိုက်ချင်သည်





လေးကို ခဏလေးတောင် မျက်စိအောက်က အပျောက်မခံခဲ့သည့် ည ကလည်း ဆယ်ရက်လောက် ခွဲနေရမှာကျမှ ငြိမ်ချက်သား ောင်းနေ၏။

"မေမေ အမိဋ္ဌာန်ရက်မပြည့်ခင် မေမေက မခေါ်ဘဲ သားတို့ ာကြနဲ့နော်"

လို့ မှာသေးသည်။ အားလုံးသော အစီအစဉ်တွေကို ပြောဆို ွေးနွေးကြပြီး အိပ်ရာဝင်ပြီဆိုမှ ဖိုးသားလေးကို သိပ်ရင်း မျက်ရည် ွဝေ့လျက် စကားတွေပြောနေသည့် ဒီည ကို သူ လှမ်းမြင်ရ၏။

"သားလေး ဘွားဘွားကို မဆိုးရဘူးနော်"

ဒီည သည် မရှင်းလင်းသည့်အတွေးများနှင့် အိမ်ထောင်ကျခဲ့ရ ်းအပေါ်မှာ ကြေကွဲနေမိသလို ကလေးနဲ့ ချက်ချင်း ခွဲအိပ်ရဦးမှာ ွက် အိပ်ရာထဲကျမှ …

"ဘွားဘွားက သားအတွက် ဥပုသ်စောင့်တာ၊ သားလည်း ဥပုသ် အောင် ယူရမယ် သိလား၊ ညညဆို ဘွားဘွား သိပ်ရင်လည်း တန်း ်ရမယ်၊ တီည ကို လွမ်းလို့ မငိုရဘူး"

ပြောနေရင်း မျက်ရည်က ကျချင်လာသည်။ မျက်တောင်တွေ ်ထုတ်နေမိရင်း မျက်လုံးလေးဝိုင်းနေအောင် မော့ကြည့်နေသည့် သားလေးကို ငုံ့နမ်းမိသည်။

ကလေးကို မိဘနှစ်ပါး နာမည်ပါအောင်ဆိုပြီး 'နေရိပ်လွင်'လို့ ားထားခဲ့သည်။ 'ဒီနာမည်လေးကြောင့် ငါ့မြေးက စိတ်ထားနူးညံ့ ာမှာ'လို့ ဘိုးအေဖြစ်သူက ပြောနေသေးသည်။

လောလောဆယ်မှာတော့ မျက်နက်ဝန်းလေးတွေ လက်တောက် က် မျက်တောင်ကော့လေးတွေ ထင်းနေသည့် ဖိုးသားလေးဟာ ယ်လိုဆိုးဆိုး ဒေါသထွက်လို့မရအောင် ချစ်ဖို့ကောင်းတဲ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



လေးပါ..။

လမ်းလျှောက်သင်စအရွယ်လေးမှာ ရွှေရောင်မကျ အနက်ရောင်လည်း မဟုတ်သော ရွှေညိုရောင် ဆံပင်တွန့်တွန့်လေးတွေ ဂုတ်ထောက်အရှည်လေးနဲ့မို့ မြင်တဲ့လူတိုင်းလည်း ချစ်စရာလေးလို့ မပြောဘဲ မနေနိုင်..။

ဖြူဝင်းသည့်အသားက ဝါပြေပြေလေးနှင့် နှုတ်ခမ်းလေးတွေက ဖအေလို ထူပြည့်ပြည့် ..။

"သားလေးက အရမ်းချစ်ဖို့ကောင်းတာ သိလား၊ မျက်နှာလေး လှသလို စိတ်ဓာတ်ကလည်း ယဉ်ကျေးရတယ်၊ အဲဒါကြောင့် ဥပုသ်စောင့်ရမှာ"

နားလည်သည်ဖြစ်စေ မလည်သည်ဖြစ်စေ ရင်ခွင်ထဲကနေ မျက်လုံးလေး လှန်ကြည့်နေသဖြင့် မျက်ရည်ကျလာတာကို သုတ်ပစ်လိုက်ရသည်။

ကလေးရဲ့ဟိုဘက်မှာ ခေါင်းအုံးနှစ်ထပ်ဆင့်လျက်နှင့် သူ့အတွက် နေရာ ..၊ ဒါကို သတိမရချင်ပေမယ့် မင်္ဂလာဦးညဆိုတာကို မေ့လို့မှ မရဘဲ ..။

သူ့အတွက် မထူးဆန်းနိုင်သော်လည်း ကိုယ့်အတွက်က ...

"ဒီညု .."

"ဟင် .."

သူ ရပ်ကြည့်နေတာကို မသိလိုက်သဖြင့် ဒီညု ဖျတ်ခနဲ လှည့်ကြည့်၏။

"ညဉ့်နက်လှပြီ ကလေး သိပ်လို့ မရသေးဘူးလား"

"သူက တစ်ရေးပြန်နိုးနေတာ"

"မင်း အိပ်ချင်အိပ်လေ၊ သားကို ကိုယ် သိပ်ကြည့်မယ်"





"နေပစေ"

ဘယ်တုန်းက ရလို့လဲ၊ အပိုတွေ..။

စိတ်ကမကြည်တော့ ဒီညု မျက်နှာလေး တင်းနေခဲ့၏။ ဒီကလေး ...နဲ့မတည့်လို့ .. သူ့သားလည်း ဖြစ်နေလို့ ခုလို လက်ထပ်ဖြစ်ခဲ့ကြ ...။

သူ ဝင်လာတာကိုလည်း မော့မကြည့်မိအောင် နေကာ လှုပ်ရှား ...သမျှကိုတော့ မျက်ဝန်းထောင့်မှာ မြင်နေရ၏။

ဖိုးသားလေးက ဒီဘက်ကို မျက်နှာလေး ပြန်လှည့်ယူလို့ မရ ...အောင် သူ့ကိုပဲ လှည့်ကြည့်နေလျက် အိပ်ရာထဲမှာ ဝင်လှဲလိုက်မှာ ...နေသလို မမှိတ်မသုန် ..။

ဦးစီး ဒရင်းမ်ဘက်ဒ် ခင်းပြီး ထိုင်လိုက်ပေမယ့် သားရဲ့မျက်လုံး ...းလေးတွေနဲ့ ဆုံသွားတော့ မျက်မှောင်ကုတ်သွား၏။

စိတ်ထဲမှာ တစ်ခုခု ခံစားမိလိုက်သလို ဖြစ်သွားကာ နေရာမှ ...ထပြီး သားရဲ့ဘေးမှာ ထိုင်ပြီးမှ တံတောင်နဲ့ထောက်လှဲလိုက်ရင်း...

"သား .."

ခေါ်လိုက်တော့ ဖိုးသားလေးက ချာခနဲ ပြန်လှည့်သွားကာ ဒီညု ...ခွင်ထဲမှာ မျက်နှာလေး ကပ်ထား၏။

အလယ်မှာ ကလေးကိုယ်လေးပဲ ခြားနေတာမို့ သူ မျက်လွှာ ...ကြည့်လိုက်တာနှင့် ဒီညု မျက်နှာလေးက သူ့ရှေ့မှာ နီးကပ်စွာ...

"မင်းကို ကျေးဇူးတင်ပါတယ်"

"ဘာတင်တာလဲ"

ဒီညု က ငေါက်ဆတ်ဆတ် မေး၍ မေးဖျားလေးပါ ပင့်သွားတဲ့ ...သိ ရန်လိုနေလျက် ...

"ရှင့်ကို လက်ထပ်ခဲ့ရတာ ရှင် ကျေးဇူးတင်တာကို လိုချင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့လား"

"ဘာကိုမှ မလိုချင်ဘဲ လက်ထပ်ခဲ့တာမို့လို့ တင်တာ၊ ကလေးနဲ့ အားလုံး အဆင်ပြေသွားအောင် မင်း ပေးဆပ်လိုက်တယ်ဆိုတာ ငါ နားလည်တယ်၊ အိမ်ထောင်ရေးဆိုတာ တကယ်တော့ ပေးဆပ်ကြတဲ့ပွဲကြီးတစ်ခု မဟုတ်ဘူးကွ၊ အရှင်းဆုံး ဝန်ခံရရင် မင်းကတော့ စိတ်ဆိုးဦးမှာပဲ"

သူက စကားရပ်ပြီး ခေါင်းအုံးပေါ်မှာ ပက်လက်လှဲချလိုက်သည်။

"ဖေဖေ့ရဲ့စေတနာကို သိတယ် ..၊ သူ အထီးကျန်ဆန်ရသလို ကိုယ့်ကို သူ့လို မဖြစ်စေချင်တဲ့စေတနာနဲ့ အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့တယ်၊ နောက်ပြီး ကိုယ့်ရဲ့အလုပ်ကို သဘောမကျတာတွေ ပြောပြရင်း ဒီအလုပ်လုပ်တဲ့ ယောကျ်ားတိုင်း အချစ်ရေးမှာ အာရုံမထားတတ်ကြဘူးလို့ ဝေဖန်လာတယ်၊ တစ်ချိန်မှာ အထီးကျန် ခံစားချက်တွေနဲ့ ဆင်းရဲပင်ပန်းမှာပဲလို့ တစ်ထစ်ချ ပြောတယ်၊ ကိုယ့်ရဲ့ ဥပေက္ခာတွေ ကိုယ့်ဆီ ပြန်လာမှာပဲ ဘာညာပေါ့၊ ပြောပါများလာတော့ ကိုယ့်အလုပ်ကို ဖေဖေ ငြီးငြင်နေပြီဆိုတာ သိလာခဲ့တယ်၊ မိန်းမ မလိုချင်ပါဘူး ငြင်းနေလေ ဒီပြဿနာကြီးလေ ဖြစ်လာမှာဆိုတော့ လက်ထပ်ဖို့ ခေါင်းညိတ်လိုက်တယ်၊ နောက်ပိုင်း တကယ့်မင်္ဂလာကိစ္စတွေ စီစဉ်ဖြစ်ကြတော့ ဖေဖေ မရှိတော့ပါဘူး၊ ကိုယ် ပြောချင်တာက အလုပ်ကို မစွန့်လွှတ်နိုင်တဲ့အတွက် အဲဒီမှာ ကိုယ် ပေးဆပ်ခဲ့တာ .."

ဒေါသရိပ်တွေနှင့် မျက်ဝန်းလေးတွေကို ဦးစီး က မသိ..၊ လက်ဖဝါးနှစ်ဖက် ယှက်၍ ခေါင်းအောက်သွင်းထားရင်း မျက်နှာကြက်ကို ငေးနေကာ ...

"ပေးဆပ်ခြင်းတွေမှာ အရာရာတိုင်းအတွက် ကောင်းကျိုးရှိချင်





ရှိလိမ့်မယ်၊ အိမ်ထောင်ရေးအတွက် မကောင်းဘူး"

"အဲဒီတော့ ရှင်က ကျွန်မကို ပြန်အမ်းချင်တာလား"

ဦးစီး က အံ့သြရိပ်ထင်နေသည့် မျက်ဝန်းတွေနှင့် လှည့်ကြည့်လျှင် ...

"ကျွန်မက ရှင့်ကို ချစ်နေလို့ လက်ခံလိုက်တာပါလို့ ပြောပေးစေချင်တာလား၊ ဘာလဲ .."

"တစ်ခုခုတော့ ဖြစ်စေချင်တယ်ဆိုရင် မင်းက လက်ခံပေးမှာမို့လို့လား"

"ရှင် .. နော် .."

ဒီညှ စိတ်တိုသွားတာ ဘယ်လိုစာဖွဲ့ရမှန်းပင် မသိ၊ မျက်တောင်များလေးတွေ စင်းကျနေပြီဖြစ်သည့် သားလေးကို ပွတ်သပ်ပေးရင်း စိတ်ကို မရမက ဖြေလိုက်ရသည်။

ဒါတောင် လေသံ မပါသည့် စကားလုံးတချို့က နှုတ်ခမ်းဖျားမှာ လှုပ်လှုပ်ရွရွ ပုံပေါ်သွားသေး၏။

"တော်တော် ကဲထူးတဲ့ ယောကျ်ားပါပဲ၊ ဟွန်း .."

နှုတ်ခမ်းတွေကိုပဲ စိုက်ကြည့်နေသည့် ဦးစီး မျက်နှာ ရယ်မြူးရိပ်ထင်သွားကာ ...

"ဘာဖြစ်လို့လဲ ပြောလေ"

ဒီညှ က မျက်မှောင်ကုတ်၍ ပြန်ကြည့်၏။ တော်တော် ကြားချင်နေသလားဆိုသည့် အဓိပ္ပာယ်တွေနှင့် ...

"ရှင့်ကို အထင်ကြီးလွန်းလို့ပါ"

"ဘာကြောင့်လဲ .."

"မတော်တရာဘဲ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ စံစားနေနိုင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

ဒီလို မဟုတ်ပါဘူးကွာ၊ ဘာညာ ထွက်လာမလားလို့ ရွဲ့ပြေ
လိုက်တာကို သဘောတွေ ဘယ်လောက်ကျသွားသည် မသိ ..။

ဟက်ဟက်ပက်ပက် မရယ်ခဲ့ဘူးဘဲ အသံတိတ် သွားတွေပေ
အောင် ရယ်နေလိုက်တာ မပြီးနိုင် ..။

သေလိုက်ပါလား ..၊ အဲဒီမှာပဲ ဘဝင်လေဟပ်ပြီးတော့ ..။

ဒီည မျက်စောင်းထိုးလိုက်ကာမှ သူက လှည့်ကြည့်ပြီး ဒီဘ
ပြန်စောင်း၍ လက်ပိုက်ထားလိုက်ကာ ...

"ကိုယ် အဲဒီအဓိပ္ပာယ်တွေ ဖြစ်သွားအောင် ပြောချင်တာ မဟု
ဘူး၊ မင်း စိတ်ချမ်းသာဖို့အတွက် ကိုယ့်စိတ်ကူးကို ပြောမလို့"

မီးရောင်အောက်မှာ မျက်တောင်ရိပ်လေးတွေ ထင်နေသ
နီမြန်းသော ပါးမို့လေးတွေကို စကားပြောရင်း စိုက်ကြည့်မိခဲ့၏။

အမြဲတမ်း ပန်းသာသာလေးပဲ မြင်နေရသည့်ဆံပင်တွေက ပိုရှ
လာသလား မသိ ..၊ တံတောင်နဲ့ ထောက်ထားလိုက်၊ လှဲအိပ်လို
ပြင်ဆင်နေသည့် ဒီည ရဲ့လက်မောင်းလေးတွေနားမှာ ဆံနွယ်တွေ
လည်း ပျော့အိနွဲ့ခါလျက် အငြိမ်မနေရရှာ ..။

"ကလေး အိပ်နေပြီမို့လား၊ သက်သက်သာသာ နေပါ"

"ကျွန်မ မသက်မသာ ဖြစ်နေလည်း ရှင် မပူပါနဲ့၊ ကိုယ့်ဟာ
ကိုယ်ပဲ သက်သာသလို နေ .."

"မင်း ဘာဖြစ်လို့ ဒေါကန်နေတာလဲ၊ ယောကျ်ားအနားက
မှာစိုးလို့ ညဘက်ရောက်တိုင်း ရန်လုပ်နေတတ်တဲ့ မိန်းမတွေရဲ့ပ
တွေ သုံးနေတာလား"

ကြည့်စမ်း ..၊

ဒီည မျက်နှာလေး ရဲတွတ်သွားသည်။





ဒေါသတုင်မကပါ ကြေကွဲနေမိတာ မျက်ရည်တောင် ကျခဲ့ရပြီး
ပြီ။ ဒါပေမယ့် သူပြောတာ မျိုးတွေကို ကြားတောင်မကြားဘူးခဲ့..။

"ရှင် ကိုယ်ခိုးတတ်တိုင်း သူများကို မငြိုးနဲ့"

"မငြိုးပါဘူး၊ ကိုယ် မင်းကို ညှာတာဖို့ပဲ တွေးနေတာ၊ အဲဒါ
ကြောင့် မပူနဲ့လို့ ပြောမလို့"

"ဘာကိုလဲ .."

"အကြောင်းကြောင်းကြောင့် လက်ထပ်ခဲ့ကြပြီးပြီ၊ ဒါပေမယ့်
မင်းနဲ့ငါ အရင်အတိုင်းပဲ ရှိနေမှာပါ၊ သားလေးအတွက် မင်းက မရှိ
မဖြစ်တဲ့ မေတ္တာရှင်၊ သားက ကိုယ့်ရဲ့ တစ်ဦးတည်းသော ဆွေမျိုး
ရင်းချာ၊ ကိုယ်တို့သုံးယောက် တစ်မိုးအောက်မှာ နေဖြစ်ကြတာပဲ ရှိ
တယ်၊ မင်း မကြည်ဖြူတာ မင်းဆီက ကိုယ် ဘာမှမယူဘူး"

"ဘယ်တော့မှ မကြည်ဖြူဘူးဆိုတာ သေချာတယ်"

သူက နှုတ်ခမ်းတွေ စေ့လိုက်ပြီး ခေါင်းခါ၏။

"အနာဂတ်ဟာ မသေချာမှုတွေရဲ့ အရှင်သခင်ပါ၊ မင်း လက်ခံ
လား မသိဘူး .. အတိတ်ကိုတောင် ကိုယ် မပိုင်ဘူး"

ပိုင်ပိုင် မပိုင်ပိုင် အရှူးပဲဆိုဆို ..၊

ဒီလိုစကားတွေ ပြောနေသမျှ ရှင့်ကို ဘယ်တော့မှ ကြည်ဖြူလို့
ရမှာ မဟုတ်ဘူး..။

အဲဒါ ဘယ်အချိန်ဖြစ်ဖြစ် သေချာပြီးသား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၃ ]

"မမလေး ထမင်းစားတော့မလားဟင်"

"မစားသေးဘူး"

"အစ်ကိုလေးက ခေါ်ခိုင်းလို့ပါ"

"ဘယ်သူခေါ်ခေါ် မစားသေးဘူးလို့ ပြောလိုက်၊ သွား .."

"ဟုတ်ကဲ့ မမလေး"

စိုးစိုး ခေါင်းလေးငုံ့၍ ပြန်ထွက်သွား၏။ အိမ်မှာ လူကြီး မရှိကြပေ။ မေမေက ဖိုးသားလေးကို ခေါ်သွားပြီဖြစ်ကာ ဖေဖေ ညနေကျမှ အိမ်ပြန်လာ၏။

လူတိုးလာတာ မသိသာပေမယ့် လူလျော့သွားတော့ ဘယ် မနေတတ်အောင် ဖြစ်နေခဲ့၏။

ထို့ကြောင့် ဖုန်းဆက်ပြီး သူငယ်ချင်းတွေကို တစ်နေရာမှာ နေတာလည်း အဆင်မပြေ..။

"အေးလေ .. ဒါဆိုလည်း ဒီနေ့ မသွားဘူးပေါ့"

"... ... ... ..."





"အင်း .. လာခဲ့လေ၊ ဒါလည်း ကောင်းတာပဲ၊ ယုစံ ပါ လာဦးမှာ လား"

"... ... ... ..."

"ဒါဆို နှင်တစ်ယောက်တည်းပေါ့၊ ကျေးဇူးပဲဟာ .. ငါ ပျင်း နေလို့ .."

ဖုန်းချလိုက်ပြီး ဒီဘက်လှည့်လိုက်တော့ ဦးစီး က တံခါးရှေ့မှာ ရပ်နေလျက် ...

"ဆယ့်တစ်နာရီထိုးတော့မှာ၊ မင်း မနက်ကလည်း ဘာမှမစား ဘဲနဲ့ ဘာလို့ မစားတာလဲ"

"မသိဘူး .. ဘာမှ စားချင်စိတ် မရှိလို့"

ဒီညု အပြင်ထွက်လာတော့ သူက ခြေတစ်လှမ်းဆုတ်ပေးလိုက် ကာ ပြီးတော့ ဘေးကနေ စကားပြောရင်း ပါလာ၏။

"အိမ်မှာ လူနည်းသွားလို့ မနေတတ်ဖြစ်နေတာပါ၊ မင်း သူငယ် ချင်းနဲ့ ချိန်းထားတယ်မို့လား၊ အိမ်မှာ စကားပြောကြမှာဆိုရင် စိုးစိုး ကို စားစရာတစ်ခုခု လုပ်ခိုင်းပါလား"

အဝါရောင်လက်ပြတ် ဂါဝန်ရှည်ပျော့ပျော့လေးနှင့် အိမ်နေရင်း ပုံစံလေးနဲ့ ဒီညု က လှနေသည်။ သူ ပြောလိုက်တော့ ပါးရိုးပေါ်နေ သည့် ဆံပင်တစ်ဖက်ကို သိမ်းလှန်ပြီး မော့ကြည့်သည်။

"ရပါတယ် .. ရှင်ရော အပြင်သွားမလို့မို့လား"

ဦးစီး က ဘောင်းဘီရှည်နက်ပြာရင့်နှင့် လယ်သာဂျာကင် ရှေ့သို စိမ်းကို ဝတ်ထားသည်။ အတွင်းခံအကျီက လည်ပိုင်းအနက်မို့ ဘောင်း ဘီရှည်နက်ပြာနှင့်ရောကာ တစ်ကိုယ်လုံး မှောင်နေသလိုပင်..။

မြင်နေကျအတိုင်း လက်တစ်ဖက်မှာ စီးကရက်ဘူးနဲ့ မီးခြစ်ကို ကိုင်ထားလျက်၊ တစ်ဖက်မှာ မီးခိုးလွန့်နေသည့် စီးကရက်ကို လက်



www.burmeseclassic.com

www.burmeseclassic.com



ကြားညှပ်၍ ...

"ဟုတ်တယ် .. ဒီနေ့ ကိုယ်လည်း အပြင်မှာ ကြာမယ်ထင်တ
အဲဒါကြောင့် မင်းတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့"

ဒီညှ က အတူဆင်းလာကြရင်း လှေကားရင်းကျမှ လက်ရန်
ကျောပေးပြီး ရပ်လိုက်ကာ သူ့မျက်နှာကို သေချာမော့ကြည့်၏။

"ဒီည အတွက် ရှင် စိတ်မပူပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြ
နေသလဲပဲ တွေး .."

"ကိုယ်က ဘာဖြစ်နေလို့လဲ .."

"ရှင်က မေးတာမြန်းတာ မကြိုက်တော့ မေးချင်ပေမယ့် ဒီလို
ပြောရတာပေါ့၊ ကြားရတုန်းက စုံထောက်ဝါသနာကြောင့် မိဘ
တောင် သဘောထားကွဲလွဲခဲ့တယ်ဆိုတာမျိုး"

"မကွဲလွဲပါဘူး၊ ဖေဖေ့သဘောကျ ကိုယ် အိမ်ထောင်ပြုဖို့ လ
ခံခဲ့တယ်လို့ မင်းကို ပြောပြီးပြီပဲ"

"ထားလိုက်ပါ .. အဲဒါလည်း ရှင် ပြောသလို ဒါကြောင့်
ဆပ်ခဲ့လိုက်တာပဲ၊ တကယ်လို့ ရှင် အလုပ်မထွက်ခဲ့ရင် ခုချိန်မှာ
အဆင်ပြေမှာ"

"ဘာဖြစ်လို့လဲ"

ဒါလေးတောင် မေးနေသေးလားဆိုသည့် မကျေမနပ် ဖြစ်သွ
ခြင်းက ဒီည မျက်ခုံးလေးတွေကို တွန့်ကုတ်ကျသွားခဲ့တဲ့အထိ။

"ရှင် အိမ်ကို မပြန်ဘူးဆိုရင် မသင့်တော်တာတွေ မဖြစ်တေ
ဘူး၊ အဲဒါတွေမရှိရင် လက်ထပ်ဖြစ်မှာလည်း မဟုတ်ဘူးလေ၊ ခုတေ
ရှင်ကလည်း ဝတ္တရာအတိုင်း .. ကျွန်မကလည်း မချစ်တဲ့သူနဲ့ အ
နေရတယ်၊ ဘယ်လောက် စိတ်ပျက်ဖို့ ကောင်းလဲ"

ဒါတော့ ဆောရီးပါပဲလို့ အမိပ္ပာယ်သက်ရောက်စေသည်လာ





ဒါမှမဟုတ် တကယ်ပဲ အလေးအနက် တွေးမိသွားတာလား မသိ..။

ဦးစိုး က စီးကရက်တစ်ရှိုက်ဖွာပြီး မီးခိုးတွေ မှုတ်ထုတ်တဲ့ထဲမှာ သက်ပြင်းနှင့်ရော၍ မျက်ခုံးကိုပါ လက်မနဲ့ ခြစ်သည်။ ပြီးမှ ...

"မင်း ငါ့ကို မချစ်ဘူးဆိုပေမယ့် မမုန်းဘူးလို့တော့ တွေးခဲ့မိတယ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာ မဟုတ်ဘူး၊ မင်းကို ငါ့ရင်ထဲမှာ မမုန်းခဲ့ဘူးလို့ မင်းဘက်ကိုလည်း ဒီတိုင်း ထင်ခဲ့တာမျိုး၊ တကယ်လို့ မမုန်းကြဘူးဆိုရင် ပြောဆိုရင်းနှီးလာဖို့ရှိသလို မင်းနဲ့ကိုယ် အခြေအနေ အချိန်အခါပေါ်မှာ ပြောင်းလဲလာနိုင်တယ်မို့လား၊ အချစ်ဆိုတာ ကိုယ်ကြားဖူးတာတော့ ရှာဖွေစုဆောင်းနေဖို့ မလိုတဲ့အရာပါ၊ ဒီတိုင်းနေသွားတော့မလား.. ချစ်သွားနိုင်လားဆိုတာလည်း မသေချာဘူးလေ၊ အဲဒါကြောင့် ကိုယ်တို့ လက်ထပ်ခဲ့ကြတဲ့အကြောင်းကို ဘာကြောင့် လက်ထပ်ဖြစ်ခဲ့တာတွေ၊ လက်ထပ်ခဲ့မိလို့ နောင် ဘာဖြစ်လာမယ်ဆိုတာတွေ မင်း မတွေးဘဲ နေလိုက်ပါ"

ဒီည က ကိုယ်လေး ပြန်မတ်၍ ဧည့်ခန်းဆီသွားဖို့ ပြင်လိုက်ပြီးမှ ခေါင်းလေးခါပစ်လိုက်ပြီး သူ့ဘက် ပြန်လှည့်ကာ ...

"ကျွန်မက ရှင်နဲ့ အချစ်အကြောင်းတွေ ဆွေးနွေးချင်တာမဟုတ်ဘူး၊ ဒါပေမယ့် အချစ်ကို စိတ်မဝင်စားဘူးဆိုပြီး ရှင်သိတာတွေ များလှချေလား၊ အံ့သြစရာပဲ"

ဦးစိုး က ပြုံးလိုက်ပြီး ဒီည မျက်နှာလေးကို စိုက်ကြည့်၏။

"နေပူထဲ ရပ်နေရပေမယ့် အရိပ်ကို မကြိုက်တဲ့လူ ရှိမလား၊ ခါးသက်တဲ့အစားတွေကို မျိုချနေရတဲ့သူ အချိုကို တမ်းတမနေဘူးလို့ရော ဘယ်သူ ပြောမလဲ၊ အချစ်ကို ကိုယ့်အတွက် မဟုတ်ဘဲ ချစ်ဖို့လိုအပ်လာတဲ့အခါ အဲဒီအချစ် ကိုယ်နဲ့ ဘယ်လောက်ကွာနေသလဲဆိုတဲ့ အနီးအဝေးကို သိချင်လာမယ်၊ အချစ်ရဲ့ တည်နေရာ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



အဝန်းကို တိုင်းတာမှတ်သားချင်လာမယ်၊ ကိုယ် အဲဒီလို ဖြစ်ခဲ့ဖူး
လှင် ဆိုတဲ့ နူးညံ့အေးချမ်းပြီး ကိုယ့်အပေါ်မှာ သည်းခံယုယခဲ့တဲ့မိန်း
တစ်ယောက်အတွက် ကိုယ် ဘာပြန်ပေးနိုင်မလဲလို့ အဲဒီလောက်
ဖြစ်ခဲ့တယ်''

စီးကရက်နဲ့ ရောနေသော သူ့ကိုယ်က ရေမွှေးနံ့တစ်ချက် ဒီ
မျက်နှာလေးဆီ ဝေ့သွားခဲ့၏။

ရူးရူးရှရှ မွှေးတာမျိုးမဟုတ်ဘဲ နွေးထွေးစွာ ဆွတ်ပျံ့လာတာ
မို့ သူနဲ့ကိုယ် နီးကပ်နေသလားလို့ မလုံမလဲ တွေးလိုက်မိသည်။

ထို့ကြောင့် လေ့ကားနားကနေ ခွာလိုက်ပြီး ညှော်ခန်းဆီ လျှော
ခဲ့ရင်း ...

''ကျွန်မ သိချင်တာ အဲဒါတွေလည်း မဟုတ်သေးဘူး ကိုဦး
အချစ်နဲ့ပတ်သက်ပြီး ရှင် ဘာပြောပြော နားခံသာတာ ဘာမှမပါ
လို့ပဲ မြင်ထားတော့ မကြားရလေ ကောင်းလေပဲ''

ဆိုဖာတွေနား ရောက်တော့လည်း နှစ်ယောက်စလုံး မထိုင်
ကြပါ၊ အလုပ်ကိစ္စတွေ မေးမြန်းတာ မကြိုက်ဘူးလို့ သိထားသ
မေးဖြစ်တဲ့အထိ စကားက မရောက်သော်လည်း ကြောက်လို့ မေ
တာတော့ မဟုတ်ပေ..။

သူနဲ့ အတိုက်အခံ ပြောမိတိုင်း တစ်ဖက်သတ် အနိုင်မရနိုင်
သေချာနေတော့ စိတ်ပင်ပန်းမခံချင် ...။

ဦးစီး က ဒီညှ စကားစလိုက်ပြီးမှ ဟိုမရောက် ဒီမရောက်
ပြန်ပိတ်သွားတာကို မျက်မှောင်ကုတ်နှင့် ခဏကြာအောင် စိုက်ကြ
နေ၏။ ပြီးမှ ...

''မင်း ဘာသိချင်တာလဲ ဒီညှ''

''ကျွန်မ ရှင့်ကို ဘာအကြောင်း စပြောခဲ့သလဲ ပြန်တွေးေ





ဦးစီး ခဏ တိတ်သွားပြန်သည်။ ထို့နောက် ညှော်ခန်းစားပွဲဆီ
လျှောက်သွားပြီး အနားမရောက်တရောက်မှာ စီးကရက်ကို ပြာခွက်ထဲ
ထည့်လိုက်၏။

စီးကရက်သည် သူ ပစ်လိုက်သည့်အရှိန်မှာ တန်းခနဲ ထွက်သွား
တာ ခွက်ထဲကို ဦးစိုက် ထိုးဆင်း၏။

ပြာတစ်မှုန့်မှ လွင့်မသွားဘဲ သေသေသပ်သပ်လေးပဲမို့ ဒီညှ
ငိုက်ကြည့်နေရင်း ငေးသွားမိတဲ့အထိ ဖြစ်၏။

''ကိုယ် ဘာဖြစ်လို့ အလုပ်ထွက်လိုက်တာလဲဆိုတာ မင်း သိချင်
တာလား''

သူ့စကားသံကြားမှ မျက်နှာဆီ အကြည့်တွေ ပြန်ရောက်၍ ...

''ဟုတ်တယ် .. အဲဒါ အရမ်းကို ထူးဆန်းနေလို့လေ၊ မေ့မေ
တော့ အလုပ်ထဲမှာ အတိမ်းအစောင်းတွေဖြစ်လို့ စိတ်မပါတော့တာ
မှာတဲ့၊ ပြီးတော့ မမ ဆုံးသွားတဲ့အတွက် နောင်တရပြီး ကလေးနဲ့ပဲ
တော့ဖို့ ဆုံးဖြတ်တာ ဖြစ်မယ်တဲ့''

''ဟွန်း ..''

''ဖေဖေက အဲဒီလို မထင်ဘူး၊ ဝါသနာကို စွန့်လွှတ်လိုက်တဲ့
အထိ ဖြစ်လောက်အောင် မင်းပြောတဲ့ အကြောင်းတွေက မခိုင်လုံဘူး
တခြားအကြောင်း ရှိနိုင်တယ်တဲ့''

''ရှိတယ် ..''

''ဟင်!...''

ချက်ချင်း ဖြေသံထွက်လာမှော့ အံ့သြသွားသည်။ သို့သော် သူ
ပြတော့မှာလို့ ထင်လိုက်သည့်မှန်းချက်က မကိုက် ...။

''အလုပ်လုပ်နေရင်း တခြားသူတိုက်တွန်းခဲ့တဲ့ စကားလုံးပေါင်း၊
မှာ သာခေကပေါင်းများစွာထက် ငါ့စိတ်ကို ချုံးချုံးကျသွားအောင်

www.burmeseclassic.com



ရိုက်ချိုးပစ်လိုက်သလို ပုတ်ခတ်ပစ်ခဲ့တဲ့ အဖြစ်တစ်ခု ရှိတယ်၊ သူများကိုပြောရင် ဒါဟာ သေးငယ်တဲ့ကိစ္စလေးတစ်ခုလို့ ထင်ရင် ထင်မယ်၊ ငါ့အတွက် အဲဒါ တစ်ဘဝစာပဲ"

"ဘာဖြစ်ခဲ့တာလဲ"

"မပြောချင်တော့ဘူး ဒီည၊ အဲဒီအတွက် ဆောရီးပါ"

သူ့မျက်နှာက ငွေ့ရည်ဖွဲ့သွားသည့် မှိုးတိမ်တွေလို ချက်ချင်း သုန်မှုန်သွား၏။

"ငါ အလုပ်ထွက်ခဲ့တာပေမယ့် မထွက်ဘဲနေလည်း ထွက်လိုက်ရတဲ့အထိ ဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကစပြီး ငါ့ရဲ့ စုစည်းနိုင်စွမ်းတွေ ပျက်စီးသွားခဲ့လို့ အလုပ်သက်တမ်းတစ်လျှောက်မှာ မမှားဘူးခဲ့တဲ့ အမှားတွေ၊ မရဘူးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေ ငါ့ကိုယ်မှာ အများကြီး ရခဲ့တယ်"

ပြောနေရင်း ပင့်သက်ရှိုက်လိုက်ပြီး နာရီ ကြည့်သည်။

"မင်းနဲ့ စကားပြောချင်ပါတယ်၊ ဒါပေမယ့် ကိုယ် သွားတော့မယ်"

ပြောလက်စကို အစဖြတ်ပြီး ထွက်သွားတော့လည်း သူပဲ၊ စိတ်ဝင်စားနေတုန်း ဒီတိုင်း ကျန်ခဲ့ရသည်မို့ စိတ်တိုသွားကာ မေရှင်းရောက်လာတဲ့အထိ မျက်နှာက မပြေပြစ်သေး ..။

စိုးစိုး ကို ကျောက်ပွင့်သုပ်နဲ့ အအေးဘူးဓွေ လာပို့ဖို့ ပြောလိုက်ပြီး အမိုးလှလှလေးရှိသည့် ခြံထဲက စားပွဲဝိုင်းလေးမှာ ထိုင်လိုက်မိကြသည်။

မေရှင်း က ဆံပင်တိုကပ်ကပ် နားဆွဲလေးတလှုပ်လှုပ်နှင့် ဝတ်ထားတာက မော်ဒန်စိမ်းရောင် ကိုယ်ကျပ် ခပ်ပျော့ပျော့လေး ..၊

ကွန်ပျူတာသင်တန်းက လက်ထောက်ဆရာမဆိုတာ ဘယ်





...ကြည့်ကြည့် ယုံချင်စရာ မရှိ ..။

သူမက လွယ်လာသည့် ကြိုးရှည်နှင့် ဆလင်းဘက်အိတ်မည်း...ကို စားပွဲပေါ်မှာ ပုံချထားလိုက်ပြီးမှ ...

"ပြောပါဦး .. ယောက်ျားယူလိုက်ရခြင်းနဲ့ အိမ်ထောင်ရေး ဒုက္ခ...တွေကို"

"ဒုက္ခက ခုမှ စတာ..၊ သုက္ခ မပါသေးဘူး"

"ဒုက္ခတွေ များလာရင် ပါရင်ပါလာမှာပေါ့၊ ခုပဲ နင် စိတ်ညစ်...ပြီမို့လား၊ ငါ့ကို ဖုန်းဆက်ခေါ်တည်းက ပျော်နေရင်တော့ ဒီ...မှာ မေ့နေဦးမှာပါ၊ လှမ်းခေါ်တာက ပြောကို ပြောချင်နေတာ၊ ပျော်စရာတွေ ပြောပြဖို့တော့ မဖြစ်နိုင်ဘူး၊ ဟုတ်တယ် ဟုတ်.."

"ကဲပါ သူ့ကိုယ်သူ စုံထောက်မကြီး ကျနေတာပဲ"

"မဟုတ်ပါဘူး၊ ရှင်ပဲ စုံထောက်ကတော်ပါ"

"သွားစမ်းပါ .. အဲဒါကိုပဲ မပြီးနိုင်မစီးနိုင် စိတ်ညစ်နေရတာ"

"ဘာဖြစ်လို့လဲ .. သူက ပုံစံမပြောင်းဘူးလား၊ ဒီလိုပဲ နေတတ်...ဆင်ပါတယ် ဒီည ရယ် ..၊ ငါနဲ့ ယုစံ တောင် နင်တို့ ညှော်ခံပွဲတုန်း...သူ့ကိုကြည့်ပြီး ဝေဖန်နေကြသေးတယ်"

"နင်တို့လည်း အကဲခတ်မိသွားတယ်မို့လား၊ ခပ်ကြောကြော...ဘဲ့မျက်နှာကြီးကို"

"မဟုတ်ပါဘူး .. လူ့အိုသာ ဆိုတယ် လူပျိုအချောအလှနဲ့တောင်...နိုင်ဘူးလို့.."

"ဟင်!... ဘာ .. ငါ့ကို ရွဲ့ပြောတာလား"

ဒီည ဖြစ်သွားပုံကိုကြည့်ကာ မေရှင်း က ပခုံးတွေလှုပ်အောင်...။

"ရွဲ့ပြောတယ် ထင်ရလောက်အောင် နေဦးစီး က ရုပ်ဆိုးနေလို့



www.burmeseclassic.com

www.burmeseclassic.com



လားဟယ်၊ သူ့ပုံစံက အမျိုးမျိုး ထွင်နေကြတဲ့ ဒီခေတ်စတိုင်လ်တွေထက် အများကြီး သာတယ်၊ ယောကျ်ားတစ်ယောက်က ချောမှုနေဖို့ မလိုပါဘူး၊ ဘယ်အချိန်ကြည့်ကြည့် တင့်တယ်ခန့်ညားနေဖို့ပဲ၊ သူ့ အရပ်အမောင်းနဲ့ ဘော်ဒီစထရပ်ချာက မော်ဒယ်တွေထက် မိတယ်၊ ရုပါဖိုက်တာမို့လို့လား မသိဘူး၊ အဆီပိုမရှိဘဲ ချပ်ချပ်ကပ်ကပ်နဲ့ ဖြောင့်တာ''

''ကျွတ် .. စိတ်ညစ်ဖို့ ကောင်းလိုက်တာ''

''နောက်ဆို ရင်ခုန်သံတွေနဲ့ ပျော်သွားမှာပါ''

''မေရှင်း ..''

''ဟင်''

''ဒီလူ သူ့ကိုယ်သူ ဘယ်လောက်အထင်ကြီးနေလဲ သိလား၊ ဒီစကားတွေသာ ကြားသွားရင် မြှောက်တက်သွားလို့ ခြေဖျားလေးတောင် လှမ်းဆွဲလိုက်ချိန် ရမှာ မဟုတ်ဘူး''

''အဲဒီတော့လည်း မြှောက်တက်မသွားခင် အမိအရ ဆွဲထားလိုက်ပေါ့ ဒီညရယ် .. ခုခေတ်မှာ အဲဒီလို တည်တံ့တဲ့ယောကျ်ားမျိုးကရှားနေပြီ''

''ဘာကိုကြည့်ပြီး တည်တံ့သွားရတာလဲ''

မေရှင်း က စားပွဲပေါ်မှာ တံတောင်နှစ်ဖက် ကွေးတင်လိုက်ကာ လက်ပိုက်သလို လက်ချင်းပြန်ထပ်၍ ဒီည ကို ကြည့်သည်။ ပြီးတော့ ပြုံးလိုက်ရင်း ...

''ကြည့်ရတာ တော်တော် အပူမြင့်နေပုံပဲ၊ ဘာတွေဖြစ်ထားကြလို့လဲ .. ပြောပါဦး''

''တော်သေးတာပေါ့ မေးဖော်ရလို့ ..''

''ဟဲ့ .. ငါက နင် စိတ်ဆင်းရဲနေတာကို ဖြေသာတဲ့စကားတွေ





ပြောပေးနေတာ၊ မှန်မှန်မှားမှား လက်ထပ်ပြီးနေပြီမို့လား၊ မိဘက ဆးစားတာဆိုပေမယ့် တစ်ရေးနိုး ထကြည့်တာတောင် အမောဆို့သွားနိုင်တဲ့ရုပ်မျိုးကြီးလည်း မဟုတ်ဘူး၊ အငြိုးအတေးတွေ ကြီးကြီးမားမား ရှိခဲ့ကြတယ်ဆိုရင်တောင် သဘာဝကျသေးတယ်၊ ဘာဖြစ်လဲဟာ .. နင် ဒီလောက် စိတ်ညစ်နေရတဲ့အထိတော့ ဖြစ်မလာနိုင်ပါဘူး၊ မကျေနပ်စရာတွေပဲ တွေးတဲ့စိတ်ကို ဖျောက်လိုက်စမ်းပါ''

''ဟုတ်တယ် .. ကြီးကြီးမားမား မရှိခဲ့ပေမယ့် မမကို သူ မကြင်နာခဲ့တာတွေအတွက် ငါ သူ့ကို မကျေနပ်တဲ့စိတ်တွေ အများကြီးဖြစ်ခဲ့တာ၊ အဲဒါ အငြိုးတွေ ဟုတ်၊မဟုတ်တော့ မသိဘူး၊ ခုချိန်ထိ ငါ သုံးဝ ကြည့်မရဘူး''

''နင် ချစ်သူရှိနေရက်နဲ့တောင် ခေါင်းညိတ်နိုင်ခဲ့တယ်မို့လား''

''အဲဒီတစ်ယောက်အကြောင်း မပြောပါနဲ့၊ ငါ ရှက်တယ်''

''မပြောပါဘူး .. ချစ်ခဲ့ဖူးသူဆိုတာ ဘယ်အကြောင်းနဲ့ပဲ ဖြတ်တောက်သွားကြပစေ ရင်ထဲမှာတော့ ချက်ချင်း ပျောက်ကွယ်သွားတာ မဟုတ်ဘဲ ..''

''ငါကတော့ ချက်ချင်း ဖျောက်ပစ်လိုက်လို့ ရတယ်''

ဒီည မျက်နှာလေးက ပါးပြင်လေးတွေ နီမြန်းလျက် တင်းမာနေ၏။ အားလုံးကို ပြောပြခဲ့တာမို့ သိပြီးသားတွေကို တူးဆွမိသလိုဖြစ်သွားသဖြင့် မေရှင်း မျက်နှာလေး ငယ်နေ၏။

''သူက ငါ့ကို အခွင့်အရေးလိုချင်တဲ့စိတ်တွေနဲ့ ချစ်ခဲ့တာ၊ သူ့ကိုယ်သူတော့ ငါ့ကိုမှ အချစ်ဆုံးလို့ ထင်နေမှာပေါ့၊ တခြားမိန်းကလေးတွေကို ကြောရှုံလေး ချစ်ခဲ့တာကိုး''

''နင်ကလည်း ..''

''သူ့ကိုယ်တိုင် ပြောတာပဲလေ၊ ငွေတွေ ရေလိုသုံးပြီး သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မိုးကျရွှေကိုယ် ထင်နေတာ၊ ငါ ဘယ်လိုနည်းနဲ့ ရထားတဲ့ငွေတွေ ဆိုတာတော့ သူ့ကိုယ်သူ ပြန်မတွေးဘူး"

"အေးလေ .. အဲဒီလိုလူနဲ့ ယှဉ်ကြည့်တော့ နေဦးစိုး က ဘ လောက် *အထင်ကြီးဖို့ကောင်းလဲ၊ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းကို ကိုယ* တန်ဖိုးမထားရင် သူများကောက်ယူသွားမှ ရင်ကွဲရတတ်တယ်ဟ၊ ကတော့ နင်မကြိုက်လည်း ပြောချင်တာကိုတော့ ပြောခဲ့ရမှာပဲ၊ နင် နေဦးစိုး က အရမ်းလိုက်ဖက်တယ်၊ ဖူးစာမှန်နေတာလည်း ဘ လောက် သိသာလဲ ကြည့်လေ .. မမလွင် နဲ့ ဘယ်လောက်မှလ မပေါင်းလိုက်ရဘူး၊ ပေါင်းနေတဲ့ကာလမှာလည်း တစ်နှစ်မှာ အိမ် နေသွားတဲ့ရက်က တစ်လတောင် မရှိဘူးမို့လား၊ နင်နဲ့ လက်ထ ဖြစ်လာတဲ့အချိန်မှာ သူ နင့်အနားမှာ အမြဲ ရှိနေမယ့် အခြေအနေ နဲ့ တိုက်ဆိုင်လာတယ်၊ ငါ ပြောရဲတယ် သိလား .. နင့်ကို သူ အ ချစ်လာလိမ့်မယ်"

ဒီညူ က ဆံပင်တွေကို မျက်နှာလေးမော့၍ လက်နဲ့ သပ်ပစ် မဲ့သည်။

ချစ်လာမလာတော့ မသိ၊ ပြောလိုက်သမျှ စကားလုံးတွေက ထဲမှာ ဝဲနေသည်။

"ငါတို့တောင် နင်တို့သုံးယောက်ကို တွေးကြည့်ပြီး စိတ် သာနေတာ"

"ဘာ သုံးယောက်လဲ"

"ဖိုးသားလေးနဲ့ နင်တို့လေ .. ကလေးကို သူ့အဖေကလ ယုယချင်မှာပေါ့၊ အစတုန်းက နင်တို့လက်ပေါ်မှာချည်းပဲ ကလေ နေတော့ သူ ပွေ့ပိုက်ချင်လည်း မရ၊ ရတော့လည်း ကလေးက ခုဆိုရင် မိသားစုဖြစ်သွားပြီ၊ နင် ပွေ့ထားတဲ့ကလေးကို ကလေ





အမေကို ရောဖက်ပြီး သူ အတင်းဝင်ကပ်လည်း မသင့်တော်တာ ဘာညာ မရှိတော့ဘူး၊ ညလည်း အတူတူ အိပ်ကြရမယ်"

"မတူပါဘူး၊ သူနဲ့ငါ တစ်ခါမှ အတူတူ မအိပ်ဘူး"

"ဘယ်လို.."

ဒီညူ က မင်္ဂလာဦးညက ပြောဖြစ်ကြတာတွေကို ပြန်ပြောပြသည်။ မေရှင်း က အံ့ဩလျက် ...

"ဩော် .. သူကလည်း စိတ်ကူးရင့်သားပဲကိုး"

"စိတ်ကူးရင့်တာ မဟုတ်ဘူး၊ မာနတွေ ပြနေတာ၊ ဟွန့် .. သူ့ကို မချစ်မှန်းသိရက်နဲ့ ယူတော့ ယူထားပြီး မကြည်ဖြူတာကို မလိုချင်ဘူးတဲ့၊ ဟာသတွေ လာလုပ်နေတယ် .. သူ့ကို ကြည်ဖြူဖို့များ အိပ်မက်ထဲတောင် ထည့်မမက်ဘူး"

"အိပ်မက်ထဲမှာ မက်ဖြစ်ရင်တောင် ယဲတြာကျေဦးမယ်၊ ရှင် သက်တွေ့ ရင်ခုန်တတ်လာမှ အိပ်မက်မဟုတ်တဲ့ လိုက်လျောကြည်ဖြူခြင်းတွေ အလိုလို ဖြစ်လာလိမ့်မယ်"

"မဖြစ်ဘူး .."

မေရှင်း ကတော့ ရယ်နေပြီး ဒီညူ မရယ်နိုင်၊ သူက စီးကရက် သက်ကြားညှပ်ပြီး အေးအေးလူလူ သွားစရာရှိတာ သွားလို့..။

ကိုယ်က ဘာဖြစ်လို့ သူနဲ့ပတ်သက်တာတွေပဲ ပြောနေမိတာလဲ။

မခံချင်စိတ်နဲ့ တခြားအကြောင်းအရာ တစ်ခုခုဆီ စကားလမ်းကြောင်းပြောင်းဖို့ စဉ်းစားမိလာသည်။ ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

လှုပ်ရှားသံတစ်ချက်ကြောင့် အိပ်ပျော်နေသည့် မျက်လုံးတွေ
သွားခဲ့သည်။ ညမီးရောင် ပြာလဲ့လဲ့အောက်မှာ ဒီည တစောင်း
အိပ်နေတာကို မှုန်ဝါးဝါးမြင်ရကာ ဒီဘက်မှာ သားလေးက လူး
နေ၏။

ကလေး နိုးနေတာလား၊ ရှုံ့ရှုံ့ပေါက်ထားလို့ မနေချင်တာလ
မသိ၊ ဒီည အိပ်မောကျနေတာ နိုးသွားမှာစိုးကာ ဦးစီး ဒရင်းဘ
ပေါ်ကနေ ထလာခဲ့မိသည်။ အနားရောက်တော့ အပြာရောင်မီး
သဲသဲကွဲကွဲ မြင်နေရသဖြင့် စောင်ကို ဆုပ်ဆွဲ၍ လှိမ့်နေသော သ
မျက်နှာ ကွယ်နေတာကို စောင်လေး အသာဆွဲဖယ်လိုက်မိ၏။

အနားကို တစ်စုံတစ်ယောက် ရောက်လာမှန်း သိသွားတာ
သားလေး မျက်နှာ ဆတ်ခနဲ လှည့်လိုက်လျှင် ...

"ဟာ!..."

သားလို့ခေါ်၍ ပွေ့ထူလိုက်မလို့ ငုံ့ထားမိသည့်ကိုယ်က ဆတ်
ပြန်ဖြစ်ကာ ရုတ်တရက် ပူရှိန်း ထူပူသွား၏။





ငမန်း ...၊ လည်ပင်းမှာ သွေးသံရဲရဲနှင့် မျက်လုံးအစုံက မီးဝင်း
ဝင်းတောက်နေသည်။ ကိုယ့်ရင်ခုန်သံကို ပြန်ကြားကာ ဦးစီး မျက်လုံး
တွေ ဖျတ်ခနဲ ပွင့်သွားခဲ့သည်။ သူ အိပ်မက် မက်နေတာပဲ ...။

စိတ်နဲ့မြင်လိုက်တာလား .. မျက်လုံးနဲ့ သေချာမြင်ခဲ့တာလား
ခြားရခက်လောက်အောင် မြင်လိုက်တာက ပီပြင်လွန်းနေ၏။

သူ ငည့်ခန်းဆိုဖာပေါ်က ထကာ ဒီည အိပ်နေသည့် အိပ်ခန်းဆီ
သွက်ခဲ့သည်။ စိတ်ထဲမှာ မကြုံခဲ့ဘူးသည့် ဖြစ်ရပ်ဆန်းတစ်ခုကို မယုံ
နိုင်အောင်ဖြစ်ကာ ရှိန်းခနဲ ပူထူသွားသည့်ရင်ထဲမှာ ခုထိ နွေးနေတုန်း...။

ဒီည က နှစ်ယောက်အိပ်ခုတင်ပေါ်မှာ သူမ နေရာလေးမှာပဲ
တ်လက်ပုံစံလေးနှင့် မျက်နှာလေးစောင်း၍ အိပ်ပျော်နေသည်။

ပြာလဲ့လဲ့မီးရောင်က ပုံမှန်အတိုင်း လင်းနေလျက်ရှိကာ ကလေး
အိပ်တတ်သည့် အလယ်နေရာလေးကို သူ့မျက်လုံးတွေ စူးစိုက်သွား
၏။ ဒီနေ့ အစိမ်းရောင်ခါ်ရက်ရှိပြီ ထင်သည်။

ကလေးက အိမ်မှာမရှိဘဲ အိပ်မက်ထဲမှာ ကလေးကို ငမန်းရဲ့
မျက်နှာကြီးနဲ့ ဒီအိပ်ရာပေါ်မှာ ဘာလို့ မြင်လိုက်တာလဲ ...၊

စိတ်ကူးတွေကို အပြင်ပြန်ရောက်မှ ခရီးဆက်ဖို့ တံခါးဆီ ခြေဦး
ပြန်လှည့်လိုက်လျှင် ...

"ရှင် ဘာလာကြည့်တာလဲ"

သူ့ခြေလှမ်း တုံ့သွား၏။ ပြန်ငဲ့ကြည့်လိုက်တော့ ဒီည က ကိုယ်
ပေါ်ကစောင်ကိုခွာ၍ မီးခလုတ်ကိုပါ လှမ်းဖွင့်ပစ်လိုက်သည်။

အခန်းထဲမှာ မီးရောင်တွေနဲ့ ဖွေးသွား၏။ ခရမ်းရောင် ညဝတ်
အင်္ကျီ ပွပွ၊ ဘောင်းဘီရှည်လေးနှင့် ကျောမရောက်တရောက်ထိအောင်
ညှပ်နေပြီဖြစ်သည့် ဆံပင်တွေ ကပိုကရိုလေး ဖြန့်ကျနေသည့် ဒီည
ည့် တစ်ရေးနိုးပေမယ့် မျက်နှာလေးက ဝင်းစက်စက်လေးနဲ့ ပိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေ၏။ သူမက ခုတင်ပေါ်ကနေ ခြေချထိုင်လိုက်ပြီး လက်နှစ်ဖက် ထောက်ထားရင်း ...

"ရှင် တစ်ခုခုကို သတိရပြီး ရှာမလို့ ထလာတာလို့ ထင်တာ၊ ဘာရှာတာလဲ.."

သူက ခေါင်းခါပြီး ရှေ့ပြန်လှည့်၏။

"မရှာပါဘူး .. ဒါပေမယ့် မင်းအပေါ် မရိုးသားတဲ့စိတ်တွေနဲ့ ထ,လျှောက်လာတာတော့ မဟုတ်ဘူး၊ အဲဒါ ယုံပါ"

သူ ပြန်ထွက်လာခဲ့သည်။ ညဥ့်နှစ်နာရီထိုးတော့မည်မို့ ဒီအချိန်ကြီး သူမ အိပ်ရာခြေရင်းထိ မသိအောင် ဝင်လာမိသလို ဖြစ်သွားရတာကို မျက်နှာပူနေမိသည်။ ဒါပေမယ့် ဘာမှလည်း မတတ်နိုင်..။

ကိုယ့်ဘာသာ ဆံပင်တွေပဲ ဖိသပ်နေမိကာ ဝရန်တာမှာ ခဏရပ်နေပြီးမှ ပြန်ဝင်ခဲ့မိ၏။ အအိပ်အနေနည်းခဲ့သည့်အကျင့်ကြောင့် အိပ်နေပေမယ့် အာရုံတွေက နိုးတတ်တိုင်း လူက ဖျတ်ခနဲ နိုးတတ်သလို နိုးပြီးတာနဲ့လည်း ချက်ချင်း ပြန်မအိပ်တတ်ပေ..။

မအိပ်တော့ဘဲ နေလိုက်လို့လည်း သူတို့လိုလူတွေအတွက်က အိပ်ရေးပျက်ခြင်းကြောင့် လူမှာ အကြီးအကျယ် ထိခိုက်သွားတာမျိုး မရှိခဲ့ ..။

စီးကရက်ဘူးနဲ့ မီးခြစ် ပြန်ယူပြီး ဝရန်တာကို နောက်ထပ် ပြန်ထွက်လာတော့ ရေချိုးခန်းထဲက ထွက်လာသည့် ဒီညှ နှင့် ဆုံမိ၏။

နှစ်ယောက်သား ထောင့်မှန်ကျပုံစံ ဆုံမိပြီး ခြေလှမ်းတွေ ပြိုင်တူရပ်သွားသည်။ ဒီညှ က ရေသီးတွေတင်နေသည့်မျက်နှာကို လက်တစ်ဖက်နဲ့သပ်၍ ခါထုတ်ပစ်လိုက်ပြီး ဆက်လျှောက်သွားရာ ...

"ဒီညှ .."

သူ ဒီညှ နားကို ရောက်သွားပြီး ...





"မျက်နှာသစ်ချလိုက်တော့ မင်း ရှုတ်တရက် ပြန်အိပ်ပျော်မှာ ...ပါဘူး၊ စကားပြောရအောင် .."

အဖြေ ပြန်မပေးဘဲ ဒီညှ အကြာကြီး စဉ်းစားနေ၏။ ပြီးမှ ...

"အင်း .."

လို့ ခေါင်းညိတ်သည်။ ဦးစီး က ဝရန်တာရောက်သည်နှင့် သူ ...င်နေကျ ခုံပုလေးကို ဆွဲ၍ ဒီညှ ကို ထိုင်စေသည်။ သူကတော့ ...တ်တတ်ရပ်နေရင်း စီးကရက် မီးညှိနေကာ ...

"ဆောရီးနော် .. ကိုယ့်စီးကရက်နံ့တွေ မင်းနဲ့ နီးနေရင် အနှောင့် ...ယှက်ဖြစ်မှာ စိုးလို့"

"ကိုဦးစီး .. ရှင့်ကို .."

"ခဏ .."

ဦးစီး က လှမ်းတားပြီး စီးကရက်တစ်ရှိုက်နှင့် ဒီညှ ဘက်ကို ...သည့်၍ ဝရန်တာတန်းမှာ လက်တစ်ဖက် တင်၏။

"မင်း အဲဒီလို ခေါ်နေတာ မကောင်းဘူးထင်တယ်"

"ဘာဖြစ်လို့လဲ .."

"အဲဒီလို မေးတာကိုတော့ ကိုယ် မဖြေတတ်ဘူး၊ ဒါပေမယ့် ...င်းနဲ့ငါ့ရဲ့ ဆက်ဆံရေးနယ်နမိတ်ကို ပြနေတာနဲ့ တူနေတယ်လို့ ထင် ...ယ်၊ လူတွေကြားထဲမှာ ခေါ်တဲ့အခါ ကိုယ့်ကို စော်ကားနေသလိုမျိုး ...ားမိတာလည်း ရှိတယ်၊ မင်းနဲ့ကိုယ် နားလည်မှုတွေ ရှိနေကြရင် ...တာပဲဆိုတာက အတူနေထိုင်တဲ့အခါမှာပဲလေ၊ လူမြင်တင့်တယ် ...တော့ လိုမယ်ထင်တယ်"

ဝရန်တာ မီးရောင်လေးကို တစောင်းပေးထားသဖြင့် ဒီညှ မျက် ...လေး ပြုံးမလို မဲ့မလို မထိတထိ လှုပ်ခတ်သွားတာကို မျက်နှာတစ် ...်းလေးမှာ မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နှစ်ယောက်စလုံးအတွက် လိုအပ်တယ်ထင်လို့ ပြောတာပါ၊ ဒါက မင်းအခွင့်အရေးဆိုတော့ ကိုယ် မတတ်နိုင်ဘူးဆိုတာ သိတယ်၊ မင်းကို တီတီတာတာတွေ ခေါ်ဖို့အထိလည်း ကိုယ် တောင်းဆိုတာ မဟုတ်ဘူး၊ လင်လို မယားလို မဟုတ်ရင်တောင် ရင်းနှီးကြတဲ့ ခေါ်ပြောပုံ တစ်ခုခုနဲ့ပေါ့"

"ရှင်နဲ့ ဒီညှ ရင်းနှီးခဲ့တာမှ မဟုတ်တာ၊ ဒါ အမှန်တရားပဲလေ"

"မင်း အခု ကိုယ့်ဇနီးဖြစ်နေပြီဆိုတာလည်း ပြန်ပြီး ပျောက်ပျက်သွားမယ့်ကိစ္စမှ မဟုတ်ဘဲ၊ မင်းဆီက ကိုယ် ဘာမှ အတင်းအကျပ် မတောင်းဆိုချင်ပေမယ့် ဒီလို ခေါ်ပုံကြီးနဲ့ တစ်သက်လုံးသွားမှာက အထာမကျပါဘူး"

"ကျွန်မက ဒီတိုင်း ခေါ်မှာပဲဆိုရင် ဘာဖြစ်သွားမလဲ .."

"မင်း ခေါ်တိုင်း ကိုယ့်နားထဲမှာ ခါးနေမှာပဲ၊ မင်းနဲ့ ငါ့ကြားမှာ မနှစ်မြို့ခြင်းတစ်ရပ် မပျောက်မပျက် ရှိသွားမှာပေါ့"

ဒီညှ က ပြုံးလိုက်ပြီး ဆံပင်လေး သပ်သည်။ ညဥ့်လေအေးက ချမ်းစိမ့်စိမ့် တိုးဝှေ့လာပေမယ့် အေးတာ နွေးတာတွေကို ဘယ်သူမှ သတိမထားမိ ..။

"ရှင် အဲဒါပြောမလို့ စုဆောင်းထားတာမျိုး ရှိခဲ့လား"

"စုဆောင်းတဲ့စကားက နည်းနည်း ပိုသွားမယ် ထင်တယ်၊ ပြောချင်ပေမယ့် ပြောကိုပြောမယ်လို့ စိတ်ထဲမှာ ထည့်ထားခဲ့တာ မဟုတ်ဘူး၊ မင်းရော ကိုယ်ပြောတာကို သဘောတူလား .."

"စဉ်းစားကြည့်မယ်လေ .. ဒါပေမယ့် ဒီညှ လိုက်လျောဖို့ စဉ်းစားရသလို ရှင့်ဆီက တစ်ခုခုလည်း ပြန်ရချင်တယ်"

"ဘာလဲ .."

မီးရောင်ဘက်ကို မျက်နှာလှည့်ထားတာပေမယ့် ဦးစီး ရဲ့ ထင်





နေသည့် နှာတံထိပ်ဖျားက တစ်ဖက်ပါးပြင်အစပ်မှာ အရိပ်ထင်နေ၏။ ထူတန်းနေသည့် မျက်ခုံးတွေက အမြဲတမ်းအတိုင်း ခပ်တွန့်တွန့်နှင့်..။

"ပြောလေ .. ဘာလဲ"

"ဘာမေးမေး ရှင် ရေရေရာရာ တစ်ခုမှ ပြန်မဖြေတာ ကျွန်မအတွက် ပဟေဠိတွေ အများကြီး ဖြစ်နေတယ်၊ ဒါပေမယ့် တခြားဟာတွေ ထားလိုက်ပါ၊ ခုနက ရှင် အခန်းထဲဝင်လာတာ တစ်ခုခုလို့ ကျွန်မ ထင်လိုက်တယ် .. အဲဒါ မှန်လား"

"မှန်တယ်ဆိုရင် ဘာလဲလို့ မင်း ထပ်မေးမှာမို့လား"

"ရှင် ဖြေချင်တဲ့စိတ်ရှိမှ ဖြေပေါ့၊ အခု မေးတာကိုပဲ ပြောပါ"

သူက မျက်နှာခပ်စောင်းစောင်း လှည့်လိုက်ပြီး စီးကရက် ဖွာနေ၏။ ပြီးမှ မီးခိုးငွေ့တွေ လွှန့်လူးနေလက်စနှင့် ဒီဘက် ပြန်လှည့်လာကာ ...

"မင်း သိချင်နေတာတွေကို ငါ သိတယ်၊ အထူး လျှို့ဝှက်ထားချင်တာ မဟုတ်ပေမယ့် မေးတာကို မကြိုက်တဲ့အတွက် တစ်ယောက်က မေးလိုက်ပြီဆိုရင် မဖြေဖို့ ဆုံးဖြတ်ချက်က ရင်ထဲမှာ တစ်ထပ်တည်း ဖြစ်သွားခဲ့တာ၊ ပြောရရင် မေးခွန်းတွေကို မကြိုက်တဲ့အကျင့်ပေါ့၊ မင်းကို ပြောပြဖို့ စိတ်ကူးရှိပါတယ်၊ မပြောဖြစ်သေးတာ ..."

ဒီညှ စိတ်ဝင်စားသွားသည်။ သူ့အလုပ်ကို စပ်စုလာလျှင် ရင့်သီးစွာပြောတတ်သည်ဆိုပြီး ကိုယ်နဲ့ကျမှ ပြောင်းလဲလိုက်တာလား ..။

သူ့စိတ် တကယ်ပဲ ပြောင်းလဲသွားတာလား ..၊

ဒါမှမဟုတ် ဒီအလုပ်ကို မလုပ်တော့ဘူးမို့လို့ လျှို့ဝှက်ထားဖို့ မလိုတော့တာလား ..၊ တစ်ယောက်တည်း မေးခွန်းတွေ များသွားခဲ့ပြီး ဦးစီး ရဲ့စကားက တော်တော်နဲ့ထွက်မလာ။ အနီးနားတစ်ပိုက်မှာတော့ မီးခိုးငွေ့တွေ လွှင့်ပျံလွှမ်းခြုံနေပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ စီးကရက်ချည်းပဲ ရှိုက်ဖွာနေတာကို စိတ်တိုလာမိပြန်သည်။ သူက စီးကရက်ကို စတီးတန်းနဲ့ ဖိချေ၍ အငွေ့ကို လွှင့်ပေါက်လိုက်ပြီးမှ ...

"မကြာသေးခင်က အဖြစ်ပါ၊ ဒါပေမယ့် အဲဒီအဖြစ်ကြောင့် ကိုယ် အလုပ်ထွက်ချင်တဲ့အထိ စိတ်တွေ ရှုပ်ထွေး နှောက်ကျိသွားတယ်"

စကားစလိုက်ပြီး ဒီညနဲ့ မျက်နှာချင်းဆိုင်မှာ လာရပ်ကာ လက်ပိုက်၍ ...

"လက်မရှုံ့ဂုဏ်ထူးတွေ တစ်သီကြီးနဲ့ လူဆိုးတစ်ယောက်ပါ။ အစက ဖောက်ထွင်းဝိဇ္ဇာ၊ နောက်တော့ ကြေးစားလူသတ်သမား၊ နောက်ကျတော့ ဟိုဘက်နယ်၊ ဒီဘက်နယ် ကူးလူးပြီး လူမိုက်ဆိုတဲ့ လူတွေပေါ်မှာ ထပ်မိုက်ရဲတဲ့လူ ဖြစ်လာတယ်၊ နယ်စပ်မှာ အထိုင်ချလိုက်တော့ ကိုယ်ယောင်ဖျောက်တာ မြန်တယ်ကွ၊ သူ့ကို ဘယ်သူမှ မဖမ်းနိုင်လို့ အထူးအေးဂျင့်တွေ လွှတ်ရတဲ့အထိ ဖြစ်လာတယ်"

"သူ့ကို ရှင် ဖမ်းခဲ့တာလား"

"ပြောလို့တော့ ရတယ်၊ ဒါပေမယ့် ဝင်စီးမိတဲ့အချိန်မှာ သူတို့က တုံ့ပြန်တော့ နှစ်ဘက်စလုံး အထိနာကြတယ်၊ သူနဲ့ကိုယ် ရင်ဆိုင်မိကြတော့ အနားမှာ ဘယ်သူမှ မရှိဘူး"

ဒီည က တိတ်ဆိတ်နေသည့် ညဥ့်ယံကို မေ့လျော့ကာ ဦးစီးပြောနေသည့် ရင်ဆိုင်တိုက်ပွဲထဲ ကိုယ်တိုင် ရောက်သွားသလို မျက်တောင်မခတ်ဘဲ ငေးစိုက် နားထောင်နေ၏။

"သူ ပြေးပေါက်ပိတ်နေတယ်၊ ဒါပေမယ့် ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရင်ဝတည့်တည့်ကို သေနတ်တွေနဲ့ ချိန်ထားပြီးကြပြီ၊ သူက ကိုယ့်ဇနီးမှာ ကိုယ်ဝန်ရှိနေတာကို သိတယ်၊





သူ့မှာတော့ အနှောင်အဖွဲ့မရှိတဲ့အကြောင်း ပြောပြီး ဆွဲ့အနားမကြားတဲ့ အဖေနဲ့ လူအိုရုံအတွက် သူ ငွေရှာနေတာပါလို့ ရှင်းပြတယ်၊ သူ့ကို ခွင့်လွှတ်ပေးလိုက်ရင် နှစ်ယောက်စလုံး မထိခိုက်တော့ဘူးကွာ၊ ပစ်ကြမယ်ဆိုရင်တော့ အခန်းကျဉ်းလေးထဲမှာ တစ်ယောက်ယောက် အသက်ရှင်နိုင်မလားတောင် မသေချာဘူး၊ သူ အဲဒါကို ပြောချင်တာ"

"ရှင်က လက်မခံခဲ့ဘူးလား .."

သိချင်စိတ်နှင့်မေးရင်း ဒီည က ထိုင်ရာကနေ ထရပ်လိုက်သည်။ တစိမ့်စိမ့် ညဥ့်လေအေးက သူ့ကိုဂရုမစိုက်သည့် လူနှစ်ဦးအပေါ် မကျေနပ် လက်စွမ်းပြသွား၏။

ဟူးခနဲ တိုးတိုက်သွားသည့်လေအေးကြောင့် ဆံပင်တွေ လွင့်ပါသွားကာ ညဝတ်အင်္ကျီက ကိုယ်မှာ ပစ်ကပ်သွားသဖြင့် ဒီည လက်ဆေးပိုက်ထားလိုက်ရကာ ...

"သူ သတ်ပစ်ခဲ့မိလို့ နောင်တရနေတာမို့လား .."

ထပ်မေး၍ မျက်နှာပေါ် ပြန်ကျလာသည့် ဆံပင်တွေကို အလျင်လို ဖယ်ပစ်လိုက်၏။ ဒီည သိချင်စိတ်တွေ ထက်သန်နေတာကို ဦးစီးက လူကြီးတစ်ယောက်၏ ချစ်စနိုးရယ်မြူးသည့် မျက်ဝန်းများနှင့် ကြည့်ရင်း ...

"မင်း မေးတာတွေကို ဘယ်လို ဖြေရှင်းရမှန်းတောင် မသိတော့ဘူး၊ သတ်ခဲ့မိတယ် .. ဒါပေမယ့် နောင်တရနေတာတော့ မဟုတ်ဘူး၊ သူက အသေရရ အရှင်ရရ လုံးဝ လွှတ်ထွက်သွားလို့ မဖြစ်တဲ့ လူဆိုးတစ်ယောက်ပါ၊ ကိုယ့်ကြောင့် သူ သေခဲ့တာလည်း မှန်တယ်၊ ဒါပေမယ့် ကိုယ်သတ်တာ မဟုတ်ဘူး .."

"တယ်လို .."

"သူ ကိုယ့်ကို စကားပြောနေတုန်း သူချိန် ကိုယ်ချိန် ချိန်ထားကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်သူကမှ ပစ်လိုက်ဖို့ စိတ်ကူး မရှိကြသေးတဲ့အချိန်မှာ ကိုယ့်သေနတ်က ကျည်ဆံထွက်သွားတယ်''

"ရှင် မပစ်ဘဲနဲ့ .."

"ဟုတ်တယ်.. သူနဲ့ကိုယ်တို့ အခန်းထဲမှာ မထင်မှတ်ဘဲ ရင်ဆိုင်မိကြပေမယ့် အဆောက်အဦးထဲမှာ အပစ်အခတ်တွေက ရှိနေတုန်းပဲလေ၊ ကိုယ့်နောက်တံခါး ပွင့်သွားပြီး လူတစ်ကိုယ်လုံး ကိုယ့်အပေါ် ပစ်ကျလာတယ်၊ အသက်ဘေးလို့ သတ်မှတ်ချက်မထားခဲ့တဲ့အချိန်မှာ သတိတစ်ချက်လစ်သွားတုန်း နောက်က လှုပ်ရှားမှုတွေ ဖြုန်းခနဲ ဝင်လာပြီး ကိုယ် ဟန်ချက်ပျက်သွားတယ်၊ ကျည်ဆံထွက်သွားတာကို ဘယ်လိုမှ မထိန်းလိုက်နိုင်ဘဲ သူ့လည်ပင်းကို ကျည်ဆံ ဖောက်ထွက်သွားတာပဲ''

မေးရိုးတစ်ဖက်မှာ တင်းခနဲ လှုပ်ခတ်သွားပြီး ဦးစီး မျက်နှာငုံ့သွား၏။ ငုံ့နေရင်း ဆံပင်တစ်ချက် သပ်လိုက်ကာ ...

"ကိုယ် ကျူးလွန်တာမဟုတ်ဘဲ တကယ်ဖြစ်သွားတော့ အံ့အားသင့်ပြီး နှစ်စက္ကန့်လောက်ထိ ကိုယ် ငုတ်တုတ်မေ့သွားတယ်၊ အဲဒီအချိန်လေးမှာ သူ့သေနတ်က ကိုယ့်ရင်ဝကို တန်းတန်းမတ်မတ် ချိန်ထားတုန်းပဲ၊ သူ ပစ်ချလိုက်ရင် အဲဒီမှာပဲ နှစ်လောင်းပြိုင်ပေါ့၊ ဒါပေမယ့် သူ မပစ်ခဲ့ဘူး၊ ကိုယ့်ကို အံ့ဩပြီးမှ တဖြည်းဖြည်း နာကြည်းသွားတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်ရင်း လဲကျသွားတာ၊ လူဆိုးဖြစ်ဖြစ် လူကောင်းဖြစ်ဖြစ် ကတိသစ္စာ ထားသင့်တဲ့နေရာမှာ ထားကြတာပဲ၊ တကယ်တော့ သူ့အပေါ်မှာ ကိုယ်က အလစ်ငိုက်ဖမ်းပြီး သစ္စာမဲ့သလို လုပ်ခဲ့မိတာ''

အဖြစ်က ဒီမှာတင် ဆုံးသွားတာလား ...၊

ဒီည မျက်တောင် နှစ်ချက်သုံးချက် ခတ်ပစ်ရင်း တံတွေးပါ





မျိုချမိသည်။ အေးနေလို့လား .. ပူလောင်နေတာလားတော့ မသိ၊ လည်ချောင်းထဲမှာ အေးစက်စက် ကျင်ခဲနေ၏။

"အဲဒီကစပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့သလို ခံစားနေခဲ့ရတယ်၊ ဘယ်သူမှ ဟားတိုက်ရယ်တာ မဟုတ်ဘဲ အလိုလိုနေရင်း သိမ်ငယ်စိတ်တွေနဲ့ မွန်းကျပ် ပူလောင်နေတယ်၊ နောက်ထပ် အလုပ်ထဲမှာ အတိမ်းအစောင်းတွေ ထပ်ဖြစ်လာတော့ မိတ်ဆွေ ဆရာသမားတွေရဲ့ အံ့ဩတဲ့အကြည့်တွေကို ရင်ဆိုင်ရပြန်ရော၊ တပည့်တပန်းကအစ ကိုယ် ဒဏ်ရာရလာရင် 'ဘယ်လိုဖြစ်သွားတာလဲ ဆရာရယ်'လို့ မယုံနိုင်တဲ့မေးခွန်းမျိုးတွေ .."

"ရှင်က ဘယ်တုန်းကမှ ဒဏ်ရာ မရခဲ့ဘူးလို့လား"

"ဟုတ်တယ် .. ကိုယ် သက်လုံကောင်းပုံကို ဆရာကြီးကိုယ်တိုင် အံ့ဩယူခဲ့တာ၊ ဆရာကြီးရဲ့လက်ထွက်တပည့်တွေအားလုံး ကျင်းကိုးကျင်းပဲ နိုင်တယ်၊ ကိုယ်က ဆယ့်တစ်ကျင်းထိ ကျော်နိုင်ခဲ့တယ်''

"ကျင်းဆိုတာ ဘာလဲ .."

"သက်လုံပညာတွေပေါ့၊ ကျင်းအောင်း' ဂုပိတ်ကျင့်စဉ်တွေ၊ အာရုံခြောက်ပါးစလုံးမှာ သာမန်လူတွေထက် ရှုးစိုက်မှု ပြင်းထန်နေရအောင် ကျင့်ရတယ်၊ ဆရာပေးတဲ့ ဆေးရိုးတွေနဲ့ရေကို ကျင့်စဉ်ရက်နဲ့ ကိုက်ပြီး တခြား ဘာမှမစားဘဲ နေရတယ်၊ ကျင်းဝပြန်ပေါ်လာတာနဲ့ ပြန်တက်နိုင်ရင် ရပြီ''

"ရှင် အဲဒီလိုတွေ ကျင့်ခဲ့တာပေါ့"

မေးပြီး နှမြောတဲ့စိတ်တွေ ဖြစ်ရပြန်သည်။ ဒီလိုတော်အောင် သင်ထားတဲ့ပညာတွေကို ဒီအလုပ်က ထွက်လိုက်မှတော့ ဘယ်မှာသွားသုံးမှာလဲ ...။

"ကျင်းက ဘယ်လောက်ထိ မြင့်လဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးလိုက်တော့ ဦးစိး က မျက်ခုံးတွေတွန့်၍ ခဏ ကြည့်နေ၏။ ပြီးမှ ...

"ဒီပညာတွေကို မင်း မေးနေရင်း များများသိလာလေ စိတ်ဝင်စားလေ ဖြစ်လာလိမ့်မယ်၊ မသိချင်ပါနဲ့ .. လိုရင်းကိုပဲ ပြန်ဆက်ရအောင် .."

လို့ ပိတ်ပြောကာ သူက မျက်နှာစာဘက်ကို လျှောက်ထွက်သွား၏။ မီးရောင်ကို ကျောပေးသလိုဖြစ်သွားတော့ စကားပြောရတာ အားမလိုအားမရဖြစ်လာကာ ဒီည သူ့ဘေးမှာပဲ အတူတူ ယှဉ်ရပ်လိုက်မိ၏။

"ဒါဆို ဆက်ပြောလေ .."

"ပြောဖို့ကတော့ ပြီးပြီ၊ သူများအတွက် ဒါဟာ ပြောလောက်စရာ ဟုတ်မဟုတ် မသိဘူး၊ ကိုယ်ကတော့ ဝါသနာကိုပါ စိတ်ပျက်သွားတဲ့အထိပဲ"

"ရှင် ပြောလိုက်တော့လည်း ရှင်းသွားပါတယ်၊ ဒါပေမယ့် လူတော်တော်များများက မမ ဆုံးသွားတဲ့အတွက် ရှင် စိတ်ထိခိုက်သွားတာလို့ ထင်နေကြတာ၊ အဲဒီလောက် မဟုတ်ဘူးဆိုတာ ဒီည သိနေတယ်၊ ဒါပေမယ့် ရှင်က မမအပေါ်မှာ ဥပေက္ခာတွေ ထားခဲ့တဲ့သူဆိုတော့ ဟုတ်များဟုတ်နေသလားလို့လည်း တွေးမိသေးတယ်၊ အပြစ်လုပ်မိတဲ့သူက ဘယ်သူမှ မသိလည်း ကိုယ့်ကိုယ်ကိုယ် သိနေတာပဲလေ၊ အခု ရှင် ပြောသွားတဲ့အဖြစ်လိုပေါ့"

"ဒါတွေ ထင်ကြတာက ထင်ပါစေ၊ အစ်မဆုံးသွားတော့ ညီမကိုမှန်းပြီး ကိုယ် အကွက်ရွှေ့တယ်လို့ မထင်ဘူးဆိုရင် ကျေနပ်တယ်၊ ကိုယ်က ကိုယ့်လိပ်ပြာကို လုံခဲ့ပါတယ်၊ ဒါပေမယ့် မင်းနဲ့ကိုယ် အခုလက်ထပ်လိုက်ကြတယ်လေ၊ ဘာဖြစ်ဖြစ် ကိုယ့်မှာပဲ အမည်းစက်





တစ်ခု ထပ်တိုးသွားတာ"

ဒီည နှုတ်ခမ်းမှာ မဲ့ပြုံးလေးတွေ ပြန်ပေါ်လာသည်။ ပြီးတော့ လက်ပိုက်ထားတာလေးကို ပခုံးလေးကျုံ့အောင် ထပ်ပိုက်လိုက်လျှင်...

"အေးနေပြီ ထင်တယ်၊ မင်း သွားအိပ်တော့လေ"

"မအိပ်ပါဘူး .. နေဦး"

အိပ်နိုင်းပြီး သူကပဲ ခြေလှမ်းပြင်နေသဖြင့် စိတ်တိုသွား၏။ တကယ်ပြောဖို့ရှိနေတာက သူ့ကို ခနဲ့ချင် ရွဲ့ချင်တာတွေများပြီး လမ်းကြောင်းလွဲကုန်တာ ဖြစ်၏။ ထို့ကြောင့် ...

"ရှင် အလုပ်လုပ်ခဲ့တဲ့ ကာလတစ်လျှောက်မှာ တခြား မမေ့လောက်စရာအဖြစ် ဘာမှမရှိခဲ့ဘူးဆိုရင် .."

တစ်ခဲနက် ပြောချလိုက်ဖို့ ပြင်ဆင်ထားပြီးမှ ဖြစ်နိုင်ရဲ့လားလို့ ပြန်တွေးမိသဖြင့် စကားကို အဆုံးမသတ်နိုင် ..။

သူ့အကြောင်းတွေကို စိတ်လိုလက်ရ ပြောပြနေပေမယ့် ကိုယ်က ပြန်ပြီး ဝေဖန်လိုက်ရင် ကြိုက်ပါ့မလား ..၊

သူ့ကို မပြောမဆိုရဲတာမျိုး မဟုတ်သော်လည်း ကိုယ့်ဘက်က အမှားတစ်ခုနှင့် အတိုက်အခံစကား ပြောရမှာမျိုးတော့ မဖြစ်ချင် ..။

ဦးစိး က ဆွေးအေးသူပီပီ ဒီည ပြောလာမှာကို စိတ်ဝင်စားသည့် မျက်လုံးတွေနှင့် ရူးစိုက် နားစွင့်နေတာပဲ ရှိသည်။ ဘာမှ ထပ်မမေးဘဲ တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။

"ကိုဦးစိး .."

ခေါ်ပြီးမှ သူ တားဆီးခဲ့တာကို သတိရသဖြင့် ခေါ်သံက အဖျားသတ်မှာ တိုးကျသွားကာ ...

"ကလေးမှာ ရှင်နဲ့ပတ်သက်တဲ့ အတိတ်ကအကြောင်းတစ်ခု စွန်းထင်းနေတယ်ဆိုရင် ရှင် ယုံမလား .."

www.burmeseclassic.com



ဦးစီး က စိုက်ကြည့်နေပြီး ဘာမှမဖြေ၊ သူမကပဲ ဆက်၍…

"မေမေနဲ့ ဒီည ကလေးအတွက် ဆရာမတစ်ယောက်နဲ့ သွား တွေ့ခဲ့တယ်"

ဒီည က ပြောလက်စနှင့် သူကြိုက်ကြိုက် မကြိုက်ကြိုက် ထည့် မတွေးတော့ဘဲ အမိဋ္ဌာန်ဝင်ခဲ့တဲ့အကြောင်းအရာအထိ ကုန်စင်အောင် ပြောပြလိုက်သည်။

"ကွန်ပျူတာပေါ်မှာ လက်တစ်ချက်တင်ရုံနဲ့ လိုသလို ဖန်တီးနိုင် နေတဲ့ခေတ်ထဲမှာ ရှင်တို့လို သေနတ်ကိုင် ဓားကိုင်လူတွေရော ဒီလို အဖြစ်တွေ ရှိနေတာကို လက်ခံချင်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် မေမေကလည်း ရှင့်ကို အသိမပေးဖို့ ဆုံးဖြတ်ခဲ့တာ၊ ရှင်က ကလေးရဲ့ အဖေ ဖြစ်နေတဲ့အတွက် ဒါကို မယုံကြည်လို့ မလုပ်ရပါဘူးလို့ တား ဆီးရင် အစီအစဉ်တွေ အလကားဖြစ်ကုန်ကြမှာ"

"နေဦး .. ကလေးမွေးလာကာစက လည်ပင်းက အနီစက်က တကယ့်ဒဏ်ရာအဖြစ်နဲ့ ပါလာတာလား"

"သွေးသံရဲရဲတော့ မဟုတ်ဘူး၊ ဒါပေမယ့် သွေးခဲစပြုနေသလို မျိုး မန်ကျည်းစေ့လောက် သွေးခဲလေးက ပျော့ပျော့တုန်တုန်လေး ကပ်နေတာ၊ ဒါကို ရောဂါဖြစ်လာမှာစိုးလို့ စမ်းသပ်တဲ့အထိ မေမေ လုပ်ခဲ့သေးတယ်၊ ဆရာမက ဒီအမှတ်ကို မမြင်ဘဲနဲ့ လည်ပင်းမှာ ဒဏ်ရာနဲ့တူတဲ့ အမှတ်အသားတစ်ခု ရှိလိမ့်မယ်လို့ တန်းပြောတာ ဒီအမှတ်အကြောင်းကို ရှင်နဲ့ပဲ သက်ဆိုင်နေတာလို့ ပြောတယ်၊ ရှင့်ကို ပြောပြလိုက်တာနဲ့ သိသွားလိမ့်မယ်လို့လည်း ပြောတယ်၊ အဲဒီတော့ ရှင် တွေးကြည့်စမ်းပါ..၊ စောစောကပြောပြတဲ့ လူဆိုးကို လည်ပင်းက ရှင် ပစ်လိုက်တယ်ဆို .."

"ခဏ .."





ခေါင်းထဲမှာ ရုပ်ခနဲ တစ်စုံတစ်ရာ ဖြတ်ပြေးသွားသလို ခံစား လိုက်ရ၏။ သားနဲ့ပတ်သက်၍ တစ်ချိန်လုံး စဉ်းစားမရ ဖြစ်နေခဲ့ခြင်း..၊

ငမန်း ရဲ့ ပြူးကျယ်စူးစိုက်သွားခဲ့သော အသက်ထွက်တဲ့အထိ သူ့မျက်နှာပဲ ရှိနေခဲ့သည့် မျက်လုံးတွေရဲ့ နာကြည်းခြင်းတွေ ..၊

ဒါတွေအားလုံးက ဆက်စပ်ကြည့်လိုက်တော့ မျဉ်းဖြောင့်တစ် ကြောင်းပေါ်က အကွာအဝေး မတူညီကြသော အမှတ်အသားတွေလို..။

"မဖြစ်နိုင်ဘူး .."

သူ ခေါင်းခါပစ်လိုက်တော့ ဒီည က ခုခံဖို့ အသင့်ပြင်လိုက်သည့် နှုတ်ခမ်းလေး လှုပ်ခတ်သွားကာ ပင့်သက်ရှိုက်၏။ ဒါပေမယ့် ဦးစီး က မျက်လုံးတွေ မှိတ်ထားရာကနေ ခပ်ဖြည်းဖြည်း ဖွင့်၍ …

"သူ သေသွားမှ လွင် က မွေးတာပေမယ့် ဝင်စားတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘယ်သူက ဝင်စားတယ်ပြောလို့လဲ ..၊ လူဝင်စားဆိုရင် ဒါကို ပြေပျောက်ဖို့ ဘယ်သူက ကြိုးစားပေးမှာလဲ၊ ရှင် မယုံကြည်တာတွေ ကို ငြီကာချဲ့ ပြောပြနေလည်း မထူးပါဘူး၊ အဲဒီတော့ ယုံကြည်တာ မယုံကြည်တာ ထား .. ဒါတွေကို အရင်က ဆက်စပ်မကြည့်မိခဲ့ဘူး ဆိုရင် ရှင် အခု တွေးကြည့်ရင် ပေါ်လာမှာပဲ၊ နောက်တစ်ခုက ကျွန်မ တို့ လုပ်နေကြတာတွေကို ရှင် မနှောင့်ယှက်ပါနဲ့"

ဒီည က ခဏရပ်နေပြီးမှ လှည့်ထွက်သွား၏။

ယုံကြည်တာ မယုံကြည်တာ ထားဆိုတာ ဘာကို ထားလိုက်ပြီး ဘာကို အတည်ယူရမှာလဲ..၊ အစက အုံ့ဖွဲ့နေခဲ့သည့် ရုပ်တွေးမှုကြီးဟာ ခု တစ်ကနေ ပြန်စ၍ …



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

"ဟင်!... သား .."

သူ့ခုတင်ဘေးမှာ ခုတင်စောင်းကိုကိုင်၍ မတ်တတ်ရပ်နေ[တ]
သားလေး ဖြစ်သည်။ ည မီးရောင်အောက်မှာ ပြာမှိုင်းနေသည့် မျက်[နှာ]
လေးက သူ ထထိုင်လိုက်တာကို လိုက်မော့ကြည့်၍ ...

"သား အိပ်ရာက နိုးလာတာလား .. သားရဲ့ တီည အိပ်ပျော်[သွား]
တာ ထင်တယ်၊ ဘာလုပ်ချင်လို့လဲ .."

"နေစရာ မရှိလို့ .."

"ဘာ!..."

"ဒီမှာပဲ နေမယ်"

သူ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားကာ ခေါင်းရင်းက မီး[ခလုတ်]
လှမ်းဖွင့်လိုက်၏။ ဒီဘက် ပြန်လှည့်လိုက်လျှင် ...

"ဟာ!..."

ငမန်း သည် သူ့ခုတင်ခြေရင်းမှာ တင်ပါးလွှဲထိုင်၍ သူ့ကို [ကြည့်]
နေကာ သူ ကြည့်လိုက်ကာမှ တဖြည်းဖြည်း ထရပ်လိုက်၏။





ထိုအခါ လည်ပင်းမှ တသွင်သွင် စိမ့်ယိုနေသည့်သွေးတွေက
[ရ]င်ဘတ်မှာ နီစွေး စိုရွှဲလျက် ...

"မင်းကြောင့် .. မင်းကြောင့် .. ဟိတ်ကောင် .."

လက်ညှိုးငေါက်ငေါက်ထိုး၍ တုန်တုန်ယင်ယင် ပြောသည်။

"မင်းတို့ ဘာလုပ်လုပ် ငါ့ရည်ရွယ်ချက် မပြီးသေးဘဲ သွားမယ်
[မ]ထင်နဲ့၊ မင်းကို ငါ ချန်မထားဘူး၊ အားလုံး ငါ့အကြောင်း သိမယ်"

ဖျင်းခနဲ ပူနွေးသွားကာ မျက်လုံးတွေ မဖွင့်မိခင် အိပ်မက်ဆိုတာ
[သိ]လိုက်သည်။ မျက်လုံးဖွင့်လိုက်တော့ သူ အိပ်ပျော်သွားခဲ့သည့် စာ
ကြည့်ခန်းထဲက ဒရင်းမ်ဘက်ဒ်ပေါ်မှာ ထိတ်လန့်ခဲ့တာမျိုး မဟုတ်
[သော်]လည်း ထထိုင်လိုက်တဲ့အထိ ငမန်း ရဲ့ သွေးသံရဲရဲ စုတ်ပြတ်ပေ[ါ]
[နေ]သည့်ပုံရိပ်က မျက်လုံးထဲမှာ ထင်ရှားကျန်ရစ်၏။

ပြီးတော့ မီးဝင်းဝင်းတောက် မျက်လုံးတွေ .. ပြောသွားတဲ့စကား
[တွေ] ..၊ ဦးစီး နေရာမှထကာ စီးကရက်ဘူးနဲ့ မီးခြစ်ကိုယူ၍ စာကြည့်
[ခ]န်းတံခါးကို ဆွဲဖွင့်လိုက်လျှင် ...

"အား!..."

နားထဲမှာ ရူးရူးရှရှ ဝင်လာတာ ဒီည အသံ ..၊

"ကိုဦး .. ကိုဦးစီး .. လာပါဦး .."

ဦးစီး ဘယ်လိုအမြန်နှုန်းနှင့် ရောက်သွားခဲ့မှန်း မသိဘဲ ဒီည
[ကား]သည် ခုတင်ပေါ်ကနေ လူးလဲထခြင်း၊ ပြေးဆင်းခြင်းကို ဒရောသောပါး
[လု]ပ်ရှားကာ ခုတင်အောက်ကို စောင်နှင့်ပတ်လျက်သား ထွေးခနဲ လိမ့်
[ကျ]သည်အထိ မြင်လိုက်ရ၏။

"ဒီည .."

"ကိုဦး .. အဟင့် .."

ဒီည သည် သူ အနားမှာ ခြေဖျားထောက်ထိုင်လိုက်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စောင်ကို မခွာတော့ဘဲ သူ့ရင်ခွင်ထဲ တိုးဝင်၏။ တစ်ကိုယ်လုံး
ဆတ်ဆတ်တုန်လျက် ... ။

"ဒီညု ဘာဖြစ်တာလဲ ပြောလေ .."

"မသိဘူး .. အိပ် .. အိပ်ရာပေါ်မှာ .."

အထစ်ထစ် အငေါ့ငေါ့ ပြော၍ ကလေးလို ရှိုက်ငိုနေ၏။

"ထလိုက်လေ ထ .. ကိုယ် ရှိတယ်၊ ဘာမှမဖြစ်ဘူး"

သူ ဒီညု ကို ဆွဲထူ၍ အတူ ထရပ်လိုက်သည်။ ဒီညု က လူ
ထရပ်လိုက်ပြီး မျက်နှာကို သူ့ရင်ခွင်မှာပဲ ဖိကွယ်ထားကာ ...

"အပြင်ကို သွားမယ်"

"မဟုတ်ဘူးလေ .. အိပ်ရာမှာ ပြန်ထိုင်၊ ကိုယ် ရေခပ်ပေး
ရေသောက်လိုက်ရင် စိတ်သက်သာသွားမှာပါ"

"ဟင့်အင်း .."

"ညဉ့်နက်နေပြီ၊ အပြင်မှာလည်း မင်း အိပ်နိုင်မှာ မဟုတ်

သူပဲ ဆုံးဖြတ်ကာ ဒီညု ကို တစ်ဖက်ကနေ ဖက်ထားပြီ
ခလုတ်ဆီ သွားရသည်။ မီးရောင်တွေ ထိန်သွားမှ ဒီညု ကို ခုတင်
ပြန်ထိုင်ခိုင်းလို့ ရ၏။

"ရော့ .. ရေသောက်လိုက်၊ အိပ်မက်မက်နေတာလား ..

ဒီညု ဘာမှမပြောဘဲ အိပ်ရာကို ပြန်ငုံ့ကြည့်ကာ ရေခွက်ကိုင်
သည့်လက်က တုန်နေဆဲ ..။

"စိတ်ချလက်ချ ပြန်အိပ်၊ ကိုယ် ဒီမှာ ထိုင်စောင့်ပေးမ

မင်္ဂလာဦးညက သူ အိပ်ခဲ့သည့် ဒရင်းမ်ဘက်ဒ်ကို ခင်း၍
က စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်လျှင် ...

"စိတ်ချလက်ချအိပ်ဖို့ ပြောရအောင် ဒီညု က သူ့မိုး
ထအော်တာလား .. ထမင်းလုံးတစ္ဆေခြောက်ခံရတာလား၊ ရှ





လို့ စီရင်ချက်ချနေတာလဲ"

စာအုပ်ကိုင်ရင်း မထိုင်ဖြစ်ဘဲ ဦးစီး က ဒီညု မျက်နှာလေးကို
ကြည့်၏။ ပြီးမှ ...

"မင်း အိပ်ပျော်နေတာ မဟုတ်ဘူးလား .. အိပ်မက်မက်ပြီး
အော်တာလို့ပဲ ကိုယ် ထင်တာပေါ့"

အိပ်ထားမှန်း သိသာသည့် မျက်နှာလေးက မို့မို့ပြည့်ပြည့်လေး
ာ ချွေးပြန်နေတာတောင် ဝင်းဖန့်ဖန့်လေးက မပျောက် ..။

နဖူးဆံစလေးတွေမှာ ချွေးနဲ့ကပ်ငြိနေသည့် ဆံပင်တွေကို သူ မ
သာ လက်ဖဝါးနဲ့ ဖိပွတ်သပ်တင်ပစ်လိုက်ပြီး သူ့ကို မော့ကြည့်
ည်။ ပြီးတော့ မျက်ရည်လက်ကျန်တွေကိုပါ လက်ခုံနဲ့ထပ်သုတ်၍...

"ဒီညု အိပ်တော့အိပ်နေကာပဲ၊ အဲဒါကြောင့် .. အဲဒါကြောင့်
သားလေးကို စမ်းလိုက်မိတော့ အရင်လိုပဲအသိနဲ့ ရင်ခွင်ထဲ ဆွဲဖက်
တင်ပါးလေး ပုတ်သိပ်နေတာ .."

ခါတိုင်းလည်း ကိုယ်က အိပ်ချင်နေတာမို့ ကလေးနိုးနေမှန်း
သမယ့် ဒီလိုပဲ ကလေးပါ ပြန်အိပ်အောင် ကျောလေးသပ်၊ ဖင်လေး
နဲ့ ပြန်သိပ်နေကျ ..။

ကလေးကလည်း လူးလူးလွန့်လွန့်နဲ့ပဲ ပြန်အိပ်ပျော်သွားတတ်ခဲ့
ည်သာ ..၊ ကိုယ့်အကြောင်း ကိုယ် ပြန်တွေးရင်း ဒီညု စကားရပ်
းတာကို ဦးစီး က စိတ်ရှည်လက်ရှည် စောင့်၏။

ဒီညု သည် ကလေးသိပ်နေကျ မွေ့ရာအလယ်ကို ပြန်ကြည့်ပြန်
သူ ရပ်နေတာကို မော့ကြည့်၍ ...

"အဲဒါလေ ဒီညု ဘာဖြစ်လို့ နိုးသွားမှန်း မသိဘူး၊ ကလေးကို
ကြည့်လိုက်တော့ ကလေးမဟုတ်ဘဲနဲ့ .."

ဒီညု အသံလေး အဖျားခတ်တုန်သွားကာ တစ်ကျိုက်ပဲ သောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီတိုင်းကိုင်ထားဆဲရှိသည့် သောက်ရေတစ်ဝက်နှင့် ရေခွက်ကို သောက်မလိုလုပ်လိုက် ဟိုတင်မလို ဒီချမလိုဖြစ်လိုက်နှင့် ကယောင်ကတမ်းပုံလေး ဖြစ်နေရာ ...

"ပေး .. ကိုယ့်ကို .."

သူ ရေခွက်ကိုယူ၍ စားပွဲပေါ် သွားတင်ထားလိုက်သည်။ ပြီးမှ ပြန်လှည့်လာကာ ...

"ပြောလေ .. မင်း ဘယ်လိုပုံစံ မြင်လိုက်သလဲ"

ဦးစီး မေးလာပုံက စိတ်ဝင်စားသလိုရှိကာ သူမ ပြောနေတာကို ယုံကြည်သည့်အမူအရာတွေလည်း ရှိနေသဖြင့် ဒီည အားတက်သွား၏။

"ကလေး မဟုတ်ဘူး သိလား .. ဆံပင်စုတ်ဖွားဖွားနဲ့ လူကြီး ခေါင်းကြီး ဒီည ရင်ခွင်ထဲမှာ .."

ချက်ချင်းကြီး ကတုန်ကယင် ငိုချလိုက်တော့ ဦးစီး က ဒီည အားမှာ ဝင်ထိုင်ကာ ပခုံးလေးကို ဖွဖွလေး ဖက်လိုက်၏။

"သေချာမြင်လိုက်တာ .. အိပ်မက် မဟုတ်ဘူး၊ ဒီည နိုးနေပြီ တကယ်ပြောတာ .."

ဗလုံးဗထွေးပြောနေရင်း ဒီည သူ့ရင်ခွင်ထဲ တိုးဝင်၏။

ဦးစီး သက်ပြင်းချဖို့ဟာတောင် ရှိုက်သွင်းလိုက်ပြီးမှ မောက်တက်သွားသည့်ရင်ဘတ်ကို ပြန်ချဖို့ မေ့နေခဲ့၏။

ဒီည နဲ့သူ ဘာဖြစ်လို့ တစ်ညတည်းမှာ ဒီလို ဖြစ်ကြတာလဲ ... 'ငါလည်း ဒီလိုမြင်ခဲ့တယ်'လို့ ပြောလိုက်လျှင် ဒီည အတွက် တစ်ည လုံး ငုတ်တုတ် မိုးလင်းတော့မှာဖြစ်သလို မယုံသလို ပြောလိုက်ရ လည်း မလွယ် ..။

"ကိုဦး .."

"ဟင် .."





"အဲဒါ ရှင် သိလား .. ရှင် သတ်ခဲ့တဲ့လူ .."

"မဟုတ်တာကွာ .."

"ဟုတ်တယ်"

"ဒီည .."

"ဟုတ်တယ် .. ရှင် ဘာမှမငြင်းနဲ့၊ အဲဒီသရဲ မကျေမနပ်နဲ့ လှဲစားချေဖို့ ကလေးကို အသုံးချနေတာ"

"ကျွတ်!..."

သူ စကားနည်းရန်စဲ ဖြစ်ဖို့အတွက် ဘယ်လို အဆင်ပြေအောင် ပြောရမှန်း မသိတော့ပေ..။

"ကိုယ် ပြောတာကို နားထောင်ဦး၊ သရဲဆိုတာ ..."

"မရှိဘူးလို့ မပြောနဲ့ .. ရှိတယ်၊ ဒီည သေချာမြင်လိုက်တာ၊ ... မြန်မာလူမျိုးဖြစ်ပြီး သေပြီးမှ အယူလွဲလို့ ဖုတ်၊ ပြိတ္တာ ဖြစ်တာ ... .. မကျွတ်မလွတ်တဲ့ဘဝတွေ .. အဲဒါတွေကို ဘာဖြစ်လို့ မယုံ ကြည်တာလဲ"

ဒီည အကြောက်ကြီးကာ ကတုန်ကယင်အသံလေးနှင့် ဖိဟောက် ... တော့သည်။ ပြီးတော့ မျက်ရည်ကျလာလိုက် သုတ်ပစ်လိုက်နှင့် ... မျက်နှာကို မော့ကြည့်နေတာ ကလေးငယ်လေးလိုပင်..။

"ဒီည ပြောတာကို ယုံပါ .. ယုံတယ်လို့ ပြောစမ်းပါ၊ ဒီက ... ဘ်စိနဲ့ သေချာမြင်ခဲ့ရတာ .."

သူ စိတ်မကောင်းဖြစ်သွားကာ မရည်ရွယ်ပါဘဲ ဒီည ရဲ့ ပါးလေး ... ဖက်ကို လက်ဖဝါးနှစ်ဖက်နဲ့ ပင့်ကိုင်လိုက်မိ၏။

ပြီးတော့ နီးကပ်စွာ ရှိနေသည့် မျက်နှာလေးကို ရှုးစိုက် ငုံ့မိုး ကြည့်မိရင်း ...

"ယုံတယ်.. ဒါပေမယ့် ကိုယ် ပြောတာကို ဆုံးအောင် နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ စနေနေ့ညက မင်းကို အဲဒီကော့စ်အကြောင်း ကိုယ် ပြောခဲ့တယ်၊ အင်္ဂါနေ့ညမှာ မင်း ဒီလိုဖြစ်လာတယ်၊ လူတစ်ယောက်ရဲ့စိတ်အမြင်က မျက်လုံးနဲ့ မမြင်နိုင်တဲ့အရာတွေပါ အတိအကျ ရုပ်လုံးဖော်နိုင်တယ် တွေးလေ .. သေချာလေ ဖြစ်လာအောင်လည်း ဖြားယောင်းနိုင်တယ် စိတ်ကို အတတ်နိုင်ဆုံး ထိန်းလိုက်၊ ပြီးမှ ပြန်တွေးကြည့်ပါ''

''သိပြီ ..''

ဒီညက သူ့လက်ကို ပုတ်ချပစ်လိုက်ပြီး မျက်နှာလေးပါ လွှဲပစ်သည်။

''ရှင် ကျွန်မကို ဂယောင်ချောက်ချား လျှောက်မြင်နေတာလို့ ပြောတာ''

''မဟုတ်ပါဘူး... ဒါပေမယ့် အိပ်မက်ဆိုတာတောင် နေ့ဘက်မှာ တွေ့မြင်စွဲလမ်းခဲ့တာကိုပဲ မက်ကြတာလေ၊ မင်း ဒါကို သိရပြီးမှ...''

''ရှင် ပြောမှ သိရတာ မဟုတ်ဘူး သိလား .. ရှင် မသိသေးခင် ကတည်းက သိနေတာ၊ ရှင့်ကို မပြောခင်ကတည်းက သိနေခဲ့တာ ဖိုးသားလေးမှာ ဖိစီးမှုတစ်ခု ရှိနေတယ်၊ အဲဒါ ရှင်နဲ့ပတ်သက်တယ် ဆိုတာထိပဲ..''

''ဒါပေမယ့် ကိုယ် ဝန်ခံလိုက်တော့ မင်း သေချာသွားတယ်လေ သံသယအဆင့်ကနေ ရုပ်လုံးပေါ်သွားတယ်မို့လား .. ကိုယ် မင်း စိတ်သက်သာစေချင်လို့ပါ၊ အဲဒါတွေ မတွေးပါနဲ့..''

''ဖယ်ပေး .. မကိုင်နဲ့''

ဒီည ဆတ်ခနဲ ထရပ်လိုက်တော့ လက်ကောက်ဝတ်လေးကို သူ ဖမ်းဆုပ်ထားလိုက်သည်။ ဆောင့်ရုန်းပစ်လိုက်တော့လည်း လွှတ်ပေး လိုက်မိကာ သူပါ ထရပ်၍ ...

''မမြင်ရတာကို ရှိပါတယ် .. ဟုတ်ပါတယ်လို့ တညီတည်း





တည်း အတည်ပြုနေတော့ရော ငါတို့ ဘာတတ်နိုင်မှာမို့လို့လဲ၊ ပြီး တော့ ဖိုးသားလေးက ငါ့သား၊ သူ့မှာ အစွယ်ပဲပါနေနေ သားကို သားလို မွေ့ပိုက်ထားရမှာပဲ''

ဒီည စိတ်လက်မာန်ပါ ဟိုဘက်လှည့်နေပြီးမှ ဆတ်ခနဲ ပြန် ကြည့်၍ ...

''ကျွန်မကရော ကလေးကို စွန့်ပစ်ပါ .. ရိုက်နှက်ပါလို့ ပြောနေ လို့လား၊ အခု ပြောနေတာ ကလေးနဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်မ ပြောနေ တာကို ရှင် ယုံကြည်ဖို့ ..''

''ယုံပြီဆိုရင် ဘာလုပ်ကြမှာလဲ ..''

''မရဘူး .. ယုံတယ် မယုံဘူး ဒါပဲဖြေ ..''

ဒီည က ဖွတ် ..။ သူနဲ့ မျက်နှာချင်းဆိုင်တည့်တည့် လှည့်၍ မျက်နှာကို သေချာမော့ကြည့်ပြီး မေးသည်။ ကလေးဆန်နေသည့် မျက်နှာလေးကို စိုးမိုးကြည့်မိရင်း သူ့နှုတ်ခမ်းတွေ ပြုံးရိပ်ထင်ကာ...

''ယုံတယ်''

''ယုံခိုင်းလို့ ပြီးစလွယ် ယုံလိုက်ရတာ မဟုတ်တာရော သေချာ လား''

''ဒီည ..''

ဦးစီး က ဒီည ပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲ ဖိဆုပ်၍ ဆွဲယူ လိုက်၏။ ရင်ဘတ်တွေ ထိကပ်တော့မတတ် နီးစပ်သွားကာ ဒီည သူ့ရင်ဘတ်ကို ယောင်ရမ်း၍ တွန်းထားလိုက်မိသည်။

''ငါ့ကို အဲဒီလိုကောင်မျိုးလို့ မင်း ထင်နေသလား''

ဒီည မဖြေနိုင်။ သူ့မျက်နှာကို မော့ငေးရင်း နှုတ်ခမ်းလေးတွေပါ ဟောတဟ ပွင့်နေခဲ့၏။ တင်းခနဲဖြစ်သွားသည့် သူ့မျက်နှာ ပြန်လည် ပြေကျသွားခဲ့ပြီး ယက်တွေကို တဖြည်းဖြည်း လွှတ်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုပဲ အိပ်မက်ဆန်ဆန် ငါ ဖြစ်ခဲ့တယ်"

"ဟင်!..."

ပြောပြီး သူ လှည့်ထွက်သွားတော့ ဒီညှ က ပြန်လိုက်ရတဲ့ အလှည့် ဖြစ်သွား၏။

"ရှင် .. ဘာ .. ဘာပြောသွားတာလဲ၊ ဒီညှ လို ဖြစ်ခဲ့တယ် .. ဟုတ်လား .. ဘာလဲ ပြောလေ .."

သူ့ရှေ့က ပိတ်ထားလိုက်တော့ မီးရောင်ကို ချက်နှာမူလိုက်သလို ဖြစ်သွားသည်။ အရိပ်ကျသွားသည့် မျက်နှာမှာ စူးရဲနေသည့်မျက်လုံးတွေက သူမ မျက်နှာလေးထက်မှာ စူးစိုက်လျက် ...

"မနက်ကျမှ ပြောရအောင် .. မင်း အိပ်တော့"

"အို .. ဘယ်လိုလုပ် အိပ်ရမှာလဲ၊ အိပ်လို့ရရင်လည်း ရှင် ထွက်သွားလို့ မရဘူး၊ ဒီညှ တစ်ယောက်တည်းမှ မအိပ်ရဲတာ"

ပြောပြီးမှ ဆံပင်တွေ သပ်မိ၊ လည်ပင်းကုတ်မိနှင့် ကိုယ့်ကိုယ်ကိုယ် ကလေးဆန်သွားပြီလားလို့လည်း တွေးမိသေးသည်။ ဒါပေမယ့်...

"ရှင်ပဲ ထိုင်စောင့်ပေးမယ်ဆိုပြီးတော့ .."

သူ့အသံ ထွက်မလာတာကို နောက်ထပ် တူးဆွပြောမိသည်။ ဘာမှမပြောဘဲ သက်ပြင်းချလိုက်တော့ စိတ်တိုသွား၏။

ကိုယ်ကပဲ စိတ်ပျက်ဖို့ကောင်းနေသလိုလို ...။

သူ့လိုလူကို သူမကရော ဘာဖြစ်လို့ ရင်းနှီးသွားရတာလဲ ...၊

သေချာတာတစ်ခုက သူက ယုံကြည်ထိုက်သည့်ယောကျ်ားတစ်ယောက်ဟု သတ်မှတ်ခဲ့မိသည်ဖြစ်၍ ...၊





## အခန်း [ ၂၆ ]

ညက ကိုယ့်ကို စာအုပ်ဖတ်ရင်း တာကယ်ပဲ ငုတ်တုတ်ထိုင်စောင့်ပေးခဲ့တာကို ကျေးဇူးတင်သည့်စိတ်နှင့် ဟင်းတွေစီစဉ်တော့ အချဉ်အစပ်တွေချည်း ဖြစ်သွားခဲ့သည်။

ငါးခူစဉ်းကောကို နုပ်နုပ်စဉ်းတာ မဟုတ်ဘဲ အတုံးလိုက်တစ်ကာ ငရုတ်ရှည်တောင့်နှင့် ဆီပြန်ချက်လိုက်သည်။ ချဉ်ဟင်းကို အချဉ်ပေါ်အောင်ချက်ကာ ငရုတ်သီးစိမ်းကို ထက်ပိုင်းချိုး၍ အုပ်ထား၏။

တခြားဟင်းတွေမှာလည်း အီမှာတောက်မှာတွေမပါအောင် သေချာစီစဉ်ထားတာမို့ ကိုယ့်ဟင်းတွေကိုပြန်ကြည့်ရင်း ဦးစီး ကြိုက်ပါ့မလားလို့ တွေးမိသေးသည်။

သူဝင်လာတော့ မနက်စောစောက နီနေသည့် မျက်လုံးတွေက ပုံမှန်အတိုင်း ပြန်ဖြစ်ကာ အိပ်ရေးပျက်ထားပုံလည်း မရှိ ...။

"စိုးစိုး က ဘယ်နေ့ ပြန်လာမှာလဲ"

စားပွဲမှာ ခုံဆွဲထိုင်၍ ဦးစီး က မေးသည်။ သူ့ကို ထမင်းထည့်ပေးရင်း ဒီညှ မျက်ခုံးလေး တွန့်သွား၏။ သူက ဖျတ်ခနဲ လှည့်ကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဖော်မရှိလို့ မေးတာ .. ကိုယ် အခု အပြင်သွားမလို့"

"သွားပေါ့ .. မနက်ပိုင်းတော့ နေရဲပါတယ်၊ ဒါနဲ့ ရှင် မနက်ဆို အမြဲတမ်းလိုလို အပြင်ထွက်ပြီး ဘာတွေ အလုပ်ရှုပ်နေတာလဲ"

သူ့ကို ဦးချရမှာစိုး၍ သူ မတို့ထိသေးသည့်ဟင်းဆို ဒီညု က မနှိုက်ပေ။ တစ်အိမ်လုံးမှာ နှစ်ယောက်တည်း ထမင်းမစားဘူးတော့ အားလုံးက ကိုယ့်တာဝန်ဖြစ်မှန်း သိသည်။

ဒါပေမယ့် အဲဒီလောက်ထိ ရင်းနှီးခဲ့တာ မဟုတ်တော့ လက်ကိုက အကျင့်ပျက်နေတာ ဖြစ်၏။ ဦးစီး က သတိထားမိပုံ မရှိပေ။

သူ လက်လှမ်းလိုက်သည်နှင့် မျက်လုံးက ဒီညု ပန်းကန်ဆီရောက်ပြီးဖြစ်ကာ ဒီညု ကို ခပ်ထည့်ပေးပြီးမှ သူ့ပန်းကန်ထဲ ထည့်သည်။

ဒါလည်း တမင်တကာ ဂရုစိုက် ယုယနေတာမျိုး မဟုတ်ဘဲ စကားပြောရင်း လက်က သူ့အလိုလို လုပ်ကိုင်ပေးသွားတာမျိုး ..။

"အလုပ်ကထွက်ပြီး ဒီတိုင်း ငုတ်တုတ်ထိုင်စားနေတော့ ရှိတာလေး ကုန်သွားမှာပေါ့၊ မိဘက ဘယ်နှစ်သက်စာပဲ ထားခဲ့ထားခဲ့ သားသမီးက တိုးပွားအောင် မလုပ်ဘဲ ထိုင်ဖြုန်းနေရင် ကိုယ့်သားသမီးတွေကို ဘယ်လိုပြန်ပြီး အမွေပေးမလဲ ..၊ ကိုယ့်မိဘက တာဝန်ကျေခဲ့သလို ကိုယ် မိဘဖြစ်လာတော့လည်း တာဝန်ကျေရမယ်၊ နောက်ဆို သားသမီးက တစ်ယောက်မက ဖြစ်လာဦးမှာ .."

ဒီညု မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။ ဦးစီး ကလည်း ပြောပြီးမှ သတိရသွားတာမျိုး .. ပါးစပ်ထဲကို ထမင်းလုတ် ရောက်ခါနီးမှ ရပ်တန့်သွားကာ ဒီညု ကို လှည့်ကြည့်၍ ...

"ဆောရီး .. ကိုယ်က သဘာဝကို ပြောတာပါ"

ဒီညု မျက်နှာလေး မမော့ဘဲ ရေထည့်ထားသည့် ဖန်ခွက်ကို လှမ်းယူ၍ မော့သောက်လိုက်၏။ ရင်ထဲမှာ လှုပ်ရှား ယိမ်းထိုးသွားတာ





ဘယ်လိုပုံမျိုးမှန်း မသိ..။

ထိုစဉ် ဦးစီး ကလည်း ရေခွက်လှမ်းကိုင်လိုက်သဖြင့် သတိထားမိကာ သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ နှုတ်ခမ်းခပ်စေ့စေ့နှင့် အသက်ရှူပြီးမှ ဇွန်းခက်ရင်းကို ပြန်ကိုင်တော့ ...

"ရှင် အရမ်းစပ်နေသလား"

"အရမ်းတော့ မဟုတ်ပါဘူး"

"ချဉ်ဟင်းရော အရမ်းချဉ်နေလား .. ဒီညု က ရှင် အိပ်ရေးပျက်ထားတော့ ခံတွင်းလိုက်အောင်လို့ပါ"

ကျေးဇူးတင်သည့် အကြည့်တစ်ချက်နှင့် ဦးစီး က လှည့်ကြည့်ပြုံးကာ ...

"ကျေးဇူးတော့တင်တယ် .. ဒါပေမယ့် နောက်ကို အဲဒီလို တကူးတက လုပ်မနေပါနဲ့ ..၊ ကိုယ်တို့လည်း စစ်သားတွေလိုပဲ ကြုံသလို အိပ် အဆင်ပြေသလို စားခဲ့တာပဲ၊ အိပ်ရေးပျက်တာလည်း မဆန်းဘူး၊ အစားပျက်တာမျိုးလည်း ထူးခြားပြီး မဖြစ်တော့ပါဘူး၊ မင်း ပင်ပန်းပါတယ်၊ ခုဆို စိုးစိုး လည်း မရှိဘူး .. မင်းပဲ လုပ်နေရတာမို့လား"

"ကြီးကြီးကျယ်ကျယ်တွေ ရွှတ်ပြမနေပါနဲ့ ..၊ ရှင် စားကောင်းဖို့ လိုသလို ကျွန်မ စားချင်တာတွေလည်း ဖြစ်အောင် ချက်ထားတာမျိုး"

ဒီညု ဒေါကန်သွားပြီမှန်း သိတော့ သူ ပြုံးလိုက်မိသည်။

"ကိုယ် ဘာစီးပွားရေးတွေ လုပ်မလို့လဲ မမေးတော့ဘူးလား"

"ကြီးကြီးကျယ်ကျယ်တွေ ပြောမှာမှန်းသိလို့ မမေးတော့ဘူး"

"မင်း မေးရင် ကိုယ် ဘယ်လို တခမ်းတနား ခြေလှမ်းကျဲထားတယ်ဆိုတာ ပြောရအောင် လုပ်ထားတာပေါ့ ..၊ ကြီးကျယ်လေ ကောင်းလေ မဟုတ်ဘူးလား၊ ကိုယ် ရည်ရွယ်ထားတာ အားလုံး မင်းအတွက်ပါ"

ပြောပြန်ပြီ ..၊ ဘာမှလည်းမဟုတ်ဘဲ ဒီညု ရှက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်း ပါးစပ်ထဲထည့်လိုက်ရင်း အမြဲတမ်းကျနေတတ်သည့် ပါးရိုးပေါ်က ဆံပင်ကို နားနောက်ပို့ပစ်မိသည်။ ထိုအမူအရာလေးတွေကို ငေးကြည့်၍ ဦးစိုး က ထမင်းစားခြင်းကို ဂရုစိုက်သတိကာ ...

"ဒါဆို မေးမှပဲ ကိုယ် ပြောတော့မယ်နော် ..၊ အပြင်က ဘာမှာဦးမလဲ"

"မမှာဘူး"

ဦးစိုး အပြင်ရောက်သွားမှ မျက်နှာမော့ဖြစ်၏။ သူ့ပုံစံက တမင်ရှိသဲ့သဲ့ပြောတာနဲ့ မတူပါ ..၊

ဒါဆို သူမကပဲ ဘာဖြစ်လို့ ပေါက်ကရတွေနဲ့ ရင်ခုန်သံ မြန်နေရတာလဲ ..၊ တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ခဲ့စဉ် ဖုန်းမြည်သံပေါ်လာ၏။ စားလို့လည်း ပြီးပြီမို့ ဒီညှ အပြင်ထွက်လာပြီး ဖုန်းကိုင်လိုက်သည်။

"ဟလို .."

"... ... ..."

"မေမေ .. မေမေ ဖိုးသားလေးရော .. ကလေး ဘယ်လိုနေသလဲ.. ညည ငိုလား .. အိပ်ရဲ့လား .."

"... ... ..."

"ဟုတ်တယ် မေမေ .. အရမ်းစိုးရိမ်နေတာ"

"... ... ..."

"ဟင်!... တစ်ညလုံးအိပ်တယ် .. နို့တာတောင် တော်တော်နဲ့ မရဘူး ဟုတ်လား .."

ဒီညှ ဖုန်းကို လက်တစ်ဖက်နဲ့ပိတ်လိုက်ပြီး ကားသံကို နားစွင့်မိ၏။ မေမေ့စကားသံတွေက နားထဲကို မသက်သာစွာ ဝင်လာနေလျက် ...





"ဟုတ်လား .. သမီးလည်း ညက အိပ်မက်လိုလို တကယ်လိုလိုနဲ့ .."

ညက အဖြစ်တွေကို ပြောပြလိုက်မိသည်။ မေမေက နောက်ထပ်ဘာလုပ်ဖို့ကို ညွှန်ကြားလိုက်သဖြင့် ...

"ဟုတ်လား ..၊ ဒါဆို သမီး ဖုန်းချလိုက်မယ် မေမေ .. ကိုဦးကို ပြောဖို့ ..၊ သူ အပြင်ထွက်တော့မှာ .."

ကိုဦး ဆိုသည့် ခေါ်လိုက်သံကြောင့် ဟိုတစ်ဖက်မှာ ဒေါ်ဖြူဖြူ တအံ့တသြဖြစ်ကျန်ခဲ့တာကို ဒီညှ သိနိုင်မှာ မဟုတ် ..၊

ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုခေါ်ဖြစ်သွားသည် မသိခဲ့ဘဲ...

"ကိုဦး နေဦး .. ခဏနေဦး"

နားထဲက ဘယ်က ထွက်လာမှန်းမသိသည့်ကားသံကို ဦးစိုး ကားစက်နှိုးနေပြီထင်ကာ ဖုန်းချပြီး ပြေးထွက်၍ ကမန်းကတန်း လှမ်းတားမိသည်။ အပြင်ရောက်တော့ ကားက ဒီတိုင်း လူက မရှိ ..။

"ကိုယ် ဒီမှာပါ .. ဘာလုပ်မလို့လဲ"

"ဟင်!..."

နောက်ကနေ နီးနီးကပ်ကပ် ကြားလိုက်ရတော့ လှည့်မကြည့်ခင် ဒေါသက အရင် ဦးစီးဦးဆောင်ထွက်၏။

"အထဲမှာရှိလည်း အသံလေးဘာလေး ပေးပါလား .. ရှင်ဟာလေ ဘာလုပ်လုပ် တခမ်းတနား လုပ်တယ် .. ဘာပြောပြော ဟန်တစ်လုံး ပန်တစ်လုံး"

ဒီညှ ဒေါသထွက်နေတာကို သူက မျက်မှောင်ကုတ်ကြည့်ရင်း ပြုံးချင်နေသည့်မျက်နှာနှင့် ...

"မင်း အတင်းပြေးထွက်သွားတာကို ဘယ်လိုလှမ်းပြောရမလဲ၊ ကိုယ့်ဟာကိုယ် ရှေ့မကြည့်နောက်မကြည့် လုပ်တတ်တာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်တွေးဦး .. မင်း ဖုန်းပြောနေတုန်း ကိုယ် ပြန်ဝင်လာတာ''

အဲဒါ ဟုတ်လို့လား ..၊ ကြောင်အအ ဖြစ်သွားပေမယ့် ကိုယ်မသိ လုက်တာကိုလည်း ဝန်မခံချင် .. ဒီည မျက်တောင်တွေခတ်နေရင်း အကြံအိုက်သွားတော့ ဦးစီး က သွားတွေပေါ်အောင် ပြုံးသည်။

ပြီးတော့ သူမ ဘေးကနေ ကားဆီ ဆင်းချသွားကာ ...

''အခုမှ တကယ်သွားမှာ .. ဘာပြောစရာရှိလဲ ပြောလေ''

''ပြော .. ဆိုပြီး ကားပေါ်တက်ဖို့ လုပ်နေရလား၊ ရှင် အခု လက်ကို လွှတ်လိုက်ပြီး အိမ်ပေါ်ပြန်လာလိုက်''

ဦးစီး မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ တံခါးဖွင့်လျက် ကိုင် ထားသည့် သူ့လက်သူ ပြန်ငုံ့ကြည့်ပြီးမှ လျော့ရိလျော့ရဲ လွှတ်ချလိုက် ၏။ ဒေါသ မောဟတွေနဲ့ ပြောချင်သလို ပြောပြီးမှ ပိုင်စိုးပိုင်နင်း အမိန့်ပေးသလို ဖြစ်သွားမှန်း သတိရကာ ဒီည ရှက်သွားမိသည်။

သူက ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထားရင်း လှေကားသုံး ထစ်ကို ပြန်တက်လာပြီး သူမဘေးမှာ ရပ်၍ ...

''ပြန်လာပြီ .. ကဲ .. ပြောလေ''

ရယ်မြူးရိပ်ဆင်နေသည့်အသံကို ခံစားမိပြီး ဒီည အထဲကို ပြန် လှည့်ဝင်၏။ ဦးစီး က သူမ လက်ကောက်ဝတ်လေးတစ်ဖက်ကို ဖျတ် ခနဲ ဆုပ်ကိုင်လိုက်ကာ ...

''မေးနေတာ ပြောခဲ့ဦးလေ''

''အို .. ဘာလို့ လက်ကိုဆွဲတာလဲ ..၊ ရှင်က အိမ်ထဲ မဝင်တော့ဘူး လား''

ဒီည မျက်နှာမမော့ဘဲ လက်ကိုလိမ်ဆွဲချပြီး ပြန်ရုန်း၏။ သူက လွှတ်ပေးလိုက်ပြီး ...

''ပြန်ဝင်ရဦးမှာလား''





''ဟုတ်တယ် ..၊ ရှင် ဒီနေ့ အပြင်သွားလို့ မရတော့ဘူး''

''ဘာဖြစ်လို့လဲ ..''

''ကျွန်မ သွားစရာရှိတယ် ..၊ အဲဒါ ရှင် လိုက်ပို့ရမှာ''

''ဘယ်ကိုလဲ ..''

''ပဲခူး''

သူ့ အသံ ခဏတိတ်သွားကာ ...

''သားကို ဗေဒင်တွက်ပေးတဲ့ ဆရာမဆီကိုလား ..''

ဘယ်လိုလုပ် သိသွားတာလဲ ..၊

ဒီည အံ့သြသွားကာ သူ့မျက်နှာကို မော့ကြည့်မိ၏။ မျက်နှာမှာ အစောကလို ပေါ်ပါးသည့် ရယ်မြူးရိပ်တွေ မရှိတော့ဘဲ မျက်ခုံးတွေ ထိမသာ တွန့်နေကာ ...

''အမေ သွားခိုင်းတာလား ..''

မေမေနဲ့ ဖုန်းပြောတာ မြင်လိုက်တာနှင့် ပဲခူးသွားမည်ဆိုတာကို ချက်ချင်း ဆက်စပ်တွေးယူလိုက်ပုံက အထင်ကြီးဖို့တော့ ကောင်းနေ ပါ၏။

ဒါပေမယ့် ဘာပြောလိုက်ပြောလိုက် ဘယ်တော့မှ ညီမျှခြင်း ဖြစ် ပေးခဲ့တာက မုန်းဖို့ကောင်းနေသည်။

''အဲဒါတွေကို အရေးတယူ ဆောင်ရွက်နေရတဲ့အထိ ကိုယ် မလုပ် ချင်ဘူး ဒီည .. မင်းလည်း မလုပ်ပါနဲ့''

''မလုပ်လို့ မရဘူးလေ ..၊ အခု ရှင်လည်း လက်တွေ့ပဲ''

''လက်တွေ့ဆိုတာ ဖြစ်စဉ်တစ်ခုကို သိချင်လို့ စောင့်ကြည့်တဲ့ အခါ လက်တွေ့သိရတာမျိုး ရှိတယ်၊ ထင်နေတာနဲ့ တိုက်ဆိုင်တူညီစွာ ဖြစ်လာတာမျိုးလည်း ရှိတယ်၊ မနေ့က လက်တွေ့ကို တိုက်ဆိုင်မှုလို့ ထားလိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ရော ကျွန်မရော တိုက်ဆိုင်ကြတာပေါ့"

ဦးစီး မျက်နှာမှာ ပြောရခက်သည့်ကလေးကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားသလိုမျိုး အုံ့မှိုင်းသွားခဲ့၏။

ပြီးတော့ အထဲကိုသွားမယ်လို့ ပြောတဲ့သူက ရပ်လျက် ကျန်ခဲ့ကာ သူက ဖြည်းလေးစွာ လျှောက်ဝင်သွားသည်။ ဒီည က သူ့နောက်မှဖြစ်လျက် ...

"မေမေလည်း ဖြစ်နေတယ်၊ ဟိုမှာ ကလေး မအိပ်ဘဲ ဘာမှလုပ်လို့ မရဘူးတဲ့..၊ နှစ်ယောက်တည်းနေရတာဆိုတော့ သူဟာသူ ကစားနေလည်း မေမေ တရားထိုင် မေတ္တာပို့ပြီဆို ကစားစရာတွေ လွှတ်လိုက်၊ အာခေါင်ခြစ်ငိုလိုက်နဲ့ နောက်ကနေ ဝင်ဖက်ပြီး ဘွားဘွားကြီးလို့ မရမက လှုပ်ခေါ်နေတာတွေ .."

ဦးစီး ဖျတ်ခနဲ ပြန်လှည့်လာကာ ...

"အဲဒါ ကလေးအကျင့်ပဲကွ ..၊ ပြီးတော့ နှစ်ယောက်တည်းရှိနေတာ တစ်ယောက်က တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေတော့ ပျင်းလို့ဖြစ်မှာပေါ့"

"ညညဆို လုံးဝအိပ်နေလိုက်တာ တစ်ခါတလေ စိုးရိမ်လို့ မရမက လှုပ်နှိုးရတယ်တဲ့ ..၊ ဒီမှာကျတော့ ကျွန်မတို့ အိပ်လို့မရအောင် ဒုက္ခတွေ့နေရတယ်"

"ကျွတ်!.."

"ရှင် အဲဒီလို စိတ်ပျက်တဲ့မျက်နှာနဲ့ မကြည့်ပါနဲ့ ..၊ ရှင်ပဲ အတွေးအခေါ်ကောင်းနေပြီး ကျွန်မတို့က ရူးနေသလား .."

"အဲဒီစိတ်တွေကြောင့် ရူးသွားမှာစိုးလို့ ကိုယ် ပြောနေတာ ..၊ အခု ဒီတိုင်း တကယ် ဖြစ်နေပါပြီဆိုရင်ရော ဆရာမက ဘာလုပ်ပေးနိုင်မှာလဲ"





"သူ လုပ်ပေးလို့ပဲ အခု ကျွန်မတို့ကလေး ဘာဖြစ်နေတယ်ဆိုတာ သိရတာလေ ..၊ ထူးခြားလာတာကို သွားပြန်မပြောသင့်ဘူးလား"

"စမ္မးသပ်ကိုင်တွယ်ကြည့်လို့ရတဲ့ ရောဂါရှာတာတောင်မှ ဘာရောဂါဆိုတာ ဆုံးဖြတ်လို့ မရမချင်း ဆီးစစ် သွေးစစ်နဲ့ စစ်နေရင်း နောက်ထပ်ရောဂါတွေ တွေ့လာရတာ ဒုနဲ့ဒေး၊ မင်း ဒီကိစ္စကို သူ့ မမြင် ကိုယ့်မမြင်နဲ့ ဘယ်လိုရှာမှာလဲ .."

"ကိုယ်မရှာနိုင်လို့ ရှာနိုင်တဲ့သူဆီ သွားရမှာလေ ..၊ ရှင် လိုက်ပို့မှာလား .. မပို့ဘူးလား တစ်ခွန်းပဲပြော .."

ပြိုင်လည်း မပြောချင်တော့ပါ ..၊ ပြောလည်း မိန်းကလေး ပါးစပ်လောက်တော့ သူ့လျှာစောင်းထက်မှာ မဟုတ်တာ သေချာသည်။

နောက်ဆုံးမှာ သူနဲ့ ဒီည ပဲခူးသို့ဦးတည်၍ အတူတူထွက်လာခဲ့ရသည့်အဖြစ်သို့ ရောက်ခဲ့၏။ လွင် နဲ့တုန်းက သူ ဒီလိုတွေ မရှိခဲ့လို့လား ..၊

ခုလိုမျိုး ပြိုင်ဆိုင်ပြောရတဲ့အထိ ပဋိပက္ခမျိုးတွေ မရှိခဲ့ဘူးသလို မနေ့တစ်နေ့ကအထိ သူဟာ လိုက်လျောလွယ်တတ်ခဲ့သူ မဟုတ်။

ကားမောင်းနေရင်း ဒီည မျက်နှာလေးကို မှန်ထဲကနေ လှမ်းကြည့်မိ၏။ ပြီးတော့ .. သက်ပြင်း တီးတိုးချရင်း ရှေ့က ကုန်ကားကြီးက ကျော်တက်ဖို့ မီးအချက်ပြနေသဖြင့် သူ ကျော်တက်လိုက်၏။

အတွေးတွေကတော့ ခရီးဆက်နေဆဲ ..။


www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၇ ]

တစ်လမ်းလုံး ငေးငိုင်လာသည့် ဒီညု ကို ငဲ့ကြည့်ကာ ကားကို အရှိန်လျှော့လိုက်ပြီးမှ ...

"ဘယ်လိုလဲ.. နောက်ထပ် သိလာရတော့ စိတ်ဆင်းရဲသွားပြီလား"

ဒီညု က ချက်ချင်း ခေါင်းခါပြီး စူးရဲသည့်မျက်ဝန်းလေးတွေနှင့် လှည့်ကြည့်၏။

"မဆင်းရဲပါဘူး .. ဘာတွေဖြစ်နိုင်မလဲလို့ တွေးကြည့်နေတာ၊ ရှင်က ဟိုသီလရှင် ပြောလိုက်တာကို တော်တော်အားရနေတယ် ထင်တယ်"

"ဘယ်လိုမေးတာလဲကွ ..၊ မင်းက ငါ့ရဲ့ဇနီး၊ ကလေးက ကိုယ့်သား"

"ဟုတ်လား ..၊ ကျွန်မက မေ့နေပြီလားလို့"

ဒီညု က ပြောပြီးမှ နှုတ်ခမ်းရော နှာခေါင်းရော တွန့်မဲ့ပစ်သည်။ ပြီးတော့ ဟိုဘက်လှည့်၍ မပြီးမဆုံးနိုင် ဘာတွေ ရေရွတ်နေမှန်း မသိ။ ကားက လမ်းဘေးသစ်ပင်ရိပ်မှာ တဖြည်းဖြည်းတိမ်း၍ ရပ်သွားပြီး...





"ဒီညု .."

"ကား ဘာဖြစ်သွားလို့လဲ"

"ကားက ဘာမှမဖြစ်ဘူး ..၊ မင်း ပြောနေတာတွေကြောင့် ငါ့ ရင်ဘတ်ထဲမှာ ရှော့ခ်ဖြစ်နေတာ .."

မျက်လုံးဆုံသွားတော့ ဒီညု ကိုယ်လေးလှုပ်သွားအောင် နေရာပြင်ရင်း မျက်နှာပါ လွှဲပစ်မိသည်။ သူကတော့ စိုက်ကြည့်နေကာ ...

"မင်းကို ငါ့ရဲ့ညီမလေးလိုပဲ သဘောထားပေးခဲ့တာ ငါ သိပ် သဘောကောင်းလွန်းလို့ မဟုတ်ဘူးနော် ..၊ ဘယ်လိုအမျိုးအစားထဲမှာ ရှိနေနေ ယောက်ျားက ယောက်ျားပဲ"

"အဲဒီတော့ ကျွန်မက ထိုင်ရှိခိုးရမှာလား .."

"သားမှန်း မယားမှန်း သိစေချင်နေတဲ့ စကားတွေ မင်း မပြောသင့်တာကို သတိပေးတာ ..၊ ကိုယ်က သားပြောမယားပြော ပြောတာတောင် မင်း ရှက်နေသေးတယ်၊ တကယ်တမ်း ကိုယ်က အတင်း ပေါင်းဖို့ ကြိုးစားရင် ..."

"ရမလား .. ရှင်ကိုယ်တိုင် ကတိပေးထားတာပဲ"

"မှန်တယ် .. အဲဒီကတိကို ကြာရှည်ခိုင်မာစေချင်ရင် မင်းဘက်က မယားနဲ့တူသော အပြောအဆို အခွင့်အရေးတွေ မပြနဲ့ ..၊ ယောက်ျား ဆိုတာ စိတ်ကူးယဉ်မိလာရင် လက်တွေ့ အကောင်အထည်ဖော်တတ်တယ်"

"ရှင် .."

ဒီညု မနေတတ် မထိုင်တတ်နှင့် ဘယ်လိုစကားနဲ့ ရန်ပြန်ဖြစ်ရမှန်းလည်း မသိ ..။

"ရှင် .. လူကို ခြိမ်းခြောက်နေတာလား"

"သတိပေးတာလို့ ကိုယ် ပြောပြီးပြီပဲ ..၊ ကိုယ်က ညီမငယ်



www.burmeseclassic.com

www.burmeseclassic.com



ဝါစ်ယောက်လို သဘောထားပြီး ဆုံးမရင် မင်း နာခံတတ်အောင် ကြိုးစားပါလား၊ မင်း ကိုယ့်ကို အရမ်းလေးစားနေတယ်ဆိုရင် ကိုယ့်ဘက်က ဖောက်ပြန်လာရင်တောင်မှ ရှေ့တိုးဖို့ ခက်မှာ"

"ဘာတွေ လာပြောနေတာလဲ"

ပါးမို့လေးတွေ နီမြန်းနေပြီဖြစ်ကာ ..

"ကျွန်မ ဘာတွေပြောနေနေ ရှင် စောင့်ထိန်းရမှာပဲ ..၊ ကိုယ့်ကတိနဲ့ ကိုယ်"

ဦးစီး က စီးကရက်တစ်လိပ်ထုတ်လိုက်ရင်း ပြုံးသည်။ ထိုအပြုံးကို ဒီညှ မြင်လိုက်ပေမယ့် သဘောမပေါက် ..။

"ဒါဆို အိုခေ ..၊ မင်းနဲ့ကိုယ် ဒီအကြောင်း ဆွေးနွေးပြီးပြီလို့ မှတ်လိုက်မယ်"

"ဘယ်လို .."

သူပြောလိုက်တာကို နားမလည်ပေမယ့် ကားကို လမ်းပေါ် ပြန်တင်နေသည့်ကာလလေးမှာပဲ စကားစ ပြတ်သွားခဲ့၏။ ပြန်စပြောဖြစ်တော့လည်း ဒါကို မပြောချင်သည်မို့ ...

"မနက်ဖြန်ဆိုရင် မေမေတို့ အဓိဋ္ဌာန် ကိုးရက်ပြည့်သွားပြီ"

"ဟုတ်တယ် ..၊ မင်းရဲ့ဆရာမ .. အဲ .. ဟိုသီလရှင် ပြောပုံအရဆို အဓိဋ္ဌာန်ရက်ရလာလေ ထူးခြားမှုတွေ ရှိလာလေ ဖြစ်မယ့်ပုံပဲ"

အားကိုးတကြီး သွားခဲ့ကြပေမယ့် ဆရာမ အဓိဋ္ဌာန်ဝင်နေသည်မို့ မတွေ့ခဲ့ရပါ ..။ လက်ထောက်သီလရှင်ကြီးတစ်ပါးပဲ ဒီညှ တို့ကို ထွက်တွေ့ကာ ...

"ဒကာမလေး ဆင်းစုမြတ် က သူ့ အာရုံပေါ်သမျှ အားလုံးကို လမ်းညွှန်ပေးလိုက်တာပဲ၊ ဖြစ်လာတာတွေကိုတော့ ရင်ဆိုင်ကြရမှာပေါ့ ..၊ ဘယ်အရာဖြစ်ဖြစ် စီးနေတဲ့ရေတောင်မှ ပုံမှန်စီးနေတာကို





ုံးတားလိုက်ရင် ဘယ်လိုဖြစ်သွားတတ်သလဲ ..၊ ဖိနှိပ်ခြင်းနဲ့ ရုန်းကြွခြင်းက အမြဲတမ်း ဒွန်တွဲနေကြတဲ့ ဆန့်ကျင်ဘက် သဘောတရားစ်ခုပေါ့"

သီလရှင်ကြီးက စကားတွေ သိပ်များများ ပြောချင်ပုံမရတော့ ်လောက်နဲ့ပဲ လှည့်ပြန်ခဲ့ရသည်။ ဘယ်သူတွေ ဘာပြောနေနေ ဦးစီး က်နှာက ယုံကြည်ဝင်စားသွားသည့်ပုံစံ တစ်စက်မှမရှိဘဲ ဒါကို အာရုံ ိုက်ဖို့တွေဘဲ ပြောလာတာ ဟိုက ထွက်လာကတည်းက ...

"ဒီညှ .."

"ဟင်!.."

တခြားအာရုံရောက်သွားတုန်း ခေါ်လိုက်သဖြင့် ပျာပျာသလဲ ထူး သလို ဖြစ်သွား၏။ ထူးပြီးမှ မျက်နှာကို တင်းပစ်လိုက်မိကာ ...

"ဘာလဲ .. စကားပြောဖို့ ရှိသေးရင် အိမ်ရောက်မှပြော ..၊ မိုးချုပ်ခင် မြန်မြန်မောင်း"

"မောင်းလို့မရဘူး ..၊ ဒါ ဟိုဘက်ရွာ ဒီဘက်ရွာ ကူးနေတဲ့ နွား ည်း မဟုတ်ဘူး ..၊ အဝေးပြေးလမ်းမကြီးပေါ်မှာ မောင်းနေတဲ့ကား ရာယ်ဖြစ်လောက်အောင် မြန်လို့ရမလား..၊ မင်းကို အရေးကြီးတာ ြာမလို့ .. ဒီကိုပဲ အာရုံစေ့စိုက်"

သူ့စကား နားထောင်ချင်လို့တော့ မဟုတ်။ အရေးကြီးတာဆိုလို့ က်နှာကိုပါ လှည့်ကြည့်လိုက်မိ၏။ ဦးစီး က ကားမောင်းနေရင်း ည့်ကြည့်သည်။ ပြီးမှ ရှေ့ပြန်လှည့်၍ ...

"အိမ်မှာ ခြံစောင့်တွေ မာလီတွေ ရှိတယ် ..၊ အိမ်ပေါ်မှာ စိုးစိုး.. တို့တွေနားထဲကို မဟုတ်တရုတ်တွေ ရောက်ကုန်အောင် မပြောမိဖို့ ယ်တို့ ဆင်ခြင်မှဖြစ်မယ်"

"သူတို့ကို ဘယ်သူကရော ကိုယ့်အိမ်တွင်းရေးအကြောင်း အရေး



www.burmeseclassic.com

www.burmeseclassic.com



တယူ သွားပြောမှာလဲ”

“သူတို့ကို သွားမပြောပေမယ့် အချင်းချင်းပြောနေတဲ့ စကား
ကို ကြားသွားနိုင်တယ်..၊ သားကို သရဲပူးသလိုလို စုန်းပူးသလို
မဟုတ်တာတွေ အထင်မခံနိုင်ဘူး ..၊ ဥပဒ်တာများရင် ဥပဒ်ဒဏ်
တတ်တယ်၊ အထူးသဖြင့် အမေနဲ့ မင်းနဲ့ ခုလိုထင်နေတာတွေ
တတ်နိုင်သမျှ ဖြေဖျောက်ဖို့ ကြိုးစားစေချင်တယ် ဒီည .. ကိုယ့်သား
အဲဒီလိုအဖြစ်တွေ ရိုက်ခတ်မှာ မခံနိုင်ဘူး”

“ကိုဦးစီး ..”

ဒီည က စိတ်လိုက်မာန်ပါ ကိုယ်လေးရွှေ့ထိုင်လိုက်ကာ သူ့
ကို တစောင်းလှည့်ပြီးမှ ...

“ကျွန်မလည်း သားကို ချီပွေ့ထိန်းကျောင်းနေတဲ့ အဒေါ်အ
ပါ၊ ရှင် စကားပြောတာ ရင့်လှချေလား”

“မဟုတ်ဘူး ..”

“ဟုတ်တယ် .. ရှင်ပြောလိုက်တာ ကျွန်မတို့က မိဘမဟုတ်
ကလေးရဲ့ ကောင်းကျိုးဆိုးကျိုးကို ဂရုမစိုက်တာမျိုး ...”

“အဲဒီသဘော သက်ရောက်သွားရင်လည်း ကိုယ်ကတော့
စိတ်နဲ့ ပြောတာမဟုတ်ဘူး ဒီည .. အဲဒါအမှန်ပဲ၊ ခုဆို မင်းလ
သားရဲ့အမေပဲ၊ သူ့အဒေါ်နဲ့ သူ့အဘွားအပေါ် ကိုယ် အထင်မြင်လွဲ
ဘာအကြောင်းမှ မရှိဘူး၊ မိန်းမပီပီ စိုးရိမ်ပိုတာတွေ ရှိတတ်လို့
နေတာ ..”

သူ့စကားမဆုံးခင် ကားက ရုတ်ခနဲ မြည်သံတစ်ချက်ထွက်
အနည်းငယ် ခုန်သွား၏။ ဦးစီး က ကားကို လမ်းဘေးမှာ ဆွဲ
လိုက်ပြီး ပြန်နှိုးကြည့်တော့ မရတော့ပေ ..၊

“ကျွတ်!.. ဒုက္ခပေးပြီ၊ ဒီကား ..”





အိမ်မှာဆို သူစီးနေကျ ဂျစ်ကားအပြာလေးကိုပဲ သုံးသည်။ ဂျစ်ကား ဆိုပေမယ့် ကိုယ့်စိတ်ကြိုက် အင်ဂျင်ထိုင်ထားတာမို့ အမြဲတမ်း စစ်ဆေး နေခဲ့သည့်ကားက ခုလိုမျိုး လမ်းပေါ်မှာ ဒုက္ခပေးသည်ဆိုတာ မရှိခဲ့ဘူး။

“မင်းပြောမှပဲ ကားက ဖြစ်တော့တယ်”

“ဘာ!...”

“မဟုတ်ပါဘူး .. မင်းပြောတုန်းက ကိုယ်က အတိုက်အခံပြော လိုက်သလို ဖြစ်ခဲ့တယ်လေ၊ အခု ကိုယ့်ကြောင့် ဖြစ်ရသလိုပြောတာပါ”

ဒီည မျက်စောင်းထိုးလိုက်တာကို ကားထဲက ညနေစောင်း မှောင် ရီရိပ်ကြောင့် မမြင်ရပေမယ့် ဘာလုပ်လိုက်မှန်းတော့ သိသည်။

ကိုယ့်ကိုယ်ကိုယ် ကလေးတစ်ယောက်အဖေလို့ပဲ မှတ်ခဲ့တာ ခုမှ နှစ်ယောက်ရဲ့အဖေ ဖြစ်နေမှန်း သိတော့သည်။

ကိုယ့်အတွေးနဲ့ကိုယ် အင်ဂျင်ဖွင့်ကြည့်နေရင်း ပြုံးမိသည်။

ပြီးတော့ ကားဆီ ပြန်လှည့်ကာ သူမရဲ့ ကားတံခါးကို ဖွင့်လိုက် ပြီး ...

“ခြေထောက် နည်းနည်းရွှေ့ပေး .. အောက်မှာ ယူစရာရှိလို့”

ဆိုတော့ ခြေထောက်နှစ်ဖက်စလုံးကို စွေ့ခနဲ တင်ပစ်ကာ ကိုယ့် ဒူးကိုယ်ပြန်ဖက်၍ မျက်နှာလွှဲထား၏။

ခြေနင်းခင်းအောက်က အဝတ်စုတ်နဲ့ သံပိုက်လုံးလေးကို ဆွဲယူ လိုက်ပြီး သူ ပြန်လှည့်မသွားဖြစ်ဘဲ ဒီည ထိုင်နေသည့် ဆိုဖာမှာပဲ လက်ထောက်၍ ...

“မိုးချုပ်သွားနိုင်ပေမယ့် မင်း လမ်းပေါ်မှာ မအိပ်ရပါဘူး၊ ဆယ့် ငါးမိနစ်အတွင်း ကိုယ် ရအောင် ပြင်ပေးမယ်၊ အဲဒါကို စိုးရိမ်နေတာ လား”

ဒီည ပြန်ကြည့်တာနှင့် သူ့မျက်နှာက ကိုယ့်မျက်နှာအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နီးနီးလေး ...၊

"လုပ်စရာရှိတာ မြန်မြန်လုပ်ပါ ...၊ ရှင်နဲ့ကျွန်မ ဘာအကြောင်း ပြောလို့မှ အဆင်ပြေမှာ မဟုတ်ဘူး ...၊ သားမယားလိုမုံစံနဲ့ မပြောပါနဲ့ ဆိုတာ ရှိသေးတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်နေမှန်းတောင် မသိဘူး"

ဦးစီး က သွားတွေပေါ်အောင် ပြုံးလိုက်ကာ ဒီညှ မျက်နှာပြန်လွှဲပစ်လိုက်သည်နှင့် လက်မောင်းလေးကို ဆုပ်ကိုင်၍ ပြန်လှည့်လာအောင် လုပ်ပစ်၏။ ပြီးတော့ ...

"ဘယ်ဘဝရောက်နေမှန်း မသိတာ မကောင်းဘူးလား...၊ ကိုယ်ကတော့ မင်း မနှစ်မြို့နိုင်ဘူးလို့ ထင်နေသမျှ အဲဒါကို မသိဖို့ ကြိုးစားနေမှာ ...၊ အဲဒီလိုစိတ်တွေရှိလာခဲ့တာလည်း မင်းနဲ့ကျမှပါ၊ အစတုန်းက အိမ်ထောင်ဘက်ဆိုတဲ့အသိထဲမှာ ကြည်ဖြူတာတွေ မနှစ်မြို့တာတွေကို ဂရုစိုက်စရာလို့ တွေးတောင် မတွေးမိဘူး"

ဖယ်ချပစ်ဖို့ သူ့လက်ကို ထိကိုင်လိုက်ပြီးမှ ပြောသည့်စကားတွေကြောင့် ဒီညှ စူးစိုက်ငြိမ်သက်သွားခဲ့သည်။ ဦးစီး က သူမမျက်နှာလေးကို ကားအောက်ကနေ မော့ကြည့်နေ၍ ...

"မင်းကို မရိုးသားတာတွေ စာတမ်းတင်နေတာ မဟုတ်ဘူး...၊ ဒါပေမယ့် မင်း ကိုယ့်ကို အထင်မြင်သေးမှာ မခံနိုင်တဲ့စိတ်က ရင်ထဲမှာ အမာခံတံတိုင်းတစ်ခုပဲ၊ အဲဒါ ဘာဖြစ်လို့ဆိုတာလည်း ကိုယ်မသိဘူး၊ အထူးသဖြင့် မင်းက လွင့် ညီမ ဖြစ်နေတဲ့အတွက် ကိုယ့်ဘက်က အပြောခက် အနေကျပ် ဖြစ်နေတယ်"

ဦးစီး က ပြောနေရင်း ကားကို နောက်ပြန်မှီလိုက်ပြီး လက်ပိုက်ကာ ...

"လွင့် နဲ့ကိုယ် ဆုံခဲ့ကြတာက ငြိမ်သက်နေတဲ့ ရေပြင်ပေါ်မှာ





တလှုပ်လှုပ် ရွေ့လျားနေတဲ့ စက္ကူလှေကလေးနှစ်စင်း ထိကပ်သွားကြတာနဲ့ တူတယ်ဆိုရင် မင်းနဲ့ကျတော့ လေပြင်းထဲမှာ မျောနေတဲ့ သစ်တုံးနဲ့မြွေလို ဖြစ်မယ်ထင်တယ်"

သူ ဒီဘက်ကို ပြန်လှည့်လိုက်တော့ သူ့ကျောပြင်ကို စိုက်ကြည့်ရင်း နားထောင်နေသည့် ဒီညှ မျက်ဝန်းလေးတွေနဲ့ ဆုံမိသွား၏။

သူမ မျက်ဝန်းတွေ ဖျတ်ခနဲ လွှဲပစ်မှ သူ့နှုတ်ခမ်းတွေ ပြုံးရိပ်ဆင်လျက် ...

"ကိုယ့်ရဲ့ ဥပမာက သက်ဆိုင်ရဲ့လား မသိဘူး ...၊ ဒါပေမယ့် ကိုယ့်အတွက် အိမ်ထောင်ရေးက စိတ်ဝင်စားစရာ ဖြစ်လာတော့ တွေးကြည့်တာ ဒါပဲ ရတယ် ...၊ လှိုင်းတွေလေတွေ ကြမ်းနေလည်း သူ့အသက်ရှင်ဖို့အတွက် မြွေက သူတွယ်မိထားတဲ့ သစ်တုံးကို ဘယ်တော့မှ အလွတ်ခံမှာ မဟုတ်သလို သစ်တုံးကလည်း ခါချပစ်မှာ မဟုတ်ဘူး၊ မင်းနဲ့ကိုယ် မေတ္တာရှိကြသည်ဖြစ်စေ၊ မရှိဘူးဖြစ်စေ စပြီး ဆုံဖူးစဉ်ကတည်းက ပဋိပက္ခတွေနဲ့ .."

"အဲဒါကြောင့် ရှင်နဲ့ ကျွန်မ စိတ်ဝင်စားမှုတွေ ရှိခဲ့ကြတယ်လို့ ပြောချင်တာလား"

"ဟုတ်တယ် .. စိတ်ဝင်စားတယ်ဆိုတာ ချစ်ခင်နှစ်သက်ခြင်းတစ်ခုတည်းကို ရည်ရွယ်တာမှ မဟုတ်ဘဲ၊ ကိုယ် စိတ်ဝင်စားတာမှန်သမျှ ကိုယ့်ရဲ့ခေါင်းထဲမှာ ရှိတယ်၊ ခဏတဖြုတ် ဒါမှမဟုတ် ကြာရှည်ပေါ့၊ သွားရင်းလာရင်းနဲ့ ထူးခြားတာတွေ့ရင် သမင်လည်ပြန်ကြည့်တာမျိုး၊ မတူညီဘဲ ထူးခြားတဲ့ဖြစ်ပေါ်မှုတစ်ခုကို ဆိုလိုတာ"

လက်မခံသည့် မဲ့ပြုံးလေးနှင့် ဒီညှ က ပခုံးလေးတွန့်၏။

"မင်းကို သားနဲ့ ပတ်သက်ပြီး ခုနက စကားပြောမှားတာ ကိုယ်တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီည ရဲ့ ပြုံးနေသည့် မဲ့ပြုံးလေးတောင် ချက်ချင်းပျောက်ကင်း သွားလျက် ...

"မလိုပါဘူး .. အဲ့ဒီလိုမှားတိုင်း တောင်းပန်မယ်ဆိုရင် ရှင် ကျွန်ရေ့မှာ တစ်သက်လုံး ဒူးထောက်နေရင်တောင် ကျေနပ်ပေးနိုင်မလွယ်ဘူး"

"အဲ့ဒီလောက်တောင်လား .."

"ဟုတ်တယ် .. 'ငါ့စကားနွားရ' ပြောဝံ့တဲ့ ရှင့်ရဲ့စကားတိုင်း ကျွန်မ နားထဲမှာ ဝင်နေတာ ဓားသွားတွေလိုပဲ"

"ဒါလား .. ဟွန့်"

သူ ရယ်လိုက်တော့ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။

"ရှင်က ဘာရယ်တာလဲ"

"မင်းပြောတာကိုလေ .. စကားပြောမှားတာက ကိုယ့်ဘက်က တောင်းပန်သင့်တဲ့ကိစ္စ..၊ နားဝင်ချိုတာ မချိုတာက မင်း လက်ခံတဲ့ နားပေါ်မှာလည်း မူတည်တယ်၊ ချစ်နေရင် နားဝင်ချိုတယ်၊ မုန်းနေရင် နားခါးမှာပေါ့"

"ရှင့်ကို ချစ်စရာလား"

"မင်းကိုလည်း ကိုယ် မမေးသေးပါဘူး"

"ရှင်နော် .."

သူပြုံးနေသည့် နှုတ်ခမ်းတွေ နေရာမကျခင် သူမနားကနေ ခွာသည်။ အပူပိုင်း ခြောက်သွေ့သလို ရှိခဲ့သည့် ရင်ခွင်လွင်ပြင်ဟာ ခုတော့ အမြဲစိမ်းတောလိုလား ..။





အခန်း ( ၂၈ )

"စိုးစိုး ဘယ်နေ့ပြန်လာမယ်ပြောလဲ သမီး"

"ပြီးခဲ့တဲ့ သောကြာနေ့ကတည်းက ပြန်လာရမှာ မမေ ..၊ ဘာဖြစ်လို့ ပြန်မလာတာလဲ မသိဘူး"

"ယောက်ျားတွေ ဘာတွေများ ရနေပြီလားကွယ် .. ညည်း ချက်ပြုတ်နေရတာ ကလေးတစ်ဖက်နဲ့ .."

"ရပါတယ် မမေရဲ့"

အမိဋ္ဌာန်ကိုးရက်ပဲ ဝင်ရသေးသည်။ မမေက တရားခွေမှာ ပျော်မွေ့ချင်နေပြီ ဖြစ်၏။

"မြေးလေး အိပ်နေတဲ့အခါ အာရုံပြုတာ တရားထိုင်ရတာ ကောင်းလိုက်တာကွယ်၊ ဘုရားရဲ့တရားတော်လောက် ရင်ကို အေးချမ်းစေတာ မရှိပါလားလို့ ကြီးတော်ကြီးမားကျမှ သိရတယ်၊ အိုနာသေဘေးဆိုတာ လူတိုင်းတော့ ကြောက်ကြတာပဲ၊ ဒါပေမယ့် လွတ်မြောက်ရာဖို့ကျတော့ လူတိုင်းအားထုတ်နိုင်ဖို့ မလွယ်ဘူးနော်၊ မမေလည်း ဒီလိုပါပဲ သမီး အိမ်ထောင်ရေး အဆင်မပြေသေးတာကို စိတ်ချနိုင်၊ မြေးကို လက်မလွှတ်နိုင်နဲ့ ဘုရားတစ်ဖက် ဓားတစ်လက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သည်နှင့် မေမေ ဒီတိုင်း ညည်းခဲ့သည်။ ဦးစီး နဲ့ သူမ ဒီနေ့ထိ အကြင်လင်မယားလို မနေခဲ့ကြတာကို မေမေ သိနေ ပြောတာလည်း ဖြစ်နိုင်၏။

ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် နူးနူးညံ့ညံ့ ကြင်ကြ နာနာ မရှိကြတာပဲ ရှိသည်။ လက်ထပ်ပြီးနေမှတော့ ကွဲကြကွာကြ အထိ ဒီညာ မိုက်မဲဖို့ စိတ်မကူးပါ။

"တီညာ .."

"ရှင့် .."

သားလေးက ရိန်းဂျားရုပ်လေးကိုင်ပြီး မီးဖိုချောင်ထဲ ဝင်လိုက်သ ၏။ လမ်းလျှောက်နိုင်ပြီဆိုကတည်းက တခြားကလေးတွေထ ဖိုးသားလေးက ပိုသန်သည်။

စကားလည်း အတတ်မြန်၏။ သွားပေါက်တာကျတော့ ရှေ့သွာ ငုတ်တိုလေးတွေပဲ ရှိကာ ဒီအရွယ်အထိ ဒီတိုင်းပဲ ရှိဆဲ ..။

ဆေးမဆိုးရဘဲ နီကြောင်ကြောင် ခပ်ပါးပါး ဆံပင်လေး ဂုတ် ထောက်နှင့် သားလေးကို ကြည့်မိတိုင်း ချစ်လို့မဝ ..။

"ဘာလဲ သားသား .. တီညာ မအားသေးဘူးလေ ..၊ အပြင်မှာ ဘွားဘွားကြီး ရှိတယ်မို့လား ..၊ ခဏသွားနေနော်"

"ဟင့်အင်း .."

ခေါင်းကို ဘယ်ပြန်ညာပြန် ခါယမ်းပြီး အနားရောက်လာတော့ ဒီညာ ရယ်လိုက်မိသည်။ ဘေစင်မှာ မတ်တတ်ရပ်ကာ ဟင်းရွက်ဆေ ရေဆေးနေရင်း အလုပ်ကို မြန်မြန် လက်စသတ်ဖို့ ကြိုးစား၏။

ဖိုးသားလေးက အိမ်မှာရှိနေပြီဆို သူမ တစ်လက်တည်းလို ပင်..၊ ထို့ကြောင့် သူ့ပဲ အပြင်ကို ပြန်ပို့ရမှာကို သိသည်။

"ခဏလေး ငြိမ်ငြိမ်နေနော် ..၊ တီညာ မြန်မြန်အလုပ်လုပ်ပြီးရင်





ဖိုးသားလေးနဲ့ ဆော့မယ် သိလား .. မီးဖိုထဲမှာ လျှောက်မကိုင်နဲ့"

လှည့်ပြောတုန်းတော့ ကြည့်မိသေးသည်။ ဖိုးသားလေးကလည်း ကိုယ့်နားမှာပဲ ဖြစ်၏။

ဒါပေမယ့် ခဏလေး သတိမေ့ပြီး ရှေ့မှာ အလုပ်လုပ်နေတုန်း...

"သား .. ဟော့ .. မလုပ်ရဘူး"

"ဘုန်း .. ဒေါက်"

"အီး .. ဟီး .. ဟီး ..."

ဦးစီး အသံနှင့်အတူ အရာဝတ္ထုတစ်ခု လွင့်ခနဲ ပြေးဝင်လာတာ မြင်လိုက်သည်။ ကလေးကို ထိမှန်သွားတာလည်း သိလိုက်၏။ ဒါပေ မယ့် ဘာတွေဖြစ်ကုန်မှန်း ဒီညာ မသိ ..။

ကိုင်ထားသမျှတွေ လွှတ်ကျကုန်လျက် လှည့်ကြည့်လိုက်တော့ ဂက်(စ်)အိုးနားမှာ ဖိုးသားလေးက ငိုနေကာ ခြေထောက်နားမှာ စာ အုပ်ရယ် .. မီးခြစ်ရယ် .. ပြီးတော့ သူကိုင်ပြီး ဝင်လာသည့် ပါဝါ ရိန်းဂျားရုပ်လေးက တစ်နေရာစီ ပြန့်ကျဲနေ၏။

"ရှင် .. ကလေးကို စာအုပ်နဲ့ ပစ်လိုက်တာလား"

"ဟီး .. ဟီး .. ဟီး ..."

ကလေးက ဒီညာ ဒူးထောက်ထိုင်လိုက်တာနှင့် လည်ပင်းကို သိမ်း ကျုံးဖက်ထားပြီး ငိုတာ ရှိုက်ကြီးတငင် ..၊ ဦးစီး ရှူးရှူးဒိုင်းဒိုင်း ပြေးလိုက်လာပြီးမှ တံခါးဝမှာ ခြေစုံရပ်လျက် တော်တော်နှင့် မလှုပ်..။

"တိတ်.. သားလေး တိတ်..၊ သားက ဂက်(စ်)အိုးနားမှာ မီးခြစ်နဲ့.."

'လာ မဆော့ရဘူး' ဘာညာပြောပြီး ချော့ဖို့ဟာ တစ်ခုကို သတိရသွားသဖြင့် စကားမဆုံးလိုက်ဘဲ သူ့ကို လှမ်းကြည့်ကာ ...

"ဒါ .. ရှင့်မီးခြစ်မို့လား"

ဦးစီး က ဘာမှမဖြေ ..။ သားမျက်နှာကိုပဲ စူးစိုက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို တစ်ဗုန်းချင်း ဝင်လာ၏။

"အို!... ဂတ်(စ်)နံ့တွေ ဘယ်ကလဲ"

ကလေးကို ဖက်ချော့နေရင်း ဂတ်(စ်)နံ့တွေ နှာခေါင်းထဲ ဝင်လာသဖြင့် ကလေးကိုပါပွေ့၍ ဟင်းအိုးလက်စနှင့် မီးဖိုကို ထပိတ်ပစ်လိုက်သည်။

ပြန်ကြည့်လိုက်ကော့ လုံးဝပါးစပိပိတ်နေသည့် ဦးစီး က ဂတ်စ်အိုးက အဖွင့်အပိတ်ဘားကို သေချာပြန်ကျပ်ပြီး ပိတ်နေတာ မြင်လိုက်ရလျှင် ဒီည မျက်လုံးအဝိုင်းသား ဖြစ်သွားလျက် ...

"စပယ်ယာအိုးတွေက ကျပ်ထားတာကို ဘာဖြစ်လို့ ..."

စကားမဆုံးခင် ဒီည မျက်လုံးတွေ ငိုချင်နေသည့် သားရဲ့မျက်နှာဆီ ရောက်သွား၏။ ကလေးက အကြည့်မခံဘဲ မျက်နှာခွာလိုက်တာနှင့် လည်ပင်းကိုဖက်၍ မျက်နှာမှောက်ချဖို့ပဲ ကြိုးစားနေသည်။

ဒီည မျက်လုံးပြူးနေတာ တော်တော်နှင့် နေရာမကျနိုင် ..။

အိမ်မှာ အပေါ်ထပ်မှာလည်း မီးဖိုချောင်တစ်ခန်းထားတာမို့ ထိုအခန်းမှာလည်း ဘာမှမသုံးဖြစ်ပေမယ့် အပေါ်ခန်းအတွက် ငါး ပိဿာဝင် ဂတ်စ်အိုးလုံးလေးတွေ စပယ်ယာထားတာ ရှိသည်။

ဂတ်စ်တွေ အပြည့်နဲ့ပေမယ့် မသုံးဘဲထားတာလည်း ကြာပြီဖြစ်ကာ သုံးဖို့သွားဖွင့်လျှင်တောင် အလွယ်တကူပွင့်တဲ့ဘားတွေ မဟုတ်။

ဒါကို သားလေး ဖွင့်လိုက်တာလား ..၊

ဂတ်စ်နံ့တွေက လှိုင်နေဆဲဖြစ်သည်။ ဘာမှမေးမရသည့် ဦးစီး မျက်နှာနှင့် ပြန်ကောက်ယူသွားသည့် မီးခြစ်ကို လိုက်ငေးရင်း ...

"သား .."

တရှိုက်ရှိုက် ငိုနေဆဲ သားရဲ့ကိုယ်လေးကို ပခုံးကနေ ခွာယူပြီး မျက်နှာကို သေချာကြည့်မိ၏။





"သားလေး ဂတ်(စ်)အိုးကို ဘာသွားလုပ်တာလဲ ဟင် ..၊ အဲဒါ ဘယ်လောက် အန္တရာယ်ကြီးလဲ သိလား .."

ကလေးက သူ့ကိုယ်ကို တွန်းထားတာကို မကြိုက်သည့်ပုံနှင့် ဒီည လက်တွေကို လက်သီးဆုပ်လေးနှင့် ဆွဲဖယ်ရုန်းကန်ရင်း ငိုပြီးရင်း ငို၏။ ငိုနေရင်း မော့လှန်ပစ်လိုက်သည့်အခါမှာ မှည့်ရဲနေသည့် လည်ပင်းက မွေးရာပါအမှတ်လေးကို မြင်လိုက်ရပြန်သည်။

ဒီအမှတ်အသား ပျောက်သွားရင် အားလုံးကောင်းသွားပြီလို့ ဆရာမ ပြောခဲ့သည်။ အခု ကိုးရက် အောင်မြင်ခဲ့တဲ့အထိတော့ ပြောင်းလဲသေးပါလား ..၊ တကယ် ပြောင်းလဲခဲ့တာကျတော့ ...

ဒီည ဂတ်စ်အိုးကို လှမ်းကြည့်မိပြန်ကာ အခန်းပြင်ကို အပြေးတစ်ပိုင်း ထွက်ခဲ့၏။

"သမီး .."

"မေမေ .."

ဒေါ်ဖြူဖြူ က ကလေးနဲ့ ဒီည ကို အကဲခတ်၍ ...

"ဘာဖြစ်ကြတာလဲ ..၊ သူ့အဖေ ကလေးကို ဆူသွားလို့လား"

"ဟင့်အင်း"

ဘာကဘယ်လို စပြောရမှန်းမသိ။ ဘာတစ်ခွန်းမှ ပြောမသွားသည့် ဦးစီး ရဲ့အမူအရာနဲ့ ဖြစ်နေတာကို ပုံဖော်ကြည့်ရုံနဲ့ သူမ ထင်သလို တကယ်ဟုတ်နိုင်ပါ့မလား..။

ဒီအဖြေ ဦးစီး ကတော့ သိနေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၉ ]

"ရှင် ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ ကိုဦး ..၊ ကလေးနော ကို ရှင်ပြေးလိုက်လာတယ် .. ဘာလုပ်တော့မယ်ဆိုတာ သိလို့ အလှ ကွာနေတဲ့နေရာကနေ စာအုပ်နဲ့ အလျင်စလို လှမ်းပစ်လိုက်တယ် ဟုတ်တယ်မို့လား"

စီးကရက်သောက်နေသည့် ဦးစီး က မျက်လွှာတစ်ချက် ပင့်ကြည့် ပြီး ဘာမှမပြောဘဲ စီးကရက်ပြာခြွေခြင်းနဲ့ အလုပ်ရှုပ်နေပြန်သည်။

ရောင်စုံပန်းတွေ ဝေနေသည့် ဥယျာဉ်ခြံကြီးထဲမှာ ပန်းတွေ လည်း လှသည်။ မွှေးရနံ့တွေလည်း လှိုင်နေကြ၏။ ထိုထဲမှာ စီး ရက်မီးခိုးငွေ့တို့ဖြင့် အနံ့တွေ ရောထွေးနေကာ သူသောက်နေ စီးကရက်နံ့ကို ဒီညှ နှစ်သက်သည်လည်းမဟုတ် မနှစ်သက်တာလည်း မဟုတ်။

"ဒီအရွယ်ကလေးက ဂတ်စ်အိုးကို ဖွင့်ရမှန်း မသိဘူး၊ မီးခြစ်နဲ့-

"တော်ပြီ .."

ဦးစီး က နောက်တန်းမှာ လက်နှစ်ဖက်ဆန့်တင်၍ ခပ်လျော့ လျော့ ထိုင်ရာကနေ လက်တွေပြန်ချ ကိုယ်ကို မတ်မတ်ထိုင်လိုက်ပြီး-





"ကလေးက ကလေးလိုဆော့တာ၊ မင်း အများကြီး မတွေးပါနဲ့"

"ရှင် ဒါကို ဘာဖြစ်လို့ လက်ခံရမှာ စိုးရိမ်နေတာလဲ၊ ကျွန်မတို့က ဖြစ်စဉ်ကို သိနေကြရင် အကျိုးအကြောင်း ညီညွတ်သွားအောင် ထိန်း သိမ်းကြဖို့ ကြိုးစားနေတာ၊ ရှင်က ရှင့်သားကို မထိနဲ့ဆိုတာမျိုးလား ကိုဦး၊ ဖအေဆိုတဲ့ပါဝါတွေ အင်တိုက်အားတိုက် ပြချင်တာလား"

"များတာ တချို့မှာ မှန်တာတွေလည်း ပါတော့ပါတယ်၊ ဒါပေ မယ့် ကိုယ်ပြောရင် မင်း မကြိုက်တဲ့စကားတွေ ပါလာဦးမှာပဲ"

ထိုင်နေသည့် ဦးစီး က မတ်တတ်ကနေ ရန်တွေ့နေသည့် ဒီညှ ကို မျက်နှာမော့၍မဟုတ်ဘဲ မျက်ခုံးတွန့်တွန့် မျက်လွှာပင့်ကြည့်ခြင်း ဖြင့် တစ်လုံးချင်း ခွန်းတုံ့ပြန်နေ၏။

"ဟုတ်တယ် .. မင်း ပြောသလိုပဲ ..၊ သားကို ထိခိုက်မခံနိုင်ဘူး..၊ သားလေးဆိုတဲ့ စိုးရိမ်စိတ်တွေ ဖြစ်နေပေမယ့် ပါဝါတွေ အင်အား တွေ ဘာမှမပါဘူး၊ လူကြီးတွေ စိုးရိမ်ကုန်ပြီး ကုထုံးပေါင်းစုံနဲ့ စမ်း သပ်နေသမျှ သားအတွက် ဥပဒ်ဖြစ်လာနိုင်တယ်၊ အဲဒါ မင်းသိလား..၊ ..းမှုတစ်ခုရဲ့ သက်ရောက်ပျော်ဝင်နေတဲ့ အချိုးအဆကို ငါတို့ မသိ ..၊ ဒါ ခန့်မှန်းကြည့်လို့မရသလို ကိုင်တွယ်ချိန်စက်ကြည့်လို့ ရတာ လည်း မဟုတ်ဘူး၊ သား အဲဒီလို ဖြစ်နေပြီဆိုရင်တောင် ကိုယ် ဆိုင်ရမယ့်ပြဿနာကို ရင်ဆိုင်ကြရုံပဲ .. အဲဒါတွေက သားနဲ့ ဘာမှ ဆိုင်ဘူး ..၊ ဆိုင်တယ်ထင်ပြီး ဥပဒ်ဒဏ်ဖြစ်စုံနေလေ သားမှာ ထိခိုက် ..ပဲ ..၊ မင်းကိုလည်း ကိုယ်တစ်ခု ပြောချင်တယ်"

စလိုက်ပြီးမှ ပြောသင့်မပြောသင့် ချင့်ချိန်ရင်း အသံတိတ်သွားခဲ့ ပြီးတော့ နေရာမှ ထရပ်လိုက်ပြီး စီးကရက်ကို ခြေထောက်နားမှာ ..၍ ခြေဦးထိပ်နဲ့ ဖိနင်းသည်။

"ဒါတွေကြောင့် ကလေးကို စိုးရိမ်ကြီးပြီး ကြောက်လန့်တာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



များယာခတ်တာတွေ မဖြစ်ဖို့ပါ၊ အားလုံး သားကိုချစ်ကြတဲ့ လူတွေ ချည်းပဲ၊ ချစ်ကြတဲ့သူချင်း ကလေးအတွက် ဆွေးနွေးတာကိုလည်း တလွဲမထင်ဘဲ နားလည်စေချင်တယ်၊ ကလေးအတွက်ပါ"

ထပ်ပြောပြီး အဖြေစောင့်သလို သူက စိုက်ကြည့်နေ၏။ ဒီည နှုတ်ခမ်းလေးမဲ့၍ မျက်နှာမော့လိုက်သည်။

အိန္ဒိဝေဖြာနေတတ်သည့် ဆံနွယ်တွေကို အကျင့်ပါနေသည့်လက်က ထိုးသိပ်တင်ပြီးဖြစ်ကာ ...

"ရှင် လည်သားပဲ .. စကားကို ဖွင့်ပြီးပိတ်ပြီး ပြောတတ်တယ်၊ ဘာပဲဖြစ်ဖြစ် သားက ရှင့်သားပါ၊ စိုးရိမ်တယ်ဆိုတာ သဘာဝကျပါ တယ်၊ ဘာမှ နားလည်မပေးနိုင်စရာ မရှိဘူး"

"ဒီည.."

"ဟင့်အင်း .. ဖယ် ..."

စိတ်ဆိုးသွားပြီကို သိလိုက်သဖြင့် လက်ဖဝါးချင်း ထပ်ဆုပ်ထား လိုက်သည်။

ဒီည ဘယ်လိုချပစ်လို့မှ လွတ်ထွက်မသွားအောင် ဖိဆုပ်ကာ -

"မင်း မကြိုက်တာတွေ ကိုယ်ပြောရမှာလို့ အစကတည်းက ပြော ပြီးသားပါ၊ ဘာဖြစ်လို့ တလွဲတွေပဲ တွေးနေတာလဲ"

"ဟုတ်တယ် .. အားလုံးလွဲနေပါတယ်၊ ရှင်ပဲ မှန်တာ"

"နေဦး .. ကိုယ်ပြောဦးမယ် .. ဟိတ် .."

"ရှင် .. လွှတ်နော်"

ဒီည အတင်းရုန်းကန်နေရင်း မျက်ရည်တွေ တလိမ့်လိမ့် ဆင်းကျ လာကြ၏။ ရုန်းလို့မရတော့အောင် ဆွဲဖက်ပစ်လိုက်တော့ သူ့ရင်ဘတ် ကို ထုနက်ပစ်၍ ရှိုက်ငို၏။

"ရှင် သိပ်ကိုမောက်မာတဲ့လူ .. တစ်ကိုယ်ကောင်းသမား"





"မဟုတ်တာတွေ ကွာ ..၊ ကျွတ် !.."

"ဘယ်သူ ဘာပြောပြော မမှန်ဘူး .. ရှင်ပဲ မှန်တာ ..၊ ကျွန်မတို့ က ဆိုင်ရုံပဲဆိုင်ကြတာမှန်း နောက်ကို အမြဲတမ်း သတိထားမယ်..၊ အဲဒါ ရှင့်အမှန်တရားတွေအတွက်"

"ရှင်းဖို့မလွယ်တဲ့ အကြောင်းအရာတွေကို ထည့်မပြောနဲ့ ဒီည..၊ အဲဒါတွေအတွက် ငါ ရှင်းလည်း မရှင်းတတ်ဘူး၊ မင်းကိုယ်တိုင် ငါ့ အပေါ်မှာ ဘယ်တုန်းကမှ အကောင်းမမြင်ခဲ့တဲ့ဝါဒရှိနေခဲ့တာ ထည့် ဦးစား"

သူ ဒီည ရဲ့ပခုံးလေးတွေကို ဖက်ထားရင်း မျက်နှာလေးကို နီးကပ် စွာ စိုးမိုးငေး၍ ...

"သားကို မင်း သိပ်ချစ်တယ်ဆိုတာ တစ်ခုတည်းနဲ့ ကိုယ့်ကို ဘယ်လိုပဲ အေးစက်မှုတွေ ပေးပေး..၊ မင်း ဘယ်လို တုံ့ပြန်တုံ့ပြန် ငါ သတ္တိရှိရှိနဲ့ လက်ထပ်ခဲ့တာ အချစ်ကို ဖမ်းဆီးမိဖို့ စစ်ပွဲတစ်ပွဲကို ရင်ဆိုင်တာထက် အများကြီး ခက်တယ်ဆိုတာ သိခဲ့တဲ့အချိန်မှာပဲ ကိုယ့်ကိုမချစ်တဲ့ မိန်းမတစ်ယောက်ကို ငါ လက်ထပ်ခဲ့တယ်၊ ငါ့ အတွက်တော့ ပထမဆုံး စွန့်စားခြင်းပဲ ဒီည ..၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ကျမှ မခံစားဘူးတာတွေ ခံစားတတ်လာလို့"

သတိလက်လွှတ် နားထောင်နေမိပြီးမှ သူ မျက်ရည်သုတ်ပေး တော့ မျက်နှာငုံ့ပစ်ရင်း လက်ကိုပါ ဖယ်ချပစ်မိ၏။

"သားအတွက် မိခင်နဲ့တူသော အချစ်တွေ ရနေရင် ပြီးတာပဲလို့ ကျေနပ်တဲ့စိတ်နဲ့ မယားနဲ့မတူတဲ့မိန်းမကို ငါလက်ထပ်ခဲ့တယ်၊ အဲဒါ သားအပေါ်မှာ မင်းနဲ့ငါ ချစ်ကြတာ ညီမျှခြင်းပဲလို့ ယုံကြည်ခဲ့လို့ပဲ"

"ရှင့်လက်တွေ ဖယ်ပေးပါ"

"ခဏနေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ချလိုက်တော့ ပြုတ်ကျသွားပြီးမှ ပခုံးနှစ်ဖက်ကို ပြန်ဆွဲလိုက်တော့ ရင်ဘတ်ချင်း ထိလုထိခင် ပြန်ဖြစ်၏။

"မင်းလို သိပ်လှတဲ့ ဇနီးတစ်ယောက်ကို အနားမှာထားပြီး ကိုယ်စောင့်စည်းခဲ့တာလည်း သိက္ခာပါဝါတွေ ပြနေတာ မဟုတ်ဘူး..၊ မင်းက သားအတွက် စွန့်စားလိုက်ရသလို ငါက ပြန်ပြီးစောင့်ထိန်းဖို့တာဝန်ကို ယူခဲ့တာ၊ အဲဒါတွေကို မင်း လွယ်လွယ်လေးလို့ ထင်နေသလား ဒီည..၊ ငါလည်း ယောကျ်ားထဲက ယောကျ်ားပဲ"

"အို .. ဟင့်အင်း"

ပခုံးကနေ သွယ်နွဲ့သည့် ခါးလုလုမှာ ဦးစီး ရဲ့ လက်တစ်ဖက်ဖေးတင်သွားလျှင် စီးကရက်နှင့် ရေမွှေးနံ့ရောနေသော ရင်ခွင်ကျယ်မှာ သူမ မွန်းကျပ်သွားခဲ့၏။

ရည်းစားဦးဆိုသည့် ချစ်သူကိုတောင် ခွင့်မပြုခဲ့သော ပထမဆုံးစိမ်းသက်သည့်အနမ်းတို့က အရိုင်းဆန်စွာ လွှမ်းခြုံသွားသည်။

ပတ်လည်ဝန်းရံနေကြသည့် ပန်းတို့က ခေါင်းတညိတ်ညိတ်နှင့်–

'ဒါ .. ဟုတ်တယ် .. ဟုတ်တယ်'လို့ ကျေနပ်စွာ အားပေးနေကြသည်လား ..၊

ဒီည ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်တာ တစ်ခုက ရင်ခုန်သံတွေထဲမှာ မနှစ်မြို့ခြင်း အလျှဥ်းမှမပါ ..။





## အခန်း [ ၃၀ ]

တစ်လပြီးတစ်လ ကုန်ဆုံးသွားသမျှ အိမ်ထဲမှာ သောကမီးပွားတွေက တစ်စပြီးတစ်စ လွင့်ကျနေခဲ့၏။ မီးလိုပူပြင်းသည့် ပြဿနာအိုင်အခဲက ကျနေသည့်နေရာမှာ လောင်သည်။

လောင်မြိုက်မှုတိုင်းဟာ ဘယ်နေရာမှာမှ မကောင်းပါ..၊

တစ်လထက်တစ်လ ဖွံ့ဖြိုးသန်မာလာသမျှ ဖိုးသားလေး တောက်တောက်ပြေးဆော့တာကို ဆွဲမနိုင် ထိန်းမနိုင် ..။

"မြေးရေ ဝရန်တာဘက်ကို မသွားနဲ့၊ လာ .. ဒီမှာ လာဆော့မြေးရဲ့"

ဒေါ်ဖြူဖြူ ခင်ပွန်းဖြစ်သူနှင့် တရားမမှုအကြောင်း ဆွေးနွေးနေသော်လည်း သံယောဇဉ်မီးကြောင့် လည်ပင်းလိမ်ကြည့်လိုက် လှမ်းခေါ်လိုက်နှင့် ဒီမီးကိုတော့ ပူမှန်းသိလျက်နှင့် မငြိမ်းသတ်နိုင်..။

"သမီး ရှိတယ် မေမေ .. အေးဆေးနေပါ"

"အေး .. အေး .. မြေး လိမ့်ကျမှာစိုးလို့"

ဇနီးသည်ကိုကြည့်၍ ဦးကျော်မျိုး က ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာပဲ သွားနေတယ်၊ 'ရှင် နေနိုင်လွန်းတယ်' စသဖြင့် ပြောတတ်ခဲ့သည့် ဇနီးသည်က ခုတော့ သူနဲ့အတူ ရိပ်သာလိုက်ပြီး ဝိပဿနာတရားအားထုတ်ဖို့အတွက် သတိရလာပြီဖြစ်သည်။

'သစ္စာလေးပါး' တရားဆိုတာ သေချာနာကြည့်ချင်တယ်။ ကျွန်မ နားမလည်လို့ ဆိုတာတွေ ပြောလာခဲ့၏။ မြေးလေးအတွက် အစိုးရိမ်ဝင်ရင်း ဘုရားတရားတော်ရဲ့ အေးချမ်းမှု အစစ်အမှန်ကို ရှာဖွေတွေ့သွားပြီလို့ ဆိုရမည်လား..။

ဘာပဲဖြစ်ဖြစ် ဦးကျော်မျိုး ကျေနပ်လို့မဆုံးပေ ..၊

ဒီညှ ကလည်း မိဘနှစ်ပါး ဆုံကြတုန်း အိမ်မှာဖြစ်ပျက်နေတာတွေကို ပြောပြချင်နေတာ ဖြစ်သည်။

ဒါပေမယ့် စားသောက်ရေးအတွက် ကိုယ်တိုင် စီမံရ၊ ကလေးကိုကြည့်ရနှင့် နားရတယ်လို့ မရှိပေ။

"သားလေး ဘယ်ကိုလဲ ..၊ လှေကားပေါ်က ခြေချော်ကျလိမ့်မယ်ကွာ"

ဖိုးသားလေးက မရပ်ဘဲ ဒီညှ လိုက်လေ မြန်မြန်လျှောက်လေနှင့် နောက်ကျတော့ ပြေးတဲ့အထိ ဖြစ်သွား၏။ ကိုင်ထားသည့် ကစားစရာတွေတောင် ဟိုပြုတ်ကျ ဒီပြုတ်ကျ ဖြစ်ကုန်ရာ ...

"ကဲ .. မလိုက်တော့ဘူး .. အဲဒီမှာ ရပ်နေနော် ..၊ လှေကားဘက်ကို မသွားရဘူး"

"တီညှ လိုက်လေ"

"မလိုက်ဘူး .. မလိုက်ဘူး၊ ရှင်လေးက လိုက်လေ ပြေးလေနဲ့တော်ကြာ ဝရန်တာကနေ ပြုတ်ကျမှဖြစ်ဖို့ .. အဲဒီမှာနေ တီညှ ကစားစရာတွေ ထပ်ယူလာပေးမယ်၊ ပြီးရင် အလုပ် အေးဆေးလုပ်ပါရစေနော်၊ ငြိမ်ငြိမ်နေပါ"





လက်ညှိုးထောင်ပြီး သတိတွေ အထပ်ထပ်ပေးကာ ဒီညှ အထဲပြန်လှည့်ခဲ့သည်။ ဝရန်တာက ညွှေ့ခန်းနှစ်ခန်းလုံးကို စီးမိုးမြင်နိုင်အောင် ပစောက်ကွေ့ ဆင်ထားတာဖြစ်လျက် တချို့ ကုလားအိမ်တွေလို လှေကားကျယ်ကြီးကို အလယ်တည့်တည့်မှာ ထည့်ထား၏။

ပြီးတော့ မွေးပွကော်ဇောတွေ ခင်းထားသေးသည်။ အကယ်၍ သားလေး ခြေချော်ကျလျှင်တောင် အပြန့်ကျယ်သည့် လှေကားထစ်တွေမှာ အသက်အန္တရာယ် စိုးရိမ်ဖို့အထိတော့ ဖြစ်ဖို့မလိုပါ။

အလယ်ကနေ အထက်အောက် အမြင့်ကြီးကို ပြုတ်ကျဖို့ဆိုတာလည်း ဝရန်တာတန်း၏ အမြင့်နှင့် ကျွန်းသားပွတ်လုံးတိုင်ကြီးတွေကြားမှာ ကလေးတစ်ယောက် ဘယ်လိုမှ ကျစရာ ကြားပေါက်မရှိ။

ဒီညှ စိတ်ချလက်ချလှည့်ထွက်သွားသည်နှင့် ဦးစီး ရဲ့ကား ပေါ်တီကိုအောက်ကို ထိုးဝင်လာတာ ရှေ့ဆင့်နောက်ဆင့်လေးပဲ ဖြစ်သည်။

ဦးစီး က ဖိုးသားအတွက် ဝယ်လာသည့် ဂိမ်းစက်အသစ်ကို တစ်ဖက်ကကိုင်ကာ တစ်ဖက်မှာ မီးခြစ်နဲ့ စီးကရက်ကိုကိုင်ရင်း အိမ်ထဲဝင်လာ၏။

ညွှေ့ခန်းအလယ်လောက်ကို ရောက်တာနှင့် ဝရန်တာ ပွတ်လုံးတိုင်ကြီးတွေကြားထဲကနေ အပေါ်မှာ သားလေးဆော့နေတာကို သူမြင်သည်။

"သားရေ .."

သူ့အသံကြားတာနှင့် ဖိုးသားလေး ချာခနဲလှည့်လာကာ အပေါ်ကနေ ပြန်ငုံ့ကြည့်၏။

"ဒီမှာ တို့သားအဖ ဂိမ်းဆော့မယ်"

လက်တစ်ဖက်ထဲက ဂိမ်းစက်ကို မြှောက်ပြလိုက်တော့ ဖိုးသားလေး စိတ်ဝင်တစား ထရပ်ကာ တိုင်လုံးတွေကြားထဲကနေ ခြေပြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသဖြင့် သူ ပြုံးလိုက်မိ၏။

"ဖေဖေ တက်လာမယ် သား ..၊ အဲဒီမှာပဲ နေနော်"

"ဖေ့ .."

"ဟင် .. ဘာလဲ သား"

လှေကားဆီကို ဦးတည်ပြီးသည့် ခြေထောက်တွေ ရပ်တန့်ကုန်ကာ သားကို ပြန်မော့ကြည့်၍ မေးဆတ်လိုက်သည်။

"သားလေး ကြည့်မယ်"

"ကြည့်ရမှာပေါ့ ..၊ ဖေဖေ လာမယ်လေ"

"ဟင့်အင်း .. ခုပြ .."

သားလေးက စကားတော့ မပီတတ်သေးပါ။ ဒါပေမယ့် ထူးခြားသည့်ကလေးမို့ ဘာပြောပြော နားလည်လွယ်ကာ ချက်ချင်း ခွန်းတုံ့ပြောတတ်သည့် အကျင့်လေးလည်း ရှိသည်။

သူ သဘောကျစွာ ရယ်လိုက်မိရင်း ခေါင်းညိတ်ကာ ...

"ဟုတ်ပြီ .. ဟုတ်ပြီ ကြည့်နေနော် .. ပြမယ်"

သူကိုင်ထားသည့် ဘူးကိုဖွင့်ဖို့ မျက်နှာငုံ့လိုက်တာ သိပ်မကြာလိုက်ပေ။ နားထဲမှာ ထူးခြားသည့် အသံတစ်ချက် သိမ့်ခနဲ တိုးဆောင့်သွားလျက် အန္တရာယ်ကို အလိုလိုခံစားတတ်သည့်အာရုံထဲမှာ လှုပ်ရှားမှု တစ်ခုခုဆိုတာ သိလိုက်၏။

သူ့မျက်နှာ ပြန်မော့ဖို့ အချိန်မရလိုက်ပေ ..၊

အနီးကပ် ခံစားမိလိုက်သည့် အန္တရာယ်ကို လူက ရှောင်ပြီးသား ဖြစ်သွားကာ လက်တစ်ဖက် ရိပ်ခနဲ ဝိုက်တက်သွားပြီး ...

"ဖောင်း"

ဖိုက်ဘာပန်းအိုးသည် အရှိန်နှင့်ကျလာပြီးမှ ပြန်၍ မြောက်တက်သွား၏။





ကျောက်စရစ်ခဲလေးတွေ အနည်းငယ် စင်ထွက်သွားကာ ဖောက်ထိုးပြန်ကျလာကာမှ ပန်းခိုင်များနှင့် ကျောက်စရစ်ခဲတွေ အလုံးလိုက် သွန်ကျလာကြ၏။

ထိုအချိန်မှာ သူက လွတ်ကင်းသည့်နေရာကို ရောက်နေပြီဖြစ်ကာ မီးစနဲ့ထိုးလိုက်သလို ပူပြင်းနာကျင်သွားသည့် လက်တစ်ဖက်ကို ငုံ့ကြည့်လိုက်မိ၏။

ပြီးတော့ ကျောက်ခဲ၊ ပန်းခိုင်တို့နှင့် မသက်ဆိုင်ဘဲ ထွေးခနဲ လွင့်တက်သွားသည့်အရာဆီ သတိတရကြည့်လိုက်မိလျှင် ...

မြွေဟောက် ခပ်သေးသေး တစ်ကောင် ..၊

နံရံနဲ့ ပစ်ရိုက်မိသည့်အရှိန်ကြောင့် မပြေးနိုင်တော့ဘဲ လှုပ်လီလှုပ်လဲ့ လွန့်လူးနေ၏။ ဒါတောင် မြွေဟောက်ပီသသည့်ခေါင်းကို လျှာတစ်လစ်နှင့် ထူမတ်ဖို့ ကြိုးစားနေသေးသည်။

"ဟား .. ဟား .. ခစ် .. ခစ် .. ခစ် .."

ပွတ်လုံးတိုင်နှစ်တိုင်ကြားမှာ ခေါင်းတိုးထွက်တော့မတတ် နဖူးလေးနဲ့ ထိကပ်ငုံ့ကြည့်ကာ ဖိုးသားလေးက ခိုးခိုးခစ်ခစ် ရယ်နေ၏။

"သား .. သားလေး .. ဘာလုပ်လိုက် .. ဟင်!..."

မေးရင်း ပြေးထွက်လာသည့် ဒီည အသံလေး ဝရန်တာနား ရောက်တာနှင့် တစ်ပိုင်းတစနဲ့ ရပ်သွား၏။

ပန်းအိုးပြုတ်ကျထားသည့် ပြန့်ကျဲရှုပ်ထွေးနေသော ဧည့်ခန်းမြင်ကွင်းထဲမှာ ကတ္တူဘူး ဖွင့်လျက်သားနှင့် ဂိမ်းစက်တစ်ပိုင်းထွက်နေတာလည်း ပါသည်။

လက်ကောက်ဝတ်တစ်ဖက်ကို တစ်ဖက်နဲ့ဆုပ်ကိုင်ကာ မောင်းပြန်ဓားသေးသေးလေးတစ်ချောင်းကို ထုတ်ယူလိုက်တာလည်း မြင်၏။

ဘာတွေဖြစ်ကုန်မှန်း မသိသော်လည်း ဒီည စိုးရိမ်စိတ်နဲ့ လှမ်းအား



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြေးဆင်းသွားမိသည်။ နှားထဲမှာ မပြီးနိုင်အောင် ရယ်နေသည့် သားလေးရဲ့ရယ်သံကြောင့် ပို၍ ကတုန်ကယင်ဖြစ်နေရကာ…

"ကိုဦး .. ရှင် ဘာဖြစ် .. အမလေး!…"

မြွေကိုမြင်လိုက်တာနှင့် အရင် လန့်အော်မိကာ ကိုယ့်ပါးစပ်ကို ကမန်းကတန်း ပြန်ပိတ်ရ၏။ ဒါပေမယ့် လူကြီးတွေ သိကုန်ကြလျက် ဘာမှလည်း မပြောနိုင်ဘဲ ဟိုကြည့်ဒီကြည့်နှင့်သာ …

"ဘာလုပ်မလို့လဲ လာပါ …၊ ကြိုးနဲ့ချည်ထားပြီးပြီဥစ္စာ .. ဆေးရုံသွားမယ်"

"ရတယ် .. မလိုဘူး"

ဦးစီး က ဓားကိုမီးရှို့ကာ မြွေစွယ်ရာရှိနေသည့်အပေါ်ကနေ ဖိခွဲပစ်လိုက်၏။ လက်မနဲ့ လက်ညှိုးကြား ဘယ်လက်ခုံမှာ သွေးတွေချင်းချင်းနီသွားသည်။

အံကြိတ်ထားသည့် မေးရိုးနှစ်ဖက်မှာ တင်းကားနေလျက် မျက်ခုံးတွေ ပို၍တွန့်ကုတ်နေ၏။ လူကတော့ တစ်ချက်မှ တွန့်မသွားခဲ့…၊

သွေးတွေကို အချိန်ကြာအောင် ဖိညှစ်နေပြီးမှ တင်းနေအောင် ချည်ထားသည့်ကြိုးကို ဖြေချလိုက်သည်။

ဘေးကနေ ကြည့်နေပြီး ဒီညဲ ဘာမှလုပ်မပေးနိုင်။ လုပ်လည်း မလုပ်တတ်တော့ သူ ပစ်ချသမျှ သွေးစနှင့် အမှိုက်တွေကိုပဲ ပုံးနဲ့ လိုက်ခံပြီး သိမ်းဆည်းနေရသည်။

"အဆိပ်တွေ စိတ်ချရပြီဆိုရင် ဓားနဲ့ဘာနဲ့ ကိုင်ထားတာ ကာကွယ်ဆေး သွားထိုးရအောင်လေ …၊ ဒါမှမဟုတ် ဆရာဝန် ပင့်လိုက်ရမလား"

"ကိုယ် ဘာမှမဖြစ်ဘူး ဒီည ပူမနေနဲ့ …၊ ဒါမျိုးတွေကြောင့် သေရမယ်ဆို ကိုယ် ဒီနေ့ မင်းယောကျ်ားဖြစ်လာမှာ မဟုတ်ဘူး"





ပြုံးနေတာ မဟုတ်ပေမယ့် သူ့မျက်ဝန်းတွေက နူးညံ့လို့ပါ..။

ဒီလောက်ဖြစ်နေတာကို သူပဲ ပြုံးတော့မလို ရယ်မလို နေနိုင်သေးသည်။

ပြီးတော့ သူ့ဗီရိုထဲက အိတ်တစ်လုံးကို ဆွဲချကာ ပုလင်းလေးတစ်လုံးကို ထုတ်ယူပြီး ဒဏ်ရာပေါ်ကို အဖြူမှုန့်တွေ ဖြူးချ၏။

"ကိုယ့်ကို ပတ်တီးတော့ စည်းပေး"

"အင်း .."

ဒီည ပတ်တီးစည်းနေရင်း သူ့မျက်နှာကို နှစ်ခါလောက် မော့ကြည့်မိလျှင် …

"ဘာမေးချင်လို့လဲ .."

"မေးချင်တယ် …၊ ဒါပေမယ့် ရှင့်မှာ ဒဏ်ရာရနေတော့ ရှင့်ရဲ့ စကားလုံးတွေကြောင့် ဒေါသမဖြစ်ချင်လို့"

"ဟွန့် .."

ငါ သိပါတယ်ဆိုသည့် အပြုံးနှင့် သူ့ဟာသူ မျက်လွှာချနေတာကို ဒီည ငေးကြည့်မိ၏။

မျက်ခုံးထူထူနှင့် တိုစိပ်သော မျက်တောင်နက်တို့သည် မကျဉ်းမကျယ် မျက်ခွံပြေပြေမှာ ကြည့်ကောင်းနေ၏။

နေဦးစီး ဆိုသူဟာ ချောတာခန့်တာနှင့် မသက်ဆိုင်သော ထည်ဝါမှုတစ်မျိုး သူ့မှာရှိနေတာ သေချာသည်။

ဥပမာ .. သူ့ကို တစ်စုံတရာ စွပ်စွဲပြောလိုက်တိုင်း ဝုန်းခနဲ ပေါက်ကွဲသွားလောက်စရာ ဖြစ်ပါစေ ဘယ်တော့မှ ဝုန်းဒိုင်းကြဲသွားတယ်ဆိုတာ မရှိ ..။

ဘာစကားနဲ့မှ ချေပငြင်းဆိုခြင်း မရှိဘဲ သူ့မျက်လုံးတွေရဲ့ ကျဉ်းမြောင်းသွားတာကို ရင်ဆိုင်ကြည့်လိုက်မိတာနှင့် 'ငါ ရှင်ခွဲမိတာ



www.burmeseclassic.com

www.burmeseclassic.com



လား'လို့ ကိုယ့်ကိုယ်ကိုယ် ချက်ချင်း သံသယ ဖြစ်ရတဲ့အထိ..။

ပြီးတော့ မျက်လုံးချင်းဆုံပြီး ဆွဲညှို့တာမျိုးမဟုတ်ဘဲ သူပြုံးတာ မထိတထိ မဲ့လိုက်တာကို အမှတ်တမဲ့ မြင်မိတာလေးနဲ့ ရင်ထဲမှာ ကတိမ်းကပါး ဖြစ်သွားတတ်သည်။

သူကိုယ်တိုင်ကတော့ သူမှလွဲ၍ 'တစ်လောကလုံးက ဒုတိယ' ဆိုတဲ့လူမျိုး ..။

"အဲဒီလိုပြောထားရင် မင်း ဒေါသဖြစ်လောက်စရာ ကိုယ် မပြောဘဲ နေမှာပေါ့၊ မေးလေ .."

သူ ပြန်ပြောလိုက်မှ ဒီညှ သူ့ကို ငေးနေမိသည့် မျက်လုံးတွေကို ဖျတ်ခနဲ ရွှေ့ပစ်လိုက်ပြီး ...

"မြွေက ပန်းအိုးနဲ့ကျလာတာလား"

မေးလိုက်တာနှင့် ဦးစီး မျက်နှာ ချက်ချင်းတည်သွား၏။ ဒါပေမယ့် တွန့်သွားသည့်မျက်ခုံးတွေကို ပြေပြစ်စေလိုက်ပြီး ...

"ဟုတ်တယ် .. ကိုယ် ဂိမ်းစက်ဝယ်လာတာကို ပြလိုက်တော့ သား ဝမ်းသာပြီး တစ်ခုခုနဲ့ ထိမိသွားတာ ဖြစ်မယ်၊.. ပန်းအိုးကျလာတာ"

"ပန်းအိုးက အနားစပ်နှစ်ဖက်မှာပဲ တစ်လုံးစီချထားတာ .. သားနဲ့ အဝေးကြီးပါ ..၊ ပြီးတော့ ဒီအိုးထဲကို မြွေဝင်နေတာ အရမ်းအံ့ဩဖို့ကောင်းတာပဲ"

ကျလာတာက သား ရပ်နေသည့်တည့်တည့်က ဖြစ်သည်။ ပန်းအိုးကို သွား'မ'လာပြီး ပစ်ချရအောင်လည်း ကလေးလက်လေးနဲ့ ပန်းအိုးကို မှီတယ်ထား .. လက်ဖျားနဲ့ထိမိရုံပဲ ရှိလိမ့်မည်။ ကိုင်တွယ် 'မ'ရွှေ့ဖို့က မဖြစ်နိုင်..။

ဒီပန်းအိုးကို အလယ်စင်တာထိ တစ်ယောက်ယောက် ရွှေ့ထားလို့





များ ကလေး ခုန်ပေါက်ရိုက်ပုတ်မိပြီး ပြုတ်ကျတာလား..၊

ထပ်ပြောပြန်ရင်လည်း ဦးစီး နဲ့ သူမ အဆင်မပြေတာတွေပဲ ဖြစ်ဖို့ ရှိ၏။

"ဒီလို အမှတ်တမဲ့ မတော်တဆတွေ ဖြစ်လာတိုင်း သံသယတွေ လျှောက်ဖြစ်မနေပါနဲ့ကွာ .. ဘယ်လို မတော်တဆမှုဖြစ်ဖြစ် ကိုယ့်အတွက် ဘာမှဖြစ်ဖို့မရှိဘူး၊ မင်းရဲ့ဆရာမ သတ်မှတ်ထားတဲ့ ကာလတစ်ခု လွန်မြောက်သွားတဲ့အထိ စိတ်အေးလက်အေး မင်း ရှိနေစမ်းပါ၊ အဓိက က သားလေး ဘာမှမဖြစ်ဖို့ဘဲ၊ ပိုးကိုက်လို့ ပိုးကိုသတ်တာ အပင်ပါသေသွားရင်လည်း တို့အားလုံး တစ်သက်လုံး ကြေကွဲကြရမှာ"

ခေါင်းမညိတ် ခေါင်းမခါ မော့ကြည့်သည့် ဒီညှ ရဲ့ နဖူးလေးကို တတ်တီးစည်းထားသည့်လက်ခုံနဲ့ ခေါင်းခေါက်သလို လှမ်းထိလိုက်ပြီး ဦးစီး က ပြုံးသည်။

"သားလည်း နှစ်နှစ်ပြည့်တော့မယ် ..၊ အမေ့ရဲ့အမိန့်ခွန်လည်း ပြီးတော့မယ်ဆိုတော့ ကိုယ် ခရီးသွားဖို့ရှိတာကို စီစဉ်ချင်တယ်"

"ဘာ!..."

"မင်းကို ပြောပြမလို့ပါ ..၊ ကိုယ် မပြောခင် မင်းဆရာမနဲ့ သားရဲ့ သတ်မှတ်ချက်တွေ ရှိလာလို့ ဒါတွေပြီးမှပဲ ပြောတော့မယ်ဆိုပြီး ထားလိုက်တာ"

"ရှင်က ဘယ်ကို ဘာသွားလုပ်မှာလဲ .."

"နယ်စပ်မှာ ကိုယ် အပြီးမသတ်ခဲ့တဲ့ အလုပ်ကိစ္စတချို့ ရှိသေးတယ်၊ ဒါတွေက ထားလိုက်လို့ ရနေသေးပေမယ့် ပြီးသွားတာ မဟုတ်ဘူးကွ .. သူသာသေမယ် အမှုအခင်းဆိုတာ အဖြေမှန်မပေါ်သေးခဲ့ပြီးဆုံးသွားတယ်ဆိုတာ မရှိဘူး၊ နောက်ပြီး အဲဒီကနေ စီးပွားရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေ်းတစ်ခုအတွက် နိုင်ငံခြားခရီးစဉ်ကို ဆက်မယ် ..၊ ဘယ်လောက်ကြာမှာယ်ဆိုတာ ကိုယ် ဟိုရောက်မှ အကြောင်းပြန်နိုင်မှာ..၊ ဘာလုပ်ငန်းဆိုတာလည်း သေချာအခြေချနိုင်ပြီဆိုမှ မင်းကို အသိပေးချင်တာ၊ ကိုယ့်ဘက်က တိုင်ပင်ချင်လို့ ဒီလောက်နဲ့ပဲ မင်း ကျေနပ်ပေးဖို့လည်း ပြောချင်တယ်၊ လျှို့ဝှက်တာ အကျင့်ပါနေတဲ့ ကိုယ့်ကို ထင်ဆင့် နားလည်ပေးပါ''

''လုပ်ပါ .. ကျွန်မက ရှင့်လို ကွင်းစကွင်းပိတ်တွေနဲ့ အစက်အပေါက် အပြောက်အကျားမရှိတဲ့ ဒိုင်ယာလော့ခ်တွေ မကျွမ်းဘူး''

''လုပ်ပြီ .. မင်း ...''

''စိတ်ဆိုးစရာဆိုလည်း ဆိုးလို့မရတော့အောင် ပြန်ပြောစရာတွေရှိနေလည်း မျိုသိပ်လိုက်ရတာမျိုးပေါ့ ..၊ ရှင့်လောက် ကျွန်မ မတော်ဘူး''

''တော်ပါတယ် .. မင်းကိုယ်မင်း မတော်ဘူးလို့ ထင်ပေမယ့် မင်းနဲ့ကျမှ ကိုယ့်စိတ်တွေ အများကြီး ပြောင်းလဲသွားခဲ့တာ မင်းကိုယ်တိုင် မသိလိုက်တဲ့ အရည်အချင်းတွေပဲ''

ပတ်တီးလိပ်နဲ့ ကတ်ကြေးတွေ အတိုအထွာတွေ ဒီည သိမ်းလိုက်တုန်း ဦးစီး က သူ့အိတ်ထဲက ထုတ်ယူလိုက်သည့် ဆေးပုလင်းတွေကို သူဟာသူ ပြန်သိမ်း၍ ...

''ကိုယ်တို့ နောင်တစ်ချိန်မှာ အိုးမကွာအိမ်မကွာ အတူနေနိုင်ဖို့ သဘောသားတွေနဲ့ ရဲထွက်တချို့ အလုပ်ကနားလိုက်တာနဲ့ ယောင်ချာ မလုပ်တတ်မကိုင်တတ် ဖြစ်ကုန်တာပဲဆိုတဲ့စကား ရှိတယ်၊ ကိုယ် အဲဒီလို မဖြစ်ချင်ဘူး .. မိဘအမွေအနှစ်ဆိုတာလည်း ဖိမ်နဲ့ထိုင်စားဖို့ မဟုတ်ဘူးလေ ..၊ မင်း စိတ်ဝင်စားမယ်ဆိုရင် ကိုယ့်အလုပ်ကို ပြောမှာပါ၊ ခုတော့ မဟုတ်သေးဘူး သွားခါနီးမှ ..''





စိတ်တော့ သက်သာသွားပေမယ့် သွားခါနီးမှဆိုတာကို နိုးလိုးနဲ့လု ဖြစ်ရသေးသည်။ သူက တိုင်ပင်တာမှ မဟုတ်တာ .. အသိပေးတာပဲဖြစ်လျက် မလုပ်စေချင်လည်း၊ လုပ်မည်၊ မသွားပါနဲ့ တားလည်း ရပ်နေမှာ မဟုတ်..။

သူမအတွက် အိမ်ထောင်ရေးဆိုတာ တာနဲ့တူလဲမေးလျှင် တာနဲ့တူပါတယ်လို့တောင် ဖြေစရာမရှိသည့် အဖြစ် ..။

မကြည်မဖြူ ပြုံးပြုံးတစ်ဝက်နှင့် လက်ထပ်ခဲ့ရပြီး ဆက်လက်ပြုံးပြုံးနေပါလား ..၊ သူမမှာ ဒီလိုလည်း မဟုတ်..။

သူ့ကို တကယ်ချစ်ခင်နေမိပြီလားလို့လည်း၊ ကိုယ့်ကိုယ်ကိုယ် မေးမိပါသည်။ ချစ်ခင်သကို ဆန်းစစ်ကြည့်တော့ မသေချာခဲ့..။

မကျေနပ်ခြင်း ကျေနပ်ခြင်းများနှင့် လှုပ်ခတ်ခြင်း မလှုပ်ခတ်ခြင်းတွေ ရောထွေးကာ သူမ တာတွေဖြစ်နေပြီလဲ..။

တစ်ခါတလေ ရှက်မိသည်က သူ့မှာ ကိုယ့်လိုမဖြစ်တာ သေချာနေသည်မို့ ..၊

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၁ )

အိပ်နေရင်း မွေ့ရာက သိမ့်ခနဲဖြစ်သွားဖြင့် ဒီည မျက်လုံးတွေ ပွင့်သွား၏။

"ဆောရီးကွာ"

မွေ့ရာခြေရင်းမှာ ဦးစိုး က တင်ပါးလွှဲထိုင်လျက် သူ့ဘက်က စောင်ကို အသာလေးကောက်ယူလိုက်တာ ဖြစ်သည်။ ကလေးသိမ်ရင်း အိပ်ပျော်သွားတာမို့ ဒီည နာရီဆီ မော့ကြည့်မိတော့ ည ကိုးနာရီ တောင် မထိုးသေး..။

လူကြီးတွေတောင် အိပ်ကြဦးမည် မထင်ပါ။ ဦးစိုး လည်း ဒီ အချိန် မအိပ်တတ်ဘဲ အိပ်လျှင်လည်း ခေါင်းအုံးတစ်လုံးနဲ့သာ ထွက် သွားတတ်သူက စောင်ကိုလာယူတော့ ထူးဆန်းနေ၏။

"စောင်ကို ဒီည ခြေထောက်နဲ့ ဖိထားမိတယ် ထင်တယ်..၊ ထား လိုက်လေ ဗီရိုထဲက ထုတ်ပေးမယ်"

"နေပါစေ .. နည်းနည်းအေးလာသလားလို့၊ ခြုံပြီးမှ အိုက်လာရင် လည်း ခွာပစ်မှာပဲ"

သူ့အသံ အက်ရှရှဖြစ်နေသဖြင့် ဒီည သံသယဝင်သွားကာ အိပ်ရာထဲက ထလိုက်သည်။





သားကို စောင်လေးခြုံပေးခဲ့ပြီး သူ့နားသွားမိလျက် ...

"ရှင် ဖျားများနေလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင်လည်း ဒီအချိန်ကြီး အပြင်ထွက်မအိပ်နဲ့ဦးလေ..၊ အိမ် မှာ မေမေတို့ လူစုံတက်စုံ ရှိနေကြတာ မတွေးမိဘူးလား"

"ကိုယ် ဝရန်တာမှာ သွားလှဲနေမှာပါ ..၊ ခါတိုင်းလည်း ထိုင်နေ ကျပဲ .. ခေါင်းတွေ နည်းနည်းအုံနေလို့"

"ဒါဆိုလည်း .. ဟင်!..."

ဒီည စောင်ကို လှမ်းဆွဲလိုက်တာပေမယ့် သူ့လက်နဲ့ ထိမိသွား တော့ လွှန်ကဲနေသော ပူနွေးခြင်းကို ခံစားမိလိုက်၏။

"ကိုဦး ရှင် အနာရှိန်တက်ပြီ ထင်တယ်"

"နည်းနည်းပါးပါးပါ .. ဆေးသောက်လိုက်မယ်"

"သားတို့ ခေါင်းအုံးကြီးတွေ စောင်တွေနဲ့ ဘာဖြစ်နေကြတာလဲ"

"မေမေ .."

သိသာသိစေ မမြင်စေနဲ့တဲ့ ..၊ အခန်းဝကို မျက်နှာမူထားသည့် ဦးစိုး ရော နောက်ကနေ စောင်ကိုဆွဲထားဆဲ ဒီည ပါ ရုတ်တရက် ခွဲအသွားကြ၏။ သို့သော် မိန်းမပီပီ ဖျတ်ခနဲ စိတ်ကူးပေါ်လာကာ...

"ဟိုလေ .. သူက အနာရှိန်တက်ပြီး ကိုယ်ပူနေလို့"

"ဟင်!... ဖျားနေတာလား"

"ဒီလောက်ကြီး မဟုတ်ပါဘူး၊ ကျွန်တော် .."

ဦးစိုး ကို စကားဆက်မခံဘဲ ဒီည က ဝင်၍ ...

"အဲဒါ ကလေးကို အပူကူးမှာစိုးလို့တဲ့၊ ဟို .. သူ အပြင်ထွက်အိပ် ယ် လုပ်နေတာ"

"မဟုတ်တာပဲကွယ် ..၊ ကလေးက အိပ်နေရင် လင်းတက်နေ..."



www.burmeseclassic.com

www.burmeseclassic.com



ဘာ အထိန်းရခက်တာမှတ်လို့ မြေးကို မေမေနဲ့ ခေါ်သိမ်လိုက်မယ်၊ သမီးက လိုအပ်တာ ပြုစုပေးရမှာပေါ့၊ နေပါဦး .. ကလေးသိပ်ခဲ့ပြီး မေမေ လာပြန်ကြည့်ပါဦးမယ် .. ညဉ့်နက်မှဆိုရင် ခက်တယ် .. ဆရာဝန် ပင့်သင့်ရင် ပင့်ရအောင်"

ခေါ်ပြုံးပြုံး ကလေးကို အသာလေးမွေ့သွားရင်၊ ဗျစ်တောက်ဗျစ်တောက် ပြောနေ၏။ ထိန်လင်းနေသော မီးရောင်အောက်မှာ ဦးစိုး မျက်နှာ အနီရောင်သမ်းနေကာ စောင်နဲ့ခေါင်းအုံးကို ဖိုက်ထားပုံက ချမ်းချမ်းနဲ့ ဖိသိပ်ဖက်ထားတာမျိုး ...။

နှစ်ယောက် ဒိတိုင်းရပ်မိနေကြရင်း ခေါက်လျက်သားရှိသည့် ဒရင်းမ်ဘက်ဝ်ဆီ ပြိုင်တူ မျက်လုံးရောက်သွားကြ၏။ ဦးစိုး က ဒီညှ မျက်နှာလေးကို ပြန်ကြည့်ကာ ...

"အမေ နောက်တစ်ခေါက် ပြန်လာဦးမလား မသိဘူး ...၊ ကိုယ် မွေ့ရာပေါ်မှာပဲ ဓာလောက် လှဲနေမှ ထင်တယ်...၊ မင်း စွင့်ပြုမလား"

"ရှင် အိပ်လိုက်ပါ .. ချမ်းနေရင် ခွေးတာပေါ့ ...၊ ဆေးသောက်ဖို့ ဒီညှ နိုးနဲ့ဆေး သွားယူလိုက်မယ်"

"ကျေးဇူးပဲ"

သူ မွေ့ရာပေါ်မှာ ရပ်တတ်ပေါ်ထိ စောင်တင်ထားပေမယ့် ကုပ်ကွေးနေတာ မဟုတ်ဘဲ ပက်လက်ပုံစံနှင့် လက်ဖဝါးနှစ်ဖက်ကို ခေါင်းအောက်သွင်းထားပြီး မျက်လုံးတွေ မှိတ်ထား၏။

"အိပ်နေတာလား .. ဆေးသောက်မယ်လေ"

ဒီညှ ရပ်နေတာကို မျက်လုံးတွေ ဖွင့်ကြည့်ပြီး ထထိုင်လိုက်သည်။ ပန်းနုရောင် လည်ကပ်အင်္ကျီလက်ပြတ်လေးနှင့် ဆံပင်တွေ ပျော့ပြန့် စင်းနေသည့် ဒီညှ မျက်နှာလေးကို တစ်ချက်ပဲ စိုက်ကြည့်ပြီး ဆေးယူသောက်၏။





ဖန်ခွက်ထဲကရေတွေ လည်ချောင်းထဲ တိုးဝင်နေစဉ် မျက်တောင်ဖျားတွေမှေးစင်းလျက် အကြည့်တွေက သူမထံပဲ ပြန်ရောက်လေသည်။

ပန်းနုရောင် နှင်းဆီခင်းလေးတွေလို ပါးပြင်မို့မို့မြေမြေ သတ္တဝ နှုတ်ခမ်းသားရောင်အတိုင်း နုထွေးနေသည့် နှုတ်ခမ်းလွှာလေးတွေ...။

အလှတရားတို့၏ဩဇာတ်ကွင်းက ညနဲ့လက်တွဲကာ သူ့စိတ်တွေကို ကယောက်ကယက်ဖြစ်အောင် ဆွဲညှို့နေကြ၏။

ဒီလောက် မြန်မြန်ဆန်ဆန် သူ လှုပ်ရှားသင့်သလား ...၊

"ကိုယ့်ကို ဟိုဘက်အံဆွဲထဲက ဆေးပုလင်းလေး ပေးပါလား"

"ဘာဆေးလဲ .."

"ယူပေးပါ"

ဒီညှ ထပ်မမေးတော့ဘဲ ထုတ်ယူလိုက်တော့ အိပ်ဆေးပုလင်းဖြစ်နေ၏။

"ဒါ အိပ်ဆေးတွေမို့လား .. မျှားနေရတဲ့အထဲ"

"ရပါတယ်"

"အို!... မသောက်ပါနဲ့"

ဒီညှ က ဆေးပုလင်းကိုပြန်ထည့်လိုက်ပြီး ပြန်လျှောက်လာကာ...

"ရှင့်မျက်နှာ တဖြည်းဖြည်း နီလာပြီ .. ဆရာဝန်ခေါ်မှ ထင်တယ်၊ အသံတွေလည်း ကွဲလာတယ်"

"ဘာမှမဖြစ်ဘူး ...၊ အိပ်ပျော်သွားရင် ပျောက်သွားမှာပါ"

ဒရင်းမ်ဘက်ဒ်ကို နောက်ထပ်ကြည့်မိပြီးမှ အိပ်ရာထဲ ပြန်လှဲတော့ ဒီညှ နားလည်သွား၏။

"ရှင် ဒီမှာပဲ အိပ်ပါ ...၊ မေမေ ပြန်သွားရင် ဒီညှ ဟိုမှာ သွားအိပ်မယ်"

"အဲဒီလို မင်းလုပ်မှာစိုးလို့ ကိုယ် ခေါင်းမချချင်တာ .. ဟိုပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကိုယ်အိပ်ပျော်သွားတယ်ဆိုရင် ပြီးပြီ"

"မပြီးဘူး .. ဒီမှာပဲ အိပ်ပုံလိုက် ..၊ ဒဏ်ရာက ကိုက်နေတယ်မို့လား"

"နည်းနည်းနာတာပဲရှိတယ် .. မကိုက်ပါဘူး ..၊ ကိုယ့်ကို ဂျာကင်အနက် ယူပေးစမ်းပါ"

ဒီညသူ့ဗီရိုကို ဖွင့်တော့ အင်္ကျီကို ချိတ်တွေနဲ့ ချိတ်ထားတာပဲများကာ အခေါက်လိုက်ထားတဲ့ အကန့်လေးက တစ်ကန့်စာပဲရှိသည်။

ဗီရိုက မြင့်သလောက် အထပ်တိုင်း အံဆွဲတိုင်းမှာ ကုဒ်ထည့်ထားသည့် သော့ပေါက်တွေက အခိုင်အမာပိတ်လျက်သား ...

"ရှင် ဖြစ်ရဲ့လား .. ဒီည ဝတ်ပေးမယ် ..၊ လက်မြှောက်ထားပေး"

သူ့ပစ္စည်းတွေကို စူးစမ်းနေတယ်ထင်မှာစိုးကာ ချက်ချင်းပြန်လှည့်လာပြီး သူ့ဘေးမှာ ထိုင်လိုက်သည်။

နောက်ထပ် 'ကျေးဇူးပဲ' လို့ပြောပြီး အဲ့သိုရောင်ရှပ်အင်္ကျီလက်တိုနှင့် သူ့လက်တစ်ဖက်ကို ဆန့်ထားပေး၏။

"ရပြီ .. ဒီဘက်လက်ဆို ကိုယ့်ဘာသာ ဝတ်လိုက်တော့မယ်"

"နောက်မှာ အင်္ကျီလိပ်နေတာတွေနဲ့ ဘယ်လိုလုပ် အဆင်ပြေမှာလဲ ..၊ ရှင်က ဘာဖြစ်လို့လဲ .. ဒီည လုပ်ပေးတာကို မကြိုက်လို့လား"

"မဟုတ်ဘူး ..၊ ငါ့စိတ်တွေကို ဆုံးမရခက်နေလို့"

ဒီည သူ့လက်တစ်ဖက်နားကို နီးအောင်ထပ်တိုး၍ နောက်က အင်္ကျီလက်ကို ရှေ့ရောက်အောင် ပြုပြင်နေစဉ် သူ့စကားကြောင့် လှုပ်ရှားနေတာလေးတွေ နေးကျသွား၏။

လူချင်းက နီးကပ်လွန်းနေရာ နောက်ပြန်တွန့်သွားမိလျှင် ဦးစီးက သူမ တစ်ကိုယ်လုံးကို အသာလေး ပွေ့ဖက်ယူလိုက်ပြီး ...

"မင်းကို အနားမှာရှိနေစေချင်တဲ့စိတ်တွေနဲ့ ငါ့ကိုယ်ငါ အကျင့်





ပျက်သွားမှာစိုးတာ"

"ကိုဦး .. ရှင် .."

လူက ယိုင်နေတုန်းမို့ သူဖက်လိုက်တာနှင့် နှစ်ယောက်ထပ်လျက်သား ဖြစ်သွားကာ သူက ပက်လက်ပြန်လှဲပြီးသားဖြစ်လျက် ဒီညက သူ့ရင်ခွင်ထဲမှာ ..။

ပြီးတော့ ဒီည ကို သူ့ဘေးမှာ အသာလေးချပေးလိုက်ကာ နှစ်ယောက်ပေါ်မှာ စောင်ဆွဲခြုံလိုက်၏။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ..၊ ဟင့်အင်း .. ကျွန်မ မကြိုက်ဘူး .. ဖယ်ပေး .."

"ကိုယ်ချမ်းနေတာကို မကူညီချင်ဘူးလား ..၊ မင်းကို ဘာမှမကျူးလွန်ပါဘူး ..၊ ခဏလေးပါ"

ထိုမျှလောက်ထိ နီးကပ်လွန်းတဲ့ အခြေအနေကို ဒီည မယုံနိုင်တော့ပေ ..။ ပြီးတော့ ကိုယ်က သူ့ရဲ့ဖနီး .. သူ မစောင့်ထိန်းရင် ဘာမှမတတ်နိုင် ..။ ဒီည တွေးရင်း ကြောက်လာလေ ရုန်းလေ ..။

ဦးစီး ကလည်း အတင်းအကျပ်ဖက်ထားပြီး ဒီည မျက်နှာလေးနဲ့ ပါးချင်းထပ်၍ ဖိကပ်တိုးတိုက်နေ၏။

"ဩော် .. အိပ်နေကြပြီလား"

မေမေ့အသံကြောင့် ဒီည ရုတ်တရက် ငြိမ်ငြိမ်လေး ဖြစ်သွားစဉ် သူ့ရင်ခွင်ထဲမှာ ကျကျနန နစ်မြုပ်ပြီးသား ဖြစ်သွား၏။

ပူပြင်းနေသော သူ့နှုတ်ဖျားနှင့် နာခေါင်းကလာသည့် လေငွေ့တို့ကြောင့် သူ တကယ်ချမ်းနေတာပဲဆိုသည့် ကရုဏာကလည်း ဝင်၏။

ထို့ပြင် ထို့ထက် တစ်ဆင့်တိုးမလာခဲ့သည့် သူ့ရဲ့အထိအတွေ့ကို သတိထားမိကာ ဒီည ရုန်းနေတာတွေ ငြိမ်သက်သွားခဲ့သည်။

သူ့ရဲ့မေးဖျားနဲ့ သူမနဖူးလေး ထိကပ်ထားလျက် မှေးမှိုသည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှာ ဗီညာ အချိန်ကြာအောင် တွေးမနေနိုင်ဘဲ ဘယ်လိုအိပ်ပျော်သွားခဲ့မှန်း မသိ...။ မျက်စေ့ ပြန်နိုးလာတော့ ညဉ့် နှစ်နာရီတိတိ ...။

ဘေးမှာ ဦးစီး ရှိမနေပါ။ ဧရင်းခ်ဘက်ဖိနပ်မှာလဲ မရှိသဖြင့် ဗီညာ ရေအိမ်ဘက်ကို သွားကြည့်ရင်း မျက်နှာသစ်ကာ ဂုတ်ပိုးစင်ကို ရေစိုသည့်လက်ဖဝါးနဲ့ တဖက်ဖက် ရိုက်လိုက်မိ၏။

မျက်နှာသုတ်ပဝါ ပါမလာသောကြောင့် မျက်နှာကို လက်ချောင်းလေးတွေနဲ့ပဲ အထပ်ထပ် ဖိသပ်ခါချရင်း သူ အပျားတက်နေလို့ ခွဲအိပ်နေတာလား ...။

ဒါမှမဟုတ် သက်သာသွားလို့ ဝရန်တာဘက်ကို ထွက်သွားတာလား ...၊ ကြည့်မနေတော့ဘဲ ကိုယ်တာသာ ဝင်အိပ်လိုက်ဖို့ စိတ်ကူးပေမယ့် မျက်လုံးကတော့ ဟိုရှာဖိရှာ ဖြစ်မနေဆဲ ...

အိပ်ခန်းထဲ ပြန်ရောက်လာမှ စီးကရက်နဲ့ မီးခြစ်ကိုင်၍ အပြင်မှ လှည့်လာသည့် ဦးစီး နဲ့ မျက်နှာချင်းဆိုင်မိသွားသည်။

"ရှင် သက်သာသွားပြီလား"

"အင်း .. ဘုရားခန်းထဲမှာ တစ်နာရီလောက် သွားထိုင်ပြီး ခေါင်းလည်ပတ်မှုကျင့်စဉ်ထဲ ဝင်လိုက်တယ်"

"အဲဒီလို ကုလို့ရရင်လည်း အစက ကုပါလား"

"ရပေမယ့် ရောဂါခံစားလာရရင် ဆေးကိုပဲ သတိရကြတာလေ။ အခုက ဓာတနာခံစားရလွန်းလို့ ထသွားရတာ မဟုတ်ဘူး"

"ဘယ်လို!.."

"ရန်သူနဲ့အတူ ကျောခင်းနေရတာ ကြောက်လာလို့"

ရှုံ့ရဲကာ တလက်လက်တောက်နေသည့် သူ့မျက်လုံးတွေကို ဗီညာ မလွှဲမဖယ် စိုက်ကြည့်နေမိသည်။ ဘာကိုပြောလိုက်တာမှန်း မသိဘဲ-

"ရှင်က ကျွန်မကို ရန်သူလို့ ပြောလိုက်တာလား ..."





"ဟုတ်တယ် ... မင်းက ငါ့အတွက် အကြီးမားဆုံး ရန်သူပဲ"

ဗီညာ မျက်လုံးတွေ အေးခဲမတတ် ဖြစ်သွားတာကို သူကကြည့်၍ ရှေ့တိုးလာကာ ...

"ကိုယ် ကျူးလွန်ခွင့်ရှိနေတဲ့ နေ့တစ်ယောက်ကို ပွေ့ဖက်ပြီး ကျောက်ရုပ်လို နေခဲ့ရတာ ငါ့အတွက် ခရဲကျနေတာပဲ ဗီညာ၊ စိတ်ရှိတိုင်း မှားကုန်ရင် မကြည်ဖြူနိုင်တဲ့ မင်းရဲ့ အထင်မြင်သေးမှုတွေပဲ ငါ ရတော့မှာ .. မချစ်မနှစ်သက်သူဆိုတာ ရန်သူပဲ ...၊ ငါ မင်းရဲ့ရန်သူ မဖြစ်ချင်ဘူး"

ဗီညာ ဘာမှမပြောနိုင်တော့ဘဲ ခေါင်းလေးငုံ့သွား၏။ ပြီးတော့ သူ့ကို ကျောခိုင်းလိုက်မိလျှင် နောက်ကနေ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ခြင်း ခံရပြီ ...

"မင်းနဲ့ကျမှ ငါ့စိတ်တွေ ဘာဖြစ်ကုန်မှန်း မသိတော့ဘူး"

ပါးပြင်နုနုထားမှာ သူ့မျက်နှာကပ်၍ စကားတွေ ပြောနေသမျှ သူ့နှုတ်များက လေပွေ့နွေးတို့ ရိုက်ခတ်နေကာ ဗီညာ တစ်ကိုယ်လုံး ကျင်ခဲနေသည့်နှယ် ...။

သူကြားသွားမလား စိုးရိမ်မိလောက်အောင် မြောင်းဆန်နေသည့် ရင်ခုန်သံတွေကြောင့် မျက်ခန်းတွေကို မရမက ဖိပိတ်ထားမိသည်။

နောက်ထပ် သူနဲ့ နှစ်ယောက်တည်း မရှိပါရစေနဲ့...၊

သူ့ကိုမဟုတ်ဘဲ ကြောက်နေမိတာက ရင်ခုန်သံတွေကို ဖြစ်၏။

သူနဲ့ပတ်သက်သည့် ချစ်ခြင်းတရားကို တောစီးစွာ မနှာခံလိုသော်လည်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၂ ]

အခိုဋ္ဌာန်ကိုးပတ်မြောက်မှာ ဖိုးသားလေး အရမ်း လည်နေပြီဖြ
သည်။ စကားတတ်သလောက် မျက်နှာရိပ်မျက်နှာကဲ ခတ်တတ်တ
လည်း လူကြီးလေးလိုပင် ..။

"သား မလိုက်ဘူး"

"ဘာဖြစ်လို့လဲ သားရယ် ဟင် .. ဟိုမှာ မြေးနဲ့ဘွားဘွား မုန့်ေ
အတူစားကြတယ် .. နေ့လယ်ပိုင်းဆို ဟောလ်ကြီးတစ်ခုလုံးမှာ ေ
စိတ်ကြိုက် ဘောလုံးကန်လို့လည်း ရတယ်လေ"

"ဟင့်အင်း .. လိုက်ဘူး"

မြေးအဘွားနှစ်ယောက် စကားပြောနေတာကို ဦးကျော်မျိုး
သားအဖရော ဦးစိုး ပါ ဘေးမှာ ထိုင်ကြည့်နေကြတာ ဖြစ်သည်။

သားလေး အခိုဋ္ဌာန်ထွက်လာတိုင်း ဒီည တောင်မှ အရင်လို သ
နဲ့သိပ်မဆော့ဘဲ နေခဲ့ရ၏။

မေမေကိုယ်တိုင် သူနဲ့ပဲ အနေများစေကာ ဟိုကိုပြန်သွား
အိမ်ကို မခင်တွယ်တတ်အောင် အားလုံး ဂရုစိုက်နေခဲ့ကြသည်။





ရှစ်ပတ်တိတိမှာ အခက်အခဲ အနည်းငယ်ရှိပေမယ့် ကျော်လွှား
အောင်မြင်ခဲ့ကြပြီး နောက်ဆုံးလ နောက်ဆုံးအပတ်ကျမှ 'ဘွားဘွား
ကြီးနဲ့ ရွှေဆိုင်ပြန်သွားပြီး ဥပုသ်စောင့်မယ်' ဆိုတာကို အပြောတောင်
မခံတော့ပေ။

ဆံပင်ညှပ်ပေးမယ်ပြောတိုင်း လှည့်ပတ်ပြေးကာ လူမိပြီဆို တက်
မတတ် ချက်မတတ် ငိုသည်။ အကျီဆိုရင်လည်း အနီရောင်ရဲရဲ သို့
မဟုတ် အနီရောင်မပါလျှင် ဝတ်ပေးလို့ မရ ..။

ကလေးမို့ စပို့ရှပ်ဖမ်းဆက်လေးတွေ ပေါင်တိုလေးတွေ ဆင်
ကြည့် ချက်ချင်းချွတ်နိုင်းကာ ဘောင်းဘီရှည်ကို ခြေဖမိုးပေါ်ထိ ပုံကျ
နေမှ သဘောကျပြန်သည်။

ထိုအပြောင်းအလဲတွေ သိသာစွာ ဖြစ်လာခဲ့သည့်နောက် ဖိုးသား
လေးသည် ဆံပင်ရှည်ဘုတ်သိုက် ဘောင်းဘီရှည် ဖိုဃို့ဖားလျားလေး
နှင့် အချိန်မရွေး တစ်ယောက်တည်းနေတတ်သော သိုးညှင်းညှင်း
ကောင်လေးပုံစံ ပေါ်လာခဲ့၏။

ခါတိုင်းဆို 'သားလေးရေ'လို့ ခေါ်လိုက်လျှင် 'ဗျာ'လို့ ထူးတတ်ခဲ့
သော်လည်း အခုခေါ်လိုက်တိုင်း ချာခနဲလှည့်ကြည့်ပြီး အကြည့်နဲ့ပဲ
ထူး၏။ ကွယ်ရာမှာရောက်နေလျှင် လူကြီးတွေကပဲ တွေ့အောင်လိုက်
ရှာရ၏။

ပြီးတော့ အမှတ်တမဲ့ကြည့်တာမျိုးလောက်သာ မသိသလိုနေခဲ့
လျှက် သူ့လည်ပင်းကအမှတ်ကို ကိုင်တွယ် ပွတ်သပ်ကြည့်တာနှင့်
ဘယ်သူ့ကိုဖြစ်ဖြစ် အတင်းတွန်းကန် ကုတ်ဖဲ့တတ်သည်။

ထိုအကြောင်းတွေကို မိသားစုစုံတိုင်း ပြောဖြစ်ကြပြီး အခိုဋ္ဌာန်ပြီး
ဆုံးအောင် ဘယ်လိုစခန်းသွားကြမလဲဆိုတာက အရေးကြီးဆုံး ဖြစ်
သာ၏။ အစက မဆိုင်သလိုနေခဲ့သည့် ဦးစိုး ကိုယ်တိုင် သားရဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲခြင်းတွေအပေါ် ဘယ်လိုမှ ဂရုမစိုက်လို့ မရအောင် ဖြစ်လာခဲ့

တခြား ဘယ်သူမှ ဂရုမပြုမိသော အချက်တစ်ချက်သည် 'သာ လို့ သူများခေါ်လျှင် ဘာမှမထူးခြားသော်လည်း သူခေါ်လိုက်ပြ သား မျက်လုံးတွေက စူးရဲအေးစက်သွားတတ်၏။

လှည့်ကြည့်လိုက်တာကို ဘာမှစကားမစတဲ့ စိုက်ကြည့်နေ သူ ကြည့်နေသလောက် သားကလည်း ပြန်ကြည့်နေကာ စိတ်ထဲ တစ်မျိုးတစ်မည် ခံစားလာရတဲ့အထိ ..။

စစ်သားရုပ်နဲ့ ကစားနေသည့် ဖိုးသားလေးကို မျက်မှောင်ကုတ် စိုက်ကြည့်နေသည့် ဦးစိုး ထံ ဗီညွ က လှမ်းကြည့်၏။

သူတို့အားလုံးက ဆိုဖာပေါ်မှာဖြစ်ကာ ဖိုးသားလေးက တီ ကြမ်းခင်းပေါ်မှာ ကစားစရာတွေနဲ့ အလုပ်ရှုပ်နေတာ ဖြစ်သည်

လှမ်းပြောနေရင်း အားမရဖြစ်လာကာ ဗီညွ က နေရာမှ ထ ပြီး ဖိုးသားလေး ဘေးမှာ ထိုင်လိုက်၏။

"ဘာဖြစ်လို့လဲ သားလေးရယ် .. သားလေး သွားသွားကြ မသွားချင်ရင် တီညွ နဲ့ သွားမယ်လေ .. ဥပုသ်စောင့်တာ ကုသို တယ်"

"မစောင့်ချင်ပါဘူး .. သားမှ ကုသိုလ်မလိုချင်တာ"

"အဲဒီလို မပြောရဘူးလေ.. ကုသိုလ်မလိုချင်ရင် အပြစ်မကြေ တော့ဘူး၊ အပြစ်မကြောက်တတ်ရင် မကောင်းတာတွေ ကျူးလွ ပြီး ငရဲရောက်မှာပေါ့၊ ငရဲဆိုတာ အရမ်း ကြောက်စရာကောင်း သားလေးကို သွားသွားကြီး ပြောပြတယ်မို့လား"

ဖိုးသားလေးက မျက်ခုံးမှောကြည့်ပြီး ပေါ်ဖြူဖြူ ရှိရာကိုပါ မျ လုံးလေးနဲ့ပြုံ၍ ...

"စစ်သားကြီးတွေဆိုရင် ငရဲမရောက်ဘူးတဲ့ ..၊ လူတွေရဲ့ အသ





အိမ်စည်းစိမ်တွေကို ကာကွယ်နေကြလို့တဲ့၊ သားလည်း စစ်သား ဝ်မှာ .. လူတွေကို သေနတ်နဲ့လည်း ပစ်ရတယ်၊ ငရဲလည်း မရောက် .. အဟား .."

ဖိုးသားလေးက စစ်သားရုပ်ရဲ့ လက်ထဲက သေနတ်ကို ဖြုတ်ယူ က်ပြီး ကျည်ဆံကဒ်လေးထဲက ကျည်ဖူးပုံ ကော်သီးလေးတွေ ဖြည့် ည့်နေ၏။ အရုပ်ကလည်း တစ်တောင်လောက်ရှိလျက် သေနတ်က ည်း တကယ့်သေနတ်အတိုင်း ပြောင်လက်ကာ စနစ်တကျ လုပ် ထားတာ ဖြစ်သည်။

ကလေးကို ဝယ်ပေးလိုက်တိုင်း ရိန်းဂျားရုပ်တွေ၊ စက်ရုပ်တွေ၊ စစ်သားရုပ်ဝယ်တာတောင်မှ ဒီလောက်အရွယ်ကြီးတွေ လေး ရုပ် အင်။ ကလေးက ဒီလိုမတ်လွှတ်တွေနဲ့ စိတ်တိုင်းကျ ပုံဖော်ပြီပေါ့..။

အပြစ်တင်ချင်သည့်စိတ်နှင့် ဦးစိုး ကို ကြည့်မိမလို ဖြစ်သွားပြီးမှ အမေတို့ရှိနေတာကို သတိရပြီး ပြန်ထိန်းလိုက်ရသည်။

"သားရယ် .. အဲဒါ စစ်သားတွေရဲ့ ဆောင်ပုဒ်ပါ ..၊ သူများ အသက်ကို သတ်ရင် သတ်တဲ့အပြစ်ရှိတာပဲ၊ သားက သေနတ်ပစ်ရ တာကို သဘောကျတယ်ဆိုရင် ဖိုးထက်အရမ်းကောင်းတဲ့ သေနတ်တွေ သားလေးဆော့ဖို့ ဝယ်ပေးမှာပေါ့၊ စစ်သားတွေကိုင်တဲ့ သေနတ်က လူသတ်လက်နက်"

"အဲဒါ သားသားကြိုက်တယ် ..၊ ငရဲကြီးကြီး မကြီးကြီး လူသတ် ချင်တယ်၊ ဒီလို ပစ်လိုက်ရင်..."

"ဟယ်!... သား .."

"ဟဲ့ .. ဟဲ့ .."

ဘယ်သူမှ မထင်မှတ်လိုက်သည့်အချိန်တွင် ဖိုးသားလေးက ကိုင် ထားသည့် သေနတ်နှင့် ဦးစိုး ရှိရာကို တန်းနေ လှည့်ချိန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်းခနဲ ပစ်ချလိုက်တော့ မျက်နှာဆီကို ကျည်ဖူးလေး ပြေးထွက်သွားတာ တန်းတန်းမတ်မတ် ..။

တကယ့်သေနတ်အစစ်လောက်ရှိတာမို့ ကော်စေ့ကျည်ဆံဆိုတာလည်း သိပ်တော့ သေးသေးကွေးကွေး မဟုတ်ပေ ..။

ဘယ်နေရာကို ထိထိ ဆက်တိုက်ထိမှာချည်း သုံးချက်ဆက်တိုက် အားလုံး မျက်စိမျက်နှာပျက်လျက် ထိတ်လန့်ကုန်ကြသော်လည်း ဦးစီးထိုင်ရာက မထဘဲ မျက်နှာမော့ ရှောင်လိုက်သည်။

ဆက်တိုက် လျှပ်ပြက်သလို လှုပ်ရှားလိုက်သည့် သူ့လက်တွေထဲမှာ ကော်စေ့ကျည်ဖူးလေးတွေ သုံးခု ..။

စိတ်ပူသွားကြတာကို သိသောကြောင့် ကျည်ဖူးလေးတွေကို စားပွဲပေါ်မှာ ချထားလိုက်လျှင် ...

"ခစ် .. ခစ် .. ခစ် .. တော်တယ် .. တော်တယ် ..၊ ခုထိ တော်နေတုန်းပဲ"

သူ ဘာမှမလုပ်ခဲ့သလို ကစားစရာတွေဆီ မျက်နှာပြန်ငုံ့သွားမယ့် ဖိုးသားလေးက ခိုးခိုးခစ်ခစ် ရယ်နေ၏။ ကလေးရဲ့ ရယ်သံလေးမှအပ လူလေးယောက်၏ စကားသံတွေ လုံးဝ တိတ်ဆိတ်နေခဲ့၏။

ဦးစီး မျက်လုံးတွေ သေနတ်ကိုပဲ ကိုင်တွယ်နေသည့် ဖိုးသားလေးရဲ့ လှုပ်ရှားမှုတွေမှာ စူးစိုက်နေခဲ့ပြီး ...

တဖျှင်းဖျှင်း ပူနွေးလာသော သွေးတို့က ရေဆူမှတ်သို့ ရည်ရွယ်နေကြသည်။

ကိုယ့်သားလေးမို့ မငြိုငြင်ရက်တာက သပ်သပ် ..။





## အခန်း [ ၃၃ ]

မေမေနဲ့ လိုက်သွားတော့မှာမို့ သူ့အကြိုက် အင်္ကျီအနီရဲ့ စပို့ရှပ်…းနဲ့ ဂျင်းဘောင်းဘီရှည်လေးကို ဝတ်ပေးနေစဉ် ဖိုးသားလေးက …ည လက်ကို ဆုပ်ကိုင်ထားလိုက်ကာ ...

"တီညှ"

"ဟင် .. ဘာလဲ သား"

"နေဦးစီး ကို သား မုန်းတယ်"

"ဘာ .. ဘယ်လို!.."

အံ့သြသွားရသည့်အထဲ ကလေးလက်ကလေးနဲ့ ဖိဆုပ်ထားတာ…ာင် ဒီညှ ပြန်ရုန်းတော့ အလွယ်တကူ မရ ..။

"သူက သားအဖေ မဟုတ်ဘူး ..၊ အဲဒါ ရန်သူ .. သူ့ကို သတ်ပစ်…်"

"ဘုရား!... ဘုရား .."

"တီညှ အခု သွားသတ်လိုက်"

"အို .. မဟုတ်တာ မပြောကောင်းဘူး သား"



www.burmeseclassic.com

www.burmeseclassic.com



"ရော .. အစ သွားသတ်လိုက်"

"ဟင့်အင်း .."

လက်ထဲကို ထည့်ပေးလိုက်တာက ဦးစီး ဆောင်ထားတတ်သည့် မောင်းပြန်ဓားလေး ဖြစ်သည်။ ဗိုးသားလေး၏ မျက်လုံးတွေက ဝင်းဝင်းလက်လက် ဖြစ်နေလျက် ...

"သွား .. သူ့လည်ပင်းကို သွားထိုး .. သွေးတွေ ပန်းထွက်အောင် ထိုး .. မထိုးဘူးလား .."

"သား .. သားလေး .. မလုပ်ရဘူး ..၊ အမလေး .. ကိုဦး .. ကိုဦး အဲဒီမှာ လာပြီ .. ကိုဦးရေ ..."

"ဒီညာ .."

"... ... ..."

"ဒီညာ .."

"ဟင်!..."

တလှိုက်လှိုက်မောနေသည့် ရွှေရင်အစုံက မို့မောက်လှိုက်ခါနေလျက် မျက်လုံးတွေ ဖွင့်လိုက်တာတောင် မြင်တယ်လို့ မထင် ..။

မောဟိုက်နေဆဲဖြစ်ကာ မျက်လုံးထဲမှာ ပြာနေသည်။ ဆတ်ခနဲ ထထိုင်လိုက်တော့ သူမရှေ့မှာ ဦးစီး က စိတ်ပူသည့်မျက်နှာနှင့် -

"အိပ်မက်မက်နေတာလား ..၊ စိတ်အေးအေးထားပြီး မျက်လုံး ခဏလေး ပြန်မှိတ်ထားလိုက်"

ဒီညာ သူပြောသလို လုပ်လိုက်တော့ စိတ်ထဲမှာ သက်သာရာ ရသွား၏။ မျက်လုံးပြန်ဖွင့်လိုက်လျှင် ဦးစီး က ရေခဲထားပြီး စောင့်နေတာမို့ ရေတစ်ခွက်ကြောင့် ပို၍ ငြိမ်းချမ်းသွား၏။

"အိုခေလား.."

"ရှင် ယုံကြည်မှ အားလုံး အိုခေမှာပါ"





အဆက်အစပ်မရှိ ပြောလိုက်တာပေမယ့် သူတို့ချင်းတော့ နားလည်ကြ၏။

ဒီညာ သည် ပြောလိုက်ရင်း မျက်ရည်တွေ ဝေ့တက်လာကာ ...

"ရှင့်ကို သူ သတ်ချင်နေပြီ ..၊ အဲဒါ .. အဲဒါ ရှင် ယုံမှဖြစ်မယ်..၊ ကျွန်မတို့ ရည်ရွယ်ချက်တွေ ပြီးဆုံးခါနီးလေ ခက်ခဲလေ ဖြစ်လာမယ် ဆိုတာ ခုထိ ရှင် မယုံဘူးလား"

ဦးစီး က ရေခွက်ကို ပြန်ထားလိုက်ပြီး သူမဘေးမှာပဲ ထိုင်၍...

"ယုံတော့ ကိုယ် ဘာလုပ်ရမလဲ"

သူ ငုံ့စောင်းကြည့်နေသည့်မျက်နှာကို ပြောရခက်သည့် ကလေးတစ်ယောက်သဖွယ် ဒီညာ စိတ်ပျက်စွာကြည့်မိရင်း ငိုချင်တာမဟုတ်ဘဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

ဦးစီး မျက်ဝန်းတွေ နားလည်ခြင်းများနှင့် နူးညံ့သွားခဲ့ပြီး ...

"ကိုယ့်အတွက် အဲလောက်ထိ မင်း စိတ်ပူသလား .."

ပခုံးလေးကို ဆွဲဖက်လိုက်ပြီး မျက်ရည်တွေကို သုတ်ပေး၏။ ချော့ကာမှ ဘာဖြစ်လို့ ပိုပြီးငိုချင်လာတာလဲ မသိ..။

ဒီညာ သူ့ရင်ခွင်တစ်ခြမ်းမှာ မျက်နှာလေး မှီလိုက်ပြီး ရှိုက်သံလေး မပွင့်တပွင့်နှင့် ...

"ကျွန်မ ကြောက်နေတယ်"

"ဘာမှမကြောက်နဲ့ .. စိတ်လည်း မပူနဲ့၊ ကိုယ်တို့ သတိရှိဖို့ပဲ လိုတာပါ၊ သားလေးကို ထိခိုက်အနာတရ မဖြစ်စေဘဲ အားလုံးငြိမ်းချမ်းသွားမှာပါ၊ ဖြစ်ပျက်နေတာတွေအပေါ်မှာ ကိုယ် ယုံကြည်သည် ဖြစ်စေ မယုံသည်ဖြစ်စေ သတိထားဖို့ အသင့်ရှိနေတယ်ဆိုရင် မင်း ကျေနပ်ပါ၊ ပိုးကိုသတ်ရင်း အပင်သေသွားတာမျိုး မဖြစ်စေရဘူး"

"သူက ရှင့်ကိုပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သတိထားပါ့မယ်"

ဒီညု ကျေနပ်သွားသည်။ ဒီရင်ခွင်မှာ မှီလိုက်ပါမှ နွေးထွေးလုံခြု သွားရသည့်ရင်ထဲမှာ ရှက်တာတွေ မာနတွေကိုပါ သတိမရချင် ..

ဦးစီး နဲ့ သူမဟာ ထူးခြားဖြစ်ရပ်လေးတွေနှင့် ဆုံဖူးခဲ့ကြပြီး ကွဲလွဲမှုများကြောင့် နီးရက်နဲ့ ဝေးခဲ့ကြ၏။

ထူးဆန်းစွာ ပေါင်းဖက်ကြဖို့ ဖြစ်လာတော့လည်း ချစ်ကြတာ လည်း မဟုတ်ဘဲ ထိစပ်ရင်းနှီးဖို့ အကြောင်းတွေနဲ့ ..။

"အိပ်တော့နော် .. ညဉ့်နက်နေပြီ"

"အင်း .."

ဖက်ထားတာကို ဖြည်လွှတ်ပေးကာ နဖူးပြေပြေလေးကို သူ နမ်း သွားသည်။ မတ်တတ်ရပ်လိုက်ပြီးမှ ပြန်ငုံ့ကြည့်၍ ...

"အပြင်မှာ ကိုယ် ရှိနေတယ် ..၊ စိတ်ချလက်ချ အိပ်နော်"

"ရပါတယ် ..၊ ရှင်လည်း အိပ်ပါ"

ဒီညု လှဲလိုက်တာကို ကြည့်နေပြီးမှ စောင်ကို သူကိုယ်တိုင် ပခုံး အောက်ထိ ဆွဲခြုံပေး၍ ...

"ဂွတ်ဒ်နိုက်"

"အင်း ..."

ဂွတ်ဒ်နိုက်လို့ ပြန်မပြောနိုင်လောက်အောင် အိပ်မက်ထဲ ဖိုးသားလေးရဲ့ ဓားကိုင်ပြီး ပြေးသွားပုံကို မြင်ယောင်နေမိသည်။

ဘာတွေ အိပ်မက်သလဲလို့ ဘယ်သောအခါမှ သူ မမေးခဲ့ပေ ဘယ်လောက်ထိ မိုက်တဲ့လူမို့လဲ ..။





အခန်း (၃၄)

"ဒါဆိုရင်လည်း လွယ်ပါတယ်ကွာ .. ဦးဘတိုး ဆိုတဲ့ လူကြီးနဲ့ ...င့်သားကို ပေးတွေ့ကြည့်လိုက်ပေါ့၊ မကောင်းဘူးလား"

ဦးဇော်အောင် မျက်နှာကို သူ စိုက်ကြည့်လိုက်ပြီး ...

"ဦးဘတိုး က ဆုံးသွားပြီ"

"ဟင်!... ဟုတ်လား"

ဘေးမှာ ဦးစိုးခန့် လည်း ရှိနေကာ သူတို့အတွက် ရေနွေးကြမ်းငှဲ့ ...ည့်ပေးနေရင်း ...

"အေးကွာ .. ဒီလိုအဖြစ်တွေရှိနေတာ ပြောတဲ့လူက မင်းမို့လို့ ...ောတယ် .. အံ့သြစရာပဲ"

"မအံ့သြနဲ့ ကိုစိုး .. ဒါမျိုး ကျွန်တော် ကြုံဖူးတာ နှစ်ခါရှိပြီ..၊ ...ဆို သုံးခါ .."

ဦးဇော်အောင် က ရေနွေးပန်းကန်ကို ကိုင်လိုက်ပြီး မသောက် ...ဘဲ ဦးစီး ကိုကြည့်၍ ...

"တကယ်တော့ လူတစ်ကိုယ်လုံးမှာ အဓိက ကွန်ထရိုးက စိတ်ပဲ ... စိတ်ကြောင့် သေတယ် .. စိတ်ကြောင့် ရှင်တယ်၊ ဟန့်အနက်



www.burmeseclassic.com

www.burmeseclassic.com



ပါစန့်တော့ မဟုတ်ဘူးပေါ့ကွာ..၊ ပိုထူးဆန်းတာက စွဲလမ်းတဲ့စိ
ကြောင့် မသေနိုင်တဲ့ဝိညာဉ်တွေရဲ့ ငရဲပဲ၊ အခဲမကျေတဲ့စိတ်နဲ့ မကျွ
လွတ်ရင် လူတွေက အမျှဝေတာတောင် သာခုမခေါ်ဘဲ နေသတဲ့
ဒါလည်း နားရည်ဝနေခဲ့တဲ့ အစဉ်အဆက်က စွဲလမ်းမှုတွေပဲပေါ့၊
လောကအကြောင်းဆိုတာ ခဏဝင်ပြီး လေ့လာကြည့်လို့ ရ
မဟုတ်ဘဲ ..၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာကို ဘယ်သူမှ မငြင်
သလို အပြည့်အဝ ထောက်ခံဖို့လည်း ခက်တယ်"

"အေး .. ဒါ ဟုတ်တယ်"

ဦးစိုးခန့် က အိမ်ရှင်ပီပီ ကော်ဖီနဲ့မုန့်တွေအပြင် ရေနွေးကြ
လက်ဖက်သုပ်ပါ အကျအန စီစဉ်ညှေ့ခံတာ ဖြစ်သည်။ ဒါပေ
ရေနွေးငှဲ့ပေးတာကိုလည်း မကိုင်ဖြစ် .. ဘာမှလည်း ယူမစားဖြစ်
ဘဲ စားစရာတွေက ဒီတိုင်းပဲ ရှိနေ၏။

ဦးစိုးခန့် ၏ဇနီးကိုလည်း သမီးလေးတစ်ဖက်နှင့် ခဏပဲမြင်
ရကာ စားသောက်ဖွယ်တွေ တည်ခင်းပေးပြီးတာနှင့် ပျောက်
လိုက်တာ ပြန်ထွက်မလာတော့ပေ..။

တကယ်ဆို သူ့သမီးနဲ့ ကိုယ့် သားလေးက နာရီပိုင်းလေးပဲ
သည်။ ခုမြင်လိုက်တော့ 'နှင်းယုယချို' ဆိုသည့် ကလေးမငယ်
က သေးညှပ်ညှပ် ဖြူနုနုလေးနှင့် စကားလည်း နည်းပုံပေါ်သည်
ကိုယ့်သားကတော့ ဖြူဖြူမားမား ထွားထွားမို့ နှစ်နှစ်ကျော်
နှစ်သားဆိုသည့်အသက်ထက် အရွယ်က သာလွန်နေသည်။

ပြောသင့်တာထက် ပိုပြောတတ်ကာ သိသင့်တာတွေထက် အ
ကြီး ပိုသိနေ၏။ ဦးစီး ရဲ့စိတ်တွေက လက်ရှိစကားဝိုင်းရဲ့ အပြ
ပျံ့လွင့်နေကာ သူ့အာရုံထဲမှာ သားရဲ့အရယ်အပြုံးတွေပဲ လွှမ်းမိုးနေ
တကယ်ဆို အရမ်းကို ချစ်ဖို့ကောင်းတဲ့ သားလေးပါ..။





"မင်းပြောမှ ငါ တွေးမိတယ်"

ဦးစိုးခန့် စကားပြန်စလိုက်မှ ခပ်လွဲလွဲငေးနေသည့် ဦးစီး မျက်နှာ
ပြန်လှည့်လာသည်။

ဦးစိုးခန့် က သူ့ကိုကြည့်ပြီးမှ ဦးဇော်အောင် ဘက် ပြန်လှည့်၍...

"တို့ဘုရားဟောကြားခဲ့တဲ့ တရားတော်မှာ ပါတယ်လေ၊ မကျွတ်
လွတ်တဲ့ စွဲလမ်းမှုအကြောင်းနဲ့ ဆက်စပ်ပြီး သင်္ကန်းကို စွဲလမ်းပြီး
ပျံလွန်တော်မူတဲ့ သံဃာတော်တစ်ပါးအကြောင်း ဟောခဲ့တာ၊ ဒီ
သင်္ကန်းကို မရုံရသေးဘဲ ပျံလွန်တော်မူတော့ သင်္ကန်းမှာ သန်းကြီးဖြစ်
ပြီး သင်္ကန်းကို ဘယ်ကိုယ်တော် လာကိုင်ကိုင် 'ငါ့သင်္ကန်း မထိနဲ့'လို့
အသံနက်ကြီးနဲ့ ပြောနေသတဲ့"

"အဲဒီလိုရှိခဲ့သလား ကိုစိုး"

"ရှိခဲ့တာပေါ့ ..၊ သံဃာတော်တွေက ဘုရားကို ပြေးလျှောက်ကြ
တော့ ဘုရားက ခုနစ်ရက်ပြည့်ပြီးမှ သင်္ကန်းကိုယူလို့ မိန့်တော်မူတယ်
..၊ သန်းအသက်က ခုနစ်ရက်ပဲ ရှိတယ်ထင်တယ်"

"ဘာဖြစ်လို့ ခုနစ်ရက်ပြည့်မှ ယူခိုင်းတာလဲဆိုတာ သံဃာတော်
တွေက သိနေလို့လား၊ မကျွတ်လွတ်တဲ့ သံဃာအကြောင်း ဘယ်လို
လုပ် သိကြတာလဲ"

"ဘယ်သူက သိမှာလဲကွ .. ဒါကို သံဃာတော်တွေက လျှောက်
တင်ထားကြမှ ဘုရားရှင်က နောက်ကြောင်းပြပြီး တရားဟောတယ်၊
ငါတို့ ဗုဒ္ဓဘာသာတွေကတော့ သရဲတစ္ဆေဆိုတာကို ကြောက်စရာလို့
မမြင်တော့ဘူး၊ ဒါပေမယ့် ဒါကို လက်ခံကြတယ်၊ နိဗ္ဗာန်မဂ်ဖိုလ်ကို
ဆက်လှမ်းဖို့ မပြောနဲ့ ခန္ဓာငါးပါးနဲ့ မှီတည်နိုင်ဖို့တောင်မှ ဒီခန္ဓာမှာ
ဝိညာဉ်ချုပ်ပြီး ဟိုခန္ဓာမှာ မှီတွယ်ဖို့ မလွယ်ဘူး၊ နောက်ဆုံးထွက်သက်
မှာ မှီတွယ်လိုက်တဲ့ စွဲလမ်းမှုတွေကြောင့် ဖုတ်၊ ပြိတ္တာ၊ အသူရကာယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မကျွတ်လွတ်တဲ့ဘဝတွေမှာ ကျင်လည်နေကြရတာတွေ အများကြီး၊ ခန္ဓာရတော့လည်း လူဖြစ်ခွင့်ရမလား .. ခွေး၊ ဝက်၊ ကြက်၊ နွား အများကြီးပေါ့ကွာ၊ တရားသဘောနဲ့ကြည့်ရင် ဒါတွေကို မရှိဘူးလို့ ငြင်းလို့ကို မရဘူး"

"အဲဒီတော့ ကိုစိုး က ဖိုးသားလေးကိစ္စကို ဘယ်လိုသုံးသပ်လိုက်သလဲ"

ဦးစီး အစား ဦးဇော်အောင် ကပဲ မေးနေသဖြင့် စကားဝိုင်းမှာ ဦးစီး ရဲ့အသံ လုံးဝမပါသလို ဖြစ်နေခဲ့၏။ ဒါပေမယ့် ဦးစိုးခန့် ကလည်း ဒိုင်ခံဖြေနေ၏။

"ငါ ပြောတဲ့အတိုင်းပဲလေ .. သူ့ဖနီးနဲ့ ယောက္ခမ သိထားတဲ့အတိုင်း ဖြစ်နိုင်ချေတွေ ရှိတယ်၊ ဒါပေမယ့် အတိအကျတော့ မဟုတ်ဘူးပေါ့၊ ခုကိစ္စက သေဆုံးခြင်းနဲ့မွေးဖွားခြင်းက တစ်ပြိုင်တည်း ဖြစ်ခဲ့တာမို့လား၊ မိုးသားလွင် ရဲ့ ကိုယ်ဝန်ကသပ်သပ်၊ မွေးဖွားလာကာမှ အင်း .. ဘယ်လိုပြောရမလဲ၊ ငါ သိနေပေမယ့် ပြောပြဖို့ ခက်နေတာ.."

"မပြောပေမယ့် ငါလည်း သဘောပေါက်ပါပြီ"

ဦးစိုးခန့် နဲ့ ဦးဇော်အောင် က အသက်ချင်း မတိမ်းမယိမ်း ဖြစ်သည်။ သူတို့ထဲမှာ ဦးဇော်အောင် က ရာထူးမြင့်ပေမယ့် တာဝန်ချိန် မဟုတ်လျှင် ဒီလိုပဲ လွတ်လပ်စွာ ပြောဆိုနေကျ ..။

သူတို့က ဦးစီး ငြိမ်နေတာကို ကြည့်၍ ...

"မင်းက ဒါတွေကို လက်မခံနိုင် ဖြစ်နေတာလား ဦးစီး ..၊ အခု ဘာတွေဖြစ်နေလို့လဲ"

ဦးစီး က သက်ပြင်းချရင်း စီးကရက်တိုကို လက်ညှိုးထိပ်နဲ့ တောက်၍ ပြာခြွေလိုက်၏။ ပြီးတော့မှ ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ..

"လက်မခံချင်ပေမယ့် ရင်ဆိုင်နေရတာပဲ .. လက်ခံတယ်ဆိုတော့





ည်း သားက ကျွန်ပော့်သား ..၊ သူတို့သားအမိက စိုးရိမ်လွန်ပြီး ဒင်တွေ နတ်တွေမေးတာ စုံနေပြီ၊ ကလေးကို အတိတ်ကိုမေ့အောင် ဆိုပြီး ဘဲဥတွေ နင်းကန်ကျွေးကြတယ်၊ မေ့စေချင်တာကတစ်ခု မေ့ နိုင်တာကတခြား ဖြစ်မှာစိုးတယ်၊ လူကြီးတွေ စိုးရိမ်လွန်တာကြောင့် ကလေးရဲ့အနာဂတ် ပျက်စီးသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါကတော့ ခေါင်းကိုက်ရင် ခေါင်းကိုက်ပျောက်အောင်တော့ ဆေးသောက်ရမှာပဲ ..၊ အစာအိမ်ထိမှာစိုးလို့ဆိုပြီး ဒီတိုင်း ဘယ်သူက ထားနေနိုင်မှာလဲ၊ ဖြစ်လာပြီဆိုပြီး ဖြစ်လာတာကိုပဲ အရင်ရှင်းရမှာ ပေါ့၊ သူတို့ဘက်က ကြည့်တော့ မင်းကိုပဲ အမျိုးမျိုး ဒုက္ခပေးနေတော့ ကလေး စိုးရိမ်လေ ဖြစ်ကြမှာပဲ"

"စိုးရိမ်နေတာကို ကျွန်တော် မလိုချင်ဘူး၊ အဲဒါကြောင့် ကျွန်တော် ဖြစ်ပျက်သမျှကိုတောင် သူတို့ကို မပြောဖြစ်ခဲ့တာတွေ ရှိတယ်"

"ဘာတွေလဲ .."

ဦးစီး က ခဏငြိမ်သက်နေပြီးမှ ...

"သူ့ရဲ့ ကစားစရာသေနတ်နဲ့ရောပြီး တကယ့်သေနတ်ကို တစ်စ လုပ်ပြီး ကျွန်တော် ထည့်ပေးထားဖူးတယ်"

"ဟေ!..."

ဦးဇော်အောင် တို့ အံ့သြသွားခြင်းနှင့်အတူ စိတ်ဝင်စားမှုတွေ သွား၏။

"အဲဒီပစ္စတိုကို တစ်ခုစီ စုံအောင်ဆွဲထုတ်လိုက်ပြီးမှ သေးမှာထိုင် တဲ့ ကျွန်တော့်ကို လှည့်ကြည့်ပြီး ရယ်တယ်၊ သူရယ်လိုက်တဲ့ မျက် တွေကို ဘာပြောလိုက်တယ်ဆိုတာ ကျွန်ပော် ခံစားမိနေသလိုပဲ"

ဦးဇော်အောင် က ခေါင်းညိတ်လိုက်ပြီး ဘာမှဝင်ရောက် မဝေဖန်

"သူ့ဟာသူများ ပြန်တပ်လိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



မယုံမရဲလေသံနှင့် ဦးစိုးခန့် က မေးလျှင် ဦးစီး က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် .. လက်နဲ့မရတဲ့ နေရာတွေကို ကောက်တပ်ပြပြီး ကျွန်တော့်ကို လှည့်ကြည့်တယ်၊ လက်နဲ့မရပေမယ့် သူ ဒါကိုသိနေတာမျိုး .. ပြီးတော့ 'ကျည်ဆံပါ ပေးလေ' တဲ့"

"ဟင်!..."

အာမေဋိတ်သံတွေ ပြိုင်တူထွက်လာကြ၏။

"သူနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိနေတဲ့ အချိန်တွေဆိုရင် အနားလည်း မကပ်ဘူး .. လူကို မော့လည်း မကြည့်ဘူး၊ ကစားနေရင်လည်း ကလေးကစားစရာတွေကို သူ မမက်ဘူး.."

"ဘာတွေမက်လဲ"

"ဂိမ်းဆော့တာပဲ များတယ်၊ ကစားချင်ပြီဆိုရင် ဖိုက်တင်ပလေးတဲ့ အရုပ်တွေ၊ နင်ဂျာရုပ်တွေနဲ့ .. သေနတ်ဆိုရင် ငြိမ်ပြီး ဆော့နေတာပဲ..၊ တစ်ခါက သူ့ကို ခုတင်ပေါ်မှာတင်ထားပြီး သူ့ရှေ့မှာ ကျွန်တော် ထိုင်လိုက်တယ်၊ မျက်လုံးချင်းဆုံကြည့်နေတော့ သူ တစ်ချက်မှ အကြည့်မလွှဲဘူး၊ 'သား ဖေကြီးကို တစ်ခုခု ပြောချင်သလား .. ဘာဖြစ်ဖြစ်ခု ပြောလို့ရတယ် ပြော' လို့ မေးတော့ ခေါင်းခါတယ်"

"ဒါပဲလား"

"မဟုတ်ဘူး .. မလိုအပ်ဘဲ တအားရယ်နေပြီးမှ 'မပြောသေးဘူး' တဲ့"

"ဟင်!..."

နောက်ထပ် 'ဟင်..' ကုန်ကြပြန်သည်။ ဦးဇော်အောင် က ဦးစိုးခန့် ကို လှမ်းကြည့်ပြီးမှ ...

"ဒါ ကလေးပြောရမယ့် စကားတော့ မဟုတ်ဘူးကွ"





ဦးစိုးခန့် က ခေါင်းညိတ်ရင်း တွေးတွေးဆဆ ပြော၏။ ဦးစီး က စီးကရက်ကို ခွက်ထဲလှမ်းထည့်ကာ နောက်ထပ်တစ်လိပ် ထုတ်၏။

ဒါပေမယ့် မီးမညှိဖြစ်သေးဘဲ ကိုင်ထားရင်း ...

"နောက်တစ်ခုက ကလေးအိပ်နေလို့ ဘေးမှာ ကျွန်တော် ဒရင်းမ်ဘက်ဒ်နဲ့ ထိုင်နေရင်း မှေးခနဲ ဖြစ်သွားတယ်၊ အဲဒီမှာ သားက အိပ်ရာထဲကနေ ကုန်းရုန်းထပြီး တယ်လီဖုန်းတစ်ခုလုံး ပါအောင် 'မ' ယူတယ်၊ နောက်ပြီး ကျွန်တော့်ခေါင်းကို ဖုန်းနဲ့ရိုက်ခွဲဖို့ မြှောက်လိုက်တယ်၊ ကျွန်တော် ကြည့်လိုက်တော့ သားရဲ့မျက်နှာက သား မဟုတ်ဘူး"

"ငမန်း ဖြစ်နေသလား.."

"ဟုတ်တယ် .. ကျွန်တော် ဖျင်းခနဲဖြစ်သွားပြီး လူက ထထိုင်ပြီးသား ဖြစ်သွားတယ်၊ ကြည့်လိုက်တော့ သားက အိပ်ရာအလယ်မှာ ဟုတ်ဘဲ အစပ်မှာဆိုတော့ ကျွန်တော့်ဘေးကို ရောက်နေတာပေါ့၊ တယ်လီဖုန်းက စကားပြောခွက်တန်းလန်းနဲ့ စားပွဲစွန်းမှာ"

ဦးဇော်အောင် တို့ မှန်းကျပ်မှုများနှင့် သက်ပြင်းကိုယ်စီ ချကြ၏။ ဟုတ်တော့ ဟုတ်နေပေမယ့် အတိအကျက ဘာမှန်းမသိ..။

"နောက်ကော .."

"ထူးခြားတာတွေတော့ ရှိနေတာပဲ ..၊ ဒီညု ကို ကျွန်တော် ဘာမှ ပြန်မပြောခဲ့တာ သူတို့ ဒီထက်ပိုပြီး ဗျာများသွားမှာကို သိလို့ပါ၊ အစဉ်သဖြင့် စိမ်းသက်တဲ့အကြည့်တွေကတော့ သူတို့ စိုးရိမ်လောက်အောင် သိသာနေတာပေါ့လေ ..၊ နောက်ပြီး ကျွန်တော့်ကို စကားပြောတိုင်း မလိုအပ်ဘဲ ဟားတိုက်ရယ်တတ်တာတွေ .."

"မင်းကို အဖေလို့တော့ ခေါ်သလား"

"ထော်လော်ကန့်လန့်တွေ မေးဖို့ .. ပြောဖို့ရှိရင် ခေါ်တယ်"

အထူးအဆန်းတွေပါလား ..၊ ဦးဇော်အောင် က တွေကြဖို့ တော့



www.burmeseclassic.com

www.burmeseclassic.com



တက လူစုလိုက်၍သာ တွေ့ဖြစ်ကြတာပေမယ့် ဦးစိုး ရဲ့ ဒီပြဿနာတွေကို မေးမြန်းကြဖို့တော့ အစီအစဉ်မရှိခဲ့ပါ။ တကယ်တမ်းကျတော့ တခြားသော ပြောဆိုစရာအကြောင်းအရာ အားလုံးကို မေ့နေခဲ့ကြ၏။

"ဒါနဲ့ နေပါဦး .. မင်းတို့ အိမ်ထောင်ရေးရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ .. အဆင်ပြေပါတယ်"

"အခု ကလေးနဲ့ အတူတူအိပ်နေတာပဲ ..၊ မင်းနဲ့ အတူအိပ်တော့ သူ ငြိမ်ငြိမ်သက်သက်ပဲလား .. ဘယ်လိုလဲ"

"ငြိမ်ပါတယ် .. သူ တစ်ခုခုလုပ်တော့မယ့်အချိန်မဟုတ်ရင် ကျွန်တော့်ကို ရှိတယ်တောင် မထင်ဘူး"

"ငါ တစ်ခု မေးပါဦးမယ် ..၊ မင်း အလုပ်ကထွက်တဲ့အထိ ပြောင်းလဲသွားတာ မင့်သားကြောင့်လည်း ပါမှာပါ၊ မင်း ချစ်သလို ပြန်မချစ်ဘဲ ခုလို တုံ့ပြန်နေတာကို မင်း စိတ်မတိုဘူးလား၊ ဥပမာကွာ သားက ကိုယ့်သားပေမယ့် ဒီကောင့်ရဲ့ စိတ်ဓာတ်ဖိစီးမှုတွေ ရှိနေတော့.."

"စိတ်တိုလို့ မရပါဘူး ဦးစိုး ရာ .. သားက ကျွန်တော့်သား ဖြစ်သလို မေန်း အပေါ်မှာ ကျွန်တော် သစ္စာမဲ့ခဲ့တာလည်း ရှိတယ်၊ ဒီအဖြစ်တွေကို ယှဉ်ကြည့်မိတိုင်း သားကို ကျွန်တော် ဒေါသဖြစ်ဖို့ မေ့မေ့နေတယ်"

"ဘယ်လို!.. ဘာလဲ .. သစ္စာမဲ့တယ်ဆိုတာ"

ဦးစိုးခန့် နှစ်ခါပြန်မေးတော့ ဦးဇော်အောင် က သူ သိထားခဲ့သည့် အခင်းဖြစ်သည့်နေ့က အကြောင်းတချို့ကို ဝင်ရှင်းပြလျှင် ...

"နေဦး .. နေဦး .."

ဦးစိုးခန့် က မျက်ခုံးတွေ တွန့်ကုတ်နေအောင် စဉ်းစားရင်း မေးစင်းသွားသည့်မျက်လုံးတွေ ဖျတ်ခနဲ ပြူးကျယ်လာကာ ...





"မင်းကို သူ ပြန်မပစ်တာ မဟုတ်ဘူး ဦးစိုး ..၊ သူ့သေနတ်ထဲမှာ ကျည်ဆံ မရှိတော့တာ .."

"ဘယ်လို!... "

"ဖြစ်ရလေကွာ .. မင်း ဒါကို အပြစ်လို့သတ်မှတ်ပြီး တစ်ချိန်လုံး ခံစားနေတာလား၊ သူ့ကို လက်ထိပ်ခတ်တာ ငါပဲကွ ...သူ့သေနတ် သိမ်းတာလည်း ငါပဲ .. ဒါကို သေချာသိတာပေါ့၊ မင်းတို့ အေးဂျင့်တွေက တရားခံကို ခြေရာခံပြီး ထိန်းချုပ်ရုံပါပဲ .. ဖမ်းဆီးတာ အပြစ်ဒဏ်စီရင်တာတွေကို မသိပါဘူး"

ဦးစိုးခန့် က ခေါင်းတခါခါ ရှိနေလျက် ...

"သေတာတောင် လက်တုံ့ပြန်မယ့်စိတ်နဲ့ သေသွားတဲ့ဟာ ဒီလိုလူက မင်းကို ပစ်ခွင့်ရှိနေရက်နဲ့ မပစ်ဘဲ အသက်ပေးသွားပါ့မလား၊ ခက်ပါ့ကွာ .. မင်း နေရာတကာ သစ္စာတရားတွေနဲ့ အမှန်အမှား ချိန်ဆနေဖို့ မလိုပါဘူး၊ မေတ္တာစိတ်နဲ့ အောင်နိုင်ခဲ့တာလည်း အောင်ခြင်းရှစ်ပါးထဲမှာပဲ ရှိတယ်၊ ငါတို့လို ပုထုဇဉ်တွေက အရက် ကိုးမောင်းတိုက်ထားတဲ့ဆင်ကို ရှေ့ရောက်ကာမှ တုံ့ခနဲ ရပ်သွားပြီး ဦးညွှတ်လာအောင် ဘယ်လိုလုပ်မလဲ"

ဦးစိုးခန့် ပြောသည့်စကားတွေ အိမ်ပြန်လာတဲ့အထိ ပါလာခဲ့သည်။ သူဟာ တကယ်ပဲ 'ဖြစ်ရလေ'လို့ စုတ်သပ်စရာကောင်းနေတဲ့ လူလား ..၊ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတဲ့လူလို့ တစ်ချိန်လုံး သတ်မှတ်ပြီး ဦးဘတိုး သေဆုံးခဲ့တဲ့အထိ တတ်နိုင်သမျှ တာဝန်တွေ ယူခဲ့သည်။

ခွဲပညာ ကို ဖမ်းမိသွားတာတောင် နောက်ထပ် ဘာကိစ္စထဲမှာမှ ဝင်မကူညီမိဖို့ ဆုံးဖြတ်ရင်း စိတ်မကောင်း ဖြစ်နေခဲ့တာ ခုချိန်ထိ...။

ဒါတွေဟာ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၅ ]

"အေး .. အဆောက်အဦးကိစ္စကို ခဏရပ်ထားလိုက် ..၊ ဒါပြီး သွားရင် ငါ မဖြစ်မနေ လာကို လာရတော့မှာ"

"... ... ..."

"ဟုတ်တယ် .. မလာအားသေးဘူး..၊ အဲဒါကြောင့် အဆောက် အဦး မပြီးသေးတာပဲ ဖြစ်ပစေ ..၊ ငါပြောတာ နားလည်လား"

"... ... ..."

"အဲဒါတွေ မေးမနေပါနဲ့ .. ဒီလိုပဲ .."

ဖုန်းပိတ်လိုက်ပြီး သက်ပြင်းချမိသည်။

နိုင်ငံခြားနဲ့ဖက်စပ်လုပ်ငန်းတွေကို သူ စိတ်ဝင်စားခဲ့သည်။

အလုပ်နဲ့ ပြေးလွှားသတ်ပုတ်နေရစဉ်တည်းကလည်း နယ်စွန် နယ်ဖျားကနေ ဟိုဘက်နယ်ထဲ ရောက်ရောက်သွားရတာတွေရှိကာ မြန်မာပြည်ထဲမှာ ငြိမ်းချမ်းစွာ အနားယူခဲ့ရတယ်ဆိုတာ သိပ်မရှိ..။

ထို့ကြောင့် စီးပွားရေးလုပ်ဖို့ စဉ်းစားတော့လည်း ကိုယ်လည်ပတ် မည့်အရင်းအနှီးပမာဏနှင့် ချိန်တွက်ကာ နိုင်ငံခြားမှာပဲ စတင်ခဲ့မိ၏။





ခုချိန်ထိတော့ သူကိုယ်တိုင် မသွားဖြစ်ခဲ့သေးပါ။ ဟိုမှာ သူငယ် ချင်း မိတ်ဆွေတွေ ရှိသည်။ အားလုံးက စနစ်တကျ ကြိုးစားနေကြ သည့်လူတွေပဲ ဖြစ်တာမို့ ပူစရာမလို။

သူတို့တွေက 'ရတယ် အေးဆေး' လို့ အကြောင်းပြန်ကြပေမယ့် မအေးဆေးနိုင်တာက သူပဲဖြစ်၏။

ဇနီးဆိုပေမယ့် ဇနီးမမည်ခဲ့သော ဒီညာ ကို လက်ဆွဲခေါ်သွားဖို့ မဖြစ်နိုင်သလို ထားခဲ့ဖို့ကျတော့လည်း ကိုယ့်ဘက်မှာ လော်မာမှုတစ်ခု တိုးသွားမှာ စိုးသည်။

လွင် နဲ့တုန်းကလည်း ဒါတွေက ကိုယ်တိုင် သတိမထားမိခဲ့ဘဲ လွင် သေဆုံးကာမှ ထွက်လာခဲ့သည့် သူ့ဘက်က ချို့ယွင်းမှုတွေက မနည်းမနော ..။

ဒီညာ ကို ဒီတိုင်းထားခဲ့ဖို့မှာ ကိုယ် လွန်သွားမလားလို့ တွေးရ သလို သားက ကိုယ့်အပေါ်မှာ ဒီအတိုင်း မပြောင်းလဲဘဲ ရှိနေလျှင် ထားခဲ့ရဦးမှာပဲ ဖြစ်သည်။

ဒါကြောင့် လွင် နဲ့တုန်းက လမ်းကြောင်းအတိုင်း ပြန်ဖြစ်သွားဖို့ က များနေ၏။ သားကို မထားခဲ့ချင်သလို ဒီညာ ကိုလည်း ခေါ်သွား ချင်သည်။

နှစ်ခုစလုံးက မလွယ်ဘူးဆိုတာ သိနေတော့ ရင်မောနေခဲ့ရ၏။ သားအတွက် အမိဌာန်ကိုးလဆိုတာလည်း ရှစ်လမြောက်မှာ ရပ်တန့် သွားခဲ့တာ ခုဆို သားလေးတောင် သုံးနှစ်ကျော်နေပြီဖြစ်သည်။

ကလေးက သွားဖို့ပြောတိုင်း ပြဿနာရှာနေသလို ဒေါ်ဖြူ ကလည်း ကျန်းမာရေးသိပ်မကောင်း ..။

ဒီညာ က သူမ အမိဌာန်ဝင်လိုက်မည်ပြောတာလည်း လက်မခံ – ကလေးရဲ့ လည်ပင်းက အမှတ်ကလေး အရောင်ဖျော့မသွားဘဲ



www.burmeseclassic.com

www.burmeseclassic.com



အစိမ္ဘာန်ရှစ်ပတ်ပြည့်သွားခဲ့သည့်အဖြစ်အတွက် ဝမ်းနည်း အားငယ်နေသလို ဆရာမပြောထားတဲ့အတိုင်း ပြီးဆုံးအောင် ဆက်လုပ်မည်ဆိုသည့်ဖွဲ့နဲ့ တင်းထားတာလည်း ဖြစ်နိုင်သည်။

သို့သော် ဒေါ်ဖြူဖြူ မကျန်းမာသည့်ဘက်မှာ များလာခဲ့တာကတော့ သေချာလေသည်။

အလုပ်ထဲမှာ အာရုံတစ်ဖက်နှင့် အိမ်ထောင်ရေးနယ်ပယ်ဆိုသည့် အရပ်မျက်နှာတစ်ခုကို လွယ်ကူစွာ ဖွင့်ခဲ့ပြီးမှ ဒါဟာ စစ်မျက်နှာတစ်ခုနှင့် တူနေသည်မှန်း နားလည်လာခဲ့သည်။ ဘယ်လိုလုပ်မလဲ ..။

ဦးစီး ကားမောင်းနေရင်း တောက်လျှောက်စဉ်းစားလာခဲ့တာ အိမ်ပြန်ရောက်မှ စိတ်နဲ့ကိုယ် ပြန်ကပ်၏။

"အစ်ကိုလေး .. ကားရေဆေးပြီး သိမ်းလိုက်ရတော့မလား"

သူ့ကားရပ်တာနှင့် ဒရိုင်ဘာက အနားရောက်လာပြီး မေးသည်။ သူ ကားပေါ်က ဆင်းလိုက်ပြီး ...

"အေး .. သိမ်းလိုက်တော့"

အိမ်မှာဒရိုင်ဘာရှိပေမယ့် လူကြီးတွေကလည်း အပြင်သိပ်မထွက်တော့ ကားတွေလည်း ပိုနေသည်။ ဒရိုင်ဘာလည်း အလုပ်မရှိ။

ဒီနေ့ သူပြန်ထွက်ဖို့ စိတ်ကူးမရှိသည်မို့ စီးကရက်နဲ့ မီးခြစ်ကို တစ်ဖက်က ဆုပ်ထားပြီး အိမ်ထဲကို အေးဆေးဝင်လာခဲ့၏။

လှေကားပေါ်တက်ရင်း စကားပြောသွားကြသည့် ဒီညနဲ့ သားကို လှမ်းကြည့်၍ အထဲကို ဆက်လှမ်းမည့်ခြေလှမ်းတွေက ထူးခြားသည့် ရယ်သံကြောင့် ရပ်တန့်သွားခဲ့သည်။

ဒီရယ်သံကို ဦးစီး နားယဉ်နေပြီ ဖြစ်သည်။ ဖိုးသားလေး ဒီလိုရယ်လိုက်တိုင်း မဖွယ်မရာ တစ်ခုခု လုပ်နေကျ ...

"ခစ် .. ခစ် .. ခစ် .. ဟီး .. ဟီး .. တီည မယုံဘူးလား ..၊ မယုံ





ရင် လက်လွှတ်ကြည့်လေ"

"ယုံပါတယ် သားရယ် .. ယုံပါတယ် .. လက်တော့ မလွှတ်ပါရစေနဲ့ ..၊ တကယ်ပဲ .. ခြေထောက်လေးတွေ ခိုင်လာတာနဲ့ ကလေးတွေ မာန်တက်တယ်ဆိုတာ ခုမှပဲ ယုံတော့တယ်၊ ဒါတောင် ခွာရာတိုင်းတဲ့အရွယ် မရောက်သေးဘူး"

"ဟိ .. ဟီး .. ဟီး .. သား ဘယ်လောက်တော်လဲဆိုတာ တီညကို ပြချင်လို့ပါ၊ တီည လောက် သား အသက်မကြီးသေးလည်း ဒီလှေကားပေါ်ကနေ ကိုင်ပေါက်ချလိုက်လို့ ရတယ် .. ပြရမလား"

"ဘာ!... မလုပ်နဲ့ .. အမလေး ..."

ဆုပ်ကိုင်ထားသည့် လက်ကလေးကို ဖြုတ်ပစ်လိုက်သည်နှင့် ထိတ်ခနဲတော့ ဖြစ်သွားမိသည်။

ဒါပေမယ့် ဒီလောက်ထိ လုပ်ပစ်လိမ့်မည်လို့ မထင်လိုက်သည့် မျက်စိတစ်မှိတ်လေးမှာ ဖိုးသားလေးက ရှေ့ကိုကျော်တက်ပစ်လိုက်ပြီး ဒီည ခြေထောက်တွေကို လက်နှစ်ဖက်နှင့် ဆောင့်တွန်းပစ်လိုက်၏။

ရင်ထဲမှာ စိမ့်ခနဲ အေးသွားပြီး မျက်လုံးတွေ ပြာသွားကာ ...

"အား!..."

လှေကားထိပ်ကနေ ပစ်စလက်ခတ်ကြီး လန်ကျသွားခဲ့သည်ကို သိလိုက်၏။

လက်လှမ်းမိရာ ဖမ်းဆွဲဖို့ ကြိုးစားပေမယ့် လက်ရန်းကို တစ်ဖက်က ကိုင်မိလိုက်ပြီး ကျသည့်အရှိန်နောက် ကိုယ်ကပါကာ လက်က မဆုပ်လိုက်နိုင်..။

လှေကားက ပြေပြစ်သော်လည်း အရှိန်က မသေးသောကြောင့် ဒီည ပြုတ်ကျသည့်အသံက မိုးခြိမ်းသံထက် ဝုန်းဒိုင်းကြသွား၏။

"ဒီည .."



www.burmeseclassic.com

www.burmeseclassic.com



ဦးစီး ဘယ်လောက်ထိ အမြန်ပြေးသွားပေမယ့် လေပေါ်ပျံ့ဝဲသွား ရင်တောင် ကယ်နိုင်ဖို့ မလွယ်ပါ..။

ဒီညဒလိမ့်ခေါက်ကွေး ကျလာတာကို အောက်ခြေနားကျမှ မင် လိုက်နိုင်၏။

"ဒီည .."

သွေးသံရဲရဲတွေ မမြင်ဘူးခဲ့တာ မဟုတ်ဘဲ ဒီည နဖူးကနေ ဖြ ဆင်းလာသည့် သွေးတွေကြောင့် ဦးစီး ချောက်ချားသွား၏။

ဖျတ်ခနဲမော့ကြည့်လိုက်တော့ လှည့်ထွက်သွားသည့် ဖိုးသားလေး ရဲ့ ကျောပြင်လေးကိုပဲ မြင်လိုက်ရ၏။

"အမလေး .. ဘာတွေဖြစ်ကြတာလဲ ..၊ သမီးလေး .. သမီး -

"သမီး .. ဘာဖြစ်တာလဲ"

မိဘနှစ်ပါး ပြေးလာကြတော့ သူ ဒီည ကို ပွေ့၍ နေရာမှ ထ လိုက်သည်။

"ဆေးရုံကို အချိန်မီရောက်မှ ဖြစ်မယ် အမေ"

"သမီးလေး .. အမလေး လုပ်ကြပါဦး ..၊ သွေးတွေ မြင်မကောင်း ဘူး"

ဆံပင်တွေထဲကို တိုးဝင်မစဲဖြစ်နေသည့် သွေးတွေကိုကြည့်ကာ ဒေါ်ဖြူဖြူ သတိလစ်မတတ် ဖြစ်သွား၏။

"ကိုယ့်စိတ်ကို ထိန်းစမ်း ဖြူ .. သမီး ဘာမှမဖြစ်ဘူး"

"သမီး .. သမီး .. ဘာဖြစ်သွားတာလဲ"

ဒေါ်ဖြူဖြူ က ကတုန်ကယင်မေးရင်း မျက်လုံးတွေ ကျေ ကလျှားနှင့် ဟိုရောက်ဒီရောက် ..။ ခုနကပဲ ကလေးနဲ့အတူ ခြံထဲက တက်လာပြီး အပေါ်မှာ စာသင်ပေးမလို့လို့ သူ့အဖေရဲ့ စာကြည့်ခန်း ဝကနေ ပြောသွားသေးသည်။





အခန်းထဲမှာ ဒေါ်ဖြူဖြူ တို့ လင်မယားနှစ်ယောက်စလုံး ရှိနေခဲ့ ကြတာမို့ ...

"မေမေ့မြေးက အရမ်းမှတ်ဉာဏ်ကောင်းတာ သိလား ..၊ လူကြီး လေးလိုပဲ" တဲ့ ..။

အဖေနဲ့အမေကို ဝေ့ကြည့်ပြီး ပြုံးရယ်ပြောသွားလိုက်တာ ခုန လေးတင် ..၊ ခုတော့ သွေးသံရဲရဲနဲ့ ဆေးရုံရောက်သွားခဲ့ပြီ ..။

ဒေါ်ဖြူဖြူ တစ်ခုခုကို သိလိုက်ကာ ရင်ထဲမှာ တလှပ်လှပ် ဖြစ် လာ၏။ ပြီးတော့ တရိပ်ရိပ် မူးဝေမှုန်ဝါးလာကာ ...

"ဖြူ .. ဟေ့ .. ကွာ!.. ဒုက္ခပါပဲ"

တစ်အိမ်သားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြစဉ် ဖိုးသားလေး ပျောက်နေ၏။

ဒီလိုအခြေအနေတွေ ဖြစ်နေတတ်ခဲ့ပေမယ့် ဒါဟာ ပထမဆုံး ဆိုးဝါးခြင်းဖြစ်သည်။

နောက်ထပ် ပိုဆိုးဖို့တွေ ရှိနေသေးသည်ဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၆ )

"ဟိတ် .. ရပ်နေစမ်း"

တစ်အိမ်လုံး ဘယ်မှာရှာရှာ မတွေ့ဘဲ မျက်ရန်းထောင့်မှာ လှစ်ခနဲ လှုပ်ရှားသွားသဖြင့် ဦးစီး ပြေးနှုန်းကဲ့သို့ မြန်သော ခြေလှမ်းများနှင့် လိုက်ခဲ့၏။

"ဖိုးသား .. ဖေကြီး ပြောနေတယ်နော် ..၊ ရပ်နေလိုက်"

မပြေးသာတော့မှ ဖိုးသားလေး က ခြေစုံရပ်၏။ ဆံပင်ညှပ်မခံခဲ့သဖြင့် ရွှေသို့ရောင်ခပ်တွန့်တွန့် ရှည်နေသောဆံပင်တွေက စုတ်ဖွားဖွား ဖြစ်ချင်နေပြီ။

ဂျင်းဘောင်းဘီရှည်လေးက ခြေဖျားလေးတွေ မပေါ်တပေါ်နှင့် ဖနောင့်နဲ့ ခြေဖမိုးလေးတွေပေါ်မှာ ပုံကျနေ၏။

စပို့ရှပ်၏ကော်လံကြယ်သီးလေးတွေ ပြုတ်နေသဖြင့် ပခုံးစွန်းလေးတစ်ဖက်ပေါ်နေပုံက ဖရိုဖရဲဆန်နေသည်။

သားလေး၏ပုံစံသည် အဆော့သန်သော ကလေးပုံပေမယ့် အခြေအနေတွေ ဖြစ်နေပုံအရ လူဆိုးလေးနှင့် တူနေ၏။





ထိုပြင် ရန်လိုစွာ ပြန်လှည့်လာသည့် မျက်နှာလေးမှာ မျက်လုံးအစုံက စူးစူးရဲရဲ ...။

သားအဖနှစ်ယောက် ရင်ဆိုင်ရပ်မိကြတာက နွေးထွေးမှုတွေနဲ့ မဟုတ်ဘဲ သမင်ခြေလှမ်း ကျားတစ်လှမ်းလို ...။

"ဖိုးသား .."

ဦးစီး က ဖိုးသား ရှေ့မှာ ခဏရပ်လိုက်ပြီးမှ ခြေဖျားထောက်ထိုင်လိုက်ကာ ...

"မင်း ဘာလုပ်ထားလဲ သိလား .."

"ဘာမှ မလုပ်ရသေးဘူး"

"ဘာပြောတယ်.."

"မမေးနဲ့"

"ဟိတ် .."

ဖိုးသား က ဘုဆတ်ဆတ်ပြောပြီး လှည့်ထွက်သွား၏။ ဦးစီး က ဖျတ်ခနဲ ဖမ်းဆွဲလျှင် လက်ပြန်ဝှေ့ရမ်းလိုက်သည့်အားက ရန်းဘနဲ့ မတူ...။

ထိုလက်ကိုရှောင်၍ လက်ကောက်ဝတ်ကလေးကို ဦးစီး က မိမိရရ ဆုပ်ကိုင်ကာ ...

"ဖိုးသား .. မင်း ငါ့ကိုကြည့်စမ်း"

"မကြည့်ဘူး .. လက်ကိုလွှတ်နော်"

"မင်း မိဘမှန်းမသိ ရန်သူမှန်းမသိ .. ကြာလေ အပြစ်တွေတိုးလေ ဖြစ်လာလိမ့်မယ် ..၊ ပြောတာကို နားထောင်စမ်း"

"ဟင့်အင်း .. ဟင့်အင်း"

ဖိုးသားလေးက တွင်တွင် ခေါင်းခါနေသည်။

"တောက်!.. မင်း .."



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုး အတင်းအကျပ် ဖိဆုပ်ထားလိုက်ပြီး တက်ခေါက်မိ
ပယောဂဆရာလို တုတ်တစ်ချောင်းနဲ့ 'ထွက်စမ်း .. ထွက်စမ်း' ဆိုပြီး
လိုမ့်ရိုက်ပစ်ချင်လာသည်။

ဒါပေမယ့် ဖြစ်နေရတာက ကိုယ့်သားထွေးရဲ့ မျက်နှာ ..။

"သား .. ဒီမှာ ဖေကြီးကို ကြည့်စမ်း .."

"မကြည့်ချင်ဘူး ..၊ လွှတ်ပေး .. လွှတ်ပေး .."

"ဟိတ် .. တိတ်စမ်း၊ မင်း .. မင်းကို ဖေကြီး ရိုက်မိတော့မ
နော်"

"ဟင့်အင်း .. လွှတ်ပေး"

"တောက်! .. ကွာ"

ရုန်းနေရင်း ခြေထောက်နဲ့ပါ ကန်ကျောက်လာသဖြင့် ဦးစိုး
ဒေါသဖြစ်ဖြစ်နှင့် လက်ကို တအားလွှဲလိုက်၏။

သို့သော် တွန့်ခနဲ ငြိမ်ကျသွားကာ မော့ကြည့်လိုက်သည့် မျက်
ဝိုင်းလေးတွေကြောင့် လက်က လေထဲမှာပဲ ရပ်၏။

ထိုစဉ် ...

"မလုပ်ပါနဲ့ .. ကလေးကို မရိုက်လိုက်ပါနဲ့ သားရယ် ..."

ဒေါ်ဖြူဖြူ အပြေးတပိုင်း ရောက်လာ၏။ ဖိုးသားလေးသည်
ဘွားအေကို မြင်လိုက်ကာမှ ဟီးခနဲ ငိုချလိုက်ပြီး ...

"သားသား ကြောက်တယ် .. သူ့ကို မချစ်ဘူး ...၊ ဟီး .. ဟီး"

ဒေါ်ဖြူဖြူ ကလေးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ဖက်ထားကာ အ
တိတ်အောင် ချော့၏။

လူကလည်း ကျန်းမာရေး သိပ်မကောင်း .. ကလေးကလည်
ဟိုတုန်းကလို ရင်ခွင်ပိုက်အရွယ်လေး မဟုတ်တော့ ဆွဲလွှဲပွေ့လိုက်ချ
ပေမယ့် မတတ်နိုင်တော့ပါ။





ကလေးကို မတ်တတ်ကနေပဲ ပွေ့ပိုက်ချော့နေမိ၏။ ပြီးတော့
ိုးစိုး လက်ထဲ ထည့်ပေးလိုက်ရသည်။

"ကလေးကို ကစားစရာတွေ အကုန်ထုတ်ပေးပြီး နေအောင်ထိန်း
မ်း"

"ဟုတ်ကဲ့"

သမက်ဖြစ်တဲ့သူကို ပြန်ရှာတော့ ဝရန်တာမှာ စီးကရက် လက်
ကြားညှပ်ပြီး ထိုလက်နဲ့ပဲ တန်းမှာပြန်ထောက်၍ ကျောပေးရပ်နေတာ
ကို မြင်လိုက်သည်။

"သားရေ .."

ခေါ်လိုက်မှ လှည့်ကြည့်ပြီး စီးကရက်ကို တန်းမှာဖိချေပစ်၍ ...

"ပြောလေ အမေ"

"မြေးလေးကို သည်းခံပါ သားရယ် .. တို့တွေကို ဘယ်လောက်ပဲ
ဒုက္ခပေးနေနေ မြေးလေးက တို့မြေးလေးပါ .. တိုင်ပိုးထွက်အောင်
ုးပေါက်ထဲကို မီးစာထည့်သလို ဖြစ်နေပါ့မယ်ကွယ်"

"အဲဒါ .. ကျွန်တော် သိတယ် အမေ ..၊ ကျွန်တော့်ကို ဒုက္ခပေးနေ
ုန်းက သူလည်း ကလေး၊ ကျွန်တော်လည်း ဂရုမစိုက်လို့ ရတယ်၊
ခု သူ အသိဉာဏ် ရှိနေပြီ"

"ဒါပေမယ့် သူ့ရဲ့စိတ်က .."

"ဘာကြောင့် ဖြစ်နေနေ .. ဒီည ခုလိုဖြစ်သလိုမျိုး နောက်ထပ်ဖြစ်
လာရင် ဘယ်လိုလုပ်မလဲ ..၊ လက်သည်းနဲ့ကုတ်တာ ပန်းအိုးနဲ့ပစ်တာ
တွေက ပြဿနာမရှိခဲ့ပေမယ့် အသက်အန္တရာယ်ဖြစ်စေတဲ့အထိ ခဏ
ခဏ ကြုံလာရင် ဘယ်လို ကာကွယ်ကြမလဲ ..၊ ပြီးတော့ ဒီည က
သူနဲ့ အမြဲအတူရှိနေတဲ့လူ သူတို့နှစ်ယောက်တည်း နောက်နေ
ိတ်ချထားဖို့ရော ဖြစ်နိုင်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးတွေ ထိဆက်မတတ် ကုတ်ချီလျက် နီမြန်းနေသည့် မျက်နှာကို ကြည့်ကာ ဒေါ်ဖြူဖြူ နားလည်နေသည်။

ကလေးနဲ့ပတ်သက်ပြီး သူ့ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်တုန်းက အကျယ်တဝင့် မပြောခဲ့တဲ့သူပါ။

ခုကျမှ ပြောလာတာတွေကလည်း မှန်နေသည်။

သို့သော် ...

"ဟုတ်ပါတယ် .. ဒါပေမယ့် အမေတို့တတ်နိုင်တဲ့ဘက်က လုပ် ပဲ ရှိတော့တယ်လေ ...၊ အဲဒါကို ပြီးဆုံးအောင် လုပ်ကြမယ်၊ ဒီနည်း ဟုတ်မဟုတ် သိရတော့မှ နောက်ထပ် စဉ်းစားကြတာပေါ့ကွယ်၊ သား စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ .. သမီးကလည်း သူ့သားလေးကို စိတ် လို့ သတိရလာတာနဲ့ တန်းပြောတယ် ...၊ 'ကိုဦး နဲ့ သားဆီကို သွား ကြည့်ပါဦး၊ ကလေးကို သူ ဒေါသထွက်နေတာ သမီး သိတယ်'တဲ့ အားလုံး မေတ္တာမပျက်ကြမှ ရန်သူကို အောင်နိုင်မှာပေါ့၊ မေတ္တာထား တာ ဘယ်တော့မှ အလကား မဖြစ်ဘူးလို့ မေမေ ယုံကြည်တယ်"

ဦးစီး အသံတိတ်နေပေမယ့် မျက်မှောင်ကုတ်ထားတာက မပြေ-

"မေမေ နောက်ဆုံးပတ် အစီအစဉ် ပြန်စမယ်"

ဦးစီး မျက်နှာ ဖျတ်ခနဲ လှည့်လာ၏။

"ဒါ ပြီးသွားရင် အလုပ်တစ်ခု အောင်မြင်သွားမယ်၊ ပြောင်းလဲ ရှိမရှိ သိရမယ်၊ ကြားထဲမှာ လတွေခြားပြီး အစီအစဉ် မပြီးနိုင်တာ ဒါတွေ ပိုဆိုးလာတာလားလို့ စိတ်ထဲမှာ စိုးထိတ်နေတာတွေလည်း ပြေတာပေါ့"

"အမေနဲ့ ဖြစ်မှာမဟုတ်ဘူး အမေ..၊ ဖိုးသား အရမ်းဆိုးနေတာ"

"ဖြစ်ပါတယ် .. မြေးလေးက မေမေ့မြေးလေး ...၊ မေမေ့မေတ္တာ အနိုင်ယူနိုင်မှာပါ"





ဒေါ်ဖြူဖြူ ကျန်းမာရေးမကောင်းသည့်ကြားက စွန့်စားဖို့ ဆုံးဖြတ်တာကို သူ သိနေသည်။

တစ်စုံတစ်ရာအတွက် စိုးရိမ်မိသော်လည်း တားလို့ရမှာ မဟုတ်တာကိုလည်း တွက်မိ၏။

ဒီည ကလည်း ဆေးရုံမှာ ဒဏ်ရာအပြင်းအထန်နှင့် လဲနေတာ တောင် ကလေးကို စိုးရိမ်နေတာမို့ အစီအစဉ်ကိစ္စကို သဘောတူ ကျေနပ်မှာပဲ ဖြစ်သည်။

ဦးစီး ခေါင်းထဲမှာ ချည်ခင်ထွေးကြီးတစ်ခုလို ရှုပ်ထွေး ကျစ်ခဲနေ၏။

ပြဿနာပေါင်းများစွာကို သူ ကျော်လွှားဖြတ်သန်းနိုင်ခဲ့သည်။ လွယ်တာရှိသလို ခက်တာလည်း ရှိပေမယ့် အောင်မြင်ခဲ့သည်သာ...။

ခုကျမှ ဘယ်ကအစဆွဲထုတ်ပြီး ဘယ်လို အဆုံးသတ်ရမည်မှန်း မသိ။

တကယ်ပဲ အဖြေမရှိသည့်ပုစ္ဆာမျိုး ရှိနေတတ်သည်ဆိုရင်တောင် သူ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၇ )

"ဒီညဲ ဆံပင်တွေ တော်တော်ရိတ်ပစ်လိုက်ရလားဟင် ..၊ တော်တော် ကြည့်ရဆိုးသွားလား"

"မဆိုးပါဘူး .. မင်းက ဘယ်လိုနေနေ လှနေတာပဲ"

မကျေနပ်သည့် မျက်ခုံးလေးတွေ တွန့်ကုတ်သွားတော့ ဦးစီး က ပြုံး၍ ...

"တကယ်ပြောတာပါ .. မင်းရဲ့ဆံပင်တွေ အလှပျက်မကုန်အောင် သေချာလုပ်ပေးဖို့ ဒေါက်တာ့ကို ကိုယ် ပြောပြထားတယ်"

ယုံတော့ ယုံလိုက်ချင်သည်။ ယုံချင်စရာမကောင်းတော့ နှုတ်ခမ်းက မဲ့တဲ့တဲ့လေး ဖြစ်သွား၏။

"သူများတွေလို တမင်ဖြောင့်ထားတာ မဟုတ်ဘဲ စင်းပျော့နေတဲ့ မင်းရဲ့ဆံပင်တွေကို ကိုယ်လည်းသဘောကျတယ်၊ အဲဒါကြောင့် တကယ် နှမြောမိတဲ့စိတ်ရင်းနဲ့ ဒေါက်တာ့ကို ပြောခဲ့တာပါ.. မယုံလို့လား"

"ရှင်က ယောက်ျားဖြစ်ပြီး ဆံပင်ဖြောင့်ထားလား မထားလား ဘယ်လိုလုပ် သိလဲ"





ဦးစီး က အိပ်ရာပေါ်မှာ စိမ်းနုရောင်ဂါဝန်ပျော့ပျော့လေးနှင့် ပုံ့ပုံ့နွဲ့နွဲ့လေးထိုင်နေသည့် ဒီည ကို စိုက်ကြည့်နေပြီး တော်တော်နဲ့ မဖြေ..။

ပြတင်းပေါက်ကနေ ဝင်နေသည့် ညနေဆည်းဆာရဲ့ လွှမ်းခြုံမှုကြောင့် ခြယ်သမထားသည့် မျက်နှာပြောင် နုနုလေးကို ရွှေရည်သွန်းဆစ်ထားသလို ဖန်ဆင်းနေသည်လား မသိ..။

ပါးပြင်ညက်ညက်လေးတွေက မြကြောရှိန်းရှိန်းနှင့် စိမ်းနုဝင်းနှစ်နေ၏။ မျက်ခုံးလေးတွေလည်း ထင်းနေကာ နှုတ်ခမ်းသားလေးတွေ အရောင်ဖျော့နေပေမယ့် ပုံကျလှပနေဆဲ ..။ သူ ကြည့်နေတာကို ပြန်ကြည့်ပြီး ဒီည မျက်နှာလွှဲပစ်လိုက်ကာမှ သတိရကာ ...

"ကိုယ် သိတာက မြင်နေရလို့ပါ ..၊ အလှပြင်ပေမယ့် ဆံပင်ကိုင်း ဂရုစိုက်နေတာမှ မဟုတ်တာ၊ ပြီးတော့ မှန်တင်ခုံပေါ်က မင်းသုံးတဲ့ပစ္စည်းတွေကို ကြည့်လိုက်တာနဲ့ သိသာနေတယ်"

"ဒါတွေလည်း နားလည်နေတာပဲလား"

"ဟွန့် .."

ဦးစီး က ထိုင်နေရင်းကနေ မတ်တတ်ရပ်လိုက်ပြီး ဟွန့်ခနဲ ပြုံးသည်။ ပြီးတော့ ဆောင်နေကျပစ္စည်းတို့က အဆင်သင့်မို့ သူ့လက်ကြားမှာ စီးကရက်က မီးခိုးလွှန့်လွှန့်နှင့် မြန်မြန်ဆန်ဆန် နေရာယူ၏။

စကားတစ်ခွန်း ပြောခါနီးတိုင်း တော်တော်နှင့် လိုရင်းမရောက်တာကို ဒီည အမုန်းဆုံး၊ သူ့စကားတစ်ခွန်းက ရွှေစင်တစ်ပိဿာလောက် တန်ဖိုးကြီးနေသလား ..၊

"မသိတာတွေ များနေရင် အေးဂျင့်တစ်ယောက်အတွက် နေရာရှိမှာ မဟုတ်ဘူး ..၊ တရားခံကို ခြေရာခံနိုင်ဖို့အတွက် တစ်ခါတလေ ကိုယ်တိုင်တရားခံဖြစ်အောင် ခိုးရတယ် .. မိုက်ရတယ် ..၊ မိန်းမနဲ့ တော်သက်ဖို့ အမိကဖြစ်နေရင်လည်း အမိကကို ရှောင်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ! ..."

ဒီညု အသံစူးစူးလေးနှင့် ဖျတ်ခနဲ လှည့်လာသဖြင့် ပါးရိုးနားက စတက်ပုံစံ ဆံစလေးတွေ ဝေ့ခနဲ ခါသွားသည်။

"မိန်းမဆိုတာ ဘာလဲ ..၊ ဘယ်မိန်းမနဲ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဟုတ်လား"

"ဟုတ်တယ် .. လိုအပ်လာရင် ပြောတာပါ ..၊ အဲဒါကြောင့် သက်လုံကောင်းဖို့ရော ကိုယ်နဲ့ပတ်သက်တဲ့ အရိပ်ကြောင့် အန္တရာယ်ရှိနိုင်တာတွေအတွက် အားလုံးပေါ့၊ အေးဂျင့်တွေကို လက်ထပ်ခွင့်ကာလ သတ်မှတ်တာမှာ လစ်မစ်ရှိတယ်၊ တကယ်တော့ .. အနှောင်အဖွဲ့ဆိုတာ မရှိခဲ့ရင် အကောင်းဆုံးပါပဲ"

"ဘယ်လို!.."

ကိုယ်ကပဲ နားမလည်တာတွေ များနေလို့လား .. သူပြောတာတွေက မရှင်းမရှင်း ဖြစ်နေတာလား။ ဒီညု တစ်ယောက်တည်း 'ဘာ'တွေ 'ဘယ်လို'တွေနှင့် ရှုပ်နေခဲ့၏။

"ကိုယ်က အခွင့်အရေးရတဲ့အတိုင်း လူကြီးတွေ စီစဉ်တာကို လက်ခံခဲ့တယ်၊ တကယ်တော့ အိမ်ထောင်ရေးဆိုတာ အဲဒီလောက် ပေါ့ပျက်သင့်တဲ့အရာ မဟုတ်ဘူး၊ လွင် ရှိနေတဲ့အချိန်တုန်းက ကိုယ် ဒီလို အလုပ်အကြောင်းတွေ ပြောဖြစ်ခဲ့မယ်ဆိုရင် သူ ကိုယ့်ကို ... ကြည်မှုလျော့သွားမလား .. နားလည်ပေးနိုင်စွမ်းတွေ မဲ့ကုန်မလား ပြောင်းလဲမှုတစ်ခုခုတော့ ဖြစ်သွားမယ်ထင်တယ်"

ဦးစီး က မတ်တတ်ကနေ စီးကရက်ရှိုက်လိုက် မှုတ်ခမ်းတွေ... ခပ်ဖြည်းဖြည်း မှုတ်ထုတ်လိုက်နှင့် မီးခိုးဖြူနုနုတို့ကြားမှာ မျက်လုံး အစုံက ရူးရဲနေ၏။

"မင်းမျက်နှာပေါ်က ပြောင်းလဲမှုတွေကို မြင်လိုက်ရမှ ကိုယ်တွေ





မိသွားတာ..၊ လွင် နဲ့ ဒါတွေ မပြောဖြစ်ခဲ့ပေမယ့် တမင်တကာ ထိမ်ချန်ထားခဲ့တာတော့ မဟုတ်ဘူး၊ လိုလည်း မလိုအပ်ဘူးလို့ ထင်ခဲ့တာလေ၊ ကိုယ့်အပေါ်မှာ လွင် ဒီလိုမေးခွန်းတွေလည်း မမေးခဲ့ဖူးဘူး၊ မရင်းနှီးကြတာလား .. ကိုယ့်အပေါ် အစစအရာရာအတွက် နားလည်နေခဲ့တာလား မသိပေမယ့် ကိုယ်လည်း မပြောဖြစ်ခဲ့ပါဘူး"

"ကျွန်မတော့ နားမလည်နိုင်ဘူး .. သိထားသင့်တယ်ထင်ရင် မေးမှာပဲ"

ဒီညု မေးဖျားလေးပင့်၍ မထီတထိပြောတာကို ဦးစီး က ပြုံးသည်။ ပြုံးတာကိုပဲ မကျေနပ်သည့်မျက်စောင်းတစ်ချက်နှင့် ပစ်ခတ်သွားခဲ့ပြီး ...

"ရှင့်ဟာရှင် ဘယ်လိုအရေးပါတဲ့ပုဂ္ဂိုလ် ဖြစ်နေနေ အဲဒီပုဂ္ဂိုလ်ရဲ့ ဇနီးဟာ ဇနီးတစ်ယောက်အခွင့်အရေးရှိတဲ့အတိုင်း ချုပ်ကိုင် ပိုင်စိုးခွင့်ရှိတယ်၊ အခု ကျွန်မက ရှင့်ကိုမေးရင် ရှင် မညာဘူးလို့ ယုံကြည်တယ် ဖြေမှာလား .."

သူက ပြုံးနေဆဲမျက်နှာနှင့် ခေါင်းညိတ်၍ ..

"မေး .."

"ရိုင်းသွားရင်တော့ ဆောရီးပဲ၊ ရှင်က မမနဲ့ လက်မထပ်ခင်ကတည်းက အလုပ်ကိစ္စဆိုတဲ့ ခုနကလို မကင်းရာမကင်းကြောင်းတွေ ရှိနေခဲ့တာလား"

"ဘာလုပ်ဖို့လဲ၊ ပြီးခဲ့တာတွေ ကိုယ် စိတ်မဝင်စားဘူး"

"မေးတာကို ဖြေပါ၊ ကျွန်မက ရှင် စိတ်ဝင်စားတာတွေ မေးနေတာမှ မဟုတ်တာ၊ အလုပ်ကြောင့်ဖြစ်ဖြစ် ချော်လဲရောထိုင် ကျေနပ်ခဲ့တာဖြစ်ဖြစ် ဒါကို ဖုံးကွယ်ခဲ့တာ ရှင် မရိုးသားလို့ပဲ"

"ကိုယ် ဘာမှမပြောရသေးဘဲ စီရင်ချက်ချမယ့်ပုဒ်မတွေ မင်းက

www.burmeseclassic.com



ကြေညာနေတော့ ကိုယ့်ဘက်က ညာဖို့ အဆင်သင့်ဖြစ်နေမှာပဲလေ၊ ဘာဖြေဖြေ မင်း ယုံမှာလား ..''

ဒီညှ က 'ဒီလောက်ထိ မညှံ့သေးဘူး'လို့ ပြောနေသည့် မျက်ဝန်းလေးတွေနှင့် မဲ့သည်။

''ရှင့်ကို ယုံကြည်တယ်လို့ ပြောပြီးပြီပဲ၊ တကယ် မျိုးစေ့မှန်ရင် အပင်သန့်ပါတယ်၊ ဘူးပင်က ဖရုံသီး သီးပါ့မလား''

'မျိုးစေ့မမှန် ပင်မသန့်'မဖြစ်ဖို့ ဘူးသီးကြီး ဆန်ကောလောက် သီးပြမှ ဖြစ်တော့မှာမို့ 'ပွန့်ခနဲ' ရယ်မိတဲ့အထိ ..။

''အလုပ်သဘော ဒီလိုရှိတတ်တဲ့အကြောင်းတွေ မင်းနဲ့ စကားလမ်းကြောင်းသင့်လို့ ပြောပြတာ၊ ကိုယ့်မှာ မကင်းမရှင်းတာ ဘာမှမရှိခဲ့ဘူး''

ပြောခဲ့တဲ့အတိုင်း ချက်ချင်း ကျေနပ်သွားသည့် မျက်နှာလေးနှင့် ဒီညှ မျက်နှာလွှဲ၏။

''ဒဏ်ရာကို ဆေးထည့်ရအောင်၊ တော်ကြာ အမေလာရင် ကိုယ်တိုင် လုပ်ပေးနေလိမ့်မယ်''

ခေါင်းက မကျက်သေးသည့်ဒဏ်ရာကို ဆေးထည့်နေရသည်။

ခြေထောက်တစ်ဖက် ကောင်းကောင်း မထောက်နိုင်သေးတော့ အချိန်မှန် ဆေးလိမ်း ဆေးသောက်နှင့် လမ်းလျှောက်ကြည့်ရတာတွေလည်း ရှိ၏။

ဖေဖေက အစတည်းက သားသမီးနဲ့ ပရောပရီနေတဲ့သူ မဟုတ်သလို မေမေနဲ့ လမ်းလျှောက်တော့လည်း လူကြီးမို့ အဆင်မပြေ..။

ဒီညှ သူနဲ့လည်း မိုတွဲပြီး မလျှောက်ချင်တာ အမှန်ဝင် ..၊ သူက ဂရုတစိုက် တွဲကူဖေးမတာဆို တော်သေးသည်။ လူချင်း ခပ်ခွာခွာနေကာ လက်မောင်းလေးကိုင်ရုံ၊ လဲကျမသွားအောင် ထိန်းပေးရုံလောက်





နှင့် သူမမှာ အဆင်မပြေ။ တစ်ခါတစ်ခါ လှမ်းနေရင်း မချိမဆန့်နာကျင်ကာ တစ်ကိုယ်လုံး ပြိုလဲမတတ် ဖြစ်တတ်တာတွေ ရှိသည်။

ဖြစ်ပြီဆိုမှ သူ ဖမ်းဆွဲ ထိန်းချုပ်လာလျှင် ကိုယ့်အတွက် အားမဖြစ်စေဘဲ နာကျင်မှုတစ်ခု ထပ်တိုးသွားတာပဲ ရှိသည်။

ဘာကြောင်းလို့လဲ ..၊ တစ်ခါတလေ 'ဒီလောက်ထိ လူကြီးဆန်ရသလား' 'ရှင့်မှာပဲ သိက္ခာမာနတွေ ရှိနေသလား'လို့ မေးမေးပြီး စိတ်ရှိလက်ရှိ တွန်းထိုး ကုတ်ဖဲ့ပစ်ချင်မိသည်။

''မင်း ဒီနေ့ လမ်းမလျှောက်ရသေးဘူးမို့လား''

ဆေးထည့်ပေးနေရင်း မေးတော့ ဒီညှ မျက်နှာငုံ့ချပေးနေလျက် ခေါင်းခါ၍ ...

''မလျှောက်တော့ဘူး ..''

''ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ဘူး''

သူက လက်ပြန်ရုတ်လိုက်ပြီး ဒီညှ မျက်နှာလေး ဆံပင်တွေနဲ့ ကွယ်နေတာကို ငုံ့ကြည့်ကာ ...

''တော်တော် သက်သာနေပြီမို့လား၊ ဆက်လျှောက်ကြည့်လေ''

''မလျှောက်ချင်လို့ပါဆိုမှ .. ရှင် ပြီးပြီလား''

''မပြီးသေးဘူး၊ ဆံပင်ငုတ်စလေးတွေ ထပ်ထွက်နေတော့ ဆေးထည့်ရတာ ခက်တယ်၊ နည်းနည်းညှပ်ပစ်မှ ဖြစ်မယ်''

''ဟာ!... မညှပ်နဲ့ .. မညှပ်နဲ့၊ ထားလိုက်တော့''

ဒီညှ က ခေါင်းလေးတိမ်းကာ သူ့လက်ကိုပါ ဖယ်ချပစ်လိုက်၏။

''ဆံပင်ပြန်ပေါက်လာတာကို ညှပ်ပစ်ရမှာလား၊ ဒဏ်ရာက သက်သာနေပြီဥစ္စာ၊ ဒီလောက် လုပ်ဖို့ မလိုတော့ပါဘူး''

''လိုလို့ပြောတာပေါ့ကွ..၊ ဆေးတွေနဲ့ လူးပြီး ညစ်ပတ်နေဘာငဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ အဲဒီဆံပင်ငှက်တို့တွေ ဘယ်လောက်ထိ သန့်စွမ်းလာမှာလဲ"

ပြောနေရင်း ကတ်ကြေးကို ယူပြီးသားဖြစ်လျက် ဒီညှ လက်မောင်းလေးတစ်ဖက်ကိုပါ ဖိဆွဲထားကာ ...

"နောက်ထပ် တစ်ပင်မှ မပါစေရဘူး၊ ငြိမ်ငြိမ်လေး နေ"

"ရှင်နော် .. ရှင့်လက်ကို ပြ၊ ဆံပင်ရှည်တစ်ချောင်း ပါလာလို့က တော့ ဒီညှ အကြောင်း သိမယ်"

"သိပြီးသားပါ"

ပြောပုံက ရယ်ကြဲကြဲလေသံနှင့် ...၊

ဒီလူ မထိတထိရယ်လျှင် ခံပြင်းဖို့ အကောင်းဆုံးမျက်နှာလို့ တောင် နှုတ်ခမ်းစည်း ကပ်ပေးလိုက်ချင်သည်။ စကားပြောတော့ နားဝင်မချို၊ မျက်နှာက ချစ်ခင်နှစ်လိုဖွယ် မရှိ ...။

"မင်း ငါ့ကို တော်တော် မေတ္တာထားနေပုံရတယ်၊ ဟုတ်လား"

အတွေးနောက် လူက ပျော်ဝင်ကာ ဒီညှ နှုတ်ခမ်းလေး ခဲသိမသာ မဲ့သွားမိစဉ် ဦးစီး က အမိအရ ဖမ်း၏။

"ဆိုးတော့ မဆိုးပါဘူး၊ ငါကလည်း ချစ်နေကြတာထက် မုန်းနေရင်း ချစ်ဖို့ကြိုးစားရတာကို ပိုစိတ်ဝင်စားတဲ့လူမျိုး ထင်တယ်"

"ဘာ!..."

"မင်းနားမှာ ရှိနေတဲ့အချိန်တွေမှာ ငါ ကျေနပ်နေတယ်"

ရင်ထဲမှာ ဒိတ်ခနဲ တစ်ချက်ခါ၏။ သူ့ပါးစပ်ကနေ 'ကိုယ်'ဖြစ်လိုက်၊ 'ငါ'ဖြစ်လိုက် ပြောင်းလဲသွားတတ်ပေမယ့် စကားလုံးတိုင်း၏ အတက်အကျက အချစ်နယ်လွန်တာ မရှိ၊ အမုန်းဘက်ကို နွယ်တာမျိုးလည်း မရောက် ...။

သူ တည်ငြိမ်နေတာတောင် ကိုယ်က ဘာဖြစ်လို့ မငြိမ်သက်နိုင်ခဲ့တာလဲ ..၊ ဒီညှ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင် ...။ ရင်ထဲမှာ မကျေ





နပ်စရာ ကြားလိုက်တာနှင့် ဒေါသဖြစ်သည်။ မုန်းဖို့ကောင်းလိုက်တာလို့ တိတ်ဆိတ်စွာ ရေရွတ်တာလည်း ခဏ ခဏ ...။

ဒီလိုတွေ ဖြစ်နေသားနဲ့ သူ့စကားတွေကြောင့် ရှက်တတ်နေတာ ဘာဖြစ်တာလဲ..၊ တုသံမတ်တည်းမဲ့သွားဘဲ လှုပ်ရှားလွယ်တာကို ဘယ်လို ရိုက်နှက် ဆုံးမရမှန်း မသိ ...။

"ဒီညှ .."

"ဟင်!.."

ထူးဖို့ရည်ရွယ်တာ မဟုတ်ဘဲ ချက်ချင်း ထူးလိုက်တော့ ဒီညှ မျက်နှာကို စိုက်ကြည့်ပြီး သူက ပြုံးတော့မလို့နှင့် ပင့်သက်ရှိုက်၏။

"လမ်းလျှောက်မယ်လေ"

သူက ဆေးဝါးပစ္စည်းတွေကို စားပွဲပေါ်မှာ ဒီတိုင်း တင်ထားလိုက်ပြီး အဆင်သင့် မတ်တတ်ရပ်စောင့်၏။

"မလျှောက်ချင်ဘူးလို့ ပြောနေတာ ရှင် မကြားဘူးလား"

"မလျှောက်ချင်လည်း လျှောက်လိုက်ပါ၊ ကိုယ်တို့ စကားပြောရအောင် .. လာပါ"

သူ လက်လှမ်းတော့ လက်ကိုထည့်ပေးလိုက်မိသည်။ ပန်းနုရောင်ဆောင်းဘီရှည်ပွပွ အင်္ကျီလက်ပွ ခါးပွလေးနှင့် ဒီညှ က မတ်တတ်ရပ်ပြီးမှ မျက်နှာလေးမော့၍ ဆံပင်တွေကို လက်တစ်ဖက်နဲ့သိမ်းဖယ်သည်။

ခေါင်းမှာ ဒဏ်ရာ မရှိခင်ကတော့ မျက်နှာမော့ ခါပစ်လိုက်တာနှင့် ဆံပင်တွေက ရှင်းပြီးသား ဖြစ်သွားတာမို့ အကျင့်ဖြစ်နေသည့် ခေါင်းကို မခါမိဖို့ တော်တော် သတိထားရသည်။

အပြင်ကို အတူတူ ထွက်လာကြတော့ သူက ဒီညှ ကို လက်မောင်းလေးတစ်ဖက်ကနေ ဖေးထိန်းထားလျက် ...

"မင်းကို ပြောစရာရှိတယ်"

www.burmeseclassic.com



"ဘာလဲ .."

"ကိုယ် ခရီးသွားရဖို့က အရမ်းနီးနေပြီ၊ ကိုယ့်အလုပ်မို့ ရွှေ့ဆိုင်းထားလို့ရပေမယ့် ကြာကြာတော့ မရဘူး"

"သွားပေါ့"

ဒီညု မျက်နှာလေး တင်းသွားသည်။ သိနေသားပဲ ဘာဖြစ်လို့ မသွားသေးတာလဲလို့တောင် တွေးမိနေသေးသည်။ နေဦးစီး ရဲ့ရာဇဝင်မှာ အလုပ်အတွက်ဆို နောက်ဆံတင်းခဲ့ဖူးတာ မရှိ။ မေမေနဲ့ မမတို့ ပါးစပ်ထဲမှာ ပြောနေတာတွေ နားရည်ဝခဲ့တာ ဟိုတုန်းတည်းက..

ပြန်လာပြီဆို ဘယ်နေ့ထိ နားခွင့်ရသည်၊ ဘယ်တော့ ပြန်သွားမည်ဆိုတာ ဘယ်တော့မှ ကြိုပြောခဲ့တာ မရှိ၊ 'ကိုယ် ခရီးထွက်ရဦးမှာ' လို့ ပြောပြီဆို မိုးလင်း မိုးချုပ် ဘယ်အချိန်ဖြစ်ဖြစ် ဘယ်မျက်နှာ ဘာဖြစ်ကျန်ခဲ့ကျန်ခဲ့ နေဦးစီး တို့ အရိပ်လို ပျောက်သည်။

ပြန်လာပြီဆိုရင်ရော သူလာတော့မည်လို့ ကြိုသိရတာ ဘယ်တုန်းက ရှိလို့လဲ၊ ဒါမျိုးတွေကို မေမေတို့က ကျေနပ်နိုင်ခဲ့သည်။ မမ နားလည်ပါသည်တဲ့။ သူမကတော့ ဒီလိုဖြစ်မပေးနိုင်တာ သေချာပြီ သားပါ။ ဒီနေ့ထိ သူနဲ့ကိုယ် ကင်းရှင်းခဲ့ကြတာ မဟုတ်လျှင် --

မမက သူ့ကိုချစ်သလိုမျိုး ဒီညု သူ့ကို ချစ်ခဲ့မိပြီဆိုလျှင် ပြဿနာမျိုးဟာ ယခင်နည်းများအတိုင်း လွယ်လင့်တကူ ပြီးပျောက်သွားဖို့ မလွယ်ဘူးဆိုတာ ကိုယ့်ဘာသာ သေချာနေခဲ့လျက် ...

"ရှင်လည်း ရှင်ရဲ့ လုပ်ထုံးလုပ်နည်းများတိုင်း လုပ်၊ ဒီညု ကို ကိစ္စ အထူးတလည် ပြောပြနေဖို့မလိုဘူး၊ စိတ်မဝင်စားကြတဲ့သူချင်း"

"မင်း စိတ်မဝင်စားတာ ကိုယ် သိပါတယ်၊ ဒါပေမယ့် ပြော ချင်နေလို့၊ ပြီးတော့ တောင်းဆိုဖို့ ရှိသေးတယ်"

သူ ခြေလှမ်းရပ်လိုက်တော့ သူ တွဲကိုင်ထားသည့် ဒီညု ပါ အတူရပ်လိုက်ရသည်။ မော့ကြည့်လိုက်သည့် ဒီညု မျက်ဝန်းလေးတွေကို သူက စိုးမိုးကြည့်နေကာ ...





"မင်းတို့သားအမိကို ကိုယ်ခေါ်သွားချင်တယ်၊ လိုက်နိုင်မလားတာ"

"ဘယ်လို!.."

"ဘာလိုလိုတွေ ရှုပ်ထွေးနေတဲ့ ဒီအရပ်ဒေသကနေ အဲတောင် ခေါ်ထုတ်သွားမယ်ဆိုရင် သားရဲ့အခြေအနေ တစ်မျိုးဖြစ်လာမလားလို့ ကိုယ် တွေးမိတယ်၊ နောက်တစ်ခုက မင်းတို့အစီအစဉ်ပြောကျန်ခဲ့ရင် အဲ့အထိ ကိုယ် စောင့်နေပေးဖို့ အဆင်မပြေဘူး၊ ဒီမှာပဲ ဒီတိုင်းနားခဲ့ပြီဆိုပြီးတော့လည်း ထွက်မသွားချင်ဘူး"

"ရှင် အဲဒီလို သွားနေခဲ့တာပဲ၊ ဘာဆန်းလို့လဲ" ကက်ထိ

"ဟိုတုန်းက ဟုတ်ပေမယ့် အခု မဟုတ်ဘူး ဒီညု၊ မင်း ကိုယ်ရယ် သားရယ် ဒီသုံးယောက်ကို မိသားစုတစ်စုလို့ သတ်မှတ်နေမယ့် သူများမိသားစုတွေလို နှောင်ကြိုးတွေနဲ့ ရစ်ပတ် စုစည်းထားတာ မဟုတ်ဘူး၊ တို့အဖြစ်က ဝါးစည်းတစ်စည်းနဲ့ တူနေတာ၊ အစည်းကို ဖြည်လိုက်တာနဲ့ တစ်လုံးစီ ပြန့်ကြဲသွားမှာ၊ ငါ မင်းကို ချည်နှောင်ဖို့ မကြိုးစားပါဘူး၊ ဒါပေမယ့် ဒီအခြေအနေကနေ ထပ်ပြီး ဆိုးဝါးသွားချင်ဘူး၊ သားရဲ့ ဘာဖြစ်နေမှန်းမသိတဲ့စိတ်ကြောင့် မင်းတို့ကို ဒီတိုင်း အတူတူ မထားခဲ့နိုင်ဘူး၊ အဲဒါ ငါ့ဘက်က မဖြစ်ချင်တာတွေ"

"သားကို ဘာဖြစ်နေမှန်းမသိဘူးလို့ ရှင် ခုထိ ပြောတုန်းပဲနော်"

"ခေါင်းစဉ်တပ်ဖို့ခက်တဲ့ အဖြစ်တွေပါ၊ မင်းတို့ ပြောတာတွေကို နားလည်တယ် .. လက်ခံတယ်၊ ဒါပေမယ့် ငါ ဖြေရှင်းချင်တာ အဲဒီလိုနည်းတွေနဲ့ မဟုတ်ဘူး"

"ဒါဆိုလည်း ရှင် ထင်တာ ရှင်လုပ်လေ.. ကိုယ့်သားရဲ့ ပယောဂ မဆိုင်သလို ဘေးထွက်နေမယ့်အစား စိတ်ပူနေတာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပျာယာခတ်နေတယ်ဆိုရင် ကြားလို့ကောင်းတာပေါ့"

"ကြားကောင်းအောင် လုပ်ဖို့ မလိုဘူး ဒီညု၊ ပြဿနာတစ်ခုကို ထားင့်တဲ့နေရာမှာ ကိုယ့်ရဲ့ပြဿနာကို ကိုယ်ရှင်းနိုင်ဖို့ပဲ၊ လေထဲက တွေကြောင့် ဆုံးဖြတ်ချက်ကို တွေဝေစရာလား..၊ ကိုယ့်အတွက် ခွည်း အထောက်အကူဖြစ်လာမှာ မဟုတ်တဲ့အပြင် မင်းကို မသွားဘဲ မကျကျအောင် တွန်းချမှာ အဲဒီအသံတွေ .."

မှာ အလည် သိတယ် .. အသံတွေကိုပဲ အစိကပြောနေတာ မဟုတ်ဘူး ပါးစပ်ခါးခေါင်းမာတာကို စိတ်တိုနေတာ၊ ဟိုတုန်းကဆို ကလေး ကွေးကတည်းက ရှင့်ကို ဘာတွေ လုပ်ခဲ့သလဲ၊ နောက်ပိုင်း မည်မျှလျှောက်လည်း ရှင်ကိုယ်တိုင်ပဲ ခံလာခဲ့ရတာ၊ အခု ဒီညု ဖြစ်ရ လို့ ညည်၊ ဖိနှိပ်လေ ရုန်းကန်လေသဘောတွေ ရှိလာမယ်ဆိုတာ ဘကျောင်းက ဆရာလေးလည်း ပြောလိုက်တယ်၊ ဒီကြားထဲက ရှင့်ရဲ့ခရီးကို ရှင် သွားဖြစ်ဖို့ ကြိုးစားနေတယ်"

"ခုထိ ကိုယ် သွားဖြစ်ခဲ့သလား .."

"ရှင် ကြိုးစားနေတာပဲလေ၊ ကလေးနဲ့ကျွန်မတို့ ဘာတွေဖြစ် ကျန်ခဲ့ကျန်ခဲ့လို့ သဘောထားနိုင်တာ ရှင့်ခေါင်းထဲမှာ ဘာမှ မထည့် ထားလို့ပေါ့"

"ကလေးကို ကိုယ် ထားခဲ့ဖို့ဆိုတာ မင်းပြောသလောက် မလွယ် ဘူး ဒီညု၊ အဲဒါ ကလေးရဲ့အခြေအနေကို ကိုယ် နားလည်လာလို့၊ အပူးသဖြင့် ကိုယ် မဖြစ်မနေသွားရတော့မယ်ဆိုရင် မင်းကို ခုလိုမျိုး အနာတရ ထပ်မဖြစ်စေချင်ဘူး"

"ဘာ!..."

ဒီညု ကိုယ့်ဒဏ်ရာကို မေ့လျော့ကာ သူ့ဘက်ကို ရင်ဆိုင်ရပ်ဖို့ သတိလက်လွှတ် လှုပ်ရှားလိုက်မိ၏။ ဒူးဆစ်မှာ စူးခနဲ မျက်သွားပြီး





ဘာမှဆက်မပြောနိုင်သေးဘဲ လူက ယိုင်ထွက်သွားသည်။ ဦးစီး က ပခုံးလေးနှစ်ဖက်ကို ဖမ်းဆုပ်ပစ်လိုက်ပြီး ...

"မင်း ကိုယ့်ကိုဆို မကျေနပ်တာတွေပဲ အမြဲတမ်း တွေးနေတာ လား"

"ဟုတ်တယ် .. ဘာဖြစ်လဲ၊ ရှင်ကရော ဘယ်လောက်တောင် ကျေနပ်ဖွယ်တွေ ရှိနေလို့ ဒီလို မေးရဲတာလဲ၊ ဒီမှာ ကိုဦးစီး .. သားကို ရှင် ခေါ်ထွက်သွားဖို့ ဘယ်တော့မှ မစဉ်းစားနဲ့၊ ကျွန်မတို့ ကျန်ခဲ့ရင် ဘာတွေဖြစ်ကုန်ကြမလဲဆိုတာလည်း ရှင် ပူဖို့ မလိုဘူး၊ ထားခဲ့ပြီဆို ရင် လှည့်မကြည့်စတမ်း သွား .."

"သွားလို့ မရလို့ပေါ့၊ မင်း ဘာဖြစ်လို့ ငါ့ကို အဲဒီလောက်ထိ ရှန်လိုနေတာလဲ"

"ဖယ်ပေး .."

သူက ပခုံးတွေကို ဖိဆုပ်လှုပ်ခါနေသဖြင့် ဒီညု က ဖယ်ချပစ်ဖို့ ကြိုးစား၏။ လက်တွေနဲ့ ဖိချ၊ ဘယ်လိုရုန်းရုန်း မရ ..။

"ဒီညု .."

"မသိဘူး .. ရှင့်ကို မပြောချင်ဘူး၊ ဖယ်ပေး .."

ဦးစီး က မလွှတ်ဘဲ ကိုင်ထားလျက် ...

"သားကို ခေါ်သွားမှာရော .. ဒီမှာ မထားခဲ့ချင်တာရော အဲဒါ မင်းအတွက် အများဆုံး စဉ်းစားထားခဲ့တာ"

"မစဉ်းစားနဲ့ .. မလိုဘူး၊ ရှင်က ကျောက်ရုပ်လိုလူ၊ ရှင့်ရင့်ထဲမှာ ကျောက်ခဲသလဲတွေပဲ ရှိတာ၊ ပြောလိုက်သမျှ ရေခဲငွေ့တွေ မျက်နှာနဲ့ နားစည်ကို လာရိုက်ခတ်နေသလိုပဲ..၊ သားကိုတောင် ရိုက်နှက်ဖို့ ကြိုး စားခဲ့တာ အရှမ်းအံ့သြတယ်၊ ရှင် နားလည်တယ်ဆိုတာ ဘာလဲ.. သားက ကျွန်မတို့ရဲ့ သား .. သူ လုပ်ကိုင် လှုပ်ရှားနေတာက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းမိုးနေတဲ့ ဖိစီးမှုကြောင့်..၊ ရိုက်လိုက်ရင် ကလေးပဲ နာသွားမှာကို ရှင် မတွေးတော့ဘူးလား၊ အဲဒီကိစ္စအတွက် ရှင့်ကို ကျွန်မ ကျေနပ်လိမ့်မယ် မထင်နဲ့"

"ကျွတ်!..."

"ဟွန်း .. ရှင့်ရင်ထဲမှာ ဘယ်တော့မှ နွေးထွေးလာမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါက မွေးရာပါ သဘောစိတ်လေ..၊ ရှင့်လိုလူကို လွမ်းစရာ မရှိပါဘူး"

ဒီညှ စိတ်လိုက်မာန်ပါနှင့် သူ့ရင်ဘတ်ကို တွန်း၍ အတင်းရုန်းထွက်လိုက်သည်။ ခြေကို နိုင်ခိုင်ရပ်ကာ ကိုယ့်ခြေလှမ်းခိုင်ဖို့ အသက်အောင့်လိုက်မိ၏။

ဒါပေမယ့် တစ်လှမ်းလှမ်းလိုက်တာနှင့် ဘယ်လိုမှ မဟန်နိုင်ဘဲ ယိုင်သွားသည်။ ဒီတစ်ခါ ဦးစိုး က လှမ်းကိုင်ထိန်းပေးတာ မဟုတ်ဘဲ ဒီညှ တစ်ကိုယ်လုံးကို ရင်ခွင်ထဲထိ ဆွဲပွေ့ထားလိုက်သည်။ ပြီးတော့ သူမရဲ့ရွှေလည်တိုင်ကို နူးညံ့သော အနမ်းတစ်ပွင့် ခြွေခဲ့ပြီး ...

"ငါ အဲဒီလိုဖြစ်လာရင် မင်းက ကြည်ဖြူမှာမို့လို့လား .."

တိုးတိတ်စွာပြော၍ သူမကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖိုက်လိုက်ရင်း ...

"ညီမျှခြင်းထိ မရောက်သေးဘဲ ဖျက်ရာပြင်ရာတွေ ပွထနေတဲ့ စာမျက်နှာကြီးကို မမြင်ချင်ဘူး၊ ကိုယ့်အတွက် ဘာမှမရေရာတဲ့အလုပ် တစ်ခုကို ပထမဆုံး ကြိုးစားပမ်းစား ကိုယ် လုပ်နေတာပါ၊ အဲဒါကို ကိုယ် မလိုချင်ဆုံးပေမယ့် နုတ်ထွက်ဖို့လည်း ဆန္ဒမရှိဘူး၊ ကိုယ့်ရင်ထဲမှာ မင်း မသိသေးတဲ့ နွေးထွေးမှုတွေ ရှိနေတယ်၊ ဒါပေမယ့် ခုနက ပြောခဲ့သလို ညီမျှခြင်းမဖြစ်သေးသရွေ့ စာမျက်နှာပေါ်တော့ ရောက်လာမှာ မဟုတ်ဘူး"





"ကောင်းပါတယ် .. ရှင့် အမှန်တရားတွေ ရှင့်ရင်ထဲမှာပဲ ထားပေါ့၊ ကျွန်မကလည်း စိတ်မဝင်စားဘူး၊ တစ်ခုရှိတာက ကျေးဇူးပြုပြီး စိတ်ပူသလိုလို ပြောပြီး ရှင့်ရဲ့ခရီးစဉ် အောင်မြင်ဖို့ ဟန်ဆောင်နဲ့ ဝမ်းချတာတွေ မလုပ်ပါနဲ့"

ရုန်းလို့မရပေမယ့် သူ နမ်းလိုက်တဲ့ လည်တိုင်ကို ဒီညှ လက်ဖဝါးနဲ့ရော လက်ခုံနဲ့ရော ပွတ်တိုက် ဖျက်ပစ်သည်။ လည်ပင်းလှိမ်အောင်လှဲ၍ ခေါင်းက နာလာတာကို အံကြိတ်နေရတော့ နှုတ်ခမ်းသားလေးတွေကို ဖိပိတ်ထားပေမယ့် မငြိမ်သက်နိုင်..။

ငိုမိုးကြည့်ရင်း မချင့်မရဲဖြစ်လာမိလျက် ဦးစိုး ဒီညှ မျက်နှာလေးကို အသာလေး ပြန်လှည့်ယူလိုက်ပြီး ...

"ရှင်နော်.. ရှင်နဲ့ကျွန်မ ဒီလိုဖြစ်စရာ အကြောင်းမရှိဘူး သိလား၊ ဟင့်အင်း .. လွှတ် .."

ညားနေတာလည်း မဟုတ်၊ အချစ်ဆိုတာနဲ့လည်း မသက်ဆိုင်။ သူ ဖောက်ပြန်လိုတိုင်း ဖိဆုပ် အနိုင်ယူသွားခဲ့တာ ပြန်တွေးမိတိုင်း ရင်နာသည်။

ချစ်ချင်လွန်းလို့ မဟုတ်သော်လည်း ချစ်ပါရစေလို့ ခယ တောင်းဆိုတာမျိုးတော့ ဖြစ်စေချင်၏။ သူ့ဘက်က ခယခဲ့ဖူးလို့လား ...၊

ကတုန်ကယင် လှိုက်ခါနေသည့်ရင်ထဲမှာ သူ့အနမ်းတွေက နွေးရမယ့်အစား အေးနေခဲ့၏။ တိမ်းမူးဖွယ် လေငွေ့နွေးနွေးတို့က မိုးစက်ပွင့်တွေ ခုန်ပေါက်ဆင်းနေတာနဲ့ တူသည်။

အနမ်းဆိုတာ ကြင်နာနွေးထွေးခြင်းပဲ မဟုတ်ဘူးလား ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၈ ]

မီးတွေ ဟုန်းဟုန်းလောင်နေသည့် အိမ်ကြီးကို ပှမ်းမြင်လိုက်ကတည်းက ဒီညှ မျက်လုံးတွေ ပြာသွားသည်။

"ကိုဦး ဟိုမှာ .."

"ဟုတ်တယ် .. ကိုယ်တို့အိမ် .."

မီးသတ်ကားသံတွေ ဆူညံနေသည်။ လူတွေ ရှုပ်ယှက်ခတ် ပြေးလွှားနေကြ၏။ ကားကို အိမ်နားနီးအောင် မောင်းလို့မရတော့ဘဲ နှစ်ယောက်စလုံး ဒီတိုင်း ပြေးလာခဲ့မိကြ၏။ အိမ်ထဲမှာ သားလေး ရှိနေသည်။ စိုးစိုး တို့က ကလေးကို လက်မလွှတ်တမ်း ဆွဲပြေးပါ့မလား..

ဒီညှ အတင်းပြေးဝင်ရင်း ဦးစီး ဆုပ်ကိုင်ထားသည့်လက်ကိုပါ ဖြုတ်ချပစ်လိုက်၏။

"ဒီညှ .. ဟိတ် .. မဝင်နဲ့လေ .. နေဦး ..၊ ဒီညှ ..."

ဦးစီး အသံကို တစ်ချက်မှ နားမထောင်ဘဲ အတင်းစွတ်ဝင်ခဲ့သည်။ အပြင်မှာပဲ မီးများကာ အထဲမှာတော့ ဟိုတစ်ကွက် ဒီတစ်ကွက်သာ ..၊





"ဖိုးသား .. သားလေးရေ .. စိုးစိုး တို့ရော .. သား ဘယ်မှာလဲ.."

"တီညှ .. ဟီး .. ဟီး .."

"သား .."

အသံကြားတဲ့ဆီ ပြေးသွားမိတော့ တံခါးတစ်ခုပဲ ကွက်ကျန်နေသည့် မီးလောင်နေသော အခန်းတစ်ခုထဲမှာ သားလေး ..။

"ဒုန်း .. ဒုန်း .."

"တီညှ .."

"သား .. တီညှ လာပြီ၊ လာနေပြီ သား .."

ဒီညှ အခန်းတံခါးဘုကို အပြင်က ခွေးခြေပုလေးနဲ့ မရမက ရိုက်ချကာ အထဲကို ပြေးဝင်လိုက်၏။

"ဟား .. ဟား .. ဟိ .. ဟိ .."

"သား .."

သူမ အထဲဝင်လိုက်သည်နှင့် လုစ်ခနဲသာ မြင်လိုက်ရ၏။ သားလေးမှန်း သိလိုက်သော်လည်း တံခါးက ဂျိမ်းခနဲ ပြန်ပိတ်သွားသည်။

ထို့ပြင် အပြင်မှာ ဝုန်းဒိုင်းကြဲသွားသည့်အသံတွေ ကြားရကာ တံခါးထိပ် နဖူးစီးမှန်ချပ်မှာ ညိုညစ်ညစ်မီးညွှန့်တွေကို မြင်လိုက်ရ၏။

အနီးကပ် လိပ်ဝင်လာသော မီးခိုးငွေ့တွေကြောင့် ဒီညှ ချောင်းဆိုးကုန်ကာ ...

"သား .. သား တံခါးဖွင့်ပေးလေ .. အား ..."

တံခါးကို ထိလိုက်တာနှင့် ပူခြစ်နေသည့် အထိအတွေ့ကြောင့် ဒီညှ ကိုယ်လေး နောက်ပြန် အတွန်းခံလိုက်ရသလိုပင် ..၊

ဖိုးသား အပြင်ထွက်သွားပြီး တံခါးရှေ့မှာ မီးပုံရှို့လိုက်ပြီမှန်း သိလိုက်၏။ နောက်ထပ် တံခါးဖွင့်ဖို့ ကြိုးစားလိုက်ပေမယ့် ရိုက်ခဲ့သည့် ကြမ်းခင်းတွေပါ ပူပြင်းလာသောကြောင့် နောက်ထပ် ..



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"ဒီညု .."

"ကိုဦး .. ကိုဦး ... ဒီညု ဒီထဲမှာ .. လုပ်ပါဦး .."

"ဘယ်လိုလုပ်ရမလဲ .. တံခါးရှေ့မှာ ဗီရိုကြီး မီးလောင်နေတယ် တောက်!.. မင်းကို ငါ ပြောထားရက်နဲ့ ကလေးနဲ့ပတ်သက်လာရင် မင်း ငါ့ကို ဘယ်တော့မှ အကောင်းမမြင်ဘူး၊ ခု မင်း သေဖို့ပဲ ရှိတော့တယ်၊ ငါ ဘာလုပ်ရမလဲ .."

အပြင်ကနေ ဦးစီး ဒေါကန်နေ၏။ ဘယ်လိုပဲ ခြေထောက်တွေ ဖရွှဲနေနေ ပူလောင်နေသည့် ကြမ်းပြင်က မလွတ်ဘဲ ပူသထက် ပူလာတာမို့ ဦးစီး ပြောနေတာတွေကို စိတ်မဆိုးနိုင်တော့ပါ ..။

ဒီညု မျက်လုံးတွေ မှိတ်ချလိုက်မိစဉ် မျက်ရည်တွေ တလိမ့်လိမ့် စီးသွယ်ကျ၏။

"မဟုတ်ဘူး .. သားလေးက သေစေချင်တာ မဟုတ်ဘူး - အဲဒါ သားလေး မဟုတ်ဘူး .."

"ဒီညု .."

"ဟင်!..."

ကိုယ့်ကို တစ်စုံတစ်ယောက်က လှုပ်ခါလိုက်သဖြင့် မျက်လုံးတွေ ပွင့်သွားခဲ့၏။ ပြာလဲ့လဲ့ မီးရောင်လေးနှင့် အိပ်ခန်းကို မျက်လုံး တစ်ပတ်ဝေ့သွားလျက် ...

"ဒီညု .. ဒီညု .. အိပ်မက်မက်နေတာ"

"ဟုတ်တယ် .. အိပ်မက်ပြီး ငိုနေတာ"

သူပြောမှ မျက်ဝန်းအိမ်ထဲမှာ စိုစွတ်နေတာကို သတိထားမိ၏။ ပြီးတော့ စမ်းကြည့်လိုက်မိလျှင် မျက်ဝန်းထောင့်ကနေ ဆင်းကျနေသည့် မျက်ရည်ကြောင်းက နွေးနေဆဲ ..။





"ခဏ ထလိုက်ပါလား.. စိတ်ကြည်သွားအောင် ရေလေးဘာလေး သောက်ရအောင်"

"ဟင့်အင်း .."

ဒီညု ခေါင်းခါပြီး စောင်ကို ရင်ဘတ်ပေါ်ထိ ဆွဲခြုံပစ်လိုက်သည်။

"ရှင် ဒီထဲမှာပဲ ရှိနေတာလား"

"အပြင်မှာပါ .. မင်းကို စိတ်မချလို့ ဝင်ကြည့်တာတော့ သုံးခါ ရှိပြီ"

နာရီက ညဉ့်သုံးနာရီကို ပြနေပေမယ့် သူ့မျက်နှာက အိပ်ထားတဲ့ ပုံ မရှိ ..၊ ဒီညု ကြည့်လိုက်တာကို သူက သိနေကာ ...

"ညဦးက ခဏ အိပ်လိုက်တယ်၊ ထပ်အိပ်မရတော့လို့ အပြင်မှာ ဆေးလိပ်ထိုင်သောက်နေတာ၊ စကားပြောသံကြားလို့ ဝင်ကြည့်တော့ မင်းက ရှိုက်နေတယ်"

သုတ်ပြီးသည့် မျက်ရည်ကြောင်းနေရာကို ထပ်သုတ်မိကာ မျက်လုံးတွေကိုပါ ပွတ်သုတ်လိုက်ရင်း ...

"အဲဒီလို ဒီညု တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး"

"ဘာတွေမက်လို့လဲ .. ပြောမပြချင်ဘူးလား"

"ပြောတော့ရော ရှင့်နားထဲမှာ ပုံပြင်တွေ ဖြစ်သွားမှာပဲမို့လား၊ မပြောဘူး"

ဦးစီး က အိပ်ရာဘေးမှာ ခုံပုလေး ဆွဲထိုင်လိုက်ကာ ...

"မင်း ရှိုက်ငိုနေတဲ့ပုံလေးက ကိုယ့်ရင်ဘတ်ထဲထိ နင့်သွားခဲ့တာ အဲဒါကြောင့် သိချင်တာပါ၊ ပုံပြင်ဖြစ်ဖြစ် .. ဟာသမြောက်တာဖြစ်ဖြစ် မင်းရဲ့အိပ်မက်ကို သိပါရစေ"

ဒီညု မျက်တောင်ဖျားလေးတွေ ပင့်တက်လာပြီး သူ့ကို ကြည့်မိသည်။ ခဏကြာမှ စောင်ကို ဖယ်လိုက်ပြီး ငုတ်တုတ်လေး ထထိုင်ရ—



www.burmeseclassic.com

www.burmeseclassic.com



"ဒီညကို ထမင်းစားခန်းထဲ ခဏပို့ပေးပါ"

"ဘာလုပ်မလို့လဲ .. စားချင်တာရှိရင် ပြောလေ၊ ကိုယ် လုပ်ပေးမယ်"

"ဟင့်အင်း .."

စောင်ကို ဘေးမှာ အပုံလိုက်ဖြစ်သွားအောင် ဖယ်ချပစ်၍ ခုတင်ပေါ်ကနေ ခြေချပြီးသားလည်း ဖြစ်လျက် ...

"စိတ်ထဲမှာ နည်းနည်းကြောက်နေသေးလို့ အဖော်လိုက်ခဲ့ပေး ဒီညကို မတွဲနဲ့"

"ခဏနေပါဦး"

ဦးစီး က ဒီည မတ်တတ်ရပ်လို့မရအောင် ရှေ့မှာ ကာဆီးထားလိုက်ပြီးမှ သူမဘေးမှာပဲ ဝင်ထိုင်၍ ...

"မင်း ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား"

"ဘာတွေ လာမေးနေတာလဲ"

"ကိုယ်နဲ့ စကားပြော အဆင်မပြေဖြစ်တာတွေရော .. ကိုယ်နမ်းခဲ့တဲ့အတွက် .."

"ဟုတ်တယ် .. ရှင် ဝေးဝေးနေစမ်းပါ၊ စကားပြောရင် ရန်ဖြစ်ရမှာအပြင် ဘာမှရှိလာမှာ မဟုတ်ဘူး၊ ဘာမှလည်း မပြောချင်လို့ .."

"ကိုယ့်မှာလည်း ပြောစရာတွေတော့ သိပ်မရှိဘူး ဒီည၊ ဒါပေမယ့် မင်းနဲ့ ဝေးဝေးနေဖို့လည်း မဖြစ်နိုင်ဘူး"

ထရပ်ဖို့ပြင်နေသည့် ဒီည လက်ဖဝါးလေးကို သူ့လက်နဲ့ ထပ်ဆုပ်လိုက်ကာ ...

"မင်းနဲ့ငါ လက်ထပ်ခဲ့ကြတာ ဝေးပြီးရင်း ဝေးအောင်နေဖို့ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးချစ်ခင်လာကြဖို့၊ မင်း ချစ်ချစ်မချစ်ချစ် ငါ့ဘက်က ချစ်ချင်တယ်၊ မင်း မုန်းနေပေမယ့် ငါ





ချစ်နေမှ ဖြစ်မယ်၊ တစ်ယောက်က ဂရုမစိုက်၊ တစ်ယောက်က မုန်း ဆိုရင် ဘယ်လိုလုပ်မလဲ.."

"ကွဲသွားကြရင် ကောင်းတာပေါ့၊ ရှင့်လည်း ကိုယ့်အမုန်တရားနဲ့ ကိုယ်နေ၊ ကျွန်မလည်း လွတ်လပ်မယ်"

"လွတ်လပ်ခွင့်တော့ မစဉ်းစားနဲ့ .. မင်းကို ငါ ဘယ်တော့မှ လွတ်လပ်ခွင့်ပြုမှာ မဟုတ်ဘူး၊ မင်းကို ငါ လိုအပ်နေတာဟာ လင် ဟာနေတဲ့ တစ်နေရာမှာ အစားထိုး ဖြေသိမ့်ရုံပဲလား .. သားအတွက် အလိုအပ်ဆုံး မိခင်လို့ သတ်မှတ်ခဲ့တာလား၊ အဲဒါ သေချာတဲ့နေ့ - နောက်ပြီးတော့ မင်း ငြင်းဆန်နေတာ သိရက်နဲ့ ငါ့ရင်ခုန်သံကို ငါ မနိုင်လို့ ဖွတ်ယူခဲ့မိတဲ့အနမ်းတွေ .. ဒါတွေဟာ ထိတွေ့မှုကြောင့် သွေးဆူရုံသက်သက်လား .. တကယ် ချစ်နေမိတာလား ငါကိုယ်တိုင် သေချာတဲ့နေ့ .."

စကားရပ်လိုက်ပြီး သူ ဒီည မျက်နှာလေးကို ငုံ့ကြည့်သည်။

"ကိုယ့်ဘက်က တစ်ခြမ်းသေချာသွားပြီဆိုရင် မင်း ဘယ်လိုမှ ရုန်းထွက်မသွားနိုင်အောင် ကိုယ် သိမ်းပိုက်ထားနိုင်တယ်"

သူ ဒီည ပခုံးလေးကို ဖက်ထားလိုက်ကာ ...

"အေးစက်မှုန်ဝါးနေတဲ့ ဆောင်းပန်းချီလို အိမ်ထောင်ရေးမျိုးကို မလိုချင်ဘူး၊ မင်းပြောသလို မဖြစ်အောင် ကိုယ့်ရင်ခွင် နွေးနေဖို့အတွက် အချစ်ကိုပဲ အလိုရှိလာတာမျိုးပေါ့"

ဒီည က သူ ဖက်ထားတာကို ဖယ်ချပစ်လိုက်သဖြင့် ပခုံးလေးကို အကြမ်းပတမ်း ဆွဲဖက်ထားလိုက်ရင်း ...

"စိုးရိမ်မနေပါနဲ့ .. မင်းကို ကိုယ်ကိုယ်တိုင် မြတ်နိုးတဲ့စိတ်နဲ့ မဟုတ်ဘဲ ဘယ်တော့မှ ကျူးလွန်ဖို့ မကြိုးစားဘူး၊ မချစ်ဘဲ ပေါင်း ဖက်ကြပြီးမှ ငါ တာဝန်မဲ့နေသလားဆိုတဲ့ နောင်တတွေလည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ် မရချင်ဘူး၊ ငါကိုယ်တိုင် ချစ်နေတဲ့မိန်းမ ဖြစ်ရမယ်၊ အဲဒီမိန်းမရဲ့ အချစ်ကို ငါကိုယ်တိုင် တောင့်တ လိုချင်နေတာမျိုး ဖြစ်ချင်တယ်"

ဒါဆို ခုချိန်ထိ ကိုယ့်ကို မချစ်ခဲ့သေးဘူးလို့ ကြေညာလိုက်တာပေါ့ ...၊ ကိုယ့်ကိုယ်ကိုယ် တရားသလား မတရားဘူးလား မသိပေမယ့် မခံချင်စိတ်က ထောင်းခနဲ ဖြစ်၏။

မကျူးလွန်ဘူးဆိုပြီးတော့ လူကို ဆွဲလိုဆွဲ၊ နမ်းလိုနမ်း လူလည်ကျနေတာ။ ကလေးဆန်နေပြီဆိုလည်း မတတ်နိုင်၊ သူ့ဘက်က ခယလိုက်လျောတာတွေကိုပဲ အလိုရှိလာခဲ့တာ လောဘကြီးနေမိတာလား...၊ သူ့လိုလူက ဒီလို လွယ်လွယ်လေး ပျော့ပျောင်းလာမှာ မဟုတ်မှန်း သိနေပေမယ့် နားမလည်ချင် ...။

အိပ်မက်ထဲမှာတောင် သေရပါတော့မယ်ဆိုတဲ့လူကို အပြင်ထနေ အပြစ်တင် မောင်းမဲနေတာ ခုထိ နားထဲမှာ စွဲနေတုန်း...။

စိတ်သည် အိပ်မက်ဆီကို ချက်ချင်းရောက်သွားကာ သူ မေးတုန်းကတော့ မပြောချင်ခဲ့ဘဲ ...

"အိပ်မက်ထဲမှာ သားက .."

လွှတ်ခနဲ ပါးစပ်ကထွက်သွားခဲ့၏။ ပြီးမှ တုံ့ဆိုင်းဖြစ်သွားသဖြင့် ...

"ပြောလေ .."

"တကယ်တော့ သားလေးက ကျန်းမာရေးမှ မကောင်းသေးတာထားလိုက်ပါတော့ .."

"ဟုတ်ပါတယ် ထားလိုက်မှာပါ၊ ဘာတွေ မက်သလဲဆိုတာပြော .."

ဒီညီ က မျက်နှာငုံ့ပစ်လိုက်ပြီး ဘာမှမပြောဘဲ ငြိမ်ကျသွား၏ ပြီးမှ ...





"တကယ် ဖြစ်နေသလိုပဲ၊ မီးလောင်နေတဲ့ အခန်းထဲမှာ ဒီညီကို တံခါးပိတ်ခံလိုက်ရတာ .."

"သားက ပိတ်ခဲ့တာလား .."

မဖြေပေမယ့် ဖျတ်ခနဲ မော့ကြည့်လိုက်သည့် မျက်ဝန်းလေးတွေက ဝန်ခံလိုက်ပြီးသားဖြစ်လျက် ...

"သားကို စိတ်ပူပြီး ဒီညီ ဝင်သွားတာ .."

"အထဲရောက်တော့ မင်းကို တံခါးပိတ်လိုက်ရောလား"

"အင်း .."

ဦးစိုး မျက်နှာက လေးနက်ခြင်းများနှင့် ခပ်လွဲလွဲငေးသွားကာ...

"ကိုယ်လည်း အဲဒီလိုတွေ မက်ဖူးတယ်၊ ဒါပေမယ့် စိတ်ကြောင့်ဖြစ်သွားတာလို့ပဲ သဘောထားလိုက်ပါ"

"သားက အရမ်းငယ်ပါသေးတယ်၊ ဒါနဲ့တောင် ခုလောက်ထိ သူ လုပ်တတ်ကြံတတ်ဖြစ်နေပြီဆိုတော့ အရွယ်ရောက်လာရင် ဘယ်လိုလုပ်ကြမလဲဟင်၊ သူ ဒီတိုင်းပဲ ဆက်ဖြစ်သွားရင် .."

"ဘယ်အရာမှ တသမတ်တည်း မသွားဘူး၊ သား ဒီတစ်ခါ ပြောင်းလဲသွားရင် ကောင်းသောပြောင်းလဲခြင်း ဖြစ်မှာပါ"

"ပြောင်းလဲဖို့အတွက် ဒီညီ တို့ပဲ ကြိုးစားနေရတာ၊ ရှင် ဘာမှ ကြိုးစား၊ မကူညီဘဲ ပြောင်းလဲသွားမယ်လို့ ဘာဖြစ်လို့ ယုံကြည်နေတာလဲ"

"သားက တို့ရဲ့သားမို့လို့ပေါ့"

ဦးစိုး က တိုတိုတုတ်တုတ် ဖြေပြီး နေရာက ထရပ်လိုက်သည်။

"လူဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် မနိုင်တဲ့ဝန်ကို ကြာရှည် ထမ်းထားနိုင်ဘူး၊ သဘာဝမဟုတ်တဲ့ ဖြစ်စဉ်တစ်ခုက ထာဝရအဖြစ် တည်ရှိသွားနိုင်မလား၊ အခု အခြေအနေဆိုရင် ဆိုးနေမယ်၊ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားရမှာပဲ၊ အဲဒီပြောင်းလဲခြင်းက မင်းနဲ့ အမေတို့ ကြိုးစားနေတဲ့ကုထုံးကြောင့် ဖြစ်နိုင်သလို တခြားအကြောင်းနဲ့လည်း ဖြစ်နိုင်သေးတယ်''

''ဘယ်လို ..''

''မင်း နားလည်အောင် ပြောဖို့မလွယ်တဲ့အကြောင်းတွေပဲ၊ သားက သူ့အသက်အရွယ်လေးနဲ့ မညီမျှဘဲ တတ်သိနားလည်နေတာ၊ နှုံးညံ့ဖြူစင်ရမယ့်အရွယ်မှာ ဆန့်ကျင်ဘက်သဘောတရားတွေနဲ့ ရယ်မြူးနေတာအားလုံး အဲဒါ သဘာဝမဟုတ်တဲ့ ဖြစ်စဉ်တွေ၊ ဘာလို့ဖြစ်နေတာလဲဆိုတာ မင်း သိထားတာထက် ငါ ပိုသိတယ်''

''ဒါဆို ဒီကိစ္စတွေကို ရှင် အစောကြီးကတည်းက သိနေခဲ့တယ်ပေါ့''

''ဟုတ်တယ် .. မင်းကို ပြောမပြဖြစ်တဲ့အကြောင်းတွေလည်း ရှိသေးတယ်၊ ဒါပေမယ့် ငါ ဖြေရှင်းချင်တာက စားဆို စားချင်း၊ လုံ့ဆို လုံ့ချင်းပဲ၊ ဘာတွေ ဖြစ်လာလာ ရင်ဆိုင်ဖို့ ပြင်ထားတယ်၊ အဲဒီလိုကုထုံးတွေကို စိတ်မဝင်စားဘူး''

''စိတ်မဝင်စားလို့ မရဘူးလေ''

ဒီည စိတ်လှုပ်ရှားစွာ ထရပ်လိုက်မိ၏။ ပြီးတော့ သူ့လက်မောင်းအကျီစကို တစ်ဖက်နဲ့ ဆုပ်ဆွဲထားမိကာ ...

''ရင်ဆိုင်ရမှာက ရှင့်ရန်သူမှ မဟုတ်တာ၊ ကိုယ့်သားဖြစ်နေသမှ ရှင် ဘာများ တုံ့ပြန်နိုင်လို့လဲ''

''ဟုတ်တယ် .. အနိုင်တိုက်ရမယ့်ပွဲ မဟုတ်ဘူး၊ ဘာတွေ ဖြစ်လာလာ ငါ ရုန်းထွက်နိုင်တယ်ဆိုရင် ဒါ အောင်မြင်မှုပဲ၊ ဘယ်သူ့ကိုမှ မထိခိုက်အောင် ငါ အမြဲတမ်း ကာကွယ်နိုင်မလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ကာမှ ..''





''ကျွန်မတို့ ကြိုးစားနေကြတာကို ရှင် နားလည်သွားခဲ့တယ်မို့လား၊ လိုချင်တာလည်း အဲဒါပဲ .. တကယ် ဖြစ်ပျက်နေတာကို ရှင် လက်မခံလို့ မရဘူး၊ အဲဒါကြောင့် သားကို ဒီပုံစံအတိုင်း ရှိနေသရွေ့ ရှင် ဘယ်မှ ခေါ်သွားဖို့ မစဉ်းစားနဲ့''

''မင်းနဲ့ ကျန်ခဲ့တော့ရော ..''

''ကျွန်မတို့က သူ့အခြေအနေကို အမြဲတမ်း အရိပ်လို ကြည့်နေကြမှာ၊ ဒီကွေ့မှာ ဒီတက်နဲ့ လှော်မယ်၊ ဟိုကွေ့မှာ ဟိုတက်နဲ့ပေါ့၊ ရှင်ကတော့ ဒီတိုင်း ထိုင်ကြည့်နေမယ့်သူ ..''

''မင်းကလည်း ငါနဲ့ လိုက်မှာမဟုတ်ဘူးလို့ တစ်ခါတည်း ထည့်ပြောလိုက်တာလား ..''

ဒီည မျက်လွှာချလိုက်မိကာ သူ့လက်မောင်းမှာ ကိုင်ထားသည့် လက်လေးလည်း လျောကျသွား၏။ ဦးစီး က စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်ကာ ...

''ငါ တွက်ပြီးသားပါ .. ကလေးနဲ့ မင်းအပေါ်မှာ ငါ့ဘက်က ညည်းရုံးနိုင်စွမ်း မရှိခဲ့ဘူး၊ မင်း မမှားပါဘူး .. ကိုယ့် မေးခဲ့မိတာ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ဆောရီး''

သူ လှည့်ထွက်လာခဲ့သည်။ အမြဲ ရှုပ်ထွေးနေခဲ့သည့် ရင်ထဲမှာ ဘယ်တော့မှလည်း မကြည်လင်ပါလား ..၊

ထို့ကြောင့် .. ၎င်းကြောင့် .. အရာရာအားလုံးက မင်းကြောင့်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၉ ]

"ထမင်းစားရအောင် မြေးလေး၊ ဒီမှာ မြေးလေးကြိုက်တဲ့ နို့နဲ့ ပြောင်းဖူးပူတင်းလေးလည်း လုပ်ထားတယ်"

"စားဘူး"

"မြေးရယ် .."

အမိဋ္ဌာန် ကိုးပတ်ပြည့်ပြီးမှ ပြန်ရောက်လာကတည်းက တစ်နေ ရာရာထဲ ဝင်နေပြီဆို ဒါမှမဟုတ် တချောင်ချောင်မှာ တစ်ခုခုနဲ့ ဆော့ နေပြီဆို ဖိုးသားလေးက ခေါ်ထုတ်ဖို့ မရတော့ပေ။

လည်ပင်းမှာ အမိဋ္ဌာန်ကိုးရက်ပြည့်တိုင်း ဆွဲပေးထားသည့် ကိုယ် တိုင်းနှင့် ကြိုးတွေကိုပါ ဖြုတ်ချပစ်သဖြင့် တခြားမှာ သပ်သပ် သိမ်း ထားရ၏။ ဘယ်သူ့ကိုမှ စကားကောင်း သိပ်မပြောတော့ဘဲ ကလေး သံလေးနှင့် ရူးနေအောင် ပြန်အော်တတ်၏။

ဆရာမ ပြောလိုက်သလို လည်ပင်းက အနီစက်ကလေးကတော့ ခပ်ဖျော့ဖျော့မှိန်ကျသွားပြီဖြစ်ကာ လူက ကြမ်းတမ်းလာသည်။

"အပြင်မှာ မြေးနဲ့ ဘိုးဘိုးကြီးက ကစားမလို့တဲ့"





နောက်ထပ် ချော့မော့ရင်း အခန်းထဲက ထွက်လာသည့် ဦးစိုး ကိုလည်း လှည့်ကြည့်မိသည်။ ဖိုးသားလေးက သူ့အိပ်ခန်းလေးထဲ ကနေ ပြန်ပြောနေကာ ဘယ်လိုမှ ခေါ်လို့မရ ..။

"မကစားဘူး .. ဘိုးဘိုးကြီးကိုလည်း မချစ်ဘူး၊ ဘွားဘွားကို လည်း မုန်းတယ်၊ တီည လည်း မလာနဲ့"

"ဒီလို မပြောရဘူးလေ မြေးရဲ့ .. တီည က .."

"တီည က အလကားပါ .. သူ သားကိုသတ်ဖို့ လုပ်နေတာ၊ သား သူ့ကို ပြန်သတ်မှာ ကြည့် .."

"အို!... ကြည့်စမ်း .."

'ဘုရား ..'ဆိုပြီး ရင်ဘတ်ဖိလိုက်တော့ နောက်ဆုံးစကားသံက ပျောက်ကွယ်သွား၏။ ဦးစိုး ခေါင်းတစ်ချက်ခါ၍ တံခါးကို နောက် ပြန်စေ့ရင်း ထွက်လာခဲ့မိသည်။

ဘုရားကိုးဆူ အလှူအတွက် ဒီည က နေရာထိုင်ခင်းတွေ ပြင် ဆင်နေသည်။ လိုအပ်မည့် လှူဖွယ်ပစ္စည်းတွေ ဝယ်ခြမ်းနေ၏။

ဒါကို ဒီည အပြင်ကပြန်လာတိုင်း ဖိုးသားက မျက်မှောင်ကုတ် လေးနှင့် 'တီည ကို မုန်းတယ်'လို့ အိမ်ထဲကနေ စောင့်ပြောနေကျ..။

"ဦးစိုး .."

"ဗျာ .."

ကိုယ့်စိတ်ကူးနဲ့ကိုယ် ရှိနေဆဲ ဦးကျော်မျိုး လှမ်းခေါ်လိုက်မှ လှည့်ကြည့်မိသည်။ ညနေတိုင်း ကျန်းမာရေးအတွက် ခြံထဲမှာ လမ်း လျှောက် .. တစ်ခါတလေ ပန်းပင်ရေလောင်းလုပ်တတ်သည့် ဦးကျော် မျိုး က ရေပိုက်ကို လှမ်းချိတ်ထားလိုက်ပြီး သူ့ဆီ လျှောက်လာကာ—

"မြေး နေကောင်းရဲ့လား .."

ဘာကို မေးတာမှန်း သူ နားလည်ပေမယ့် မဖြေနိုင်သေး ..



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီရက်ပိုင်းကျမှ ရိပ်သာမှာပဲ အနေများနေတော့ အိမ်မှာ လူစိမ်းလို ဖြစ်နေတယ်ကွာ .. မင်းအမေ ပြောတာတော့ ဟိုမှာ တစ်ချိန်လုံး ထိုင်ပြီး ကြိမ်းဝါးနေတာတဲ့"

"ဟင်!..."

နှစ်ယောက်ဆုံကာမှ ပေါ်တီကိုအောက်ကနေ ခေါင်းရင်းဘက်ကို တလှုပ်လှုပ်လျှောက်ခဲ့ရင်း ...

"သူ့အသွားကိုတော့ ကိုယ်ထိလက်ရောက် ဘာမှမပုတ်ခတ်ဘူး၊ ဘယ်သူ့ကိုမှ မချစ်တော့တာတွေ ထိုင်ပြောနေတယ်တဲ့၊ ညအိပ်ပြီဆို ကြိမ်းဝါးနေတာပဲတဲ့"

"ဘာတွေ ကြိမ်းဝါးတာလဲ .."

"အဲဒါတွေတော့ ဖြူ က မပြောဘူး၊ ဒါပေမယ့် မြေးအသွားနှစ်ယောက်စလုံး တစ်မျိုးစီ ထူးခြားနေတယ်လို့ မင်း မထင်ဘူးလား"

"အဖေ ဘယ်လိုထင်လို့လဲ"

ဦးကျော်မျိုး က တွေးတွေးဆဆပုံစံနှင့် ...

"ကလေးကတော့ မင်း မြင်တဲ့အတိုင်းပေါ့ကွာ၊ မင်းအမေကတော့ ရွှင်ရွှင်ပျပျကို မရှိတော့တာ၊ ဒါကို သမီးလည်း ပြောတယ်"

အဖြစ်အပျက်တစ်ခုဟာ ဘယ်လောက်ထိ ရှုပ်ထွေးနေနိုင်သလဲ၊ နှိုက်ထုတ်ကြည့်လို့မရနိုင်သည့် ရှုပ်ထွေးမှုတွေကို ဘယ်လိုနည်းနဲ့ ရှင်းရမလဲ ..။ ရှုပ်ထွေးနက်နဲသည့် လျှို့ဝှက်မှုတွေကို နေဦးစိုး ဆိုတဲ့အတိုင်း သူပဲ ဦးစီးခေါင်းဆောင်၍ ရင်ဆိုင် ဖြေရှင်းနိုင်ခဲ့သည်။

အရှုံးမဲ့လို့ မပြောနိုင်ပေမယ့် မအောင်မြင်ခဲ့တာ ရှိလို့လား .. ခုကျမှ လက်မြှောက်ရတော့မလို ဖြစ်နေခဲ့သည်။ သူ ဆံပင်တွေသပ်ရင်း အခန်းဆီ ပြန်လာခဲ့၏။

ထိုစဉ် ဒေါ်ဖြူဖြူ တံခါးဝမှာ ပေါ်လာကာ ...





"သားရေ .. သမီး အပြင်သွားတာ ပြန်မရောက်သေးဘူး၊ မိုးနည်းနည်းချုပ်ရင် လာကြိုရမလားလို့ ဖုန်းတစ်ချက်လောက် ဆက်ဦးနော်"

"ဟုတ်ကဲ့ အမေ၊ ကျွန်တော် တအောင့်ကြာရင် ဆက်လိုက်မယ်၊ သူ ဘယ်သွားတာလဲ .."

"ပြောရခက်တယ် သားရဲ့ .. နှစ်နေရာ သုံးနေရာ ဝင်မှာဆိုတော့ ဘယ်ရောက်နေမယ်ဆိုတာ မပြောနိုင်ဘူး၊ သားကို သူ စောင့်နေသေးတယ်၊ မလာနိုင်ကာမှ ထွက်သွားတာ"

"ကျွန်တော်လည်း မနက်က ပြန်မလာနိုင်တာကို ဖုန်းဆက်မလို့ပါ၊ ဖုန်းက ဘက်ထရီခေါင်းနေတာနဲ့ .. မအားတာနဲ့ ရှုပ်ကုန်တာ"

ဘယ်သူ့အတွက်ဖြစ်ဖြစ် ဒေါ်ဖြူဖြူ က နားလည်တတ်သူပါ။ ခေါင်းညိတ်ထွက်သွားကာမှ သူ အထဲဝင်လာပြီး နာရီ ငုံ့ကြည့်မိသည်။ ပြီးတော့ လက်ပ်တော့ပ်ဖွင့်၍ အိပ်ရာဘေးမှာပဲ ထိုင်လိုက်သည်။

"ဟင်!..."

လက်ပ်တော့ပ်ကို တစ်ယောက်ယောက် ကိုင်ထားတာလား ..။

သူ့လက်တွေ မြန်မြန်ဆန်ဆန် လှုပ်ရှားသွားကာ စခရင်မ်မှာ အဖျပ်ဖျပ် ပြောင်းလဲနေသမျှ စိုက်ကြည့်နေသည့် မျက်လုံးတွေ စူးရဲကျဉ်းမြောင်းလာခဲ့ပြီး ...

"စိုးစိုး .. ဟေ့ ..."

"ဟင် .. ရှင် ... အစ်ကိုလေး .."

သားရဲ့အခန်းရှေ့မှာ ကြမ်းတိုက်နေရင်း စိုးစိုး ပျာပျာသလဲ [illegible]တ်၏။ ဦးစီး က အခန်းတံခါးကို လှမ်းကြည့်ပြီးမှ ...

"နင် ဒီမှာ ဘယ်တုန်းက ရှိနေတာလဲ"

"ဟို .. မမကြီးက ဒီမှာပဲ စောင့်နေတဲ့၊ ကလေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောရင် လုပ်ပေးလို့ရအောင်တဲ့"

ဒါဆို အမေ ကလေးကို ထမင်းစား လာခေါ်ကတည်းကပေါ့

"နင် ရှိနေတုန်း အပြင်ကို သား ထွက်လာသေးလား"

"ဟုတ် .."

"ဘယ်ကို သွားသလဲ"

"အစ် .. အစ်ကိုလေးဆီ သွားမယ်ဆိုလို့ ကျွန်မ ကြည့်နေလိုက်တာပါ"

"အခု ဘယ်မှာလဲ .."

"အထဲ ပြန်ဝင်သွားပြီ"

ဦးစီး မျက်နှာ အနီရောင်ရင့်လာလျက် ...

"နင့်ကို ဘာလုပ်ခိုင်းသေးလဲ"

"ဘာမှ မခိုင်းဘူး၊ ဒီရှေ့မှာ ထပ်ရှိနေရင် ရိုက်သတ်ပစ်မယ်လို့ ပြောတယ် .."

စိုးစိုး စကားမဆုံးသေးခင် နားထဲမှာ အသံတစ်မျိုး ကြားလိုက်သဖြင့် သူ ချာခနဲ ပြန်လှည့်ခဲ့သည်။

အခန်းထဲမှာ လက်ပ်တော့ပ်ရှေ့ ရောက်တော့ သူ့အတွက်စောင့်နေသည့် စာတမ်းလေးတွေ ပေါ်လာခဲ့၏။

ကလဲ့စားတော့ မဟုတ်ဘူး နေဦးစီး ...

အတုံ့အလှည့်ပေါ့ ..

လူတိုင်း အသည်းကွဲဖူးတာ မဆန်းပေမယ့်

နှစ်ခါကွဲရမယ့် မင်းအသည်းအတွက်တော့ သနားမိတယ်၊

စိတ်မကောင်းပါဘူး၊ ပိုက်ဆံချေးရင်တောင် အတိုးပြန်ပေးရတယ်၊

မင်းသတ်ခဲ့တဲ့ တစ်သက်အတွက် နှစ်သက် ပြန်ယူမှာ သဘာဝကျပါတယ်





ဖိုက်တာ ဟက်ကာ အော်ဂျင့်ကြီး .. မင်း တကယ် တော်တယ်ဆိုရင် လိုက်ရှာပေတော့ .. အမျိုးနှမိမှနော် ..။

သူ့ လက်ပ်တော့ပ်ကို ဆွဲယူကာ စားပွဲမှာ ချလိုက်သည်။ ထိုင်တောင် မထိုင်နိုင်ခဲ့သည့်စိတ်က ဒီည ဘာတွေဖြစ်နေပြီလဲဆိုတာကို ခဏလေးမေ့ပျောက်ထားပြီး ခေါင်းအေးအေးထားဖို့တောင် ခွင့်မပြု ..။

မျက်လုံးတွေ ဖျတ်ခနဲ မှိတ်လိုက်ကာ ငါးစက္ကန့်လောက် ငြိမ်းချမ်းစေလိုက်သည်။ ပြီးမှ ပြန်ဖွင့်၍ လျှို့ဝှက်ကုတ်ဒ်တွေ ရိုက်ထည့်ကာ အေးဂျင့်တစ်ယောက်၏ ဘဝတုန်းကအတိုင်း ကျွမ်းကျင်စွာ နောက်မှာ သူ့လက်တွေကို လိုရာခရီးအတွက် ဦးတည်လိုက်၏။

ကွန်ပျူတာပေါ်မှာ သက်ပြင်းချသံတောင် အလွတ်မပေးဘဲ လိုက်တတ်သည့်ဖွဲ့က ကိုယ်ရှာချင်တာဆို မရခဲ့တာ မရှိ ..။

ဒီကောင်တွေ ဘယ်သူတွေလဲဆိုတာ သူ သိသည်။ ဘာကြောင့် ဒီအချိန်မှာ ဒီမက်ဆေ့ချ် ရောက်လာသည်ကိုလည်း သိနေ၏။

သူ့ ခရီးထွက်ရတော့မည် ..၊ သူတို့တွေ အဝေးကြီးကို ကိုယ်ယောင်ပြပြေးဖို့ ကြံစည်နေကြပေမယ့် သူ့အတွက် အဲလောက်ထိ အချိန်ယူဖို့ မလို။ လက်ပ်တော့ပ်ကိုပိတ်၍ ဒီတစ်ခါ ဖွင့်လို့မရအောင် ခေါ်ရင်ခဲ့လိုက်၏။ ပြီးမှ မီးခြစ်နဲ့ စီးကရက်ကို ကောက်ယူပြီး ဒီတိုင်း ထွက်လာခဲ့သည်။

"သား .. အပြင်ကိုလား"

ဒေါ်ဖြူဖြူ က သူပြောလိုက်လို့ ဦးစီး လိုက်သွားတော့မည်ပဲ ဆင်ကာ ...

"ခဏ စောင့်ကြည့်လိုက်ပါလား သားရဲ့ .. လိုက်သွားမယ်ဆိုလည်း 'တစ်ခေတ်ဆန်း' ပန်းအလှဆင်တဲ့ဆိုင်ရယ် .. ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် အမေ .. ကျွန်တော် သိတယ်၊ အပြန် မိုးချုပ်မှာမို့လို့ စိတ်မပူနဲ့နော်"

"ဟင်!... ဘယ်လို .. ဒြော် ..."

ဒေါ်ဖြူဖြူ မေးချင်တာတွေ ပါးစပ်ထဲမှာ တစ်လုံးကြီးနှင့် ကျန်ရစ်ခဲ့ရှာသည်။ ဦးစီး ကားမောင်းထွက်ခဲ့ရင်း နားတစ်ဖက်မှာ နားကျပ်တပ်လိုက်ပြီး ရေဒီယိုဖုန်း ဖွင့်ကာ ...

"ဌာနချုပ်ကို တောင်းဆိုတယ် .. တိုက်ဂါးနှစ် အမှတ်တစ်ပါ၊ အရေးကြီးတရားခံ ခြေရာခံမိတယ်၊ (... ...)မီးပွိုင့်နဲ့ (... ...)မီးပွိုင့်ကို နာရီဝက် ပိတ်ပေးပါ၊ တောင်မြောက်ယာဉ်ကြော မီးဖွင့်ထားတဲ့ ဂျစ်ကားရှိဒ်ကို လမ်းဖွင့်ပေးဖို့ ညွှန်ကြားပါ၊ ဒါပဲ"

ကားကို အရှိန်ထပ်မြှင့်လိုက်သည်။ သူ လိုက်လာနိုင်တယ်လို့ တွက်ထားကြတာမို့ လိုက်လာမလာဆိုတာ စောင့်ကြည့်ကြဦးမှာ ဖြစ်သည်။ ထို့ကြောင့် ဒီညဆီကို အချိန်မီရောက်သွားဖို့အတွက် သိပ်လောကြီးဖို့တော့ မလိုပေ ...၊

စိုးရိမ်ဖွယ်ရှိနေတာက ပြန်ပေးဆွဲ ငွေညှစ်ချင်တာမျိုး မဟုတ်ဘဲ ဒီည နဲ့ သူ့ကို သေစေလိုကြတာ ဖြစ်၏။ လူကိုမြင်လိုက်တာနှင့် ဒီည ကို သတ်ပစ်လိုက်လျှင် သွားပြီ...၊

အားလုံးသည် ငမန်း လက်ထဲကနေ ခွဲပညာ နောက်ကို လိုက်ပြီး ခွဲထွက်သွားကြသည့်လူတွေဖြစ်လျက် ခေါင်းဆောင်တွေကို မိပေမယ့် အဖွဲ့လိုက် ပျောက်ဆုံးသွားခဲ့ကြသည်။

အခုချက်ချင်း ထပေါ်လာခြင်းသည် ငမန်း ၏ အရေးပေါ် ညွှန်ကြားချက် ရလို့သာ ...၊ ငမန်း ဘယ်ရောက်နေသလဲ ...၊





## အခန်း ( ၄၀ )

"ငါတို့က အလဲအလှယ်လုပ်မှာ မဟုတ်ဘဲနဲ့ အချိန်ဆွဲသလို ဖြစ်နေတာ ကောင်းပါ့မလား"

"ဟုတ်တယ် .. ငါတို့နင်းမိထားတာ ပန်းပွင့်မဟုတ်ဘူး မြွေမွေး... အမြီးပေါ်လာရင် အမြီးကို ခုတ်ဖြတ်၊ ခေါင်းပေါ်လာရင် ခေါင်းကို ဖြတ်ရုံပဲ ...၊ ခြေကြွပြီး ငုံ့ကြည့်ဖို့ ပြင်နေရင် သေပြီ"

မျက်နှာတွေက ခပ်ဆင်ဆင်တွေဖြစ်ကာ ဆံပင်ကောက်ကောက် ဘုတ်သိုက် အသားတွေ မည်းကြ၏။

အားလုံး ကုလားတွေပဲလား .. အသားမည်းလို့ တူနေတာလား မသိ...။

ပြေးနေသည့် တောင်းဆွဲစက်ကား၏ နောက်ခန်းထဲမှာ ဒီည ကို ပါးစပ်မှာ အဝတ်စည်းလျက် လက်နှစ်ဖက်ပူး၍ ကြိုးတုပ်ထားသည်။

သေးမှာ တစ်ယောက်ပဲရှိကာ ရှေ့မှာ နှစ်ယောက် ...၊

အပြန်အလှန် ထင်ကြေးပေးနေကြသည့်ထဲမှာ မောင်းသည့်သူမပါဘဲ ထိုလူက ကားမောင်းရင်း လုံးဝ တိတ်ဆိတ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဒီကနေ ဆရာထွတ် သတ်မှတ်လိုက်တဲ့ ဟိုတယ်လ်ကို ရောက်ဖို့ နာရီဝက်သာသာပဲ လိုတော့တာ..၊ ဟိုရောက်တဲ့အထိ ဒီ မိန်းမကို ဒီတိုင်းထားတော့မှာလား"

ထိုလူကို ဦးတည်မေးပုံရပေမယ့် ကားမောင်းရင်း တိတ်ဆိတ်နေ သူက မဖြေ ...။

"ကျော်ဦး .. ငါတို့ ဆရာထွတ် ကို နောက်ထပ် အစီအစဉ်ပြောင်းဖို့ ရှိလား မေးသင့်တယ်နော်..၊ ရေထဲမှာ ငါတို့က ငမန်းအုပ်စု ဖြစ်နေ လည်း ငမန်းတွေ မြေပြင်မှာ ကူးလို့မရဘူး၊ ဒါက မြို့ပေါ်မှာ.. နယ်စပ် အလွန်မှာ မဟုတ်ဘူး..၊ ပြီးတော့ ဒီကောင် အလုပ်ကထွက်လိုက်တယ် ဆိုပေမယ့် ငါတို့ရဲ့ ဆရာဖွဲ့ ကို ထောင်ထဲရောက်အောင် ပို့လိုက်သေး တယ်"

"မင်းတို့ပါးစပ်တွေ မပိတ်ရင် ငါ ဒီကားကို လမ်းဘေးက သစ် ပင်တစ်ပင်မှာ ဝင်အောင်းပေးလိုက်တော့မယ်"

ပထမဆုံး စကားသံထွက်လာတော့ ပြောနေသည့် လူနှစ်ယောက် တိတ်ကျသွား၏။ ပြီးမှ ဟားခနဲ လက်ခါခြေခါ ဖြစ်ကုန်လျက် ...

"မင်းကလည်း အသေခံဖုံးကိုင်ပြီး ရန်သူ့နယ်မြေထဲ ခုန်ဆင်း တော့မယ့် အသေခံတပ်သား ကျနေတာပဲကွာ .. ခုချိန်မှာ ငါတို့အလုပ် က ခြေရာဖျောက်နေဖို့ပဲ မဟုတ်ဘူးလား၊ ကိုယ်တောင် အမိမဲ့သား တွေလို ဘဝပျက်နေတာ ကလေ့စားတွေအတွက် မားဆွဲပြီး ရဲစခန်းထဲ ပြေးဝင်သလို ဖြစ်ကုန်တော့မယ်"

"ဟုတ်တယ် ကျော်ဦး .. ငါတို့ အဖွဲ့အတွက် သစ္စာရှိကြပေမယ့် အမိုက်ခံမဲ့ မိုက်ကြဖို့တော့ မသင့်သေးဘူး ..၊ ဆရာဖွဲ့ နဲ့ ပါလာ ကတည်းက ငမန်းအဖွဲ့က ဟိုဘက်မှာကျန်ခဲ့ပြီ၊ ငါတို့နဲ့ ဘာမှမဆိုင် ဘူး၊ အခု ဆရာကြီး မသေဘူးဆိုတဲ့သတင်း မှန်မမှန်ဆိုတာရော





ဘယ်လောက် သေချာလို့လဲ"

"ဟ!.. သေချာချာ မသေချာချာ အခု ငါတို့လှုပ်ရှားနေတာ ဆရာဖွဲ့ အတွက် ကလဲ့စားပဲ"

ကားမောင်းနေရင်း ထိုလူက စိတ်မရှည်သံနှင့် လှည့်အော်သည်။

"ဒီကောင် .. ဒီလောက် ပြန်ခံရတာ နည်းသေးတယ်"

"သူက မခံရသေးပါဘူး ..၊ ငါတို့ပဲ အခု ပုန်းရာကနေ ထွက်လာ ရတာ .. ဆရာဖွဲ့ အတွက် ကလဲ့စားဆိုတာလည်း အခု အမိန့်ပေးလိုက် တာ ငမန်းအုပ်စုပဲ"

"ဟုတ်တယ် .. ငါတို့လုပ်သင့်တာက ဆရာဖွဲ့ မြန်မြန်လွတ် အောင် ကြားဖြတ်အစီအစဉ်တွေနဲ့ လှုပ်ရှားဖို့၊ အပြစ်တွေထပ်လုပ်ပြီး ခွေးပြေး ပြေးနေဦးမှာလား"

ထိုစကားမှာ ကားက တုံ့ခနဲ ရပ်သွားသည်။

ညဦးပိုင်းဆိုပေမယ့် လူရှင်းသည့်လမ်းကလေးထဲမှာမို့ ကားရပ် လိုက်တာက ဗရမ်းဗတာ လက်လွှတ်ထိုင်နေသလို ဖြစ်နေသဖြင့် ဒီညှ ကိုယ်လေး ယိမ်းထိုးသွား၏။

မောင်းနေသည့်လူက ဒီညှ ဆီ မရောက်သော အကြည့်တစ်ချက် နှင့် မျက်နှာလှည့်လာပြီးမှ ဘေးလူကိုပြန်ကြည့်ကာ ...

"မှောင်ရိပ်ခိုတဲ့လူဟာ ခွေးချေးပုံပေါ် ထိုင်နေမိရင်လည်း ငြိမ်နေ ရတာပဲ ..၊ မျက်နှာနဲ့ ဟပ်မိထားလို့လည်း မျက်နှာပြေးသစ်လိုက်ဖို့ အခွင့်အရေး ရှိချင်မှရှိမယ်၊ ငါတို့ကိုယ်မှာ ဘယ်လောက်ထိ ကိုယ် ရောင်ကိုယ်ဝါတွေထွက်အောင် ချမ်းသာနေနေ အမှောင်ထဲမှာ ဘာ အရောင်အဆင်းမှ ထွက်မှာမဟုတ်ဘူး ..၊ မင်းတို့က ဘာကို ကြောက် ရွံ့ နောက်တွန့်နေတာလဲ ..၊ တို့ဘဝက ဒါပဲ .. သေတာရှင်တာ ဘာမှ မထူးခြားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာတွေပါပေမယ့် မင်းပြောသလောက်တော့ မဆိုးဝါးဘူးလို့ ငါထင်တယ် ကျော်ဦး ..၊ အခု ငါတို့မှာ ဘာပြဿနာမှ မပေါ်ခဲ့ဘူး၊ နေဦးစီး ရဲ့မိန်းမကို သတ်လိုက်ရင် ဘာတွေဖြစ်ကုန်မလဲ ..၊ လေထဲကနေ အမိန့်တစ်ချက်ရောက်လာတာနဲ့ ငါတို့က သတ်ကွင်းထဲ ပြေးဝင်ရတာ"

"ပြေးမဝင်ဘဲ နေရင်ရော မင်း ဒီတိုင်း ငြိမ်းချမ်းသွားမယ် ထင်လို့လား"

ကားမောင်းနေသည့်လူက အေးစက်စက်ပြော၍ စီးကရက် ထုတ်သောက်သည်။ ပြီးမှ ရှေ့ကိုပဲ မျက်နှာမူနေလျက်နှင့် ...

"သတ်သင့်တယ်လို့ပဲ တွေးထားလိုက်တာ အကောင်းဆုံးပဲ ..၊ မင်းတို့ ဘာမှပြောမနေနဲ့တော့ .. ငါတို့မှာ ရွေးစရာလမ်း မရှိဘူး"

"နေပါဦး ..၊ အခု အမိန့်ပေးလိုက်တာ ဆရာကြီး ငမန်း မသေဘဲနဲ့လား..၊ လက်ထောက်ခေါင်းဆောင်လား"

"ဘယ်လိုလုပ်သိမှာလဲ"

"အဲဒါကိုက သဘာဝမကျတာ .. သတ်ပစ်လိုက်ဆိုလည်း သတ်လိုက်မယ်ကွာ၊ နေဦးစီး ကို ထပ်ပြီးခေါ်ထုတ်တာ ဘာလုပ်တာလဲ"

"ခြေမအစား ခြေမ .. လက်မအစား လက်မပေါ့၊ မိသားစုတွေ ဆွဲထုတ်ပြီး ဒီလိုလုပ်တာမျိုးက သတ္တိမှမဟုတ်တာ၊ ဆရာကြီး ငမန်း ရဲ့ရာဇဝင်မှာလည်း ဒါမျိုး မကြားခဲ့ဖူးပါဘူး"

"အဲဒါတွေ ငါ မသိဘူးလေ .. ခုတောင် ရာဇဝင်ပျက်ပြီး ငမန်းရော .. ဆရာဇွဲ ရော တစ်ယောက်တစ်လမ်း ပျောက်ကုန်ကြရတာ နောက်ထပ်ပျက်လာတာတွေလည်း ရှိချင်ရှိမှာပေါ့၊ မင်းတို့က နေဦးစီး ရောက်လာမှာကို လန့်နေကြတာလား .."

"လန့်တယ်တော့ ဘယ်မဟုတ်မလဲ ..၊ ဒါပေမယ့် ရင်ဆိုင်မိတာ





ထက် ကိုယ်ရှင်းနိုင်တဲ့နည်းနဲ့ ရှင်းလိုက်ချင်တာပေါ့၊ ရင်ဆိုင်ယှဉ်ပြိုင်ရအောင် နေဦးစီး က ငါတို့နဲ့ ပြိုင်ဘက်မှ မဟုတ်တာ၊ သမင် ဆယ်လှမ်း ကျားတစ်လှမ်း .. သူက ငါတို့ခြေကွက်ကို မြင်နိုင်ပေမယ့် ငါတို့က ဘာမှသိနိုင်မှာ မဟုတ်ဘူး"

"ပြောမနေနဲ့တော့ .. ငါတို့ဆုံးဖြတ်ချက်နဲ့ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး၊ သူ့မိန်းမကို သတ်မှတ်တဲ့နေရာအထိ ခေါ်သွားပြီး ခိုင်းထားတဲ့အတိုင်း လုပ်ရုံပဲ"

"နေဦးစီး ရောက်သွားမယ်လို့ မင်းထင်သလား ကျော်ဦး"

နောက်လူက လှမ်းမေးပြီး ကျော်ဦး မျက်နှာကိုပါ အားမလို အားမရ လိုက်ငုံ့ကြည့်၏။

"မရောက်နိုင်ဘူး ထင်တာပဲ ..၊ သူ ဘယ်လိုလူဖြစ်ဖြစ် ကွန်မျူးတာထဲကနေ ဒီလောက်မြန်မြန်ကြီး ဘယ်လိုမှ ခြေရာမခံနိုင်ဘူး"

ကားပြန်မောင်းသည့်အချိန်မှာ စီးကရက်တိုလေးက မီးခိုးငွေ့တထောင်းထောင်းနှင့် လမ်းဘေးကို ခုန်မျှထွက်သွား၏။

ဒီည လှမ်းကြည့်လိုက်မိပြီးမှ လမ်းပေါ်မှာ လင်းနေသည့် မီးရောင်တန်းဆီ မျက်လုံးတွေ ပြန်ရောက်သည်။

သူမ တကယ် သေရတော့မည်လား ..၊ ကိုယ့်ရှေ့မှာ သူတို့ရဲ့အတွင်းရေးကို ဂရုမစိုက်စွာ ပြောနေကတည်းက ကိုယ့်ကို ဘယ်လိုသဘောထားလိုက်ပြီဆိုတာ ရှင်းပါသည်။

ငမန်း မသေသေးဘူးဆိုတာ တကယ်လား ..၊ ဒါဆို ငမန်း ဝင်အားသလိုဖြစ်နေသည့် သားရဲ့ ကမောက်ကမလုပ်ရပ်တွေက ဘယ်ကရောက်လာတာလဲ ..။

မေးခွန်းတွေ ဖြစ်လာခဲ့ပေမယ့် ဘာမှမသိသည့် အကြောင်းတွေချည်း ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှာ နေဦးစီး တကယ်ရောက်လာပါ့မလားဆိုတာလည်း ပါသေးသည်။

ကိုယ့်အဖြစ်က သူရောက်လာလာ မလာလာ သေရဖို့ပဲရှိကာ ဘဝတစ်လျှောက်မှာ ဘယ်လိုမှားယွင်းမှုမျိုးမှ မကျူးလွန်ခဲ့ပါဘဲ မကောင်းတဲ့လူတွေလက်ထဲမှာ ကြက်ငှက်တစ်ကောင်လို ပျက်ဆီး သေဆုံးရတော့မှာ ဖြစ်သည်။

ရှုပ်ထွေးလာသည့် မေးခွန်းတွေနှင့် ခေါင်းတွေ မူးနောက်လာသည်။ မှိတ်ထားလိုက်မိသည့် မျက်လုံးတွေမှာ အလင်းရောင် ကွယ်ပျောက်သွားပေမယ့် စိတ်အာရုံထဲမှာ ဦးစီး နဲ့ သားလေးရဲ့ပုံရိပ်တွေက ထင်ထင်ရှားရှား ရှိနေခဲ့၏။

သားနဲ့ ဦးစီး တို့ ဘယ်လိုမှ မပတ်သတ်ဘူးဆိုလျှင် သားက ဘာဖြစ်လို့ ဒီလိုတွေ လုပ်နေတာလဲ ...။

မဖြစ်နိုင် ...၊ သားဟာ မကောင်းသည့် ညစ်ဆိုးတွေနှင့် မွေးဖွားကြီးပြင်းလာမည့်ကလေး ဘယ်လိုမှမဖြစ်နိုင် ...။

ထိုစဉ် ကားထဲမှာ စကားသံတွေ ပြန်လည်ထွက်ပေါ်လာခဲ့၏။

"ဒါဆို ငါတို့က ဒီလင်မယားကို သတ်ပစ်ဖို့ သံသယ်သက်ပဲပေါ့"

"သတ်ဖို့ကလည်း ငါတို့လုပ်နိုင်မှာမှ မဟုတ်တာ ...၊ ငါ့အထင်တော့ ဆရာကြီးဆီမှာ အကြံတစ်ခုခု ရှိမယ်ထင်တယ်"

"မင်းပဲ ပြန်ပေးဆွဲရမှာ မဟုတ်ဘူး ၊ အပြတ်ရှင်းဖို့ဆို ..."

"အေးလေ ခုထိမှ ဘာမှ ထပ်မလာသေးတာ ...၊ ဟိုရောက်တာနဲ့ ဒီမိန်းမကို အခန်းထဲ ထည့်ပိတ်ထားလိုက်ရုံပဲ"

"တောက်!.. တော်တော် ခေါင်းစားရတာပဲ ...၊ ရှိတာလေးနဲ့ အေးအေးချမ်းချမ်းနေကြတော့ဆိုပြီး ဘာတွေထပ်ဖြစ်မှန်း မသိဘူး၊ သေဆိုသေ .. သတ်ဆိုလည်း သတ်ပေါ့၊ ဒီလိုလည်း မဟုတ်ဘူး"





"အေးလေ .. ငါတို့က အမိန့်ကို နာခံနေရတာတောင် ဘယ်ကလာတဲ့အမိန့်မှန်း မသိ .. ဘယ်သူ့ကို ဆရာခေါ်ရမယ်မှန်း မသိ"

"ဘာပဲဖြစ်ဖြစ် ငါတို့အဖွဲ့ရဲ့ လျှို့ဝှက်ဆက်သွယ်ချက်ကို တခြားလူ သိနိုင်မှာမှ မဟုတ်တာ၊ ငါထင်တယ် .. ဒီညွှန်ကြားချက်က ဆရာထွတ် ဆီက လာတာ၊ ငါတို့ဆရာကြီး မသေလို့များ သူနဲ့ ဆက်သွယ်မိတာလားပဲ"။

"ဒါဆို သူလည်း ဆရာကြီးအမိန့် ထပ်မရောက်လို့ စောင့်နေရတာပေါ့"

"ဖြစ်နိုင်တယ်"

ဖြစ်နိုင်တာတွေကတော့ သေပြီဆိုတဲ့လူ ပြန်ရှင်လာတယ်ဆိုလည်း ဖြစ်နိုင်နေတာပဲ မဟုတ်ဘူးလား ...၊

အလင်းရောင်ထဲမှာ စည်းကမ်းဘောင်နဲ့ ငြိမ်းချမ်းစွာ နေရသည့် လွတ်လပ်မှုကို မက်မောနေကြပြီမို့ အဖွဲ့ကို ခင်တွယ်စိတ်နဲ့ သစ္စာရှိခြင်းနေတာက တခြား ...၊

တက်ကြွခြင်းတွေ တစိတ်တဒေသတော့ ပျောက်ဆုံးနေခဲ့ကြတာ အမှန်ပင် ...။

ရန်ငြိုးတွေ တစ်ကနေ ပြန်စဦးမှာလား မသိ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၁ )

ကွန်ပျူတာရှေ့ကနေ စိတ်လှုပ်ရှားစွာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတာ ဘယ်နှစ်ခေါက်မှန်း မသိ ...။

နာရီကြည့်လိုက် အလင်းအမှောင် ပြောင်းလဲနေသည့် အပြင်ဘက်ဆီကို ပြတင်းခန်းဆီးစလေး 'မ'ကြည့်လိုက်နှင့် ပြန်လှည့်လာတော့လည်း ကွန်ပျူတာရှေ့ပဲ ပြန်ရောက်၏။

ဒီနေရာဟာ ရန်ကုန်မြို့နှင့် အလှမ်းမဝေးသော ဆင်ခြေဖုံးမြို့နယ်တစ်ခု ဖြစ်သည်။ ပြီးတော့ လူစည်ကားသည့်နေရာက မိနီမက်ကက်တစ်ခု၏ သူဌေးရုံးခန်း ...။

ငမန်းအုပ်စု၏ အဖြူရောင် အခြေစိုက်စခန်းတစ်ခုဆိုလည်း မမှားပေ ...။ ဒီနေ့ ဒီနေရာမှာ ကြက်ပျောက်ငှက်ပျောက်နေကြသည့် ငမန်းအုပ်စုရဲ့ လက်တံအတိုအရှည်တွေ ဆက်သွယ် စုဝေးကြတော့မည်မှန်း ဘယ်သူမှ ထင်မှာမဟုတ်...။

ငမန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ခွဲဆိုပြီး တစ်နှယ် တစ်စင်ထောင်လိုက်ကာမှ အဖမ်းခံလိုက်ရသည့် ဖွဲပညာ ...၊





ခေါင်းဆောင်တွေက ငယ်သားတွေကို ညှာတာကြသည်။ ငမန်းအဖွဲ့ ဘယ်သောအခါမှ ပျောက်ကွယ်မသွားဖို့ အင်အားချန်လိုက်တာမျိုး ...။ ဆရာငမန်း သေဆုံးခဲ့ရပြီး ဖွဲပညာ အဖမ်းခံရသည့် ပြဿနာအတွက် တိတ်တဆိတ် လူစုကြဖို့ ကြိုးစားတုန်းမှာ ဆရာကြီးငမန်းရဲ့ အရေးကြီးမက်ဆေ့ချ် ဝင်လာသည်လို့ အကြောင်းလာသည်။

ဒါပေမယ့် သူ ဒီမှာရောက်နေခဲ့တာ နှစ်ဆယ့်တစ်နာရီ ရှိသွားပြီ။ ဖတ်ထားပြီးသည့် မက်ဆေ့ချ်အပြင် နောက်ထပ် ဘာမှရောက်မလာခဲ့ပေ။ သေဆုံးသွားသူက မက်ဆေ့ချ်ပို့သည်ဆိုတာကို မယုံနိုင်ပေမယ့် လျှို့ဝှက်ဆက်သွယ်ချက်တွေက သက်သေထူနေသည်။

ညွှန်ကြားတာတွေက ဆရာကြီးရဲ့ လေသံတွေအတိုင်း ...

"တောက်!.."

နာရီထပ်ကြည့်မိပြီး ဆံလည်ခုံကို ဆောင့်အောက်ဆွဲလှည့်ကာ စ်ထိုင်ချလိုက်မိသည်။

ပြီးတော့ မျက်နှာကို ဖိပွတ်၍ ခဏလေးအကြာမှာ ပြန်ထရပ်မိပြန်သည်။ ဆရာကြီး ဘာဖြစ်လို့ နောက်ထပ် မညွှန်ကြားတာလဲ ...၊

မိန်းမကို ဓားစာခံ လုပ်ရမည်၊ ဦးစိုး ဆီက စီဒီကဒ်လေး ရအောင် ယူပြီးတာနှင့် နှစ်ယောက်စလုံးကို သတ်ရမည်လို့ အမိန့်ရောက်လာပြီး နေဦးစိုး လိုကောင်ကို အကယ်၍ ရင်ဆိုင်ရှုံးနိမ့်ခဲ့လျှင် ဘယ်လိုဆက် သွယ်ရှားရမည်ဆိုတာ ပါမလာခဲ့ပေ ...။

ထို့ပြင် ကိစ္စတွေ ပြီးစီးခဲ့လျှင် ဘယ်ကို ရွှေ့ပြောင်း စုစည်းကြဖို့ဆို တာလည်း မပါ။ အချိန်တွေကြာလာလေ စိုးရိမ်စိတ်တွေ မြင့်တက်လာ လေ...။ နေဦးစိုး အကြောင်း သိသားနှင့် ဆရာကြီး ဘာဖြစ်လို့ ကွန်ပျူ တာသုံးမှန်း မသိ ...။

ဒီကောင် အချိန်မီ ရောက်မလာလျှင် မိန်းမကို သတ်ပစ်ရ...



www.burmeseclassic.com

www.burmeseclassic.com



ရော ဘာလဲ …၊

မိန်းမကို သတ်နိုင်ဖို့က အရေးကြီးတာလား .. ပစ္စည်းနဲ့ အလဲအလှယ်ဖြစ်ဖို့က အဓိကလား…။ မပြည့်စုံသည့် ညွှန်ကြားချက်အတွက် ချက်ချင်း တသွေမတိမ်း ထလုပ်ခဲ့ပြီးမှ ပူလောင်နေတာ ထိုင်မရထမရ…။

ငမန်းအုပ်စုရဲ့ အဓိကလက်ရုံး ထွတ်ခေါင် လွတ်မြောက်သွားသည်ဆိုတာ နာမည်ကျော် အထင်ကရ ရှိခဲ့တာ…၊ သူ အပုန်းကောင်းနေခဲ့ပြီးမှ ခု ပြန်ထွက်လာရသည်။

ငါ့ဆရာကြီး မသေသေးဘူးဆိုသည့် ဝမ်းသာအားတက်ခြင်းတွေက ကွန်ပျူတာကိုပဲ အံ့သြတွေဝေသည့် မျက်လုံးတွေနှင့် ကြည့်မိလာသည်အထိ သံသယတွေ ဝင်လာသည်။

သူ ကယောင်ချောက်ချား ဖြစ်နေတာ မဟုတ်ပေ …။

လျှို့ဝှက်နံပါတ်တွေ ညွှန်ကြားချက်တွေကလည်း မမှားပါ။ ဒါ ဘာမှားနေတာလဲ …၊ ခုလောက်ဆို ကျော်ဦး တို့လူစု သူ့အမိန့်အတိုင်း ပြီးစီးအောင်မြင်စွာ လုပ်နေပြီ ထင်သည်။

သူ့မှာသာ နေဦးစီး ဆိုသည့်နာမည်ကို စိတ်မှာ ရေရွတ်မိတိုင်း အဲဒီမိန်းမကို သတ်လိုက်တော့လို့လည်း အမိန့်မပေးရဲ …။

ဆရာကြီးဆီကလည်း ဘာမှ ညွှန်ကြားချက် ထပ်မလာ …၊

သူ့မိန်းမကို ကျော်ဦး တို့ ခေါ်သွားနိုင်တာ မှန်လျှင် ခုလောက် နေဦးစီး လှုပ်ရှားနေပြီဆိုတာ သေချာပါသည်။

အချိန်ကြာကြာ စောင့်နေလေ နေဦးစီး လှုပ်ရှားဖို့အတွက် အ အရေးရနေလေ ဖြစ်နေမလား …၊ ကွန်ပျူတာရှေ့မှာ ရပ်နေ ကျောမလုံသလိုကြီး ခံစားလာရ၏။

အရင်လို သူလည်းမိုက် ကိုယ်လည်းမိုက်နေတုန်းက ပြဿ မဟုတ်သော်လည်း သူက အလုပ်ထွက်သွားပြီးမှ ဇွဲပညာ ကို ဖမ်





လိုက်သေးသည်။

ကိုယ့်အုပ်စုမှာသာ ခွေးပြေးပြေးပြီး လိပ်လို ခေါင်းလျှိုနေရတဲ့ ဘဝ…၊ ဒီလို ကိုယ်ယောင်ဖျောက်နေသင့်သည့်အချိန်မှာ ဆရာကြီးက ဘာဖြစ်လို့ နေဦးစီး ကိုမှ ထိပ်ပုတ်ရန်စလိုက်မှန်း မသိ …။

နောက်ထပ် ခေါက်တုံ့ခေါက်ပြန် လျှောက်မိရင်း သူ ကွန်ပျူတာရှေ့မှာ ခြေစုံရပ်၏။ စခရင်မ် လင်းနေတာကို ငုံ့စိုက်ကြည့်ကာ တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်၍ လက်ပြင်လိုက်စဉ် …

"မင်း လုပ်ရမှာက အဲဒါတွေကို ဖျက်ဖို့မဟုတ်ဘူး"

"ဟင်!…"

တွေးနေတုန်း ကျောနောက်က အသံကဝင်လာသဖြင့် ထွတ်ခေါင် ချာခနဲ လှည့်ရင်ဆိုင်လိုက်သည်။

နေဦးစီး …၊

သူ စကားမပြောနိုင်လောက်အောင်ပင် မျက်လုံးတွေပါ ပြူးကျယ်ငြိမ်သက်သွား၏။

ဒီလောက်ထိ မြန်နိုင်မယ်လို့ တွေးမိပေမယ့် ဖြစ်နိုင်မယ် မထင်ခဲ့…၊ ဂျာကင်အနက် ဘောင်းဘီအနက်နှင့် ဦးစီး လက်ထဲမှာ စီးကရက်လက်ကြားညှပ်လျက်အပြင် မီးခြစ်တစ်လုံးပဲ ပါသည်။

ဒါပေမယ့် ထွတ်ခေါင် တံတွေးမျိုလိုက်ရင်း နောက်ကို မသိမသာ ဆုတ်၍ …

"မင်း ဘယ်လောက်တော်နေနေ .. မင်းမိန်းမ အသက်ကို ကယ် နိုင်မှာ မဟုတ်ဘူး နေဦးစီး …၊ ငါပေးမယ့်အမိန့်က ရှိပြီးသား၊ မောင် မှာ ခလုတ်တစ်ချက် နှိပ်လိုက်ရုံပဲ"

ကွန်ပျူတာဘေးမှာ ဟန်းဖုန်းအနီရဲလေးကို မေးဆတ်ပြ—

"မင်း ငါနဲ့ အလဲအလှယ်လုပ်မယ်ဆိုရင်တော့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘတိုး မသေခင် ပေးသွားတဲ့ အထုပ်ထဲက စီဒီချပ်လေးလား.."

မေးလိုက်ပြီး ဦးစီး က စီးကရက် မီးညှိသည်။ သို့သော် မီးခြစ်ကို ဖွင့်လိုက်ပြန်ပိတ်လိုက်နှင့်...၊ ပြီးတော့ မီးမညှိဘဲ လက်ကို ပြန်ချလိုက်ကာ ...

"ဘာမှမသိတဲ့ ဒုက္ခိတကို လက်ဆောင်လိုလို ကန်တော့တာလိုလို သိမ်းထားပေးပါ နိုင်းထားတော့ မသိတဲ့လူက ပေးခဲ့တာပေါ့...၊ ဒါပေမယ့် အဲဒါ မရှိတော့ဘူး"

"ဘာမရှိတာလဲ ...၊ မင်း မညာနဲ့ .. အဲဒါကို ရဲလက်မအပ်သေးဘူးဆိုတာ ငါတို့ သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလျှို့ဝှက်ချက်တွေရဲ့ သိသွားရင် ဆရာဖွဲ့ စုန်းစုန်းမြုပ်သွားမှာ"

ဦးစီး မထိတထိအပြုံးနှင့် တံခါးနားကနေ အထဲကို လျှောက်ဝင်လာ၏။ ပြီးတော့ ကွန်ပျူတာဘေးက စားပွဲစွန်းမှာ ထင်ပါးလွဲ မှေးထိုင်ပြီး စီးကရက် မီးညှိသည်။

ဖွင့်ထားသည့် ကွန်ပျူတာတွေကို စိတ်မလုံသလို လှမ်းကြည့်ကာ ခြေလှမ်းပြင်ဖို့လုပ်တော့ ဦးစီး က လက်ကာ၍ ...

"လုပ်မနေပါနဲ့ ...၊ သူဟာသူ ပိတ်သွားမှာပါ"

"ဘာ!..."

"မင်းဆရာ ပို့ထားတဲ့ အမိန့်တွေကိုလည်း ဖျက်စရာ မလိုဘူး... ငါ အားလုံး ဖတ်ပြီးသား"

ထွတ်ခေါင် 'ဟင်!..'အသံ ထွက်မိမတတ် ဝမ်းသာသွား၏။ ဦးစီး ကတောင် ပြောနေပြီဆိုတော့ ဆရာကြီး မသေဘူးဆိုတာ သေချာပါပြီ။ ဒါပေမယ့် သူ့ ဝမ်းသာတာ မပြီးသေး ...၊

"ငါ့မိန်းမ ဘယ်လမ်းကိုသွားတယ် ..ဘယ်လိုလုပ်လို့ အမိန့်ပေး





လိုက်ကတည်းက မင်းတို့တွေ ငါ့နားပတ်လည်မှာ ရှိနေကြတာကို တွက်မိတယ်၊ လေထဲမှာ ဆက်သွယ်ရေးတွေ ရှုပ်ယှက်ခတ်နေတာဟာ လူတွေ လှုပ်ရှားနေတဲ့ လက်ထဲမှာပါ...၊ အခု မင်းရှေ့ကို ငါရောက်နေတာ ငါ တော်လို့ မဟုတ်ဘူး .. မင်းဆရာ ညံ့နေလို့"

ထွတ်ခေါင် မျက်နှာကြီး ညိုသွားတော့ သူက မဲ့လိုက်ရင်း စီးကရက် ရှိုက်သည်။

ပြီးတော့ မီးခိုးတွေကို အခိုးအငွေ့မမြင်ရအောင် ရှူထုတ်သည့်နည်းနှင့် နှုတ်ခမ်းတွေ စေ့ထားပြီး ခဏငြိမ်နေလျက် ...

"မင်းဆရာ မင်းကို ဘာမှထပ်ညွှန်ကြားနိုင်တော့မှာ မဟုတ်ဘူး... အဲဒါ သိလား .. ရှိမှမရှိတော့တာ ...၊ သူက ..."

"စကားတွေ ဟိုပြောဒီပြောနဲ့ မင်း ရှုးနေသလား နေဦးစီး"

"ငါ မရှုးပါဘူး ...၊ မင်းတို့ရှုးနေလို့ ခုလို ထွက်အဖမ်းခံတာပေါ့... သေသွားတဲ့လူကို ပြန်ရှင်လာတယ်ထင်ပြီး သွေးရူးသွေးတန်း ထွက်လာကြတာ ဘယ်သူရှုးတာလဲ .."

ထွတ်ခေါင် ရှက်တာရော ဒေါသတွေပါ စုပေါင်းကာ လက်သီးဆုပ် အံကြိတ်နေ၏။

အေးဆေးထိုင်နေသည့် နေဦးစီး ကို ကြည့်ရင်း သံသယတွေ ဝင်ထွေးလာပြန်ကာ ပေါက်ကွဲချင်ပေမယ့် အကြောင်းရင်းက မရှိ... သူဖြစ်နေတာကို အထင်မြင်သေးသလို .. သနားသဖြင့် မျက်ဝန်းနှင့် နေဦးစီး က မချိုမချဉ်ကြည့်၍ ...

"မင်းဆီကို မက်ဆေ့ချ်ပို့ပြီး အမိန့်ပေးလိုက်တာ မင်းဆရာ မဟုတ်... အဲဒါ ငါ့သား .."

"မင်း .. မင်း ရှုးနေပြီ ...၊ မင်းကမှ အရူး .."

ထွတ်ခေါင် ထိတ်လန့်သွားသည့်မျက်နှာကြီးနှင့် မဆင်မခြင်



www.burmeseclassic.com

www.burmeseclassic.com



ပြော၏။ ဦးစီး က သွားတွေပေါ်အောင် ပြုံးလိုက်ပြီး စီးကရက် သောက် မပျက် ...

"ကွန်ပျူတာကို မင်း ဂျမ်းထိုးမှောက်ခုံ လုပ်နိုင်နေလည်း ကွန်ပျူတာမရှိတဲ့နေရာမှာ ရောက်နေတဲ့ မင်းမိန်းမကိုတော့ အချိန်မီ သွားကယ်နိုင်မှာ မဟုတ်ဘူး နေဦးစီး ..၊ အဲဒါ ငါ့ဘက်က မင်းကို လုံးဝ ဂရုစိုက်ဖို့ မလိုတဲ့ အားသာချက်ပဲ၊ ဟန်ကြီးပန်ကြီးတွေ လာလုပ်နေတဲ့ မင်းလည်း ဒါကြောင့်ပဲ ငါ့ရှေ့ကို ရောက်လာရတာမို့လား၊ နောက်ဆုံး ငါ အရှုံးပေးလိုက်ရပြီဆိုရင်တောင် မင်းမိန်းမကိုတော့ သတ်သွားဖို့ ဆုံးဖြတ်ပြီးသား"

ဦးစီး က ဘာမှမပြောဘဲ မီးခြစ်ကို ဘေးမှာချထားလိုက်ပြီး မတ်တတ်ရပ်သည်။ ပြီးတော့ တည်တင်းနေသည့် မျက်ဝန်းများနှင့် သူ့ကို ကြည့်၍ ...

"ဟုတ်တယ် .. ငါ့မိန်းမ ဘယ်မှာရှိတယ်ဆိုတာ မင်း ပြောရမယ်၊ နံပါတ်တစ် မင်း မပြောလို့ မရဘူး၊ နံပါတ်နှစ် အလဲအလှယ် လုံးဝ မရှိဘူး၊ နံပါတ်သုံး .. မင်း ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်ဆိုရင်တောင် သေခွင့်မရှိဘူး၊ အိုခေ .."

"မင်း .. မင်း .. တော်တော်ကြီးကျယ်တဲ့ကောင် .."

ဒေါသမထိန်းနိုင်တော့ဘဲ ညာဝိုက်လက်သီးတစ်ချက် လွှဲဝင်သွား၏။ ဦးစီး က ကိုယ်ကိုရှိုပြီး ပွတ်ကပ်ရှောင်သည်။

နောက်ထပ် ခြေထောက်ရော လက်ရော ပစ်သွင်းလိုက်လျှင် လက်ကို တစ်ဖက်နဲ့ကာ၍ တစ်ဖက်နဲ့ ခြေထောက်ကို ရိုက်ထုတ်ပစ်လိုက်၏။

ခြေထောက်သည် အရှိန်နှင့် ပြန်ပါသွားကာ ကိုယ်တစ်ပတ်လိမ့်၍ ပြန်ထိန်းလိုက်တာတောင် ကွန်ပျူတာခုံကို ဒုန်းခနဲ တိုက်မိသွားသည်။





ထွက်ခေါင် နားလည်သွားကာ နောက်ကိုခုန်ဆုတ်၍ ဖုန်းထုတ်ယူလိုက်သည်။ ဒါပေမယ့် သူဖွင့်လိုက်တာ ဘာမှပွင့်မလာတော့ပေ ..။

ထိုစဉ် လင်းနေသည့် ကွန်ပျူတာစခရင်တွေ အားလုံး ပျက်ကျသွားကြ၏။

"ဟွန့် .."

သူ ဗျာများသွားစဉ် နေဦးစီး ရဲ့ ခနဲ့ပြုံးကြောင့် ခေါင်းထဲမှာ ကျယ်လောင်စွာ မြည်ဟီးသွား၏။

"မင်း .. မင်း .. အဲဒီလိုနည်းတွေနဲ့ တတ်နိုင်နေတာကို ဂုဏ်ယူနေတာလား"

ကတုန်ကယင်ပြောလိုက်ရင်း နေဦးစီး ပြန်ကောက်ယူလိုက်သည့် မီးခြစ်ကို မျက်လုံးပြူးနှင့် လိုက်ကြည့်နေမိ၏။

မီးခြစ်မှန်း လုံးဝသိသာနေကာ ဟန်းဖုန်းလောက် ကြီးသည့် ငွေရောင်အမြင့်ဆိုးနဲ့ ပြီးလောက် အနီရောင်မီးပွင့်လေး သုံးလုံး မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတာကိုတော့ သူမြင်လိုက်တာ နောက်ကျသွားပါပြီ ..။

"ခွေးရူးနဲ့ ရင်ဆိုင်မိနေတာကို ငါက လက်နက်ကြီးငယ် ရွေးနေရမှာလား"

ဦးစီး က မီးခြစ်ကို ဂျာကင်အိတ်ထဲ ထည့်လိုက်ပြီး ...

"ငါလွှတ်လိုက်တဲ့ ရေဒီယိုသတ္တိကြွနှုန်းက မင်းရဲ့ဦးနှောက် ကွန်ပျူတာထက် ဘယ်လောက်ထိ မြန်သလဲဆိုတာ မယုံမှာစိုးလို့"

ပြောနေရင်း မျက်နှာကို တင်းလိုက်၏။ ဦးစီး မျက်နှာက မကြည့်ရဲလောက်အောင် တည်တင်း ရူးရဲနေကာ ...

"အဲဒီ စီဒီကဒ်ကို စတွေ့ကတည်းက ဘာတွေဆိုတာ ငါသိသည်ဖွင့်တောင်မကြည့်ဘဲ ဖျက်ပစ်လိုက်တယ် ...၊ အဲဒီတုန်းက ...



www.burmeseclassic.com

www.burmeseclassic.com



ငမန်း အပေါ်မှာ ငါထားခဲ့တဲ့ ခံစားချက်က သစ္စာရင့်ရင့် အဖြူရောင်..၊ သူ့နဲ့ပတ်သက်တာတွေကို ငါ့အလုပ်အတွက် သစ္စာထားပြီး ကူညီဖော်ထုတ်ပေးခဲ့ပေမယ့် နောက်ထပ် ပွားများလာမယ့် ပြဿနာတွေကို ဥပေက္ခာထားတော့ဖို့ ဆုံးဖြတ်ပြီး အဲဒါတွေကို ဖျက်လိုက်တာ..၊ မင်း အလဲအလှယ် မလုပ်လည်း အဲဒီပြဿနာက ပြီးသွားပြီ..၊ အခု မင်း လုပ်ရမှာက ..."

"ငါ .. ငါ .. မင်းမိန်းမကို ထားခိုင်းခဲ့တဲ့နေရာ ပြောပါ့မယ်၊ ဒီ တစ်ခါတော့ လွှတ်ပေးပါ"

ဦးစိုး က ရွံရှာသည့်မဲ့ပြုံးနှင့် စိုက်ကြည့်လျက် ...

"တကယ် သတ္တိရှိရင် လွယ်လွယ်နဲ့ တောင်းပန်ဝန်ချတဲ့အလုပ်တွေ မလုပ်ရဘူး"

"ဒါကတော့ ချောင်ပိတ်မိနေရင် ခွေးတောင် ပြန်ကိုက်တတ်သေးတယ်၊ မနိုင်တဲ့လူကို အရှုံးပေးရမှာပေါ့၊ အခု ငါ ချောင်ပိတ်မိနေပြီ.. မင်းလည်း အလုပ်က ထွက်ထားတဲ့လူပါ.. ငါ့ကို လွှတ်ပေးပါကွာ.. မင်း ဘယ်လောက်လိုချင်သလဲ"

"ငါ့မိန်းမရှိတဲ့နေရာကို မင်း လိုက်ပြရမယ်"

"ငါ့ကိုရော .."

"အားလုံးကို ဖမ်းမှာ .."





## အခန်း [၄၂]

လမ်းဆုံး ရွာတွေ့နေကာမှ ဗုန်းဗုန်းလဲကျသွားရသည့် မျက်နှာ..၊ နောက်ထပ် အခွင့်ကြုံလျှင် ထပ်ဆုံချင်သေးသည်ဆိုသည့် မျက်နှာမျိုး၊ ပြီးတော့ တက်ခေါက်သံ တစ်ချက် ...။

အားလုံးကို လက်ထိပ်ခတ်၍ တန်းစီခေါ်သွားစဉ် အကြည့်တွေ မျက်နှာတွေက သူ့ဆီကို တန်းတန်းမတ်မတ် ရောက်လာကြ၏။

နယ်ထိန်းကြီးနှင့် ရဲအုပ်တို့ နှုတ်ဆက်ရယ်မောပြီး ထွက်ခွာသွားကြလျှင် ဦးဇော်အောင် နဲ့ ဦးစိုးခန့် တို့ သူတို့ဆီးကို ရောက်လာကာ—

"မင်းမိန်းမကို အချိန်မီ ကယ်ထုတ်ပစ်လိုက်တဲ့ မင်းရဲ့အရည်အချင်းတွေကတော့ ဆထက်ထမ်းပိုး တိုးလာသလိုပဲ ဦးစိုး ..၊ စိတ်ကူးတွေလွဲပြီး အလုပ်ကထွက်ပစ်လိုက်တာ နှမြောဖို့ကောင်းနေပြီ"

"ကျွန်တော် မပြောဘူးလား ..၊ တစ်ခါတလေ ဦးစိုး ဆိုတဲ့ကောင်လေး အစွန်းရောက်တတ်ပါတယ်ဆိုတာ၊ ဘာပဲဖြစ်ဖြစ် ငါ့ကို ကူညီလိုက်တာလို့ပဲ သတ်မှတ်ပြီး မင်းကို ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်အောင် က ဦးစီး နဲ့ ဒီညု ကို အပြုံးလက်စနှင့်ပြန်ကြည့်၍...

"တိုင်းပြည်ရဲ့အန္တရာယ်ကို ရှင်းလင်းဖယ်ရှားပေးတဲ့ အကျိုးကြောင့် ဒီလင်ဒီမယား ချစ်ခင်မြတ်နိုးစွာနဲ့ ရာသက်ပန် ပေါင်းရပါစေဗျာ"

ဒီညု ရှက်နေတာလေးကို ငုံ့ကြည့်ပြီး ဦးစီး က ရယ်သည်။

"မင်း အလုပ်ပြန်လုပ်မယ်ဆိုရင် အထက်ကကိစ္စတွေ ငါ အားလုံးတာဝန်ယူတယ် ဦးစီး ...၊ စဉ်းစားပါဦး"

"ကလေးတွေမှ မဟုတ်တာ ဆရာ ...၊ တိုင်ကစ္စာလိုက် ဖမ်းတဲ့လူအနားရောက်လာလိုက် ပြန်ပြေးကပ်လိုက် မကောင်းပါဘူး ...၊ စီးပွားရေးလုပ်ငန်းတွေမှာပဲ ဇောက်ချတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ"

"အေးပါ .. မင်းကို ငါတို့ ကြိုးဆိုနေတဲ့အကြောင်း ပြောပြထားတာ၊ မင်းကို ခုလိုမျိုးလည်း နောက်ထပ် သက်ဇွန့်ဆံဖျားတွေ အကူညီမတောင်းတော့ပါဘူး"

"မဟုတ်ပါဘူး .. ဒါက ကျွန်တော် အကူအညီတောင်းခဲ့ရတာပါ၊ သက်ဆိုင်ရာဌာနတွေက နွေးနွေးထွေးထွေး ပြန်ကူညီကြလို့ အောင်မြင်တာ"

"ဘာပဲဖြစ်ဖြစ် ငါတို့အတွက် အမြစ်ဖြတ် ရှင်းလင်းနိုင်တယ်လို့ ပြောလို့ရပြီလေ...၊ အားလုံးအတွက် ကျေးဇူးပါ"

နှုတ်ဆက် ပြန်ထွက်သွားကြတော့ ညမိုးချုပ်သွားပြီဖြစ်သည်၊

သူတို့လည်း ကားပေါ်တက်ကာ အပြန်ခရီးကို တိတ်ဆိတ်စွာ စတင်ခဲ့၏။

"ဒီညု .."

သူ ကားမောင်းရင်း လှည့်ကြည့်ခေါ်ကာ ...





"ဘာဖြစ်လို့ စကားမပြောတာလဲ"

"ပြောစရာမှ မရှိတာ"

"မင်းကို သူတို့ တစ်ခုခု နှိပ်စက်ခဲ့သေးသလား"

"ဘာမှမလုပ်ဘူး...၊ အဲဒီတိုက်ခန်းထဲ ထည့်ပိတ်ထားပြီးကတည်းက ရှေ့မှာတောင် လာမရပ်ဘူး...၊ ဘာဖြစ်လို့ ဒါကိုပဲ မေးနေတာလဲ...၊ ကျွန်မ ဖျက်ဆီးခံလိုက်ရပြီ ထင်လို့လား...၊ မသတိရင် မပေါင်းနဲ့နော်...၊ ကျွန်မက မယ်သီတာလိုတော့ သစ္စာဆိုပြီး မီးပုံထဲ ခုန်ဆင်းပြမှာ မဟုတ်ဘူး"

"ဟောဗျာ.."

ရယ်ကျဲကျဲလေသံနှင့် သူ့မျက်နှာ ရှေ့ပြန်လှည့်ပြီးရယ်တော့ ဒီညု ဒေါပွသွား၏။

"ရှင်က ရယ်နေနိုင်တယ် ဟုတ်လား ...၊ ပြဿနာတွေ ဒီလောက် ရှုပ်ထွေးနေတာတောင် စိုးရိမ်ကြောင့်ကြရမှန်း မသိဘူးပေါ့"

"စိုးရိမ်လို့ မင်းပျောက်သွားတာနဲ့ ကိုယ် ထပ်ချပ်မကွာ လိုက်ခဲ့တာပေါ့"

"အခု အိမ်မှာ သားနဲ့မေမေတို့ ကျန်ခဲ့တယ်လေ ...၊ ရှင်တို့ရဲ့ ရန်ငြိုးရန်စတွေ ဒီလောက်ထိ အပြန်အလှန် ပစ်ခတ်နေကြပြီဆိုရင် အိမ်မှာ တစ်ခုခု ဖြစ်မနေနိုင်ဘူးလား"

ဦးစီး ဖျတ်ခနဲ လှည့်ကြည့်သည့်မျက်နှာမှာ အပြုံးအရယ်တွေ မရှိတော့ပေ ...။

ဟုတ်သည် ...၊ သူ ပေါ့ပါးစွာ သဘောထားခဲ့မိတာက 'ငါ့သားလေး' ဆိုတာပဲ ဖြစ်သည်။

ဒီရက်ပိုင်းမှာ ဘုရားကိုးဆူအလှူအတွက် ပြင်ဆင်နေကြတာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သားလေး ငြိမ်ငြိမ်သက်သက် နာခံပါ့မလား ..။

ကားက အရှိန်ပိုမြင့်သွားသည်။ ပြီးတော့ .. သူ့ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်သွားခဲ့၏။

သောမှာ ဒီည က ဆံပင်တွေ ဖြန့်ချလျက်သားနှင့် လက်ပိုက်လေး နေရင်း သူ့ကိုပဲ ငဲ့ကြည့်နေခဲ့သည်။

ဒီလူ ဒီလောက်ထိ တော်နေပါလျက်နှင့် သားကိုကျတော့ သား ထက်မပိုသော သတိလက်လွတ် ချစ်ခြင်းများနှင့် ခုချိန်ထိ ..။

ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ ဘာဖြစ်လို့ ရှေ့ဆက်မတွေးတာ လဲ ..၊

ကိုယ်ပြောလိုက်လို့ သူ ပျာသွားတာကို မြင်တော့ ဒီည ရင်တွေ ပို၍ ပူလောင်သွား၏။

ဘာမှမဖြစ်ပါစေနဲ့ ..။





<u>အခန်း ( ၄၃ )</u>

"သမီးလေး .."

"မေမေ .."

သူတို့ကို မြင်လိုက်တာနှင့် ဒေါ်ဖြူဖြူ ထိုင်နေရာကနေ အပြေး တစ်ပိုင်း ထထွက်လာ၏။

ဦးကျော်မျိုး ထရပ်တော့မလို ဖြစ်သွားပြီးမှ ပြန်ထိုင်ကာ —

"အေး .. ပြန်ရောက်လာပြီဆိုတော့ စိတ်ချမ်းသာရတာပေါ့ကွာ.. လာ .. လာ .. ထိုင်ကြ"

"ဘာတွေဖြစ်ကုန်တာလဲ မေမေ့ကို ပြောပါဦး သမီးရယ် .. မနေ့ က သားက စိတ်မပူဖို့ ဖုန်းဆက်တယ် ..၊ ဒါပေမယ့် သမီးတစ်ယောက် လုံး ပျောက်နေတာ ဘယ်လိုလုပ် မပူဘဲနေနိုင်မှာလဲ ..၊ ဘယ်လိုလူက ပြန်ပေးဆွဲတာလဲ .. ဘာလိုချင်တာလဲ .."

"နောက်မှ ပြောပြပါ့မယ် မေမေရယ်..နော်၊ သားလေးရော.."

ဒေါ်ဖြူဖြူ ပခုံးကို ပြန်ဖက်ထားကာ ဘာအန္တရာယ်မှ မရှိတာ ကြောင့် အားပေးနှစ်သိမ့်ရင်း သားကိုပဲ အရင်မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အပေါ်ထပ်ကိုရောက်တာနှင့် ဘုရားကိုးဆူအတွက် ပြင်ဆင်ထားလက်စတွေက ဒီတိုင်း ...

"မေမေ ဘာဆက်လုပ်ရမှန်း မသိတာနဲ့ ဒီတိုင်းပဲ ထားလိုက်တယ် သမီးရယ် .. ဘုရားကိုးဆူဆရာကိုတော့ နောက်ထပ် သူအားတဲ့ တစ်ရက်ရက်ကိုပဲ ပြန်စောင့်ပြီး ဖိတ်ရတော့မှာပဲ"

သားအမိ အပေါ်ထပ်ကို အတူတူတက်လာစဉ် ဦးစီး ထိုင်နေခဲ့တာကို ပြန်ငုံ့ကြည့်မိရင်း ...

"သားလေးရော မေမေ .. နေထိုင်ကောင်းရဲ့လား"

"ကောင်းတော့ကောင်းပါတယ် .. ဒါပေမယ့် အရမ်းကို ဆိုးနေတယ် သမီးရယ် .. ဒေါ်သကြီးပြီဆို အာခေါင်ခြစ်အော်တော့တာပဲ.. သားက ဖုန်းဆက်ထားတော့ မေမေတို့လည်း လုပ်လက်စတွေကို အားလုံးပစ်ထားပြီး မြေးကိုပဲ စောင့်ကြည့်နေကြတာပေါ့ ..၊ သူ့ဘိုးအေတောင် ဘယ်မှမသွားဘဲ စောင့်နေပေးနေတာ"

"အခန်းထဲမှာပဲလား"

"ရှိသမျှပစ္စည်းတွေလည်း ကုန်ပြီထင်ပါတယ် သမီးရယ် .. သူ့ကို အခန်းထဲမှာပဲ နေခိုင်းရမလားဆိုပြီး အကုန်လုံးကို ဖျက်ဆီးကိုင်ပေါက်နေတာ"

ဒီညခြေလှမ်းရင်း လှေကားထိပ်မှာပဲရပ်ကာ ဖြစ်ခဲ့သမျှကို အကျဉ်းချုံးပြောပြလိုက်မိသည်။

ဒေါ်ဖြူဖြူ မျက်လုံးအဝိုင်းသားဖြစ်လျက် ...

"ဘုရား!.. ဘုရား .. ဒါ ဒီလောက်ထိ .. အို!..."

မယုံနိုင်သည့်မျက်လုံးတွေ ယောက်ယက်ခတ် လှုပ်ရှားသွားလျက် ဒေါ်ဖြူဖြူ မကြားရဲတော့သလို ဘာမှကို ထပ်မမေးနိုင်ဘဲ ဖြစ်သွားရှာ၏။





"ဒါဆိုရင် သား အခန်းထဲမှာပဲ နေတယ်ပေါ့"

"ထမင်းလည်း ကျွေးလို့မရဘူး ..၊ အပြင်မှာထွက်စားရမှ စားမယ်ဆိုလို့ ခေါ်သွားတော့ .. ဂုတ်စ်အိုးနားကို ဘယ်လိုရောက်သွားမှန်း မသိဘူး ..၊ လက်ထဲမှာ မီးခြစ်နဲ့ သမီးရယ် .. စိုးစိုး အော်လိုက်တာ ငယ်သံတောင် ပါတယ် ..၊ နှစ်ရက်မို့လို့ပဲ .. သမီးတို့ ဒီနေ့ထိသာ ပြန်မလာရင် မေမေတို့ ဘာလုပ်ရမှန်းတောင် သိတော့မှာ မဟုတ်ဘူး"

ထိုစဉ် နောက်ကတက်လာပုံရသည့် ဦးစီး က ဒီည အနားမှာ ခဏရပ်လိုက်ကာ ...

"သား .. အိပ်နေတာလား"

"မအိပ် .. အဲ .. မသိဘူး၊ ခုပဲ မေမေ ပြောပြလို့ နားထောင်နေတာ"

သားအမိနှစ်ယောက် မျက်နှာတွေပျက်နေတာကိုကြည့်ကာ ဦးစီးက ဘာမှထပ်မမေးဘဲ အိပ်ခန်းဘက်ကို ထွက်သွား၏။

"သမီး လိုက်သွားလေ .. သူ့အဖေနဲ့ အဆင်မပြေရင် သမီး အသံကြားလိုက်မှ ဖြစ်မှာ .."

"ဟုတ်"

ဒီည ဦးစီး နောက်ကနေ လိုက်ခဲ့၏။

"အစ်ကိုလေး .."

"ဟင် .."

"မမ .."

ဦးစီး ကို မြင်လိုက်လို့ ပျာပျာသလဲ ပြေးခေါ်ပြီးမှ ဒီည မျက်ထပ်တွေ့တော့ စိုးစိုး ဝမ်းသာသွားပုံရှိကာ ...

"ဟို .. မိုးသားလေး အိပ်ခန်းထဲက ထွက်သွားတယ်"

"ဘာ!... ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာသေးဘူး အစ်ကိုလေး ..၊ ခုနကပဲ အစ်ကိုလေးရဲ့ စာကြည့်ခန်းထဲကို သွားမယ်ဆိုလို့ ကျွန်မလည်း မမကြီးတို့ကို မေးမလို့ ပြေးကြည့်ပါသေးတယ်၊ အောက်ထပ်မှာ အစ်ကိုလေးတို့ ရောက်လာပြီး စကားပြောနေကြတာ မြင်တာနဲ့ ကလေး နားပူမှာစိုးလို့ .."

"အေး .. အေး .. ပြီးရော"

ကိုယ့်အိမ်ထဲမှာမို့ စိတ်ချသွားကာ 'ပြီးရော'ပြောပြီးမှ အရေးတကြီးပုံစံ လှည့်ထွက်သွားသည့် ဦးစိုး ကြောင့် ဒီညု ပြေးလိုက်ရပြန်သည်။

"ခရီးရောက်မဆိုက် နေပါဦးလား ကိုဦး ..၊ ကလေးလည်း စိတ်ရှုပ်နေတယ် .. ရှင်လည်း စိတ်ကြည်လင်မှု မရှိသေးဘူး၊ တော်ကြာ မကြိုက်တဲ့စကားတွေ ပြောမိကြပြီး ဒေါသထွက်ဦးမယ်၊ ကလေး သူ့ဟာသူနေတော့လည်း ရှင်ပဲ"

"ခဏလေး .. တိတ်တိတ်နေ"

ဦးစိုး က ဆူငေါက်လိုက်တာမျိုး မဟုတ်ဘဲ တကယ် အသံမထွက်စေချင်သည့် အရေးကြီးမျက်နှာနှင့် ပိတ်ပင်လိုက်တာမို့ ဒီညု အသံလေး တိတ်သွား၏။

စာကြည့်ခန်းက အပေါ်တစ်ခန်း အောက်တစ်ခန်း ရှိသည်။ အောက်ခန်းက ဖေဖေ့အခန်းလို ဖြစ်နေတာမို့ တခြားလူ သိပ်မဝင်တတ်ပေ။

ထို့ပြင် အပေါ်ခန်းမှာလည်း ဦးစိုး က စာကြည့်ခန်းသပ်သပ် အတိုင်း မထားဘဲ အိပ်ရာကအစ သူ့ပစ္စည်းအတိုအထွာတွေအဆုံး အားလုံးထည့်ထားသဖြင့် သူ့အခန်းပဲ ဖြစ်သွားခဲ့သည်။

ဦးစိုး က အခန်းရှေ့မှာရပ်ကာ တံခါးမှာကပ်၍ နားထောင်လိုက်သည်။ အထဲမှာ ဘာအသံမှ မကြားဟု ထင်သော်လည်း ဦးစိုး မျက်နှာ





ကြီး သိသာစွာ ပျက်ကျသွားလျက် ...

"နောက်ဆုတ်နေ"

လို့ပြောကာ လက်ကလည်း ဒီညု လက်မောင်းကို ဆုပ်ကိုင်ပြီး တံခါးနဲ့လွတ်ရာကို တွန်းပို့၏။

"သား .. သားကြီး .. ဖေကြီး ခေါ်နေတယ် .. တံခါးဖွင့်စမ်း.."

"ဒုန်း .."

သူပြောတာနှင့် အထဲက တစ်စုံတရာ လွတ်ကျသံ တစ်ချက်ထွက်လာ၏။ ပြီးတော့ ပြန်လည် တိတ်ကျသွားခဲ့လျှင် ...

"တစ်ခုခုဖြစ်ခဲ့ရင် မင်း အနားကပ်မလာနဲ့နော်"

"ကိုဦး ... ရှင် .. ရှင် ဘာတွေ့လို့လဲဟင်"

စိုးရိမ်စိတ်တွေနှင့် ခြေလှမ်းပြင်လိုက်ပြီးမှ ဒီညု သူ့စကားကို သတိရပြီး ကိုယ်ရှိန်သတ်လိုက်မိ၏။

ဦးစိုး က ဘောင်းဘီနောက်အိတ်ထဲက ပစ္စည်းတစ်ခု နှိုက်ယူကာ အထဲကနေ လော့ခ်ချထားသည့် တံခါးပေါက်ထဲသို့ ထည့်ဖွင့်နေ၏။

ဘယ်လိုပစ္စည်းမှန်း မသိသော်လည်း ပျက်ချင်နေသည့် တံခါးလော့ခ်က ချပ်ခနဲပွင့်သွားသံ ထွက်ပေါ်လာ၏။

တံခါးပွင့်သွားသည်နှင့် နှာခေါင်းထဲမှာ ဓာတ်ဆီနံ့က ထောင်းခနဲ တိုးဝင်လာသည်။

လျင်ပြီးသား မျက်လုံးတွေက စာအုပ်စင်နဲ့ ကြမ်းခင်းတွေပေါ်က ရေစိုကွက်တွေဆီ ရောက်သွားခဲ့၏။ ဒါ ရေစိုကွက်တွေ မဟုတ် ..၊

ဦးစိုး တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည်။ တစ်ဆက်တည်း လှုပ်ခိုင်းရပ်နေသည့် သားဆီ မျက်လုံးရောက်သွားလျှင် ဖိုးသားလေး က ချက်ခနဲ ဒီဘက်လှည့်၍ ...

"မလှုပ်နဲ့ .. သား .."



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း .."

"အား!.."

ရဲခနဲ မီးပွားတစ်ချက် စင်ထွက်သွားကာ မီးတောက်ကြီးတွေ ချက်ချင်း ပြန့်ကားသွား၏။ သေနတ်ကို မမြင်ရသေးခင် စိတ်အာရုံက ခံစားမိကာ ဦးစီး က တံခါးအပြင်မှာ ကပ်ကွယ်ပြီးဖြစ်လျက် လန့်ဖျန့်အော်လိုက်တာက ဒီည ဖြစ်သည်။

ပြီးတော့ အခန်းထဲမှာ မီးတွေ ဟုန်းဟုန်းတောက်လာတာ မြင်လျှင် ...

"လုပ် .. လုပ်ပါဦး .. ကိုဦး .."

အထဲမှာ သား ရှိနေတာကို ပြောချင်သော်လည်း လက်ညှိုးသာထိုးနေပြီး အသံကမထွက် ...

"သား .. သား .. အပြင်ထွက်"

"ဒိုင်း .."

ဦးစီး အကွယ်က ထွက်လိုက်တာနှင့် ကျည်ဆံက ဝီခနဲ ဖြတ်သန်း၏။

"သားကြီး အပြင်ထွက် .. ဟိတ် .."

"ဒိုင်း .."

စိုးရိမ်စိတ်ကြောင့် ကျည်ကို ဂရုစိုက်မနေနိုင်တော့ဘဲ အခန်းထဲကို ခုန်ဝင်လိုက်မိသည်။ ဒိုင်းခနဲ ပြေးဝင်လာသည့် ကျည်ဆံက. လက်မောင်းကနေ ပွတ်တိုက် ရှပ်ပြေးသွား၏။

လက်မောင်းကို တစ်ဖက်နဲ့ ဖိဆုပ်လိုက်ရင်း သေနတ်ကို စုံကိုင်ပြီး သူ့ကိုချိန်ထားသည့် သားကိုပဲ စိုးရိမ်နေကာ ,...

"သား .. ဖေကြီးဆီ ပြေးခဲ့ .. မင်းကို မီးလောင်လိမ့်မယ်"

"သေချင်လို့ မီးရှို့တာလေ .. ဘာလို့ပြေးရမှာလဲ၊ သား သေမှ





စိုးရင် မင်း ရှေ့တိုးခဲ့ပေါ့"

ကလေးတစ်ယောက်ရဲ့လေသံနှင့် စကားလုံးက မမျှ ..။

မီးညွန့်မီးခိုးတွေကြားထဲမှာ သားက သေနတ်ကိုင်ကာ သူ့ကိုပစ်ဖို့ ချောင်းနေ၏။ ပစ္စည်းတွေရှိသမျှ မီးစွဲနေသဖြင့် ကြမ်းခင်းတွေမှာ ခြေချစရာ မရှိတော့ပေ။

သူ့မှာ ကျည်ဆံကိုရှောင်ရ သားဆီသွားဖို့ လမ်းကြောင်းရှာရနှင့် မီးရှိန်က ပိုမြင့်လာကာ တံခါးဝပျောက်သွား၏။

ထိုစဉ် အပေါ်မီးဆိုင်းက ဖုန်းခနဲ ခွမ်းခနဲ ပြုတ်ကျကွဲလေသည်။

"သား .. သား .. ဘယ်ရောက်သွားတာလဲ"

"ဟား .. ဟား .. ကိုယ့်သားကျတော့ တော်တော် သိပါလား ..၊ ခင်းတို့က ငါ့ကို မီးဇာကုန် ဆီခန်းအောင် လုပ်သလို ငါကလည်း ဒီခန္ဓာကိုယ်ကို ပြာဖြစ်ခံပြီး မင်းအိမ်ကြီးကိုပါ ပြာကျအောင် လုပ်မှာ.. ကျန်တာ ဘာဖြစ်ဖြစ် .."

"တောက်!.."

မြင်နေတာက သားအရိပ်တွေနဲ့ မမြင်မစမ်း တိုက်ခိုက်နေရသလို သူ တုံ့ပြန်လိုက်တာနှင့် သားလေးပဲ နာကျင်မှာ ဖြစ်သည်။

ထိုစဉ် စာအုပ်စင်ကြီး ဝုန်းခနဲ ပြိုကျသွား၏။ အခန်းထဲမှာ လှိုက်ခနဲလောင်နေသည့်မီးက ပို၍ ပြာမှိုင်းညိုရဲလာ၏။ သူ ဘာလုပ်မလဲ ..၊

သေနတ်က သူ့ရဲ့လိုင်စင်သေနတ် ..၊ ခုဆို ကျည်ဆံတစ်တောင့်ပဲကျန်တော့မှာကို သူ သိနေသည်။

ဒါကို ရှောင်ပုန်းနေလျှင် သားက မီးလောင်ခံပြီး သေတော့မှာဖြစ်၏။ ထိုစဉ် ...

"အား .. ပူတယ်"

"သား .."



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ညည်းသံကြောင့် တစ်ကိုယ်လုံး သွေးတွေဆူပွက်ကာ မီးအားပျော့နေသည့်နေရာကို ခုန်ဝင်လိုက်သည်။

"သား ဘယ်မှာလဲ"

"ဒိုင်း .."

"အ!.."

"ဟား .. ဟား .. အဟွတ် .. အဟွတ် .. အဟွတ်"

ဒီလက်မောင်းမှာပဲ ဒီတစ်ခါ ထိထိမိမိ ခံလိုက်ရ၏။ သို့သော် သားရဲ့အရိပ်လေးကို မြင်လိုက်သောကြောင့် ဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ ထပ်ချပ်မကွာ လိုက်သည်။

"သား .. ရပ်နေ .. အဲဒီဘက်မှာ တံခါး မဟုတ်ဘူး"

"အဟွတ် .. အဟွတ် .."

လူက မီးညွန့်တွေ မီးခိုးတွေနဲ့ ပျောက်လိုက် ရိပ်ခနဲမြင်လိုက်နှင့် ကာ ချောင်းဆိုးသံလေးကို မှန်း၍ လိုက်နေရ၏။

သူကိုယ်တိုင် အကျီတွေ လောင်ကျွမ်းမတတ် ဖြစ်လာလျက် မီးခိုး ကြောင့် မျက်လုံးတွေမှာ မျက်ရည်တွေ ပြည့်လာသည်။ ကြည့်ရတာ ဒုက္ခရောက်နေလျက် ...

"သား .. ဟိတ်ကောင်"

"ဝုန်း"

စာအုပ်စင်အထက်က ထပ်ခိုးပြိုကျလာတာနှင့် သား ထိုအောက် ကို ပြေးဝင်လိုက်တာမြင့်လျှင် ဦးစိုး ဘာမှ မစဉ်းစားနိုင်တော့ဘဲ သား ကိုယ်လေးပေါ် ခုန်အုပ်ပစ်လိုက်သည်။

ကျောပေါ်မှာ မီးပွားတွေ စင်ကျလာကြ၏။ ပြန်ထဖို့ ကြိုးစား လိုက်သည်နှင့် လေးလံသော ဖိစီးမှုကြီးနှင့် ပူပြင်းလောင်မြိုက်ခြင်း သူ့အတွက် တွန်းလှန်အောင်နိုင်ဖို့ မလွယ်တော့မှန်း သိလိုက်သည်။





သားကိုလည်း မကယ်နိုင် .. သူ့ကိုယ်သူလည်း ကယ်လို့မရတော့ ဘူးလား...၊

အလွယ်တကူ မလျှော့တတ်ခဲ့သည့် ဖွဲက သားကို တင်းနေအောင် ပွေ့ပိုက်၍ မရမက ပြန်ကျုံးထသည်။

ထိုစဉ် ဆူညံမှုများနှင့်အတူ လူရိပ်တွေလား မီးညွန့်တွေလား...၊ ပြီးတော့ မီးသတ်ဘူးတွေနှင့် ထိုးဖျန်းလာသော ဓာတ်ငွေ့နံ့တွေ...။

သူ သားကိုပိုက်လျက်သားနှင့် ဒယိမ်းဒယိုင် ထရပ်ပြီးမှ ဒူး ထောက် ညွတ်ကျသွားသည်။

ပြီးတော့ တအိအိ ပြိုလဲသွားခဲ့၏။

"ဟိုထောင့်မှာ မြေ .. မြေးလေး .."

"ကိုဦးနဲ့ သားလေး ဟိုမှာ .."

"မဝင်နဲ့လေ .. ရေဖွင့် .. ရေဖွင့်"

ကူညီကယ်တင်သူတို့၏ လှုပ်ရှားမှုတွေကို ဦးစိုး ဘာမှမသိတော့ သလို ဖိုးသားလွှေးသည် သူ့လက်ထဲမှာ သတိလစ် မေ့မြောလျက်...၊

လက်ထဲမှာ ဆုပ်ကျစ်ထားဆဲ သေနတ်က တခြားလူတွေက ပွေ့ ချီလိုက်ကာမှ ခေါက်ခနဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၄ ]

"ရှင် သတိရပြီလား ဟင်"

မျက်လုံးတွေ ဖွင့်လိုက်တာနှင့် မျက်ရည်ဝေနေသည့် ဒီည မျက်နှာလေးကို အရင်မြင်လိုက်ရ၏။

နာရီကို ကြည့်မိတော့ မီးရောင်ဖွေးဖွေးနှင့် ည ရှစ်နာရီ ...၊

"သားကြီးရော .."

"သား သတိမရသေးဘူး၊ ပခုံးနဲ့ လက်ဖျံတွေမှာ မီးလောင်ထားတယ်၊ ဆံပင်ရှည်အဖျားတွေလည်း မရှိတော့ဘူး ...၊ ဒါပေမယ့် ရှင့်လောက် မများပါဘူး ...၊ ရှင်က သေနတ်မှန်တဲ့ဒဏ်ရာတွေရော မီးလောင်ထားတာ ကျောမှာ မနည်းဘူး"

ပြောပြီးတာနှင့် နှုတ်ခမ်းလေးကိုက်ပြီး ဒီည ငိုသည်။

"သား စိုးရိမ်ရသလား ...၊ ကိုယ် ကြည့်ချင်တယ်"

"ဟင့်အင်း"

ဒီည က ခေါင်းတွင်တွင်ခါ၍ သူ့ ထမည်ပြင်လိုက်သည့်ရင်ဘတ်ကိုပါ ကမန်းကတန်း ဖိထားလိုက်ကာ ...





"သားအတွက် အသက်အန္တရာယ် မရှိဘူးလို့ ဒေါက်တာကြီး ပြောတယ်...၊ ပြီးတော့ ဖေဖေနဲ့ မေမေတို့လည်း ရှိတယ်"

"မင်းလည်း သွားပါ .. ကိုယ် မသေနိုင်ပါဘူး ...၊ ကလေးက နုနုလေးရယ် .. ဘာဖြစ်ဖြစ် စိတ်ချလို့မရဘူး"

"ကျွန်မ ခုပဲ ထလာတာ"

ဒီည မျက်ရည်တွေကို သုတ်ပစ်၍ ဆံပင်တွေကိုပါ လက်နဲ့ ထိုးသိပ်တင်ကာ မျက်နှာလေး မော့လိုက်၏။

"ရှင့်ဆရာတစ်ယောက် လာတယ် .. တစ်ယောက်ကတော့ ခရီးထွက်သွားလို့တဲ့ ...၊ သူနဲ့ တပည့်နှစ်ယောက် ခုနကမှ ပြန်သွားကြတာ၊ ရှင် ဘယ်လိုနေလဲဟင် .. အရမ်းနာနေလား .."

"ကိစ္စမရှိပါဘူး"

ရှိလည်း မရှိဘူးပဲ ပြောမယ့်လူမှန်း ဒီည သိသည်။ သုန်မှုန်နေသည့် မျက်နှာက တစ်ခုခုကို အလေးအနက် စဉ်းစားနေသလိုရှိကာ...

"ကိုယ် ပေါ့လျော့မိခဲ့တာ"

လို့ တစ်ယောက်တည်း ညည်းသလိုဆို၏။ ပြီးတော့ ...

"သားကို ကိုယ့်အခန်းထဲ နောက်တစ်ခါ ဝင်နိုင်တဲ့အထိ မဖြစ်သင့်တာကို သိနေရက်နဲ့ .."

"ကျွန်မတို့လည်း ကိုယ့်သောကနဲ့ကိုယ် ဖြစ်ခဲ့ကြတာလေ...၊ ရှင် အသက်နဲ့လဲပြီး သားလေးကို တယ်နိုင်ခဲ့တာပဲ ...၊ ကျွန်မ .. ကျွန်မ ရှင့်အပေါ်မှာ တစ်မျိုးတစ်မည်တွ ထင်နေခဲ့သမျှ ဒီနေ့ အားလုံးပျောက်ကုန်ပါပြီ ...၊ ရှင့်ကို လေးစားတယ် .. သားအတွက် ကျေးဇူးလည်း တင်ပါတယ်"

မျက်ရည်က သုတ်ရင်း ကျရင်းမို့ လက်ခုံနဲ့ အသာသုတ်နေရာမှ လက်ဝါးနှစ်ဖက်နဲ့ ဖိကပ်ပွတ်ခြင်းသို့ ရောက်ကာ —



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့က ဘုရားကိုးဆူ မဖြစ်မနေလုပ်ကြတော့ဖို့ ပြောတယ်၊ ဒါက အမြဲတမ်း လုပ်သင့်နေတဲ့ အလှူပွဲမို့လား..၊ အားလုံးလည်း မကျန်းမာကြတော့ ဖေဖေကလည်း အားပေးတယ် .. ဘုရားကိုးဆူ ဆရာလည်း ဖိတ်ပြီးသားမို့လို့ သားနဲ့ ရှင် ဆေးရုံက မဆင်းရသေးလည်း အိမ်မှာ ပြီးစီးအောင် လုပ်ကြမယ်တဲ့..၊ ရှင် ဘယ်လိုသဘောရသလဲ ဟင်"

"လုပ်ပါ .. ကောင်းတဲ့အလုပ် လုပ်တာ ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် အခု သားနဲ့တွေ့ချင်တယ်၊ သားကို ကိုယ် ကြည့်ပါရစေ"

"ရှင့်ဒဏ်ရာတွေနဲ့ လှုပ်ရှားလိုက်ရင် ရှင်နာမှာပေါ့ ..၊ ဒေါက်တာကလည်း အေးဆေးအနားယူဖို့ ပြောသွားတယ်၊ ရှင် သတိရတဲ့အကြောင်း ကျွန်မ သွားပြောလိုက်မယ်"

"နေပစေ"

သူ တားဆီးကာ လှဲနေရာကနေ ထထိုင်ဖို့ ကြိုးစားတော့ ဒီညပျာပျာသလဲ ဖြစ်သွား၏။

"ထလည်း မထိုင်နဲ့ဦးလေ .. ရှင် ပြောရခက်လှချေလား..၊ ဒဏ်ရာတွေက ကျောမှာ အများကြီးပဲ"

"မတတ်နိုင်ဘူးကွာ ..၊ ဒီလိုကြီးတော့ မနေချင်ဘူး"

ဖွတ်လှုပ်ရှားနေတော့ ဒီည ကိုယ်တိုင် သူ့ကိုယ်ကို တွဲထူ ကူညီရတော့သည်။ ထိုအခါ ဒီည ရဲ့ရင်ညွှန့်လေးနားမှာ သူ့မျက်နှာ ကပ်မိတော့မလိုဖြစ်လိုက် မျက်နှာချင်း ထိကပ် ပွတ်လွဲသွားလိုက် ...

ထူသည့်လူက မနိုင်တော့ .. ကိုယ်မနိုင်နိုင်တာကိုလည်း သတိမထားမိ။ ရှက်စရာတွေ မထိတထိ ဖြစ်ပျက်နေတာကိုလည်း ဂရုမစိုက်မိပေ။ သူ မနာကျင်ဘဲ သက်သောင့်သက်သာဖြစ်ဖို့သာ အာရုံများနေခဲ့ရာ နှစ်ယောက်က ခုတင်ပေါ်မှာ ပူးကပ်နေ၏။





"ရှုံ့ ... ဖယ်တော့"

ဆိုမှ ဒီည ကိုယ့်ကိုယ်ကိုယ် နယ်လွန်လှုပ်ရှားနေမိတာမှန်း သတိရသွား၏။ ဖျတ်ခနဲ ပြန်ဆုတ်၍ နေရာမှာ ထိုင်ချလိုက်ပြီး မျက်ရည်တွေ ခြောက်နေတာကို နှစ်ခါသုံးခါ ပြန်ပွတ်မိလိုမိ ...၊

ဆံပင်တွေလည်း မပွဘဲ ရှေ့ကသပ်လိုက် နောက်ကသပ်လိုက်နှင့်...

"ဟိုလေ .. သားနဲ့ရှင့်ကို အချိန်မီဆွဲထုတ်နိုင်တာ ဒလဝမ်ဦးသက် ကြောင့် သိလား ..၊ ဒရိုင်ဘာရော မာလီရော ပြေးလာကြပြီး ဦးသက် ကပဲ ဦးဆောင်လုပ်တာ"

စကားမရှိ စကားရှာပြောရင်း ဦးစီး က ကြည့်လာတော့ သူမမျက်နှာလွှဲမိလျက် ...

"အိမ်ကတော့ အပြင်ကကြည့်ရင် မီးလောင်ရာ ဘာမှမမြင်ရဘဲနဲ့ အထဲမှာပဲ စတိုခန်းထိ သုံးခန်းတွဲ လောင်သွားတယ်"

"သုံးခန်းတောင် .."

"ဟုတ်တယ် .. ရှင် ယူထားတဲ့ စာကြည့်ခန်းက ပစ္စည်းများတော့ မီးက အရမ်းအားများပြီး အတွင်းတွေချည်း ကူးလောင်သွားတယ်"

ဦးစီး က လက်မောင်းက ပတ်တီးစည်းထားသည့် ဒဏ်ရာကို ကြည့်ဘဲ ခပ်ဖွဖွ ကိုင်နေရင်း ..

"သားကြီး တစ်ခုခုဖြစ်သွားခဲ့ရင် ကိုယ့်ရဲ့ပေါ့လျော့မှုအတွက် တစ်သက်လုံး ဖြေနိုင်တော့မယ် မထင်ဘူး"

"ဒီလိုပြောလို့လည်း မရပါဘူး ..၊ အားလုံး သူက ကြိုတင်ကြံစည်ခဲ့တာ ဥစ္စာ၊ ရှင့် လျင်လို့ အချိန်မီ ကာကွယ်နိုင်တာပါ"

ကလေးနဲ့ ဘာဖြစ်ဖြစ် သူ့ကိုချည်း အပြစ်တင်ကာ သံသယမျက်လုံးများနှင့် အထင်တကြီး မရှိတတ်ခဲ့သော ဒီည က သူ့ဘက်ကရပ်တည်တယ်ဆိုလို့ပါလား ...၊



www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်လက်လက်လေး ပြောနေသည့် ဒီညသည် စူးစိုက်ကြည့်လိုက်သော ဦးစီး ရဲ့အကြည့်ကြောင့် ပါးမို့လေးတွေ နီမြန်းသွား၏။ စကားသံ ချက်ချင်းတိတ်ကာ ကော့နက်သည့် မျက်တောင်ဖျားလေးတွေ စိုက်ကျ လွှဲဖယ်သွားသည်။

"ဒီည .."

သူ ခေါ်လိုက်တာကိုလည်း မော့မကြည့်ရဲတော့ပေ ..။

"ကိုယ့်ကို မမုန်းတော့ဘူးလား"

ဒါတွေ ဒီချိန်မှာ ပြောစရာလား ..၊ ဒီည ရှက်သွားသည့် မျက်နှာမဲ့မဲ့လေးနှင့် ဆံပင်သပ်ပြန်သည်။ ဒါပေမယ့် သူ့ကို မကြည့် ..။

"သားကြီးနဲ့ မင်းအတွက် ကိုယ်ပါ"

သူက ပြော၍ ပင့်သက်ရှိုက်သည်။ ထို့နောက် ...

"အဲဒါကို မင်း လက်ခံလာတယ်ဆိုရင် ကိုယ်ကျေနပ်တယ်"

ဒီည သူ့မျက်နှာကို မရဲတရဲကြည့်မိသည်။ မေးရိုးစပ်နားမှာ မီးဟပ်ခံထားရသည့် အမည်းကွက်ကြီး ထင်နေသော်လည်း ဦးစီး မျက်နှာက ထည်ဝါနေဆဲ ..။

ပြီးတော့ ဒီည မျက်လုံးထဲမှာ သူ့လောက် ချောမောတင့်တယ်တဲ့ ယောကျ်ားမရှိ ..၊

စိုက်ကြည့်နေသည့် မျက်လုံးတွေနဲ့ ဆုံမိကာ ရှက်ပြုံးလေးတစ်ပွင့် လက်သွားသည်။

နူးညံ့နွေးထွေးခြင်းဖြင့် နောက်ထပ်ခရီးဆက်ကြဖို့ ..။





## အခန်း ( ၄၅ )

သတိရလာပြီးမှ ပြန်အိပ်သွားလိုက် လန့်အော်လိုက်နှင့် သားလေးသည် ဘုရားကိုးဆူပြီးသွားမှပဲ စကားပြောဖော်ရလာခဲ့၏။

ထို့နောက်ကျမှ ကစားမည် စားမည်လို့ ပြောသံလေးတွေကို ကြားလာရသည်။

အားလုံး ငြိမ်းချမ်းစွာ ရှိနေခဲ့ကြပြီး လည်ပင်းက အမှတ်ကလေး ဖြူဖျော့ကာ သေချာကြည့်မှ မြင်ရလောက်သည့် အရိပ်ကလေးသာ ရှိတော့တာကိုလည်း တကြည့်ကြည့်နှင့် ကြည်နူးလို့ မဆုံး..။

"ဘွားဘွား .."

"ရှင့်.."

"ဘိုးဘိုးကြီးရော .."

"ရိပ်သာမှာလေ မြေးရဲ့"

"ဘုန်းဘုန်းတို့ကို သွားရှိခိုးတာဆို"

"အင်းလေ .."

"ဘွားဘွားက ဘာဖြစ်လို့ မလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. မြေးလေးနဲ့ အတူတူနေချင်သေးလို့ပေါ့"

"ဘိုးဘိုးကြီးက သားသားနဲ့ အတူမနေချင်ဘူးတဲ့လား"

ခေါင်းလေးပြန်ငဲ့ကြည့်၍ အမေးအမြန်းထူနေတာကို စိတ်မရှည်မဖြစ်သည့်ပြင် ဒေါ်ဖြူဖြူ ကြည်နူးလိုက်တာ မျက်ရည်တွေတောင်လည်၏။

ဆံပင်ရှည်ဘုတ်သိုက်လေး မရှိတော့ဘဲ ခေါင်းလိမ်းဆီပြောင်ပြောင် ဆံပင်တိုတိုရှင်းရှင်းလေးနှင့် ဖွေးနုသည့်မျက်နှာလေးက စကားပြောလိုက်တိုင်း ပါးချိုင့်လေးတစ်ဖက် ပေါ်နေသေးသည်။

"မဟုတ်ပါဘူး မြေးရယ် .. မြေးရဲ့ဘိုးဘိုးက မြေးလေး မမွေးခင်ကတည်းက ရိပ်သာမှာပဲ အနေများတာ .. မြေးလေးကိုတောင် ရိပ်သာခေါ်လာဖို့ မှာခဲ့သေးတယ်"

"ဒါဆို သားတို့ သွားမယ်လေ"

ဘုန်းကြီးကျောင်းရိပ်သာ မပြောနှင့် .. ဟိုအရင်ကဆို ဘယ်သူ ဘုရားရှိခိုးခိုး ဘုရားခန်း မဝင်ဖြစ်အောင် နှောင့်ယှက်တတ်သည်။ ဝင်တော့မှာဆိုလည်း ထဘီပုဆိုးတို့ကို ဖွတ်ဆွဲထားခဲ့သူ .. 'ထမင်းစားမယ်၊ ကစားကြမယ်' စသဖြင့် ဘုရားမရှိခိုးဖြစ်အောင် အမျိုးမျိုး ဂျီကျခဲ့သည့်ကလေး ဖြစ်သည်။

ခုကျမှ ကစားနေတာကို ချက်ချင်းလွှတ်ချကာ ရိပ်သာသွားဖို့အတွက် တက်ကြွသွားသည့် မျက်လုံးလေးတွေက ဝင်းတောက်နေ၏။

ဒေါ်ဖြူဖြူ က ပီတိဖြစ်နေသည့် မျက်နှာကြီးနှင့် အိပ်ရာပေါ်ကနေ ခြေချထိုင်နေသော ဦးစီး ကို လှမ်းကြည့်၏။

ဦးစီး ကတော့ သူကိုယ်တိုင် တစ်စစီ ဖြုတ်၍ ရောထည့်ချထားသော ကစားစရာတွေထဲက သေနတ်အပိုင်းအစတွေနဲ့ သားမျက်လုံးလေးတွေကိုပဲ စူးစိုက်ကြည့်နေခဲ့၏။





ထိုစဉ် လိမ်းဆေးဘူးနှင့် ဂွမ်းကပ်တွေ ကတ်ကြေးတွေ ယူလာသည့် ဒီညှ က ပစ္စည်းတွေကို သွားချထားလိုက်ပြီးမှ ...

"ဘယ်ကိုသွားမှာလဲ သားရဲ့ ..၊ တီညှ ကို မခေါ်ဘူးလား"

"လိုက်ချင်ရင် ဘွားဘွားကို ပြောပေါ့"

"သူ့ကို မခေါ်ဘူးလေ မြေးရဲ့ .. မြေးရဲ့ တီညှ က ဖေဖေ့ကို ဆေးလိမ်းပေးရဦးမှာ"

ဖိုးသားလေး မျက်လုံးလေးတွေ သူ့ဆီ ဖျတ်ခနဲ ရွေ့လာ၏။

"ဖေကြီးက သားသားလိုပဲ အပူလောင်တာလား"

"ဟုတ်တယ် .. သား"

ဦးစီး ခေါင်းညိတ်လိုက်တော့ ဖိုးသားလေး က လက်ဖဝါးလေးနှစ်ဖက်ပွတ်ခါရင်း ထရပ်လိုက်ပြီး ...

"သားသားတောင် ပျောက်သွားပြီ ..၊ ဖေကြီးက မပျောက်သေးဘူးလား"

"ပျောက်ပါပြီ .. ဒါပေမယ့် ဒဏ်ရာက နည်းနည်းကြီးတော့ အကင်းသေအောင် လုပ်ရတာပေါ့"

အကင်းသေတယ်ဆိုသည့်စကားကို ထပ်မေးဦးမှာသိကာ ဒေါ်ဖြူဖြူ က စားပွဲဆောင်းကနေ ထလိုက်ပြီး မြေးလက်ကလေးကို ဆုပ်ဆွဲ၍...

"မြေးနဲ့ဆော့မလို့တဲ့ ..၊ ခြံထဲမှာ စိုးစိုး စောင့်နေတယ်"

"သားသားနဲ့ ဘွားဘွား ဘိုးဘိုးကြီးဆီ သွားမှာလေ"

"ဩော် .. ဟုတ်သား"

ဒေါ်ဖြူဖြူ က အသံထွက်အောင် ရယ်လိုက်ရင်း ခေါင်းညိတ်၏။

"ဟုတ်သားပဲ .. ဒါဆိုလည်း ရေချိုးရဦးမှာပေါ့ ..၊ မြေးလက်ဖျံတွေပေါ်မှာ ဆော့ထားတာ ညစ်ပတ်နေတာပဲ"

"ဆော့တာက မညစ်ပတ်ပါဘူး ..၊ ဖေကြီးက သားကိုအေး



www.burmeseclassic.com

www.burmeseclassic.com



စရာ စုတ်ရုတ်ပေပေကြီးတွေ ချပေးထားလို့"

သေနတ်အပိုင်းအစတွေကို ပြန်ငုံ့ကြည့်ပြီးပြောတော့ ဦးစီး နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားသည်။

ထို့နောက် နှစ်မြိုက်စွာ ရယ်လိုက်ပြီး ရှေ့ကိုကုန်းကာ သား ခေါင်းလေးကို မချင့်မရဲ ဖိပွတ်မိ၏။ သေနတ်မှန်းတောင် သား မသိပါလား...၊

"ဟုတ်တယ် .. ဖေကြီးကြောင့်ပါ၊ နောက်တစ်ခါ အဲဒီလို အမှိုက်တွေ မပါစေရဘူး"

"အသစ်တွေပဲ ဝယ်ပေးမှာလား .."

"အင်းပေါ့"

"ဖေကြီးမှ နေမကောင်းသေးတာလို့ မပြောရဘူးနော်"

အားလုံးမျက်နှာတွေ ပြုံးအိသွားကြသည်။

ကြည်စင်သည့် ဖိုးသားလေးရဲ့မျက်ဝန်းလေးတွေဟာ ခုမှ တကယ့်ကလေးနဲ့ တူသွားတာ ဖြစ်သည်။

ရှုပ်ထွေးမှုတွေ ပြီးဆုံးခဲ့ပြီလို့ သတ်မှတ်နိုင်သည့်အချိန်မှစ၍ သားရဲ့ ချစ်ဖွယ်သော တီတီတာတာ မေးမြန်းစပ်စုသံလေးတွေကို ကြားလာရ၏။

မိသားစုအားလုံးအပေါ်မှာ ချစ်ချစ်ခင်ခင် ရှိလာတာလည်း ဟိုအစကနဲ့ ဘာမှမဆိုင်ပေ ...၊

အထူးသဖြင့် ဒီညု ကို သူ့အန်တီမှန်း သိနေသည်မို့ ဖအေဖြစ်သည့် ဦးစီး ကို ပို၍ခင်တွယ်ကာ 'ဖေကြီး'ဆိုတာ ပါးစပ်မချ ...။

ဖြစ်စေချင်တာက ဤသို့ဤနှယ်ပါ ...၊ မိသားစုအပြုံးတွေ ခုတလေဝေဝေဆာဆာ ဖြစ်လာခဲ့ရ၏။ ဒေါ်ဖြူဖြူ ကလည်း ကျေနပ်စိတ်ချသွားသလိုမျိုး ဒီညု တို့ နှစ်ယောက်ကို ပြောထားခဲ့သည်။

"သမီးအတွက်လည်း မေမေ စိတ်ချရပြီ ...၊ မြေးလည်း ကျန်းမာ





သွားပြီဆိုတော့ မေမေ ရိပ်သာမှာ တရားအားထုတ်ဖို့ပဲ လုံးပမ်းတော့မယ် သမီးရယ် .. ခု ဖြစ်ပျက်ခဲ့တာတွေကြောင့် မေမေ ပိုပြီး တရားရမိတယ်၊ မြေးလေးကို သူ့အဖေသာ မကယ်နိုင်ခဲ့ရင် သူ့ကိုယ်သူ မီးရှို့သတ်သလိုမျိုး .. မြေးလေး အဖြစ်ဆိုးတော့မှာ ကြည့်စမ်း ...၊ တကယ်တော့ သူ့ခမျာ သူ့ကိုယ်သူ ဘာတွေဖြစ်ခဲ့မှန်းတောင် မသိခဲ့ရှာဘူး"

"ငယ်ငယ်လေးကတည်းက သည်းခံလာခဲ့ရတဲ့ ဒီအဖေသာ သူ့အပေါ်မှာ ငြိုငြင်ပြီး ရက်စက်ခဲ့ရင် မေမေတို့လည်း ဒီဖိစီးမှုကို ဖယ်ရှားမပေးနိုင်ခဲ့ဘူးဆိုရင် မေမေဖြင့် ဒါကိုပြန်တွေးမိရင် အိပ်ခါနီးဖြစ်နေရင်တောင် မျက်လုံးကျယ်သွားတယ် သိလား ...၊ ကြောက်ဖို့ကောင်းလိုက်တာ"

ဒေါ်ဖြူဖြူ က ဖြစ်စဉ်ကို အစကပြန်ကောက်တွေး၍ ကျောချမ်းနေတုန်း ...။

ဒီညု ကိုယ်တိုင် ဖိုးသားလေး ကမ်းကုန်အောင် ရိုင်းစိုင်းလာတာကို ထိတ်လန့်လာခဲ့သည့်မို့ တစ်နေ့နေ့ ဒီလိုချမ်းမြေ့တဲ့ဘဝလေးကို ပြန်ရပါ့မလားလို့တောင် တွေးမိလာခဲ့တဲ့အထိ ...။

"ဒီညု .."

"ဟင်!..."

လန့်သလိုလေး ဖြစ်သွားတာကိုကြည့်၍ ဦးစီး က ပြုံးကာ –

"ဘာတွေ တွေးနေတာလဲ"

"သားလေးအကြောင်းပါပဲ"

"သိတယ်"

"ဘာသိတာလဲ"

"ကိုယ့်အကြောင်း မပါဘူးဆိုတာ"

ဦးစီး မျက်နှာက တမင်စနေတာလား .. တကယ်ပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လားဆိုတာ ခွဲခြားလို့ မရ။ သူ အင်္ကျီချွတ်နေတာကို ဝိုင်းကူရင်း မျက်နှာကို အကဲခတ်နေမိကာမှ သူက ပြန်ငုံ့ကြည့်လိုက်သဖြင့် မျက်နှာချင်း နီးကပ်သွား၏။

ဒီညှ နောက်ပြန်တွန့်သွားတော့ သူက လက်ကို အလျင်စလို ဆွဲထားလိုက်ပြီး ...

"ဘာမှပြန်မပြောဘူးလား"

"ဘာပြောရမှာလဲ"

အင်္ကျီမပါသည့် သူ့ရင်ခွင်တစ်ခြမ်းမှာ မျက်နှာချင်း ထိလုမတတ်ကို့ရို့ကားရားဖြစ်နေသဖြင့် ပြန်ရုန်းနေရင်း ဒီညှ ရှက်လည်း ရှက်မိသည်။

ကလေးရှေ့မှာ ဆေးထည့်မခံမှန်းသိလို့ ကလေးကို မေမေက စကားရောဖောရောနှင့် ခေါ်ထုတ်သွားခဲ့သည်။

သူကလည်း ကလေးထွက်သွားမှ အင်္ကျီချွတ်လိုက်တာ ဖြစ်၏။ ဒီအခြေအနေကျမှ ဒီလိုစကားတွေ ပြောဖို့ ဖြစ်လာရသလား..၊

ပြီးတော့ အိပ်ရာပေါ်မှာ ...

"ဒီမှာ .."

သူမ ဒူကွရောက်နေတုန်း ဦးစီး က မျက်နှာငုံ့ကျလာကာ ...

"မင်း ကိုယ့်အကြောင်း ခေါင်းထဲမထည့်ဘူးဆိုတာ သေချာရင် ဘယ်တော့မှမမေ့ထားလို့ မရတော့အောင် ကိုယ် အမှတ်တရ တစ်ခုခု.."

"ဘာတွေပြောနေတာလဲ ..၊ တစ်ယောက်ယောက် ဝင်လာရင် ရှက်စရာကြီး၊ ဖယ်ပေး .."

"ဘာကိုရှက်နေတာလဲ ..၊ မင်းနဲ့ကိုယ်က ဘာမှမဆိုင်ဘူးလား"

"မဆိုင်ဘူး"

"ဟွန်း"





သူ ရယ်လိုက်တော့ ဒီညှ ပါးပြင်လေးတွေ နီသွားသည်။

ပြီးတော့ ရယ်ချင်လာသဖြင့် မျက်နှာကို ငုံ့ချကာ နှုတ်ခမ်းသားလေးတွေကို ဖိကိုက်လိုက်မိ၏။

"ကျားသနားလို့ နွားချမ်းသာတာလို့ပြောရင် မင်း နွားမလေး ဖြစ်သွားမှာနော်"

"ကျားဆိုတာရော ဘာမို့လို့လဲ"

"ဟောကြည့် .. နှုတ်ခမ်းပါး လျှာပါးနဲ့ ပက်ခနဲပဲ"

"ပြန်မပြောစေချင်ရင် ရှင် သူများမခံချင်အောင် မပြောနဲ့"

"ဟုတ်တယ် .. ဒီအချိန်မှာ မခံအောင် မပြောသင့်ဘူး.. ဆောရီး"

"ရှင် .. ရှင်နော် .."

ဒီညှ အတင်းရုန်းကာ သူ့ရင်ဘတ်ကို ထုပစ်လိုက်မိသည်။ ဦးစီး က ခပ်ကြိတ်ကြိတ်ရယ်လျက် ...

"နားဝင်မချိုပေမယ့် အဲဒီစကားက အမှန်ပဲကွ ..၊ မခံချင်စရာတွေ ပြောနေရင် ရန်ဖြစ်ကြဖို့ပဲ ရှိတာ"

"ရှင်နော် .. ထပ်မပြောနဲ့ဆိုမှ .."

"ဒါပေမယ့် ကိုယ်က အဲဒီလို ဂျစ်တိဂျစ်ကန် ကောင်မလေးတို့ပဲ စိတ်ဝင်စားခဲ့မိတာ"

ရင်ခုန်သံတွေက မှန်းစရာကောင်းနေ၏။ ချစ်တဲ့ကြိုက်တဲ့စကားတွေကို မကြားခဲ့ဘူးတာလည်း မဟုတ်ဘဲ သူ့ဆီက ဘာလိုလို စကားလေးတွေကျမှ လက်ဖျားတွေတောင် အေးချင်နေပြီ..။

"ဒီညှ မင်းနဲ့ကိုယ် ဒီချိန်ဆို ငွေရတုလောက်တော့ ဖြစ်သင့်နေပြီ- အဲဒါ သိလား"

"သိတော့ ဘာဖြစ်လဲ ..၊ ကိုယ့်အကြောင်းနဲ့ကိုယ် နေခဲ့ကြတာ"

"အဲဒါတွေ အခု အားလုံး မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဘာပြောချင်တာလဲ"

"မင်းနဲ့ အတူနေချင်တယ်"

ပြောနေရင်း ပါးလေးကို နမ်းလိုက်သဖြင့် ရင်ထဲမှာ ရှိန်းခနဲ လှုပ်ခါသွားသည်။ ဒီယောကျ်ားကို သူမ ဘယ်အချိန်ကတည်းက အထင်တကြီး မြတ်နိုးကိုးကွယ်ချင်ခဲ့တာလဲ..။

သူ သက်ပြင်းရှိုက်ပြီး စိုက်ကြည့်တာလေးကအစ ဒီမှာ ရင်ခုန်သံတွေ ဖြစ်နေသည်။ သူနဲ့ထိတွေ့မိတိုင်းမှာ ကတုန်ကယင် ရှက်စိတ်တွေနဲ့ မောခဲ့ရတာ သူမ ..။

"ကိုယ်အိပ်တဲ့ ဧည့်ခန်းကိုလည်း နေရာဖျက်လိုက်ပြီ..၊ စာကြည့်ခန်းလည်း မရှိတော့ဘူး"

ဒီညာ ဆံပင်လေးတွေ ပါးတစ်ခြမ်းလုံး အုပ်သွားအောင် တစ်ဖက်မျက်နှာလှည့်ပစ်လိုက်ပြီး ပြုံးမိသည်။ နေခဲ့တုန်းကတော့ တကယ့်ဖိုက်တာ ကျောက်ရုပ်တုကြီးအတိုင်း ..။ ခုကျမှ လူပျိုဖျန်းကလေးတွေလို ဂျီကျတတ်နေသည်။

"မင်းကို ကိုယ် မြတ်နိုးတဲ့ အရုပ်လေးတစ်ရုပ်လို အရိပ်တကြည့်ကြည့်နဲ့ အနားမှာ ထားချင်တယ်၊ ဒါပေမယ့် အရုပ်လေးမဟုတ်ဘူးဆိုတော့လည်း ချစ်ချင်တာပေါ့"

"ရှင်က ကိုယ့်ကိုယ်ကိုယ် မသေချာသေးဘူးလို့ ပြောခဲ့တဲ့လူလေ"

"မင်းကရော မင်းချစ်တဲ့သူနဲ့ ကွဲစေ လွဲစေခဲ့တဲ့ကောင်ကို နည်းနည်းပါးပါးဖြစ်ဖြစ် အခုအခံစိတ်တွေ မရှိခဲ့ဘူးလား"

မရှိခဲ့ဘူးလို့ ရှင်းရှင်းဖြေရဲပေမယ့် ဘာဖြစ်လို့လဲမေးရင် ဖြေဖို့ခက်နိုင်၏။ သူက ဒီညာ ကိုယ်လေးကို ရင်ခွင်ထဲက ခွာ၍ မျက်နှာလေးကို ဆွဲယူသည်။

ဆံပင်တွေကို သူ့လက်နဲ့ပဲ အသာလေး သိမ်းဖယ်ပေးရင်း ...





"ကိုယ့်ကိုယ်ကိုယ် သေချာနေပေမယ့်လည်း မင်းကို မသိမ်းပိုက်ရဲရက်လို့ပါ ..၊ ဘာဖြစ်ဖြစ် ငါက ချစ်နေရင်ပြီးတာပဲလို့ စိတ်ကူးခဲ့မှချင်တယ်၊ တကယ်တမ်းကျတော့ အဲဒါက မလွယ်ဘူးလေ ..၊ ကိုယ့်ပြန်နှုကလေးအဖေ တစ်ခုလပ် ..၊ မင်းကို အရမ်းတန်ဖိုးထားတဲ့စိတ်လွှဲပြီး ကိုယ့်ကို မိုက်ရိုင်းခွင့် မပြုဘူး"

"ခုကျတော့ ရှင့်ကို ဒီညာ က ချစ်နေပြီလို့ ထင်တယ်ပေါ့"

"အဲဒီထိ မဟုတ်ရင်တောင် မင်းရင်ထဲမှာ တခြားတစ်ယောက်နဲ့ကိုယ်ယောက် မရှိနိုင်တော့ဘူးလို့ ကိုယ့်ဘာသာ သေချာကြည့်လိုက်
မင်းရဲ့ ပစ္စုပ္ပန်၊ အနာဂတ်အားလုံးမှာ သားကြီးအတွက်ပဲ ဖြစ်နေ
ကိုယ်နားလည်လာကဲ့အတွက် မင်းလက်ထပ်ထားတဲ့ သားရဲ
အဖြစ် ကိုယ့်အတွက် တစ်နေရာပေါ့"

ဒီညာ သူ့လက်ကို ဖယ်ပစ်လိုက်ပြီး မကျေမနပ်လေး ပြန်ကြည့်၏။ ပြေပြစ်ကျယ်ပြန့်သည့် ရင်ခွင်ညာမှာ စိမ်းမှောင်သော မွေးညှင်းတို့ဆီရောက်မှ မျက်နှာလွှဲမိကာ ...

"ရှင် ဒီညာ ကို ရည်းစားစကား ပြောနေတာလား"

"ချစ်တဲ့စကားတွေပါ ..၊ ရည်းစားစကားဆိုရင်လည်း မှန်ပေမယ့် သုံးနှစ်ကျော်ကြာတဲ့အထိ ကြင်နာခွင့်မရခဲ့တဲ့ ဇနီးတစ်ယောက်ကို သူ့ယောကျ်ားက ကြင်နာခွင့် တောင်းနေတာ"

"ကျွန်မကတော့ ခွင့်မပြုဘူးလို့ ဆုံးဖြတ်ထားတယ်"

"ဘာဖြစ်လို့လဲ"

"ရှင်က အိမ်မှာနေမယ့်လူမှ မဟုတ်တာ..၊ ဒီတိုင်း ရှင်ထွက်သွားရင် ပြဿနာမရှိပေမယ့် ကိုယ့်ဆီက တစ်စုံတစ်ခု ပါသွားခဲ့ရင် ကျွန်မက 'မိုးသားလွင်' မဟုတ်ဘူး"

လူကို စေ့စေ့ကြည့်၍ ပြောပုံက မာကျောပေမယ့် ဒီညာ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



သးတွေမှာ မျက်ရည်တွေနဲ့ စိုလက်သွားတာကို သူ တွေ့သည်။

ထို့ကြောင့် တစ်ဖက်လှည့်ပစ်သည့် မျက်နှာလေးကို မရမက ပြန်က်ထားမိကာ ...

လှပ်"ခင်းနဲ့ကျမှ ကိုယ့်ဘက်က အနေမတတ်လို့ ဥပေက္ခာထားသလို အထ ပွားရအောင် ကိုယ် အများကြီး ကြိုးစားခဲ့တာပါ ..၊ ငါ့ကြောင့် ငနောင်တမျိုး ထပ်မရချင်သလို မင်းဟာ ငါ့အတွက် အငိုတိတ်တွေ ဖြာလေးလေးလိုပဲ ..၊ ကိုယ့်လက်ထဲမှာ နောက်ထပ်မငိုအောင်တွေနဲ့ ရင်း ချော့ဖို့ အစီစဉ်တကြည့်ကြည့် ဖြစ်ခဲ့ရတာ"

' ဘာကိုပြောလိုက်တာလဲ ..။

ခန်းလှ မော့ကြည့်လိုက်တော့ မျက်နှာချင်း ဖိကပ်သွားကာ မြတ်နိုးမှာသည့် အနမ်းတွေနှင့် သူ စည်းရုံးခဲ့၏။ ပြီးတော့ ...

"မင်းကို အရမ်းချစ်တယ် ..၊ ရင်ထဲက တကယ်ဖြစ်လာတဲ့ ရင်ခုန်သံတွေနဲ့ ပထမဆုံး ပြောတဲ့စကားပါ"

တင်းနေအောင် ဖက်ထား၍ ပါးချင်းကပ်ပြီး တတွတ်တွတ်ပြောသည်။

နမ်းမလို့လှည့်လာတော့ ဒီညှ သူ့ရင်ခွင်ထဲ မျက်နှာတိုးဝင်ရင်းကွယ်ပစ်လိုက်၏။

"ကိုယ့်ကို လက်ခံမယ်မို့လားဟင်"

"ဟင့်အင်း .. မသိဘူး"

"သိလိုက်ပါကွာ ..၊ ပြီးတော့လေ ကိုယ့်ကိုချစ်တယ်လို့ ပြောကြည့်ပါလား .. အားနာပါးနာလေးဖြစ်ဖြစ် ကိုယ် ကျေနပ်တယ်"

ဒီည ကိုယ်လေး တောင့်သွားကာ သူ့မျက်နှာကို သေချာပြန်ကြည့်၏။

"ရှင်ကရော အဲဒီလို အားနာပါးနာ ပြောလိုက်တာလား"





"ကိုယ်က အားနာရအောင် မင်းက ကိုယ့်အချစ်ကို သနားစရာကောင်းအောင် တောင်းခံနေတာမို့လို့လား ..၊ ပေးချင်လွန်းလို့ လိုချင်ချင် မလိုချင်ချင် အတင်းပေးနေရတဲ့သူက ဘယ်လိုပုံစံနဲ့ပဲ တုံ့ပြန်တုံ့ပြန် ကျေနပ်ပါ့မယ်လို့ ပြောနေတာ ..၊ ဘာတွေ အထင်လွဲပြီး ရန်ဖြစ်ဦးမလို့လဲ"

"ဖြစ်သင့်ရင် ဖြစ်ရမှာပဲ"

"ကိုယ်ကတော့ ဖြစ်သင့်လည်း မဖြစ်တော့ဘူး..၊ မင်းနဲ့ကိုယ် ဒီည ငြိမ်းချမ်းချင်တယ်"

"ဟင့်အင်း မရဘူး"

"ဘာဖြစ်လို့လဲ"

"မလွမ်းချင်လို့"

"ဘယ်သူက လွမ်းခိုင်းလို့လဲ .. ကိုယ့်အလုပ် ကိုယ်သွားလုပ်မှာ..၊ မင်းဆန္ဒရှိမယ်ဆိုရင် ကိုယ်သွားလေရာ ခေါ်သွားလို့ရတယ် ..၊ လိုက်မှာလား .."

မျက်တောင်ကော့လေးတွေ လှုပ်ခတ်သွားကာ ဒီည မျက်ဝန်းလေးတွေ သူ့ဆီ ပြန်ရောက်လာသည်။

"ဒီည ကို တကယ်ချစ်တာ သေချာလား .."

"သေချာချင်တယ်လို့ မင်းနဲ့ပြောပြီးကတည်းက သေချာနေတာ"

"ဘာဖြစ်လို့ မပြောတာလဲ .."

"မင်း မကြားချင်လောက်ဘူးထင်လို့"

"ခုတော့ရော .."

"အားလုံး အဆင်ပြေသွားပြီဆိုတော့ မင်း ကိုယ့်အတွက် အချိန်ပေးနိုင်လောက်ပြီ ထင်လို့လေ..၊ နောက်ပြီး ပြောကိုပြောချင်နေတာဆက်ပြီး မျိုသိပ်ထားလို့ မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီညက ညှို့သက်ရှိစေသည့် မျက်ဝန်းလေးတွေ တိမ်းဖယ်သွားပြီး ပြုံးကာ ...

"ရှင့်ကို လက်တွေ့သမားလို့ ထင်ခဲ့တာ ..၊ အရမ်း တွေးတတ်တဲ့ လူမှန်း ခုမှပဲ သိတယ်"

ဦးစီး က ကျေနပ်ဝမ်းသာသွားသည့် မျက်နှာကြီးဖြစ်လျက် ဒီည ခေါင်းလေးကို ရင်ခွင်ထဲ ဆွဲယူလိုက်ကာ ...

"အဲဒါ မင်းကိုချစ်လွန်းလို့ ဘာကောင်မှန်းမသိအောင် ဖြစ်သွားတာ ..၊ တကယ့်လက်တွေ့သမားစစ်စစ်ကြီးရယ် .. မယုံဘူးလား"

"ဟာ!... ကိုဦး နော် ..၊ ရှင် .. ဘာမှန်းလည်း မသိဘူး"

ချစ်မိပြီဆိုတော့လည်း ဘာဖြစ်ဖြစ် ကြည်ဖြူနေမိ၏။ ချစ်သူ ရင်ခွင်သည်သာ ငြိမ်းချမ်းနယ်မြေအဖြစ် နှလုံးသားက ထာဝရ ကြည်ဖြူစွာ ခိုလှုံချင်သည်။

ပြီးတော့ မျက်ဝန်းလေးတွေ မှေးမှိတ်ရင်ခုန်ရင်း သူ မကြားပေမယ့် ပြောမိသည်။

'ကျွန်မ အားကိုးမြတ်နိုးရပါသော ..'

'ပထမဆုံး ထာဝရချစ်တဲ့သူ..'

**လရောင်ကျူးရင့်**



BURMESE CLASSIC

www.burmeseclassic.com